
http://www.cherrythitsar.org



http://www.cherrythitsar.org

**ရတနာပုံစာအုပ်တိုက်**
အမှတ်၁၀၀ (D)၊ အင်းယားလမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၃၇၆၁

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ချစ်သော ပါဒ ကေရီ

ချစ်ဦးညို

ရတနာပုံစာအုပ် - ၃၉
[၂၀၀၃ ခုနှစ်၊ - ဩဂုတ်လ]

စာမူခွင့်ပြုချက်အမှတ် - ၉၂၂/၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၆၄/၂၀၀၂ (၁၁)

| | | |
|---|---|---|
| စီစဉ်သူ | ■ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်)၊ |
| | | ၁၉၇၉-ခု၊ မတ်လ၊ စိုးနိုင်စာပေ၊ |
| | | (ဒုတိယအကြိမ်)၊ |
| | | ၁၉၈၄-ခု၊ ဇူလိုင်လ၊ မဥ္ဇူစာပေ၊ |
| | | (တတိယအကြိမ်) |
| | | ၁၉၄၄ ခု၊ ဒီဇင်ဘာလ၊ |
| | | ဝါမိုးအောင်စာပေ၊ |
| | | (စတုတ္ထအကြိမ်) |
| | | ၂၀၀၃-ခု၊ ဇန်နဝါရီလ၊ |
| | | ရတနာပုံစာအုပ်တိုက်၊ |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ (စစ်သည်တော်စာပေ) |
| | | ၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင် |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၁၂၀၀ ကျပ် |

## လေးစားအပ်သော စာဖတ်သူသို့ ...

ယခု "ချစ်သောပါဒကေရီ" မှာ ကျွန်တော်၏ တတိယမြောက် လုံးချင်းဖြစ်ပါသည်။ လုံးချင်းဝတ္ထု သက်တမ်း၌ ကျွန်တော်သည် အုပ်ရေအားဖြင့် သုံးအုပ်၊ နှစ်ကာလအားဖြင့် (၂)နှစ်ကာလကိုသာ ဖြတ်ကျော်ပြီးစီးထားသည့် ဝတ္ထုရေးသမား တစ်ယောက်ဖြစ်ပါသည်။

ရာဇဝင် နောက်ခံ ဝတ္ထုများကို ရေးသားခြင်း၌ ကျွန်တော်သည် 'လိုအပ်စွာပင်' ဝင်စား ညွတ်နူးမိသည်။ ဤနေရာတွင်လည်း၊ ရာဇဝင်ဖြစ်ရပ် [Historical Event] ထက် ရာဇဝင်ထဲက အတိတ်ကာလထဲက 'လူတွေ'၏ ရုပ်ပုံလွှာ၌ ပို၍ စူးစိုက်ထက်သန်မိနေပါသည်။ ဘုရင်များ၊ စစ်သူရဲကောင်းများ၊ မှူးမတ်များ၊ တိုင်းသူပြည်သားများနှင့် နန်းတော်၊ ရာဇပလ္လင်၊ မြို့ရိုးမုခ်၊ လေးမြား စသည်တို့ဖြင့် ဖွဲ့စည်းထားသော ဝတ္ထုကို ရေးရာ၌ ကျွန်တော်သည် ဤသို့ရေးခြင်းအတွက် 'အတိတ်ကို လွမ်းဆွတ်ပွေ့ဖက်နေသည်' ဟု လုံးဝ မခံစားမိပါ၊ လုံးဝမယုံကြည်ပါ။

**ရထားနှာပုံစာစုပ်ထိုက်**

http://www.cherrythitsar.org



ရာဇဝင် (သမိုင်း) ခေတ်၏ အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု သဘော တရားကိုတော့ ကျွန်တော်ယုံပါသည်။ ပဒေသရာဇ်အာဏာနှင့် သက်ဦးဆံပိုင် စနစ် တည်ထောင်မှုသည် မလိုလားအပ်ဟုလည်း အများနားလည်သလောက် တော့ အနည်းဆုံး အတိုင်းအတာဖြင့် ကျွန်တော် နားလည်ထားပါသည်။ ဆိုရှယ်လစ် သရုပ်မှန်စာပေ၊ တော်လှန်ရေးသရုပ်မှန်စာပေ စသည့် သီဝရီများ သည် တစ်စုံတစ်ခုသော အနုပညာဖန်တီးမှုအား တင်းကြပ်စွာချုပ်ချယ်ခြင်း မပြုကြပါ။ **"စပါးတားကပ်စ်၊ နော်တာဒမ် ခါးကုန်းကြီး၊ ဆွမ်းလိတ်ဘဲလေး၊ ငါ့မား ငါ့သွေး ငါ့ရောဝတီ၊ စစ်နှင့် ငြိမ်းချမ်းရေး"** စသည့် အနုပညာရပ်များကို လူတွေ ဘယ်လိုခံစားတွေ့ရှိကြသည်ဆိုခြင်းမှာ ထင်ရှားသော အဖြေများ ဖြစ်နိုင်ပါသည်။

* * *

ရာဇဝင်ဝတ္ထုများတွင် ဖြစ်ရပ်လွဲချော်မှု၊ ခုနှစ်သက္ကရာဇ်ဆိုးဆိုးဝါးဝါး လွဲချော်မှုများ ပါရှိလာလျှင်တော့ စာရေးသူသည် တာဝန်မဲ့လွန်းသူ ဖြစ်သွားပေ မည်။ သို့သော်လည်း ဖြစ်ရပ်မှန်နှင့် သက္ကရာဇ်မှန်ကို တိတိကျကျ လိုက်နာ စောင့်ထိန်းလို့ကော စာရေးသူသည် တာဝန်ကျေပြီလားဟု မေးစရာရှိနေပါသည်။ ဖြစ်ရပ်မှန်၊ ခုနှစ်သက္ကရာဇ်မှန်တို့နှင့် ပတ်သက်သည့် အထောက်အထားများ ၏ ခိုင်လုံမှုကကော ဘယ်လောက်ထိ အခြေခံအားကိုးရှိကြသနည်းဟု မေးစရာ ရှိပြန်ပါသည်။ အယူအဆဟောင်းတစ်ခုကို ပို၍ပြည့်စုံသော အယူအဆသစ် တစ်ခုက ပယ်ဖျက်ဖြတ်သန်းခြင်းအားဖြင့် သိပ္ပံနည်းကျ အသိပညာဖြစ်စဉ် သည် ပို၍ တိကျပြည့်စုံလာရသော နိယာမသဘောရှိပေသည်။ သို့သော် ဤရှေ့ ဤမျှထိလေးနက်ကြီးမားသော ပညာရပ်ဆိုင်ရာ လေ့လာမှုမျိုးကို ပြုလုပ်နိုင်ရန် ကျွန်တော်တို့ကဲ့သို့သော ဝတ္ထုရေးသူများအဖို့ အခြေအနေလည်း မရှိသေးပါ။ အချိန်နှင့် လုပ်နိုင်စွမ်းလည်း မရှိသေးပါ။ ပညာရှင်တို့၏ လေ့လာ ဖော်ထုတ်မှု၊ ဝိဝါဒကွဲပြားမှု၊ ငြင်းခုန်ဆွေးနွေးမှုတို့ကို လေးစားစွာ စောင့်ကြည့် နေယုံသာ တတ်နိုင်ပါသည်။ ယင်းသို့ လေးစားစွာ စောင့်ကြည့်နေရင်းဖြင့်ပင် ကျွန်တော်တို့သည် ဝတ္ထုများကို ရေးနေကြပေသည်။

ရာဇဝင်ဖြစ်ရပ်တစ်ခုကို ရေးထိုးမော်ကွန်းတင်ခြင်း ကိစ္စ၌ ရေးထိုး မော်ကွန်းတင်ခိုင်းသူ၊ ရေးထိုးမော်ကွန်းတင်သူ၊ ရေးထိုးမော်ကွန်းတင်သည့် ကာလဒေသ အခြေအနေတို့သည် များစွာ အရေးပါပေသည်။

* * *

http://www.cherrythitsar.org



ရာဇဝင်နောက်ခံ (သမိုင်းနောက်ခံ) ဝတ္ထုဟူရာ၌-

( ၁ ) ရာဇဝင်ဇာတ်ကြောင်းကို အခြေခံပြီး ကိုယ့်စိတ်ကူးနှင့် ရသပေါ်အောင် မွမ်းမံသောဝတ္ထု၊

( ၂ ) ရာဇဝင်နှင့် သက်ဆိုင်ရာ လူအမည်၊ ဒေသအမည်များကို ဝတ္ထုတွင် ထည့်သုံးပြီး ဇာတ်လမ်းကို မိမိစိတ်ကြိုက် ဖန်တီးသောဝတ္ထု။

( ၃ ) ရာဇဝင်ခေတ်ကိုသာယူပြီး ဇာတ်ကောင် ဇာတ်လမ်းအစစ အရာရာ ကိုယ်ကြိုက်သလို ဖန်တီးသော ဝတ္ထုဟူ၍ သုံးမျိုးရှိကြောင်း ပညာရှင်များက ယူဆထားကြပါသည်။

**"ချစ်သောပါဒကေရီ"** သည် အထက်ဖော်ပြပါ အမျိုးအစားသုံးမျိုး အနက် မည်သည့်အမျိုးအစားတွင် ဝင်မည်ဆိုခြင်းမှာမူ လေးစားအပ်သော စာဖတ်သူ၏ အလိုဆန္ဒအတိုင်းသာ ဖြစ်ပါသည်။

ယခု **"ချစ်သောပါဒကေရီ"** အတွက် ကျွန်တော်သည် အထောက် အထား 'ကျမ်း'ကိုးများ ရှာခဲ့သော်လည်း မတွေ့နိုင်ခဲ့ပါ။ သံလျင်နှင့် ပတ်သက်ပြီး ပါဒကြီး ပါဒလေးဘုရားများကို လူသိများကြသည်။ မွေ့နွန်းနန္ဒာဇာတ်၊ မောင်ဒီ၊ မြသံလျင် မင်းသမီးဇာတ်၊ ငစင်ကာ၊ နတ်ရှင်နောင်ဇာတ်တို့သည်လည်း လူသိ များကြပါသည်။ သို့သော် ဝတ္ထုရေးရန် ကျွန်တော်လိုချင်သည့် ပါဒနိုင်ငံတော်၏ အဦးခေတ်ကာလအတွက် ခိုင်ခိုင်လုံလုံ ဖော်ပြသော စာအုပ်များကို မတွေ့ရပါ။ လက်လှမ်းမမှီပါ။

* * *

**"ချစ်သောပါဒကေရီ"**၌ ကျွန်တော် လက်ရင်းထားရသော ကျမ်း ကိုးကား၊ မြန်မာသက္ကရာဇ် ၁၃၀၃ ခု၊ ဝါဆိုလထုတ်၊ စာမျက်နှာ ၁၁၄ မျက်နှာ ရှိ **(ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း)** စာအုပ်ဖြစ် သည်။ ရေးသားပြုစုသူမှာ (ပြည်တော်သာဦးထွန်းရီ) ဖြစ်သည်။ ထိုစာအုပ်ငယ် ၌ ရုပ်ပွားစေတီဓာတ်ပုံများ၊ စာရေးသူရေးဆွဲထားသော မြေပုံများပါရှိသည်။ စာအုပ်အဖွင့်မျက်နှာ၌ (ဤရာဇဝင်ကျမ်းကို ရေးသားပြုစုသူ ပါဒမြို့ဇာတိ ပြည်တော်သာဦးထွန်းရီ၏ပုံ) ဟူသော စာဖြင့် စာရေးသူ၏ ဓာတ်ပုံလည်း ပါရှိသည်။

http://www.cherrythitsar.org



မမြင်ဘူး၊ မတွေ့ဘူးသူ၏ ကျေးဇူးတရားများကို ဤနေရာတွင် ကျွန်တော် မှတ်တမ်းတင်အပ်ပါသည်။

လေးစားအပ်သော စာဖတ်သူ၏ ဝေဖန်ဆွေးနွေးမှုများကိုလည်း ဆက်လက်ခံယူသွားပါမည်။

**လေးစားစွာဖြင့်**

**ချစ်ဦးညို**

http://www.cherrythitsar.org

# မွဲ့စည်းမှု


| | | | |
|---|---|---|---|
| <u>ပထမပိုင်း</u> | .... | ကေရီ<br>[အနုလောမ ချစ်မေတ္တာ] | ၁၂-၁၃၈ |
| <u>ဒုတိယပိုင်း</u> | .... | ပါဒကေရီ<br>[ ပဋိလောမ ချစ်မေတ္တာ] | ၁၃၉-၂၂၁ |
| <u>တတိယပိုင်း</u> | .... | ချစ်သောပါဒကေရီ<br>[ အနုပဋိလောမ ချစ်မေတ္တာ] | ၂၂၂-၂၈၂ |

http://www.cherrythitsar.org

# ပထမပိုင်း

## ကေရီ
## [အနုလောမချစ်မေတ္တာ]

ချစ်သူ. . .

လွင့်ပျံ့နေသော တိမ်တို့၏ အရောင်စုံကိုဝင်း၊ လှုပ်ခါသော ပန်းပွင့်တို့၏ အသွေးစုံကိုဝင်း၊ ယိမ်းနွဲ့နေသော သစ်ရွက်တို့၏ အဆင်းစုံကိုဝင်း၊ ငါသည် ငါ၏ ပန်းချီကားချပ်ပေါ်သို့ တိကျပြတ်သားစွာ ပို့ဆောင်ခြယ်သနိုင်စွမ်းရှိပါ၏။

ကျောက်အင်တုံ အတွင်းဝယ်၊ ငါသည် ကမ္ဘာလောက၏ အရောင်အားလုံးကို ရောစပ်ဖန်တီးနိုင်၏။ ပန်းချီကားချပ်ပေါ်၌ ငါသည် ကမ္ဘာလောက၏ အဖြောင့်အတန်း၊ အလင်းအမှောင်၊ အနီးအဝေး၊ အထုအထည်၊ အချိုးအကွေ့ အတွန့်အကောက် အားလုံးကို တစ်မုဟုတ်ချင်း ကူးယူဖန်ဆင်းနိုင်၏။

ဆေးတို့ထားသော စုတ်တံကို ဖွဖွရွရွကိုင်ထားသော ငါ၏ လက်ချောင်းတို့သည် ကြုံ့လှီဖျော့တော့နေကြသော်လည်း ထိုလက်ချောင်းများဖြင့်ပင်၊ လောက တစ်ခုလုံးအား ငါ ဆုပ်တွယ်နိုင်ပါ၏။

http://www.cherrythitsar.org



လောက၏ အလှအပ အလုံးစုံသည် ငါ့စိတ်တံ၊ ငါ့ ဆေးစပ်အင်တုံ၊ ငါ့ ပန်းချီကားချပ်၌ ဦးညွတ်ပျပ်ဝပ်နေကြရ၏။

အို . . . ချစ်သူ. . . သို့ပါသော်လည်း. . .

သင်၏ နှုတ်ခမ်းတစ်လွှာမှ၊ သင်၏ မျက်တောင်တစ်ကော့မှ၊ သင်၏ ဆံတစ်ပင်မှ၊ သင်၏ ရင်ဝတ်တန်ဆာတစ်ချည်မျှင်မှ၊ သင်၏ လက်ချောင်း တစ်ချောင်းမှ၊ သင်၏ နဖူးပြင်တစ်စမှ၊ သေးငယ်သော အလှအပ တစ်ခုခုကို သော်မှပင်၊ ငါ့ပန်းချီကားချပ်ပေါ်၌ ရေးခြယ်ရန် ငါ မတတ်နိုင်ပါတကား။

ချစ်သူ. . .

ရောင်ငါးခုရှိသော၊ မဟာဂန္ဓဗ္ဗ အမျိုးအနွယ်လည်း ဖြစ်ပေသော၊ လောက၏ ဂီတမျူးလည်း ဖြစ်ပေသော၊ ပဥ္စသီခနတ်သားသော်မှပင် သုံးဂါဝုတ် ပမာဏရှိသော ဥသျှစ်မှည့် အဆင်းကိုဆောင်သော 'ဗေဠုဝပဏ္ဍု' နတ်စောင်း ဖြင့် ချစ်သူ သူရိယဝစ္ဆသာဒေဝီ၏ အလှကို ဖွဲ့ဆိုတီးခတ်ခဲ့ပေ၏။

တစ်ဆယ့်ငါးပုဒ်သော ဂါထာတို့ဖြင့် သူ၏ ချစ်မေတ္တာကို သီကျူး ဖွင့်ဟနိုင်ခဲ့ပေ၏။ အော်. . . ငါမူကား ပဥ္စသီခနတ်သား ကဲ့သို့ မဟုတ်နိုင်ပါ တကား။

သင့်အလှ၌ နစ်မြောစီးဝင်ခဲ့ရသော ငါသည်းပွတ်နှလုံးတို့သည် မဟာသမုဒ္ဒရာမှ လှိုင်းတံပိုးကဲ့သို့ ဆူဝေမြင့်မောက်ခဲ့ရသည်ဖြစ်၍ ငါ၏ ချစ် မေတ္တာတို့ကို ပဥ္စသီခကဲ့သို့ပင် နှုတ်မှ ထုတ်ဖော်မသီကျူးနိုင်တော့ပါ။

ပဥ္စသီခ၏ 'ဗေဠုဝပဏ္ဍု'မှ စောင်းသံသည် လေးလတိုင် အသံမစဲဟု အဆိုရှိ၏။ ငါသာ စောင်းသမားဖြစ်ခဲ့မူ သင့်အလှကို ဖွဲ့ဆိုတီးခတ်နိုင်ခွင့် ရခဲ့မူ ငါ့စောင်းသံသည် လေးလ လေးနှစ် လေးအသင်္ချေ အနန္တ အသံမစဲသည် ဖြစ်ကောင်း၏။

ချစ်သူ. . .

သင့်အား စတင်တွေ့မြင်ရသော အချိန်မှစ၍. . .

ငါ့မျက်လုံးအစုံသည် သင့်ရုပ်သွင်မှတစ်ပါး အခြားသော အရာတို့၌ ကန်းကွယ်ခဲ့ပြီ. . .

ငါ့နားတို့သည် သင့်အသံမှတစ်ပါး အခြားသော အရာတို့၌ ဆွံ့အ ခဲ့ပြီ. . .

http://www.cherrythitsar.org



ကမ္ဘာလောကအား ဖန်ဆင်းနိုင်သော ငါ့လက်ချောင်းများအတွင်းမှ ပုံရေးစုတ်တံသည် သင့်မျက်နှာမှတစ်ပါး အခြားသော အရာတို့၌ ရေးဆွဲခြယ်သရန် ငြင်းဆန်ခဲ့ကြပြီ။

သို့သော် သင့်အလှ၏ သေးငယ်သော အစိတ်အပိုင်း တစ်ခုခုကို သော်မှ ငါ ရေးဆွဲခြယ်သခြင်းငှာ မတတ်နိုင်ပါတကား . . ။

*　　*　　*

http://www.cherrythitsar.org

ပါဒနေပြည်တော်၊ နန်းမြို့ရိုး၏ အနောက်မုခ်တံခါးသည် ဘယ်တုန်းကမှ၊ ထိုနေ့လောက်စည်ကားခြင်းမရှိခဲ့။

နေပြည်တော်တစ်ခုလုံးရှိ လူအားလုံးသည် ထိုနေရာတွင် စုရုံးရောက်ရှိနေကြသည်။ ကျုံးနဖူးမြို့ရိုး၊ သူရဲခုံ၊ အနောက်မုခ်လမ်းမ၊ နေရာအားလုံးတွင် ရောက်ရှိနေကြသော ပါဒနိုင်ငံသားတို့သည် မိမိရောက်ရှိနေရာမှ အခြားမည်သည့်နေရာသို့မှ ရွေ့လျားရှုမရအောင် လူအုပ်ကြီးမားလှသည်။

ဆန်းကြယ်သော အဖြစ်သနစ်တစ်ခုလည်း ပေါ်ပေါက်နေသည်။

ဤမျှများပြားသော လူအုပ်ကြီး၊ လူစုလူဝေးကြီး ဖြစ်သည့်အလျောက် အုတ်အုတ်ကျက်ကျက် အသံများလည်း၊ ဆူညံနေဖို့ကောင်းသည်။ သို့သော် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ဆူညံအော်ဟစ်သံများ ဆိတ်သုဉ်းနေသည်။ အဆမတန် များပြားသော လူစုလူဝေးကြီးနှင့် ဆန့်ကျင်စွာ အသံများက

http://www.cherrythitsar.org



တိတ်ဆိတ်ငြိမ်သက်နေသည်။

ပါဒနိုင်ငံသားတိုင်း၏ မျက်နှာပြင်အားလုံး၌ တစ်ခုတည်းသော တစ်မျိုးတည်းသော မျက်လုံးများ ရှိနေကြသည်။ သူတို့အားလုံး၏ အကြည့်များသည် အနောက်မုခ်တံခါးဝဆီသို့ ကျရောက်နေသည်။ သို့သော် ထိုမျက်လုံးများကား တက်ကြွသော၊ ရွှင်လန်းသော အသွင်ကို လုံးဝမဆောင်ကြ။ ထိုမျက်လုံးများကို အနီးကပ်ကြည့်လျှင်၊ ရွှန်းလဲ့နေသော မျက်ဝန်းများကို တွေ့ရမည်။ အချို့ မျက်လုံး များသည် နီရဲနေကြမည်။ အချို့ မျက်လုံးများက ကျလုအံ့ဖြစ်သော မျက်ရည်တို့ကို ထိန်းသိမ်းဟန်ဖြင့် မျက်တောင်ကို ကြိမ်ဖန်များစွာ ပုတ်ခတ်နေကြမည်။ အချို့ အရွယ်နုပျိုသော မိန်းမသူများနှင့်၊ အိုမင်းသော မိန်းမများ၏ ပါးပြင်များ ပေါ်တွင်မူ၊ အလိုအလျောက် လိမ့်ဆင်းလာသော မျက်ရည် စီးကြောင်းတို့ကို တွေ့ရမည်။

မျက်ရည်တို့ ယှက်ဝန်းသော ထိုမျက်လုံးအစုံပေါင်းများစွာတို့၏ မြင်ကွင်းဝယ်၊ အနောက်မုခ်တံခါးသည် ရီဝေမှုန်မှိုင်းနေလေမည်။ သို့သော် အနောက်မုခ်တံခါးဝမှအကြည့်ကို လွှဲဖယ်ပစ်ရန်ကား သူတို့မစွမ်းသာကြ။ မည်သူမှလည်း မကြည့်ဘဲ မနေနိုင်ကြ။

ကြေးစည်သံတစ်ချက် ပေါ်လာသည်။

ထို့နောက် တံပိုးခရာများ နန်းမြို့ရိုးအတွင်းမှ လျှံထွက်လာသည်။

ထို့နောက် ခရုသင်းမှုတ်သံများ။

ထို့နောက်. . . ထိုးစည်သံများ. . . ။

ဤအသံတို့သည် ပါဒနိုင်ငံသားတို့၏ နားမှတစ်ဆင့် ရင်ထဲသို့ ထိုးဖောက် ဝင်ရောက်သွားကြပြီးသောအခါ ကျလုဆဲဆဲဖြစ်သော မျက်ဝန်းထဲမှ မျက်ရည်တို့ကို တွန်းထိုးပေးလိုက်သည်။ ခရုသင်းမှုတ်သံနှင့် ထိုးစည်သံသည် ချုပ်တည်းထိန်းသိမ်းထားမှု အားလုံးကို ဖျက်ဆီးပစ်လိုက်သည်။

ပါဒနိုင်ငံသားတို့၏ ပါးပြင်ပေါ်တွင် မျက်ရည်စတို့ အထင်အရှား လိမ့်ဆင်းလာကြပြီး၊ အားတင်းကိုက်ခဲထားသော သွားတို့သည်လည်း နှုတ်ခမ်းများကို လွှတ်ပေးလိုက်ကြရပြီ။ နီရဲနေကြသော မျက်လုံးအစုံများအတွင်းမှ ပူနွေးသော မျက်ရည်တို့သည် တာတမံပေါက်သလို ရေကာတာ ကျိုးသလို လက်ဆည်ကန်ပျက်သလို လိမ့်ဆင်း ယိုစီးလာကြပြီ။

သူတို့ တကယ်ပင် ငိုကြွေးကြရပေပြီ။

http://www.cherrythitsar.org



ပါဒနိုင်ငံသားတို့ တကယ်ပင် ငိုကြွေးကြလေပြီ။

"ကျေးဇူးရှင်ကြီး. . . ဘုရား. . . ကျေးဇူးရှင်ကြီးဘုရား. . . "

"ကျေးဇူးတော်ရှင်. . . သခင်ကြီးဘုရား. . . "

"သခင်ကြီးဘုရား"

မိအို၊ ဖအို၊ ဖခင်များက ဆည်မတန့်အောင် ငိုကြွေးသောအခါ ကလေးသူငယ်များက လိုက်ငိုကြသည်။ အားပေးနှစ်သိမ့်မည့်သူမရှိ။ ချော့မော့ဖျောင်းဖျမည့်သူမရှိ၊ တစ်ဦးငိုသည်ကို တစ်ဦးက ကြည့်ပြီးပို၍ငိုသည်၊ တစ်ယောက်၏ရှိုက်သံက တစ်ခြားတစ်ယောက်၏ ရှိုက်သံကို ပို၍ အားပေးသည်။

ကျုံးထိပ်၊ မြို့ရိုးအောက်ခြေ၊ အနောက်မုခ်ထိပ်၊ နေပြည်တော်လမ်းမ နေရာအားလုံးတွင် ငိုရှိုက်သံများ တစ်ခဲနက် ဖုံးလွှမ်းသွားသည်။ ကမ္ဘာလောက တစ်ခုလုံး ငိုကြွေးသံဖြင့် အတိပြီးသွားသည်ဟု ထင်ရသည်။

"သခင်ကြီးဘုရားဟာ တကယ့်ကျေးဇူးရှင်ကြီး အစစ်ပါ"

"ဒါဟာ. . . တကယ်ပဲလား. . . တကယ်ပဲလား. . . ပြောကြပါဦး"

"သခင်ကြီးဘုရားမရှိတော့ဘူးဆိုတာ တကယ်ပဲလား. . . "

ပါဒမြို့ ကျုံးရေပြင်ထဲသို့ ပါဒနိုင်ငံသားတို့၏ မျက်ရည်များ စီးဝင်သွားကြသည်။ ညို့မှိုင်းနေသော ကောင်းကင်ပြင်သော်မှပင် ပါဒနိုင်ငံသားတို့၏ မျက်နှာပြင်လောက် အုံ့ပြခြင်းမရှိဟု ထင်ရသည်။ စုလစ်မွန်းချွန်းနှင့် ပြသာဒ်ထိပ်မှ ကနုတ်တို့သည်ပင် တွဲခိုငိုက်ကျနေပြီ ထင်ရသည်။

ခရာသံ၊ ခရုသင်းသံ၊ ထိုးစည်သံများ ရပ်သွားပြီးနောက်၊ ကြေးစည်သံ လွင့်ဝဲလာပြန်သည်။

နန်းမုခ်တံခါးမှ၊ လုံကိုင်စစ်သည်တော်တစ်စု ထွက်လာသည်၊ သူတို့ချပ်ဝတ်များ တောက်ပနေသော်လည်း သူတို့ မျက်နှာများကား ဆန့်ကျင်ဖက်ဖြစ်နေသည်။ လှံကိုင်စစ်သည်တော်စုနောက်မှ မြင်းစီးရဲမက်တစ်စု။ မြင်းစီးရဲမက်တို့၏ ညာလက်တွင် မြင်းဇက်များကို ဖွဖွဆုပ်ကိုင်ထားကြသည်။ ဘယ်လက်တွင်မူ ငွေရိုးတပ် အလံတံခွန်များ။

ခရမ်းရောင်ပိုးစတွင် ရွှေချည်များအနားဖောက်ထားသည့် အလံတံခွန်များသည် လေတွင် လွင့်ဝဲ၍မနေကြ။ မြင်းလည်ဆံမွေးများကဲ့သို့ အိကျနေသည်။ မြင်းခွာသံများသည်ပင် သဲ့သဲ့မျှသာ ထွက်ပေါ်နေသည်။ မြင်းစီးရဲမက်အစု အနောက်မုခ်တံတားကို ဖြတ်ကျော်ပြီးချိန်တွင်၊ ဝင်းဝါသော သက်နီးဝတ်စုံ

http://www.cherrythitsar.org



များဖြင့် ရဟန်းတော်များ မုခ်ဝတွင်းမှ ထွက်လာကြသည်။ မျက်လွှာချထားသော ရဟန်းတော်များ၏ သဏ္ဍာန်သည် ပကတိ ငြိမ်သက်နေစေကာမူ ထိုပုဂ္ဂိုလ်တို့၏ ရင်းတွင်း၌လည်း သောကပရိဒေဝသည် ဖြစ်တည်နေလိမ့်မည်ဟု ပါဒနိုင်ငံသားတို့ မှန်းဆနိုင်ကြသည်။

"ဟိုမှာ. . . အရှင်မြတ်နှစ်ပါး ကြွလာပြီလေ. . . "

"ဆရာတော် ဓမ္မဉာဏနဲ့ ဆရာတော်ဗုဒ္ဓဉာဏနှစ်ပါး. . . "

သာသနာပိုင်ချုပ် ရဟန်းမြတ်နှစ်ပါးကို တွေ့လိုက်ရသောအခါ အားလုံး၏ သောကမီးသည် အမြင့်ဆုံးသို့ ရောက်သွားလေသည်။

ရှင်ဓမ္မဉာဏသည် အုတ်အုတ်ကျက်ကျက် ငိုကြွေးသံများကို ကြားလိုက်ရသောအခါ ချထားသော မျက်လွှာကို ပင့်ကြည့်လိုက်သည်။ မိမိဘေးမှ ရှင်ဗုဒ္ဓဉာဏကိုလည်း လှမ်းကြည့်လိုက်သည်။ ရှင်ဗုဒ္ဓဉာဏကား မျက်လွှာအစုံကို တည်ငြိမ်စွာ ချထားလေသည်။ မရဏ နုဿတိကမ္မဋ္ဌာန်း စီးဖြန်းနေခြင်းပင် ဖြစ်မည်။ မိမိထက် အသက်ကြီးသော ဗုဒ္ဓဉာဏ၏ တည်ငြိမ်မှုကိုကြည့်ပြီး ရှင်ဓမ္မဉာဏသည် စိတ်ထဲမှ သာဓုခေါ် လိုက်ပေသည်။

အရှင်မြတ်နှစ်ပါးနောက်တွင်မူ. . .

မြင်းဖြူလေးကောင်ကသော ရွှေပိန်းချ ရထားသည် ဖြည်းဖြည်းချင်း နန်းတွင်းမုခ်တံခါးထဲမှ ထွက်လာသည်။ ရထားလှည်း၏ ပြာသာဒ်အမိုးတွင် ပါဒနိုင်ငံတော် ဘုရင်မင်းမြတ်တို့၏ အထိမ်းအမှတ်ဖြစ်သော အဝါရောင် စက်ဝိုင်းကို တပ်ဆင်ထားသည်။ အဝါရောင်စက်ဝိုင်း၏ အလည်တွင် ခရုသင်းပုံကို ရွှေချစီခြယ်ထားသည်။

ရထားလှည်းသည်၊ အနောက်မုခ်တံတားထိပ်သို့ ရောက်လာသည်။

ပါဒနိုင်ငံသားတို့၏ ငိုကြွေးမှုသည် အတိုင်းအတာကို လွန်မြောက်သွားလေသည်။ မြေပေါ်သို့ လူးလှိမ့်လှဲချသူများကို စစ်သည်များက ဖယ်ရှားနေသည်။ ရွှေရထားလှည်းဘီးကို ဖက်တွယ်ရန် ကြိုးစားသူများကို ဆွဲထုတ်ကြရသည်။ အချို့ကား မေ့မြော၍ သွားကြလေသည်။

အော်ဟစ်ငိုယိုသံများသည် တစ်ခုနှင့် တစ်ခု ပူးပေါင်းရောယှက်သွားကြသဖြင့် အသံသည် ပီသသဲကွဲခြင်း မရှိတော့။

ရွှေရထားလှည်းနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာကြသူများကား ဘုရင်မင်းမြတ်၏ မိဖုရားနှင့် နန်းတွင်းအမှုတော်ထမ်းများ ဖြစ်သည်။ မကျန်း

http://www.cherrythitsar.org



မမာဖြစ်နေသော မိဖုရားကြီးကိုမူ ဝေါယာဉ်ဖြင့် ထမ်းပိုးလာခဲ့ကြရသည်။ သူတို့ အားလုံး၏ မျက်လုံးများသည် ရွှေရထားလှည်း၏ နောက်မြီးပိုင်းပေါ်၌ ကျရောက်နေကြသည်။ ပြာလဲ့သော မှန်သားအတွင်းမှ ရွှေဟသာ်ခြေနင်းအစုံကို မြင်နေကြရသည်။

ဤရွှေဟသာ်ခြေနင်းအစုံကို ယခုနောက်ဆုံးအချိန်တွင် ဆင်မြန်းထားသူကား သူတို့၏ အရှင်သခင်ဖြစ်ပေသော ပါဒနိုင်ငံဘုရင်မင်းမြတ် "ရာဇာစောနောင်မင်းကြီး"။

ပြောင်လက်နေသော ကကြိုးတန်ဆာများဖြင့် မြင်းတစ်စီးသည် ရွှေရထားလှည်းနောက်မြီးသို့ ဒုန်းစိုင်းရောက်ရှိလာသည်။ ပူဆွေးသောကဖြင့် ငြိမ်သက်နေသော ဘုရင့်ဆွေမျိုးအစုသည်၊ ထိုလှုပ်ရှားနေသော ဆန့်ကျင်ဘက်အသွင်ကြောင့် လှည့်ကြည့်လိုက်ကြလေသည်။

"ပါဒဘုရင်ရဲ့ သွေးသားတွေဟာ ဒီလောက် ပျော့ညံ့ကြသတဲ့လား ဘုရင်တွေဟာ စစ်ပွဲမှာကျရင်ကျ၊ ဒါမှမဟုတ် နန်းတော်ထဲမှာ နတ်ရွာစံချင်စံ၊ ဒါအဆန်းလား. . . ဘာဖြစ်နေကြတာလဲ. . . ဟောဟိုနေရာတွေမှာ ငိုကြွေးနေကြတဲ့လူတွေနဲ့ ဘာခြားသေးလဲ. . . သိပ်ရှက်စရာကောင်းတယ်"

မြင်းပေါ်မှ အသက်ငယ်လွန်းသော မင်းသားငယ်၏ အသံသည် ရွှေရထားလှည်းကို လွန်မြောက်လျက် ရှေ့ဘက်ဆီမှ ရှင်ဓမ္မဉာဏဆီသို့ ရောက်သွားသည်။ ရှင်ဓမ္မဉာဏသည် မင်းသားငယ်၏ စူးစူးရှရှအသံကို ကြားလိုက်သော်လည်း မျက်လွှာချမြဲ ချထားလိုက်လေသည်။

"ဒီမှာ မယ်တော်. . . မီးစာကုန် ဆီခမ်းဖြစ်သွားတဲ့ မီးအိမ်တစ်ခုရဲ့ နောက်ဆုံးအဖြစ်ကို မယ်တော် သိပ်ကြေကွဲထိခိုက်နေသလား. . . ခမည်းတော် ဘုရင်မင်းမြတ်ဟာ နန်းစံ သုံးဆယ့်နှစ်နှစ်အတွင်းမှာ ပါဒနေပြည်တော်အတွက် အမြင့်မားဆုံး ဂုဏ်ကျက်သရေတွေကို ဆောင်သွားခဲ့တယ်၊ ဟိုမဇ္ဈိမဒေသက ဂေါတမဗုဒ္ဓရဲ့ အယူဝါဒကို တစ်နိုင်ငံလုံး ထွန်းကားသွားအောင် လုပ်နိုင်ခဲ့တယ်၊ ကျိုက်ပါဒဘုရားကို တည်ခဲ့တယ်၊ ရှင်ဓမ္မဉာဏနဲ့ ရှင်ဗုဒ္ဓဉာဏနှစ်ပါးကို ပင့်ဆောင်နိုင်ခဲ့တယ်၊ ခမည်းတော်ဟာ သူလုပ်နိုင်သမျှကို အကုန်လုပ်သွားနိုင်ခဲ့တဲ့ ပါဒဘုရင်တစ်ပါး မဟုတ်လား. . . ဒါကို ဘာကြောင့် ဒီလောက်ထိ ကြေကွဲထိခိုက်နေကြရတာလဲ၊ ဒါဟာ ဘုရင်တစ်ပါးရဲ့ စျာပနတော်အတွက် ဂုဏ်ယူရမယ့် အချိန်မဟုတ်လား. . . "

နတ်ရှာစံ ရာဇာစောနောင်၏ သားတော်ငယ်သည် မြင်းပေါ်မှ ဆင်း၍ ရွှေရထားလှည်း အစွန်းပေါ်သို့ လက်တင်လိုက်သည်။

"ဟောဒီလှည်းထဲက ခမည်းတော် အသက်ရှင်စဉ်က ဘာပြောသွားခဲ့ သလဲ. . . ငါမရှိတော့ရင်. . . ငါ့ထီးနန်းကို ဆက်ခံသူဟာ ငါလုပ်တဲ့အလုပ် တွေကို ဆက်လုပ်ရစ်ခဲ့ကြ. . . တဲ့ အဲဒီစကားကို ဟောဒီ ရွှေရထားလှည်းကြီးနဲ့ ဟောဒီ အခမ်းအနားကြီးနဲ့. . . ဟောဒီလို ငိုကြွေးသံတွေနဲ့ပဲ ကျေးဇူးဆပ်လို့ ဖြစ်မတဲ့လား. . . ကျုပ် သိပ်ရှက်တယ်. . . ပါဒတစ်နိုင်ငံလုံးဟာ ငိုကြွေးဖို့နဲ့ နတ်ရှာစံဘုရင်ကို အခမ်းအနားကြီးနဲ့ ပို့ဆောင်ဖို့ပဲ သိကြသလား. . . "

"နန်းစောရှင်. . . သုခမုခနန်းစောရှင်. . . သားတော်"

မိဖုရားကြီးသည် ရှိုက်သံများ ပြွမ်းတီးနေသော အသံဖြင့် အဆက် မပြတ် ရေရွတ်လိုက်လေသည်။

"သားတော်ငယ်. . . မင်းအသက်ဟာ အခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိပါ သေးတယ်ကွယ်၊ အသက်ဆယ့်ခြောက်နှစ်ရွယ် လူငယ်တစ်ယောက်ဟာ နတ်ရှာစံ ဘုရင်ကြီးရဲ့ ဂုဏ်ကျေးဇူးကို အလွန်သိလှရင် ငါးနှစ်ကာလ အတိုင်းအတာ လောက်ထိသာ သိတော့မပေါ့။ ဟောဟိုမှာ ငိုကြွေးနေကြတဲ့ အဘိုးအို အဘွားအိုတွေ အပါအဝင် ပါဒနိုင်ငံသားတွေကတော့ မင့်ခမည်းတော်ရဲ့ ဂုဏ်ကျေးဇူးကို အနှစ်နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ် ကာလကတည်းက သိခဲ့ကြတာ၊ ခံစားခဲ့ကြတာ၊ သည်တော့ သူတို့တတွေရဲ့ ချစ်မြတ်နိုးမှုဟာလဲ ခမည်းတော်အပေါ်မှာ အတိုင်းအဆ ကြီးမားကြပေမယ်၊ ပြီးတော့ သူတို့ ကြေကွဲ ဝမ်းနည်းမှု ဟာလည်း အတိုင်းအဆကြီးမားကြပေမယ့်၊ သူတို့ ငိုကြွေးကြပါစေ၊ သူတို့ကြေကွဲဝမ်းနည်းကြပါစေ၊ ဒါဟာ ရှက်စရာ မဟုတ်ပါဘူး သားတော်ရယ်"

"အို. . . ဘာပဲဖြစ်ဖြစ်၊ တစ်ခုခု ချုပ်ငြိမ်း ပျက်စီးသွားလို့ ကြေကွဲ ဝမ်းနည်းရတယ် ဆိုတာကတော့ ပါဒသူရဲကောင်းတွေရဲ့ သွေးမဟုတ်ဘူး. . . "

နန်းစောရှင် မင်းသားသည် မြင်းပေါ်သို့ပြန်၍ တက်လိုက်သည်။

မိဖုရားကြီးသည် မောက်မာခက်ထန်နေသော သားတော်အား မျက်ရည် အတိပြီးသော မျက်လုံးတို့ဖြင့် စူးစူးဝါးဝါး ကြည့်လိုက်လေသည်။

"အေး. . . သားတော်. . . မင်းကတော့ ပြောနိုင်ပေမပေါ့. . . ပါဒ ဘုရင်မင်းမြတ် အနိစ္စရောက်တယ်ဆိုရင်၊ သားတော်ဖြစ်သူက ထီးနန်းဆက်ခံ ရမှာကိုး. . . မင်းက ဘုရင်ဖြစ်တော့မယ့်သူကိုး. . . "

http://www.cherrythitsar.org



"မယ်တော်. . . ဘာပြောတယ်. . . "

"အော်. . အော်. . မယ်တော်ကို ဒီလို လေသံနဲ့ အော်လိုက်တယ်ပေါ့ . . . ဟုတ်လား. . . သားတော်. . . ရွှေရထား လှည်းထဲက ဘုရင်မင်းမြတ်ကြီးရယ်. . . ပါဒတစ်နိုင်ငံလုံးကို လိမ္မာယဉ်ကျေးအောင် လုပ်သွားနိုင်တဲ့သူကြီးရယ်၊ သားတော်ငယ်ကိုတော့ ဒီလို မောက်မောက်မာမာနဲ့ ချန်ထားရစ်ခဲ့သလားဟင်"

"တော်စမ်း. . . မယ်တော်. . . သိပ်ရှက်စရာကောင်းတယ်"

သုခမုခနန်းစောရှင် မင်းသားငယ်သည် ရွှေရထားလှည်းဘေးမှ ဖြတ်၍ ရှေ့ဘက်ဆီသို့ မြင်းကို နှင်သွားလေသည်။

သူတို့လေးစားမြတ်နိုးသော ပါဒဘုရင်မင်းမြတ်ရာဇာစောနောင်၏ စျာပနသဘင်တွင် နိုင်ငံသားအားလုံး၏ အသည်းနှလုံးသည် တစ်ခုတည်းသော ခံစားမှု၌ တူညီစွာ ဖြစ်တည်နေကြသည် ဤအချိန်ဝယ် ဝမ်းနည်းကြေကွဲခြင်းမှ အပ အခြားဘာကိုမှ သတိမထားနိုင်ကြ၊ သတိမရနိုင်ကြ။

ကံတော်ကုန် ရာဇာစောနောင်မင်းကြီး၏ ရုပ်ကလာပ်ကို တင်ဆောင်လာသော ရွှေရထားလှည်းဘေးတွင် မိဖုရားကြီးနှင့် သားတော်ငယ် သုခမုခနန်းစောရှင် မင်းသားငယ်တို့ အချင်းများခဲ့ကြသည့်အဖြစ်ကိုလည်း မည်သူမျှ မသိလိုက်ကြ။

သို့သော် သုခမုခ နန်းစောရှင်၏ အရိပ်အခြေကို အကဲခတ်နေသူ တစ်ယောက်ကမူ တစ်ခုခု ဖြစ်ခဲ့ပြီဟု သိလိုက်လေသည်။ ထိုသူသည် မင်းသားငယ် အနီးသို့ တိုးကပ်သွားသည်။ ထို့နောက် အချိုသာဆုံးအသံနှင့် အနူးညံ့ဆုံး အမူအရာနှင့် နှုတ်ဆက်အားပေးစကား ဆိုလိုက်သည်။

"အရှင့်သားငယ်. . . ဘုရင်မင်းမြတ်ဟာ ဘုရင်ကောင်း ဘုရင်မြတ်တစ်ပါးအဖြစ်နဲ့ နတ်ရွာလားခဲ့တာပါ၊ အရှင့်သားငယ်ရဲ့ ဝမ်းနည်းကြေကွဲမှု ကို အဲဒီအသိနဲ့ ဖုံးဖိထားလိုက်ပါလား. . . ပြီးတော့လဲ ပါဒဘုရင်သွေးဟာ ဒီအချိန်မှာ ဒီလိုဝမ်းနည်းအားငယ်တဲ့ မျက်နှာမျိုး မရှိသင့်ဘူး မဟုတ်လား"

"ဗညားမွန်ထော် အမတ်ကြီးပါလား. . . နေစမ်းပါဦး၊ ကျုပ် မျက်နှာမှာ ဝမ်းနည်းအားငယ်တဲ့အသွင် ပေါ်နေသတဲ့လား၊ ရာဇသွေးတို့ရဲ့ မျက်နှာရိပ် မျက်နှာကဲကို အမတ်ကြီး အကဲမခတ်တတ်ဘူးနဲ့ တူတယ်"

ဗညားမွန်ထော် အမတ်ကြီး၏ မျက်ခုံးဖြူများသည် အလည်သို့ ကြုံ့ဝင်

သွားကြသည်။ ထိုမျက်ခုံးများ အောက်တွင်ကား အမိပ္ပာယ်ဖွင့်ရခက်သော မျက်ဆံတို့သည် မျက်လုံးအိမ်အတွင်း၌ နက်နက်ရှိုင်းရှိုင်း ဝင်နေကြသည်။

"မျက်နှာရိပ်မျက်နှာကဲ ဟုတ်လား၊ ရာဇသွေးတို့ရဲ့ မျက်နှာကဲကို ခတ်ဖို့ဆိုတာ အင်မတန် ခက်ခဲတဲ့ကိစ္စပေပဲ၊ အရှင်သားငယ်၊ ပြီးတော့လဲ ကျွန်ုပ်ဟာ မောင့်ခမည်းတော်ရဲ့ နန်းရင်းဝန် ဖြစ်ပေမယ့်၊ ရာဇာတို့ရဲ့ မျက်နှာကဲကို ခတ်ဖို့လောက်ထိတော့. . ."

"ဘာဖြစ်လဲ. . . နန်းရင်းဝန်ကြီး. . ."

"အဲဒီလောက်ထိတော့ ကျွန်ုပ် မဝံ့စားတာ အမှန်ပဲ အရှင့်သားငယ် ပြီးတော့ ကျွန်ုပ် ကိုယ်တိုင်လဲ ခုချိန်မှာ နတ်ရွာစံ အရှင်သခင်အတွက် စိတ်နှလုံး ထိခိုက်နေရချိန်မို့ ဉာဏ်ပညာတွေ ငုပ်လျှိုးကုန်ကြပြီ ထင်ပါတယ်. . ."

"လာပြန်ပြီတစ်ယောက်၊ စိတ်နှလုံး ထိခိုက်နေချိန်တဲ့. . ."

သုခမုခနန်းစောရှင်သည်၊ အနောက်မုခ်တံခါးမှ ယခုအထိ ထွက်လာဆဲဖြစ်သော ဈာပနတော် အခမ်းအနား လူအုပ်ကြီးကို ငေးကြည့်နေလိုက်လေသည်။ အစိမ်းရောင်ပုဝါ ခြုံသိုင်းထားသည့် နန်းတွင်းသူအစုများ၊ နီညိုရောင် ကိုယ်ကြပ်သင်တိုင်းကို ဝတ်ဆင်ထားသော ခြေလျင်ရဲမက်များသည် ယခုမှ အနောက်မုခ်တံတားကို ဖြတ်ကျော်နေကြဆဲ ဖြစ်သည်။ သူတို့နောက်တွင် ကျောက်ဆစ်ပညာရှင် အစုများ၊ ပါဒကြီးဘုရား အမှုတော်ထမ်းအစုများ ကျန်ရှိနေသေးသည်ကိုလည်း နန်းစောရှင် သိနေသည်။ ကျုံးထိပ်မှ၊ နေပြည်တော်လမ်းမများမှ၊ ပါဒနိုင်ငံသားတို့ကား ငိုသံမစဲ ရှိနေကြသေးသည်။ ဘုရင်မင်းမြတ်၏ ရုပ်ကလာပ်တင်ဆောင်ရာ ရွှေရထားလှည်း ဖြတ်သွားသည့် နေရာများတွင် အော်ဟစ်ငိုယိုသံများသည် အဆူညံဆုံး ဖြစ်နေသည်။

နန်းရင်းဝန်ကြီး ဗညားမွန်ထော်သည် ဘေးတိုက်တွေ့နေရသော မြင်းပေါ်မှ သုခမုခ နန်းစောရှင် မင်းသားငယ်၏ မျက်နှာကို မော့ကြည့်ရင်း မင်းသားငယ်၏ စေ့စပ်တိကျသော မျက်နှာအရေးအကြောင်းများကို သတိထားနေမိလေသည်။

"ပြောစမ်းပါ နန်းရင်းဝန်ကြီး ကျုပ်မျက်နှာမှာ အဲဒီ လူတွေနဲ့ မခြားဝမ်းနည်းကြေကွဲမှုတွေ ပေါ်ပေါက်နေသတဲ့လား. . ."

မင်းသားငယ် ရုတ်တရက် လှည့်ကြည့်လိုက်သဖြင့် ဗညားမွန်ထော်သည် ငေးကြည့်နေမိသော သူမျက်လုံးများကို ကပျာကယာ ပြန်ခွာလိုက်ရလေသည်။

"ခွင့်လွှတ်ပါ အရှင့်သား. . . ကျွန်ုပ် အသက်အရွယ် အိုမင်းပါပြီ၊ အမြင်မစူးရှတော့ပါဘူး"

"နားထောင်စမ်းပါ. . . နန်းရင်းဝန်ကြီး. . . ကျုပ် ဘယ်တော့မှ ဝမ်းနည်းကြေကွဲလိမ့်မယ် မဟုတ်ဘူး. . . ဘာအကြောင်းကြောင့်နဲ့မှ ဘယ်သူ့ အတွက်နဲ့မှ ကျုပ် ဝမ်းနည်းကြေကွဲလိမ့်မယ် မဟုတ်ဘူး. . . ဒါပေမယ့်. . . ကျုပ် မျက်နှာပြင်ဟာ ခုချိန်မှာ နန်းရင်းဝန်ကြီးရဲ့ အမြင်မှာ အုံ့ဆိုင်းညိုမှိုင်း နေမယ်ဆိုတာတော့ ကျုပ် သိတယ်. . . "

"ဘာကြောင့်ပါလဲ. . . အရှင့်သား. . . ကျွန်ုပ် ကူညီနိုင်ပါသလား"

"ကျုပ်ဟာ. . . သူတစ်ပါးရဲ့ အကူအညီကို ယူတဲ့သူလို့ ထင်သလား. . ကဲ. . . ဒါတွေထားပါတော့လေ. . . ဒီမှာ နန်းရင်းဝန်ကြီး. . . မယ်တော်က စောစောက ကျုပ်ကိုပြောလိုက်တယ်၊ ကျုပ်ဟာ မောက်မောက်မာမာ နိုင်သတဲ့ . . . ပြီးတော့. . . လူတွေ ပျော်ရွှင်စွာနဲ့ ဝမ်းနည်းကြေကွဲနေတာကို ကျုပ်က အပြစ်တင်တော့ မယ်တော်က ဆိုတယ်. . . ကျုပ်ဟာ. . . ဘုရင့်ထီးနန်း ရတော့မယ့်သူမို့ ခမည်းတော်အတွက်တောင်မှ ဝမ်းနည်းဖို့ သတိမရတော့ဘူး တဲ့. . . ဒါ ဟုတ်သလား. . . "

ပါဒဘုရင်တို့၏ စိတ်ဓာတ်နှင့် နတ်ရွာစံ ရာဇာစောနောင်မင်းကြီး၏ စိတ်ဓာတ်ကို နားလည်ခဲ့သော ဗညားမွန်ထော်သည် အသက်တစ်ဆယ့်ခြောက် နှစ်ရွယ် မင်းသားငယ်၏ မေးခွန်းကို မည်ကဲ့သို့ ဖြေရမှန်းမသိ ဖြစ်သွားသည်။

"ပြောစမ်းပါ. . . ကျုပ်ဟာ မောက်မောက်မာမာ နိုင်သတဲ့လား"

"ဒါ. . . ဒါကတော့. . . ခြင်္သေ့မင်းလို ရဲဝံ့တဲ့ ပါဒရာဇသွေးရဲ့ ပကတိ အသွင်အပြင်သာ ဖြစ်ပါလိမ့်မယ်. . . အရှင့်သား. . . "

သုခမုခနန်းစောရှင်၏ တင်းမာနေသော မျက်နှာသည် အနည်းငယ်မျှ ပြေလျော့သွားလေသည်။

"အင်း. . . ပြီးတော့ ပြောစမ်းပါဦး၊ ပါဒထီးနန်းကို ဆက်ခံရတော့မှာမို့ ကျုပ်ဟာ ခမည်းတော်အတွက် ဝမ်းနည်းဖို့ သတိမရတော့ဘူးတဲ့လား"

ဗညားမွန်ထော်သည် အနည်းငယ်မျှ စဉ်းစားပြီးမှ အဖြေပေးလိုက် သည်။ သူ့အသံမှာ လေးနက်တည်ကြည်မှုကို ဆောင်နေလေသည်။

"ဝမ်းနည်းတာတွေ. . . ကြေကွဲတာတွေဟာ. . . ပါဒဘုရင်ဖြစ်မယ့် အရှင့်သားနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့ ထင်ပါတယ်. . . "

http://www.cherrythitsar.org



နန်းစောရှင်၏ မျက်လုံးများဝယ် အပြုံးရိပ်တစ်ခု သိသိသာသာ ဖြတ်သန်းသွားသည်။

ရွှေရထားလှည်း အတော်ဝေးသော နေရာသို့ ရောက်သွားပေပြီ။

နန်းမုခ်ဝထဲမှ နန်းတွင်းအစုသည်များကား မကုန်သေးပေ၊ ပါဒကြီးဘုရား၊ အမှုတော်ထမ်းအစုတို့ ထွက်လာသည့်အလှည့် ရောက်လာလေသည်။ ပါဒဘုရားအမှုတော်ထမ်း အကြီးအကဲဖြစ်သူ ဘိုးသင်းခေါင်သည် ရှေ့ဆုံးမှ ဦးဆောင်လာသည်။ ဘိုးသင်းခေါင်၏ အိုမင်းသော မျက်နှာပြင်ပေါ်၌ မျက်ရည်တို့ ရွှဲစိုနေသည်။

"ဟိုမှာ. . . တွေ့လား နန်းရင်းဝန်ကြီး. . . ဘုရားအမှုလုပ်တွေ"

ဘိုးသင်းခေါင်သည် မမြင်သော ကြည့်ခြင်းမျိုးဖြင့် ရှေ့တူရှုသို့ ငေးမောရင်း မျက်လုံးအစုံမှ မျက်ရည်တို့ ယိုစီးနေရင်းဖြင့် နှုတ်မှတတွတ်တွတ် ရေရွတ်လာလေသည်။

"ကျေးဇူးတော်ရှင် သခင်ကြီးဘုရား. . . မရှိတော့ဘူး. . . ကျိုက်ပါဒစေတီတော်ကြီးရဲ့ သာသနာ့ ဒါယကာဘုရင်မင်းမြတ် မရှိတော့ဘူး. . .၊ ပါဒနိုင်ငံအလုံးမှာ မြင့်မြတ်တဲ့ ဗုဒ္ဓဘာသာ ထွန်းကားစေတဲ့ သာသနာ့ရက္ခိတမင်းကောင်းမင်းမြတ် မရှိတော့ဘူး. . . သာသနာတော်ကို ဘယ်သူဆက်ပြီး ထိန်းသိမ်းပါ့မလဲ. . .၊ နတ်ဒေဝါတို့၊ ဘုရားပုထိုးစေတီတွေကို ဘယ်သူဆက်ပြီး တည်ပါ့မလဲ. . . နတ်ကောင်းနတ်မြတ်တို့. . . ဘုရားအမှုတော်ထမ်း ကျွန်တွေရဲ့ ဆုံးနေတဲ့ ဘဝကို ဘယ်သူလာပြီး ကယ်မစောင့်ရှောက်ပါ့မလဲ. . . အို. . . ပါဒကျေးတော်မျိုး ကျွန်တော်မျိုးတို့ ဘဝတွေတော့ ဒုက္ခပင်လယ်ဝေပါပြီ ဘုရား. . ."

"ထွီ. . ."

သုခမုခနန်းစောရှင်သည် ဘိုးသင်းခေါင် မိမိရှေ့မှ ဖြတ်သွားချိန်၌ မြေပေါ်သို့ တံတွေးထွေးချလိုက်လေသည်။

"ဘုရားအမှုတော်ထမ်း ကျွန်တွေကို ကျုပ်နည်းနည်းမှ ကြည့်မရဘူး၊ နေရာတကာမှာ သူတို့ချည်း၊ ပျော်ညှံ့စရာရှိပြီ ဆိုရင်လဲ သူတို့ရှေ့ဆုံးက ကြောက်ရမယ်ဆိုရင်လဲ သူတို့ရှေ့ဆုံးက. . . ယုန်တစ်ကောင်လောက်တောင် သတ္တိမရှိတဲ့ သတ္တဝါတွေ. . . ဒီဘုရားကျွန်တွေထဲမှာ. . . ဟောဟို ပါဒကြီးဘုရား ကျွန်အကြီးအကဲဆိုတဲ့ လူကြီးကို ကျုပ် အမုန်းဆုံးပဲ. . ."

http://www.cherrythitsar.org



ဗညားမွန်ထော်သည် နန်းစောရှင် ပြောနေသော စကားများကို ဘိုးသင်းခေါင် ကြားသွားမည်လားဟု လှမ်းကြည့်လိုက်သည်၊ သို့သော် ဘိုးသင်းခေါင် ဦးဆောင်သော ဘုရားအမှုထမ်းတစ်စုကား ခပ်လှမ်းလှမ်းသို့ ရောက်သွားနေပြီ ဖြစ်သည်။

"ကြားလိုက်တယ် မဟုတ်လား နန်းရင်းဝန်ကြီး နတ်ရွာစံ ခမည်းတော်ကြီးကို တမ်းတပြီး. . . ယောကျ်ားကြီးတန်မဲ့ သူငိုယိုသွားတာကို၊ အို. . . ပါဒဘုရင်တစ်ပါးရဲ့ ဈာပနသဘင်တော်ဟာ အဲဒီလို ငိုသံတွေနဲ့ချည်း ဖုံးလွှမ်းနေတာပါပဲ . . . . မဇ္ဈိမဒေသက တိုင်းတစ်ပါးသားတွေသိရင် ဘယ်လောက် အထင်သေးကြမလဲ. . . ကျုပ် လက်ထက်မှာတော့ ဒါမျိုးတွေကို. . . "

နန်းတော်မုခ်အတွင်းမှ ထိုးစည်သံများ ကျယ်လောင်စွာ ပေါ်ထွက်လာသဖြင့် နန်းစောရှင်၏ စကားကို ဗညားမွန်ထော် မကြားလိုက်ပေ။ ထိုးစည်သံများကား၊ ဈာပနသဘင်တွင် နောက်ဆုံးမှ လိုက်ပါလာသော ကျေးကျွန်အစုများထံမှ ဖြစ်လေသည်။

ဗညားမွန်ထော်သည် နန်းစောရှင်အား ဦးညွှတ်လိုက်သည်။

"အရှင့်သား. . . ကျွန်ုပ်ကို သွားခွင့်ပြုပါ၊ ခုချိန်ဆို ရွှေရထားလှည်းဟာ ပါဒကြီးဆံတော်ရှင် စေတီနားရောက်လုရော့မယ် စေတီတော်ရဲ့ တောင်ဘက်မှာ ကံတော်ကုန် ဘုရင်မင်းမြတ်အတွက် အုတ်ဂူကြီးတည်ဖို့ပြီးတော့. . . အုတ်ဂူပေါ်မှာ စေတီတည်ဖို့အတွက် ကျွန်ုပ်ကြီးကြပ်စရာများ ရှိနေပါတယ် "

"အင်း. . . ကောင်းပြီလေ. . . နန်းရင်းဝန်ကြီး. . . "

ငိုသံများသည် ပါဒကြီး ဆံတော်ရှင်စေတီဘက်သို့ ရွေ့လျားသွားကြသည်။ သုခမုခနန်းစောရှင်သည် ရွှေရထားလှည်း မောင်းနှင်သွားသော နေပြည်တော်လမ်းမကို ရှောင်လျက် အခြားလမ်းတစ်ခုဖြင့် မြင်းကိုနှင်သွားလေသည်။

အနောက်မုခ်ဝနန်းတံခါးသည် အစောင့်ရဲမက်နှစ်ဦးဖြင့် ခြောက်သွေ့တိတ်ဆိတ်လျက် ကျန်ရစ်ခဲ့သည်။

* * *

ပြိုးပြက်သော အရောင်တွေ. . .

ဝမ်းနည်းကြေကွဲနေသော မျက်နှာတွေ. . .

တစ်ခဲနက် ဆူညံနေသော တံပိုးခရာသံတွေ ကြေးစည်သံတွေ၊ ထိုးစည်သံတွေ၊ ပြီးတော့ နေရောင်အောက်တွင် တောက်ပနေသော ရွှေရထားလှည်းဘီး။

http://www.cherrythitsar.org



လှည်းဘီးဒေါက်များတွင် အစိမ်းရောင် ပန်းပွားများ တပ်ဆင်ထားသည်။ နက်မှောင်နေသော ကတ္တီပါစကို ရထားလှည်း၏ ခါးပန်းတွင် ပတ်ချည်ထားသည်။ ကတ္တီပါစ၏ အနက်ခံတွင် ရွှေရောင်စက်ဝိုင်းများသည် အပြင်သို့ ရုန်းထွက်တော့မည့်အလား ကြွရွနေသည်။

မြင်းဖြူများ၏ ကကြိုးများတွင် အနီရောင်သည် အထင်ရှားဆုံးဖြစ်သည်။

ငွေရောင်ရှိသော မြင်းလည်ဆံမွေးများကြားတွင် တွန့်လိမ်နေသော အနီရောင် ကကြိုးများသည် ပို၍ နီရဲတောက်ပနေကြတော့သည်။

လူတွေရဲ့ မျက်နှာကတော့. . .

လူတွေရဲ့ မျက်နှာအားလုံး အနီရောင် ဖြစ်နေသည်။

လူတစ်ဦးတစ်ယောက်၏ မျက်နှာတစ်ခု နီရဲနေသည်ကို တွေ့မြင်ရန် မခဲယဉ်းသော်လည်း ယခုလို လူစုလူဝေးကြီး တစ်ခုလုံး၏ မျက်နှာတွေ အားလုံး နီရဲနေသည်ကိုကား မြင်ရခဲသည်။

လူသားရဲ့ အနီရောင်မျက်နှာ. . . အနီရောင်မျက်နှာ. . .

အနီရောင်မျက်နှာသည် ပူလောင်သော ပရိဒေဝ၊ လောင်မြိုက်သော သောကအငွေ့အလျှံများကို လွှတ်ထုတ်နေသည်။ အနီရောင်မျက်နှာဝန်းကျင်တွင် တငွေ့ငွေ့ လွင့်ပျံနေသော သောက အခိုးအလျှံများသည် အနက်ရောင် ဖြစ်နိုင်မည်။

အနက်. . .

အတိုင်းအဆမဲ့သော ထုထည်သိပ်သည်းမှု၊ အပြောကျယ်စွာသော စူးနစ်ထိုးဖောက်မှု၊ သောကပရိဒေဝ၏ ကိုယ်စားပြုအရောင်၊ ကြေကွဲလှိုက်လှဲမှုကို ထင်ဟပ်သောအရောင်. . .

ဘုရင်မင်းမြတ်၏ ရုပ်ကလာပ်ကို တင်လာသည့် ရွှေရထားလှည်း။

ရွှေရောင်ကို လိုလားတပ်မက်ဖွယ် ရတနာအရောင်ဟု မည်သူက တစိုက်မတ်မတ် ပြောမည်နည်း။ ယခု တွေ့နေရသော နေပူအောက်က ရွှေရထားလှည်း၏ ရွှေရောင်ကား. . . လူတွေ၏ အနီရောင်မျက်နှာနှင့် အနက်ရောင် ပရိဒေဝ အခိုးအလျှံတို့ကို အားပေးဖြည့်တင်းပေးသော မီးတောက်တစ်ခုနှယ်သာ. . .

အနီ. . . အနက်နှင့် ရွှေတို့သည် လူသား၏ ခံစားမှုတစ်ခု၌ လာရောက်ပေါင်းဆုံစီးဝင်နေကြခြင်း။

မျက်လုံးမှတစ်ဆင့် ရရှိသော စက္ခုအာရုံသိကို 'ဒီပါ'သည်၊ နှလုံးအိမ်တွင်းသို့ ရောက်အောင် ဝင်စားသုံးသပ်နေသည်။ အသည်းနှလုံးသည် စမ်းရေတွင် နှစ်မြုပ်လိုက်ရသလို. . . သို့မဟုတ် မီးတောက်တစ်ခုအတွင်း ဖြတ်သန်းလိုက်ရသလို. . . အေးမြခြင်း ပူလောင်ခြင်းတို့ကို တစ်လှည့်စီ တရိပ်ရိပ်ခံစားလာရသည်။ အဆုံး၌ ပူနွေးသော အသိကိုရလာသည်။ သူ့လက်ချောင်းဖျားများဆီသို့ တစ်ကိုယ်လုံး လှည့်နေသမျှ သွေးတို့သည် တိုးဝင်လာကြသည်ဟုလည်း ခံစားလာရသည်။

ကြုံလှီသော လက်တို့သည် အလိုအလျောက်ပင် ဆေးစပ် ကျောက်အင်တုံများဆီသို့ ရွေ့လျားသွားကြသည်။

အနီ. . . အနက်. . . ရွှေ. . . အနီ. . . အနက်. . . ရွှေ. . .

သူ့မျက်လုံးများကို တင်းကြပ်စွာ ပိတ်လိုက်ပြန်သည်။

စောစောက ရရှိခဲ့သော အာရုံခံစားမှုကို လွတ်ထွက်မသွားရအောင် စက္ခုအာရုံကို အခြားမဲ့၌ မပျံ့လွင့်ရအောင်. . . ချုပ်တည်းထိန်းသိမ်းမှု. . . ။

သောကပရိဒေဝ၏ နိမိတ်ပြအရောင်တွေ. . .

"ဒီပါ. . . မင်းဟာ သောကမီး လောင်မြိုက်နေတဲ့ လူသားပုံကို ရေးတော့မယ်၊ ဒါပေမယ့်. . . မင်းကိုယ်တိုင် သောကမီးရဲ့ လောင်မြိုက်မှုကို မခံရဘူး . . . ဘုရင်မင်းမြတ် အနိစ္စရောက်တာကို မင်း ဝမ်းမနည်းရဘူး. . . မင်းဟာ ဝမ်းနည်းကြေကွဲမှုရဲ့ ပြင်ပမှာ ရောက်နေရမယ်၊ ဝမ်းနည်းကြေကွဲမှုထဲမှာ မင်း မနေရဘူး. . . မင်းဟာ ဝမ်းနည်းကြေကွဲမှုကို ဆေးရောင်တွေနဲ့ ရေးခြယ်ရမယ့်သူ. . . ဒါပေမယ့် ဒါကို ရေးခြယ်ရမှာမို့ ပျော်ရွှင်နေရမှာလား. . . ဟင့်အင်း မဟုတ်ဘူး. . . ဒီပါ. . . ဒီလိုလဲ မဟုတ်ပါဘူး. . . မင်းဟာ လူသားရဲ့ ဝမ်းနည်းကြေကွဲမှုဆိုတဲ့ ခံစားမှု နယ်နိမိတ်ပေါ်မှာ မျှမျှတတ ရပ်နေရမယ်၊ သူတို့တတွေရဲ့ ဝမ်းနည်းကြေကွဲမှုကို မင်းနားလည်နေရမယ်. . . ဒါပေမယ့်. . . မင်း မခံစားရဘူးနော်. . . မင်း မခံစားရဘူး. . . မင်းက ခံစားလိုက်ရင် မင်း သူတို့ထဲ ရောက်သွားမယ်. . . ဒီအခါမှာ မင့်လက်ချောင်းတွေဟာ ဆေးစုတ်တံ ကို ကိုင်ဖို့မဖြစ်နိုင်တော့ဘူး. . . မင်း. . . အခု. . . ဒါကို ရပြီမဟုတ်လား. . . ရပြီမဟုတ်လား. . . အနက်ရယ်. . . အနီရယ်. . . ရွှေရယ်. . . အတိုင်းအဆမဲ့ သိပ်သည်းတဲ့အနက်. . . ပူပြင်းမှုမှတစ်ပါး တခြားဘာကိုမှ မပြောတဲ့ အနီ. . ၊ ပြီးတော့ ကျိန်းစပ်မှုမှတစ်ပါး. . . တခြားဘာကိုမှ မဖြစ်ပေါ်စေတဲ့. . . ရွှေ

အနက်. . . အနီ. . . ရွှေ. . . ရေးတော့ မင်းပုံရေးတော့” တစ်စုံတစ်ခုသော အင်အားတစ်ရပ်သည် တိုးတိတ်ညင်သာစွာ. . သို့သော်လည်း အားကောင်းစွာ သူ့နားထဲသို့ တတွတ်တွတ် ရေရွတ် အမိန့်ပေးနေသည်ဟု ဒီပါ ခံစားနေရသည်။ ထိုအသံသည် သူကိုယ်တိုင်၏ အသံပေလား. . တန်ခိုးရှင် တစ်ယောက်ယောက်၏ အသံပေလား. . . ဆိုသည်ကိုလည်း ဒီပါ ခွဲခြားမသိနိုင်တော့ပေ။

ဇေယျာဒီပ ကုန်းတော်အပေါ်၌ တိုက်ခတ်နေသော လေသည်လည်း သူနှင့်မသက်ဆိုင်တော့၊ ကျိုက်ပါဒဆံတော်ရှင်စေတီ ဆည်းလည်းသံများလည်း သူ့နားတွင်းသို့ မဝင်လာကြတော့၊ တောင်ကုန်းအောက်ဘက်တွင် တွေ့နေရသော ‘ဈာပနသဘင်တော်’ မြင်ကွင်းသည်လည်း သူ့မျက်လုံးအိမ်အတွင်း ဝင်မလာတော့။

စဉ့်အင်တုံအတွင်းသို့ စုတ်ကိုနှစ်လိုက်သည်။

မဇ္ဈိမဒေသမှလာသော ဖျဉ်စပေါ်သို့ စုတ်ကို တစ်ချက်ချင်း ဆွဲသုတ်လိုက်သည်။ တစ်လွှာပြီး တစ်လွှာ. . . အဖြူရောင်. . . ။

အဖြူရောင်သည် ဖျဉ်စပေါ်၌ တစ်စထက်တစ်စ ပြန့်ပြူးလာသည်။ ဇေယျာဒီပကုန်းတော်ပေါ်၌ တိုက်ခတ်သော လေသည် ပင်လယ်ဝကို ဖြတ်သန်းလာသည့် လေဖြစ်သည်။ အေးမြမှုထဲတွင် နွေးထွေးသည့် အငွေ့ရောစွက်နေသည်။ သင့်တင့်လျောက်ပတ်သော အပူငွေ့ပါလာသည်။ ထိုအခါ ဖျဉ်စပေါ်မှ အဖြူရောင်သည် နောက်ဆုံး စုတ်ချက်အပြီးတွင် ခြောက်သွေ့သွားခဲ့လေသည်။

“အဖြူရောင်ခံပြီးပြီ”

ဒီပါသည် သူ့ကိုယ်သူ အခြားတစ်ယောက်လို သဘောထားပြီး စကားပြောနေမိသည်။

“အနက်သုတ်ကြစို့လား. . . ”

ကျောက်အင်တုံအတွင်းသို့ စုတ်ကိုနှစ်မြှုပ်လိုက်ပြန်သည်။

ကျွမ်းကျင်သော လက်ချောင်းများထဲမှ စုတ်သည် ဖျဉ်စပေါ်၌ လိမ္မာလှပစွာ ပြေးလွှားနေပြန်သည်။ အဖြူရောင်သည် အနက်အောက်၌ တဖြည်းဖြည်း နစ်မြှုပ်ပျောက်ကွယ်သွားသည်။ ဖျဉ်စသည် တဖြည်းဖြည်း မှောင်မိုက်လာသည်၊ အနက်သည် ထုထည်ကြီးမားလာသည်။ နက်ရှိုင်းသော အမှောင်တိုက်သည် ဖျဉ်စ၏ မျက်နှာပြင်ကို ကျော်လွန်သွားသည်။

သူ့ရှေ့မှ ဖျဉ်စကြောင့် တစ်လောကလုံး နက်မှောင်ပြီဟု ဒီပါ ခံစား

http://www.cherrythitsar.org



လိုက်ရသည်။

'နက်ပေ့စေ. . . နက်ပေ့စေ. . . အမှောင်တိုက်ထက် နက်သွားပေ့စေ"

ဖျဉ်စသည် အပြင်ညီသော မျက်နှာပြင် မဟုတ်တော့ အတိုင်းအဆမဲ့သော ထုထည်ကို ဆောင်လာသည်၊ အနက်သည် အတွင်းထဲသို့ တိုးဝင်သွားခဲ့ပေပြီ။

"အနီ. . ဟင့်အင်း မဟုတ်သေးဘူး. . ရွှေ. . . ရွှေရောင်. . . ရွှေရောင် ရွှေရောင်ကို အကြောင်းပြုပြီး. . . အနီက ဖြစ်ပေါ်ရမယ် မဟုတ်လား. . . "

ရွှေရထားလှည်းနှင့် ဈာပနသဘင်တော်သည် ယခုအခါ ဇေယျာဒီပကုန်းတော်၏ တစ်ဘက်စွန်းရှိ ပါဒဆံတော်ရှင်စေတီဘက်သို့ ရောက်ရှိသွားပြီဖြစ်သည်၊ ဒီပါမြင်နေရသော တောင်ကုန်းအောက်ဘက် မြင်ကွင်းသည် ပျောက်ကွယ်သွားပြီ၊ စေတီတော် တောင်ဘက်ပိုင်းသို့ လူအားလုံး ရောက်ရှိသွားကြပြီ။

အနက်ရောင်ဖျဉ်စ၏ လက်ဝဲဘက်ထောင့်အပေါ်သို့ ရွှေရောင်ဆေးထဲသို့ နှစ်ထားသော စုတ်ကို တင်လိုက်သည်။ ပုံသန်းခြင်း အမှုတွင် တကူးတကန့် လှုပ်ရှားမနေသော ငှက်၏ အတောင်ပံကဲ့သို့ ဒီပါ၏ လက်ချောင်းများ အလိုအလျောက် လှုပ်ရှားသွားကြသည်။

ရွှေရထားလှည်း အပေါ်ပိုင်းမှ ကနုတ်များ၊ ရထားလှည်း ခါးပန်းပေါ်မှ အဝိုင်းပုံများ။

အမှတ်မထင်တို့လိုက်သည်ဟု ထင်ရသော စုတ်ချက်သည် အံ့သြစရာကောင်းလောက်အောင် ရုပ်ပုံအစိတ်အပိုင်းငယ်များကို ဖြစ်ပေါ်လာစေသည်။ စုတ်ချက်သည် ထက်အောက် ဝဲယာအရပ်ရှစ်မျက်နှာတွင် လှည့်ပတ်ပြေးလွှားနေသည်။

အနက်ပေါ်သို့ ရွှေရောင်ကို ထပ်မိုးလျက်၊ ရွှေရောင်အကြားထဲမှ အနက်ကို ချန်လှပ်လျက်. . . ။

ပါဒဘုရင်မင်းမြတ်၏ ရွှေရထားလှည်းသည် သေးငယ်သော သဏ္ဌာန်အားဖြင့်၊ ဖျဉ်စပေါ်သို့ ရောက်ရှိလာလေသည်။ ကနုတ်များသည် ကော့ပျံနေကြသော်လည်း၊ လှည်းဘီးများသည် ခန့်ထည်နေကြသော်လည်း၊ ဝင့်ကြွားမောက်မာမှု အသွင်ကိုမဆောင်၊ ရှင်သန်မှု၏ နိဂုံးသရုပ်ကို ဖော်ပြနေကြသည်။ ဘဝ၏ ချုပ်ငြိမ်းမှုကို ဖော်ပြနေကြသည်။ ရွှေရောင်သည် ဝင်းဝါ

http://www.cherrythitsar.org



သော်လည်း၊ ကြည်နူးနှစ်သက်ဖွယ် ကျက်သရေမျိုးမဟုတ်၊ ကျိန်းစပ်တောက်ပြောင်နေသော ရွှေရောင်။

ဒီပါသည် ဖျဉ်စမှ အနည်းငယ်ခွာ၍ ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်လျက် မမှိတ်မသုန် ပြန်ကြည့်လိုက်သည်။

"လှည်းဘီးကရွှေဟာ ပိုပြီးတောက်ပြောင်နေရမယ်. . . သေဆုံးသွားသူရဲ့ရုပ်အလောင်းကို သုဿန်ရှိရာသို့ ပို့ဆောင်ပေးတဲ့ ဒီရထားလှည်းမှာ လှည်းဘီးဟာ အဓိကပဲ. . . လှည်းဘီးဟာ ရွှေ့လျားမှုရဲ့ နိမိတ်ပြပဲ. . ."

လှည်းဘီးဒေါက်များပေါ်သို့ ရွှေရောင်ထပ်၍ သုတ်ခြယ်လိုက်ပြန်သည်။ ဒေါက်များသည် ပို၍တောက်ပြောင် သွားကြလေသည်။ လှည်းဘီး၏ ထုထည်အင်အားသည် ပို၍ကြီးမားလာသည်။ ရွှေ့လျားခြင်း. . . မရဏသို့ ရွှေ့လျားခြင်းသည် ပို၍အဓိပ္ပာယ်ပီသပြီဟု ဒီပါစိတ်ချသွားသည်။

"အင်း. . . အရေးအကြီးဆုံးအပိုင်းကို ရောက်ပြီ. . . အဲဒီ ရွှေရထားလှည်းပေါ်မှာ ပါဒဘုရင်မင်းမြတ်ရဲ့ ရုပ်အလောင်း၊ အဲဒါကို အကြောင်းပြုပြီး ပူဆွေးသောက ရောက်ကြရတဲ့ ပါဒနိုင်ငံသားတွေ. . . သူတို့ရဲ့ သောကပရိဒေဝ၊ အဲဒီ သောကပရိဒေဝရဲ့ အသွေးအရောင်တွေ၊ လူတွေရဲ့ မျက်နှာတွေ. . . အနီ. ."

ဟသ်ပြဒါး ရောစပ်ထားသော စဥ့်အင်တုံအတွင်းသို့ နှစ်မြှုပ်ရန်အတွက်မူ စုတ်အသစ် တစ်ချောင်းကို အသုံးပြုရပေမည်၊ ဒီပါသည် သူကိုယ်တိုင် နောက်ဆုံး လုပ်ခဲ့သော စုတ်တစ်ချောင်းကို ဖျဉ်ကြမ်းအိတ်ထဲမှ ထုတ်ယူလိုက်သည်။ စုတ်အဖျားကို လက်ချောင်းများဖြင့် ပွတ်သပ်လိုက်သည်။

"ရဲရင့်တက်ကြွတဲ့ အနီမဟုတ်ဘူးနော်၊ ပူပြင်းလောင်မြိုက်တဲ့ အနီ၊ အနီရဲ့ တက်ကြွမှုအဓိပ္ပာယ်ကို ပယ်ဖျက်ထားရမယ်၊ တခြားတစ်ဖက်က အဓိပ္ပာယ်ကိုပဲ ဖြစ်ပေါ်စေရမယ်"

အနီရောင်တို့ထားသော စုတ်ကို ဖျဉ်စပေါ်သို့ တင်လိုက်သည်။

"အနီရောင်ရဲ့ ရဲရင့်တက်ကြွမှုကို ပယ်ဖျက်လို့ရမယ်လို့ ဘယ်သူကပြောသလဲ" ဒီပါ၏ နောက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

မိန်းမတစ်ယောက်၏ အသံ။

ကြည်လင်စူးရှသော်လည်း ပြတ်သားတိကျသော အသံ။

အနီရောင်စုတ်သည် အစိတ်အပိုင်းငယ် တစ်ခုကိုသော်မှ ရေးခြစ်ခြင်း

http://www.cherrythitsar.org



မပြုရသေးဘဲ ဖျဉ်စရှေ့မှောက်မှ ဆုတ်ခွာသွားရလေသည်။

ငွေခြည်ပဝါကို ပခုံးစလွယ်သိုင်းခြုံထားသော သဏ္ဌာန်သည် ကညင်ပင်ကြီး တစ်ပင်အောက်မှ ထွက်လာသည်၊ ကညင်ပင်၏ အစိမ်းရောင် နောက်ခံတွင် ဝင်းလက်သော ငွေရောင်ကို ဒီပါ ပထမဆုံး သတိပြုလိုက်မိသည်။ ငွေရောင် သဏ္ဌာန်သည် အနက်ရောင်နှင့် အနီရောင် ဖျဉ်စပုံကားချပ် ရှေ့မှောက်သို့ တိုးဝင်လာသည်။

"အနက်ရောင်နဲ့ ရွှေရောင်ပါလား၊ ရွှေရောင်ကတော့ ဘုရင်မင်းမြတ်ကို တင်ဆောင်လာတဲ့ ရွှေရထားလှည်းရဲ့ ပုံပဲ လှည်းဘီးတွေက တောက်ပလိုက်တာ ဒါပေမယ့် အနက်ရောင်က ပိန်းပိတ်အောင် မှောင်နေတယ်၊ မိတနော် စိတ်ကျဉ်းကြပ်လိုက်တာ. . . "

ဒီပါသည် အနီရောင်စုတ်ကို ကိုင်ထားရင်း မိန်းမပျိုကို ငေးကြည့်နေမိလေသည်။ နုပျိုငယ်ရွယ်နေသော အလှ။

မိန်းမပျိုသည် ဖျဉ်စကားချပ်မှ မျက်နှာခွာလျက် ဒီပါကို လှည့်ကြည့်လိုက်လေသည်။ စူးရှသော မျက်လုံးနက်များကို ဒီပါ ရင်ဆိုင်လိုက်ရသည်။

"ရှင်က ပန်းချီဆရာကိုး"

ဒီပါ၏ မျက်လုံးများ ပြန်လည် အသက်ဝင်လာကြသည်။ သို့သော် စိတ်အတွေး ရှုပ်ထွေး နောက်ကျိသွားသော မျက်လုံးများ။

"နေပါဦး စောစောက ရှင်ဘယ်သူ့ကို အနက်ရောင်အကြောင်း၊ အနီရောင်အကြောင်းတွေ ပြောနေတာလဲ ရှင်က ပန်းချီရေးရင် တစ်စုံတစ်ယောက်ကို တိုင်ပင်ပြီးမှ ရေးလေ့ရှိသလား. . . "

ဒီပါ ဘာမှပြန်မပြောမိချေ။

"ဒီဇေယျာဒီပတောင်ကုန်းပေါ်မှာ ရှင်လာပြီး ပန်းချီရေးတယ်နော်၊ ဒီကနေကြည့်လိုက်ရင် ဟောဟိုဘက်မှာ စိမ်းစိုနေတဲ့ ရသေ့ဂူရှိတယ်၊ ဟောဟို အနောက်ဘက်မှာက နေပြည်တော် ရေကျုံးနဲ့ နန်းမြို့ပြသဒ်၊ ဟောဟို မြောက်ဘက်မှာ နေပြည်တော် မြေကျုံး၊ အရှေ့ဘက်မှာ ပါဒချောင်း၊ ဟိုး. . . တောင်ဘက်အဝေးဆီ ရဲ့ မိုးကုပ်စက်ဝိုင်းနေရာမှာ မော်ဝန်းမြစ်၊ ပြီးတော့ ကင်းမြို့သုံးဆယ့်ရှစ်ထပ်က စုလစ်မွန်းချွန်တွေ စေတီတွေ၊ ပုထိုးတွေ၊ ဒါတွေကို ရှင် မရေးဘူးလားဟင်၊ ပန်းချီဆရာ ရှင့်ဖျဉ်စပေါ်က အနက်ရောင်နဲ့ ရွှေရောင်လှည်းဘီးကိုတော့ မိတနော် ဒီကနေ မတွေ့ရပါလား၊ အဲဒါက

http://www.cherrythitsar.org



ရှင်ဘယ်က. . . ရ. . . ”

“တော်ပါတော့ လုံမငယ်”

ဒီပါ၏ ပထမဆုံး စကားလုံး ထွက်ကျလာသည်၊ ထိုစကားလုံးသည်လည်း မလိုလား မနှစ်ခြိုက်သော၊ ဆန့်ကျင်ခြင်းကိုဆောင်သော အဓိပ္ပာယ်နှင့် လေသံကိုပြနေသည်။ မိန်းမပျို၏ နုပျိုလှပသော မျက်နှာပေါ်၌ အံ့အားသင့်သော သဏ္ဍာန်တစ်ခု ဖြတ်သန်းသွားသည်။

သို့သော်၊ ဇေယျာဒီပ တောင်ကုန်းထက်ရှိ လေပြေထဲတွင် ဝင့်နေသော သူ့ ပခုံးစလွယ်သိုင်း ငွေခြည်ပဝါမြိတ်ဖျား၏ အလှကိုကား ဒီပါ သတိမပြုဘဲ မနေနိုင်ပေ။

“အနီရောင်ဟာ ရဲရင့် တက်ကြွခြင်းပဲ ဖြစ်ရမယ်ဆိုတဲ့စကားကို မင်းစောစောတုန်းက ပြောလိုက်တာ ကျုပ်ကြားလိုက်ရပါတယ် လုံမငယ်. . . ”

အနီရောင် တို့ထားသော စုတ်ဖျားကို နေရောင်တွင်လှည့်ပတ်၍ ကြည့်ရင်း ဒီပါသည် မိန်းမပျိုအနီးသို့ တိုးကပ်သွားလိုက်သည်။ သူ့အသွင်မှာ စစ်မြေပြင်တွင် ရန်သူရှိရာသို့ ဓားလွတ်ကို ကိုင်ရင်း တိုးကပ်သွားသော စစ်သူကြီးဟန် ပေါက်နေလေသည်။

“အနီရောင်ဟာ ပူပြင်းလောင်မြိုက်ခြင်း မဟုတ်ဘူးလို့ကော မင်း ပြောနိုင်သလား၊ ပန်းချီရေးသူတစ်ယောက်ဟာ၊ ဆေးရောင်ကို သူခံစားချင်သလို ခံစားမှာပေါ့၊ မင်းနဲ့ ဘာဆိုင်သလဲ၊ မင်း ဘာကြောင့် ဒီနေရာကို လာသလဲ မင်း ဘယ်ကလဲ ဘယ်သူလဲ. . . ”

သွက်လက်ဖြတ်လတ်နေခဲ့သော မိန်းမပျို၏ အမူအရာတို့သည် ဒီပါ၏ တင်းမာသော လေသံကြောင့် ပျောက်ကွယ်သွားလေသည်။

“ပြောလေ မင်း ဘယ်သူလဲ ဘာကြောင့် ဒီနေရာကို လာရတာလဲ”

“ကျွန်. . . ကျွန်မ မိတနော်ပါ ပါဒနန်းတော်ထဲကပါ၊ ဘုရင်မင်းမြတ်ရဲ့ ဈာပနတော်ကို ပို့ဆောင်ရင်းနဲ့ ဒီ ဇေယျာဒီပတောင်ကုန်းဘက် ထွက်လာခဲ့တာပါ၊ အမောင့်မှာ မိတနော်ကြောင့် အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ဟို အနီရောင်ကိုလဲ မိတနော် ကောင်းကောင်းမသိပါဘူး”

ထိတ်ထိတ်ပျာပျာ ဖြစ်သွားသော နုပျိုသည့်အလှကို ဒီပါဂရုဏာသက်သွားမိသည်။ သူ့အပြုအမူနှင့် သူ့လေသံမှာ အကြောင်းမဲ့ တင်းမာသွားသည်ဟု သူ နားလည်လိုက်မိသည်။

http://www.cherrythitsar.org



"မင်း နာမည်က မိတနော်. . . တဲ့လား. . . လုံမငယ်"

"ဟုတ်ကဲ့ရှင့်"

"ပြီးတော့ မင်းက ပါဒနန်းတော်ထဲက လာခဲ့တာ. . ."

"ဟုတ်ကဲ့ရှင့်. . ."

နုနယ်လှပသော ဤမိန်းမရွယ်ပေါ်၌ ဘာကြောင့် သည်လို အထက်စီးလေသံဖြင့် ဆက်ဆံပြောဆိုနေမိသည်ကို ဒီပါ သူ့ကိုယ်သူ နားမလည်နိုင်တော့ပေ။ မိန်းမပျိုကလည်း သူ့ကို ဘာကြောင့် ရိုကျိုးထိတ်လန့်နေသည်ကို နားမလည်နိုင်ချေ။ သို့သော် သူ့လေသံ၏ တင်းမာမှုကို လျှော့လိုက်လေသည်။

"ကောင်းပြီ. . . မိတနော်. . . ကျုပ်နာမည်က ဒီပါတဲ့ အလုပ်ကတော့ မင်းမြင်တဲ့အတိုင်း ပန်းချီရေးတာပဲ ကဲ ဟိုကညင်ပင် အမြစ်ဆုံမှာ သွားထိုင်နေအဲ ကျုပ်ပုံရေးနေခိုက်မှာ စကားဝင်မပြောဘဲ နေနိုင်ရင်ပေ့ါလေ. . ."

မိန်းမပျိုသည် အမိန့်တစ်ခုကို ရရှိသည့်အလား၊ ကညင်ပင်ဆီသို့သွား၍ ထိုင်လိုက်သည်။ ဒီပါသည် မိန်းမပျိုကို ကျောခိုင်း၍ ဖျဉ်စကားချပ်ကို မျက်နှာမူလိုက်သည်။ အနီရောင်စုတ်ကို ဖျဉ်စမျက်နှာပြင် ရှေ့သို့ တင်လိုက်သည်။

အနီရောင် မျက်နှာတွေ. . . လူတွေရဲ့ အနီရောင် မျက်နှာတွေ. . .။

ထိုအခိုက်ဝယ် ဒီပါသည် မိတနော်ကိုရော. . မိတနော်နှင့် ပြောခဲ့သော စကားများကိုရော မေ့ပျောက်သွားခဲ့လေသည်။

စောစောက၊ ဇေယျာဒီပ တောင်ကုန်းထက်မှနေ၍ တွေ့ခဲ့သော ဈာပနသဘင်တော် မြင်ကွင်းထဲမှ ပါဒနိုင်ငံသားတို့၏ သောကမျက်နှာများကို သူ့အာရုံတွင် ပြန်၍ ခံစားလိုက်မိသည်။

အနီရောင်စုတ်သည်၊ အနက်ဖျဉ်စပေါ်တွင်၊ ရွှေလှည်းဘီးများ၏ ဝန်းကျင်ဝဲယာတွင်၊ ပြေးလွှားလှုပ်ရှား သွားနေသည်။ စုတ်ချက်တိုင်းသည် တိကျသော အရေးအကြောင်းများကို ဖြစ်ပေါ်သွားစေသည်။ သောကပရိဒေဝ မျက်နှာများစွာသည် နေရာမလပ် ပေါ်ပေါက်လာကြသည်။ အနက်ဖျဉ်စ တစ်ခုလုံး အပြည့်။

ပါဒနိုင်ငံသားတို့၏ မျက်နှာပုံပန်းသည် ဒီပါ၏ စုတ်ဖျားတွင် အတိအကျ စွဲထင်နေသည်။ ဤအနီရောင် မျက်နှာများသည် ပါဒနိုင်ငံသားတို့၏ မျက်နှာမှအပ အခြားမည်သည့် နိုင်ငံသား၏ မျက်နှာမှမဟုတ်ဟူသော အသိကို

http://www.cherrythitsar.org



ထူးခြားစွာ ထင်ဟပ်ဖော်ပြနေသည်။ ထိုမျက်နှာများသည် တစ်ခုစီအနေနှင့်မူ သီးခြား ဝိသေသနအားဖြင့် ကွဲပြားခြားနားနေကြသည်။ နန်းတွင်းသူ နန်းတွင်းသားတို့၏ မျက်နှာ၊ ပြည်သူပြည်သားတို့၏ မျက်နှာ၊ ဘုရားအမှုတော် ထမ်းတို့၏ မျက်နှာ။ သို့သော် ထိုကွဲပြား ခြားနားကြသော မျက်နှာများ၏ တူညီသော လက္ခဏာရပ်ကား သောကပရိဒေဝ အရိပ်အယောင်။

အနီမျက်နှာတစ်ခုနှင့် တစ်ခုအကြားတွင် ပေါ်ပေါက်နေသော အနက်ရောင် အစွန်းအစများသည် ပို၍နက်မှောင်သွားကြသည်။ ရွှေရထားလှည်းဘီးမှ ပြိုးပြက်သော ရွှေရောင်သည်လည်း ပို၍တောက်ပသွားသည်။ အနီ အနက်နှင့် ရွှေတို့သည် တစ်ခုကို တစ်ခု ပိုမိုအားကောင်း နက်ရှိုင်းစေရန် အားပြုဆက်သွယ်နေကြလေသည်။

နောက်ဆုံးမျက်နှာကို ရေးချယ်ပြီးချိန်တွင် ဒီပါသည်၊ စုတ်ကိုဖျဉ်စမှ ဖယ်ရှားလိုက်သည်။ ထိုအခါတွင် သူ့ဘေးနောက်နားဆီမှ နွေးထွေးသော လေငွေ့ကို သိသိသာသာ ခံစားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

"သိပ် အံ့ဩစရာပါလား. . . အမောင်ရယ်. . . "

မိတနော် ပန်းချီကားချပ်ကို ငေးစိုက်ကြည့်ရင်း လှိုက်လှဲသောအသံဖြင့် တိုးတိတ်စွာ ရေရွတ်နေသည်။

"သိပ်အံ့ဩစရာ ကောင်းတာပါလား. . မျက်မှောက်မှာ ထင်ထင်ရှားရှား မရှိတော့တဲ့ မြင်ကွင်းကို အမောင့်စိတ်အာရုံနဲ့ ဖမ်းပြီး ပုံရေးတယ်ပေါ့ အို. . . သိပ်အံ့ဩစရာကောင်းတာပဲ၊ ဟောဒီဟာက နတ်ရွာစံ ဘုရင်မင်းမြတ်ရဲ့ ရုပ်ကလာပ်ကို တင်ဆောင်သွားတဲ့ ရွှေရထားလှည်း ဟောဒီမျက်နှာနီနီတွေက ငိုကြွေးနေကြတဲ့ ပါဒနိုင်ငံသားတွေ ဟင် ဟောဒီမျက်နှာဆိုရင်. . . သခင်မကြီး မျက်နှာနဲ့ တူလိုက်တာ. . . "

"ဘာ. . . အံ့ဩစရာကောင်းတယ်. . . ဟုတ်လား"

"ဟုတ်တာပေါ့ . . . အမောင်၊ မျက်စိရှေ့မြင်နေရတဲ့ မြင်ကွင်း မဟုတ်ဘဲနဲ့ အမောင်ရေးနိုင်တယ်၊ အမောင့်လက်ထဲက စုတ်ဟာ တန်ခိုးတော်ရှင် တစ်ပါးရဲ့ လက်နက်လိုပါပဲလား. . . "

"ဒါပဲလား. . . လုံမငယ်. . . အဲ မင်းနာမည်. . . "

"မိတနော်"

"အဲ. . . မိတနော်. . မင်း ဒီပုံကိုကြည့်ပြီး အံ့ဩသွားသတဲ့လား

http://www.cherrythitsar.org



ဒါပဲလား”

“ဒါပေ့ါ. . . အမောင်. . . အံ့သစရာ ကောင်းလောက်တယ်. . . ”

“အလကားပဲ. . . ကျုပ် အသုံးမကျတာဘဲ ဖြစ်ရမယ်. . . မင်းကတော့ ရိုးရိုးသားသား ပြောလိုက်တာပဲ၊ ကျုပ် အသုံးမကျဘူးဆိုတာ သိပ်ထင်ရှားတယ်”

“အို. . . အို. . . မလုပ်နဲ့လေ. . . အမောင်”

အနီ အနက်နှင့် ရွှေတို့ ရောစပ်နေသော ဖျဉ်စပန်းချီကားသည် ဒီပါ ၏ လက်တွင် အပိုင်းပိုင်း စုတ်ပြဲသွားသည်။ ဒီပါသည် ပန်းချီကားချပ်ကို ရန်သူ တစ်ဦးသဖွယ် အညှိုးကြီးစွာ ဆုတ်ဖြဲနေသည်။ အခြင်းအရာသည် မြန်ဆန်လွန်းလှသည့်အတွက် မိတနော် အထိတ်ထိတ် အလန့်လန့် ဖြစ်သွား လေသည်။

ဒီပါသည် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေသော ဖျဉ်စကို ဇေယျာဒီပ တောင်ကုန်းထိပ်တွင် ဖြတ်သန်းတိုက်ခိုက်နေသော လေထဲသို့ ကညင်ရွက်များ နှင့်အတူ လွှင့်မျှောလိုက်လေသည်။

“အလကားပဲ. . အလကားပဲ. . ပန်းချီကားကို ကြည့်ရသူတစ်ယောက် က ပန်းချီကားကို အံ့ဩနေရင် ပန်းချီကားထဲက လက်ရာကို အံ့ဩနေရင် အလကားပဲ ငါ့ပုံဟာ ငယ်ရွယ်တဲ့ မိန်မပျိုလေး တစ်ယောက်ကိုတောင်မှ ခံစားမှု မပေးနိုင်လောက်အောင် ညံ့ဖျင်းတဲ့ပုံ. . . အလကား. . . အသုံးမကျတဲ့ပုံ”

ဒီပါ၏ မျက်နှာတွင် တင်းမာမှုများပြန်၍ ပေါ်ပေါက်လာပြန်သဖြင့် မိတနော်သည် ကြောက်ရွံ့စွာ နောက်သို့ ဆုတ်လိုက်မိလေသည်။ ဖျဉ်စ ကားချပ်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် အားလုံး ဆုတ်ဖြဲပစ်လိုက်ပြီး နောက်၊ ဒီပါသည် မိတနော်ကို မျက်နှာချင်းဆိုင်လိုက်သည်။

“ကဲ. . . ဒါတွေကို မေ့လိုက်ကြစို့၊ ကျုပ် ညံ့ဖျင်းနေသေးတယ်ဆိုတာ ထင်ရှားသွားပြီ၊ မင်းရဲ့ ကျေးဇူးပဲ မိတနော်၊ ကဲ. . . ဆိုစမ်း. . . ”

“ရှင်. . . ”

“အော်. . . မင့်နာမည် မိတနော်ဆိုတာတော့ ကျုပ်သိရပြီ။ မင်း ဘယ်ကလာတယ် ဒီကို ဘာကိစ္စရောက်လာတယ်ဆိုတာတွေပေ့ါ”

“မိတနော်ပြောပြီးပြီလေ၊ မိတနော်က ပါဒနန်းတော်ထဲက ကိုယ်လုပ် တော်၊ နတ်ရှာစံဘုရင်ကြီးရဲ့ ဈာပနသဘင်တော်ကို ပို့ဆောင်ပူဇော်ရင်းနဲ့ ဒီဘက်ကို လာခဲ့တာ. . . ”

http://www.cherrythitsar.org



"အော်. . . အေး. . . အေး. . . ဟုတ်သားပဲ၊ အခု သူတို့ကော. . ."

"ရှင်. . ."

"ရွှေရထားလှည်းနဲ့ ဈာပနသဘင်တော် ပူဇော်ကြတဲ့ လူတွေကော"

"ပါဒဆံတော်ရှင်ရဲ့ တောင်ဘက်မှာ ပြဿဒ်ကျောက်ဂူ တည်နေကြတယ်၊ ပြီးတော့ စေတီတစ်ဆူလဲ ချက်ခြင်းတည်ကြမယ်လေ"

ဆက်၍ပြောရန် စကားမရှိတော့သည့်အလား တိတ်ဆိတ်သွားကြသည်။ ကညင်ရွက်ဖားဖားများ အကြားသို့ လေတိုးဝင်သံနှင့်၊ စေတီမှ ဆည်းလည်းသံများသာ ဝန်းကျင်တွင် ပျံ့လွင့်နေသည်။ တိတ်ဆိတ်ခြင်းကို မိတနော်က စတင်ဖျက်သိမ်းလိုက်သည်။

"မိတနော်ဟာ ပါဒနန်းတော်ထဲက ကိုယ်လုပ်တော်ဆိုတာ ယုံသလားဟင်. . . မိတနော် အဝတ်တန်ဆာတွေက သိပ်ပြောင်လက်မနေဘူးလား"

မိတနော်၏ ပခုံးပေါ်မှ စလွယ်သိုင်း ပတ်ခြုံထားသော ငွေခြည်ပဝါကို ဒီပါ ပြန်ကြည့်လိုက်သည်၊ မိန်းမပျို၏ စောစောက ထိတ်လန့်နေသော အမူအရာများသည် မရှိတော့၊ ငယ်ရွယ်နုပျိုခြင်း၏ ဖြတ်လတ်သော အလှက ပြန်၍ ပေါ်ပေါက်လာနေပြန်သည်။

"အေးလေ. . . ပါဒ နန်းတော်သူတွေဟာ၊ ဒီလို ဝတ်စားဆင်ယင်ကြတာပါပဲ၊ မင်းပခုံးပေါ်က ငွေခြည်ပဝါရဲ့ အရောင်က အတော်လှတာပဲ၊ ကိုယ်လုပ်တော်တွေလဲ ဒီလို ဝတ်ဆင်ကြတာပဲ မဟုတ်လား. . ."

မိတနော်သည် လှပစွာပြုံးနေလေသည်။ အဓိပ္ပာယ်တစ်ခုခုကို ဆောင်နေသော အပြုံးဖြစ်သည်။

"အင်းလေ. . . ကိုယ်လုပ်တော်ပဲ ထားလိုက်ကြပါစို့၊ အမောင်ကော ဈာပနသဘင်တော်ကို မပူဇော်ဘူးလားဟင်၊ ရာဇာစောနောင် ဘုရင်မင်းမြတ်ဟာ ပါဒနိုင်ငံသားတွေရဲ့ ကျေးဇူးရှင်ကြီး မဟုတ်လား"

"ဘုရင်မင်းမြတ်ပဲ ဖြစ်ဖြစ်၊ ဘုရားအမှုတော်လုပ် ကျွန်ပဲဖြစ်ဖြစ်၊ မွေးဖွားလာတာတွေ သေဆုံးသွားတာတွေဟာ ကျုပ်အတွက် အရေးမကြီးဘူး မိတနော်၊ ကျုပ်ကိုယ်တိုင်ရဲ့ သေဆုံးခြင်းတောင်မှ ကျုပ်အတွက် အရေးမကြီးဘူး၊ ဘုရင်မင်းမြတ်ဟာ ပါဒနိုင်ငံသားတွေရဲ့ ကျေးဇူးရှင်ဆိုတာတော့ ကျုပ်ကြားသိနေရတာပဲ၊ ကောင်းပါတယ်"

"ရှင်. . ."

ပါဒနိုင်ငံသား တစ်ယောက်ထံမှ ဘုရင်မင်းမြတ်နှင့် ပတ်သက်၍ ထို စကားကို ကြားလိုက်ရသည့်အတွက် မိတနော် အံ့ဩသွားသည်။ နတ်ရှာစံ ရာဇာစောနောင် ဘုရင်ကြီး၏ ဂုဏ်ကျေးဇူးကို ပါဒနိုင်ငံသား အားလုံး၏ နှုတ်ဖျားတွင် အမြဲမပြတ် ကြားနေရသည်။ နတ်ရွာစံသည့်အထိ ဘုရင်မင်းမြတ် ၏ ဂုဏ်ကျေးဇူးကို လူတိုင်းက တဖွဖွ ရေရွတ်နေကြသည်။ လူတိုင်းက ဝမ်းနည်း ကြေကွဲနေကြသည်။

ရာဇာစောနောင်ဘုရင်ကြီးကား၊ မဇ္ဈိမဒေသမှ ဂေါတမဗုဒ္ဓ၏ ဓမ္မခံတော် နှင့် ခါးပန်းတော် ဓာတ်မြတ်ရှင် နှစ်ဆူကို ပါဒနေပြည်တော်သို့ ပင့်ဆောင် ပူဇော်ခဲ့သူ၊ ကျိုက်ပါဒ ဆံတော်ရှင်စေတီတွင် ဌာပနာ တည်ထားခဲ့သူ၊ ထို့ အပြင် ပါဒနိုင်ငံတော်၏ မထေရ်သူမြတ်များ ဖြစ်ကြသော ရှင်ဓမ္မဉာဏနှင့် ရှင်ဗုဒ္ဓဉာဏတို့၏ အဆုံးအမကို ခံယူကာ ထေရဝါဒသာသနာတော်ကို စည်ပင်ထွန်းကားစေခဲ့သူ၊ ကျိုက်ကဆော့ဆံလွန် စေတီတော်၊ ကျိုက်မှာထယ် ရဟန္တာစေတီတော် စသည့် ဘုရားစေတီများကို တည်ထားခဲ့သူ၊ ထို့နောက် ရာဇမာန်အလုံးစုံကို စွန့်ပယ်ကာ နတ်ရွာစံသည်အထိ ရိုးသားအေးချမ်းစွာ စံနေခဲ့သူ၊ ဤသို့သော ဘုရင်မင်းမြတ်တစ်ပါး၏ အနိစ္စရောက်ခြင်းကို ပါဒ တစ်နိုင်ငံလုံးက နှမြောတသ ကြေကွဲဝမ်းနည်းနေချိန်ဝယ်၊ ဘုရင်မင်းမြတ်၏ သေဆုံးခြင်းသည် သူ့အတွက် အရေးမကြီးဟု ပြောနိုင်သူအား မိတနော် အံ့ဩ မိသည်။

ထို့ပြင် သူ့ကိုယ်တိုင်၏ သေဆုံးခြင်း သော်မှပင် သူ့အတွက် အရေး မကြီးဟု ဆိုရဲသသူ၊ သူ့ရှေ့မှ ပန်းချီဆရာသည် ဘယ်လိုလူစားမျိုးပေနည်း။

ဘုရင်မင်းမြတ်၏ ကျေးဇူးတော်သည် ပန်းချီဆရာအပေါ်တွင်လည်း တစ်နည်းနည်းနှင့် ရှိနေသည်ဟု မိတနော် ပြောချင်သည်၊ သို့သော် ဘယ်လို ကျေးဇူးရှိသည်ကို မိတနော် မပြောတတ်။

"နေပါဦး၊ အမောင် ဘုရင်မင်းမြတ် ကံတော်ကုန်သွားတာကို ပါဒနိုင်ငံသား တွေ အားလုံး ကြေကွဲထိခိုက်နေကြတယ်ဆိုတာကော အမောင် မသိဘူးလားဟင်"

"အမောင်"ဟူသော အခေါ်အဝေါ်မှာ၊ ပါဒမိန်းမပျိုများက သူတို့ ရင်းနှီးချစ်ခင်သူများကို သုံးစွဲခေါ်ဝေါ်သည့် စကားလုံးဖြစ်ကြောင်းနှင့် ထိုအသုံး အနှုန်းသည် မိတနော်၏ နှုတ်တွင် တဖွဖွ ပါလာတတ်သည်ကို ဒီပါ ပထမဆုံး သတိထားလိုက်မိသည်။

http://www.cherrythitsar.org



"သိတာပေါ့ မိတနော်၊ ဒါကြောင့်လဲ ကျုပ် စောစောက ပုံကို ရေးခဲ့တာပေါ့၊ ဒါပေမဲ့ ကျုပ်ကိုယ်က ညံ့ပါတယ်လေ၊ ပုံလဲ ဖျက်ဆီးလိုက်ပြီ မဟုတ်လား၊ ဒါထားပါတော့လေ၊ ဘုရင်မင်းမြတ်က ဘာကြောင့် ကွယ်လွန်သွားရတာလဲ၊ မင်းကတော့ နန်းတွင်းသူမို့ သေသေချာချာ သိမှာပေါ့. . . "

မိတနော် ဒီပါကို အံ့ဩရာမှ ကြောက်ရွံ့လာလေသည်။

နေပြည်တော်တွင် ဤမျှအရေးကြီးသော အဖြစ်သနစ်ကို ဒီပါမေးနေရသည်မှာ မသိသားဆိုးဝါးလှသည်။

"ဘုရင်မင်းမြတ်ဟာ နတ်ရွာမစံမီ နှစ်လလုံးလုံးပွဲတော် မတည်ခဲ့ဘူးလေ၊ ပြင်းထန်တဲ့ သမထကိုလဲ ကျင့်နေခဲ့တယ်၊ နေပါဦး၊ အမောင် ဒါတွေ မသိဘူးလား"

"ကျုပ်လား. . . မသိပါဘူး၊ အခုလဲ စိတ်လက်သက်သာရာရအောင် မင်းနဲ့ စကားစမြည် ပြောစရာရှိလာအောင် ကျုပ် ဒါတွေမေးနေတာပဲ၊ ကျုပ် သိချင်လှလို့ မဟုတ်ပါဘူး၊ ဘာဖြစ်သေးသလဲ မိတနော်၊ မင်းစဉ်းစားကြည့်လေ၊ ဘုရင်တစ်ပါးဟာ မွေးဖွားလာတယ်၊ ထီးနန်းဆက်ခံတယ်၊ စစ်ပွဲတွေ တိုက်မယ်၊ ဘုရားစေတီတွေ တည်မယ်၊ ပြီးတော့ တစ်ခုခုကြောင့် နတ်ရွာစံသွားမယ်၊ ဒါ အဆန်းလား"

မိတနော်သည် ငွေခြည်ပဝါကို ကိုယ်တွင် တင်းတင်းကြပ်ကြပ်ဖြစ်အောင် ရစ်ပတ်လိုက်သည်။ ဒီပါ ရှေ့မှောက်တွင် နေရခြင်းကို မလုံမခြုံဖြစ်လာသည်ဟု ခံစားလာမိသည်။

"ကြည့်လေ မိတနော်၊ ဟိုး လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်တုန်းက နရသေနဘုရင်က ကျုပ်တို့ရဲ့ ပါဒနိုင်ငံကို ထူထောင်တယ်၊ နောက် သားတော် မြစောနောင်က ထီးနန်းဆက်ခံတယ်၊ သူ့လက်ထက်မှာ ညီတော် နရသီဟက ပုန်စားလို့ ကွပ်မျက်ပစ်လိုက်တယ်၊ ဒါပေမယ့် မြစောနောင်မင်းသားရဲ့ သားတော် ဟံသာသေနက သူ့ခမည်းတော်ကိုပုန်ကန်ကွပ်မျက်ပြီး ထီးနန်းကို သိမ်းလိုက်တယ်။ နောက်တစ်ခါကျတော့ မြစောနောင် မင်းကြီးရဲ့သားတော် ရာဇာစောနောင်က နောင်တော် ဟံသာသေနဘုရင်ကိုပုန်ကန်ပြီး ပါဒထီးနန်းကို သိမ်းလိုက်တယ်၊ အင်း. . . ခု နတ်ရွာစံဘုရင်ကြီး ရာဇာစောနောင် နန်းတက်တဲ့နှစ်ဟာ မဇ္ဈိမဒေသမှာ ဗုဒ္ဓဆိုတဲ့ ပညာရှင်ကြီး ပရိနိဗ္ဗာန်ပြုတဲ့နှစ်ပဲ မဟုတ်လား"

"ဟင်. . . အမောင် ဒါတွေကိုတော့ သိတယ်. . . "

http://www.cherrythitsar.org



ဒီပါသည် ဆေးရောင်ထည့်စပ်သည့် ကျောက်အင်တုံနှင့် စဥ့်အင်တုံများကို ရွက်ဖျင်အိတ်တစ်ခုထဲသို့ထည့်ရင်း ပြုံးလိုက်မိသည်။

"အနုပညာရှင်ဆိုတာ ကမ္ဘာလောကရဲ့ ကျယ်ပြန့်တဲ့ ဖြစ်စဉ်ကို သိတာချည်းပဲ၊ ကမ္ဘာလောကထဲက လူတစ်ယောက်ရဲ့ မွေးဖွားခြင်း သေဆုံးခြင်းကိုတော့ စိတ်ဝင်စားမှုရှိချင်မှ ရှိမယ်၊ ဘုရင်တစ်ပါးပဲ ဖြစ်ဖြစ်၊ ကျွန်တစ်ယောက်ပဲဖြစ်ဖြစ်၊ သူတို့တစ်ဦးချင်းရဲ့ အကောင်းအဆိုးက ကျုပ်အတွက် အရေးမကြီးပါဘူး၊ အဲ. . . အရေးကြီးသည်ပဲ ထားဦးတော့ အခု နတ်ရွာစံ ရာဇာစောနောင်ဘုရင်ကြီးလို ပုဂ္ဂိုလ်မျိုးဆိုပါတော့၊ ကျုပ်အနုပညာနဲ့ နှိုင်းစာရင် အင်မတန်သေးငယ်သွားတယ်၊ ကျုပ်ကိုယ်တိုင်သော်မှ ကျုပ်အနုပညာနဲ့ နှိုင်းစာရင် ဘာမှအရေးမကြီးဘူး"

"အို. . . မိတနော် နားမလည်တော့ဘူး"

"ဘယ်သူမှ နားလည်စရာ မလိုဘူး၊ အနုပညာဆိုတာ နားလည်စရာမှ မဟုတ်ဘဲ အံ့ဩစရာမှ မဟုတ်ဘဲ၊ ခံစားစရာပဲ ခံစားစရာ သက်သက်ပဲ၊ ကျုပ်သွားမယ် မိတနော်. . . နောက် ဒီ ဇေယျာဒီပ တောင်ကုန်းကိုလာရင် ကျုပ်ပုံရေးနေတာကိုတွေ့ရင် ကျုပ်ရဲ့ ဆေးရောင်တွေနဲ့ ပတ်သက်ပြီး ဘာမှ မပြောဖို့တော့ တောင်းပန်ပါရစေ"

ဒီပါသည် ဖျင်အိတ်ကို ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

"အမောင့်မှာ မြင်းမပါဘူးနော်"

"မြင်း. . . ဘာလုပ်ဖို့လဲ၊ မြင်းဆိုတာ ဘုရင်တွေ စစ်တိုက်ဖို့နဲ့ ကုန်သည်တွေ ကုန်ကူးသန်းဖို့ သုံးတဲ့ အရာပဲ၊ ခြေလျင်လျှောက်သွားရင် အရောင်တွေ အများကြီးကို တွေ့နိုင်မယ် မဟုတ်လား"

"အမောင်နေပါဦး၊ ခဏနေပါဦး"

ဒီပါသည် နောက်ကလိုက်လာသော မိတနော်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

"မိတနော် တစ်ခုမေးပါရစေနော်"

"မေးလေ. . .၊ နတ်ရွာစံ ရာဇာစောနောင် ဘုရင်ကြီးအကြောင်းကလွဲရင်ပေါ့"

"အို. . . အဲဒါမဟုတ်ပါဘူး၊ အမောင့်ပန်းချီအကြောင်းပါ၊ ဟိုလေ. . . အမောင်က ပုံလှတာတူကိုကော ရေးတယ်မဟုတ်လားဟင်"

http://www.cherrythitsar.org



"အင်း. . . ရေးတယ်"

"မိတနော်ကို ပုံလွှာတူရေးပေးပါလား အမောင်"

ငွေခြည်ပဝါ၏ အမြိတ်ဖျားသည် လေထဲတွင် တဖြတ်ဖြတ် လှုပ်ခါနေသည်။ နဖူးဆံစမှ ဆံပင်တို့သည်ပင် ပဝါအမြိတ်ဖျားနှင့် ယှဉ်ပြိုင်၍ လွင့်ပျံနေသည်။ ပျိုသော အလှထဲမှ အပြစ်ကင်းသည့် မျက်လုံးအစုံတို့သည် ဒီပါကို တောင်းပန်ခယသော အကြည့်ဖြင့် စူးစိုက်နေလေသည်။

"အင်း. . . ကောင်းပြီလေ"

"မိတနော် အမောင့်ဆီကိုလာရမလား၊ အမောင် ဘယ်မှာနေလဲ"

"ဘာလုပ်ဖို့လဲ"

"အမောင် ပုံလွှာတူရေးမယ်ဆို၊ မိတနော်က ရှေ့မှာရပ်ပြ. . . "

"ပုံလွှာတူရေးမယ့် အရာဝတ္ထုတစ်ခုကို ကျုပ်ဘယ်တော့မှ ရှေ့မှောက်မှာ မထားဘူး၊ အခု ကျုပ် မင်းရဲ့ပုံကို ရေးလို့ရပြီ၊ ကျုပ်ရေးမယ့် အရာတွေ မှန်သမျှ စိတ်အာရုံနဲ့ပဲ ခံစားပြီး မှတ်သားထားတယ်၊ နောက်သုံးရက်နေရင် ကျုပ်ဆီလာခဲ့ပေါ့၊ ဒါမှမဟုတ် ဒီဇေယျာဒီပ တောင်ကုန်းကိုပဲ လာခဲ့ပေါ့"

အံ့အားသင့်နေသော မိတနော် တောင်ကုန်းပေါ်တွင် ရပ်ကျန်ရစ်ဆဲမှာပင် ဒီပါသည်၊ ကညင်ပင်ဘေးမှ ပတ်၍ တောင်ကုန်းအောက်သို့ ဆင်းလိုက်လေသည်။

"အမောင်. . . အမောင်. . . ဘယ်မှာနေသလဲဆိုတာ ပြောခဲ့ဦးလေ"

လေပြေနှင့်အတူ သဲ့သဲ့လွင့်ဝဲလာသော အမေးကို ဒီပါသည် လှည့်မကြည့်ဘဲ ဖြေခဲ့လေသည်။

"မှော်ဝန်းမြစ်ကမ်းနဖူးပေါ်က ရှင်ဓမ္မညာဏရဲ့ ဝိဟာရမှာ. . . "

* * *

"တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌၊ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုသည်ကား။ ကတမာ၊ အဘယ်နည်း။ ဒုက္ခေ၊ ဒုက္ခသစ္စာတရား၌။ အညာဏံ၊ မသိခြင်း အမှုလည်း တစ်ပါး။ ဒုက္ခသမုဒယေ၊ ဒုက္ခပွားများကြောင်း ဖြစ်သော အမြစ်မူလတရား၌ အညာဏံ မသိခြင်းအမှုလည်း တစ်ပါး. . . "

မှော်ဝန်းမြစ်ရေပြင်ပေါ်၌ သွန်းဖြာနေသော လရောင်သည် လှိုင်းကြက်ခွပ်တို့ လှုပ်ခတ်မှုကြောင့် စိန်စများ ပြန့်ကြဲသွားသလို ပြိုးပြက်နေသည်။

မြစ်ကမ်းမှ ကညင်ပင်ဖျား၏ ဖားလျားဝေသော အရွက်တို့သည်၊

http://www.cherrythitsar.org



မော်ဝန်း မျက်နှာပြင်ပေါ်က ငွေစီးကြောင်းကို တပ်မက်စွာ ငုံ့ကြည့်နေကြ သည်၊ အချို့ ရွက်ဖားဖားများကမူ ရေပြင်၏ ရင်ခွင်ထဲသို့ နှစ်ခြိုက်စွာ ခုန်ဆင်း သွားနေကြသည်။ နေ့အခါတွင် ခရမ်းပြာအဆင်းကို ဆောင်ခဲ့ကြမည်ဖြစ်သော ပျဉ်းမပွင့်တို့သည် လရောင်အောက်တွင် မှိုင်းညိုနေကြသည်။ မော်ဝန်း၏ လှိုင်းကြက်ခွပ်များကား ကညင်ရွက်နှင့် ပျဉ်းမပွင့်တို့ကို သယ်ဆောင်လျက် အစဉ်တစိုက် ပြေးလွှားနေကြလေသည်။

ကညင်ရွက်များနှင့် ပျဉ်းမပွင့်တို့သည် မြစ်ရေပြင်ထဲသို့ တိုးဝင် ဖက်တွယ်နေကြသည့် သဖန်းပင်ကြီး၏ အမြစ်ခြေတစ်နေရာတွင် ရပ်တန့် စုဝေးနေကြသည်။ သဖန်းပင်ကြီး၏ အမြစ်မွှာများသည် သားငယ်ကို ပွေ့ဖက် သော ဖခင်၏ လက်မောင်းများသဖွယ်။

ကညင်ရွက်နှင့် ပျဉ်းမပွင့်တို့သည် ထိုနေရာမှနေ၍ အောက်သို့ ဆက်လက် စီးမျောလိုဟန် မရှိကြ၊ ထိုသဖန်းပင်ကြီး၏ အနောက်ဘက်ကိုင်း သက်ညွှတ်သည့် နေရာတွင် ‘ဝိဟာရ’ ရှိနေခြင်းကြောင့် ဖြစ်မည်။

ဝိဟာရ၏ ခေါင်းရင်းဘက်တွင်ရှိသော စေတီငယ်သည်လည်း လရောင် အောက်တွင် ဖွေးဖွေးဖြူနေသည်။ စေတီငယ်မှ ဆည်းလည်းသံသည် ငြိမ်သက် စွာဖြင့် သဖန်းရွက်များ အကြားသို့ လူးလှိမ့် ထိုးဖောက်လာသည်။ မော်ဝန်းမြစ် ၏ ရေနံ့သင်းသော လေပြေထဲတွင် သစ်ရွက်လှုပ်သံနှင့် ဆည်းလည်းသံတို့ သည် ည၏ ဓမ္မတေး ဖြစ်နေလေသည်။

စိတ်နှလုံး ညွှတ်ပျောင်းဖွယ်သော ထိုအသံတို့ကို လွှမ်းမိုးအုပ်စိုးနေ သည့် အခြား အသံတစ်သံသည် ဝိဟာရ၏ ဘုရားကျောင်းဆောင်မှ ထွက်ပေါ် နေသည်။

“ဒုက္ခနိရောဓေ၊ ဒုက္ခ၏ ကုန်ဆုံးချုပ်ငြိမ်းရာ တရား၌၊ အညာဏံ၊ မသိခြင်းအမှုလည်း တစ်ပါး။ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါယ၊ ဒုက္ခကုန်ဆုံး ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်တရား၌။ အညာဏံ၊ မသိခြင်း အမှုလည်း တစ်ပါး၊ အယံ၊ ဤမသိခြင်းလေးပါးကို။ အဝိဇ္ဇ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ကုန်၏။”

ဝိဟာရ ကျောင်းဆောင်တွင် တစ်တိုင်တည်းသော ဆီမီးသာ ထွန်းညှိ ထားသည်။ ဆီမီးရောင်များများ မလိုအပ်ပေ။ ပြတင်းမှ စီးဝင်လာသော လရောင်သည် ရုပ်ပွားတော်မြတ်အား လွှမ်းခြုံပူဇော်ထားပေသည်။

http://www.cherrythitsar.org



ရှင်ဗုဒ္ဓဉာဏမထေရ်မြတ်၏ ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသကို ရွတ်ဖတ်သံ သည်၊ လဆန်းည၏ အသံအားလုံးကို စိုးမိုးထားသော အသံဖြစ်သည်။ ရှင်ဓမ္မဉာဏသည်၊ ဝိဟာရ၏ အောက်ထပ်လှေကားရင်းမှ ကွပ်ပျစ်ဘေးတွင် စကြံန်လျှောက်ရင်း ရှင်ဗုဒ္ဓဉာဏ၏ အသံကို နားထောင်နေမိသည်။

ရဟန်းဘဝတွင် မိမိနှင့်ဝါချင်း အတူတူပင် ဖြစ်သော်လည်း အသက်တော်အားဖြင့် မိမိထက် ရှစ်နှစ်မျှကြီးသော ရှင်ဗုဒ္ဓဉာဏမထေရ်ကို အစဉ်လေးစားညွှတ်တွားခဲ့သည်။ အသက်အရွယ်ကြီးရင့်သော မထေရ်မြတ်အား တရားတော်ရွတ်ဖတ်နိုင်ရန် ညဥ့်လယ်ယံအချိန်ကို မိမိကပင် ပေးအပ်ခဲ့သည်။ ညဥ့်နက်ပိုင်းမှသာ မိမိအလှည့်ကျရောက်မည်။

ရှင်ဓမ္မဉာဏသည်၊ ရှင်ဗုဒ္ဓဉာဏ၏ တရားရွတ်ဖတ်သံကို နားထောင်နေရင်းမှ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က ဖြစ်ရပ်များကို တွေးနေမိလေသည်။ သို့သော် ထိုအတွေးကား၊ အတိတ်ကို တမ်းတသော ဆွတ်ပျံ့သော ပုထုဇဉ်အတွေးမျိုးမဟုတ်၊ ဒုက္ခသမုဒယမဟုတ်၊ ဒုက္ခပွားများကြောင်း ဖြစ်သောအဖြစ်မူလတရား၌ မသိခြင်း အတွေးမျိုးမဟုတ်၊ ဘာဝနာနှင့် ယှဉ်သော အတွေး၊ ကောင်းမှုကုသိုလ်ကို ထပ်မံနှလုံးသွင်းပွားများ စီးဖြန်းအပ်သော အတွေးမျိုး. . .

အနှစ်သုံးဆယ်ခန့်က. . . အနှစ်သုံးဆယ်ခန့်က. . .

တစ်ယောက်ကား နဲမွန်ခ၊ အခြားတစ်ယောက်ကား နဲမွန်ပု။ နှစ်ယောက်စလုံး ကုန်သည်များချည်း ဖြစ်သည်။ အမြတ်အစွန်း အလို့ငှာ တစ်ဒေသမှ တစ်ဒေသသို့ လှည့်လည်ကူးသန်းသော ကုန်သည်။ မိမိအဖို့မှအပ အခြားတစ်ပါးသော သူအဖို့မှန်လျှင် လုံးဝ နားမလည်တတ်သော ကုန်သည်။ အခြားတစ်ပါးသူ၏ အကျိုးစီးပွားတကာကို နင်းချေဖျက်ဆီးတတ်သည့် ကုန်သည်။

သို့သော် ပါဒမြို့သား နဲမွန်ခနှင့် နဲမွန်ပုတို့ကား နှစ်ယောက်ပေါင်းမှ တစ်ယောက်တည်း ဖြစ်နေကြသည်။ ညီရင်း အကိုသော်မှ သူတို့လောက်မကြင်နာ မရိုင်းပင်းကြဟု ပါဒနေပြည်တော်တွင် ဆိုရိုးရှိခဲ့ဖူးသည်။

နဲမွန်ခနှင့် နဲမွန်ပုတို့ မဇ္ဈိမဒေသသို့ ရောက်ခဲ့သည်။ တောအထပ်ထပ်ကို ဖြတ်ကျော်လျက်၊ တောင်အသွယ်သွယ်ကို လွန်မြောက်လျက်၊ မြစ်အတန်တန်ကို ကူးဖြတ်လျက် သူတို့၏ ကုန်စည်လှေတွင်၊ ဝန်တင်မြင်း ကျောကုန်းတွင်ဖျဉ်စအိတ်ကြီးငယ်များတွင် ပါဒနိုင်ငံတော်၏ ကုန်ပစ္စည်းများ ပါလာခဲ့သည်။ မဇ္ဈိမဒေသသားများသည် ပါဒနိုင်ငံမှ စဥ့်အိုးခွက်များနှင့် ကျောက်ဆေးတန်

http://www.cherrythitsar.org



များကို အထူးနှစ်သက်ကြသည်ကို နဲမွှန်ခနှင့် နဲမွှန်ပုတို့ သိထားသည်။ ကြီးမား သော အမြတ်အစွန်းကို ရကြမည်။ အပြန်ခရီးတွင် မဇ္ဈိမဒေသမှ အသွေး အရောင်စုံသော အဝတ်တန်ဆာများနှင့် ရနံ့ထူးကဲသော သစ်မြစ်များကို စုဆောင်း သယ်ယူလာမည်။

သို့သော် နဲမွှန်ခနှင့် နဲမွှန်ပုတို့သည် အသွေးအရောင်စုံသော အဝတ် တန်ဆာများကိုဌင်း၊ ရနံ့ထူးကဲသော သစ်မြစ်များကိုဌင်း၊ စုဆောင်းသယ်ယူ လာနိုင်ခဲ့ခြင်းမရှိတော့။ ဝါကြန်သော ရေအလျဉ်တို့ရှိသည့် ဂင်္ဂါဟု ခေါ်သော မြစ်ကြီးတစ်မြစ်၏ နဖူးတစ်နေရာတွင် တစ်စုံတစ်ယောက်နှင့် တွေ့ခဲ့ကြသည်။

ထူးခြားသော ကိုယ်ဝတ်ရုံနှင့် အဆင်းသဏ္ဌာန်ကို တွေ့ရသဖြင့် ထို သူအား မေးမြန်းစုံစမ်းကြသည်။ မဇ္ဈိမသားဖြစ်ကြောင်းနှင့်တကွ အခြား အကြောင်းများကိုပါ သိခဲ့ကြရသည်။ အမျိုးဇာတ်မြင့်သော အနွယ်ဝင်တစ်ဦး ဖြစ်ခဲ့ကြောင်း၊ ကမ္ဘာလောက၏ အစစ်အမှန်တရားကို ရှာဖွေတွေ့ရှိခဲ့သည့် အကြောင်း၊ အမှန်တရားကို ရှာဖွေရန် နန်းတော်ကို စွန့်ခွာခဲ့ကြောင်း၊ နန်းတော် တွင် နေခဲ့စဉ်က အမည်မှာ 'သိဒ္ဓတ္ထ'ဖြစ်၍ ယခုအမည်နာမမှာ ဗုဒ္ဓဖြစ်ကြောင်း။

အမြတ်အစွန်းကို အသပြာဖြင့်၊ ကုန်ပစ္စည်းဖြင့် တစိုက်မတ်မတ် ရှာဖွေ နေခဲ့ကြသော မိမိတို့အဖြစ်ကို နဲမွှန်ခနှင့် နဲမွှန်ပုတို့ ပြင်းစွာတုန်လှုပ် ရှက်ကြောက်သွားခဲ့ကြသည်။ မဇ္ဈိမသား ပုဂ္ဂိုလ်မြတ်၏ အဆုံးအမအောက်သို့ အလိုအလျောက် ရောက်ရှိသွားခဲ့ကြသည်။ အမြတ်အစွန်းကို ကုန်ပစ္စည်းဖြင့် အသပြာဖြင့် မရှာဖွေတော့၊ ပုဂ္ဂိုလ်မြတ်၏ အဆုံးအမဖြင့် မိမိအတွင်း၌ လှည့်၍ ရှာဖွေခဲ့ကြသည်။ ထက်မြက်ပြင်းထန်သော စိတ်နှလုံးတည်ဆောက်မှု ကျင့်စဉ်များနှင့် ဆင်ခြင် သုံးသပ်မှုများကို လေ့ကျင့်ဝင်စားခဲ့ကြသည်။

အင်ကြင်းပင်များ အတိပြီးသော တောအုပ်အလယ်၌ 'ဗုဒ္ဓ'ပရိနိဗ္ဗာန် ပြုသွားပြီးနောက် နဲမွှန်ခနှင့် နဲမွှန်ပု တို့သည် ဗုဒ္ဓ၏ ဆံတော်ရှင်နှင့် ဓမ္မကရိုဏ်း၊ ခါးပန်းတော်တို့ကို ပင့်ဆောင်ပြီး၊ ပါဒနိုင်ငံတော်သို့ ပြန်ခဲ့ကြသည်။ အပြန်ခရီး ကား အသွားခရီးနှင့် ဆန့်ကျင်ဖက်ဖြစ်ခဲ့လေသည်။

နဲမွှန်ခနှင့် နဲမွှန်ပုတို့သည် ကုန်သည်လည်း မဟုတ်တော့၊ ပြိုးပြက်သော ဝတ်စားတန်ဆာကိုလည်း မဝတ်ဆင်တော့၊ မဇ္ဈိမဒေသ၏ ရနံ့ထူးကဲသော သစ်မြစ်တို့ကိုလည်း သယ်ယူမလာတော့၊ သူတို့သယ်ယူလာသည်ကား ဗုဒ္ဓ၏ ဓမ္မ၊ ဗုဒ္ဓ၏ အထိမ်းအမှတ်၊ သူတို့ ဝတ်ဆင်လာသည်ကား ဝါရွှေသော သင်္ကန်း၊

သူတို့၏ အမည်သည်ပင်လျှင် နံမွန်ခမှသည် ရှင်ဗုဒ္ဓဉာဏ၊ နံမွန်ပုမှသည် ရှင်ဓမ္မဉာဏသို့ ပြောင်းလဲသွားခဲ့သည်။

"...ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ မြင်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍..."

ရှင်ဗုဒ္ဓဉာဏ၏ ရွတ်ဖတ်သရဇ္ဈာယ်သံသည် ဝိဟာရ၏ ဘုရားကျောင်းဆောင်ခန်းထဲမှ နက်ရှိုင်းစွာ ပျံ့လွင့်လာလေသည်။

ဆည်းလည်းသံသည် ရှင်ဗုဒ္ဓဉာဏ၏ ဓမ္မတေးကို ဝန်းရံလိုက်ပါနေသည်။ ညဥ့်လယ်ယံကာလသည် ကုန်ဆုံးတော့မည်။ ရှင်ဗုဒ္ဓဉာဏ၏ ဝတ်စဉ်လည်း ပြီးဆုံးတော့မည်။

"...ဇရာမရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကားသူပင်၊ ဤလျှင်ငါပဲ၊ အထင်လွဲလျှက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ဘဝဤကိုယ်ဖြစ်ဆုံးတည်း..."

"ဤကားသူပင်၊ ဤလျှင်ငါပဲ၊ အထင်လွဲလျက်၊ ဝတဲလည်လည်၊ ဝဋ္ဋနွယ်မည်၏..."

ရှင်ဓမ္မဉာဏသည် ပဋိစ္စသမုပ္ပါဒ်၏ စာပိုဒ်တစ်ပိုဒ်ကိုလိုက်၍ ရေရွတ်နေမိလေသည်၊ ထိုခဏ၌ လွန်ခဲ့သော သုံးရက်ကတည်းက စိတ်နှလုံးထိခိုက်ခဲ့ရသော အကြောင်းတစ်ရပ်သည် ရှင်ဓမ္မဉာဏ၏ စိတ်ထဲတွင် အတန်ငယ် သက်သာသွားခဲ့လေသည်။

"ပါဒမင်းကြီး အနိစ္စ ရောက်သွားခြင်းအတွက် ငါ စိတ်နှလုံး ထိခိုက်ခဲ့ရတယ်၊ ရာဇာစောနောင်မင်းကြီးဟာ ပါဒနိုင်ငံတော်မှာ ဗုဒ္ဓရဲ့ တရားဒေသနာ စည်ပင်အောင် စွမ်းဆောင်ခဲ့တဲ့ သာသနာ့ရက္ခိတ အာဇာနည်တစ်ဦး ဖြစ်တဲ့ အတွက် သူ့ကို ငါနှမြော တ,သခဲ့ရတယ်၊ ဒါပေမယ့် ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကို၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့..."

ဆောက်တည်မှုသည် အလိုအလျောက်ပင် ဝင်ရောက်လာလေသည်။

"ရှင်ဓမ္မဉာဏလား"

လှေကားထိပ်မှ ရှင်ဗုဒ္ဓဉာဏ၏အသံ ထွက်ပေါ်လာသည်။

http://www.cherrythitsar.org



လှေကားထိပ်မှ ရှင်ဗုဒ္ဓဉာဏအသံ ထွက်ပေါ်လာသည်။

"ဟုတ်ပါတယ် ဘုရား၊ အရှင်ဘုရားကိုစောင့်ရင်း တပည့်တော် စကြႍန် လျှောက်နေတာပါ ဘုရား"

"တပည့်တော် ဝတ်စဉ်ပြီးပြီဘုရား၊ အရှင်ဘုရား ဝင်နိုင်ပါပြီ"

ရှင်ဗုဒ္ဓဉာဏသည် လှေခါးအောက်သို့ ရောက်လာလေသည်။ လရောင်တွင် တွေ့ရသော ရှင်ဗုဒ္ဓဉာဏ၏ မျက်နှာသည် ပကတိငြိမ်သက်ချမ်းမြေ့နေသည်။

"ဟောဒီ စင်ပေါ်မှာ တံပူနဲ့ ရေတဂေါင်းပါ ဘုရား ဟိုဘက်က ကျောက်စားပွဲပေါ်မှာ ခြေဆေးဖို့ စဥ့်ခွက်ပါ ဘုရား"

ရှင်ဓမ္မဉာဏသည် ရှင်ဗုဒ္ဓဉာဏအား ညစဉ် ဝတ်ပြုပြီး ဝတ်ကြီး ဝတ်ငယ် ဆောင်ရွက်ပေးမြဲဖြစ်လေသည်။

"ကောင်းပါပြီ ဘုရား၊ ဒါနဲ့ နက်ဖြန်မှာ ပါဒနန်းတော်ကို တပည့်တော်တို့ သွားဖို့ရှိသေးသလား ဘုရား၊ နတ်ရွာစံဘုရင်ကြီးရဲ့ မိဖုရားကြီး နာမကျန်းဖြစ်နေတဲ့ ကိစ္စအတွက် ဆေးဝါးကုသဖို့ ရှိသေးသလား ဘုရား"

"တပည့်တော် ဒီမနက်ပဲ ဆေးဝါးများ ပေးခဲ့ပြီးပြီ ဘုရား၊ နက်ဖြန်သွားဖို့ မလိုတော့ပါဘူး၊ ဒကာမကြီးက သားတော်နဲ့ သမီးတော်အတွက်လဲ စိတ်နှလုံးပူပန်နေလို့ ပိုပြီး မအီမသာ ဖြစ်နေတာပဲ ဘုရား"

"အော်. . . အော်. . . "

မထေရ်နှစ်ပါးစလုံး တိတ်ဆိတ် ငြိမ်သက်သွားကြသည်။ သဖန်းပင် အမြစ်ဆုံသို့ မှော်ဝန်းမြစ်၏ လှိုင်းကြက်ခွပ်များက ထိခိုက်ရိုက်ပုတ်သည့် အသံကို သဲ့သဲ့မျှ ကြားနေရလေသည်။

"သုခမုခနန်းစောရှင် မင်းသားကောဘုရား"

ရှင်ဗုဒ္ဓဉာဏသည် အသက်အရွယ် ကြီးရင့်သော မထေရ်ဖြစ်သည့် အလျောက် ပါဒနန်းတော်မှ ဖြစ်ရပ်များနှင့် ပတ်သက်၍ ရှင်ဓမ္မဉာဏလောက် ကျွမ်းဝင်နီးစပ်ခြင်း မရှိခဲ့ပေ။

"နန်းတော်မှာ မရှိဘူးဘုရား၊ သီလဝါကျွန်းကို ခရီးထွက်သွားတယ်လို့ သာသိရတယ်၊ သူ့ အစ်မတော်လဲ လိုက်သွားတယ်၊ ဒါကြောင့် ဒကာမကြီးဟာ သားနဲ့ သမီးရတက်ပါရောပြီး ကိုယ်လက်မအီမသာ ဖြစ်နေတာပါပဲ ဘုရား"

"အင်း. . . ဟုတ်ပေမယ်၊ ဒကာမကြီးဟာ နတ်ရွာစံဘုရင်ကြီး မရှိတဲ့

http://www.cherrythitsar.org



နောက် ဆောက်တည်ရာမဲ့ခဲ့ရှာပေတယ်၊ အင်း. . . ကျန်းမာချမ်းသာပါစေ"

ရှင်ဗုဒ္ဓဉာဏက တည်ငြိမ်စွာ မေတ္တာပို့နေချိန်၌ ပို၍ငယ်ရွယ်သော ရှင်ဓမ္မဉာဏမူကား၊ သုခမုခနန်းစောရှင် မင်းသားကို သတိရမိနေလေသည်။ ပါဒဘုရင်ကြီး၏ စျာပနသဘင်နေ့က သုခမုခ နန်းစောရှင် ပြောခဲ့သော စကားများကို ကြားယောင်နေမိသည်။ သုခမုခ နန်းစောရှင်အကြောင်းကို ရှင်ဗုဒ္ဓဉာဏနှင့် ပြောဆိုဆွေးနွေးလိုသည်၊ သာသနာတော် စည်ပင်ထွန်းကားရေးမှာ ပါဒဘုရင်သစ်ဖြစ်လာမည့် သုခမုခနန်းစောရှင် မင်းသားအပေါ်တွင် များစွာမူတည်ကြောင်း၊ မင်းသားငယ်မှာ ငယ်ရွယ်သူပီပီ ခက်ထန်မောက်မာဟန်ရှိကြောင်း၊ မင်းသားကို ကြပ်မတ်ထိန်းကျောင်းရန်မှာ နန်းတွင်းအမျူး၊ အမတ်ကြီးများအနေဖြင့် စွမ်းဆောင်နိုင်မည် မထင်ကြောင်း၊ ပါဒဘုရင်သုံးဆက်၏ နန်းရင်းဝန်ကြီးဖြစ်သော ဗညားမွန်ထော် ကိုယ်တိုင်ပင် မင်းသားငယ်ကို နိုင်နင်းစွာ ကိုင်တွယ်နိုင်မည်ဟု မထင်ကြောင်း စသည်ဖြင့်. . .

သို့သော် ရှင်ဗုဒ္ဓဉာဏကား၊ ပါဒနန်းတော်ကိစ္စကို စိတ်ဝင်စားသူမဟုတ်ပေ၊ လရောင်ရွှန်းသောည၏ ဝိဟာရလှေခါးရင်းဝယ် ပဋိစ္စသမုပ္ပါဒ်ကို ရွတ်ဖတ်လာခဲ့သော ရှင်ဗုဒ္ဓဉာဏကို လောကီရေးရာ ကိစ္စများ ပြောဆိုဆွေးနွေးရမည်ကိုလည်း ရှင်ဓမ္မဉာဏစိတ်၌ ရွံ့နေမိသည်။ အသက်ငါးဆယ်ကျော်ခြောက်ဆယ်တွင်းသို့ ချဉ်းနင်းနေပြီ ဖြစ်သော ဤမထေရ်မြတ်ကြီးအားလည်း ပါဒနိုင်ငံတော်၏ ပရိယတ္တိလုပ်ငန်း၌သာ အေးချမ်းစွာ မွေ့လျော်နေစေလိုသည်၊ သာသနာတော် အရေးကို ဆောင်ရွက်ရာ၌ မလွှဲမရှောင်သာ ဆက်သွယ်ရမည်ဖြစ်သော ပါဒနန်းတော်မှ ဒကာ၊ ဒကာမများကို မိမိတစ်ပါးတည်းသာ တာဝန်ယူတော့မည်ဟုလည်း ရှင်ဓမ္မဉာဏ စိတ်ကူးနေမိလေသည်။

"ညဉ့်လယ်ယံကုန်သွားပြီ. . . အရှင်ဘုရား အချိန်လင့်နေမယ်. . . "

ရှင်ဗုဒ္ဓဉာဏ၏ သတိပေးသံကိုကြားမှ ရှင်ဓမ္မဉာဏ၏ အတွေးများ ရပ်တန့်သွားလေသည်။ ဆန်းစလသည် မှော်ဝန်းမြစ်၏ ဟိုမှာဖက်ကောင်းကင်ဆီသို့ပင် ယွန်းနေပေပြီ။

"ကောင်းပါပြီ ဘုရား. . . "

ရှင်ဓမ္မဉာဏသည် လှေကားထစ်များအတိုင်း ဝိဟာရပေါ်သို့ တက်ခဲ့လေသည်။ အောက်ဖက်မှ ရှင်ဗုဒ္ဓဉာဏ၏ ရေတကောင်းငှဲ့သံကို ကြားလိုက်ရသည်။ လှေကားအပေါ်ဆုံးသို့ ရောက်သောအခါ ဝိဟာရ၏ ခြေရင်းစွန်းဘက်

http://www.cherrythitsar.org



မှ မီးရောင်ကို ရှင်ဓမ္မညာဏ မြင်လိုက်ရသည်။

ထိုအခန်းထဲမှ အသံမကြားရသော်လည်း ငြင်သာသော လှုပ်ရှားမှု တစ်ခုခု ရှိနေသည်ကိုကား ရှင်ဓမ္မညာဏ သိနေသည်။ ရှင်ဓမ္မညာဏသည် အနည်းငယ်မျှ ပြုံးလိုက်ပြီးနောက် ခေါင်းတဆတ်ဆတ် ငြိမ့်လေသည်။ ထို့နောက် မီးရောင်လင်းနေသော ထိုအခန်းကို ကျော်ခိုင်းလိုက်ပြီး၊ ဝိဟာရ၏ ဦးကင်းဘုံ ဆောင်နန်းဘက်သို့ လျှောက်လာခဲ့သည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်၏ ဝန်းကျင်ပြတင်းမှ လရောင်သည် ကောင်းစွာ ကျရောက် ဖြန့်ကျက်နေပြီ ဖြစ်သည်။ ဆီမီးမှတည်ငြိမ်ဖြောင့်တန်းသော မီးတောက်ငယ်သည်လည်း ဗုဒ္ဓရုပ်ပွားတော်၏ ထက်ဝယ်ဖွဲ့ခွေခြေရင်းတော်ဆီမှ လွန့်တက်ယှက်ဖြာနေသည်။

သဒ္ဓါပီတိ မျက်လုံးများဖြင့် ရုပ်ပွားတော်ကို မမိုတ်မသုန် စူးစိုက်ကြည့် ရင်း ရှင်ဓမ္မညာဏသည် ရှေ့မှောက်ရှိ ကတ္တီပါခင်းပေါ်သို့ ဒူးတုပ်လိုက်သည်။ လက်အုပ်သည် အလိုလိုချီပြီးသား ဖြစ်သွားသည်။ ရုပ်ပွားတော်မြတ်သည် ရှင်ဓမ္မညာဏ၏ အာရုံ၌ သက်ဝင်လှုပ်ရှားလာသည်၊ လွန်ခဲ့သော အနှစ် သုံးဆယ်က မဇ္ဈိမဒေသ၏ မိဂဒါ တောအုပ်၌ တွေ့ဆုံခဲ့ရသော ဗုဒ္ဓ၏ လှုပ်ရှား မှု၊ ဗုဒ္ဓ၏ အသံတို့ကို ပကတိမြင်ယောင် ကြားယောင်လာသည်။

ထိုစဉ်က ဗုဒ္ဓသည် ဝါရွှေသော ကိုယ်ရုံအဝတ်ကြားမှ ကြီးမားပြည့်ဖြိုး သော ညာလက်ကိုထုတ်၍၊ ခပ်သိမ်းသော အသံတကာတို့၏ ကရုဏာရသကို လွန်မြောက်သော မဟာကရုဏာသံဖြင့် မြွက်ဆိုခဲ့ဖူးလေသည်။

"ဆင်းရဲပင်ပန်းခြင်းဆိုတာ အမှန်တကယ်ရှိတယ်၊ အဲဒီ ဆင်းရဲပင်ပန်း ခြင်းကို ဖြစ်စေတဲ့ အကြောင်းရင်းဆိုတာ အမှန်တကယ်ရှိတယ်၊ အဲဒီ ဆင်းရဲ ပင်ပန်းခြင်းက လွတ်မြောက်ရာဟာလဲ အမှန်တကယ်ရှိတယ် ပါဒနိုင်ငံသား. . . "

ဗုဒ္ဓ၏အသံကို ကြားယောင်ပြီးသည်၏ အဆုံး၌ ရှင်ဓမ္မညာဏသည် မျက်စေ့အစုံကို တင်းကြပ်စွာ မှိတ်လိုက်လေသည်။ စိတ်အာရုံ၏ ဆောက်တည် မှုကိုလည်း ခဏမျှပင် လုံးဝဥဿုံရရှိသွားလေသည်။ အကယ်၍သာ ရှင်ဓမ္မ ညာဏသည် မျက်စေ့အစုံကို တင်းကြပ်စွာ မှိတ်ခဲ့ခြင်း မပြုခဲ့သေးပါက၊ အကယ်၍သာ ရှင်ဓမ္မညာဏသည် စိတ်အာရုံ၏ ဆောက်တည်မှုကို လုံးဝဥဿုံရရှိ သွားခြင်း မရှိသေးပါက၊ မီးရောင်လင်းနေသော အခန်းဆီမှ တီးတိုးရွတ်နေသံ ကို ကြားနိုင်ပေမည်။

http://www.cherrythitsar.org



"ကညင်ရွက်တစ်ရွက် လွင့်ဝဲလာတာကို ထည့်ဆွဲဖို့ မလိုတော့ပါဘူး လေ. . . မိတနော်ရဲ့ ဆံစအချို့နဲ့ သူ့ပခုံးပေါ်က ငွေခြည်ပဝါ အမြိတ်စတွေ လွင့်ဝဲနေတာကို ရေးလိုက်ရုံနဲ့တင် ဒီပုံထဲက မိန်းမပျိုဟာ လေတိုက်နေတဲ့ နေရာတစ်ခုမှာ ရပ်နေတယ်ဆိုတာ ထင်ရှားသွားမှာပဲ. . . အင်း သူ့မျက်လုံး တွေထဲမှာ ရှက်ရွံ့ခြင်း မျှော်လင့်ခြင်း၊ တောင်းပန်ခယခြင်းဆိုတဲ့ အဓိပ္ပါယ်တွေ ရောပြွမ်းပါဝင်နေဖို့ အရေးကြီးတယ်၊ ဒါဟာ ဒီပုံရဲ့ အနှစ်သာရပဲ. . ."

*　　　*　　　*

နောက်တစ်နေ့ နံနက်တွင် ပါဒနန်းတော်သို့သွားရန် မရှိဟု ရှင်ဗုဒ္ဓ ဉာဏကို ပြောခဲ့သော်လည်း၊ နောက်နေ့ အရုဏ်တက်စအချိန်မှာပင် ပါဒ နန်းတော်မှ နန်းရင်းဝန်ကြီး ဗညားမွန်ထော် ဝိဟာရသို့ ရောက်လာသည်။

ဗညားမွန်ထော်နှင့်အတူ နန်းတွင်း ဝေါထမ်းအစုများလည်း လိုက်ပါ လာသည်။ ဝိဟာရအပေါ်ထပ် ပြတင်းကို ဖွင့်လိုက်သောအခါ ပရဝဏ်အတွင်း ၌ ငြိမ်သက်စွာ ရပ်နေသော ဗညားမွန်ထော်နှင့် နန်းတွင်းသားအစုတို့ကို အရုဏ်ဦး၏ ဝိုးတဝါးအလင်းရောင်၌ ရှင်ဓမ္မဉာဏ မထင်မရှားတွေ့လိုက်ရ သည်။ ဝေါယာဉ်တော်ထမ်းများ လိုက်ပါလာသည့်အတွက် ပါဒနန်းတော်သို့ ပင့်ဆောင်ရန် လာကြခြင်း ဖြစ်ကြောင်းကိုလည်း သိလိုက်သည်။ မကျန်းမမာ ဖြစ်နေသော မိဖုရားကြီး တစ်စုံတစ်ခုများ ဖြစ်လေပြီလားဟုလည်း စိုးရိမ်သွား မိသည်။

ရေ၊ တံပူတို့ကို သုံးပြီးသည်အထိ နန်းရင်းဝန်ကြီး ဗညားမွန်ထော်နှင့် သူ့လူများသည် ပရဝဏ်မြေကွက်လပ်တွင် ငြိမ်သက်စွာ ရပ်စောင့်နေကြသည်။

"နန်းရင်းဝန်ကြီး ဝိဟာရပေါ်တက်ခဲ့လေ. . ."

"မှန်ပါဘုရား. . ."

ဝိဟာရဦးခန်းတွင် ထိုင်မိသောအခါ ဗညားမွန်ထော်သည် ဗုဒ္ဓရုပ်ပွား တော်မြတ်ကို လက်အုပ်ချီ ကန်တော့လိုက်သည်။ ထို့နောက် ရှင်ဓမ္မဉာဏကို လက်အုပ်ချီကန်တော့လိုက်သည်။

"အရှင်ဗုဒ္ဓဉာဏ ကိုယ်တော်ကော ဘုရား"

"အင်း. . . ခုချိန်ဆို ပရဝဏ်တော် ထောင့် စေတီမှာ ရေသပ္ပါယ်နေမှာ ပေါ့. . . ဆိုစမ်းပါဦး. . . နန်းရင်းဝန်ကြီး. . . နန်းတော်မှာ ဘာအကြောင်းထူး ရှိနေလို့လဲ. . . ဒကာမကြီး နေကောင်းထိုင်သာရှိရဲ့လား"

http://www.cherrythitsar.org



"အရှင်မကြီး ရောဂါသက်သာလာပါပြီ ဘုရား. . . အခု ကိစ္စက သီလဝါကျွန်းကိုသွားတဲ့ သုခမုခ နန်းစောရှင်မင်းသားနဲ့ ပင်တိုင်စံအစ်မတော်တို့ နေပြည်တော်ကို ပြန်ရောက်လာကြတဲ့အတွက်ပါ. . . "

"သူတို့ မောင်နှမ နှစ်ယောက် သီလဝါကျွန်းက ပြန်ရောက်လာတာ ကျွန်ုပ်နဲ့ ဘယ်လိုပတ်သက်နေသလဲ. . . နန်းရင်းဝန်ကြီး. . . "

"သီလဝါကျွန်းစစ်ပွဲကို တိုက်ခိုက်အောင်မြင်လာတဲ့ သုခမုခနန်းစောရှင်တို့ မောင်နှမ နှစ်ယောက်ကို အောင်ပွဲဘိသေက ဆင်မြန်းပေးဖို့ အရှင်ဘုရားကို ပင့်ဆောင်စေခိုင်းလိုက်ကြောင်းပါ ဘုရား. . . "

"ဘယ်လို. . . သီလဝါကျွန်းစစ်ပွဲ. . . ဟုတ်လား. . . "

ရှင်ဓမ္မဉာဏသည် ကမ်းယူအံ့ဆဲဆဲ ကွမ်းအစ်ကို မယူသေးဘဲ အံ့အားသင့်သွား မိလေသည်။ သုခမုခနန်းစောရှင် မင်းသား သီလဝါကျွန်းသို့ ခရီးထွက်သွားကြောင်းကိုသာ ကြားသိခဲ့ရသည်၊ စစ်မက်အရေးဟူ၍ မသိခဲ့။

"မှန်ပါတယ်ဘုရား. . . မဇ္ဈိမဒေသက အသားမည်းနက်တဲ့ ရန်သူတွေ အလုံးအရင်းနဲ့ ဝင်လာတာမို့၊ နတ်ရွာစံဘုရင်ကြီး ဈာပနသဘင်တော်နေ့ကပဲ မင်းသားငယ်ဟာ သီလဝါကျွန်းကို ထွက်ခွာသွားခဲ့ပါတယ်။ အခုတော့ ရန်သူတွေကို နှိမ်နှင်းအောင်မြင်ပြီးပြီမို့ အောင်ပွဲခံအပြန်ခရီးနဲ့ ယမန်နေ့ညသန်းခေါင်ကျော်အချိန်က ပါဒနန်းတော်ကို ပြန်ရောက်လာကြပါတယ်. . . "

သုခမုခနန်းစောရှင် မင်းသားငယ်သည် ပါဒဘုရင်ကြီး ကံတော်ကုန်၍မှ ရက်မကူးသေးခင် စစ်ပွဲတစ်ပွဲကို တိုက်ခိုက်အောင်မြင်ခဲ့ပြီဟု တွေးလိုက်မိပြီး ရှင်ဓမ္မဉာဏသည် အမျိုးအမည်မသိသော စိုးရိမ်မှုတစ်ခုကို ခံစားလိုက်ရ သည်။ ကံတော်ကုန် ပါဒဘုရင်ကြီးသည် သူ၏ နန်းစံသုံးဆယ့်နှစ်နှစ် ကာလ ပတ်လုံး စစ်ပွဲတစ်ပွဲမျှ မတိုက်ခဲ့၊ ပါဒနိုင်ငံတော်အတွင်း စစ်ပွဲတစ်ပွဲမှလည်း မပေါ်ပေါက်ခဲ့၊ စစ်ပွဲအောင်ပွဲခံ ဘိသေကသဘင်ဟူ၍လည်း ရှင်ဓမ္မဉာဏ သည် တစ်ခါမှ ဆင်မြန်းပေးခဲ့ဖူးခြင်း မရှိ။

ယခုမူကား. . .

"နေပါဦး . . . . . နန်းရင်းဝန်ကြီး သီလဝါကျွန်း စစ်ပွဲဟာ သုခမုခနန်းစောရှင် အနေနဲ့ တကယ် ကိုယ်တိုင်ကိုယ်ကျသွားပြီး တိုက်ခိုက်ရမယ့် စစ်မက်ရေးရာ ဖြစ်နေလို့လား. . . "

ဗညားမွန်ထော်သည် အံ့အားသင့်သွားဟန်ဖြင့် အတန်မျှ တိတ်ဆိတ်

http://www.cherrythitsar.org



နေပြီးမှ သက်ပြင်းရှိုက်သံဖြင့် ပြောလေသည်။

"ဒါတော့ တပည့်တော် မသိပါဘူဘုရား. . . အခုတော့ သုခမုခ နန်းစောရှင်ဟာ သူ့အစ်မတော်နဲ့အတူ သီလဝါကျွန်းကို သွားရောက်တိုက်ခိုက် အောင်မြင်ခဲ့ပြီး ပြန်ရောက်နေပါပြီ ဘုရား. . . "

"အင်း. . . သူ့အစ်မတော် ပင်တိုင်စံလဲ ပါသွားတယ်. . . ဟုတ်လား"

"မှန်ပါဘုရား. . . "

ရှင်ဓမ္မဉာဏ ကိုယ်တိုင်လည်း မသိမသာ သက်ပြင်းချလိုက်မိသည်။ ပါဒဘုရင်ကြီးတွင် သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး၊ ထွန်းကားခဲ့သည်။ ဘုရင်ကြီး မျက်ကွယ်ပြုသွားချိန်တွင် ဤသားနှင့် သမီးတို့သည် စစ်လိုလား သူများအဖြစ် ပါဒနိုင်ငံတော်ကို အုပ်ချုပ်သွားကြမည့်သူများ ဖြစ်လာမည်လား။

"အင်းလေ. . . အခုပဲ သွားကြတာပေါ့. . . အရှင်ဗုဒ္ဓဉာဏကိုတော့ မလိုက်ပါစေနဲ့တော့ နန်းရင်းဝန်ကြီး၊ ဒီလိုကိစ္စမျိုးတွေကို အရှင်ဗုဒ္ဓဉာဏကလဲ စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

"မှန်ပါဘုရား. . . သခင်မကြီးကလည်း အရှင်တစ်ပါးတည်းကိုသာ ပင့်ဆောင်ခဲ့ဖို့ မှာလိုက်ပါတယ် ဘုရား"

"ကောင်းပြီလေ. . . သွားကြစို့"

ဗညားမွန်ထော်က ဝိဟာရဦးခန်းမှ ဗုဒ္ဓရုပ်ပွားတော်နှင့် ရှင်ဓမ္မဉာဏကို လက်အုပ်ချီကန်တော့နေစဉ် ဝေယာဉ်တော် အမှုထမ်းများသည် ပရဝုဏ် မြေကွက်လပ်၌ နေရာယူလိုက်ကြသည်။

ရှင်ဓမ္မဉာဏသည် ဝိဟာရဦးခန်းမှ လှေခါးဆီသို့ လျှောက်သွားရင်း ခြေရင်းဘက်မှ မီးရောင်လင်းနေဆဲ အခန်းရှေ့သို့ ရောက်သောအခါ တစ်ခုခု ကို သတိရလိုက်သလို ရပ်တန့်လိုက်သည်။ အခန်းထဲမှ ညင်သာတိုးတိတ်သော လှုပ်ရှားသံတစ်ခု ထွက်ပေါ်လာနေသည်။

"ဒီပါ. . . မင်းဘယ်သွားမလို့လဲ. . . "

ရှင်ဓမ္မဉာဏ၏ အသံအဆုံး၌ အခန်း၏ အပြာရောင် ယင်းလိပ်သည် လှုပ်ရှားသွားလေသည်။ အနည်းငယ်ဟသွားသော နေရာမှနေ၍ အခန်းထဲသို့ လှမ်းမြင်လိုက်ရသည်။

ဒီပါသည် ဖျဉ်စကားချပ်ကို ကတ္တီပါ အဝတ်စဖြင့် ပတ်ချည်ရင်း ရှင်ဓမ္မဉာဏကို လှမ်းကြည့်နေသည်။ သူ့မျက်လုံးများ မှေးမှိန်ဖျော့တော့နေ

http://www.cherrythitsar.org



သည်ကို မီးရောင်တွင် မြင်သာနေသည်။

"ဒီပါ. . . မင်း ဘယ်သွားမလို့လဲ. . . "

"ဇေယျာဒီပ တောင်ကုန်းဘက်ကိုပါ ဘုရား. . . "

"အဲဒီကို မသွားနဲ့ ဒီပါ. . . ငါနဲ့ လိုက်ခဲ့စမ်း. . . "

"တပည့်တော် ဇေယျာဒီပတောင်ကုန်းမှာ ပုံရေးစရာရှိ. . . "

"ဒီပါ"

ရှင်ဓမ္မညာဏ၏ လေသံသည် အမိန့်ပေးသံ ဖြစ်သွားသည်။ ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ရသော ဒီပါကို ရှင်ဓမ္မညာဏသည် သံယောဇဉ် ဖြစ်နေသည်။ ပန်းချီရေးခြင်းမှအပ အခြားမည်သည့် အမှုကိစ္စကိုမှ အရေးမထားသော ဒီပါ၏ စိတ်ဓာတ်ကိုလည်း ရှင်ဓမ္မညာဏ သိထားသည်၊ သို့သော် မိမိအပေါ်တွင် အတိုင်းမသိ ကြည်ညိုလေးစားသည်ကိုလည်း ရှင်ဓမ္မညာဏ သိထားသည်။

ပါဒဘုရင် ရာဇာစောနောင် အနိစ္စမရောက်မီက၊ ပါဒနန်းတော်မှ ပင့်ဖိတ်ချက်အရ ရှင်ဓမ္မညာဏ နန်းတော်သို့ မကြာမကြာသွားခဲ့ရသည်။ ထိုစဉ်က ရှင်ဓမ္မညာဏသည် ဒီပါကို နန်းတော်သို့ တစ်ခါမှ မခေါ်ခဲ့ဘူးပေ။ အကယ်၍ ခေါ်သည်ဖြစ်စေဦး ဒီပါသည် သူ၏ ဖျဉ်စပုံကားချပ်ရှေ့မှောက်မှ ခွာ၍ ပါဒနန်းတော်လို နေရာမျိုးသို့ လိုက်မည်မဟုတ်ဟုလည်း ရှင်ဓမ္မညာဏ သိထားခဲ့သည်။ ယခုမူကား ရှင်ဓမ္မာညာဏသည် ဒီပါ၏ အလိုကို ဆန့်ကျင်လျက် ပါဒနန်းတော်သို့ ခေါ်သွားမည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်မိသည်။

"ဘယ်ကိုလိုက်ရမှာပါလဲ ဘုရား. . . "

ဒီပါ၏ အသံသည် ပျော့ပျောင်း ရိုကျိုးသွားလေသည်။

"ပါဒနန်းတော်ကို. . . "

"တပည့်တော်. . . "

"စကားမများနဲ့ ဒီပါ၊ လိုက်မှာသာလိုက်ခဲ့၊ အောက်ပရဝဏ်မှာ အားလုံးစောင့်နေကြပြီ. . . "

ရှင်ဓမ္မညာဏသည် နောက်သို့လှည့်မကြည့်တော့ဘဲ လှေခါးအတိုင်း ဝိဟာရအောက်သို့ ဆင်းသွားလေသည်။ ဒီပါသည် အံ့သြခြင်း၊ တွေဝေခြင်း၊ စိတ်လှုပ်ရှားခြင်းများ ရောပြွမ်းနေသော မျက်လုံးများဖြင့် ရှင်ဓမ္မညာဏကို လှမ်းကြည့်နေမိသည်။ ထို့နောက် ခေါင်းကို လေးပင်စွာခါယမ်းရင်း လက်ထဲ

http://www.cherrythitsar.org



မှ ဖျဉ်စကားချပ်ကို ခုံပေါ်သို့ ပြန်တင်လိုက်သည်။ 'ဆံပင်စနှင့် ငွေခြည်ပဝါ မြိတ်စတို့ လွင့်ဝဲနေသော ရုပ်ပုံ'သည် မီးရောင်အောက်တွင် ဒီပါကို ပြုံးကြည့်နေလေသည်။

အခန်းထဲမှ မီးတိုင်ကို ဒီပါ ငြိမ်းသတ်လိုက်သဖြင့် မှောင်မဲသွားသည်။ လှေခါးလက်ရမ်းကို ကိုင်ရင်း ပရဝဏ်အပြင်ဆီသို့ မျှော်ကြည့်လိုက်သောအခါ ရှင်ဓမ္မညာဏသည် ဝေါယာဉ်တော်ပေါ်၌ လိုက်ပါသွားသည်ကို တွေ့ရသည်။

ဝိဟာရ ပရဝဏ်၏ အလင်းတို့ကွန့်မြူးနေပေပြီ။

*　　　　*　　　　*

ကညင်ဆီမီးတိုင်ဖျားမှ အလင်းရောင်သည် ပါဒနန်းခန်းမဆောင် အတွင်းသို့ ဝင်ရောက်စပြုနေသော နံနက်နေရောင်ခြည်နှင့် ရောထွေးနေသည်။

ဖြောင့်တန်းသော နေခြည်မျှင်များကြောင့် နံ့သာမွှေးတိုင်မှ မီးခိုးတို့၏ ဖြူပြာသောအဆင်းသည် ပို၍ တောက်ပနေသည်။ ထိုထက်ပို၍ တောက်ပသောအရာမှာ နန်းတော်ခန်းမဆောင်၏ တိုင်လုံးများ ဖြစ်သည်။ သို့သော် ငြိမ်သက်သော တိုင်လုံးများ၏ ရွှေရောင်ထက်၊ လှုပ်ရှားနေသော နန်းတော် အမှုထမ်းများ၏ ဝတ်လွှာစမှ ရွှေခြည်များက ပို၍ တောက်ပနေကြပြန်သည်။

နန်းတော်အမှုထမ်းများထဲမှ ငယ်ရွယ်နုပျိုသောသူများသည် မကြုံဘူးသော ဘိသေကသဘင်ကို တွေ့မြင်ရတော့မည် ဖြစ်သဖြင့် စိတ်အားထက်သန်နေကြသည်။ ဘိသေကပလ္လင်ပေါ်မှ သုခမုခနန်းစောရှင် မင်းသားငယ်ကို ငေးမောနေမိကြသည်။ သူတို့အချင်းချင်းလည်း တီးတိုးရေရွတ်နေကြသည်။ စစ်ဝတ်တန်ဆာများကို အပြည့်အစုံ ဆင်ယင်ထားသော ရဲမက်တို့၏ အသွင်သဏ္ဌာန်သည် သူတို့အတွက် အံ့ဩစရာ ဖြစ်နေသည်။ ရဲမက်အားလုံး၏ ကိုယ်တွင်လက်နက်များ ချိတ်ဆွဲထားသည်၊ ယခင်က ပါဒနန်းတော်တွင် လက်နက် ချိတ်ဆွဲရင်း နန်းရင်ပြင်တစ်လျှောက် လမ်းသလားနေသော ရဲမက်ဆို၍ တံခါးမုခ်ဝများတွင်သာ သူတို့မြင်ဖူးခဲ့ကြသည်။ ပါဒနန်းတော် ခန်းမအတွင်းတွင် လက်နက်ချိတ်ဆွဲထားသော ရဲမက်ကို သူတို့မမြင်ဘူးခဲ့ကြပေ။

ကြေးစည်သံနှင့် ဝတ်ရွတ်စဉ်အသံတို့ကိုသာ ကြားခဲ့ရသော နန်းတော် ခန်းမ၏ နံနက်ခင်းဝယ် ယခုအခါ လက်နက်ချင်း ထိခတ်သံတို့ကို ကြားနေကြရသည်။ ဘိသေကပလ္လင်ပေါ်တွင် ထိုင်နေသည့် သူမှာလည်း ရှားရောင်ပဝါစ

http://www.cherrythitsar.org



ကို သိုင်းခြုံထားသည့် အိုမင်းသော ပါဒဘုရင်ကြီး မဟုတ်တော့၊ ချပ်ဝတ်ကို ဆင်မြန်းပြီး ကြီးမားသော လေးကိုလွယ်ထားသည့် မြားတံတို့ဖြင့် ပြည့်သော ရတနာကျည်တောက်ကို သိုင်းခြုံထားသည့် ငယ်ရွယ်နုပျိုသော မင်းသားငယ် ဖြစ်နေသည်။

ဘိသေက သဘင်ကို ဆောင်ရွက်မည့် အမှုးအမတ်များ၏ ဝတ်ရုံစများမှာလည်း ယခင်ကလို ခရမ်းရောင် အနားကွပ်ထားသော အဖြူရောင် ဝတ်ရုံစများမဟုတ်၊ ရွှေရောင်အနားကွပ်ထားသော အနီရောင် ဝတ်ရုံစများ ဖြစ်နေသည်။ လင်းစနံနက်ခင်းနှင့် လိုက်ဖက်မညီလောက်အောင်ပင် အရာခပ်သိမ်းသည် စူးရှတောက်ပြောင်နေကြသည်။

မင်းသားငယ်ထိုင်နေသည့် ဘိသေကပလ္လင်၏ လက်ျာဘက်ရှိ သလွန်ငယ်တွင် ကတ္တီပါအနီစကို ဖြန့်ခင်းထားသည်။ သလွန်ငယ်၏ ဝဲယာအောက်တွင် အစိမ်းရောင် ပဝါကို ခြုံသိုင်းထားကြသည့် ပါဒမိန်းမရွယ်များ ဒူးတုပ်ထိုင်နေကြသည်။ သို့သော် သလွန်ပေါ်တွင်ကား လစ်လပ်လျက်ရှိသည်။ ထိုလစ်လပ်သောနေရာသို့၊ ဘိသေကပလ္လင်ပေါ်မှ သုခမုခနန်းစောရှင်သည် မကြာခဏ လှမ်းကြည့်ရင်း တစ်စုံတစ်ရာကို ရေရွတ်နေလေသည်။

ဘိသေကပလ္လင်အနီးမှ ရဲမက်အမှုးအမတ်တို့ကမူ မင်းသားငယ် တတွတ်တွတ်ရေရွတ်သံကို ပီပီသသကြားနေရလေသည်။

"အစ်မတော်က ဘာကြောင့် ခုထိမရောက်သေးတာလဲ ဘိသေကသဘင်အတွက် အားလုံး အဆင်သင့်ဖြစ်နေပြီ. . . သူတို့မိန်းမတွေဟာ အခမ်းအနား သဘင်တစ်ခုခု ရှိပြီဆိုရင် အမြဲတမ်းနောက်ကျတယ်. . ."

သုခမုခနန်းစောရှင်သည် ညာလက်မှ ပတ္တမြားလက်ဝတ်ကို ပွတ်သပ်ရင်း လစ်လပ်နေသည့် သလွန်ကို တင်းမာစွာ ကြည့်နေလေသည်။

"သမိန်ဓမ္မ"

"အမိန့်ရှိပါ အရှင့်သား. . ."

"သွားစမ်း. . . အစ်မတော်ကို မြန်မြန်လာခဲ့လို့ သွားခေါ်စမ်း"

"ကောင်းပါပြီ. . . အရှင့်သား. . ."

ဘိသေကပလ္လင်ရှေ့မှ ထွားကြိုင်းသော တပ်မှုးတစ်ယောက် ခန်းမဆောင်၏ တစ်ဖက်သို့ ထွက်ခွာသွားလေသည်။ သမိန်ဓမ္မ၏ ရှည်လျားသော ဓားအိမ်ကို အနီးမှ တပ်မှုးများက ရှောင်တိမ်းလိုက်ကြရသည်၊ ထိုစဉ်မှာပင် နန်းရင်းဝန်

ဗညားမွန်ထော်သည် ဘိသေက ပလ္လင်ရှေ့သို့ ရောက်လာလေသည်။

"အရှင် ဓမ္မညာဏ ရောက်လာပါပြီ အရှင့်သား"

"ဟုတ်လား အင်း. . . ဆရာတော်ကို ဒီအထိ ပင့်ခဲ့ပါ. . . ကဲ ဆရာတော်တောင် ရောက်လာပြီ. . . ဟိုမှာက ခုထိမလာသေးဘူး တွေ့ရဲ့လား နန်းရင်းဝန်ကြီး"

ကတ္တီပါအနီစ ခင်းထားသည့် လစ်လပ်နေသော သလွန်ကို ညွှန်ပြရင်း ပြောလိုက်သော လေသံကြောင့် ဗညားမွန်ထော်သည် အံ့ဩသွားလေသည်။

"ဘာကြည့်နေတာလဲ. . . အစ်မတော်ကိုပြောတာ အစ်မတော် ခုထိ မလာသေးဘူး၊ ဆရာတော် ရောက်လာလည်း ဘိသေက သဘင်ကို မခံနိုင်သေး ဘူး။ သီလဝါကျွန်း စစ်ပွဲရဲ့ အောင်ပွဲခံဟာ ကျုပ်တစ်ယောက်ထဲ မဟုတ်ဘူး၊ အစ်မတော်နဲ့ ကျုပ်နှစ်ယောက်၊ ဒီနှစ်ယောက်စုံမှ ဘိသေက သဘင်စနိုင်မယ်၊ နန်းရင်းဝန်ကြီး ကိုယ်တိုင် သွားခေါ်စမ်းပါ အစ်မတော် မြန်မြန်လာပါလို့ သွားလေ. . ."

နန်းရင်းဝန်ကြီး၏ ရီဝေသော မျက်လုံးအိမ်များသည် မသိမသာ ကျဉ်းမြောင်းသွားကြသည်။ ထိုမျက်လုံးအစုံဖြင့် ဘိသေကပလ္လင်ပေါ်မှ မင်းသား ငယ်ကို စူးစိုက်ကြည့်နေသည်။ ပါဒဘုရင် သုံးဆက်လက်ထက်ကို မှီခဲ့သော ဗညားမွန်ထော်၏ မျက်နှာပြင်ပေါ်၌ ရင့်ကျက်သော မာနတစ်ခုပေါ်လွင်လာ သည်။ ရောက်မလာသေးသော အစ်မတော်ကို သွား၍ ခေါ်ပင့်ရမည့်အလုပ်မှာ နန်းရင်းဝန်၏ အမှုကိစ္စမဟုတ် သံတော်ဆင့်တစ်ဦးဦး သို့မဟုတ် နာခံတော် တစ်ဦးဦး၏ အမှုကိစ္စသာဖြစ်သည်။ ယခုမူ. . .

"ဘာကြည့်နေတာလဲ. . . နန်းရင်းဝန်ကြီးရဲ့. . . သွားစမ်းပါ မြန်မြန်"

ဗညားမွန်ထော်သည် ရုတ်ခြည်းနီမြန်းသွားသော မျက်နှာကို အောက်သို့ ငိုက်လျက် ဘိသေကပလ္လင်ရှေ့မှ ထွက်ခွာသွားသည်။ သုခမုခနန်းစောရှင်သည် ဗညားမွန်ထော်၏ ကျောပြင်ကိုကြည့်ရင်းမှ ခန်းမဆီမှ ဆူညံသောအသံများကို ကြားလိုက်ရသည်။

အနက်ရောင် သားမွေးစခင်းထားသော နန်းတော် ခန်းမရင်ပြင် လမ်းတစ်လျှောက် ပရိသတ်သည် ထိုင်ရာမှ အသီးသီး လက်အုပ်ချီလိုက်ကြ သည်။ အားလုံး၏ အနေအထားသည် လက်အုပ်ချီသော ပုံသဏ္ဍာန်တွင် တညီတညွတ်တည်း ဖြစ်သွားကြလေသည်။

http://www.cherrythitsar.org



"အရှင်မြတ် ဓမ္မညာဏကြွလာပါပြီ"

ခန်းမဆောင်တံခါးတွင် ရပ်နေသော သံတော်ဆင့်၏ စူးရှသော အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပြုံးပြက်တောက်ပသော နန်းတွင်းသားတို့၏ ဝတ်ရုံစများအလည်တွင် ဝါရွှေသော သင်္ကန်းရောင်သည် ထင်ရှားပြတ်သားလာနေသည်။ ရှင်ဓမ္မညာဏသည် မျက်လွှာကိုချလျက် သားမွေးစခင်းထားသည့် လမ်းအတိုင်း တည်ငြိမ်စွာ လျှောက်လာလေသည်။ သုခမုခနန်းစောရှင်သည် ရှင်ဓမ္မညာဏကို လှမ်းကြည့်ရင်း လစ်လပ်နေဆဲ သလွန်ဘက်သို့လည်း လှမ်းကြည့်လိုက်သည်။

"အရှင်မြတ်ကို ကြိုဆိုပူဇော်ဖို့ ဘိသေကပလ္လင်ပေါ်က ဆင်းသင့်ပါတယ် အရှင့်သား. . ."

ပါဒနန်းတော် တပ်မှူးများတွင် အသက်အကြီးဆုံးသော သမိန်ဖြတ်ဇက မဝံ့မရဲလေသံဖြင့် အနီးသို့ကပ်၍ ပြောလိုက်လေသည်။

"အင်း. . . ဟုတ်ပေသားပဲ"

သုခမုခနန်းစောရှင်သည် ဘိသေက ပလ္လင်ပေါ်မှဆင်းပြီး ရှေ့ဘက်သို့ လျှောက်လာခဲ့သည်။ သို့သော် ရှင်ဓမ္မညာဏသည် ခန်းမဆောင်၏ ထိပ်ဘက် ဗုဒ္ဓရုပ်ပွားတော်ရှိရာ ကျောင်းဆောင်ရှေ့ရှိ ပလ္လင်ပေါ်ဝယ် ထိုင်မိပြီ ဖြစ်သည်။ သုခမုခနန်းစောရှင်သည် ရှင်ဓမ္မညာဏရှေ့မှောက် ဒူးတုပ်လျက် လက်အုပ်ချီလိုက်လေသည်။ ပါဒနိုင်ငံလုံး၏ ပရိယတ် ပဋိပတ်အခေါင်အချုပ် မထေရ်နှစ်ပါး အနက်မှ တစ်ပါးဖြစ်သော အရှင်ဓမ္မညာဏကို သုခမုခနန်းစောရှင် တစ်ခါမှ နီးနီးကပ်ကပ် မတွေ့ဆုံဘူးပေ၊ စကားလည်း မပြောဘူးပေ။

"သီလဝါကျွန်းစစ်ပွဲ စစ်မြေပြင်ကနေ အနာရောဂါ ကင်းရှင်းစွာနဲ့ ပြန်ရောက်လာတယ် မဟုတ်လား. . . ဒကာ"

"မြားတစ်စင်းသော်မှ တပည့်တော်ရဲ့ ပခုံးသားကို ထိစွန်းခြင်း မရှိခဲ့ပါဘူး ဆရာတော်၊ တပည့်တော်ရဲ့ မြားတံတွေကသာ ရန်သူတွေရဲ့ ရင်အုံ၊ လည်မျို၊ မျက်လုံးတွေကို တစ်စင်းပြီး တစ်စင်းထိုးဖောက်သွားခဲ့ပါတယ်"

မျက်လွှာချထားသော ရှင်ဓမ္မညာဏသည် မင်းသားငယ်၏ မျက်နှာကို ကြည့်လိုက်မိလေသည်။ နုပျိုလွန်းသော မျက်နှာမှ မျက်လုံးများသည် အရောင်တဖျတ်ဖျတ် ထွက်နေကြသည်။ ထိုမျက်နှာ၏ လက်ဝဲဘက် နောက်ကျောနေရာမှ ထွက်ပေါ်နေသော လေးကိုင်းအစွန်းကား အရုပ်ဆိုးလှသည်ဟု ရှင်ဓမ္မညာဏ

http://www.cherrythitsar.org



ထင်မိလေသည်။ ထို့ပြင် မင်းသားငယ် ဝတ်ဆင်ထားသော ချပ်ဝတ်များမှာလည်း ကြက်သွေးရောင် ကဲလွန်းလှသည်ဟု ထင်မိသည်။

"ဒကာတော်ရဲ့ အောင်ပွဲကို ကျွန်ုပ်နန်းရင်းဝန်ကြီး ဗညားမွန်ထော်ဆီက တစ်ဆင့်ကြားသိခဲ့ရတယ်၊ အမှန်ကတော့ သီလဝါကျွန်း စစ်ပွဲအကြောင်းကို ကျွန်ုပ် စောစောက ဘာမှမသိခဲ့ဘူး၊ သို့ပေမယ့် အောင်ပွဲခံ ဘိသေကသဘင်နဲ့ ပတ်သက်တဲ့ ဓမ္မတစ်ခုခုကိုတော့ ဒကာတော် နာယူသင့်ပေတယ်. . . "

"အရှင်ဘုရား၊ အစဉ်အလာရှိတဲ့ အတိုင်းသာ ချီးမြှင့်ပါ ဘုရား၊ ဒါပေမယ့် ဘိသေကသဘင်ကိုတော့ အခုစလို့ မဖြစ်သေးပါ ဘုရား၊ အစ်မတော်က ခုချိန်ထိ မရောက်လာသေးပါ ဘုရား. . . "

သုခမုခနန်းစောရှင်၏ လေသံကြောင့် အနီးမှ တပ်မှူးများနှင့် အမှူးအမတ်များသည် ရှင်ဓမ္မဉာဏကို ရှက်ရွံ့စွာ စိုက်ကြည့်နေကြသည်။ ရှင်ဓမ္မဉာဏကား ပကတိငြိမ်သက်တည်ကြည် နေလေသည်။

"အင်း. . . စောင့်ကြရမှာပေါ့ ဒကာတော်. . .၊ ဘိသေကသဘင်ရဲ့ အဓိက အစီအမံကို ဘယ်လိုပြင်ဆင်ထားကြသလဲ"

ရှင်ဓမ္မဉာဏ၏ အမေးကို မင်းသားငယ် နားလည်ဟန်မရှိဟု သိလိုက်သောအခါ တပ်မှူးကြီး သမိန်ပြတ်ဇကု လက်အုပ်ချီ၍ ဝင်ပြောလိုက်လေသည်။

"ဘိသေကသဘင်ရဲ့ အစီအမံကတော့ အရှင်သုခမုခ နန်းစောရှင်နဲ့ ပင်တိုင်စံထိပ်ထားတို့ကို သမိန်စက္ကဝတ်ဘွဲ့ ဆင်ယင်ဖို့ပါ ဘုရား. . . "

"သမိန်စက္ကဝတ်ဘွဲ့တဲ့လား"

"မှန်ပါဘုရား"

"အင်း. . . အင်း. . . သင့်မြတ်ပေသားပဲ၊ သမိန်ဆိုတာက စစ်သူရဲတို့ရဲ့ အရှင်၊ စက္ကဝတ်ဆိုခြင်းက စက္ကဝတ္တိ စကြာဝတေးမန္ဓတ်မင်း ကဲ့သို့ ရဲရင့်၍ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော စစ်သူရဲကောင်း ဘုရင်ချုပ်. . . "

"မှန်ပါတယ်ဘုရား၊ အဲဒီဘွဲ့နာမကို ခံယူဖို့ပါပဲ ဘုရား"

ထိုအခိုက်ဝယ် သုခမုခနန်းစောရှင်၏ တင်းမာသော မျက်နှာသည် အနည်းငယ် ပြေလျော့သွားလေသည်။ သို့သော် ချက်ခြင်းပင် ပြန်၍ တင်းမာသွားပြန်သည်။

"ဒါပေမယ့် အစ်မတော်က ခုထိမရောက်လာသေးဘူး ဘုရား၊ တပည့်တော်

http://www.cherrythitsar.org



တို့ ဘိသေက သဘင်ကို ဘယ်လိုမှစလို့ မဖြစ်သေးပါဘူး ဘုရား၊ သမိန်ပြတ်ဇ နန်းရင်းဝန်ကြီး ပြန်မရောက်သေးဘူးလား"

"မရောက်သေးပါဘူး အရှင့်သား"

"တယ်ခက်တာပဲ"

မင်းသားငယ်၏ အသံနှင့် လှုပ်ရှားမှုများကို ရှင်ဓမ္မညာဏ၏ နောက်တွင် ရပ်နေသော ဒီပါလည်း အံ့အားသင့်စွာ ကြည့်နေမိလေသည်။ မင်းသားငယ်ကား ဒီပါကို သတိမထားမိပေ၊ သို့သော် သုခမုခ နန်းစောရှင်နှင့် ဒီပါတို့၏ မျက်နှာများကို တစ်လှည့်စီ ကြည့်နေသော သူတစ်ယောက်ရှိသည်၊ ထိုသူကား တပ်မှူးကြီး သမိန်ပြတ်ဇ ဖြစ်သည်။ ခက်ထန်မောက်မာသော သုခမုခနန်းစောရှင် သည် ယနေ့အဖို့ ပို၍ တက်ကြွပြင်းထန်နေသည်။ သူသည် ယနေ့ သမိန်စက္ကဝတ် ဘွဲ့ကို ခံယူပြီးနောက် များမကြာမီမှာပင် ပါဒဘုရင်ဧကရာဇ်ဘွဲ့ကိုလည်း ခံယူဦးမည့်သူ ဖြစ်သည်။ သုခမုခနန်းစောရှင်သည် ပါဒနိုင်ငံလုံး၏ အရှင်သခင် ဖြစ်လာမည့်သူ ဖြစ်သည်။ ထိုသူကိုမှ မမှိတ်မသုန် စူးရှစွာ ကြည့်နေရဲသူကား ပါဒနန်းတွင်း၌ တစ်ခါမှမတွေ့ဘူးသည့် သူဖြစ်နေသည်။

ထိုသူ၏ ဝတ်စားဆင်ယင်မှုသည်လည်း ပါဒနန်းတော်၏ ဘိသေက သဘင်နေ့နှင့် မည်သို့မျှလိုက်ဖက်ခြင်းမရှိပေ။ သမိန်ပြတ်ဇသည်၊ ဒီပါ၏ စူးရှ နေသော မျက်လုံးများမှအကြည့်ကိုမူကား နှစ်ခြိုက်နေမိပေသည်။ ထိုမျက်လုံး နှင့် ထိုအကြည့်တို့သည် မိမိနှင့် ရင်းနှီးကျွမ်းဝင်ရန် လွယ်ကူမည့် အရာများ ဖြစ်မည်ဟုလည်း ထင်နေမိလေသည်။

"ဒီပါ. . ."

"ဘုရား. . ."

ဒီပါသည် ရှင်ဓမ္မညာဏ၏ ခြေရင်းသို့ ဒူးတုပ်ထိုင်လိုက်သည်။

"ဘိသေကသဘင်လဲ မစသေးဘူး၊ ဒီတော့. . ."

"တပည့်တော် ဝိဟာရကို ပြန်လို့ရမလား ဘုရား၊ ပုံလွှာတူကားချပ် တစ်ခုအတွက် တပည့်တော် ဇေယျာဒီပတောင်ကုန်းဆီ သွားစရာရှိနေလို့ပါ ဘုရား"

ရှင်ဓမ္မညာဏသည် မသိမသာ ပြုံးလိုက်မိလေသည်။

"မင်း ဝိဟာရကို ပြန်မသွားရဘူး ဒီပါ၊ ဒီနေ့အဖို့ ဘယ်ပုံလွှာတူ ကားချပ်ကိုမှလဲ မရေးရဘူး၊ ဇေယျာဒီပကိုလဲ မသွားရဘူး၊ ငါပြောချင်တာက

http://www.cherrythitsar.org



ဘိသေကသဘင် မစခင်မှာ မင်းဟောဒီ နန်းတော်ခန်းမဆောင်ရဲ့ တည့်တည့် စကြိုန်လမ်းအတိုင်းသွားရင် ဥယျာဉ်တော်ကို တွေ့လိမ့်မယ်၊ ဥယျာဉ်တော်ကို ဖြတ်သွားပြီးရင် ဂဝံကျောက်နဲ့ ထုထားတဲ့ မုခ်ပေါက်ကြီးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီ မုခ်အတိုင်းသွားရင်၊ အထဲမှာ ပါဒနန်းတွင်း ပန်းချီကျော်တွေ ရေးခဲ့တဲ့ ပုံလွှာတွေကို မင်းတွေ့ရမယ်၊ ဘယ်နဲ့လဲ ဒီပါ"

ဒီပါ၏ မျက်လုံးများ ဝင်းထိန်တောက်ပသွားကြသည်။

"မှန်ပါဘုရား . . . . . ဘိသေကသဘင် ကျင်းပနေလဲ တပည့်တော် ပြန်မလာတော့ပါဘူး ဘုရား ဘိသေကသဘင် ပြီးချိန်လောက်မှ တပည့်တော် ပြန်လာခဲ့ပါမယ် ဘုရား"

"ဘိသေကသဘင် ကျင်းပနေလဲ ပြန်မလာတော့ဘူး"ဟု ပြောလိုက်သော စကားသံကို ကြားရသဖြင့် သုခမုခနန်းစောရှင်သည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်။ သို့သော် ဒီပါကို မတွေ့ရတော့ပေ။ ပြိုးပြက်တောက်ပသော နန်းတွင်းသားတို့၏ အဆင်းရောင်စုံကြားဝယ် ဒီပါ၏ မှေးမှိန်သော အသွင်သည် လွယ်လွယ်ကူကူပင် နစ်မြုပ်ပျောက်ကွယ်သွားခဲ့လေသည်။

ဒီပါသည် လူအုပ်ကြားမှ တိုးဝှေ့သွားရင်းဖြင့် ခန်းမဆောင်အဆုံးရှိ စကြိုန်လမ်းမသို့ ရောက်လာခဲ့သည်။ စကြိုန်လမ်းမထဲသို့ ဝင်စမှာပင် သူ့အာရုံ၌ ကောင်းစွာ မှတ်မိနေသော မျက်နှာတစ်ခုကို လူအုပ်ကြား၌ တွေ့လိုက်ရသည်။ လှပနုနယ်သော မျက်နှာဖြစ်သည်၊ အပြုံးတစ်ခုကို ဆင်မြန်းလျက် ထိုမျက်နှာရှင်သည် သူရှိရာသို့ ရွေ့လျားလာလေသည်။

"အမောင် . . . ပါဒနန်းတော်ကို လာတယ်လား . . . "

"မိတနော်ပါလား . . . "

"မိတနော်ရဲ့ ပုံလွှာတူ ပြီးသွားပြီလား . . . အမောင်"

"ဆံစနဲ့ ငွေခြည်ပဝါ မြိတ်လွင့်ဝဲနေတာ မကျေနပ်သေးလို့၊ ဒီနေ့ ဇေယျာဒီပ တောင်ကုန်းကို သွားမလို့ပဲ၊ ဒါပေမယ့် ဆရာတော်က အတင်းခေါ်လို့ ဒီကို ရောက်လာရတယ်၊ ကောင်းပါတယ်လေ၊ အခု ဟိုဘက်က ဂဝံကျောက်မုခ်ဝရှိတဲ့ ခန်းမဆီ သွားမလို့ . . . "

"အမောင် . . . အဲဒီ အာကာရဋ္ဌ ခန်းမဆောင်နေရာကို သိလို့လား"

"အာကာရဋ္ဌခန်းမဆောင်တဲ့လား၊ နာမည်ကတော့ လှပေသားပဲ၊ အထဲက ပုံလွှာတွေတော့ ဘယ်နဲ့နေမလဲ မသိဘူး၊ နေရာသိပါတယ်၊ ဆရာတော်က

http://www.cherrythitsar.org



ညွှန်လိုက်ပြီးပြီ”

“မိတနော် လိုက်ပို့ပေးမယ်လေ. . . ”

“နေပါစေ မိတနော် ကျုပ် တစ်ယောက်ထဲပဲ သွားချင်ပါတယ်၊ မတွေ့လို့ ရှာနေရရင်လဲ ကြည်နူးနှစ်သက်စရာကောင်းတဲ့ ရှာဖွေခြင်းပေါ့၊ ပြီးတော့လဲ မိတနော် ဝတ်စားတန်ဆာတွေက တောက်ပလွန်းနေပါတယ်”

မိတနော်၏ ပခုံးပေါ်ဝယ်၊ ဇေယျာဒီပတောင်ကုန်းသို့ လာစဉ်က ခြုံလွှမ်းထားသော ငွေခြည်ပဝါ မဟုတ်တော့၊ စကားဝါရောင် ရွှေခြည်ဖောက်ပဝါ ဖြစ်နေသည်။ နန်းတွင်း ကိုယ်လုပ်တော် တစ်ယောက်အနေနှင့် အခြားနန်းတွင်း ကိုယ်လုပ်တော်များထက် ပို၍ တောက်ပနေသည်ဟုလည်း ဒီပါ တွေးမိသည်။

“ကဲ. . . ကျုပ် သွားမယ် မိတနော် ပုံလွှာတူကိုတော့ နောက်တစ်နေ့မှပဲ ယူပေတော့. . . ”

“ဘယ်ကိုလာယူရမှာလဲ အမောင်၊ ဇေယျာဒီပ တောင်ကုန်းမှာလား”

“ဟုတ်တယ်”

ပြုံးနေသော မျက်နှာလှကို ကျောခိုင်းလျက် ဒီပါသည် စင်္ကြံလမ်းထဲသို့ ဝင်ခဲ့လေသည်။ စင်္ကြံလမ်းကို ကျောက်ဖြူသားများ ခင်းထားသည်။ နံရံတွင် ဂဝံကျောက်ရုပ်ထုများ ထွင်းဖော်ထားသည်။ နေ့၏ အလင်းရောင်နှင့် ကညင်ဆီမီးတိုင်များကြောင့် စင်္ကြံသည် မှောင်မဲ၍ မနေတော့ပေ။

စင်္ကြံလမ်းဆုံးသို့ မရောက်မီမှာပင်၊ ပန်းရနံ့ကို ရရှိလာသည်။ အရှင်ဓမ္မညာဏ ညွှန်လိုက်သည့်အတိုင်း ဥယျာဉ်တော်သို့ ရောက်ရှိလာပြီဟု ဒီပါ သိလိုက်သည်။ နှင်းဆီရောင်စုံများ ပွင့်နေသည့် ဂုံးကို ဥယျာဉ်တော်၏ အဝင်ဝ အဖြစ်ပြုလုပ်ထားသည်၊ နံနက်ခင်း လေညှင်းသည် ပန်းရနံ့များနှင့် ပြည့်ဝနေသည်။ ကျောက်ဖြူသား ခင်းထားသည့် လမ်းဘေးရှိ ပန်းရုံများကြားတွင် ဥဒေါင်းငှက်များသည် တိုးတိတ်ညင်သာစွာ ရွေ့လျားနေကြသည်။

ဥယျာဉ်တော်ဟု ဆိုစေကာမူ၊ သစ်ကြီးဝါးကြီးများရှိသော ဥယျာဉ်တော် မဟုတ်ပေ၊ ပန်းပေါင်းစုံကို ခင်းဖြန့်စိုက်ပျိုးထားသည့် ဥယျာဉ်တော်ဖြစ်လေသည်။ အကယ်၍သာ ဥယျာဉ်တော်၏ တစ်ဖက်ဝယ်၊ ဂဝံကျောက်မုခ်ပေါက်ဖြင့် ‘အာကာရဋ္ဌ ခန်းမဆောင်’ ရှိမနေပါက၊ ဒီပါသည် ဥယျာဉ်တော်မှ ပန်းရောင်စုံ တို့၏ အသွေးကို ဖျဉ်စကားချပ်ပေါ်သို့ ကူးယူလိမ့်မည် ဖြစ်ပေ

http://www.cherrythitsar.org



သည်။ ယခုမူ 'အာကာရဋ္ဌခန်းမဆောင်' တွင် ရှိနေသည်ဆိုသော ပါဒနန်းတွင်း ပန်းချီကျော်တို့ ရေးဆွဲခဲ့သည့် ပုံလွှာများက ဒီပါအား လှပသော ဥယျာဉ်တော်ကို လစ်လျူရှုစေသည်။

"ပန်းချီကျော်တို့၏ အာကာရဋ္ဌခန်းမ"

ဂဝံကျောက်ကို ဖုထစ်စေလျက် ထွင်းဖော်ထားသော စာလုံးသည် ဒီပါ၏ နှလုံးကို ချက်ခြင်း ဖမ်းယူဆုပ်ကိုင်လိုက်လေသည်။

လှိုက်ခုန်သောရင်ဖြင့် ဒီပါအတွင်းသို့ ဝင်ခဲ့သည်။ အာကာရဋ္ဌသည် ပြင်ပအလင်းရောင်ကို ကာကွယ်တည်ဆောက်ထားသော်လည်း နံရံအတွင်းဘက်၌ တွင်းငယ်များ ထွင်းထားပြီး ကညင်ဆီမီးရောင်တို့ သေသပ်စွာ လင်းဖြာနေသည်။ ကညင်ဆီမီးတို့မှ မီးတောက်တို့သည် ပြင်ပလေမှ လွတ်ကင်းသောကြောင့် တည်ငြိမ်နေကြသည်။ ထိုအခါ အလင်းရောင်သည်လည်း နံရံထက်ရှိ 'ပုံလွှာ'များပေါ်၌ တိကျစွာ ဖြန့်လျက် စီးဝင်နေကြလေသည်။ ထိုအခါ 'ပုံလွှာ' များမှ ဆေးရောင်တို့သည်လည်း ကြီးမားသော တန်ခိုးအင်အားကို ဆောင်နေကြလေသည်။

"ပါဒနိုင်ငံတော် သခင်ဘုရား တိဿဘောဂသေန မင်းကြီး၏ ပုံလွှာတော်"

"ပန်းချီကျော် ဘိုးမွန်ခေါက်က ပူဇော်ရေးဆွဲ၏"

အာကာရဋ္ဌထဲသို့ ဝင်မိလျှင် ဝင်မိချင်းမှာပင် နံရံဝဲဘက်ရှိ ကြီးမားသော ပုံလွှာတစ်ခုကို ဒီပါတွေ့လိုက်ရသည်။ ပုံလွှာထဲမှ တိဿဘောဂသေနမင်းသည် ဒီပါကို နက်ရှိုင်းစွာ ကြည့်နေသည်။ ဦးခေါင်းထက်မှ ရတနာမကိုဋ်၏ ရတနာမျိုးစုံကို တိကျစွာ ရေးခြယ်ထားသည်။ လက်ဝဲတွင် ကိုင်ထားသော သားမြီးယပ်ပြေလျော့ကျဆင်းနေပုံမှာ ကြည့်နေရင်းမှာပင် လူးလွန့် လှုပ်ရှားနေသည်ဟု ထင်ရသည်။

"ပါဒနိုင်ငံတော် သခင်ဘုရား တိဿနရသေနမင်းကြီး၏ ပုံလွှာတော်"

"ပန်းချီကျော် အနုပီယက ပူဇော်ရေးဆွဲ၏"

ယာဘက်ရှိပုံလွှာကို ဒီပါ လှည့်ကြည့်လိုက်ပြန်သည်။

တိဿနရသေနမင်း၏ ပုံလွှာမှာ သလွန်တွင် ထိုင်လျက်ပုံ ဖြစ်သည်။ နောက်ခံမှာ ဒီပါဖြတ်လာခဲ့သော ဥယျာဉ်တော် ဖြစ်သည်။ တိဿနရသေနမင်း၏ မျက်နှာမှာ တိဿဘောဂသေနမင်းထက် ခက်ထန်မာကြောဟန်ရှိသည်။ ပန်းချီကျော်သည် လက်ဖမိုးရှိ အကြောအမျှင်များကို အသေးစိတ်

http://www.cherrythitsar.org



ရေးခြယ်ထားလေသည်။

"ဆေးရောင်တွေနဲ့ ရေးခြယ်ချက်တွေကတော့ အံ့မခန်းဘဲ၊ ဒါပေမယ့် မျက်လုံးတွေဟာ ဝိညာဉ်ကင်းမဲ့နေတယ်"

ဒီပါသည် အနားတွင် တစ်ယောက်ယောက်ရှိနေသလို နှုတ်မှ စကားလုံးများ ထွက်ကျနေလေသည်။

"ပုန်စား ခြားနားဝံ့သော နရသီဟမင်းအား ပါဒအရှင်သခင် မြစောနောင်မင်းကြီးက သုတ်သင်ဖယ်ရှားသည့် ပုံတော်. . . "

"ပန်းချီကျော် နရိဒ္ဒက ပူဇော်ရေးဆွဲ၏"

ထိုပုံကား လှုပ်ရှားသက်ဝင်မှု ပုံလွှာဖြစ်သည်။ ကြီးမားသော သံလျက်ကို ကိုင်ဆွဲထားသူကား ပါဒအရှင်သခင် မြစောနောင် မင်းကြီး ဖြစ်သည်။

"သံလျက်ကိုင်ထားတဲ့ မင်းကြီးရဲ့ ဘယ်ဘက်လက်ထဲက ခေါင်းပြတ်ကတော့ ပုန်ကန်ခြားနားဝံ့သော နရသီဟမင်းဆိုတာ ဖြစ်မှာပဲ၊ ခေါင်းပြတ်က သွေးစက်ကျနေပုံဟာ ဒီပုံလွှာရဲ့ အနှစ်သာရဖြစ်တယ်၊ သွေးစက်တွေ ကျနေပုံဟာ သဘာဝအတိုင်း လိုက်လျောညီထွေ ရှိလှတယ်၊ ဒါပေမယ့် ခေါင်းပြတ်ရဲ့ ဆံပင်တွေကို စုဆွဲထားတဲ့ လက်ဟာ ခွန်အားကင်းမဲ့နေတယ်၊ ဒီလက်ဟာ သုတ်သင်ဖယ်ရှားသူရဲ့ အောင်နိုင်မှုကို ဖော်ပြနိုင်ရမယ်. . . "

ပုံလွှာတစ်ခုရှေ့သို့ ရောက်တိုင်း ဒီပါသည် သုံးသပ်မှု တစ်ခုခုကို ရေရွတ်ပြောဆိုခဲ့သည်။ တဖြည်းဖြည်းဖြင့် အာကာရဋ္ဌခန်းမ၏ အတွင်းဖက်သို့ ရောက်လာသည်။ ပုံလွှာများကား နံရံ၏ ဝဲယာတွင်သာမကတော့၊ ကနုတ်ဖော်ထားသော ကျွန်းသစ်ဘောင်များ၊ ရွှေရည်သုတ်ထားသော သံကြိုးဖြင့် ချိတ်ဆွဲထားသည့် ပုံလွှာများကိုပါ တွေ့လာရတော့သည်။

ဒီပါသည် ပုံလွှာ၏ အမည်များကို သတိပြု၍ မဖတ်တော့၊ ပုံလွှာနှင့် ရေးဆွဲသူ ပန်းချီကျော်များ၏ အမည်ကိုသာ ဝင်စားသုံးသပ်တော့သည်။ ဧဒေဇလ၊ နရာသဘ၊ ဘဒ္ဒ. . . စသော မိမိသိသည့် ပန်းချီကျော်များ၏ ပုံလွှာများကို အထူးသဖြင့် စူးစိုက်မိသည်။ ဆေးရောင်နှင့် ရေးခြယ်ချက်၏ စွမ်းရည်ကို အံ့သြရင်းဖြင့်ပင်၊ အခြားတစ်ဖက်၌ ထင်မြင်ယူဆချက်များကို ထုတ်ဖော်နေမိသည်။

ပုံလွှာပေါင်းများစွာကို ဖြတ်သန်းခဲ့သည်။ တန်ခိုးရှင်တို့၏ လောကတစ်ခုခုထဲသို့ ရောက်ရှိနေရသလို ခံစားလာရသည်။ အာကာရဋ္ဌခန်းမ

http://www.cherrythitsar.org



အလယ်ဗဟိုသို့ လှည့်လာမိပြန်သည်။ ခန်းမအလယ်ဗဟိုတွင်. . .

ကြီးမားသော ပုံလွှာတစ်ခု. . .

ရွှေပိန်းချထားသော ပန်းကနုတ်ဘောင်သည်ပင်လျှင်၊ ပန်းပုကျော်၏ အားထုတ်မှုကို ထုတ်ဖော်ပြသနေသည်။ သို့သော် ဆန်းကြယ်လှပသော ရွှေပိန်းချ ပန်းကနုတ်ဘောင်သည်၊ ပုံလွှာကြောင့် ညှိုးမှိန်ပြယ်လွင့် သွားလေသည်။

နောက်ခံဆေးရောင်ကား ခရမ်းရောင်ဖြစ်သည်။ ခရမ်းရောင်၏ မဟာ ဆန်ခြင်း၊ နက်ရှိုင်းခန့်ညားခြင်း၊ လေးနက်ကြွယ်ဝခြင်း၊ အဓိပ္ပာယ်ကို ပန်းချီကျော် သည် လုံးဝဥဿုံ ဖမ်းယူဆုပ်ကိုင်ထားသည်။ ခရမ်းရောင် မဟာရောင်။

နက်ရှိုင်းလှပလွန်းသော ခရမ်းရောင်သည်လည်း အလည်ဗဟို ပုံလွှာ ကြောင့် မှေးမှိန်ဖျော့တော့ သွားပြန်သည်။

အနက်ရောင်သည် အမှောင်၏ ပြယုဂ်ဖြစ်သည်။

သို့သော် ပုံလွှာထဲမှ ကေသာတို့၏ အနက်ရောင်ကား အမှောင်မဟုတ် သော ပြိုးပြက်သော အနက်ရောင်။

ပန်းနုရောင်သည် ညှံ့သက်ခြင်း၏ ပြယုဂ်ဖြစ်သည်။

သို့သော် ပုံလွှာထဲမှ ဝိုင်းစက်သော မျက်နှာ၊ ပြည့်ဖြိုးသော လက်၊ တင်းပြည့်သော ရင်ညွန့်တို့၏ ပန်းနုရောင်ကား ညှံ့သက်ခြင်း မဟုတ်သော၊ ဝံ့စားသော၊ ရဲရင့်သော၊ တက်ကြွရှင်သန်သော ပန်းနုရောင်. . . ။

"အို. . . "

ဤအသံသည် ဒီပါ၏ နှုတ်မှ အသံမဟုတ်၊ ဒီပါ၏ နှလုံးသည်းပွတ်မှ အသံဖြစ်သည်။

ဝင့်ပျံနေသော မျက်ခုံးသွယ်၊ ထိုအောက်မှ လဲ့ရွှန်းနေသော မျက်တောင် ကော့၊ ထိုအောက်မှ မျက်လုံးအစုံကား ပြုံးယောင်သမ်းသည်။ သို့သော် အေးစက်သည့် မျက်လုံး၊ ထိုနည်းတူစွာ စင်းစင်းပြေလျော့သော နှာတံအောက်မှ ဖူးမြသော နှုတ်ခမ်းမွှာသည်လည်း ပြုံးယောင်သမ်းသည်၊ သို့သော် အေးစက်နေ သည့် နှုတ်ခမ်းမွှာ. . .

လည်တိုင်သည် နွဲ့နှောင်းသည်၊ သို့သော် ခိုင်မတ်သည်။

ပခုံးတို့သည် လုံးဝန်းပြေလျှောသည်၊ သို့သော် ဝင့်ကြွားသည်။

ရင်ညွန့်သည် ထွေးအိသည်၊ သို့သော် တင်းမာသည်။

ခါးသည် သေးသိမ်သည်၊ သို့သော် ခန့်ထည်သည်။

http://www.cherrythitsar.org



ဆန့်ကျင်မှု အစုစုတို့ ပြွမ်းတီးပေါင်းဆုံနေသော အလှ

"သိပ်. . . သိပ်. . . ကြောက်စရာကောင်းတဲ့. . . အလှ"

ဒီပါ၏ နှလုံးသည်းပွတ်မှ နောက်ထပ် အသံတစ်ခု ပွင့်အံထွက်ကျလာပြန်သည်။

ပေါ့ပါးသော ငှက်မွေးတစ်ခု လေတွင် လွင့်ဝဲကျဆင်းလာသည်ကို မျဉ်းကြောင်းသဏ္ဌာန်ဖြင့် အမိအရ ဖမ်းယူရေးဆွဲလိုက်သကဲ့သို့ ပခုံးအစွန်းမှ ကျဆင်းလာသည့် လက်မောင်းတို့သည်လည်း မိမိ၏ အလှဂုဏ်ကို ဖော်ထုတ်ပြနေသည်။ အဆစ်အချိုးတို့၏ နှောင့်ယှက်ခြင်း ကင်းဝေးသော လက်ချောင်းတို့သည် ခပ်သိမ်းသော ကနုတ်ပန်းတို့ကို အောင်မြင်မှု ရထားသည်။ အလှတရားသည် လက်ချောင်းထိပ်ဖျားနှင့် သန္တာနှစ်ကဲ့သို့သော လက်သည်းများ အထိ စီးဝင်နေသည်။

"အို ဘယ်လိုဖြစ်ရတာလဲ အလှတရားရယ်"

ထိတ်လန့်ချောက်ချားစွာ ဒီပါရေရွတ်မိပြန်သည်။

အလှတရားတို့ စီးဝင်နေသော လက်ချောင်းများသည် တစ်စုံတစ်ခုကို ဆုပ်ကိုင်လျက်သား. . .

ထိုအရာကား ရတနာခုနှစ်ပါး စီခြယ်ထားသည့် ဓားရိုး။

ဓားရိုးမှ ပွင့်ဖြာထွက်နေသော ဓားသွားသည် ပုံလွှာဖျဉ်စကို ခွဲ၍ ထွက်လာတော့မတတ်။

ထို့ထက် ဓားသွားတစ်လျှောက်လုံးတွင် ဓားဦး၏ ထက်မြက်မြသော ဦးချွန်နေရာတွင် နီရဲသော သွေးများစွန်းပေနေသည်။ သွေးတို့သည် ပုံလွှာ၏ ရွှေပိန်းချ ကနုတ်ဘောင်ကိုကျော်၍ စီးကျလုမတတ်။

"ဘယ်လိုဖြစ်ရတာလဲ အလှတရားရယ်"

ပုံလွှာ၏ အမည်ကိုဂုဏ်၊ ပန်းချီကျော်၏ အမည်ကိုဂုဏ်၊ ဒီပါ မဖတ်မိ။

ဒီပါ၏ မျက်လုံးအစုံ၊ ထို့နောက် အသက်ရှူသံ၊ ထို့နောက် လှုပ်ခုန်နေသော ရင်အုံအတွင်းမှ အသည်းနှလုံး၊ ထို့နောက် စိတ်ဖြာကြည့်ရှုတတ်သော အနုပညာသွေးတို့သည် ဆန့်ကျင်မှု အစုစုတို့ ပြွမ်းတီးပေါင်းဆုံနေသော ပုံလွှာထဲက အလှတရားဆီသို့ စီးမြောသွားသည်။ စူးနစ်ဝင်ရောက်သွားသည်။ပူးကပ်ကျော်ဝင်သွားသည်။

"သိပ်လှပါလား. . . အလှတရားရယ်. . . ဒါပေမယ့် နောက်ခံက ခရမ်း

http://www.cherrythitsar.org



ရောင်၊ မဟာရောင်၊ ပြီးတော့ ဆံပင်တွေ၊ မျက်ခုံးတွေ၊ မျက်လုံးတွေ၊ ပြီးတော့ ပခုံးစွန်း၊ လက်မောင်း၊ ရင်ညွန့်၊ အို. . . အစိတ်အပိုင်းတိုင်းမှာ ကြောက်စရာကောင်းတဲ့ အလှတရား ဝင်နေပါလား၊ ဘာဖြစ်လို့ အလှတရားရဲ့ အခြားတစ်ဖက်က ကြောက်စရာ အဓိပ္ပာယ်တွေကိုမှ အတူတကွ ဆောင်ယူထားရသလဲကွယ်. . .”

ပုံလွှာရှင်သည် အထဲမှ ရုန်းကြွလာတော့မည်ဟု ခံစားမိသဖြင့် ဒီပါနောက်သို့ ဆုတ်မိပြန်သည်။ ထိုအခါ သွေးစများ လိမ်းကျံနေသော ဓားသွားကိုပို၍ ထင်ရှားစွာ တွေ့လာရပြန်သည်။

“ဒီလို လက်ချောင်းလေးတွေဟာ ပန်းစည်းတစ်ခုခု၊ ဒါမှမဟုတ် အမြိတ်စတွေ ကျနေတဲ့ ပဝါတစ်ခုခုကိုသာ ရစ်ပတ်ကိုင်ဆောင်သင့်ပါတယ် အို. . . မဟုတ်ပါဘူးလေ၊ ဘာကိုမှ ကိုင်ဆောင်မထားဘဲ နေနိုင်လောက်အောင် ဒီလက်ချောင်းလေးတွေဟာ လှတာပါ၊ ကမ္ဘာလောကရဲ့. . . အလှဆုံး အရာဝတ္ထုမှန်သမျှဟာ ဒီလက်ချောင်းလေးတွေ အတွင်းမှာ အားနည်းညှိုးငယ် သွားကြမှာပါ၊ အခုတော့ကွယ်. . . အခုတော့. . . ”

သွေးစများ လိမ်းကျံနေသော ဓားသွားသည် မိမိ၏ ရင်ညွန့်ဆီသို့ ဦးတည်ချိန်ရွယ်လာတော့မည်လားဟု ဒီပါခံစားလာရပြန်သည်။

“ကြည့်ပါဦး. . . သွေးစတွေဟာ မြင်မကောင်းပါဘူးကွယ်. . ဟင်. . ”

ဓားသွား၏ အောက်ဖက်ပုံလွှာ၏ ထောင့်တစ်နေရာတွင် တစ်စုံတစ်ခုကို တွေ့လိုက်သည်။ ထိုအရာကို ယခုမှပင် ဒီပါမြင်တော့သည်၊ ပုံလွှာ၏ အမည်။

“ဧကရီ. . . ”

“ဧကရီ. . . . တဲ့. . . ”

“ထိပ်ထားသခင်မ ကြွချီလာပြီ၊ ဟော့ အာကာရဠခန်းမလယ်မှာ ရပ်နေတာ ဘယ်သူလဲဟေ့၊ ထိပ်ထားသခင်မ ကြွမြန်းလာတဲ့လမ်းက ဖယ်ပါတော့လား”

ခန်းမဆောင်၏ အခြားမုခ်ပေါက်ဆီမှ အမိန့်ပေးသံတစ်ခု ထွက်ပေါ်လာသည်။

ရွှေရောင်ချပ်ဝတ်များကို ဝတ်ဆင်ထားသည့် ရဲမက်များ။

ရဲမက်များကို လှမ်းမြင်လိုက်ရသော်လည်း ဒီပါသည် ‘ဧကရီ’ရှေ့မှ မခွာမိ။ ရဲမက်တို့ အော်ပြောသော အမိန့်သံကိုလည်း သဲသဲကွဲကွဲ မကြားမိ၊ သူ၏ အာရုံတို့သည် ‘ဧကရီ’တွင် စူးနစ်မြုပ်ဝင်နေသည်။

http://www.cherrythitsar.org



"ဟော့ ပြောတာ မကြားဘူးလား၊ ထိပ်ထားသခင်မ ကြွလာတဲ့လမ်းမှာ ဘယ်က ဇနပုဒ်အရိုင်းအစိုင်းသား ရောက်နေတာလဲ၊ သွားစမ်း. . . ဖယ်စမ်း"

လေထဲသို့ ကြာပွတ်ဖျော့ရမ်းသံကို ကြားလိုက်ရသည်။

ဒီပါ လှည့်ကြည့်လိုက်သည်။ ကြမ်းတမ်း ခက်ထန်သော မျက်လုံးများကို တွေ့လိုက်ရသည်။ သို့သော် နေရာမှ မရွေ့လျားမိ၊ စကားပြန်လှန် မပြောဆိုမိ။

"တယ်. . . ခေါင်းမာတဲ့ ကောင်ပါလားဟော့၊ ဒီအကောင် ကြောင်တောင် ကန်းလား၊ နားပင်းနေတဲ့ ကောင်လား၊ ဆွံ့အနေတဲ့ ကောင်လား၊ ပြောမရလို့ ရှိရင် ကဲ. . . မဟိန္ဒကြာပွတ်အကြောင်း ပြလိုက်စမ်း"

"သိပ်ကြိုက်ပေါ့ တပ်မှူး. . . ဒါမျိုးဆို သိပ်ကြိုက်ပေါ့. . . ကိုင်း. . . "

"ရပ်လိုက်စမ်း. . . "

ကြာပွတ်သည် လေထဲတွင် ဖျော့ရမ်းရင်း ရပ်တန့်သွားသည်။ အောင်မြင် လေးနက်သော အမိန့်ပေးသံတစ်ခု ပေါ်လာပြန်သည်။ ထိုအခါမှပင် ဒီပါသည် ပုံလွှာတွင် စူးနစ်မြုပ်ဝင်နေသော သူ၏ အသိတရားတို့ကို ပြန်၍ရရှိလာတော့ သည်။

နန်းရင်းဝန်ကြီး ဗညားမွန်ထော်၏ မျက်နှာကို သူပထမဆုံး သတိပြု လိုက်မိသည်၊ ဗညားမွန်ထော်သည် သူ့ကို အံ့အားသင့်စွာ ကြည့်နေလေသည်။

"မင်း ဝိဟာရမှာနေတဲ့ ဒီပါ မဟုတ်လား"

"ဟုတ်ကဲ့. . . "

"မင်း ဒီအာကာရဠထဲမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော်. . . "

"ဘာဖြစ်နေကြတာလဲ နန်းရင်းဝန်ကြီး"

အပေါ်ဘက်ဆီမှ အသံတစ်သံ ပေါ်လာသည်။ ထိုအသံသည် ဂီတသံ နှင့် မုန်တိုင်းသံတို့ ရောစပ်နေသောအသံ ဖြစ်သည်။ ဒီပါ မော့ကြည့်လိုက် သည်။ ရွှေရောင်လက်သော ဝေါယဉ်။ ဝေါယဉ်ပေါ်တွင်ကား. . .

"ဧကရီ. . . "

အရှိန်အဟုန်ပြင်းသော စကားလုံးသည် ဒီပါ၏ ရင်ထဲမှ လွင့်ထွက် သွားသည်။ သို့သော် အသံကား ပကတိ တိုးတိတ်ညင်သာနေသည်။

ပုံလွှာထဲမှ ဧကရီသည် ဒီပါကို စူးရှစွာ ငုံ့ကြည့်နေသည်။

"ဟုတ်ပါတယ်. . . ဧကရီပါ. . . ဆန့်ကျင်ဘက်တို့ ရောပွမ်းနေတဲ့

http://www.cherrythitsar.org



အလှတရားပါ၊ ကျုပ်သိပါတယ်၊ ဒီဆံပင်၊ ဒီမျက်ခုံး၊ ဒီမျက်လုံး၊ ဒီလည်တိုင်၊ ဒီပခုံးစွန်း”

နှုတ်မှအသံ မထွက်တော့သော်လည်း ဒီပါ၏ ရင်ထဲတွင်မူကား စကားလုံးများသည် အရှိန်ပြင်းစွာ လှည့်ပတ်နေကြလေသည်။

“သူက ဘယ်သူလဲ နန်းရင်းဝန်ကြီး. . . ”

“ဟို. . . အရှင်ဓမ္မညာဏ သီတင်းသုံးတဲ့ မှော်ဝန်းမြစ်ကမ်းဘေးက ဝိဟာရမှာနေတဲ့ သူငယ်လေးပါ ထိပ်ထား၊ သူ အရှင်ဓမ္မညာဏနဲ့အတူ လိုက်ပါလာတာ ဖြစ်ပါလိမ့်မယ်၊ ဟုတ်လားဟေ့. . . ဒီပါ”

“ဟုတ်ကဲ့”

“အံမာ- ဟုတ်ကဲ့တဲ့၊ တယ်လာတဲ့လူ နန်းရင်းဝန်ကြီးကိုများ ဟုတ်ကဲ့တဲ့ ဇနပုဒ်က အရိုင်းအစိုင်းနဲ့ တူပါတယ် ဟား. . . ဟား. . . ဟား”

“ကဲ. . . ကဲ သွားကြပါစို့ နန်းရင်းဝန်ကြီး သွားကြစို့”

“မှန်ပါဘုရား. . . ”

ဝေါယာဉ်သည် သူ့ရှေ့မှာပင် ဖြတ်သွားလေသည်။ ကြာပွတ်ကိုင် ရဲမက်က ရင်ဘတ်ကို တွန်းဖယ်လိုက်သဖြင့် ဒီပါ နောက်သို့ ဆုတ်လိုက်ရသည်။ သို့သော် ရဲမက်ကို သူမကြည့်အား။ ဝေါယာဉ်ပေါ်မှ ‘ဧကရီ’၏ နောက်ကျောပြင်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ တဖြည်းဖြည်းဝေး၍ . . . အာကာရဋ္ဌထဲမှ ထွက်ခွာ ပျောက်ကွယ်သွားသည်အထိ။

ပန်းချီကျော်တို့၏ ပုံလွှာများဖြင့် ခမ်းနားစည်ပင်နေခဲ့သော အာကာရဋ္ဌသည် ရုတ်ခြည်းညှိုးမှိန် ဖြော့တော့သွားသည်ဟု ဒီပါထင်လိုက်သည်။ ပုံလွှာတို့၏ ဆေးရောင်နှင့်ကွေးကောက် လိန်ယှက်နေသော မျဉ်းအရေးအကြောင်းတို့သည်လည်း ခန်းမဆောင်အတွင်း၌ ခြောက်သွေ့စွာ ကျန်ရစ်ခဲ့ကြပြီ။ ရှင်သန်ထကြွနေခဲ့သော အနုပညာ အငွေ့အသက်တို့သည်လည်း ခန်းမဆောင်၏ အခြားတစ်ဖက်သော မုခ်ပေါက်ဆီသို့ စုဝေးလိုက်ပါသွားကြကုန်ပြီ။

“ရွှန်းလဲ့တဲ့ မျက်လုံးတွေဟာ အပြင်မှာလဲ တကယ့်ကို အေးစက်မာကြောနေကြပါလား၊ ပြုံးရောင်သန်းတဲ့ နှုတ်ခမ်းမြွာတွေကလဲ အပြင်မှာ တကယ့်ကို တင်းမာနေကြပါလား. . . ‘ဧကရီ’ထဲက ဧကရီရဲ့ ဆန့်ကျင်ဖက်တို့ ပေါင်းဆုံနေသော အလှကို ကျုပ်မအံ့ဩတော့ဘူး. . . လောကမှာ အဲဒီလို အလှမျိုး တည်ရှိတယ်ဆိုတာကို ကျုပ် ယုံလိုက်ပြီ ဧကရီရေ. . . ”

http://www.cherrythitsar.org



ဒီပါ၏ ရေရွတ်နေသံသည်၊ အာကာရဌထဲရှိ ပုံလွှာများကို ကျော်ဖြတ်၍ စိမ်းညို့သော နံရံကို ရိုက်ခတ်နေလေသည်။

"ကေရီရယ်. . . မင်းဟာ မဟာအလှပါပဲ၊ ဒါပေမယ့် မင်းရဲ့ အလှထဲမှာ စူးဝင်နေတဲ့ အေးစက်မာကြောခြင်းတွေကို မင်းဖယ်ခွာပစ်လိုက်ပါလား. . . အို ဒါဟာလဲ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲလေ မင်းဟာ ပါဒနန်းတော်ရဲ့ နန်းရင်းဝန်ကြီးတစ်ဦးကတောင်မှ အရှင်မလို့ ခေါ်ခြင်းခံရသူ ဖြစ်နေတယ် မဟုတ်လား . . . ကြီးကျယ် ခမ်းနားလွန်းခြင်းဆိုတဲ့ အရာကို မင်းရဲ့ အလှထဲက ဘယ်တော့မှ ဖယ်ရှားပစ်လို့ ရမှာမဟုတ်တော့ပါဘူး. . . "

အာကာရဌ၏ အတွင်းဘက်တွင် ပုံလွှာများစွာ ရှိနေသေးသည်။ သို့သော် ဒီပါသည် အတွင်းဘက်သို့ ဆက်၍ မသွားတော့ပေ။ ကေရီရှေ့မှခွာ၍ အခြားတစ်နေရာသို့ ဆက်လက်ထွက်ခွာသွားရန် သတိမရတော့ပေ။

"ကေရီပုံလွှာဟာ တကယ့်ကို ဂုဏ်မြောက်တဲ့ အနုပညာ လက်ရာပေပဲ ဒါပေမယ့် တစ်ခုခုလိုနေသေးတယ်ဆိုတာ ကျုပ်အခုသိလိုက်ပြီ ဟုတ်တယ် တစ်ခုခုလိုနေသေးတယ် အပြင်မှာ သက်ရှိထင်ရှားရှိတဲ့ ကေရီကို ကျုပ်တွေ့လိုက်ရတော့မှ ဒါကို ကျုပ်နားလည်လာတော့တယ်. . . ဒီမှာကေရီ. . . မင်းမှာ အလှတရားနဲ့ ရက်စက်မှုဆိုတဲ့ အရာနှစ်ခု ပေါင်းဆုံပါဝင်နေတဲ့ အလှရှိနေတယ် မဟုတ်လား. . . ဒါပေမယ့်. . . နောက်ထပ်တစ်ခုရှိသေးတယ်၊ နောက်ထပ်တစ်ခု တတိယမြောက် တစ်စုံတစ်ခုရှိနေသေးတယ်၊ အဲဒီတစ်စုံတစ်ခုကို မင်းရဲ့ မျက်လုံးတွေထဲမှာ စောစောက ငါတွေ့လိုက်ရပါတယ် မင်းမှာ ရက်စက်တင်းမာခြင်းဆိုတာတွေ ရှိနေပေမယ့် တကယ်တော့ မင်းဟာ မိန်းမသားတစ်ဦးပဲ ဖြစ်တယ်မဟုတ်လား မင်းဟာ ဘာပဲဖြစ်ဖြစ် မိန်းမသား၊ နုပျိုတဲ့ မိန်းမသား၊ မိန်းမသားရဲ့ အသည်းနှလုံးဟာ . . . ကျားခြင်္သေ့တို့ရဲ့ နှလုံးသားတော့ မဖြစ်နိုင်ဘူး၊ ဒါကို ကျုပ် သိပါတယ်"

အကယ်၍သာ. . . အာကာရဌထဲသို့ ဝင်ခဲ့သည့် ဉယျာဉ်တော်ဘက် မုခ်ပေါက်သို့ ဒီပါပြန်လှည့်သွားလိုက်လျှင်၊ နန်းတော်ခန်းမဆောင်ဆီမှ ဘိသေကသဘင်၏ ဆူညံသော အသံများကို ကြားနိုင်မည် ဖြစ်လေသည်။ သို့သော် ဒီပါကား 'ကေရီ'ရှေ့မှောက်မှ မခွာသေးပေ။

"အင်း . . . အလှတရားရယ် ရက်စက်မာကြောမှုရယ် ပြီးတော့ နောက်ထပ် တစ်စုံတစ်ခု၊ အဲဒီတစ်စုံတစ်ခုဟာ ဘာလဲဆိုတော့ ကျုပ်

http://www.cherrythitsar.org



ထုတ်ဖော်ပြောဖို့ မစွမ်းသာဘူး ဧကရီ တကယ်လို့ မင်းရဲ့ ပုံလွှာကို ကျုပ် ရေးဆွဲရရင်တော့. . .”

ထိုအခိုက်မှာပင် ဒီပါသည် သူ၏ အနုပညာကို သူပြန်၍တွေ့ရှိသွားသည်။ အခိုက်အတန့်မျှ ရပ်တန့်နေခဲ့သော အနုပညာ၏ စီးဆင်းလှည့်ပတ်နေမှုတို့သည် သူ့တစ်ကိုယ်လုံးတွင် ပြန်လည်လှုပ်ရှား လူးလွန့်လာသည်။

“အို. . . ကြည့်စမ်း ကျုပ် ဘာကြောင့် ဒါကို စောစောက မတွေးမိတာလဲဟင်. . . မင်းကို မြင်လိုက်ရစဉ်က မင်းရဲ့ ပုံလွှာကို ကျုပ်ရေးမယ်လို့ ဘာကြောင့် ကျုပ် စိတ်မကူးခဲ့မိတာလဲ ဟင် ရေးရမှာပေါ့. . . ရေးရမှာပေါ့. . ကျုပ်ဟာ ပုံလွှာရေးတဲ့သူပဲ မင်းပုံလွှာကိုလဲ ကျုပ်ရေးရမှာပေါ့ ဒါပေမယ့် မင်းကို ကျုပ် တစ်ကြိမ်ထပ်ပြီး တွေ့လိုသေးတယ် ဧကရီပုံလွှာတူရေးမယ့် မျက်လုံးတွေနဲ့ မင်းကို ကျုပ်ထပ်ပြီး ကြည့်ချင်သေးတယ်၊ ကျုပ်ရေးရရင်တော့ မင်းရဲ့ အလှမှာ ရှိနေတဲ့ နောက်ထပ် တစ်စုံတစ်ခုကို ကျုပ် တွေ့ရှိနိုင်မှာပဲ. . .”

နန်းတော် ခန်းမဆောင်ဆီမှ ခရုသင်းသံများ အာကာရဋ္ဌခန်းမထဲသို့ ဝင်ရောက်လာသည်၊ ကောင်းချီးဩဘာပေးသံများကို ဒီပါ ပီပီသသ ကြားလိုက်ရသည်။

“နောက်ထပ်တစ်ကြိမ်ထပ်ပြီး တွေ့ဆုံကြသေးတာပေါ့. . . ဧကရီ၊ ဒီ အာကာရဋ္ဌထဲမှာပဲ ဖြစ်ဖြစ်၊ တစ်နေရာမှာပဲ ဖြစ်ဖြစ်၊ အဲဒီတစ်ခါကျရင်တော့ မင်းရဲ့အလှကို ကျုပ်ရဲ့ ပုံလွှာရေးတဲ့ လက်တွေနဲ့ သေသေချာချာကြီး စိပ်ဖြာခွဲခြမ်းနိုင်လိမ့်မယ်၊ အင်း တစ်ခုတော့ရှိတယ်လေ. . . အဲဒီအခါမှာ မင်းသာ ခုနတုန်းကလို ရွှေဝေါယာဉ်ပေါ်မှာ ရှိမနေဖို့လိုတယ်. . .”

ဝင်လာခဲ့သည့် မုခ်ဝသို့ ဒီပါ ပြန်ထွက်လာခဲ့သည်။ ခန်းမဆီမှ ကောင်းချီးဩဘာသံများနှင့် ခရုသင်းမှုတ်သံများကို ပို၍ ကျယ်လောင်စွာ ကြားလိုက်ရသည်။

ဒီပါသည် ‘ဧကရီ’ ရှေ့မှ ထွက်ခွာလာသည့် အချိန်ထိ တစ်ခုခုကို မေ့လျော့နေခဲ့လေသည်။ သို့သော် သူမေ့လျော့သည့်အရာကို သူကိုယ်တိုင်ပင် သတိမထားခဲ့မိပေ။ ‘ဧကရီ’ကို ရေးဆွဲသော ပန်းချီကျော်၏ အမည်ကို သူ ဖတ်ရှုမသွားခဲ့။ အကယ်၍သာ ထိုအရာကို သူမေ့လျော့သွားခြင်း မရှိခဲ့ပါက ‘ဧကရီ’၏ ညာဘက်ထောင့် အောက်ဘက်တစ်နေရာမှ. . .။

“ပန်းချီကျော် နိန္ဒရေးဆွဲ ပူဇော်သည်”ဟူသော စာလုံးများကို သူတွေ့ရ

http://www.cherrythitsar.org



မည်ဖြစ်လေသည်။

နန်းတော် ခန်းမဆောင်အတွင်းသို့ ဒီပါပြန်၍ မဝင်နိုင်တော့ပေ။ နန်းတွင်းသူ၊ နန်းတွင်းသားတို့ဖြင့် ပြည့်ကြပ်နေသော ခန်းမဆောင်သည် လှိုင်းလုံးတို့ဖြင့် အတိပြီးသော ပင်လယ်ရေပြင်လို ဖြစ်နေသည်။

ဘိသေကသဘင်လည်း ပြီးစီး အောင်မြင်သွားပြီ ဖြစ်သည်။

သုခမုခ နန်းစောရှင်၏ ဦးခေါင်းတွင် ရွှေရောင်မကိုဋ်တစ်ခု ဆင်မြန်းထားပြီး ဖြစ်သည်။ မင်းသားငယ်သည် ဟစ်အော်ကြွေးကြော်နေသည့် လူများကိုကြည့်ရင်း ပြုံးရယ်နေသည်။ အမြဲတစေ ခက်ထန်မောက်မာနေသော အမူအရာများပင် သူ့မျက်နှာပေါ်မှ ပျောက်ကွယ်နေသည်။ ဘိသေကသဘင်၏ နိဂုံးချုပ်တွင် သုခမိန်ချုပ် 'ဓနဥယ' ပြောခဲ့သည့် နောက်ဆုံးစကားလုံးများက သူ့နားထဲမှ မထွက်သေးပေ။

"သုခမုခနန်းစောရှင်သခင်သည် ယခု ဘိသေကသဘင်မှစ၍ သမိန်စက္ကဝတ်ဟူသော နာမကို ခံယူအပ်ပေပြီ။ သခင်သည် သမိန်စက္ကဝတ် ဖြစ်ခဲ့ပေပြီ"

သလွန်ပေါ်တွင် ထိုင်နေသည့် အစ်မတော်ကို လှမ်းကြည့်၍ မင်းသားငယ်သည် နှစ်ခြိုက်စွာ ပြုံးပြလိုက်သည်။ အစ်မတော်ကို အထူးတလည် ကျေးဇူးတင်နေမိသည်။ စင်စစ် သီလဝါကျွန်း စစ်ပွဲကို တိုက်ခိုက်အောင်မြင်ခဲ့သည်မှာ သုခမုခနန်းစောရှင်နှင့် အစ်မတော်တို့နှစ်ဦး ဖြစ်သည်။ သမိန်စက္ကဝတ်ဘွဲ့ကိုလည်း နှစ်ဦးပူးပေါင်းခွဲဝေ၍ ခံယူရမည်သာ ဖြစ်သည်။

သို့သော်. . ယခုမူ သုခမုခနန်းစောရှင် တစ်ဦးတည်းသာ သမိန်စက္ကဝတ်ဘွဲ့ကို အပြည့်အဝခံယူသွားနိုင်ခဲ့သည်။

သုခမုခနန်းစောရှင်သည် ကျောတွင် စလွယ်သိုင်းထားသော လေးကိုင်းကို ပွတ်ရင်း သလွန်ဘက်သို့ လှမ်းပြောနေသည်။

"နေစမ်းပါဦး အစ်မတော်ရဲ့၊ ဘာကြောင့် သမိန်စက္ကဝတ်ဘွဲ့ကို နန်းစောရှင်သာ ခံယူလို့ ပြောခဲ့တာတုန်း. . ."

"အစ်မတော်အတွက် စစ်သူရဲကောင်းဘွဲ့ဆိုတာ မလိုဘူး နန်းစောရှင်၊ ဒီဘွဲ့ဟာ ယောကျ်ားတွေနဲ့သာ ထိုက်တန်တယ်၊ မိန်းမတွေ ခံယူအပ်တဲ့ ဘွဲ့ မဟုတ်ဘူး၊ တကယ်လို့ မိန်းမတွေ ခံယူအပ်တယ်ဆိုလဲ အစ်မတော် လက်မခံပါဘူး. . ."

http://www.cherrythitsar.org



"အော်. . . အော်. . . ကျုပ် နားလည်ပြီ၊ အစ်မတော်မှာ ပါဒနန်းတော် တစ်ခုလုံး အလိုအလျောက် အပ်နှင်းထားတဲ့ ထိပ်ထားဧကရီဆိုတဲ့ဘွဲ့ ရထားပြီ မဟုတ်လား ဟား. . . ဟား. . . ဟား. . . "

ဒီပါသည် နန်းတော်ခန်းမဆောင်သို့ဝင်သော စင်္ကြံလမ်းမှ ရှေ့သို့ ဆက်၍ တိုးဝင်မရနိုင်တော့ပေ။ ပါဒနန်းတော် ရဲမက်အစုများသည် တစ်စု ပြီး တစ်စု စင်္ကြံလမ်းကို ဖြတ်သွားနေကြသည်။ ဆရာတော် အရှင်ဓမ္မညာဏ ရှိရာသို့ ပြန်သွား၍လည်း မရတော့၊ လှိုင်းလုံးများလို တစ်စုပြီးတစ်စု ဖြတ်သန်း နေသည့် လူအုပ်ကြီးကို ကြည့်ရင်း ဒီပါသည် ဝိဟာရမှ သူ့အခန်းသို့သာ ပြန်သွားချင်နေသည်။ သို့သော် ဝိဟာရသို့ပြန်သွားရန်အတွက် တစ်ခုခုက သူ့ခြေလှမ်းများကို တုပ်နှောင်ထားပြန်သည်။

'ဧကရီ'ကို တစ်ကြိမ်ထပ်၍ တွေ့လိုသေးသည်။

ပုံလ္ဘာရေးသော မျက်လုံးများဖြင့် ဧကရီကို ကြည့်လိုသေးသည်။

"အမောင်. . . "

စင်္ကြံလမ်း၏ ကျောက်ဖြူသားတိုင်တစ်တိုင် နောက်ကွယ်မှ အသံ တစ်ခုထွက်ပေါ်လာသည်။

ပြုံးရယ်နေသော မိတနော်၏ လှပသော မျက်နှာပေါ်လာသည်။

"အမောင့်ကို မိတနော် လိုက်ရှာနေတာ. . . "

"အာကာရဋ္ဌက အခုပဲ ပြန်ရောက်လာတယ်လေ. . . "

"ဟုတ်လား၊ အာကာရဋ္ဌထဲမှာ အမောင် ပုံလ္ဘာတွေ အများကြီး တွေ့ခဲ့ တယ် မဟုတ်လား၊ အမောင် သဘောကျတယ် မဟုတ်လား. . . "

"ဧကရီ"အကြောင်းကို ပြောပြမည်ဟု စိတ်ကူးလိုက်ပြီးမှ ချက်ချင်းပင် ပြန်၍ မြိုသိပ်လိုက်သည်။

"အမောင် ဘာတွေစဉ်းစားနေသလဲ၊ မိတနော်ရဲ့ ပုံလ္ဘာတူကော. . . "

"ဘယ်ဟာလဲ"

"ဟင်. . . ဇမ္ဗူဒီပ တောင်ကုန်းမှာတုန်းက အမောင် ပြောခဲ့တဲ့ ပုံလ္ဘာ လေ. . . "

"အော်. . . ကျုပ် ရေးပြီးပြီ မိတနော်၊ ဒါပေမယ့် စိတ်တိုင်းမကျသေးဘူး၊ နည်းနည်းထပ်ဖြည့်ချင်သေးတယ်. . . "

"ရေးပြီးပြီ ဟုတ်လား၊ မိတနော် သိပ်ဝမ်းသာတာပဲ အမောင် သိပ်တော်

http://www.cherrythitsar.org



တာပဲနော်၊ အမောင် ပါဒနန်းတော်ကို လာနေပါလား. . . ဟင် အမောင်လေ ပါဒနန်းတော်မှာဆိုရင် ပန်းချီကျော် ဖြစ်မှာပါ. . . ”

ရဲမက်အစုတစ်စု သူတို့ရှေ့သို့ ရောက်လာသည်။ ရဲမက်အစု၏ ရှေ့ဆုံးမှ လိုက်လာသူကား ပါဒနန်းတော်တွင်း အသက်အကြီးဆုံး တပ်မှူးကြီး သမိန်ဖြတ်ဇဖြစ်လေသည်။ မိတနော်သည် ရုတ်တရက် ကျောက်ဖြူသားတိုင်လုံး နောက်သို့ ပုန်းကွယ်လိုက်သည်။ ရဲမက်အစု လွန်သွားပြီးမှ တိုင်လုံး နောက်ကွယ်မှ ပြန်၍ထွက်လာသည်။

“မိတနော် ဘာဖြစ်သွားတာလဲ. . . ”

“အို. . . ဟို. . . တပ်မှူးကြီးပါ၊ သူ့ကိုကြောက်လို့. . . ”

“ဘယ်သူလဲ၊ ဘယ်က တပ်မှူးကြီးလဲ. . . ”

“ဟိုမှာ. . . ”

မိတနော် သမိန်ဖြတ်ဇကို ညွှန်ပြလိုက်သည်. . . ။ သို့သော် နောက်ထပ် ရဲမက်အစုတစ်စု ဖြတ်သွားသဖြင့် တပ်မှူးကြီး သမိန်ဖြတ်ဇကို ဒီပါမမြင်လိုက်ရတော့ပေ၊ အကယ်၍ ရဲမက်တစ်စုစု ဖြတ်မသွားသည်ပင် ဆိုစေဦး တပ်မှူးကြီး သမိန်ဖြတ်ဇသည် ဒီပါ၏ ရှေ့မျှောက်တွင် ရပ်နေသည်ပင် ဆိုစေဦး တပ်မှူးကြီး သမိန်ဖြတ်ဇကို ဒီပါမြင်မည်မဟုတ်တော့. . . ။

ရွှေဝေါယာဉ်သည် ခန်းမဆောင်အတွင်းရှိ လူများအပေါ်မှ ကဲမိုးနေသည်။ ရွှေဝေါယာဉ် ဖြတ်သွားရာ နေရာတိုင်းတွင် နန်းတော်သားတို့ ဒူးတုပ်နေကြသည်၊ ဇကေရီကို တွေ့ရပြန်ပေပြီ။

“အမောင်. . ဘာတွေများ. . အော်. . . နှင်းဟေမာ ထိပ်ထားပါလား”

“ဘယ်သူ. . . ဘာ. . . မိတနော်. . . ”

“နှင်းဟေမာလေ. . . နှင်းဟေမာထိပ်ထား၊ အရှင့်သား နန်းစောရှင်ရဲ့ အစ်မတော်ပေါ့. . . ”

“နှင်းဟေမာ. . . တဲ့လား. . . ”

“အင်းလေ. . . နတ်ရွာစံ ရာဇာစောနောင် ဘုရင်ကြီးရဲ့ သမီးတော်. . ”

ရွှေဝေါယာဉ်သည် စင်္ကြံတစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ စင်္ကြံလမ်း အကွေ့သို့ ရွှေဝေါယာဉ်ချိုးကွေ့ဝင်သွားသည့် တဒင်္ဂမြင်ကွင်းသည် ရုတ်ခြည်းပင် ဒီပါ၏ ရင်ထဲသို့ စူးနစ်ဝင်ရောက်သွားလေသည်။

စင်္ကြံလမ်းကွေ့ နံရံတွင် ချိတ်ဆွဲထားသည့် ကညင်ဆီမီးတိုင်မှ မီးရောင်

http://www.cherrythitsar.org



သည် ဝေါယာဉ်ပေါ်မှ 'ကေရီ'၏ မျက်နှာပေါ်သို့ လေတွင် လွင့်နေသော တိမ်ရိပ်တစ်ခုသဖွယ် ဖြတ်သန်းသွားသည်။ ကေရီ၏ မျက်နှာပြင်မှ နူညက်ခြင်း အဆင်းကို အဝေးမှပင် ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ လည်တိုင်မှ ပုလဲ သွယ်နှင့် ပခုံးတွင် ဖြန့်ကျက်ထားသော ရတနာ ကမ္ဗလာတို့သည် ရုတ်တရက် ပြိုးပြက်သွားကြသည်။ ထို့ထက် ဝေါယာဉ်၏ ရှေ့တူရူဆီသို့သာ မမှိတ်မသုန် ကြည့်နေသော၊ ဝဲယာထက်အောက်သို့ စောင်းငဲ့၍ကြည့်မနေသော ကေရီ၏ မျက်လုံးများက ပို၍ ကွန့်မြူး တောက်ပနေကြသည်။ အလှတရားသည် အချိန် တိုင်းတွင် မာန်မာနကို ဆင်ယင်ထားနေသည်။

"ကေရီရဲ့ ပုံလွှာကို ငါ ရေးလို့ရပြီ"

"ဘာလဲဟင်၊ အမောင်. . . ဘာကို ရေးလို့ရပြီလဲ"

"ကေရီရဲ့ ပုံလွှာ. . . "

"ဘယ်ကေရီလဲ. . . "

မိတနော်ဘက်သို့ ပြန်လှည့်လိုက်သည်။ ဒီပါ၏ မျက်နှာမှာ ထူးထူး ခြားခြား တည်ငြိမ်သွားသည်ဟု မိတနော် သတိထား လိုက်မိလေသည်။

"မင်း. . . မသိပါဘူး။ ပန်းချီရေးဆွဲတဲ့ လူတစ်ယောက်ရဲ့ အာရုံကို မင်းမသိဘူး မိတနော်"

ဒီပါ၏ အသံသည်လည်း ရုတ်တရက်ပင် စိမ်းကားသော အသံဖြစ်သွား သည်။ မိတနော်သည် စကြ်ံလမ်း၏ ကျောက်ဖြူတိုင်လုံးမှ ပန်းကနုတ်များကို အယောင်ယောင် အမှားမှား ဆုပ်ကိုင်သွားမိလေသည်။ ထို့နောက် မသိမသာ တုန်ယင်နေသော အသံဖြင့် ဒီပါကို စေ့စေ့ကြည့်ရင်း ပြောသည်။

"ပန်းချီရေးတဲ့ လူတစ်ယောက်ရဲ့ အာရုံကို မိတနော်လဲ မသိပါဘူး၊ သိလဲ မသိချင်ပါဘူး အမောင်. . .၊ ဒါပေမယ့် ဒီပါဆိုတဲ့ လူတစ်ယောက်ကို တော့ မိတနော် သိချင်ပါတယ် အမောင့်ကိုတော့ မိတနော် သိလဲသိပါတယ်"

"ဘာတွေပြောတာလဲ မိတနော်၊ ကျုပ်နားမလည်ဘူး၊ အဲဒါတွေ ထားလိုက်စမ်းပါ၊ ခုနက ရွှေဝေါယာဉ်ပေါ်မှာ ပါသွားတဲ့သူဟာ ရာဇာစောနောင် ဘုရင်ကြီးရဲ့ သမီးတော် နှင်းဟေမာတဲ့လား. . . ဟုတ်လား. . . "

"ဟုတ်တယ်. . . အမောင်၊ နှင်းဟေမာတဲ့. . . "

"နှင်းဟေမာ မဟုတ်ပါဘူး၊ သူဟာ ကေရီပါ"ဟု ဒီပါ စိတ်ထဲမှ ရေရွတ် နေမိသည်။

ရတနာပုံစာအုပ်တိုက်

http://www.cherrythitsar.org



"အမောင်. . ."

"ဘာလဲ မိတနော်. . ."

"မိတနော် ပုံလွှာတူ နက်ဖြန်ရမလား. . . ဟင်၊ အမောင် ဒီနန်းတော်ကို မလာပါနဲ့၊ မိတနော် ဇေယျာဒီပ တောင်ကုန်းကို လာခဲ့ရမလား"

"ဇေယျာဒီပကိုမလာနဲ့ မိတနော်၊ ဝိဟာရကိုပဲ လာခဲ့၊ ဝိဟာရမှာ ကျုပ်ရှိနေမယ်"

မိတနော်၏ ဆံစများနှင့် ငွေခြည်ပုဝါမြိတ်တို့ လေတွင် လွင့်ဝဲနေပုံကို မကျေနပ်နိုင်သေး၍ ဇေယျာဒီပတောင်ကုန်းဆီကို သွားမည်ဟု ကြံစည်ထားခဲ့သော စိတ်ကူးများ ပျက်ပြယ်သွားသည်ကို ဒီပါသည် မိမိကိုယ် သတိမထားလိုက်မိပေ။

"ကောင်းပြီ. . . အမောင်၊ နက်ဖြန် မိတနော် ဝိဟာရကို လာခဲ့မယ်"

"ကောင်းပြီလေ၊ ဘိသေကလဲ ပြီးသွားပြီ၊ ကျုပ် ပြန်မယ်၊ ဆရာတော်ကိုလဲ မတွေ့ရတော့ဘူး"

ဒီပါလှည့်ထွက်လာခဲ့သည်။ ကျောက်ဖြူတိုင်လုံးမှ ပန်းကနုတ်များကို ဆုပ်ကိုင်ထားဆဲ ဖြစ်သော မိတနော်က ခပ်တိုးတိုးမှာနေလေသည်။

"ပုံလွှာတူနော်. . . အမောင်၊ မိတနော်ရဲ့ ပုံလွှာတူ. . ."

* * *

"ပါဒနေပြည်တော် တစ်ဝှမ်းလုံးမှာ ဘုရားစေတီတွေနဲ့ချည်း ပြည့်နေစေချင်သလား. . . ရပါတယ်၊ ပါဒနိုင်ငံတော်သားတွေကို နေ့စဉ်နဲ့အမျှ ဘုရားတည်တဲ့ အလုပ်နဲ့ပဲ အချိန်ကုန်စေချင်သလား. . . ဖြစ်ပါတယ်၊ ဒါဟာ သိပ်ခဲယဉ်းတဲ့ ကိစ္စမဟုတ်ပါဘူး၊ ဒီမှာ နန်းရင်းဝန်ကြီး၊ ကျုပ် ခမည်းတော်က စပြီး အစဉ်အဆက်ကို ရေတွက်ကြည့်စမ်း၊ ဘကြီးတော် ဟံသာသေနမင်းကြီး၊ ဘိုးတော် မြတ်စောနောင်မင်းကြီး၊ ပြီးတော့ ဘိုးတော်ကြီး နရသေနမင်း. . .

သမိန်စက္ကဝတ်ဘွဲ့ခံ နန်းစောရှင်၏ အသံသည် နန်းတော်ရင်ပြင်တွင် ဟိန်း၍ ထွက်နေသည်။ နန်းစောရှင်မှတစ်ပါး ကျန်အမှုးအမတ် အားလုံးသည် နားထောင်သူများချည်း ဖြစ်နေသည်။

". . . သီလဝါကျွန်း သူပုန်သူကန်လို စစ်မက်အရေးပေါ်လာတော့၊ ဘယ်သူ ဘာတတ်နိုင်ကြသေးသလဲ၊ ဘုရားတည်နေတဲ့ လက်တွေဟာ သူပုန်ရဲ့ လည်မျိုကို ချိန်ရွယ်ပစ်လွှတ်ဖို့ လေးနဲ့မြားတံကို မကိုင်နိုင်ကြတော့ဘူး မဟုတ်

http://www.cherrythitsar.org



လား၊ ကျုပ်နဲ့ အစ်မတော်တို့သာ ဒီအရေးကို ဦးမဆောင်ရင် ဒီ ပါဒနန်းတော် ထဲက ဘယ်ဘုရားဒါယကာ၊ ဘယ်စေတီ ဒါယကာ ထွက်လာမလဲ"

သုခမုခ နန်းစောရှင်၏ ပျို့ရွယ်သော မျက်နှာပြင်သည် နီရဲနေသည်။ တပ်မှူးကြီး သမိန်ဖြတ်ဇကား ခေါင်းငိုက်စိုက်ချလျက် ကျောက်ရုပ်တု၏ ငြိမ်သက်ခြင်းမျိုးဖြင့် ရပ်နေသည်။ နန်းရင်းဝန်ကြီး ဗညားမွန်ထော်သည်လည်း နန်းတော်၏ ကျောက်သားရင်ပြင်မှ မျက်နှာမခွာတော့။ ကျန်တပ်မှူးများနှင့် အမှူးအမတ်တို့သည်လည်း နန်းစောရှင်ကို မကြည့်ဘဲ မိမိတို့၏ ရှေ့တူရူဆီသို့သာ မမှိတ်မသုန် ငေးငိုင်နေကြသည်။

"သီလဝါကျွန်းစစ်ပွဲ အောင်မြင်မှုရဲ့ အောင်ပွဲအဖြစ် ဘုရားစေတီတစ်ဆူ တည်သင့်ပါသည်"ဟု ဗညားမွန်ထော်က ညီလာခံ စတင်ပြုလုပ်သည့် အချိန်တွင် သုခမုခနန်းစောရှင်အား အကြံပေးတိုက်တွန်းခဲ့သည်။ "ဘုရားစေတီ တည်ဖို့ တကယ်လိုအပ်နေသလား"ဟု နန်းစောရှင်က မေးသောအခါ ပုထိုးစေတီတည်ဆောက်မှုတွင် အဦးအစီး တာဝန်ယူရသော အမတ်က နာခံတော် တစ်ဦးထံမှ ပုရပိုက်ကို ယူပြီး၊ ပါဒဘုရင် အစဉ်အဆက် တည်ခဲ့သည့် ဘုရားစေတီများ၏ မော်ကွန်းကမ္ပည်းကို ဖတ်ကြားလိုက်သည်။

သုခမုခနန်းစောရှင်သည် အမတ်၏ ဖတ်ကြားသံ မဆုံးမီမှာပင် ပြင်းထန်သော အသံဖြင့် အော်ငေါက်လိုက်သည်။ ထိုအချိန်မှစ၍ ညီလာခံသဘင်သည် နန်းစောရှင်၏ ဒေါသတို့ဖြင့်သာ လွှမ်းမိုးသွားခဲ့လေသည်။

"ဘုရားပုထိုးတွေနဲ့ ပြည့်နေတဲ့ ပါဒနိုင်ငံရဲ့ ပြင်ပကို လှမ်းကြည့်လိုက်ကြစမ်း၊ အရှေ့ဘက်မှာ အနောက်ဘက်မှာ မြောက်ဘက်မှာ အရပ်ရှစ်မျက်နှာ ဝန်းကျင်မှာ ယူဇနာပေါင်းများစွာ ဝေးကွာတဲ့၊ဟိုး . . မဇ္ဈိမဒေသက အသားမည်း နက်တဲ့ ရန်သူတွေဟာ ပါဒနိုင်ငံတော်ရဲ့ ဘုရားစေတီတွေရဲ့ထဲက ဌာပနာတွေကိုဖောက်ပြီး အထဲက ရတနာတွေကို လုယူဖို့၊ သိမ်းပိုက်ဖို့ ကြံစည်ကြိုးစားနေကြမယ်ဆိုတာကို မသိကြဘူးလား၊ ဒါကို မတွေးကြမိဘူးလား. . . ဟင်၊ ပြောကြစမ်းပါဦး"

"သမိန်စက္ကဝတ်ဘွဲ့ကို ခံယူပြီးတဲ့နောက်ပိုင်းမှာ နန်းစောရှင်က ပိုပြီး ခက်ထန်လာတယ်၊ သီလဝါကျွန်းစစ်ပွဲဟာ သူ့ရဲ့ ခက်ထန်မောက်မာမှုကို မီးမြှိုက်ပေးလိုက်သလို ဖြစ်သွားပါပကောလား"

နန်းရင်းဝန်ကြီးသည် ဖြူလွသော ကျောက်သားရင်ပြင်ကို ငေးကြည့်ရင်း

http://www.cherrythitsar.org



စိတ်ထဲမှ ရေရွတ်နေမိလေသည်။

"မဇ္ဈိမဒေသက အသားမည်းနက်တဲ့ ရန်သူတဲ့။ ပါဒနိုင်ငံတော်ရဲ့ ဘုရားစေတီပုထိုးတွေမှာ ဒီလို ပြင်းထန်တဲ့ ရန်သူတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ ဘယ်ဘုရင်လက်ထက်တုန်းကမှလဲ မသိခဲ့ရပါလား၊ ဘာမှလဲ မဖြစ်ခဲ့ပါလား၊ အင်း. . သမိန်စက္ကဝတ်ဟာ သူ့ရဲ့ ဆူပွက်နေတဲ့ စစ်သွေးကို အချည်းနှီး အသုံးချချင်လို့ မရှိတဲ့ အရေးကိစ္စကို အရေးတကြီး လုပ်နေတာပဲ၊ ခက်တယ်လေ သူကလဲ ရက်များမကြာမီမှာ ပါဒနိုင်ငံရဲ့ ဘုရင်ဧကရာဇ် ဖြစ်လာတော့မှာကိုး၊ ခက်ထန်မောက်မာပြီး စစ်သွေးတွေ ဆူနေတဲ့ အသက်နှစ်ဆယ် မပြည့်သေးတဲ့ မင်းပျိုတစ်ယောက်ရဲ့ အုပ်ချုပ်မှုအောက်မှာ ဘာတွေဖြစ်လာမလဲ မသိဘူး"

"မျက်နှာတွေ အောက်ငုံ့ပြီး မှိုင်တွေချမနေစမ်းပါနဲ့ ဒါဟာ ဘုရားတစ်ဆူတည်ပြီး ရေစက်ချတဲ့ ဓမ္မသဘင် မဟုတ်ဘူး၊ ဒါဟာ ရှင်ဓမ္မညာဏရဲ့ ဝိဟာရ မဟုတ်ဘူး၊ သမိန်စက္ကဝတ်ရဲ့ ညီလာခံ"

နန်းစောရှင်သည် ပလ္လင်ထက်မှ ဆင်းလာသည်။

ဗညားမွန်ထော်သည် ရီဝေသော၊ သို့သော် စူးရှနေဆဲဖြစ်သော မျက်လုံးများဖြင့် နန်းစောရှင်ကို မော့ကြည့်လိုက်လေသည်။

"အရှင့်သား၊ ဘုရားပုထိုးစေတီ တည်ဖို့ကိစ္စဟာ ပါဒနိုင်ငံသူ နိုင်ငံသားတွေအတွက် ပင်ပန်းဆင်းရဲတဲ့ တာဝန်တော့ မဖြစ်ကောင်းပါဘူး၊ ဒါပေမယ့် ဒီလိုကိစ္စမျိုးကို ခုနေခါမှာ မဆွေးနွေးသင့်သေးဘူး ထင်ပါတယ်၊ အရှင်ဗုဒ္ဓညာဏနဲ့ အရှင်ဓမ္မညာဏ မထေရ်မြတ်နှစ်ပါးကိုယ်တိုင် ဦးစီးဆွေးနွေးတိုင်ပင်မှသာ အရာရောက်ပြီးပြတ်မယ်လို့လဲ ထင်ပါတယ်"

သမိန်ပြတ်ဇနှင့် အခြားတပ်မှူးများ၊ အမှူးအမတ်များသည် ဗညားမွန်ထော်၏ စကားကို လက်ခံသဘောတူသည့် အသွင်ဖြင့် ငုံ့ထားကြသော၊ ငေးငိုင်နေကြသော မျက်နှာများ၊ မျက်လုံးများကို ပြန်၍ လှုပ်ရှားလိုက်ကြသည်။

"ကောင်းပြီလေ၊ နန်းရင်းဝန်ကြီး ပြောတာလဲ မဆိုးပါဘူး၊ ပြီးတော့ ကျုပ်ဟာ ပါဒနိုင်ငံတော်ရဲ့ အစဉ်အလာကိုတော့ မဖောက်ဖျက်ကောင်းဘူး မဟုတ်လား၊ ကဲ. . . ကောင်းပြီ၊ အခုပဲ ဝိဟာရကိုသွားကြစို့၊ ဒီလိုဘုရားတည်တဲ့ ကိစ္စမျိုးနဲ့ သမိန်စက္ကဝတ်ရဲ့ အချိန်တွေကို အချည်းနှီးအဖြစ် မခံနိုင်ဘူး၊ ကိုင်း. . . နန်းရင်းဝန်ကြီး. . . ဝိဟာရကို သွားဖို့ စီစဉ်ပါ. . . "

http://www.cherrythitsar.org



သမိန်ပြတ်ဇနှင့် ဗညားမွန်ထော်တို့သည် အလိုအလျောက်ပင် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်မိကြသည်။ ထိုမျက်လုံးနှစ်စုံတို့၏ အတွင်း၌ရှိသော အဓိပ္ပာယ်များသည် အသီးသီး အသက တူညီနေကြမည်ဟုလည်း နှစ်ဦးစလုံး နားလည်နေမိကြလေသည်။

* * *

မော်ဝန်းမြစ်သည် မိုးဥတုရာသီများမှတစ်ပါး ကျန်အချိန်များတွင် စိမ်းပြာသော ရေအလျဉ်ကို ပိုင်ဆိုင်သည့် မြစ်ဖြစ်သည်။

သို့သော် ယခုအခါသည် မိုးရာသီကာလ မဟုတ်ပါဘဲလျက် မော်ဝန်းမြစ်ရေပြင်သည် နောက်ကျိနေသည်။ စိမ်းပြာသော ရေအလျဉ်တို့အစား ညိုဝါသော၊ နီကြန်သော လှိုင်းတို့က နေရာယူထားကြသည်။ ကြည်လင်ခြင်းအစား၊ နောက်ကျိခြင်း ဝင်ရောက်နေသည်။ 'ဝိဟာရ'ကို ဝန်းဝိုက်ပတ်ခွေနေသော နေရာတွင်သော်မှ မော်ဝန်းသည် နီကြန်နောက်ကျိနေသည်။

ရှင်ဓမ္မညာဏသည် ဝိဟာရ၏ လေသာဆောင်မှ နေ၍၊ နောက်ကျိနေသော မော်ဝန်းမြစ်ရေပြင်ကို ကြည့်ရင်း မြစ်ညာရပ်ဆီသို့ ငေးမောနေလေသည်။ ကညင်ပင်တောအုပ်များရှိနေသဖြင့် မြစ်ညာရပ်ကို မမြင်နိုင်သော်လည်း ထိုနေရာရှိ မြင်ကွင်းကိုမူ ရှင်ဓမ္မညာဏ စိတ်ဝယ် မြင်ယောင်နေပေသည်။

"သမိန်စက္ကဝတ်"၏ အမိန့်တော်ဖြင့် ကျိုက်ခနေဂ်ဘုရား တည်ရန်၊ အလုပ်များနေကြသည့် ပါဒနိုင်ငံသူ နိုင်ငံသားများ. . . ။

တောအုပ်ကို ဖြိုလှဲ၍ အုတ်ဖုတ်နေကြမည်။ ဂဝံကျောက်တုံးများကို ကျောက်တောင်မှ ဖွဲ့ထုတ်နေကြမည်။ ထို့နောက် မော်ဝန်းမြစ်ကမ်းနဖူးတွင် အုတ်ဖုတ်ကြမည်။ ဘုရားအမှုတော်ထမ်း အစုတို့သည်လည်း သားမယားနှင့် တကွ ကွန်းခိုရှာတည်၍ နေကြမည်။ ကျိုက်ခနေဂ်စေတီတည်ရန် သူတို့မနားမနေအလုပ်လုပ်ကြရမည်။ "ခုနစ်ရက်အတွင်း ကျိုက်ခနေဂ်စေတီကို အပြီးတည်ကြရမည်"ဟူသော သမိန်စက္ကဝတ်၏ တစ်ချက်လွှတ်အမိန့်ကို ဦးထိပ်ရွက်ပြီး သူတို့မနေမနား အလုပ်လုပ်ကြရမည်။

မော်ဝန်းမြစ်ရေပြင်သည်၊ အုတ်ဖုတ်နေကြသော၊ ဂဝံကျောက်တုံးကို ဖွဲ့ထုတ်နေကြသော၊ သစ်တောကို ခုတ်ထွင်ပိုင်းဖြတ်နေကြသော ဘုရားတည်မည့် ပါဒနိုင်ငံသားများ၏ ဆေးကြောသန့်စင်မှု၊ ခပ်ငင်အသုံးပြုမှုများကြောင့် မိုးအခါ မဟုတ်ပါဘဲလျက် နောက်ကျိနေရပြီ။

http://www.cherrythitsar.org



နောက်ကျိုခြင်းသည် မှော်ဝန်းမြစ်ရေပြင်ပေါ်တွင်သာ မဟုတ်၊ မိမိ နှလုံးအိမ်အတွင်းသို့လည်း ဝင်ရောက်နေပြီဟု ရှင်ဓမ္မညာဏနှလုံးသွင်း ဆင်ခြင်လိုက်မိသည်။ ဓမ္မကို အောက်မေ့ဆင်ခြင်နေသည့်ကြားမှပင်၊ ရှင်ဓမ္မညာဏ သည် သမိန်စက္ကဝတ်၏ စကားသံများကို ကြားယောင်နေပြန်လေသည်။

ထိုနေ့က ပါဒနန်းတွင်း အမှုတော်ထမ်းများနှင့်အတူ သမိန်စက္ကဝတ်သည် ‘ဝိဟာရ’သို့ ရောက်လာခဲ့သည်။ ‘သီလဝါကျွန်းစစ်ပွဲ အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ဘုရားတစ်ဆူ တည်လိုပါကြောင်း’ဖြင့် ဦးတိုက်လျှောက်ထားလာသည်။ ရှင်ဓမ္မညာဏသည် ခပ်မဆိတ်နေလိုက်စဉ်မှာပင် သမိန်စက္ကဝတ်သည် တင်းမာသောအသံဖြင့် ဆက်၍ ပြောခဲ့သည်။

“ပါဒဘုရင်အစဉ်အဆက်ဟာ ဘုရားပုထိုးများတည်ခဲ့ကြတယ် မဟုတ်လား ဘုရား၊ ဟောဒီက ဗညားမွန်ထော် အမျိုးပြုတဲ့ ဝန်မင်းများကလဲ တပည့်တော်ကို ဘုရားတည်သင့်ကြောင်း ပြောကြလို့ တပည့်တော် ဘုရားတည်တာပဲ ဘုရား၊ ဘုရားရဲ့ အမည်ကိုတော့ ကျိုက်ခနိုဂ်ဘုရားလို့ အမည်ပေးဖို့ တပည့်တော် စိတ်ကူးပြီးပြီ အရှင်ဘုရား၊ ဒီအမည်ဟာ အသင့်လျော်ဆုံးပါပဲ၊ ဘာကြောင့်လဲဆိုတော့ တပည့်တော်က ရန်သူတွေကို ဟောဒီသတ္တခနေလေးတော်နဲ့. . . ”

ထိုနေရာ အရောက်တွင် သမိန်စက္ကဝတ်သည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူ့ကျောတွင် သိုင်းလွယ်လာသော ကြီးမားသည့် လေးကြီးကို မြှောက်ပြခဲ့သေးသည်။

“ဟောဒီ လေးတော်နဲ့ ခွင်းပြီး မောင်းထုတ်အနိုင်ယူခဲ့တာဆိုတော့ တပည့်တော်ရဲ့ အောင်မြင်မှု အထိမ်းအမှတ်အဖြစ် လေးတော်နှင့် ပစ်ခွင်းအောင်မြင်ရာ ဒေသမှာဘုရား၊ ကျိုက်ခနိုဂ်ဘုရားလို့ ကမ္ဗည်းတွင်စေရမှာပေါ့ဘုရား”

ရှင်ဓမ္မညာဏသည် သမိန်စက္ကဝတ်၏ တက်ကြွနေသော မျက်နှာကို ငေးစိုက်ကြည့်ရုံမှအပ၊ စကားတစ်စုံတစ်ရာ ပြန်မဆိုနိုင်ခဲ့ပေ။

“ကိုင်း. . . အရှင်မြတ်ကို လျှောက်ထားပြီးပြီ၊ ဘယ်နဲ့လဲ ဗညားမွန်ထော်တို့၊ သမိန်ဗြတ်ဇတို့၊ သမိန်ဓမ္မတို့ ကျွန်ုပ်ဘုရားတည်တော့မယ်လေ၊ ပါဒဘုရင်ဆိုတာ ဘုရားတည်ရတယ်လို့ သင်တို့ ပြောကြတယ်မဟုတ်လား၊ ကဲ. . တည်ကြပေတော့၊ သက်ဆိုင်ရာ အစုတွေကို အကုန်ဆင့်၊ ကျိုက်ခနိုဂ်ဘုရားကို ခုနစ်ရက်အတွင်း အပြီးတည်၊ ဒီကိစ္စမှာ နန်းရင်းဝန်ကြီး ဗညားမွန်ထော် အမှူး

http://www.cherrythitsar.org



ပြုပါ၊ ခုနစ်ရက်အတွင်း အပြီးတည်နိုင်ဖို့ ကြပ်မတ်ခိုင်းစေပါ၊ ဒါ ပါဒဘုရင် သမိန်စက္ကဝတ်ရဲ့ တစ်ချက်လွှတ်အမိန့်ပဲ. . . ”

ရှင်ဓမ္မဉာဏနှင့် တကွသော ရဟန်းသံဃာများ၊ ဗညားမွန်ထော်နှင့် တကွသော ပါဒနန်းတွင်း အမှုထမ်းများသည် သူတို့၏ ဘဝတစ်လျှောက်လုံး ဝယ် အေးချမ်းငြိမ်သက်သော ပါဒဘုရင်ကြီး ရာဇာစောနောင်နှင့်သာ ထိတွေ့ခဲ့ ဖူးသူများဖြစ်သည်။ ဝင့်ကြွားမောက်မာမှုနှင့် ဆူဝေပြင်းထန်သော ဘုရင့်အမိန့် တို့ကို တွေ့ကြုံခံစားဖူးသူများ မဟုတ်ကြ။ ငယ်ရွယ်နုပျိုသော ပါဒဘုရင်အသစ် သမိန်စက္ကဝတ်ဘွဲ့ခံ သုခမုခနန်းစောရှင်၏ လှုပ်ရှားပြုမူပုံများ အားလုံးသည် သူတို့အဖို့ သူစိမ်းတစ်ရံစာသက်သက် ဖြစ်နေသည်။ သူတို့၏ နူးညံ့သိမ်မွေ့မှု နှင့် ရင်းနှီးကျွမ်းဝင်ခြင်း မရှိသည့်အရာများ ဖြစ်နေသည်။ သက်ဦးဆံပိုင် အာဏာရှင်ဖြစ်နေသော သမိန်စက္ကဝတ်၏ တက်ကြွမောက်မာမှုကို ထိန်းသိမ်းရန် နည်းလမ်း၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို သူတို့အထဲမှာ ရှာမတွေ့ ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ၊ ဗညားမွန်ထော်သည် ကျိုက်ခနေဂ်ဘုရားကို ခုနစ်ရက် အတွင်း အပြီးတည်ရမည့် တာဝန်ကို တစ်ချက်လွှတ်အမိန့်ဖြင့် လက်ခံလိုက်နာ ရပြီဖြစ်သည်။ ထိုအခါ. . .

အမိန့်တော်က ပေးထားသော သတ်မှတ်ချက်အတွင်း အပြီးသတ်နိုင်ရန် သက်ဆိုင်ရာအစုတို့သည် မော်ဝန်းမြစ်ကမ်း နဖူးထက်တွင် မနားမနေ အလုပ် လုပ်နေကြရပြီ ဖြစ်သည်။

မော်ဝန်းမြစ်ရေပြင်သည် အချိန်ကာလမဲ့ နောက်ကျိသွားရတော့သည်။

“အင်းလေ၊ သမိန်စက္ကဝတ်ဟာ ငယ်ရွယ်နုပျိုလွန်းတဲ့ ဘုရင်ငယ်လဲ ဖြစ် နေပြန်၊ စစ်ပွဲတစ်ပွဲကိုလည်း လောလောဆယ် အောင်မြင်ထားပြန်ဖြစ်နေတော့၊ ခုချိန်မှာ သူ့ကို ဘယ်သူမှ တားဆီးထိန်းသိမ်းလို့ ရမှာမဟုတ်ပေဘူး၊ သူ့ လက်ထဲမှာကလဲ ရာဇအာဏာက ရှိနေသေးတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် လေ ကျိုက်ခနေဂ်ကိုတည်ပြီး ရေစက်ချပြီးရင်တော့ သူ့ရဲ့ ခက်ထန်မောက်မာမှု တွေ ဟာ လျော့ပါးသွားတန်ကောင်းရဲ့. . . ”

မော်ဝန်းမြစ်ရေပြင်၏ နီကြန်သော လှိုင်းကြက်ခွပ်တို့ကို ငေးကြည့်ရင်း ရှင်ဓမ္မဉာဏသည် မိမိ၏ ဆန္ဒအတိုင်း တွေးနေမိလေသည်။

“ဘုရားပုထိုးတည်ခြင်းဆိုတဲ့ ကုသိုလ်အမှုဆိုတာ ဘယ်သူ့ကိုမှ ပင်ပန်း

http://www.cherrythitsar.org



ဆင်းရဲခြင်း မဖြစ်စေရဘူး၊ အခုတော့ သမိန်စက္ကဝတ်က ကောင်းမှုကုသိုလ်ကို သော်မှဘဲ တစ်ချက်လွှတ်အမိန့်နဲ့ တည်စေတယ်၊ ဘုရားတည် နိုင်ငံတော်သားတွေဟာ ပင်ပန်းဆင်းရဲကြမှာပဲ၊ နောက်ကျိနေတဲ့ မှော်ဝန်းမြစ်ရေပြင်ဟာ ဒါကို သက်သေပြု သာဓကပြနေသလိုပါပဲလား”

ဝိဟာရ၏ အရှေ့ဘက်စေတီမှ ဆည်းလည်းသံများ လေသာဆောင်ဆီသို့ လွင့်ဝဲလာသည်။ ရှင်ဓမ္မဉာဏသည် လေးလံနေသော အတွေးစတို့ကို သတိသမ္ပဇဉ်ဖြင့် ပြန်လည်တည်ဆောက်လိုက်သည်။ မှော်ဝန်းမြစ်ဆီသို့ မျက်နှာမူထားရာမှ ဝိဟာရအတွင်းဆီသို့ ပြန်၍ လှည့်လိုက်သည်။

“အင်းလေ. . . သဗ္ဗေသင်္ခါရာ အနိစ္စပါပဲ၊ တက်ကြွခက်ထန် မောက်မာမှုဆိုတာဟာလဲ မမြဲတဲ့ တရားပါပဲ၊ သမိန်စက္ကဝတ်ဟာ ပြောင်းလဲလာမှာပါ. . . ”

သေးငယ်သော မျှော်လင့်ခြင်းများဖြင့် ဘုရားကျောင်းဆောင်ဆီသို့ ဖြည်းညှင်းစွာ လှမ်းလာခဲ့သည်။

ဝိဟာရ၏ တစ်ခုသော အဆောင်ခန်းငယ်ရှေ့သို့ ဖြတ်သွားချိန်တွင် ရှင်ဓမ္မဉာဏသည် အခန်းတွင်းသို့ မသိမသာ စောင်းငဲ့ကြည့်လိုက်မိသည်။

ကျိုက်ခနေဂ်ဘုရားကို ခုနစ်ရက်အတွင်း အပြီးသတ်နိုင်ရန်အတွက် ပါဒဘုရင်ငယ်၏ တစ်ချက်လွှတ်အမိန့်အောက်တွင် အခြားပါဒနိုင်ငံသားတို့ နိုးထလှုပ်ရှားနေရသော နံနက်ခင်းအချိန်ဝယ် ဆေးရောင်ကျောက်ခွက်များ အလယ်၌ ဦးခေါင်းကို မှေးတင်လျက် အိပ်ပျော်နေသော ဒီပါကို တွေ့လိုက်ရလေသည်။

* * *

“. . . အမှန်က အခုတည်ပြီးသွားတဲ့ ကျိုက်ခနေဂ်ဘုရားဟာ ကျွန်ုပ်အမိန့်နဲ့ တည်တာဖြစ်ပေမယ့်၊ ဗညားမွန်ထော်တို့၊ အရှင်ဓမ္မဉာဏတို့ တိုက်တွန်းလို့ တည်ရတဲ့ဘုရား. . . ကျွန်ုပ်ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ တည်ခဲ့တာမဟုတ်ပေဘူး၊ ဒီ တစ်ခါတော့. . . ကျွန်ုပ်ကိုယ်တိုင် တစ်ဦးတည်း ဆန္ဒနဲ့ တည်တော့မယ်. . . ”

အမျိုးအမတ်ဝန် ဗိုလ်ပါစုံညီသော ညီလာခံမဟုတ်ချေ၊ သမိန်စက္ကဝတ် နန်းရင်းဝန်ကြီး ဗညားမွန်ထော်၊ သမိန်ပြတ်ဇနှင့် သမိန်ဓမ္မတို့သာ စုဝေးသော ဆွေးနွေးပွဲ ဖြစ်သည်။ သမိန်စက္ကဝတ်မူကား၊ ခါတိုင်းလိုပင် တက်ကြွသော လေသံ၊ ဝင့်ကြွားသော အမူအရာတို့နှင့်. . . ။

သမိန်စက္ကဝတ်သည် ပါဒနိုင်ငံတော်၏ အရေးအရာအားလုံးကို တစ်ဦးတည်း တာဝန်ယူ စီမံနေရသူ တစ်ယောက်ကဲ့သို့ မိမိကိုယ်မိမိ ယုံစားနေသည်။

http://www.cherrythitsar.org



အစ်မတော် နှင်းဟေမာ ဧကရီမှာလည်း သီလဝါကျွန်းအောင်ပွဲ ဘိသေက သဘင် ကျင်းပပြီးနောက်တွင် မင်းပရိသတ် ညီလာခံအကြားသို့ ဆင်းမလာ တော့။ အရင်းနှီး အကျွမ်းဝင်ဆုံး ဖြစ်လေသော နန်းရင်းဝန်ကြီး ဗညားမွန်ထော် သော်မှပင်၊ ပင်တိုင်စံ ဧကရီနှင့်တွေ့ခွင့်မရခဲ့။ နှင်းဟေမာသည် မိမိ၏ ပင်တိုင်စံ အဆောင်တော်အတွင်းမှာပင် တစ်သီးတခြား နေထိုင်ခဲ့သည်။ ထိုအခါ သမိန် စက္ကဝတ်သည် မိမိလက်တွင်းမှ ရာဇအာဏာကို မိမိစိတ်တိုင်းကျ အသုံးပြုခွင့် ရနေလေသည်။

"...ဘယ်နဲ့လဲ နန်းရင်းဝန်ကြီး၊ ပါဒဘုရင်ဆိုတာ ဘုရားတည်ရတယ် မဟုတ်လား၊ အခု ကျွန်ုပ် စိတ်ဆန္ဒနဲ့ ကျွန်ုပ် ဘုရားတစ်ဆူ တည်ဦးမယ်လေ"

ဗညားမွန်ထော်သည် မွဲသီနေသော မျက်လုံးများကို ပင့်လိုက်သည်။

"လျော်ကန်သင့်မြတ်တဲ့ ကိစ္စပါပဲ အရှင့်သား၊ ဒီစကားကြားရတာ ကျွန်ုပ် ဝမ်းသာလှပါတယ်၊ ဟောဒီက သမိန်ပြတ်ဇနဲ့ သမိန်ဓမ္မတို့လဲ ဒီအတိုင်းပဲ ရှိကြပါလိမ့်မယ်..."

"ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ် ဘုရင်မင်းမြတ်..."

"အင်မတန်ကောင်းတဲ့ စိတ်ဆန္ဒပါပဲ ဘုရင်မင်းမြတ်"

သမိန်ပြတ်ဇနှင့် သမိန်ဓမ္မတို့၏ အားပေးထောက်ခံမှုများသည် ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ်လာလေသည်။

"ဘုရင်မင်းမြတ်"ဟူသော အသုံးအနှုန်းကို ကျေနပ်အားရသွားသော အမူအရာဖြင့် သမိန်စက္ကဝတ်သည် သလွန်ပေါ်မှ မတ်တပ်ရပ်လိုက်သည်။ သူ့ မျက်နှာပေါ်တွင် ဂုဏ်ယူနေသော အပြုံးတစ်ခုသည် သိသိသာသာကြီး ပေါ်လွင် နေသည်။

"ကောင်းပြီလေ နန်းရင်းဝန်ကြီးတို့ဆီက ခုလို ကြားရတာ ကျွန်ုပ်ပိုပြီး အားရမိတယ်၊ ဒီတစ်ခါတော့ သမိန်စက္ကဝတ်ဟာ တကယ့် ဘုရားဒါယကာ အစစ်ဖြစ်ရမှာပဲ၊ ပါဒနိုင်ငံတော်မှာ ပါဒဘုရင်တည်ထားတဲ့ ဘုရားတစ်ဆူ ပေါ်ပေါက်လာဦးမှာပဲ"

"ဘယ်အရပ် ဒေသမှာ တည်မယ်လို့ စိတ်ကူးထားပါသလဲ အရှင့်သား"

ဗညားမွန်ထော်က သိုရင်းကိုယ်ဝတ် လက်ဖျဉ်စကိုသိမ်း၍ သမိန်စက္ကဝတ် ကို မော့ကြည့်ရင်း မေးလိုက်သည်။

"သီလဝါကျွန်းပေါ်မှာ..."

http://www.cherrythitsar.org



သမိန်စက္ကဝတ်၏ အဖြေကို သိလိုက်ရသော ဗညားမွန်ထော်၊ သမိန်ဖြတ်ဇ၊ သမိန်ဓမ္မတို့သည် နောက်ထပ် စကားတစ်စုံတစ်ရာ မဆိုနိုင်လောက်အောင် အံ့အားသင့်သွားကြပြန်သည်။

သီလဝါကျွန်း။

သုခမုခနန်းစောရှင် မင်းသားငယ်အား သမိန်စက္ကဝတ်ဘွဲ့ကို ခံယူစေခဲ့သော စစ်ပွဲအောင်မြင်မှု အထိမ်းအမှတ်ကျွန်း။

သီလဝါကျွန်းသည် ပါဒနေပြည်တော်နှင့် အလှမ်းဝေးလှသည်။ မှော်ဝန်းမြစ် အကြေစုဒေသတွင် တည်ရှိသည်။ ကညင်ပင်တောအုပ်ကြီးများနှင့် ကျွန်းတောကြီးများ ထူထပ်သည်။ ထိုကျွန်းပေါ်သို့ မဇ္ဈိမဒေသမှ အသားမည်းနက်သော ရန်သူများတပ်ချီ၍ စွဲဝင်သည်ကို သမိန်စက္ကဝတ်နှင့် အစ်မတော် ပင်တိုင်စံနှင်းဟေမာတို့သည် များမကြာမီကမှ သွားရောက်ဖယ်ရှား တိုက်ခိုက်နိုင်ခဲ့ သည်။ သီလဝါကျွန်းတွင် ကျွန်းစောင့်တပ်ဖွဲ့ အငယ်စားတစ်ဖွဲ့ကို ထားခဲ့ခြင်းမှ တစ်ပါး အခြားမည်သည့် အုပ်ချုပ်မှုမှမရှိ။ ထို့ပြင် ပါဒနေပြည်တော်နှင့်လည်း အလှမ်းဝေးလွန်းလှသည်။ မှော်ဝန်းမြစ်ရိုးတကြော ဒေသများတွင် ဘုရားစေတီတည်ရန် အလွန်ကောင်းမွန်သော နေရာများ ရှိနေသည်။

သမိန်စက္ကဝတ်သည် အဘယ်သို့သော ရည်ရွယ်ချက်နှင့် ဝေးကွာသော သီလဝါကျွန်းပေါ်တွင်မှ ဘုရားတည်ရန် စိတ်ကူးမိလေသနည်း. . .။

နန်းရင်းဝန်ကြီးနှင့် ဗိုလ်မင်းနှစ်ဦးတို့၏ အတွေးစများကို သမိန်စက္ကဝတ်၏ အသံက ဖြတ်တောက်လိုက်သည်။

"သီလဝါကျွန်းလေ. . . ကျွန်ုပ်ကို သမိန်စက္ကဝတ် ဖြစ်စေတဲ့ကျွန်း ကဲ. . . ပြောပါဦး ကျွန်ုပ်လို ဘုရင်တစ်ပါးဟာ၊ မိမိကိုယ်ကို အထွဋ်အထိပ်ပို့ပေးတဲ့ ဒေသတစ်ခုမှာမှ ဘုရားမတည်ရင် ဘယ်ဒေသမှာ ဘုရားတည်ရမလဲ၊ ဒီ ပါဒနေပြည်တော် တစ်ဝှမ်းမှာ ဒီမှော်ဝန်းမြစ်ကြောတစ်လျှောက်မှာ အို. . . ဒီကမ္ဘာမြေပေါ်မှာ သီလဝါကျွန်းဆိုတဲ့ နေရာဟာ ကျွန်ုပ်အတွက်၊ သမိန်စက္ကဝတ်အတွက် ဘုရားတည်ဖို့ တစ်ခုတည်းသော အကောင်းဆုံးသော နေရာ"

"ပါဒနေပြည်တော်နဲ့ ဝေးကွာလွန်းလှပါတယ်"ဟု ပြောရန်စိတ်ကူးမိပြီးမှ နန်းရင်းဝန်ကြီးသည် မိမိစကားလုံးများကို ပြန်၍မျိုသိပ်လိုက်သည်။ သမိန်စက္ကဝတ်သည် သူ၏ စိတ်ဆန္ဒရှေ့တွင် မည်သည့်အကြံပေးချက်၊ မည်သည့် သုံးသပ်ဝေဖန်ချက်မျိုးကိုမှ လက်ခံလိမ့်မည်မဟုတ်ဟု သတိရလိုက်သော

http://www.cherrythitsar.org



ကြောင့် ဖြစ်သည်။

သို့သော် သမိန်ပြတ်ဇထံမှမူ လေးနက်စွာ စဉ်းစားတွေးခေါ်ထားသော အသံထွက်ပေါ်လာလေသည်။

"ဘုရင်မင်းမြတ်. . . သီလဝါကျွန်းဟာ ဘုရင်မင်းမြတ်အတွက် အောင်ပွဲရဒေသဖြစ်တာမို့ အဲဒီမှာ ဘုရားတည်ဖို့ဆိုတာကတော့ ခိုင်လုံတဲ့ အကြောင်းဖြစ်ပါတယ်။ ဒါပေမယ့် ဝေးကွာလှတဲ့ သီလဝါကျွန်းပေါ်မှာက အခုအင်အားငါးဆယ်လောက်ပဲရှိတဲ့ ကျွန်းစောင့်တပ်ဖွဲ့ပဲ တပ်စွဲနေတာ ဖြစ်ပါတယ်။ ကျွန်းရဲ့အနေအထား အကျယ်အဝန်းနဲ့ စာရင် လူသူဗိုလ်ပါနည်းလွန်းလှပါတယ်။ သီလဝါကျွန်းဟာ တစ်ဖက်ပင်လယ်နဲ့ အနီးဆုံးဒေသ ဖြစ်တာမို့ ပင်လယ်ဘက်က ရန်သူတွေများ မတော်တဆ လာခဲ့ရင် အင်အားနည်းတဲ့ကျွန်းဟာ ခံနိုင်ဖွယ်မရှိပါ"

သမိန်ပြတ်ဇ စကားကို သမိန်ဓမ္မက ဆက်လိုက်သည်။

"မှန်ပါတယ် ဘုရင်မင်းမြတ် ဘုရားစေတီ တည်ပြီဆိုရင်လဲ ဘုရားတည်မဲ့အမှုတော်ထမ်းတွေ၊ သူတို့ရဲ့ မိသားစုတွေ၊ ပြီးတော့ ဘုရားအမှုတော်လုပ်၊ ကျေးကျွန်တွေ နေဖို့က လိုအပ်လာပါပြီ၊ ပြီးတော့ ပါဒဘုရင်တို့တည်တဲ့ဘုရားစေတီများရဲ့ အစဉ်အလာအရ ဌာပနာတိုက်နဲ့ ဂန္ဓကုဋီဆောင်များမှာလဲ အနုပညာလက်ရာတွေ၊ ရတနာပစ္စည်းတွေကိုပါ ထည့်သွင်းထားသိုဦးမှာ ဖြစ်ပါတယ်။ ဝေးကွာတဲ့ သီလဝါကျွန်းလို ဒေသမျိုးမဆိုထားနဲ့ မှော်ဝန်းမြစ်ညာဒေသက တချို့ဘုရားစေတီတွေမှာတောင်မှ နယ်စပ်က ရန်သူတွေ မကြာမကြာလာပြီး ဌာပနာတိုက်က ရတနာတွေနဲ့ အနုပညာလက်ရာတွေကို ဖျက်ဆီးခိုးယူကြတာကို ကြုံတွေ့နေရပါတယ်၊ အစောင့် စစ်သည်တွေ လုံလုံခြုံခြုံထားရှိနေရပါတယ်. . . "

"သိပ်မှန်တာပေါ့. . . ဗိုလ်မင်း. . . သိပ်မှန်တာပေါ့၊ ကျွန်ုပ် ဒီအချက်တွေကိုလဲ စဉ်းစားပြီးသား. . . သီလဝါကျွန်းဟာ ဝေးတယ်၊ ခေါင်တယ်၊ ပင်လယ်နဲ့နီးတယ်၊ လုံခြုံမှုနည်းပါးတယ်။ ဒါကြောင့်လဲ ကျွန်ုပ် သီလဝါကို စစ်သည်တွေပို့ထားဖို့ စိတ်ကူးထားပြီးပြီ။ ဒါတင် ဘယ်ဟုတ်မလဲ. . . အဲဒီမှာ ကျွန်းစောင့်တပ်ကို အုပ်ချုပ်ဖို့နဲ့၊ သီလဝါကျွန်းရဲ့ အရေးအရာအားလုံးကို စီမံခန့်ခွဲဖို့ ဗိုလ်မင်းသမိန်ဓမ္မကို ရာဇအာဏာ သက်ရောက်လွှဲအပ်ဖို့ ကျွန်ုပ် ဆုံးဖြတ်ပြီးပြီ. . . "

http://www.cherrythitsar.org



သမိန်စက္ကဝတ်သည် ဘုရားတည်ရန်နှင့် သီလဝါကျွန်းကိစ္စကို မိမိတို့ထံမှ အကြံဉာဏ်ယူ ဆွေးနွေးနေခြင်း မဟုတ်၊ တစ်ကိုယ်တည်း စိတ်ဆန္ဒဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသော အစီအစဉ်ကို မိမိတို့အား ဖွင့်ပြောပြီး အမိန့်ပေးနေခြင်းသာ ဖြစ်သည်ဟု ဗညားမွန်ထော် သဘောပေါက်လိုက်သည်။

အရေးအရာမှာ ဘုရားစေတီတည်ရန် အရေးအရာ၊ ပါဒနိုင်ငံသားတို့ အသက်ထက်ဆုံး အထွဋ်အမြတ်ထားသော ကုသိုလ်အမှု၊ ထို့ကြောင့် ဘုရားတည်မည့်ကိစ္စကို တားဆီးရန် သို့မဟုတ် ပယ်ဖျက်ရန်မှာ မိမိတို့အဖို့ မည်သို့မျှ စဉ်းစားမရနိုင်သည့် ကိစ္စဖြစ်သည်။

ထို့ထက် ဘုရားတည်ရန်အမှုကို ပြုလုပ်မည့်သူမှာ ပါဒရာဇအာဏာရှင် သမိန်စက္ကဝတ်ဘုရင် ဖြစ်နေသည်။ ပါဒဘုရင်သုံးဆက်ကို မှီခဲ့သော နန်းရင်းဝန်ကြီးဗညားမွန်ထော်သည် မိမိ၏အသက်အရွယ်၊ မိမိ၏ ဉာဏ်ပညာတို့မှာ သမိန်စက္ကဝတ်ရှေ့မှောက်တွင် အဆမတန် နိမ့်ကျသေးငယ်သွားပြီဟု ခံစားနေမိလေသည်။

ကျိုက်ခနေဂ်ဘုရားတည်ပြီး၍ စိတ်လက်သက်သာ ပန်းဖြေခွင့် အတော်အသင့်ရရှိဦးမည်ဟု မျှော်လင့်ထားစေကာမူ ယခု ထိုသို့ ဖြစ်မလာခဲ့တော့။

ယခု သီလဝါကျွန်းပေါ်တွင် ဘုရားတည်ရေးဟူသော ကိစ္စမှာ ပို၍ရှုပ်ထွေးသော ပို၍ကြီးလေးသော အခြေအနေများနှင့် ဆက်စပ်နေသည်။

"အရှင့်သား. . . ဒီကိစ္စကို အစ်မတော် ပင်တိုင်စံထိပ်ထားနဲ့ တိုင်ပင်ဆွေးနွေးပြီးပါပြီလား. . . "

"အစ်မတော်လား. . အင်း. . . ကျွန်ုပ်မမေ့ပါဘူး. . သီလဝါကျွန်းစစ်ပွဲမှာ အစ်မတော်ဟာ ကျွန်ုပ်နဲ့တွဲပြီး ရန်သူတွေကို တွန်းလှန်ခဲ့တာပဲ၊ အစ်မတော်ကို ကျွန်ုပ်မေးပြီးပြီ၊ အစ်မတော်အနေနဲ့ကော. . . ဘုရားစေတီတစ်ဆူ တည်ချင်ပါသေးသလား ဆိုတော့၊ အစ်မတော်က ပါဒဘုရင်တွေလုပ်တဲ့ ကိစ္စတွေကို စိတ်မဝင်စားဘူးတဲ့လေ. . . ဟား. . . ဟား"

အကြောင်းမဲ့ ရယ်မောလိုက်သော သမိန်စက္ကဝတ်ကို နန်းရင်းဝန်ကြီး အံ့အားသင့်စွာ ကြည့်မိပြန်သည်။ သမိန်စက္ကဝတ် ညာလက်မှ လက်ဝတ်ကို ပွတ်သပ်ရင်း တစ်ခုခုကို သဘောကျသလို ရယ်နေလေသည်။

"ဒီမယ်. . . ဗညားမွန်ထော်ရဲ့. . အစ်မတော်အရေးကို ဘာမှထည့်ထည့်တွက်မနေနဲ့၊ သူက ဒီပါဒနိုင်ငံတော်မှာ ဘယ်သူ့ကိုမှ သူနဲ့တူတယ် တန်တယ်

http://www.cherrythitsar.org



ထင်တာမဟုတ်ဘူး၊ ကျွန်ုပ် အစ်မတော်အကြောင်း ကျွန်ုပ် ကောင်းကောင်း သိတယ်၊ သူက မိန်းမသားတစ်ယောက်အဖြစ် တုဘက်ကင်းအောင် လှတဲ့သူ့ အလှ၊ ပြီးတော့ မိန်းမတန်မဲ့ စစ်ရေးမှာ ကျွမ်းကျင်ထားတဲ့ သူ့တိုက်ခိုက်ရည် အဲဒီနှစ်ခုအပေါ်မှာ အင်မတန်မှ မာန်မာနကြီးမားတာကလား. . . အရေးအရာ ပေါ်လာရင် သူစစ်ထွက်မယ်၊ ကျန်တဲ့အချိန်တွေမှာ သူ့အလှကို ပိုးမွေးသလို မွေးနေမယ်. . . ဒါပဲ သူသိတာကလား ဟား. . . ဟား. . . ဟား. . . ”

အမြဲတစေ စိတ်ဆန္ဒစောတက်ပြီး အသိဉာဏ်နုနယ်နေတတ်သော သမိန်စက္ကဝတ်သည် သည်တစ်ခါဖြင့် မှန်သော အမြင်မှန်သော စကားကို မြင်တတ်ဆိုတတ်ပေသည်ဟု ဗညားမွန်ထော် ဝန်ခံလိုက်မိသည်။

“အစ်မတော်က ကျွန်ုပ်ကိုတောင်မှ သိပ်ပြီး လက်ခံစကားပြောတာ မဟုတ်ဘူး အင်း . မောင်နှမ အချင်းချင်းတောင်မှ ကျွန်ုပ်ကို တူတယ်တန်တယ် ထင်တာမဟုတ်ဘူးလေ ဟား . . . ဟား. . . ကျွန်ုပ်ကလဲ ဒါမျိုးမှ သဘောကျ တာ. . . သမိန်စက္ကဝတ်ရဲ့ အစ်မတော် ပင်တိုင်စံထိပ်ထားပေပဲ ဒီလိုဖြစ်ရမှာ ပေါ့. . . အလှမာန်မာန ရာဇမာန်မာန မိုးထိအောင် ခေါင်ခိုက်နေစေ. . . ကြိုက်တယ်. . . ဟား. . . ဟား. . . ဟား. . . ”

သမိန်ပြတ်ဇသည် ဟက်ဟက်ပက်ပက် ရယ်မောနေသော ဘုရင်ငယ်ကို ကြည့်ရင်း၊ ရာဇာတို့၏ စိတ်သန္တာန်ကို တွေးနေမိသည်၊ သို့သော် ပင်တိုင်စံ ထိပ်ထား၏ အလှမာန်မာနဟူသော စကားလုံးကိုမူ သူသဘောမပေါက်မိပေ။

“ကဲ . . . ကဲ . . . အစ်မတော်အကြောင်း ထားလိုက်ကြစို့၊ ဗိုလ်မင်း သမိန်ဓမ္မ နက်ဖြန် သီလဝါကျွန်းကို ခရီးထွက်ရမယ်. . . သင့်တော်မယ့် ရဲမက် အင်အားကိုပါ ယူသွား. . . ဟိုမှာ သုံးရက်အတွင်း အစစ အဆင်သင့်ဖြစ်နေ အောင် စီမံထားပေတော့၊ သုံးရက်လွန်မြောက်ရင် ကျွန်ုပ်လာခဲ့မယ်၊ ဗညား မွန်ထော်က ကျွန်ုပ်နဲ့အတူ လိုက်ရမယ်၊ ဘုရားတည်ဖို့အတွက် အရှင်ဓမ္မ ဉာဏကိုပါ တစ်ပါတည်းခေါ်သွားရလိမ့်မယ်၊ ကဲ . . . သွားကြတော့ နောက်ထပ် ဒီကိစ္စအကြောင်း ဘာမှမမေးကြနဲ့တော့. . . ”

သမိန်စက္ကဝတ်၏ ခြေသံပျောက်ကွယ်သွားပြီး နောက်တွင်၊ ဗညား မွန်ထော်၊ သမိန်ပြတ်ဇ၊ သမိန်ဓမ္မတို့သည်၊ ကျိုက်ခနိုဂ်ဘုရားတည်ရန် ဆွေးနွေးခဲ့စဉ်က အတိုင်းပင် တစ်ဦးကိုတစ်ဦး အပြန်အလှန် ငေးမောစူးစိုက် ကြည့်နေမိကြသည်။

ဗညားမွန်ထော်က ခေါင်းကို လေးပင်စွာ ခါယမ်းနေချိန်တွင် ကြက်သွေးရောင် ကတ္တီပါတင်းတိမ်စ တစ်ဖက်မှ သမိန်စက္ကဝတ်၏ အသံသည် သူတို့သုံးဦးအကြားသို့ ထိုးဖောက်လွင့်ဝဲလာပြန်လေသည်။

"ဗိုလ်မင်း သမိန်ပြတ်ဇလဲ သီလဝါကို ကျွန်ုပ်နဲ့အတူ လိုက်ရမယ်သိလား"

* * *

နံနက်ခင်း၏ နေရောင်သည် ပကတိအားဖြင့် ဝါရွှေသော အရောင်။

သို့သော်. . . ပိုးစကန့်လန့်ကာသည် မိုးကောင်းကင်၏ အပြာနုရောင်ဖြစ် သဖြင့်၊ ပိုးစကန့်လန့်ကာကိုဖြတ်ရင်း ထိုးဖောက်ရသော နေရောင်သည် မိမိ၏ ဝါရွှေရောင်ကို ရုပ်သိမ်းလိုက်ရသည်။ ပင်တိုင်နန်းခန်းဆောင်အတွင်းသို့ ဖြာကျ လာသော နေရောင်သည်လည်း မိုးကောင်းကင်၏ အပြာနုရောင်ဖြစ်သွား သည်။

အပြာနုရောင်နေခြည်။

အပြာနုရောင်ခြည်တို့ သုတ်ဖြူးထားသော ရွှေပိန်းချသဥ္စာလီ၏ တိုင်လုံးများမှာ မူလထက်ပို၍ လုံးဝန်းချောမွတ်သွားသည်။ ကနုတ်ပန်းနှင့် ပွတ်လုံးအရစ်တစ်ခုစီပေါ်တွင် လင်းလက်နေသော အပြာနုနေခြည် အပြောက်များသည် ခြေတင်ခုံပေါ်မှ နီလာရတနာများနှင့် အပြာချင်း ပြိုင်နေသည်။

ခြေတင်ခုံ အစွန်းတစ်ဖက်ဆီမှနေ၍ ဖြူဆွတ်သော ရင်ပြင်ပေါ်သို့လည်း၊ အပြာနုရောင် ပိုးခြည်စများ တွဲရရွဲကျနေသည်။

အပြာနုရောင် ပိုးခြည်စ၏ အတွင်းဘက်တွင်မူ. . .

"ငါ့လက်တွေ မငြိမ်ပါလား. . . "

ပန်းချီကျော် နိန္ဒသည် လက်ထဲမှ တဆတ်ဆတ်တုန်နေသော စုတ်တံအဖျားကိုကြည့်ရင်း မိမိ၏ အနုပညာ သမာဓိကို ကြိုးစားဆောက်တည်နေသည်။

သို့သော်. . .

အပြာနုရောင်ပိုးစ၏ အတွင်းဘက်ထဲမှ ဝင်းဝါသော ခြေဖမိုးများကိုကြည့်မိပြန်သောအခါ သူ့သမာဓိတို့ မှေးမှိန်သွားပြန်သည်၊ ဝင်းဝါသော ခြေဖမိုးအစုံနှင့် ပကတိပြည့်ဖြိုး ပြေပြစ်သော ခြေချောင်းများကိုလည်း မကြည့်၍မဖြစ်။

ထိုခြေဖမိုးအစုံမှသည်၊ တင့်တယ်စွာ ပြေလျှောဆက်သွယ်အပ်သော

http://www.cherrythitsar.org



ခြေသလုံးများ၊ ပိုးစအပြာနု ကိုယ်ဝတ်လွှာကို ဖွဖွဆုပ်ကိုင်ထားသည့် လက်ချောင်းများ၊ ထို့နောက် သဥ္စာလီ ကနုတ်ပန်းပွတ်လုံးများထက် ပို၍ချောမွေ့သော ပခုံးသားများ၊ ထို့နောက် နီလာပုလဲသွယ်ကို ဆင်မြန်းထားသော လည်တိုင်၊ ထို့နောက်. . .

နေခြည်ပြာနု သွန်းဖြာနေသည့် ဤပင်တိုင်စံ နန်းတော်တွင်း သဥ္စာလီထက်မှ 'ပုံလွှာတူ' အရှင်သခင်မကို နိန္ဒ မကြည့်၍ မဖြစ်။

ပန်းချီကျော် နိန္ဒသည် ပင်တိုင်စံ၏ ပုံလွှာတူကို ရေးဆွဲရန် ဤနန်းတော်တွင်းသို့ ရောက်ရှိနေရသည်၊ ပုံလွှာရေးမည့် ပန်းချီကျော်၏ တာဝန်အရ၊ သဥ္စာလီထက်မှ ပင်တိုင်စံကို သူစေ့စပ် သေချာစွာ ကြည့်ရမည်။ ပန်းချီကျော်တို့၏ စူးရဲသော အနုပညာ မျက်လုံးတို့ဖြင့် ကြည့်ရမည်။

သို့သော် သူထိုင်နေရာ နန်းရင်ပြင်မှ သူ့မျက်လုံးများနှင့် တစ်ပြေးတည်းရှိနေသည့် ပင်တိုင်စံ၏ ခြေဖမိုးအစုံကို တွေ့မြင်လိုက်ရခြင်းမှာပင်၊ သူ၏ သမာဓိတို့ လှုပ်ခတ်နေသည်။ လက်တွင်းမှ စုတ်တံ၏ အဖျားသည် ရှေ့မှောက်ရှိ ဖျဉ်စပေါ်တွင် မျဉ်းကြောင်း တစ်စွန်းတစ်စကိုမှပင် မရေးဆွဲရသေး။

"နိန္ဒ"

စင်စစ်အားဖြင့်မူ နူးညံ့သော အသံဖြစ်သည်။

သို့သော် နိန္ဒသည် ထိုအသံတွင် တုန်လှုပ်ချောက်ချား သွားမိသည်။ ထိုအသံ ထွက်ပေါ်လာရာ နှုတ်ခမ်းသည် ပင်တိုင်စံ၏ နှုတ်ခမ်းဖြစ်သော်လည်း မိုးကြိုးလျှပ်စီးတို့ ထွက်ပေါ်လာရာ တိမ်တိုက်တစ်ခု ဖြစ်နေမလားဟု နိန္ဒ တွေးမိသည်။

"နိန္ဒ. . . သခင်မရဲ့ လက်အနေအထား အဆင်ပြေရဲ့လား"

လုံးဝန်းသော ပခုံးမှ ဆင်းသွယ်လာသည့် လက်မောင်းတံသည်၊ ခါး၏ အကွေ့အကောက် အချိုးနေရာတွင် မဆိုစလောက် မောက်မို့ပြီးမှ ဆင်ခြေလျှောသဏ္ဍာန်ဆက်၍ ဖြာကျလာသည်။ အပြာနုပဝါစ အစွန်းအချို့ကို ဖွဖွဆုပ်ကိုင်ထားသည်၊ နိန္ဒသည် အလှအပကို ပင်ပန်းကြီးစွာ ကြည့်လိုက်ရပြန်လေသည်။

"အဆင်ပြေနေပါတယ်. . . သခင်မ. . . "

မိမိ၏ အသံကိုပင် ဝေးကွာသောနေရာမှ ထွက်ပေါ်လာသည့် အသံဟူ၍ နိန္ဒ ထင်လိုက်မိသည်။ အော်ဟစ်၍ ပြောလိုက်ရသလိုလည်း မောပန်းသွားသွားသည်။

http://www.cherrythitsar.org



"နောက်ထပ်. . . ဘာပြင်စရာရှိသေးသလဲ. . . "
"မ. . . မရှိတော့ပါဘူး. . . သခင်မ. . . "
"ဒါဆိုလဲ. . . ရေးပေတော့"
"ကောင်းပါပြီ. . . သခင်မ"

နိန္ဒသည် ပန်းချီကျော်တို့၏ သမာဓိကို ကြိုးစားဆောက်တည်လိုက်သည်။ စုတ်တံ၏ အဖျားကို စူးစိုက်ကြည့်ရင်း "အို. . . ငါဟာ သခင်မရဲ့ ပုံလွှာတူကို တစ်ခါရေးခဲ့ဖူးတာပဲ၊ သခင်မဟာ အဲဒီတုန်းက စစ်ပွဲဝင် ချပ်ဝတ်တန်ဆာနဲ့၊ လက်ထဲမှာ ဓားနဲ့၊ အဲဒီပုံဟာ ပါဒပန်းချီကျော်တွေရဲ့ လက်ရာတွေ ချည်း စုဝေးထားတဲ့ အာကာရဋ္ဌခန်းမထဲမှာတောင်မှ ချိတ်ဆွဲထားခြင်းခံရတာပဲ. . ငါဘာဖြစ်လို့ သခင်မရဲ့အလှမှာ တုန်လှုပ်ရမှာလဲ၊ ငါဟာ ပါဒနိုင်ငံတော် တစ်ဝှမ်းလုံးမှာရှိတဲ့ ပန်းချီကျော်တွေများစွာထဲမှာ သခင်မရဲ့ ပုံလွှာတူကို နှစ်ကြိမ်နှစ်ခါတောင်မှ ရေးဆွဲခွင့်ရတဲ့ တော်ဝင် ပန်းချီကျော်ပဲ. . . ငါရေးမယ်၊ ပုံလွှာတူကို ရေးမယ်. . . "ဟု စိတ်ထဲမှ ရေရွတ်နေလေသည်။

သို့သော် နိန္ဒ မေ့လျော့နေသည့် အချက်ကား၊ ပထမအကြိမ် ပုံလွှာတူ ရေးစဉ်က ပင်တိုင်စံသည် စစ်ပွဲဝင် ချပ်ဝတ်တန်ဆာနှင့် ဖြစ်သည်။ ယခု အကြိမ်မှာကား ပင်တိုင်စံနန်းတော်အတွင်းရှိ သဋ္ဌာလီပေါ်တွင် အပြာနုရောင် နေခြည်များအောက်မှ အပြာနုရောင် ကိုယ်ဝတ်လွှာကို ဆင်ထားသည့် ပင်တိုင်စံ ဖြစ်သည်။ ပင်တိုင်စံ ၏ ပကတိဖြစ်သော အလှအပတို့ကို ပွင့်လင်းနီးကပ်စွာ သူ တွေ့မြင်နေရ သည်။ ပင်တိုင်စံ၏ လက်တွင်းမှာလည်း ယခင်အကြိမ်ကဲ့သို့ သွေးစွန်းနေသော ဓားမရှိ။ အပြာနုရောင်ပိုး ဝတ်လွှာစ အမြိတ်ဖျားကို ဖွဖွ ဆုပ်ကိုင်ထားသည့် လက်များသာ ဖြစ်သည်။

အလှအပ၌ ယစ်မူးသော ဝေဒနာ၊ အနုပညာ၌ ဝင်စားသော သမာဓိ၊ ထိုနှစ်ခုအကြားတွင် ကူးယှက်လူးလွန့် နေရင်းကပင် နိန္ဒသည် ပင်တိုင်စံ၏ ပုံလွှာတူကို စတင်ရေးဆွဲလေသည်။

သို့သော် တစ်စထက်တစ်စ နိန္ဒ၏ မျက်လုံးနှင့် လက်အစုံတို့သည် ပန်းချီကျော်၏ အနုပညာ၌ ဝင်စားပြန့်ကျယ်လာသည်။ ယစ်မူးသော ဝေဒနာတို့၏ လှုပ်ခါမှုသည် တဖြည်းဖြည်း မှေးမှိန်လွင့်စင် သွားသည်၊ နိန္ဒသူ၏ အနုပညာ သမာဓိကို ပြန်လည်ရရှိသွားသည်။ စုတ်တံသည် ပန်းပွင့်တို့ အပေါ်၌ ကူးလူးပျံသန်းသော ပျားတစ်ကောင်၏ ကျွမ်းကျင် လျင်မြန်မှုမျိုး

http://www.cherrythitsar.org



ဖြင့် ဖျဉ်စကားချပ်ပေါ်၌ ပြေးလွှားနေလေသည်။

ပိုးစဝတ်လွှာ၏ အပြာနုရောင်များကို သုတ်ခြယ်ရန် ကျန်ရှိတော့သည့် အခါမှပင် နိန္ဒသည် သူ့လက်တွင်းမှ စုတ်တံကို ဖျဉ်စပေါ်မှ ဖယ်ရှားလိုက်သည်။ သူ့အသိစိတ်တို့သည်လည်း ဖျဉ်စပေါ်ရှိ ပုံလွှာတူမှ ပြန်၍ ကင်းကွာသွားသည်။

ပိုးစဝတ်လွှာ၏ အပြာနုရောင်သည် ပိုးစဝတ်လွှာ၏ အတွန့်အလိမ်၊ အရေး အကြောင်းများကိုလိုက်၍ အဆင်အသွေး အမျိုးမျိုး ဖြစ်နေသည်၊ ပို၍ နုသော အပြာနုရောင်၊ အနည်းငယ်ရင့်သော အပြာနုရောင်၊ အဖြူနီးပါးတမျှ ဖျော့တော့သွားသော အပြာနုရောင်။

အပြာနု၏ အရင့်အမာ အပြော့အပျောင်းကို သုံးသပ်ရန် နိန္ဒသည် စုတ်တံကို ဘေးသို့ချထားလိုက်ပြီး၊ သခင်မကို ကြည့်ရပြန်လေသည်။

သခင်မသည် သူ့ကို ပြုံးရယ်ခြင်းမရှိသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်၊ တင်းတင်းစေ့သော နှုတ်ခမ်းသည် မဆိုစလောက် ပွင့်ဟလာသည်။

"နိန္ဒ. . . ဘယ်လောက်ကျန်သေးသလဲ"

"ပိုးစဝတ်လွှာအရောင်ကို ခြယ်ဖို့ပဲ ကျန်ပါတော့တယ် သခင်မ"

"အင်း. . ခဏနားချင်နား. . ."

"ကောင်းပါပြီ. . . သခင်မ"

ထိုစကားကို ပြောပြီးမှ မိမိမှားသွားပြီဟု နိန္ဒသိလိုက်သည်။ ကြိုးစားတည်ဆောက်ထားရသော သူ၏ အနုပညာသမာဓိတို့ အလျှဉ်အဆက် ပြတ်တောက်၍မဖြစ်၊ တသွင်သွင်စီးနေသော ပန်းချီကျော်တို့၏ ဝင်စားမှုအလျှဉ် ပြတ်တောက်သွားလျှင် ပူလောင်ပြင်းပြသော ဝေဒနာတို့က တိုးဝှေ့ဝင်ရောက်လာလိမ့်ဦးမည်။

သို့သော် သူနောက်ကျသွားသည်။

"နိန္ဒအတွက် စားစရာတစ်ခုခုပေးလိုက်ကြ. . ."

သခင်မသည်၊ ခြေတင်ခုံပေါ်မှ ခြေအစုံကို အောက်သို့ ချလိုက်သည်။ ကြော့ရှင်းသော ကိုယ်ဟန်၏ တင့်တယ်မှုအခြားတစ်ခုကို နိန္ဒ တွေ့ရပြန် သည်။ နိန္ဒ တုန်လှုပ်လာပြန်သည်။ ဤပင်တိုင်စံ နန်းတော်၏ ပြတင်းမှနေ၍ တစ်ဟုန်ထိုး ထွက်ပြေးသွားလိုသော ဆန္ဒများ ပေါ်လာသည်။ သို့တည်းမဟုတ် စားစရာများကို ငြင်းပယ်၍ ပုံလွှာတူကို အပြီးသတ်အောင် ရေးခြယ်ခွင့်ပေးပါ

http://www.cherrythitsar.org



ဟု ပြောချင်သည်။ သို့သော် ပါဒသခင်မ၏ အမိန့်ကို ငြင်းပယ်၍လည်း မဖြစ်နိုင်။

နိန္ဒ၏ အကျဉ်းအကြပ်သည် မမျှော်လင့်ဘဲ သက်သာရာ ရသွားခဲ့လေသည်။

"သခင်မ. . . သမိန်စက္ကဝတ် ဘုရင်မင်းမြတ် ရောက်နေပါတယ်"

မောင်းမတစ်ဦးက သဥ္စာလီရှေ့တွင် ဒူးထောက်လျက် ပြောလာသည်။

ပင်တိုင်စံသည် နှုတ်ခမ်းမွှာကို တင်းတင်းစေ့လိုက်ပြီးနောက်၊ သဥ္စာလီမုခ်ဝသို့ လှမ်းကြည့်ရင်း တင်းမာစွာ ပြောလိုက်သည်။

"ဘယ်ဘုရင်မင်းမြတ်မှ တွေ့ခွင့်မပေးနိုင်ဘူး. . . ပြောလိုက် သွား. . . "

"တွေ့ခွင့်မပေးနိုင်လဲ အတင်းဝင်လာ ရတော့မှာပဲ အစ်မတော်"

သဥ္စာလီအဝမှ ကျယ်လောင်သော အသံနှင့် မရှေးမနှောင်းပင် သမိန်စက္ကဝတ်သည် အထဲသို့ ဝင်လာလေသည်။ နိန္ဒသည် ခြေသံပြင်းသော သမိန်စက္ကဝတ်၏ ခြေလှမ်းများကို လွတ်အောင် ရှောင်လိုက်ရသည်။

"နန်းစောရှင်၊ ဒါ. . . ဘာလုပ်တာလဲ၊ ပင်တိုင်စံထဲက ခု ထွက်သွား"

"ဟာ. . . ပါဒဘုရင်တစ်ပါးဟာ သူ့အစ်မတော်ရဲ့ ပင်တိုင်စံထဲကိုလာဖို့ အရေး၊ အမှုးအမတ်တွေလို ခွင့်တောင်းနေရဦးမှာလား၊ ကျုပ်က ဘုရင်မင်းမြတ်ပဲ"

"နန်းစောရှင်. . . မင်းရဲ့ ပါဒဘုရင်အဖြစ်က ဒီပင်တိုင်စံ နန်းဆောင်ပရဝဏ်ထဲမှာ မရှိပါဘူး၊ ပါဒတစ်နိုင်ငံလုံးမှာ မင်းရှိချင်တဲ့နေရာ ရှိနိုင်တယ်၊ ဘုရင့် ရာဇာအာဏာမျိုးကို အစ်မတော်ရဲ့ နန်းဆောင်ထဲ ယူမလာနဲ့"

သမိန်စက္ကဝတ်၏ သေးငယ်သော မျက်လုံးတို့သည် မီးထွက်မတတ် တဖြတ်ဖြတ် ဝင်းထိန်လာသည်။

"ဒီမှာ အစ်မတော်၊ ကျုပ်ဟာ သက်ဦးဆံရှင်ဘုရင်"

"အဲဒီ ဘုရင်အဖြစ်ကို ဟောဟိုက သဥ္စာလီခန်းဝရဲ့ တံခါးဝမှာ ချထားခဲ့ နန်းစောရှင်၊ မင်းပြန်ထွက်သွား၊ ပြီးတော့မှ နန်းစောရှင်ဟာ သူ့အစ်မတော်နဲ့ တွေ့ခွင့်ရဖို့ စောင့်နေပါတယ်လို့ ခွင့်တောင်း"

လှပသော မိန်းမသားတစ်ဦးနှင့် ငယ်ရွယ်သော ဘုရင်တစ်ပါးတို့ မဟုတ်မူဘဲ သူ့ဝဲယာတွင် မီးတောင်နှစ်ခုတို့ တစ်ပြိုင်တည်း ပေါက်ကွဲနေပြီဟုနိန္ဒထင်လာသည်။ တုန်လှုပ်ချောက်ချားစွာဖြင့် နောက်သို့ဆုတ်လိုက်သည်။

"ဟော. . . ပန်းချီကျော် နိန္ဒက ရောက်နေတာပါလား၊ ကျုပ်လာတာ

http://www.cherrythitsar.org



သူ့အတွက်ပဲ၊ ကဲ. . . အစ်မတော်”

“နန်းစောရှင်. . . ဘာအတွက်ပဲ ဖြစ်ဖြစ် မင်းထွက်သွား. . . ”

သမိန်စက္ကဝတ်သည် ရုတ်တရက် ပြောင်းလဲသွားလေသည်။ တင်းမာနေသော မျက်နှာသည် ရုတ်ချည်းပြေလျော့သွားသည်။

“ကဲ. . . ကဲ အစ်မတော် ကျုပ်တောင်းပန်ပါတယ်၊ ကျုပ် အခု ပါဒဘုရင် မဟုတ်ဘူး၊ အစ်မတော်ရဲ့ မောင်ငယ် နန်းစောရှင်ပါ၊ ဒါကလဲ ကျုပ်အခု ဒီနန်းဆောင်က ထွက်မသွားချင်လို့ပြောတာ၊ ကျုပ်ဟာ အစ်မတော် ရှေ့မှာသာ နန်းစောရှင် ဖြစ်ပေမယ့် ကျန်တဲ့နေရာ ကျန်တဲ့ အချိန်တွေမှာတော့ ပါဒဘုရင် မင်းမြတ်ပဲ၊ ဒါကိုတော့ အစ်မတော်သိထားပါ၊ ကျုပ် နန်းစောရှင် မဟုတ်ဘူး၊ သမိန်စက္ကဝတ်. . . ”

“ကျန်တဲ့နေရာ ကျန်တဲ့အချိန်တွေကို အစ်မတော် မသိဘူး၊ ဒီနန်းဆောင်မှာ မင်းကိုယ်မင်း နန်းစောရှင်လို့ သိရင်တော်ပြီ၊ မင်းအခု ဘာလုပ်လာသလဲ၊ ပြောစရာရှိတာပြော. . . ပြီးရင် ပြန်တော့၊ ဒီမှာ နိန္ဒနဲ့ ပုံလွှာတူ ရေးနေတယ်”

သမိန်စက္ကဝတ်သည် မလှမ်းမကမ်းရှိ ဖျဉ်စ ကားချပ်ကို လှမ်းကြည့်လိုက်သည်။

“အော်. . . ပုံလွှာတူရေးနေတာကိုး”

“ဟုတ်တယ် နန်းစောရှင်”

“အစ်မတော် ကျုပ် တောင်းပန်ပါရစေ၊ ကျုပ် အခု သီလဝါကျွန်းကို သွားမလို့ပါ၊ နေပါဦး. . . ပုံလွှာတူက ဘယ်အထိပြီးနေပလဲ”

နိန္ဒသည် သမိန်စက္ကဝတ်ကို နားမလည်စွာဖြင့် မော့ကြည့်နေမိသည်။ သမိန်စက္ကဝတ်သည် နိန္ဒရေးလက်စ ပုံလွှာတူရှေ့သို့ လျှောက်သွားပြန်သည်။

“အော်. . . အပြီးသတ်တော့မှာပဲ၊ ဒါဆိုရင် ရပါပြီ”

“မင်း. . . ဘာတွေပြောနေတာလဲ နန်းစောရှင်”

“ဒီလို အစ်မတော်၊ ကျုပ် သီလဝါကျွန်းကို သွားမလို့. . . ဘုရားတည်မလို့လေ၊ သမိန်ဓမ္မကိုလဲ ရဲမက်အစုနဲ့ လွှန်ခဲ့တဲ့ သုံးရက်ကတည်းက လွှတ်လိုက်ပြီ၊ ဒီနေ့ အခုကျုပ်ကိုယ်တိုင်သွားမယ်၊ ကျုပ် နိန္ဒကို ခေါ်သွားချင်တယ်၊ နိန္ဒကို အသုံးချစရာရှိနေလို့ပါ၊ ခွင့်ပြုပါ၊ ကျုပ် နန်းစောရှင် အဖြစ်နဲ့ အစ်မတော်ကို ပြောနေတာပါ”

“မင်း ခရီး ထွက်မလို့လား နန်းစောရှင်”

http://www.cherrythitsar.org



"ဟုတ်တယ် အစ်မတော်၊ သီလဝါကျွန်းမှာ ကျုပ်တစ်ခါက ပြောဖူးတဲ့ ဘုရားတည်ဖို့လေ. . .၊ အခု ကျုပ်နဲ့အတူ ဗညားမွန်ထော်နဲ့ သမိန်ပြတ်ဇလဲ လိုက်လိမ့်မယ်၊ သမိန်ဓမ္မကိုတော့ လွှန်ခဲ့တဲ့ သုံးရက်ကပဲ. . ."

"ဒါတွေ အစ်မတော် စိတ်မဝင်စားဘူး၊ မင်း အခုလာတာ နိန္ဒကို ခေါ်သွားဖို့ လာတာလား"

"ဟုတ်တယ် အစ်မတော်၊ သီလဝါကျွန်းမှာ ဘုရားတည်ရင် နိန္ဒရဲ့ တာဝန်တွေရှိနေတယ်။ ကျုပ် အခုပဲ သွားတော့မှာ ရဲမက်ဗိုလ်ပါ အားလုံး ပြင်ဆင်ပြီးပြီ၊ မှော်ဝန်းမြစ်ရဲ့ ဘုရင့်ဆိပ်ကမ်းမှာလဲ နာရဒလှေတော်ကို အဆင်သင့် စောင့်ခိုင်းထားပြီးပြီ၊ အားလုံးအဲဒီမှာ စောင့်နေကြပြီ၊ နိန္ဒကို ခေါ်သွားဖို့ ခုမှသတိရလို့ ကျုပ်ကိုယ်တိုင် အစ်မတော်ဆီလာတာပဲ၊ အစ်မတော် နိန္ဒကို အသုံးမပြုသေးဘူးလဲ ထင်လို့ပါ။ အခုတော့ ပုံလွှာတူက အပြီးသတ် တော့မှာပဲ"

"နိန္ဒပုံလွှာ အပြီးသတ်ဖို့ အချိန်ဘယ်လောက် ကြာမလဲ"

"သခင်မနဲ့ ဘုရင်မင်းမြတ်တို့ အခု စကားပြောနေတဲ့ အချိန်လောက်ရ ရင် ပုံလွှာတူ အပြီးသတ်နိုင်ပါလိမ့်မယ်"

"နန်းစောရှင်၊ မင်းနာရဒလှေတော်က စောင့်နေ၊ နိန္ဒ ပုံလွှာတူ ရေးပြီး ရင် လွှတ်လိုက်မယ်၊ ဒါပဲ မဟုတ်လား. . .၊ သွားတော့. . ."

ပင်တိုင်စံသည် သဥ္ဇာလီပေါ်သို့ ပြန်ထိုင်ပြီး ခြေတင်ခုံပေါ်သို့ ခြေချ လိုက်သည်။ နိန္ဒသည် စုတ်တံကို ပြန်ကိုင်လိုက်ရလေသည်။

သမိန်စက္ကဝတ်သည် မျက်လုံးအစုံကို ကျဉ်းမြောင်းစွာ မှေးမှိတ်လျက် သဥ္ဇာလီအနီးသို့ ချဉ်းကပ်သွားသည်။

"အစ်မတော်. . . အစ်မတော်ဟာ သီလဝါကျွန်း စစ်ပွဲမှာ ကျုပ်နဲ့အတူ ပါဝင်တိုက်ခိုက်ခဲ့ပြီး ကျုပ် သမိန်စက္ကဝတ်ဖြစ်ဖို့ အရေးမှာ အကြီးမားဆုံး အကူအညီပေးခဲ့လို့သာ အစ်မတော်ကို ကျုပ်နားထောင်နေတယ်လို့ မှတ် လိုက်ပါ၊ ဟောဒီ ပင်တိုင်စံနန်းဆောင်ရဲ့ တံခါးဝ ဟိုဖက် ခြေတစ်လှမ်း ရောက်တာနဲ့ ကျုပ်ရဲ့ ပါဒဘုရင် မင်းမြတ်အဖြစ်ကို အစ်မတော် လုံးဝဥဿုံ နားလည်ရမယ်လို့လဲ သိထားပါ ကျုပ်သွားမယ်၊ နိန္ဒကိုလဲ အမြန်ဆုံး လွှတ်လိုက်ပါ"

ဝင်လာခဲ့စဉ်ကထက် ပိုပြင်းသော ခြေလှမ်းများဖြင့် သမိန်စက္ကဝတ်

http://www.cherrythitsar.org



ပြန်ထွက်သွားသည်။ သခင်မကား သမိန်စက္ကဝတ်ကို လစ်လျူရှုလိုက်လေသည်။ နိန္ဒသည် ပိုးစအပြာနုရောင်၏ အရင့်အပြော့ကို ကြိုးစား၍ သုတ်ခြယ်နေရလေသည်။ ဤအခိုက်ဝယ် နိန္ဒ၏ စိတ်အစဉ်တို့သည် ပုံလွှာတူကို ရေးစအချိန်ကကဲ့သို့ အလှအပ၌ ယစ်မူးပူလောင်ရသော ဝေဒနာတို့လည်း မရှိတော့။ ပန်းချီကျော်တို့၏ အနုပညာ သမာဓိ၌ ကိန်းဝပ်မွေ့လျော်ရခြင်းလည်း မရှိတော့။ မှော်ဝန်းမြစ်၏ ဘုရင့်ဆိပ်ကမ်းဆီသို့သာ စိတ်ရောက်နေသည်။ လောလောဆယ်အားဖြင့်မူ ဤလှပသော သခင်မ၏ ရှေ့မှောက် ဤပင်တိုင်စံနန်းဆောင်မှ အမြန်ဆုံး ထွက်ခွာသွားချင်သည်။ ဘုရင့်ဆိပ်ကမ်းဆီသို့သာ သွားချင်သည်။

ထိုဆိပ်ကမ်းတွင် သမိန်စက္ကဝတ်၏ နာဒရ လှေတော်ရှိ နေပေသည်။

* * *

နာဒရလှေတော်၏ အထက်ဆုံး အပေါ်ထပ်တွင် သမိန်စက္ကဝတ်သည် ကြွားရရွှား မတ်တတ်ရပ်ရင်း သီလဝါကျွန်းပေါ်မှ အသံများကို နားထောင်နေသည်။

ကညင်ပင်ကြီးများနှင့် ကျွန်းပင်ကြီးများသည် ခရာဆူးတောများအပေါ်သို့ အဟုန်ပြင်းစွာ လဲကျနေသည်။ ပါဒနိုင်ငံသားတို့၏ ပုဆိန်ခုတ်ချက်များသည် ပင်စည်ကြီးများ တဝုန်းဝုန်း လဲကျနေသံအောက်တွင် နစ်မြုပ်သွားသည်။

ဤသစ်ပင်ကြီးများ တစ်ပင်ပြီးတစ်ပင် လဲကျသွားတိုင်း သမိန်စက္ကဝတ်၏ ရင်ထဲသို့ ဝမ်းမြောက်မှုဟူသော ခံစားမှုအဟုန်များက တစ်ဆင့်ပြီးတစ်ဆင့် တိုးဝင်လာသည်။ ရေမြေတောတောင်ကို အစိုးရသော ဘုရင်မင်းမြတ်၏ ဘုန်းအာဏာကို ပို၍သဘောပေါက်နေသည်။ နှစ်ပေါင်းများစွာ အပြိုင်းအရိုင်း ပေါက်ရောက်နေကြသော ကြီးမားအိုမင်းသည့် ဤသစ်ပင်ကြီးများသည် သူ့နှုတ်မှတစ်ခွန်းသော အမိန့်အောက်တွင် ကိုင်းမြက်ကလေးများလို ပြိုလဲသွားကြပေသည်။

သမိန်စက္ကဝတ်၏ ခြေရင်းတွင် ဒူးတုပ်နေသော ပန်းချီကျော် နိန္ဒသည် တစ်ပင်ပြီး တစ်ပင် လဲကျသွားသော သစ်ပင်ကြီးများ၏ ရှုခင်းကိုကြည့်ရင်း အံ့ဩနေမိလေသည်။ မှိုင်းညို့ဆို့ဆည်းနေသော သီလဝါကျွန်း၏ အဆင်းသည် တစ်စထက် တစ်စ လင်းထိန်လာသည်။ ကျွန်း၏ ပုံသဏ္ဌာန် တဖြည်းဖြည်း ထင်ရှားလာသည်။ သူ့တစ်သက်တွင် သူ့မျက်စိအောက်၌ ကြီးမားသော

http://www.cherrythitsar.org


သစ်ပင်ကြီးများအား ဤမျှ အလုံးအရင်းလိုက် ခုတ်ဖြိုနေသည်ကို နိန္ဒ တစ်ခါမှ မတွေ့ဘူးခဲ့။ ဤမြင်ကွင်းနှင့် ဤအသံကိုကြည့်ရင်း နားထောင်ရင်း နိန္ဒ အံ့သြနေသည်။ ထူးဆန်းသော ကမ္ဘာလောက တစ်ခုအတွင်းသို့ ရောက်နေရသည်နှင့်မခြားဟု ထင်မိသည်။ ထို့ထက်. . .

သီလဝါကျွန်းပေါ်တွင် ဘုရားတည်ရန် အရေးအတွက်၊ သူ့လို ပန်းချီကျော် တစ်ဦးကို ဘုရင်မင်းမြတ်က အနီးသို့ခေါ်ယူထားခဲ့ခြင်းကို ပို၍အံ့သြနေမိသည်။ နိန္ဒသည် သမိန်စက္ကဝတ်နှင့် နီးနီးကပ်ကပ် မနေခဲ့ဘူးချေ။ အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ဘုရင်မင်းမြတ်အနီးသို့ ရောက်ရှိနေရမည်ဟုလည်း တစ်ခါမှ မစဉ်းစားခဲ့ဘူးချေ။

နိန္ဒအတွက် အရာရာသည် အထူးအဆန်းဖြစ်နေသည်။

သီလဝါကျွန်းပေါ်မှ သစ်ပင်ကြီးများ တဝုန်းဝုန်းပြိုလဲနေသည့်အဖြစ်။

သီလဝါ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နာရဒလှေတော်ပေါ်တွင် ဘုရင်မင်းမြတ်နှင့် အတူရှိနေရင်း ထိုရှုခင်းကို အနီးကပ်စွာ ကြည့်နေရသည့်အဖြစ်။

ဘုရင်မင်းမြတ်အနီးတွင် အခြားပါဒနန်းတွင်း အကြီးအကဲများနှင့်အတူ လိုက်ပါခစားနေရသည့်အဖြစ်။

"နိန္ဒ"

သမိန်စက္ကဝတ်က ကျွန်းပေါ်သို့ကြည့်ရင်း သူ့အမည်ကို ခေါ်လိုက်သည်။

"ကျွန်တော်မျိုး ရှိနေပါတယ်. . . ဘုရင်မင်းမြတ်"

"သီလဝါကျွန်းကို မြင်တယ် မဟုတ်လား"

"မြင်ပါတယ် ဘုရင်မင်းမြတ်"

"သစ်ပင်ကြီးတွေ တဝုန်းဝုန်း ပြိုလဲနေတာ ဘယ်လောက်ကြည့်လို့ကောင်း လိုက်သလဲ"

"မှန်ပါ"

"နှစ်ပေါင်း တစ်ရာနှစ်ရာလောက် သက်တမ်းရှိကြမယ့် ကညင်ပင်ကြီးတွေ ကျွန်းပင်ကြီးတွေဟာ အခု ပဲပြားပင်ငယ်တွေလိုပဲ ကိုင်းမြက်ပင်တွေလိုပဲ တစ်ပင်ပြီးတစ်ပင် လဲကျနေတယ် မဟုတ်လား"

"မှန်ပါ"

"အဲဒါဘာကြောင့်လဲ. . . သိလား. . နိန္ဒ"

http://www.cherrythitsar.org



"သစ်ခုတ်အမှုတော်ထမ်းတွေရဲ့ ကျွမ်းကျင်မှုကြောင့်ပါ ဘုရင်မင်းမြတ်"

"ဘာ"

ခက်ထန်သော သမိန်စက္ကဝတ်၏ ဝေါက်ငမ်းသံတွင် နိန္ဒ တုန်လှုပ်သွားသည်။ သူ့အဖြေဘာမှားသလဲဟု စဉ်းစားလိုက်မိသည်။ နိန္ဒသည် ဘုရင်မင်းမြတ်၏ မျက်နှာကို မော့မကြည့်ဝံ့တော့၊ ဒူးတုပ်နေရင်းဖြင့်ပင် သူ့မျက်နှာရှေ့မှ သမိန်စက္ကဝတ်၏ ခြေဝတ်ကိုသာ အယောင်ယောင် အမှားမှား ကြည့်နေမိသည်။ သမိန်စက္ကဝတ်၏ ခြေဝတ်ပေါ်မှ ရွှေဆွဲကြိုးသည် ပြိုးပြက်လှပေသည်။

"ထုထည်ကြီးမားတဲ့ သစ်ပင်ကြီးတွေ ဖြောင်းဖြောင်းလဲကျနေတာဟာ သစ်ခုတ်အမှုတော်ထမ်းတွေကြောင့်တဲ့လား. . . နိန္ဒ"

သမိန်စက္ကဝတ်သည် အမျက်စောင် မာန်ကြီးသူ ဖြစ်သည်ဟု နိန္ဒ ကြားဖူးသည်။ သို့သော် နားအလည်ရခက်သော မေးခွန်းမျိုး မေးတတ်သည်ဟူသည်ကား မကြားခဲ့ဘူး၊ ထို့ကြောင့် ကြောက်ရွံ့ခြင်း၊ နားမလည်ခြင်းတို့ဖြင့် နိန္ဒ တုန်လှုပ်နေသည်။

"နိန္ဒ သင်ဟာ ပန်းချီသာဆွဲတတ်ပေတာကိုး၊ ရုပ်ပုံလွှာရေးဆွဲရာမှာ ကျွမ်းကျင်သလောက်၊ အမိန့်အာဏာရေးရာမှာတော့ သင်တယ်ညံ့သကိုး. . ."

"ခွင့်. . . ခွင့်လွှတ်ပါ. . . ဘုရင်မင်းမြတ်"

ရွှေကြိုးတို့ သိုင်းဖြာသောခြေဝတ်ကို မျက်နှာနှင့် ထိကပ်လုမတတ် ပျားပျားဝပ်ရင်း တောင်းပန်လိုက်သောအခါ သမိန်စက္ကဝတ်၏ လေသံအနည်းငယ် ပျော့သွားလေသည်။

"အင်းလေ ထားပါတော့ သင်နားလည်အောင် ကျွန်ုပ် တစ်ခုစီမေးသွားမယ်၊ ကြိုးစားပြီးဖြေ ဟုတ်လား. . ."

"ကောင်းပါပြီ ဘုရင်မင်းမြတ်"

"အဲဒီ သစ်ပင်ကြီးတွေကို ခုတ်လှဲနေကြတဲ့ သစ်ခုတ်အမှုထမ်းတွေကို အုပ်ချုပ်တာ ဘယ်သူလဲ"

ပါဒနေပြည်တော်မှ သီလဝါကျွန်းသို့ ဘုရင့်နာရဒလှေတော်ဖြင့် သုံးည အိပ်ခရီး လိုက်ပါခဲ့သော နိန္ဒသည် ဤမျှလောက်ကိုတော့ နားလည်ပေသည်။

"သစ်ခုတ်အမှုထမ်းတွေကို အုပ်ချုပ်သူက အကြပ်ဗိုလ် သမိန်ဗြတ်ထပဘုရား"

"အင်း ဟုတ်ပြီ သမိန်ဗြတ်ထပ အပေါ်ကထပ်ပြီး အမိန့်ပေးသူက. . ."

http://www.cherrythitsar.org



"ဗိုလ်မင်းသမိန်မရှုပါ၊ ဘုရင်မင်းမြတ်. . ."

"ဟုတ်ပြီ သမိန်မရှုကို အမိန့်ပေးသူက. . ."

"ဗိုလ်မင်းကြီး သမိန်ပြတ်ဇပါ. . ."

"ဟုတ်ပြီ နိန္ဒ ကဲ . . . ဆက်ဖြေစမ်း. . . အဲသည် ဗိုလ်မင်းကြီး သမိန်ပြတ်ဇရယ်. . . နန်းရင်းဝန်ဗညားမွန်ထော်ရယ်. . . စတဲ့. . . စတဲ့ ပါဒနန်းတော်ရဲ့ ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေ . . . နိုင်ငံတော်ရဲ့ သာသနာ အကြီးအကဲ ရှင်ဓမ္မညာဏ ရှင်ဗုဒ္ဓညာဏ စတဲ့ မထေရ်မြတ်တွေအပေါ်မှာ အမိန့်ပေးနိုင်တဲ့. . . သူ. . ."

"ကျွန်တော်မျိုးကြီးရဲ့ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်ပါ. . ."

နိန္ဒသည် သမိန်စက္ကဝတ်၏ အမေးမဆုံးသေးမီမှာပင် တက်ကြွသော အသံဖြင့် အားတက်သရော အဖြေပေးလိုက်လေသည်။ သမိန်စက္ကဝတ်၏ သေးငယ်သော မျက်လုံးအစုံတို့မှာလည်း ကျေနပ်အားရမှုများဖြင့် ပို၍ ကျဉ်းမြောင်းသေးငယ် သွားကြသည်။

"အင်း. . . အဲဒီလိုဆိုရင်. . . ကျွန်ုပ်စောစောက မေးလိုက်တဲ့ မေးခွန်းကို သင်ဖြေတတ်ရောပေါ့. . . နိန္ဒ၊ သီလဝါကျွန်းက သစ်ပင်ကြီးတွေ တဖြောင်း ဖြောင်း လဲကျနေတာဟာ ဘာကြောင့်လဲ. . ."

"နားဆင်ပါ. . . ဘုရင်မင်းမြတ်. . . ဟောဒီ သီလဝါကျွန်းပေါ်က သစ်ပင်ကြီးတွေ ဖြောင်းဖြောင်းလဲကျနေကြတာ ဟောဒီမျော်ဝန်းမြစ် အောက်ဖက် နေရာက ရေပြင်မှာ လှိုင်းတွေလှုပ်ခတ်နေကြတာ၊ ဟောဒီ ပါဒနိုင်ငံတော် တစ်ဝှမ်းလုံးမှာ နွေးထွေးတဲ့ လေညှင်းတွေ တိုက်ခတ်နေကြတာ. . . အားလုံး ဟာ ဘုန်းကြီးတဲ့ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်ရဲ့ တန်ခိုးရှိန်ဆော်ကြောင့် ဖြစ်လာကြတာတွေချည်းပဲလို့ ကျွန်တော်မျိုး အကြွင်းမဲ့ နားလည်သဘောပေါက် ရပါပြီ. . . ဘုရင်မင်းမြတ်. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

သမိန်စက္ကဝတ်သည် နာရဒလှေတော်ထိပ်ရှိ ဘုရင့်တံခွန်တော် လွှင့်ထူ ထားသော ရွှေပိန်းချတိုင်ကို ဆုပ်ကိုင်ရင်း အားရပါးရ ရယ်လိုက်လေသည်။

"နိန္ဒ သင်ဟာ ပန်းချီ အရေးကောင်းသူသာမက၊ စကားပြောကောင်းသူ လဲ ဖြစ်နေပါကလား၊ ရေမြေလေတို့အပေါ် အစိုးရတဲ့ ဘုရင်အဖြစ်ကို သင်က အနုပညာ သမားပီပီ လှလှပပကလေး ပြောသွားနိုင်ပေတာပဲ၊ ကဲ. . . ကဲ. . .

ထားတော့၊ လှေတော်မှူးကြီးရှိလားဟေ့. . .”

ပွဲစင်အခန်းမှ လှေတော်မှူးကြီး နာရိန္ဒသည် အပြေးအလွှား ရောက်လာပေသည်။

“ရှိပါတယ် ဘုရင်မင်းမြတ်”

“ကျွန်ုပ်ကျွန်းပေါ်ကို သွားမယ်၊ အားလုံး အဆင်သင့်လုပ်. . .”

“ကောင်းပါပြီ ဘုရင်မင်းမြတ်”

“နိန္ဒ လိုက်ခဲ့”

“ကောင်းပါပြီ ဘုရင်မင်းမြတ်”

နာရဒလှေတော်၏ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ လှေတော်၏ ကုန်းပတ်မှသည် သီလဝါကျွန်းကမ်းစပ် ကျောက်တုံးပေါ်သို့ အလျားခင်းထားသည့် သစ်သားတံတားကို ဖြတ်၍ လျှောက်ခဲ့ကြသည်။

သီလဝါကျွန်း၏ ကျောက်စရစ်ပေါသော မြေပေါ်သို့ ခြေချလိုက်မိချိန်တွင် နိန္ဒသည် မြစ်ရေနံ့သင်းသည့် လေကိုရှူရှိုက်လိုက်မိသည်။ နွေးထွေး သောလေထဲတွင် လဲပြိုဆဲ သစ်ပင်ကြီးများဆီမှ စိမ်းရွှေရွှေ သစ်ခေါက်နံ့တို့ လွှမ်းထုံလာသည်။

နိန္ဒသည် သူ့နောက်သို့ လှည့်ကြည့်လိုက်သည်။

သစ်သားတံတားပေါ်တွင် လျှောက်လာကြသည့် ဗိုလ်မင်းကြီး သမိန်ပြတ်ဇ၊ နန်းရင်းဝန်ကြီး ဗညားမွန်ထော်နှင့်တကွ အခြားပါဒနန်းတွင်း ပုဂ္ဂိုလ်ကြီးများကို အစီအရီ တွေ့လိုက်ရသည်။

နိန္ဒသည် ရှေ့သို့ပြန်ကြည့်လိုက်သည်။

သူ့ရှေ့တွင်ကား “သတ္တနေ”လေးတော်ကြီးကို စလွယ်သိုင်းထားသည့် သမိန်စက္ကဝတ်။

သီလဝါကျွန်းပေါ်သို့ ပထမဆုံး ခြေချချိန်တွင် ပါဒဘုရင်နှင့် အနီးကပ်ဆုံး ရှိနေသည်မှာ ပါဒနန်းတွင်း ပုဂ္ဂိုလ်ကြီးများ မဟုတ်မူဘဲ မိမိဖြစ်နေသည်ကို မုနိန္ဒ နားလည်သွားသည်။

နိန္ဒသည် စိမ်းရွှေရွှေ သစ်ခေါက်နံ့များကို ရှူရှိုက်ရင်း တဝုန်းဝုန်း လဲပြိုနေသည့်အသံများကို နားထောင်ရင်း သူ့ရင်ထဲမှာလည်း စိမ်းရွှေရွှေဖြစ်သော တဝုန်းဝုန်း မြည်ဟီးသော စကားတို့ကို သူ့ဖာသာ ကြားယောင်နေမိလေသည်။

“နိန္ဒ၊ မင်းဟာ ပန်းချီကျော်တစ်ယောက် ဖြစ်ပေမယ့် ပန်းချီကျော်

http://www.cherrythitsar.org



တစ်ယောက်နဲ့ မမျှအောင် ဘုန်းကြီးတော့မယ်၊ အခု မင်းဟာ ပါဒဘုရင်နဲ့ အနီးကပ်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေပြီ၊ ဘုရင့်ရဲ့ စိတ်သဘောကြိုက်ကို မင်းဟာ ပန်းချီကျော်ရဲ့ နားလည်တတ်လွန်းတဲ့ အနုပညာစိတ်နဲ့ ထွင်းဖောက် သိမြင်လိုက်ပြီ၊ ရှေ့ဆက်ပြီးတော့လဲ မင်းဟာ ပါဒဘုရင်နဲ့အတူ အချိန်အခါ တိုင်းမှာ နီးနီးကပ်ကပ် ရှိနေဖို့ မင်းကြိုးစားပေတော့၊ မင်းရဲ့ အနာဂတ် သိပ်ခမ်းနားလှပလာဖို့ လမ်းစပေါ်ပြီ. . . လမ်းစပေါ်ပြီ"

* * *

သီလဝါကျွန်းပေါ်မှ သစ်ပင်ကြီးများသည် ခုနစ်ရက်အတွင်းမှာပင် ရှင်းလင်းခုတ်ထွင်ပြီးသား ဖြစ်သွားသည်။ လုံးပတ်ကြီးမားသော ကညင်ပင်နှင့် ကျွန်းပင်ကြီးများ၏ ပင်စည်တို့သည် "သစ်လုံးတပ်"၏ တံတိုင်းများ၊ တံခါးများ အဖြစ်သို့ ပြောင်းလဲသွားကြသည်။ စိမ်းညို့အုပ်ဆိုင်းခဲ့သော သီလဝါကျွန်း သည် ယခုအခါ ရှင်းပြန့်သော မြေပြင်ရှိသည့် ကျွန်းဖြစ်သွားသည်။

သစ်လုံးတပ်များသည် ကျွန်း၏ လေးမျက်နှာစီတွင် အခိုင်အမာ ပေါ် ပေါက်လာကြသည်။ ပါဒနေပြည်တော် အရပ်လေးမျက်နှာ မြို့စောင့်တပ်ဖွဲ့လေးခု ၏ အစီအမံအတိုင်း စီရင်တပ်စွဲထားလိုက်သည်။

အရပ်လေးမျက်နှာတွင်. . .

အရှေ့အရပ်တွင် ပြုဗ္ဗာရတပ်မ၊ တပ်မှူးသမိန်မရူ။

အနောက်အရပ်တွင် မဇ္ဈိမတပ်မ၊ တပ်မှူး သမိန်သံဗြတ်။

တောင်အရပ်တွင် ဒက္ခိဏတပ်မ၊ တပ်မှူး သမိန်ဒိဗ္ဗ။

မြောက်အရပ်တွင် ဥတ္တရတပ်မ၊ တပ်မှူး သမိန်ပါလ။

ပါဒနေပြည်တော် တပ်မနှင့် ကွာခြားမှုမှာ တစ်ခုတည်းသာ ဖြစ်သည်။ ပါဒနေပြည်တော်၏ မြို့စောင့်တပ်မ လေးခုရှိတံတိုင်း၊ သူရဲခိုတို့ကို အုတ်ကျောက် ဖြင့် ပြုလုပ်ထားပြီး သီလဝါကျွန်းစောင့်တပ်မလေးခုရှိ တံတိုင်း၊ သူရဲခိုတို့ကို သစ်လုံးဖြင့် ပြုလုပ်ထားခြင်းသာ ကွာခြားသည်။

သီလဝါကျွန်းကို ခုတ်ထွင်ရှင်းလင်း၍ တပ်မများ တည်ဆောက်ပြီးသည် အထိ လုပ်ငန်းကို လူပေါင်းများစွာ၊ လှေပေါင်းများစွာ အသုံးပြုခဲ့သည်။ ပါဒ နေပြည်တော်နှင့် သီလဝါကျွန်းအကြား မှော်ဝန်းမြစ်ကြောင်း တစ်လျှောက်တွင် ဘုရင့်လှေ၊ တပ်မှူးလှေ၊ ရဲမက်လှေနှင့် အခြား အမှုတော်ထမ်းတို့၏ လှေများ သည် နေ့စဉ်နှင့်အမျှ စုန်ဆန်နေခဲ့ကြသည်။

http://www.cherrythitsar.org



သီလဝါကျွန်းသည် မည်သည့်နှစ် ပရိစ္ဆေဒပေါင်းများစွာက ကျွန်း တစ်ကျွန်းအဖြစ် တည်နေခဲ့သည်ကို မည်သူမျှမသိကြ။ သို့သော် သီလဝါ ကျွန်း၏ ရှိရှိခဲ့သမျှသော သက်တမ်းတစ်လျှောက်တွင် သည်တစ်ခါကဲ့သို့သော အသွင်ကို ဘယ်တုန်းကမှ မဆောင်ခဲ့ဟုကား၊ အားလုံးက သိနေကြသည်။

သစ်လုံးတပ်မများ၏ ဆေးဝါးကုသဆောင်များတွင်လည်း နာဖျားသူများ၊ ဒဏ်ရာရသူများဖြင့် ပြည့်နေသည်။ နာဖျားသူများအနက်တွင် အများစုမှာ စွတ်စိုအေးစိမ့်သော ကျွန်း၏ ချောင်းရေများကို သောက်သုံးခဲ့ရသဖြင့် ထူးဆန်း သော အဖျားရောဂါ စွဲကပ်ခံရသူ သစ်ခုတ်အမှုထမ်းများ ဖြစ်သည်။ ဒဏ်ရာရသူ များအနက် ပထမအများဆုံးမှာ သစ်လုံးပိသူများ၊ သစ်ကိုင်းပိသူများ ဖြစ်သည်။ ဒုတိယအများဆုံးကား ပါဒနိုင်ငံသားတို့ တစ်ခါမှ မကြုံဘူးသော အန္တရာယ် တစ်ခုနှင့် တွေ့ခဲ့သူများ။

ကညင်ပင်ကြီးများကို ခုတ်ဖြတ်ဖြိုလှဲရာ၌ မြေပြင်မှ ခုတ်ဖြတ်သူများ နှင့် သစ်ပင်ပေါ်တက်၍ ကြိုးဖြင့် ချည်နှောင်သူ၊ အကိုင်းအခက်ဖယ်ရှား ဖြတ်တောက်သူဟူ၍ အမှုတော်ထမ်းနှစ်စု ရှိသည်။ မြေပြင်မှ ခုတ်ဖြတ်သူများ ထက် အပင်ပေါ်တက်ရသူက ပို၍ကျွမ်းကျင် လိမ္မာရသည်။ လိုအပ်သော နေရာသို့ သစ်ပင်လဲကျစေရန်၊ မလှဲရသေးသည့် အခြား အပင်များပေါ်သို့ လဲကျမသွားစေရန် အပင်ပေါ် တက်ရသူက သူ၏ သစ်ခုတ်အတတ်ပညာဖြင့် ထိန်းကျောင်းစီမံပေးရသည်။

မြင့်မားသော အကိုင်းအခက်တို့ ခက်ဖြာရှုပ်ထွေးသော၊ အရွက်ဖားဖား တို့ အထပ်ထပ်ပိတ်ဆို့နေသော၊ အလင်းရောင်နည်းပါးသော သစ်ပင် ထိပ်ဖက် ဆီသို့ ခက်ခက်ခဲခဲ တက်ရသည်။ သစ်ခုတ်သမား၏ ခါးထစ်တွင် ချည်တုပ်ရန် ကြိုးခွေ၊ လက်ထဲတွင် ပိုင်းဖြတ်ရန် ဓားမောက်တို့နှင့် 'စို့'ရိုက်သွင်းရန် တင်းပုတ်အငယ်စားတို့ကို သယ်ဆောင်၍ သစ်ပင်ထိပ်ဖျားသို့ တက်ရသည်။

ပါဒသစ်ခုတ်သမားတို့သည် သီလဝါကျွန်း၏ ရှုပ်ထွေးမြင့်မားသော သစ်ပင်ကြီးများကို အမှုမထားကြ။ ထိပ်ထက်ဆီမှ ကြည့်လျှင် အဝေးမှ မှော်ဝန်း မြစ်ကို ချောင်းငယ်သာသာလောက်သာ မြင်ရတော့သည့် အမြင့်သို့ သူတို့ အလွယ်တကူ တက်နိုင်ကြသည်။ အမြင့်ဆုံး နေရာမှ  မြင်နေရသော မြစ် အညာဆီက ပါဒနန်းတော်၏ စုလစ်မွန်းချွန်တို့သည် သူတို့အတွက် ပျော်စရာ မြင်ကွင်းပင် ဖြစ်နေသေးသည်။

http://www.cherrythitsar.org



ပါဒသစ်ခုတ်သမားတို့အဖို့ မြင့်မားသီခေါင်သော သစ်ပင်ကြီးများ၏ ထိပ်ဆုံးကိုင်းမြွာများသည်၊ သူတို့ခြေအောက်တွင် မြေကြီးပေါ်ရှိ သစ်ကိုင်းခြောက်နှင့်မခြား။

ပြီးတော့ တစ်သက်နှင့်တစ်ကိုယ် ဤမျှ ခက်ခက်ခဲခဲ တက်ရောက်ခုတ်ထွင်ရခြင်းသည်ပင် ကြီးစွာသော ကုသိုလ်အမှုဟု သူတို့ ယုံကြည်သည်။ ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် ဘုရားစေတီတည်ရန်ဟူသော သဒ္ဓါပီတိသည် အချိန်တိုင်းတွင် ရှိနေသည်။ ပို၍မြင့်မားသော သစ်ပင်ကို တက်ရလေလေ သဒ္ဓါပီတိသည် ပို၍ မြင့်မားကြီးထွားလာလေလေ။

သို့သော်. . .

ကညင်ပင်ကြီးများ၏ အမြင့်ဆုံးအကိုင်း၊ မှောင်ရိပ်အကျဆုံး ရွက်ပင်အုပ်များနေရာသို့ ရောက်သွာမိသူများသည်. . .

သစ်ကိုင်းကို ကြိုးဖြင့် တုပ်ချည်၍ ဓားမောက်တို့ဖြင့် ဖြတ်တောက်လိုက်သည်နှင့် တစ်ပြိုင်နက်၊ စူးနစ် မြည်ဟီးသော တောင်ပံခတ်သံများကို ကြားလိုက်ရပြီးနောက် မျက်နှာပြင်၊ လည်တိုင်၊ လက်မောင်း၊ ပခုံး၊ ရင်အုပ် နေရာအနှံ့အပြားတွင် မီးစ သို့တည်းမဟုတ် သံချွန်ပူဖြင့် အဆက်မပြတ် ထိုးဆွလိုက်သလို ပြင်းထန်စွာ ခံစားလိုက်ရသည်။

သစ်ခုတ်သမား၏ ခါးမှ ကြိုးစသည် တစ်ဖက်တွင် ပင်စည်ကို ချည်နှောင်ထားသဖြင့် သစ်ပင်ပေါ်မှ ကျမသွား။ သို့သော် သစ်ပင်ပေါ်မှ ကျသွားခြင်းက ဝေဒနာ ပို၍သက်သာကောင်း သက်သာနိုင်မည်။ မရုန်းနိုင် မဖယ်နိုင်၊ မခုခံနိုင်သော သစ်ခုတ်သမား၏ ဗလာကိုယ်တည်းဖြစ်သော ကိုယ်ခန္ဓာအပေါ်ပိုင်းမှာကား၊ ရုတ်ခြည်းပင် နီရဲသော အဖုအပိန့်ကြီးများ ပေါ်ပေါက်လာသည်။ အချို့ကား သစ်ပင်ပေါ်တွင် အဆိပ်တက်ပြီး သွေးရူးသွေးတမ်းဖြင့် သေဆုံးသွားကြသည်။ အချို့ကား၊ ခါးမှ ကြိုးစကို ဖြည်ရန် အချိန်မရတော့သဖြင့် ရူးမိုက်စွာပင် ဓားမောက်တိုဖြင့် ကြိုးကို ဖြတ်လိုက်ရပြီး အောက်သို့ တစ်ဟုန်ထိုးလိမ့်ကျကြသည်။ သတိကောင်းသော၊ သတ္တိကောင်းသောသူ အနည်းငယ်သာလျှင် ခါးမှကြိုးစကိုဖြည်၍ သစ်ကိုင်းများကို တွဲခိုလျက် သွေးရူးသွေးတမ်းအော်ဟစ်ရင်း ပြန်ဆင်းလာနိုင်ကြသည်။

ပြန်ဆင်းလာနိုင်သူ အနည်းငယ်တို့သည် သစ်လုံးတပ်၏ ဆေးဝါးကုသဆောင်တွင် ရက်ပေါင်းများစွာ သတိလစ်ရင်း တစ်ခါတစ်ခါ သစ်ပင်ထိပ်တွင်

http://www.cherrythitsar.org



သူတို့တွေ့ခဲ့ရသည့် အန္တရာယ်ကို ကြောက်လန့်တကြား ဟစ်အော် ယောင်ယမ်း တတ်ကြသည်။ အသံနက်ကြီးဖြင့် ကြောက်လန့်တကြား ဟစ်အော်ယောင်ယမ်း လိုက်သော အသံများသည် သီလဝါကျွန်း၏ ညများကို ရက်အတန်ကြာ ချောက်ချားစေခဲ့လေသည်။

သစ်ပင်တက် သစ်ခုတ်သမားတို့၏ ကယောင်ကတမ်း အော်သံ. . . ။

"ပျား. . . ပျား. . . ကြီးတွေ. . . တောကြီးပျားအုံ. . . တောကြီးပျားတွေ၊ တုပ်ကုန်ပြီ. . . တောကြီးပျားတွေ. . . ကယ်တော်မူကြပါ. . . "

* * *

"တောကြီးပျားရဲ့ အန္တရာယ်ကြောင့် သစ်ပင်ပေါ်မှာ သေဆုံးသွားခဲ့သူ က သုံးဆယ့်နှစ်ဦး၊ သစ်ပင်ပေါ်က လိမ့်ကျသေဆုံးသွားသူက နှစ်ဆယ့်ငါးဦး၊ အောက်ကို ပြန်ဆင်းလာနိုင်ပေမယ့် အဆိပ်ပြင်းထန်လွန်းလို့ ဆေးဝါး ကုသ ဆောင်မှာ သေဆုံးသူက တစ်ဆယ့်ခြောက်ဦး၊ ဆေးဝါးကုသမှု ခံယူရဆဲက ဆယ့်လေးဦး ရှိပါတယ်၊ ဘုရင်မင်းမြတ်"

ဥတ္တရတပ်မ တပ်မှူးသမိန်ပါလက၊ ပေလိပ်ကို ဖြန့်၍ ဖတ်ပြနေသည်။

နိန္ဒသည် ဆေးဝါးကုသဆောင်ထဲရှိ ဒဏ်ရာရသူများ အလည်တွင် ရောက်နေရသည့်အတွက် ပျို့အန်မသွားစေရန် အားတင်းထားရလေသည်။

"နောက်ပြီး. . . သစ်တုံးပိ သေဆုံးသွားသူ. . . "

"တိတ်စမ်း. . . "

သမိန်စက္ကဝတ်၏ အော်ဟစ်သံကြောင့် တပ်မင်း သမိန်ပါလ၏အသံ ရပ်သွားသည်။ ဒဏ်ရာပြင်းသော သူများသည်လည်း မိမိတို့၏ ညည်းညူလိုမှု ကို ကြိုးစားချုပ်တီးလိုက်ကြရလေသည်။

သမိန်စက္ကဝတ်သည် ဆေးဝါးကုသဆောင်အတွင်းသို့ ဝေ့၍ ကြည့်လိုက် သည်။

"ဒက္ခိဏတပ်မ၊ မဇ္ဈိမတပ်မ၊ ပြုဗ္ဗာရတပ်မ. . . တပ်မသုံးခုစလုံးကို ကျွန်ုပ်စစ်ဆေးခဲ့တယ်. . . သမိန်ပါလ၊ သင့်ရဲ့ ဥတ္တရ တပ်မ ဆေးဝါးကုသ ဆောင်က ဒဏ်ရာရသူအများဆုံး ဖြစ်နေပါလား၊ ဒါဟာ သင့်ရဲ့ အစီအမံ အုပ်ချုပ်မှု ညံ့ဖျင်းခြင်းကို ဖော်ပြနေတာပဲ၊ ကဲ. . . ဘာပြောမလဲ"

သမိန်ပါလ၏ မျက်နှာသည် မဲကနည်း ဖြစ်သွားလေသည်။

"ပြောစမ်းပါ. . . ဘာကြောင့် သင့်ရဲ့ ဆေးဝါးကုသဆောင်က အစည်ကား

http://www.cherrythitsar.org



ဆုံး ဖြစ်ရတာလဲ. . . သမိန်ပါလ. . . ”

“ဒီလိုပါ. . . ဘုရင်မင်းမြတ်. . . သီလဝါကျွန်းရဲ့ အရပ်လေးမျက်နှာမှာ ကျွန်တော်မျိုး တာဝန်ယူရတဲ့ ဟောဒီမြောက်ဘက် ဥတ္တရဒေသဟာ သစ်ပင် အထူထပ်ဆုံး ဖြစ်ပါတယ်၊ အမြင့်ဆုံးသစ်ပင် အများဆုံးလဲ ဖြစ်ပါတယ်၊ တော နက်လွန်းတဲ့အတွက် တောကြီးပျားအုံတွေကလဲ. . . သစ်ပင်တိုင်းလိုလိုမှာ ရှိနေပါတယ်၊ ဒါကြောင့် သေဆုံးသူ ဒဏ်ရာရသူတွေ များပြားခဲ့ရခြင်းပါ”

“မှိုင်းလုံးဖြစ်ပေါ်စေတဲ့ ကညင်ဆီနဲ့ လဲဝါစေ့ကိုရောပြီး ပျားအုံတွေကို မီးနဲ့ မတိုက်ဘူးလား. . . သမိန်ပါလ”

“မီးခိုးမှိုင်းတွေ ကြားမှာပဲ တောကြီးပျားတွေဟာ အညှိုးကြီးစွာနဲ့ တိုက်ခိုက် ကြပါတယ်. . . ဘုရင်မင်းမြတ်”

“ကောင်းပြီ. . . ထားတော့ ဘာပဲဖြစ်ဖြစ် သင့်ရဲ့ အစီအမံ ညံ့ဖျင်းတာ ကတော့ ဖုံးကွယ်လို့ မရဘူး၊ သင့်ကို ကြီးမားတဲ့ တာဝန်တစ်ခုထပ်ပေးရမယ်၊ ဒါဟာ တပ်မင်းတစ်ဦးမို့ တာဝန်ပေးတဲ့ အပြစ်ဒဏ်မျိုး စီမံရတာလို့ နားလည် ထား အဲဒီ တာဝန်က. . . ”

သမိန်စက္ကဝတ်သည် စကားကို အဆုံးမသတ်ဘဲ အနီးရှိ ပန်းချီကျော် နိန္ဒကို လှမ်းကြည့်လိုက်သည်။ သမိန်စက္ကဝတ်ကိုသာ အမြဲမပြတ် အာရုံစိုက် နေသော နိန္ဒသည် လက်ထဲရှိ မှိုင်းကိုင်စက္ကူလိပ်ကို ဖြည်ချရင်း စားပွဲပေါ်သို့ ဖြန့်တင်လိုက်လေသည်။

“နိန္ဒ. . . သင်ပဲ ပြောပြလိုက်ပေတော့”

နိန္ဒ၏ လေသံသည် ဘုရင့်သေနာပတိ လေသံကဲ့သို့ ပီသပြတ်သားစွာ ထွက်ပေါ်လာလေသည်။

“ပြုဗ္ဗာရ၊ မဇ္ဈိမ၊ ဥတ္တရ၊ ဒက္ခိဏ တပ်မများရဲ့ ပုံစံက ဒီလိုရှိပါတယ်၊ တပ်မလေးခုရဲ့ အစွန်းချင်းဆုံမိရာ ထောင့်လေးထောင့်မှာ နေရာလွတ်တွေ ရှိနေပါတယ်၊ အဲဒီနေရာလွတ် လေးခုမှာ ဂဝံကျောက်နဲ့ အုတ်မြစ်ဆောက်ပြီး တော့ ရုပ်တုကြီး လေးရုပ်တည်ပါမယ်၊ အဲဒီ ရုပ်တုတွေရဲ့ ပုံစံကတော့. . . ”

နိန္ဒသည် နောက်ထပ် မှိုင်းကိုင်စက္ကူလိပ် တစ်ခုကို ဖွင့်လိုက်ပြန်သည်။

“ဟောဒီအတိုင်းပါပဲ”

သမိန်ပါလသည် နိန္ဒလက်ထောက်ပြသည့် ပုံကို ငုံ့ကြည့်လိုက်သည်။

စစ်ဝတ်ချပ်မိန်ကို အပြည့် ဆင်ယင်ထားပြီး “သတ္တနေ့”လေးကြီး၏

http://www.cherrythitsar.org



လေးညှို့တွင် မြားတစ်ချောင်းကို တပ်ဆင်ကာ လေးညှို့ကို ငင်နေသည့် သမိန်စက္ကဝတ်၏ ရုပ်ပုံ။

နိန္ဒသည် သမိန်စက္ကဝတ်ကို ဦးညွှတ်လိုက်ရင်း နောက်ဆုတ်ကာ မူလနေရာဆီသို့ ပြန်လှည့်သွားသည်။

"အဲဒါပဲ သမိန်ပါလ. . . အဓိပ္ပာယ်ကို အထူးရှင်းပြစရာ မလိုတော့ဘူးထင်တယ်၊ ဒီသီလဝါကျွန်းဟာ ကျွန်ုပ်ရဲ့ ကျွန်းမဟုတ်လား၊ ဒီကျွန်းပေါ်က ရန်သူတွေကို ကျွန်ုပ်လေးတော်နဲ့ ခွင်းပစ်ခဲ့တယ် မဟုတ်လား၊ ကျွန်းစောင့်တပ်မလေးခုရဲ့ ထောင့်လေးဖက်မှာ ကျွန်ုပ်ရဲ့ ရုပ်ပုံထားရမယ်၊ သီလဝါကျွန်းပေါ်ကနေပြီး အရပ်လေးမျက်နှာရဲ့ ရန်သူ မိစ္ဆာတွေကို မောင်းထုတ်တဲ့ အထိမ်းအမှတ်ရုပ်တု၊ ဒါပဲ"

သမိန်ပါလသည် နားမလည်စွာဖြင့် သမိန်စက္ကဝတ်ကို ကြည့်နေသည်။

သမိန်စက္ကဝတ်သည် ထုံးစံအတိုင်း မျက်လုံးအစုံကို ကျဉ်းမြောင်းသွားအောင် ပြုံးလိုက်ရင်း အမိန့်ပေးလေသည်။

"ပါဒဘုရင်ရဲ့ အမိန့်ပဲ. . . သမိန်ပါလ၊ သင့်ကို အပြစ်ဒဏ်သဘောမျိုး တာဝန်တစ်ခုပေးလိုက်တယ်။ အဲဒီ ရုပ်တုလေးခု တည်ဆောက်ရေးမှာ သင်တာဝန်ယူရမယ်၊ ကျွန်းပေါ်မှာ ဘုရားစေတီ တည်ပြီးတဲ့ အချိန်မှာပဲ သင့်ရဲ့ ရုပ်တုလေးခုဟာ အပြီးသတ်စေရမယ်၊ ကိုင်း. . . သွားစို့. . . နိန္ဒ. . . အော် . . . အော် တစ်ခုမှာဖို့ မေ့သွားတယ် သမိန်ပါလ၊ ရုပ်တုလေးခုကို တည်ရာမှာ မှိုင်းကိုင် စက္ကူပေါ်က နိန္ဒ ရေးဆွဲထားတဲ့အတိုင်း ထင်ရှားပေ့စေ. . . သိလား"

သမိန်စက္ကဝတ်နှင့် နိန္ဒတို့သည် ရဲမက်များခြံရံလျက် ဆေးဝါးကုသဆောင်အတွင်းမှ ထွက်သွားကြသည်။ တပ်မင်းသမိန်ပါလမှာ ရှက်ရွံ့သောဒေါသများကြောင့် ဘုရင့်အပါးတွင် ခါတိုင်းလိုက်ပါနေကျဖြစ်သော နန်းရင်းဝန်ကြီး ဗညားမွန်ထော်နှင့် တပ်မင်းကြီး သမိန်ပြတ်ဇတို့ မပါလာသည့်အဖြစ်ကိုပင် သတိမထားလိုက်မိတော့။

သမိန်ပါလသည် ဆေးဝါးကုသဆောင် အတွင်းသို့ အဓိပ္ပာယ်မဲ့ လှမ်းကြည့်လိုက်သည်။ ဒဏ်ရာရ သစ်ခုတ်သမားတို့နှင့် ရဲမက်တို့သည် လဲလျောင်းနေရင်းမှပင် သူ့ကို တိတ်ဆိတ်စွာ ဝိုင်းကြည့်နေကြခြင်းကို သူတွေ့လိုက်ရသည်။ လူနာတို့၏ တိတ်ဆိတ်သော အကြည့်များကို သမိန်ပါလ ခံယူရင်း သူ့ရှေ့သစ်လုံး စားပွဲပေါ်မှ နိန္ဒဖြန့်ခင်း ပြသွားသော ရုပ်ပုံလွှာချပ်ကို

http://www.cherrythitsar.org



အမိပ္ပာယ်မဲ့စွာ ငုံ့ကြည့်မိပြန်သည်။

ရုပ်ပုံထဲရှိ သမိန်စက္ကဝတ်၏ လေးကိုင်းပေါ်မှ မြားတံသည် သူ့ရင်အုံကို ချိန်ရွယ်ထားလေသည်။

* * *

"ဘယ်နဲ့လုပ်ကြမလဲ. . . နန်းရင်းဝန်ကြီး"

တပ်မင်းကြီး သမိန်ဗြတ်ဇသည် မျက်နှာချင်းဆိုင်ထိုင်နေသည့် ဗညားမွန်ထော်ကို စေ့စေ့ကြည့်ရင်း အားကိုးတကြီး မေးလိုက်သည်။

နန်းရင်းဝန်ကြီး ဗညားမွန်ထော်ကား ပြတင်းမှတစ်ဆင့်၊ သီလဝါကျွန်းကမ်းစပ်ဆီသို့ ငေးနေမိလေသည်။ သူတို့ရှေ့ရှိ ညောင်စောင်းပေါ်မှ ရှင်မွေ့ဉာဏမထေရ်မြတ်မူ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန်ဖြင့် ရှေ့တူရူသို့ ကြည့်နေလေသည်။

"သမိန်စက္ကဝတ်ဟာ ဒီလိုသာ ထင်တာလုပ်နေရင်တော့ နိုင်ငံတော်အလုံးမှာ ချောက်ချားကုန်တော့မှာပဲ၊ အစဉ်အဆက် တစ်သက်ပတ်လုံး သာသနာ ရေးမှာ ဝင်စားခဲ့ကြတဲ့ ပါဒနိုင်ငံတော်သားတွေရဲ့ နူးညံ့တဲ့ နှလုံးသားဟာ သမိန် စက္ကဝတ်ရဲ့ အဆင်ခြင်ကင်းမဲ့တဲ့ လုပ်ရပ်တွေကြောင့် အနာတရ ဖြစ်ကုန်ကြပြီ . . . ဒီထက်ကြာရင် ပိုဆိုးတော့မယ်၊ ကျွန်ုပ်ဆီကို ကျွန်းစောင့် တပ်မလေးခုရဲ့ တပ်မင်းတွေဆီက သဝဏ်တွေ ရောက်လာတယ်၊ သူတိုရဲ့ ရဲမက်တွေနဲ့ တခြား အမှုတော်ထမ်းတွေဟာ ညည်းတွားကုန်ကြပြီတဲ့၊ သူတို့ တတွေရဲ့ မိသားစုတွေ ကလဲ အခက်အခဲတွေ့နေကြပြီတဲ့၊ ပါဒနေပြည်တော်သူတွေရဲ့ စားဖိုခန်းတွေဟာ ခြောက်သွေ့ကြုံလှီလာပြီး၊ ရသမျှ အသပြာတွေကို သီလဝါကျွန်းက သူတို့ရဲ့ မောင်ဘွား၊ လင်သားတွေအတွက် ဆေးဝါးခအဖြစ်သာ သုံးစွဲနေရပြီတဲ့ ပြီးတော့"

"တော်ပါတော့. . . တပ်မင်းရယ်. . . "

ဗညားမွန်ထော်က နာကျင် ပင်ပန်းသော အသံဖြင့် တားဆီးလိုက်သည်။

"အရှင်ဘုရား. . . စေတီပုထိုးနဲ့ပတ်သက်ပြီး သမိန်စက္ကဝတ်ကို အရှင်ဘုရား မိန့်တော်မူခဲ့စဉ်က ဘယ်လိုများ ထူးခြားခဲ့ပါသလဲ ဘုရား"

ဗညားမွန်ထော်က ရှင်မွေ့ဉာဏကို လက်အုပ်ချီရင်း မေးသည်။

"ကျွန်ုပ်ကောင်းကောင်း ရှင်းပြခဲ့တယ် ဒကာတော်. . . သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ သုံးရပ်ရှိကြောင်း၊ အခု သူတည်မယ့်ဘုရားဟာ

http://www.cherrythitsar.org



လိုဏ်မုခ်ရှိတဲ့ ဘုရားဖြစ်တဲ့အတွက် ထူပါသို့မဟုတ် ပုထိုးလို့ ခေါ်ဆိုအပ် ကြောင်း၊ ပုထိုးရဲ့ မုခ်မှာ၊ ခြင်္သေ့ဖြစ်စေ၊ မနုဿီဟဖြစ်စေ တည်ထားလေ့ရှိ ကြောင်း ကျွန်ုပ် အသေးစိတ် ရှင်းပြခဲ့တယ်၊ ဒါပေမယ့် သူ နားမဝင်ဘူးလေ"

ရှင်ဓမ္မညာဏသည် သမိန်စက္ကဝတ်နှင့် တွေ့ဆုံပြီး၊ မိမိပြောခဲ့သော စကားများ၊ သမိန်စက္ကဝတ် ပြန်ပြောခဲ့သော စကားများကို အတိအကျ ပြောပြ နေလေသည်။

"ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာက ဖြစ်တဲ့ အသမ္ဘိဏ္ဏဓာတ်တော်၊ သမ္ဘိဏ္ဏ ဓာတ်တော်ကို ထည့်သွင်းဌာပနာအပ်တဲ့ စေတီမျိုးကို သရီရ စေတီလို့ ခေါ် တယ်၊ ဘုရင်မင်းမြတ်၊ ဗောဓိပင်နဲ့တကွ ဘုရားရဲ့ အသုံးအဆောင်များကို ဌာပနာအပ်တဲ့ စေတီမျိုးကိုတော့ ပရိဘောဂ စေတီလို့ ခေါ်တယ်၊ ဥဒ္ဒိဿ စေတီဆိုတာကတော့ ဘုရားရဲ့ အဆင်းတော် အသံတော်တို့ကို မှန်းဆရည်ရွယ် ပြီး အရိုအသေပြုအပ်တဲ့ စေတီမျိုးကို ခေါ်တယ်၊ ဒီလို စေတီမျိုးတွေကို တည်ထားရာမှာလဲ ဗုဒ္ဓဘာသာဝင် ဘုရင်အစဉ်အဆက်နဲ့ နတ်ရွာစံ ပါဒဘုရင်မင်း တို့ဟာ သက်ဆိုင်ရာ စေတီတော်ရဲ့ သက်ဆိုင်ရာမုခ်မှာ သက်ဆိုင်ရာရုပ်တု တွေကို တည်ထားခဲ့ကြတယ် ဘုရင်မင်းမြတ်"

ထိုစကားများကို ကြားသောအခါ သမိန်စက္ကဝတ်သည် ခေါင်းကို သိသိ သာသာခါယမ်း၍ ငြင်းဆန်ခဲ့လေသည်။ ရှင်ဓမ္မညာဏသည် သမိန်စက္ကဝတ်၏ ငြင်းပယ်သံကို ကြားယောင်ဆဲ ဖြစ်နေသည်။

"အရှင်ဘုရား . . . ခမည်းတော်တည်ခဲ့တဲ့ စေတီတွေတုန်းကတော့ ဟုတ်ပါတယ်၊ ဥပမာ ကျိုက်ကမော့ ဆံလွန်စေတီဆိုရင် သွားတော်ဓာတ်နဲ့ ဆံတော်ဓာတ်ကို ပတ္တမြားကြုတ်မှာ ဌာပနာခဲ့တယ်၊ ကျိုက်မှာ ထယ်စေတီ ဆိုရင် ရဟန္တာရဲ့ ဓာတ်တော်ကို ဌာပနာပြီး တည်ခဲ့တယ်၊ တပည့်တော် အခု တည်တဲ့ဘုရားက ကျိုက်ခနော်ဘုရား၊ ကျိုက်ခနော်စေတီပါဘုရား၊ တပည့်တော်ရဲ့ ရန်သူတွေကို ဟောဒီကျွန်းပေါ်ကနေပြီး၊ ဟောဒီ သတ္တခနေလေးတော်နဲ့ အပြီး အပိုင် အောင်မြင်ပစ်ခွင်းနိုင်ခဲ့လို့ တပည့်တော်ရဲ့ အောင်မြင်ခြင်းကိုပြတဲ့ တပည့်တော်ရဲ့ ပါဒဘုရင်တို့ ထုံးတမ်းကို လိုက်နာမှုကိုလဲပြတဲ့ ကျိုက်ခနော် စေတီတော်ပါ ဘုရား၊ တပည့်တော် ဘာကိုမှ ဌာပနာစရာမရှိပါဘူး၊ ပါဒနိုင်ငံ တော်ရဲ့ အင်အားနဲ့ စွမ်းရည်သတ္တိကို ကိုယ်စားပြုတဲ့ စေတီပါ ဘုရား ဒါကြောင့် . . ."

http://www.cherrythitsar.org



နန်းရင်းဝန်ကြီး၊ ရှင်ဓမ္မညာဏ၊ သမိန်ဓမ္မနှင့် သမိန်ပြတ်ဇတို့အားလုံး သမိန်စက္ကဝတ်ကို ဖျောင်းဖျကြသည်။ တောင်းပန်ဖြေရှင်းကြသည်။ အထူး သဖြင့် ရှင်ဓမ္မညာဏ၏ ဓမ္မကြောင်းနှင့်နွယ်၍ ကိုးကားထောက်ထားပြီး ရှင်းပြခဲ့သည်။ သို့သော်. . .

သမိန်စက္ကဝတ်သည် သူ၏ အကြံအစည်မှ တစ်ရွေးတစ်စေ့ တိမ်းစောင်း မသွားချေ။

"တပည့်တော်ရဲ့ ကျိုက်ခေနုဂ်ဘုရားက အစဉ်အလာ ပါဒဘုရင်များ တည်ခဲ့တဲ့ ဘုရားတွေထက် ထူးခြားမယ် ဘုရား၊ ပါဒနိုင်ငံတော်မှာ ဘယ်တုန်းကမှ မရှိခဲ့ဘူးတဲ့ ဌာပနာတွေနဲ့ တည်ထားမယ့် စေတီပဲဘုရား"ဟု ခေါင်းမာစွာဖြင့် ငြင်းဆန်ခဲ့သည်။

ရှင်ဓမ္မညာဏသည် သမိန်စက္ကဝတ်၏ တင်းမာသော ဆန္ဒကို ပယ်ဖျောက်၍ မရနိုင်တော့မှန်း သိသောအခါ၊ သူ့ဆန္ဒအတိုင်း အဘယ်သို့ တည်ထားလိုပါသနည်းဟု ဆက်လက်မေးမြန်းခဲ့သည်။

ထိုအခါတွင် ရှင်ဓမ္မညာဏနှင့် တကွသော ပါဒနိုင်ငံ၏ အကြီးအကဲ ပုဂ္ဂိုလ်များသည် ထူးဆန်းအံ့ဩဖွယ်သော၊ သို့မဟုတ် သူတို့အတွက် တုန်လှုပ်ဖွယ်သော သမိန်စက္ကဝတ်၏ အစီအစဉ်ကို ကြားခဲ့ကြရလေသည်။

"အရှင်ဓမ္မညာဏနှင့်တကွ၊ နန်းရင်းဝန်ကြီး၊ တပ်မင်းကြီး ဗိုလ်မင်းတို့ အားလုံး နားထောင်ကြပါ၊ ကျွန်ုပ်ရဲ့ အစီအစဉ်ကတော့၊ ဒီစေတီပုထိုး. . . အဲ . . . လိုဏ်မုခ်နဲ့ ဆိုတော့ စေတီပုထိုးပေ့ါ၊ ဟုတ်လား၊ ဒီကျိုက်ခေနုဂ်စေတီ ပုထိုးဟာ ကျွန်ုပ်ရဲ့ သီလဝါကျွန်း အောင်ပွဲခံ အထိမ်းအမှတ်ဖြစ်တဲ့ အလျောက်၊ ကျွန်ုပ်သမိန်စက္ကဝတ်က၊ ရန်သူတွေကို တွန်းလှန်နှိမ်နှင်းနေပုံ စစ်ပွဲရဲ့ မြင်ကွင်းတွေကို စေတီတံတိုင်းမှာ ရုပ်ပုံတွေ ရေးဆွဲထားမယ်၊ ဂဝံကျောက်နဲ့ ရုပ်လုံးကြွတွေ ထွင်းဖော်ထားမယ်၊ စေတီရဲ့ ဌာပနာတိုက်မှာလဲ၊ အသားမည်း ရန်သူတွေဆီက ရလိုက်တဲ့ စစ်လက်နက်တွေ၊ ရတနာတွေ၊ ပြီးတော့ သွေးစွန်းနေတဲ့ ကျွန်ုပ်ရဲ့ သီလဝါကျွန်းစစ်ပွဲ စစ်ဝတ်စုံကို ထည့်သွင်းထားမယ်၊ ပြီးတော့. . . "

သေးငယ်ကျဉ်းမြောင်းသော မျက်လုံးများကို ပို၍ သေးငယ်ကျဉ်းမြောင်း သွားအောင် ပြုံးလိုက်သည့် သမိန်စက္ကဝတ်၏ မျက်နှာကို ယခုတိုင် ရှင်ဓမ္မညာဏမြင်ယောင်ဆဲ ဖြစ်သည်။

". . . . ပြီးတော့ . . . . စေတီတံတိုင်းရဲ့ မုခ်ဝမှာ ခြသေ့်၊ ဒါမှမဟုတ်

http://www.cherrythitsar.org



မနုသီဟ၊ ဒါမှမဟုတ် အခြားတည်လေ့ တည်ထရှိတဲ့ အရုပ်မျိုးကို မထားဘူး၊ စေတီတံတိုင်းရဲ့ မုခ်မှာ ကျွန်ုပ်ရဲ့ ရုပ်တု၊ အတောင်သုံးဆယ်လောက်မြင့်မယ့် သမိန်စက္ကဝတ်ရုပ်တု၊ လေးညှို့မှာ မြားတံကို တပ်ဆင်ပြီး လေးညှို့ကို ငင်နေတဲ့ . . . ဟောဒီလိုပုံ၊ ဟား. . . ဟား. . . ဟား. . . "

ရှင်ဓမ္မဉာဏသည် စိတ်ထိခိုက် လှုပ်ရှားလွန်ခြင်းများစွာဖြင့် သမိန်စက္ကဝတ်ရှေ့မှ ရုတ်ချည်းထ၍ ထွက်ခွာလာခဲ့သော မိမိအဖြစ်ကို သတိရနေမိပြန်သည်။

ဟက်ဟက်ပက်ပက် ရယ်မောခဲ့လေသော သမိန်စက္ကဝတ်၏ ရယ်သံကို ယခုပင် ကြားယောင်လိုက်ဟန်ဖြင့် ရှင်ဓမ္မဉာဏသည် ခေါင်းကို ခါရမ်းရင်း ကြားယောင်မိသည့် ရယ်သံကို ဖယ်ထုတ်လိုက်သည်။

"နန်းရင်းဝန်ကြီးတို့ စဉ်းစားကြည့်ပေတော့၊ ကျိုက်ခေါင်ဘုရားရဲ့ မုခ်ဝမှာ အစဉ်အလာ ရှိတဲ့အတိုင်း မုခ်တွေကို မထားဘဲ၊ လေးမြားစွဲကိုင်နေတဲ့ သူ့ ပုံကို တည်ထားမယ်ဆိုတာကတော့. . . "

သမိန်ဗြတ်ဇသည် လေးလံသော သက်ပြင်းတစ်ချက်ကို ပင်ပန်းစွာ မှုတ်ထုတ်လိုက်သည်။ လေးမြားစွဲကိုင်ထားသော သမိန်စက္ကဝတ်ရုပ်တု၏ ကားရားခြေထောက်နှစ်ခုကြားမှ ဘုရားဖူးများ ဝင်ထွက်သွားလာနေကြမည့် မြင်ကွင်းကို အရုပ်ဆိုး အကျည်းတန်စွာ မြင်ယောင်ကြည့်နေသည်။

နန်းရင်းဝန်ကြီး ဗညားမွန်ထော်ထံမှ ညည်းတွားသံ ထွက်ပေါ်လာပြန်သည်။

"ဟုတ်ပါတယ် အရှင်ဘုရား၊ ခက်တာက တပည့်တော်တို့ ဟောဒီက သမိန်ဗြတ်ဇတို့ဟာ. . . ပါဒနန်းတော် ထိပ်တန်းမင်းခစားများ အဖြစ်တောင်မှ သြဇာအာဏာ မရှိတော့သလို ဖြစ်နေပါတယ်၊ တပည့်တော်တို့ရဲ့ အကြံဉာဏ်တွေဟာလဲ သမိန်စက္ကဝတ်အပေါ်မှာ ဘယ်လိုမှ မထိရောက်တော့ပါဘူး ဘုရား. . . "

"ဘယ်လိုကြောင့် မထိရောက်တော့တာလဲ. . . နန်းရင်းဝန်ကြီး. . . "

"ပန်းချီကျော် နိန္ဒဟာ အခု သမိန်စက္ကဝတ် အနားမှာ အချိန်ပြည့်ရှိနေတယ် ဘုရား၊ သမိန်စက္ကဝတ်ဟာ နိန္ဒကိုပဲ အစစ အရာရာ တိုင်ပင်နေပြီး တပည့်တော်တို့ အားလုံးက ဘေးကိုရောက်နေကြပါတယ်၊ အခု စေတီတံတိုင်းမှာ စစ်ပွဲသရုပ်ဖော်ပုံတွေ ရေးဆွဲထုလုပ်မယ် ဆိုတာတွေ. . . မုခ်ဝမှာ သမိန်

http://www.cherrythitsar.org



စက္ကဝတ်ပုံကို ထားမယ်ဆိုတာတွေဟာလဲ. . . နိန္ဒနဲ့ တိုင်ပင်ပြီး. . . ”

“အဲဒီရုပ်ပုံလက်ရာတွေကို နိန္ဒရေးဆွဲမှာ မဟုတ်လား. . . ”

ရှင်မေ့ဉာဏ၏ စကားကို မည်သူမှ မဖြေကြ။ သို့သော် အဖြေကို အားလုံး သိထားကြပြီ ဖြစ်လေသည်။

အတွေးကိုယ်စီ နစ်မြုပ်နေခြင်းများဖြင့် အတန်ကြာမျှ တိတ်ဆိတ်သွား သည်။

ဒဏ်ရာရပြီး အဆမတန် နာကျင်နေသော သားရဲတစ်ကောင်၏ ဒေါသ မျိုးဖြင့် သမိန်ပြတ်ဇကာ တိတ်ဆိတ်မှုကို ဖောက်ခွဲလိုက်လေသည်။

“ကျုပ်တို့ဟာ. . . အစစ အရာရာ ခေါင်းငုံ့ခံနေရတယ်၊ ကျုပ်တို့ လူရည်ညွှံ့လွန်းလှတယ်၊ ရှက်စရာကောင်းနေပြီ၊ ပန်းချီကျော်က နန်းရင်းဝန် နေရာ၊ ဗိုလ်မင်းနေရာတွေရောက်နေပြီး၊ ကျုပ်တို့ကတော့. . . ခေါင်းချင်းဆိုင် ညည်းတွားတဲ့ အလုပ်ပဲ လုပ်နေကြတယ်. . . ကျုပ် သည်းမခံနိုင်တော့ဘူး၊ မုနိန္ဒဆိုတဲ့သူကို ကျုပ်ရှင်း. . . ပစ်. . . ”

“ထိုင်စမ်းပါ. . . သမိန်ပြတ်ဇ. . . ”

ရန်သူကိုတွေ့သော တောဝက်တစ်ကောင်၏ ပုံသဏ္ဌာန်မျိုးဖြင့် တစ်ရှူးထိုး မတ်တတ်ရပ်လိုက်သော သမိန်ပြတ်ဇကို ဗညားမွန်ထော်က လှမ်းဆွဲလိုက် သည်။

“မစူးစမ်း မဆင်ခြင်ဘဲလုပ်ရင် အားလုံးမှားကုန်မှာပေါ့”

“မစူးစမ်း မဆင်ခြင်ပဲ လုပ်တာက၊ ဘာမှမလုပ်ဘဲ ညည်းတွားနေတာ ထက်တော့ ပိုအဓိပ္ပာယ်ရှိမှာပေါ့. . . နန်းရင်းဝန်ကြီး”

“မဟုတ်သေးဘူးလေ. . . သမိန်ပြတ်ဇ. . . ကျုပ်တို့ လုပ်စရာ တစ်ခု ရှိပါသေးတယ်၊ ပါဒနိုင်ငံတော်မှာ သမိန်စက္ကဝတ်ရဲ့ မှားယွင်းတဲ့ လုပ်ရပ်တွေကို တိုင်ကြားရမယ့်သူ တစ်ယောက် ရှိနေသေးတယ်. . . ”

“ဘယ်သူရှိနေသေးလို့လဲ. . . ”

“ထိပ်ထား နှင်းဟေမာ. . . ”

နန်းရင်းဝန်ကြီး၏ သတိပေးမှုကြောင့် ကာလကြာမြင့်စွာပင် သူတို့ မေ့လျော့နေခဲ့ကြသည့် အမည်ကို သတိရသွားကြသည်။

သမိန်ပြတ်ဇက လေးနက်စွာ တွေးနေသော မျက်နှာဖြင့် နန်းရင်းဝန်ကြီး ကို ပြောလိုက်သည်။

http://www.cherrythitsar.org



"ထိပ်ထားဟာ သူ့မောင်အပေါ်မှာ ဩဇာတိက္ကမ ရှိတန်သလောက် ရှိပေမယ်၊ ဒါပေမယ့် ထိပ်ထားကိုယ်တိုင်က ဒီကိစ္စကို စိတ်ဝင်စားမှာ မဟုတ်ဘူး၊ သူက ပင်တိုင်နန်းထဲကနေ အပြင်ကို တစ်ဖဝါးမှ ခွာသူမဟုတ်ဘူး၊ ပြီးတော့. . . ခုအချိန်မှာ သမိန်စက္ကဝတ်ဟာ ဘယ်သူ့စကားကိုမှ မနာယူနိုင်အောင် ခက်ထန်နေတာမို့လား"

"ဘာပဲဖြစ်ဖြစ် . . . ကျုပ်တို့ ဟောဒီသီလဝါကျွန်းပေါ်မှာ ဖြစ်နေတဲ့ ပြဿနာတွေ အားလုံးကို ထိပ်ထား သခင်မဆီ သဝဏ်စေရရင် ကောင်းမယ်ထင်တယ် အနည်းဆုံးကတော့ သမိန်စက္ကဝတ်ကို ဘယ်လိုဖျောင်းဖျနိုင်တယ် ဆိုတာကို ထိပ်ထားသခင်မဆီက အကြံပေးချက်ရကောင်း ရနိုင်လိမ့်မယ် ထင်တာပဲ"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော ရှင်ဓမ္မဉာဏ၏ အသံပေါ်လာသည်။

"ကျိုက်ခေနုဂ်ဘုရားရဲ့ စေတီတံတိုင်း၊ မုခ်၊ ဌာပနာတွေမှာ သမိန်စက္ကဝတ် ရေးဆွဲထုတ်လုပ်ဖို့ စီစဉ်ထားတဲ့ ကိစ္စတွေကို သဝဏ်ထဲမှာ အဓိက အချက်အဖြစ် ထည့်ရေးပါ၊ ပြီးတော့ အထူးအားဖြင့် စေတီမုခ်မှာ လေးမြားကို စွဲကိုင်ထားတဲ့ သမိန်စက္ကဝတ်ရဲ့ အတောင်သုံးဆယ် ရုပ်ထုကြီးထားမယ်ဆိုတဲ့ ကိစ္စဟာ လောကကြောင်း ဓမ္မကြောင်း ဘယ်လိုမှ မဖွယ်ရာတဲ့ ကိစ္စဆိုတာကို အရေးကြီးဆုံး အချက်အဖြစ် ထည့်ရေးပါ နန်းရင်းဝန်ကြီး. . . "

"အေးလေ. . . ဒါဟာ အခြားဘယ်လိုနည်းမှ မရှိတော့တဲ့ တစ်ခုတည်းသော နောက်ဆုံး မျှော်လင့်ချက်ပဲ ပါဒနန်းဆောင်ထဲက ထိပ်ထားသခင်မဟာ ဒီကိစ္စကို ဖြေရှင်းပေးနိုင်ပါစေလို့ ကျိုက်ခေနုဂ်ဘုရားမှာ ဆုတောင်းကြရတော့မှာပေါ့. . . "

သမိန်ပြတ်ဇသည် တိုးတိတ်ညင်သာစွာ ရေရွတ်နေသည်။

စာရေးတော်ကြီးသည်၊ ကညစ်နှင့်ပေကိုယူ၍ ရှေ့သို့တိုးလာသည်။ နန်းရင်းဝန်ကြီး ဗညားမွန်ထော်သည် နှင်းဟေမာထံစေမည့် သဝဏ်အတွက် အကောင်းဆုံး အထိရောက်ဆုံးဖြစ်နိုင်မည့် စကားလုံးများကို ရွေးချယ်စဉ်းစားရန် မျက်လုံးအစုံကို မှိတ်လိုက်သည်။

ကညစ်ကိုင်ထားသည့် စာရေးတော်ကြီး၏ လက်တို့သည် မသိမသာ တုန်နေသည်။ သို့သော် နန်းရင်းဝန်ကြီး ရွတ်ဆိုပေးသည့်အတိုင်း ချောမော ဖြောင့်ဖြူးစွာ ရေးသွားနိုင်ပေသည်။

http://www.cherrythitsar.org



“ပါဒနိုင်ငံတော်ကြီး၏ ပင်တိုင်စံ. . . .၊ ပါဒနိုင်ငံတော် ဘုရင်မင်းမြတ်၏ အစ်မတော်ဖုရား ထိပ်ထားသခင်မ ဘုရားထံ၊ သီလဝါကျွန်းရောက် ကျွန်တော်မျိုး နန်းရင်းဝန်ကြီးနှင့်တကွသော အမှုတော်ထမ်းတို့ ဦးထိပ်ရွက် ရိုကျိုးလျက်ဖြင့် သဝဏ်လွှတ်ရောက်သည် ဖုရား. . .”

*　　　*　　　*

နိန္ဒသည် သမိန်စက္ကဝတ်၏ ရွှေကြိုးသိုင်းခြေဝတ်ကို ထုံးစံအတိုင်း မျက်နှာနှင့် နီးကပ်စွာ ကြည့်နေသည်။ သို့သော် ခါတိုင်းကဲ့သို့ ကျေနပ်ဂုဏ်ယူစွာ ကြည့်နေမိသည် မဟုတ်။

အကယ်၍သာ သမိန်စက္ကဝတ်သည် သူ့ရှေ့မှောက်၌ ရှိမနေပါက သူ့ရင်ထဲမှ အစိုင်အခဲတို့ကို အော်ဟစ်ဖွင့်ထုတ်မိလိမ့်မည်ဟု သူ့ကိုယ်သူ ထင်နေသည်။ သို့တည်းမဟုတ် ပြင်းထန်စွာ တက်ခေါက်မိလိမ့်မည်။ သို့တည်းမဟုတ် မခံချင်စိတ်တို့ကို ထွက်ပေါက် ပေးသောအားဖြင့် ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောမိလိမ့်မည်။

“ရော့. . . . နိန္ဒ. . . . အဲဒါ အစ်မတော်ဆီက သဝဏ်ပဲ . . . . ဖတ်ကြည့်. . .”

သမိန်စက္ကဝတ်လှမ်းပေးသော ရွှေစာချွန်ကို နိန္ဒလှမ်းယူလိုက်သည်။ သမိန်စက္ကဝတ် ဖတ်ခိုင်း၍သာ ဖတ်ရမည်ဖြစ်သည်။ စောစောကပင် သမိန်စက္ကဝတ်ကိုယ်တိုင် အသံထွက်၍ ဖတ်ပြခဲ့ပြီး ဖြစ်သည်။

သူနှင့်တကွ၊ အနီးရှိ နန်းရင်းဝန်ကြီး ဗညားမွန်ထော်၊ ဗိုလ်မင်းကြီး သမိန်ပြတ်ဇနှင့် အခြားသူများ အားလုံးလည်း သဝဏ်ပါ အကြောင်းအရာများကို ကြားခဲ့ကြပြီး ဖြစ်သည်။

သို့သော် သမိန်စက္ကဝတ်၏ အမိန့်ကို နိန္ဒမငြင်းဆန်သာ။

လက်ထဲက ရွှေစာချွန်ကို ဖွင့်လျက်၊ အထဲမှ သဝဏ်ကို ဖြန့်၍ ဖတ်လိုက်ရပြန်သည်။

“သီလဝါကျွန်းရောက် နန်းစောရှင်အား ပါဒနန်းဆောင် ပင်တိုင်စံ ထိပ်ထားက သဝဏ်စေလိုက်သည်။

တည်အံ့ဆဲဖြစ်သော ကျိုက်ခနိုင်ဘုရား၏ ဥပနာ။ စေတီတံတိုင်းမုခ်ဝများတွင် ရည်ရွယ်သော ရုပ်ပုံများ ရေးဆွဲထုလုပ်ရန်အတွက် ပါဒနန်းသုံး ပန်းချီကျော်တစ်ဦးကို သဘင်ပြုလုပ်ရွေးချယ်သင့်ပေသည်။ ဘုရင်တည်

http://www.cherrythitsar.org



သော ဘုရားတွင်ရေးဆွဲထုလုပ်မည့် ရုပ်ပုံရုပ်တုများသည် ပါဒနန်းတော်က ထုံးတမ်းစဉ်လာနှင့်အညီ ရွေးချယ်အပ်သည့် နန်းသုံးပန်းချီကျော်၏ လက်ရာသာဖြစ်သင့်သည်။ နန်းစောရှင်သည် ပါဒဘုရင်တို့၏ ရာဇဝံသကို လိုက်နာရမည်။ သွေ့ဖီပါက နန်းစောရှင်၏ ကျိုက်ခနုဂ်ဘုရားသည်၊ ဘုရင်တို့တည်သော ဘုရားစေတီမဖြစ်နိုင်. . . ”

ဖားကို ခံတွင်းဝမှ အလွတ်ခံရသော မြွေကဲ့သို့၊ သားကောင်ကို လက်ရုံးအကြားမှ အလွတ်ခံရသော ကျားခြင်္သေ့ကဲ့သို့၊ လယ်ကြွက်ကို လက်သည်းအကြားမှ အလွတ်ခံရသော စွန်ရဲကဲ့သို့ နိန္ဒခံစားလာရသည်။ လက်ထဲမှ သဝဏ်ကို မသိမသာ အညှိုးကြီးစွာ ဆုပ်ချေနေမိသည်။

သို့သော် သူ့ကို အမြဲလူယုံထားခဲ့သော သမိန်စက္ကဝတ် ရှိပေသေးသည်။ သမိန်စက္ကဝတ်သည် ပါဒဘုရင်အနေနှင့် မည်သူ့အကြံပေးချက်၊ ဆုံးမချက်ကိုမှ လက်ခံလိုက်နာခဲ့သူ မဟုတ်။ သမိန်စက္ကဝတ်၏ အဆုံးအဖြတ်ကိုသာ အားထားရတော့မည်။

နိန္ဒသည် သမိန်စက္ကဝတ်ကို အားကိုးတကြီး မော့ကြည့်နေသည်။

သမိန်စက္ကဝတ်၏ နှုတ်ခမ်းများ ပွင့်ဟလာသည်။

“အစ်မတော်စကားကို ကျုပ်နားထောင်စရာမလိုပါဘူး”

ဝမ်းမြောက်ခြင်းသည် နိန္ဒရင်ထဲသို့ အလုံးအရင်းဖြင့် တိုးဝင်သွားသည်။

“ဒါပေမယ့်. . . ”

သမိန်စက္ကဝတ်သည် မည်သူ့ကိုမျှမကြည့်ဘဲ မသိမသာ ပြုံးလိုက်သည်။

“ပါဒနန်းသုံး ပန်းချီကျော် တစ်ယောက်ကို သဘင်နဲ့ ရွေးချယ်မသတ်မှတ်ရသေးဘူးဆိုတာ ကျုပ် မေ့သွားတယ်၊ နန်းသုံးပန်းချီကျော်ကို အသုံးပြုမှ ကျုပ်ရဲ့ ကျိုက်ခနုဂ် ဘုရားဟာ ဘုရင်တည်တဲ့ဘုရား ဖြစ်မှာမဟုတ်လား၊ ဒါကြောင့် ကျုပ်တို့အားလုံး ပါဒနန်းတော်သို့ ပြန်သွားကြဦးစို့၊ နန်းသုံးပန်းချီကျော်ရွေးပွဲသဘင်ကို အမြန်ဆုံးကျင်းပ၊ နန်းသုံးပန်းချီကျော် ရွေးချယ်ပြီးရင်. . . ”

သမိန်စက္ကဝတ်သည် စကားကိုရပ်လျက် နိန္ဒအား လှမ်းကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

“. . . သီလဝါကျွန်းကို ပြန်လာပြီး လုပ်စရာရှိတာ ဆက်လုပ်မယ်”

* * *

သီလဝါကျွန်းမှ ပါဒနန်းတော်သို့ အပြန်ခရီး မှော်ဝန်းမြစ်ရေပြင်ပေါ်၌

http://www.cherrythitsar.org



ရွှေ့လျားနေသည့် နာရဒ လှေတော်ပေါ်တွင် နိန္ဒသည် တစ်ချိန်လုံး သမိန်စက္ကဝတ် အနီးမှ မခွာချေ။

သမိန်စက္ကဝတ်ကလည်း နိန္ဒကို တစ်ချိန်လုံး ခေါ်ထားသည်။

ပါဒနန်းသုံး ပန်းချီကျော် ရွေးပွဲသဘင် ကျင်းပမည့် သတင်းသည် နာရဒ လှေတော် ပါဒနန်းတော် ဆိပ်ကမ်းသို့ မဆိုက်မီမှာပင် နေပြည်တော် တစ်ဝှမ်းလုံး ပြန့်နှံ့နေသည်။

ကြားရသူအားလုံးကလည်း တညီတညွတ်တည်းဖြင့် တစ်ခုတည်းသော စကားကို ဆိုကြလေသည်။

"နိန္ဒပဲ ပန်းချီကျော်ဖြစ်မှာပါ. . . "

*        *        *

ပါဒဘုရင် အစဉ်အဆက် ကျင်းပခဲ့သည့် ထုံးတမ်းစဉ်လာအတိုင်း. . .

ပန်းချီကျော်ဘွဲ့ ရခဲ့ဖူးသော ပုဂ္ဂိုလ်များသည် အဓိက အဆုံးအဖြတ်ပေးမည့် သမာဓိအစုအဖြစ် တာဝန်ယူကြသည်။ သမာဓိအစု နေရာယူရာ စင်မြင့်နှင့် မျက်နှာချင်းဆိုင်တွင် ပါဒနေပြည်တော် တစ်ဝှမ်းလုံးရှိ ပန်းချီကျော်များ တင်သွင်းသည့် ပုံများကို စက်ဝိုင်းပုံသဏ္ဌာန် ချိတ်ဆွဲထားသည်။

နန်းသုံးပန်းချီကျော်တို့ ရေးဆွဲခဲ့သည့် ပုံများကိုလည်း ပါဒနိုင်ငံသားတို့ တစ်စုတစ်ဝေးတည်း ကြည့်ခွင့်ရကြသည်။

အာကာရဠ ခန်းမဆောင်အတွင်းမှပုံများကို ပန်းချီကျော် ရွေးပွဲသဘင်၏ ခန်းမထဲသို့ ရွှေ့ပြောင်းချိတ်ဆွဲ ပြသထားသည်။

ပါဒနိုင်ငံသားတို့အဖို့ ပန်းချီကျော်ရွေးပွဲ သဘင်သည် ပါဒဘုရင်တစ်ပါး ကွယ်လွန်ပြီး၊ ဘုရင်သစ်နန်းတက်ချိန်ကာလတွင်သာ တွေ့ကြုံရသော သဘင်ဖြစ်သည်။ ပန်းချီကျော်ရွေးပွဲ သဘင်သည် ဘုရင်တို့ရာဇာဘိသေက သဘင်ကဲ့သို့ ကြုံကြိုက်ခဲသော သဘင်ဖြစ်လေသည်။

ဤသဘင်တွင် မမြင်ဘူးခဲ့သော အစဉ်အဆက် ပါဒဘုရင်တို့၏ ပုံများ၊ ကြားဖူးယုံသာ ကြားဖူးခဲ့သော စစ်ပွဲတို့၏ အခင်းအကျင်း သရုပ်ဖော်ပုံများကို မြင်တွေ့ခွင့်ရနိုင်ကြသည်။

ဆေးရောင်စုံတို့ဖြင့် သုတ်ခြယ်ရေးဆွဲထားသော ပန်းချီကားချပ်ကြီးများသည်၊ နေပြည်တော်၏ အရပ်လေးမျက်နှာမှ အလုံးစုံသော စိတ်ဝင်စားမှုကို ဆွဲငင်ထားကြသည်။ အနုပညာ၏ အနက်အရှိုင်းကို တမေ့တမော ခံစားကြ

http://www.cherrythitsar.org



သည်။ သာမန်အချိန်များတွင် သာမန်နေပြည်တော်သားများ အနေနှင့် ဝင်ရောက်ကြည့်ရှုခွင့် မရသော 'အာကာရဋ္ဌ' ခန်းမဆောင်အတွင်းမှ ပန်းချီကား များကို ကြည့်ရှုခွင့်ရကြသည်။

ပါဒနန်းတွင်းသူများသည် ပန်းချီကားချပ်ထဲမှ ဆေးရောင်စုံများကို တုယှဉ်လျက် အဆင်အသွေးစုံသော ခြုံထည်ကမ္ဗလာများကို ဆင်လျက် သဘင် ခန်းမဆောင်ထဲတွင် ဟန်ရေးပြကြသည်။ သို့သော် ကြီးမားသော ပန်းချီ ကားချပ်ထဲမှ ဆေးရောင်စုံတို့အောက်တွင် ခြုံထည်ကမ္ဗလာများ၏ တောက်ပ မှုသည် မှေးမှိန်နေကြလေသည်။

သဘင်ခန်းမထဲတွင် ပါဒနိုင်ငံသားတို့၏ ပခုံးစွန်းများသည် တိုးကြိတ် ပွတ်သပ်နေကြသည်။ အမြင့်တွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်ကြီးများဆီ သို့ မော့ကြည့်နေကြသည့် ပရိသတ်၏ ဦးခေါင်းများမှာ နေရောင်ကို သောက်သုံး နေသော နေကြာပန်းတောများနှယ် ဖြစ်သည်။

"အနုပညာရဲ့ အဆုံးစွန်သော ရပ်နားမှုဟာ ကိုးကွယ်မှုပဲ. . . "

ဂေါတမဗုဒ္ဓ၏ပုံကို ရေးဆွဲထားသည့် ပန်းချီကားချပ် ရှေ့မှ အဘိုးအို တစ်ဦးက ပန်းချီကားချပ်မှ မျက်စေ့မခွာဘဲ ရေရွတ်နေသည်။

"ဘာသာတရားကို ပူဇော်သက်ဝင်ခြင်းကိစ္စမှာ အနုပညာဟာ ရှေ့ အရောက်ဆုံး လက်နက်ကိရိယာ ဖြစ်တယ်၊ ကခုန်ခြင်းကို တေးဂီတက မွေးဖွား တယ်၊ တေးဂီတကို တေးသီချင်းက မွေးဖွားတယ်၊ တေးသီချင်းကိုတော့ ပန်းချီ ရုပ်ပုံရေးဆွဲခြင်းက မွေးဖွားတယ်၊ ပန်းချီရုပ်ပုံရေးဆွဲခြင်းဟာ ပန်းချီဆရာရဲ့ အဇ္ဈတ္တသန္တာန်အတွင်းထဲမှာရှိတဲ့ ဘာသာတရား စိတ်ဓာတ်က ပေါက်ဖွားလာ တဲ့ အရာဖြစ်တယ်. . . ဒါကြောင့် အနုပညာအပေါင်းမှာ ပန်းချီဟာ အချုပ်ဖြစ် သလို. . . ပန်းချီရေးဆွဲမှု အပေါင်းမှာလဲ ဘာသာတရားဟာ အချုပ်ဖြစ်တယ်"

အဘိုးအိုက မည်သူ့ကိုမှ ရည်ညွှန်းပြောဆိုနေခြင်း မဟုတ်ပေ။

သို့သော် ဗုဒ္ဓရုပ်ပုံ ပန်းချီကားချပ်ရှေ့ရှိ လူစုလူဝေးကြီးသည် အဘိုးအို ၏ စကားကို အမိန့်ဩဝါဒတစ်ခုကဲ့သို့ နားထောင်နေကြလေသည်။

"ပန်းချီရုပ်ပုံ ရေးဆွဲခြင်း ကိစ္စမှာ. . . ဘယ်ရုပ်ပုံ ဘယ်မြင်ကွင်းကိုပဲ ရေးရေး. . . ဗုဒ္ဓရုပ်ပုံကို ရေးဆွဲခြင်းလောက်. . . ဘယ်ပန်းချီလက်ရာမှ အင်အားမကောင်းနိုင်ကြဘူး၊ ဘာကြောင့်လဲဆိုတော့၊ ဗုဒ္ဓပန်းချီလက်ရာထဲမှာ ပန်းချီဆရာရဲ့ အနုပညာ နှလုံးသားတင်မက၊ မြတ်နိုးသက်ဝင်ခြင်းဆိုတဲ့

http://www.cherrythitsar.org



ဝိညာဉ်ကိုပါ မြှုပ်နှံထားတာကိုး. . . ”

လူစုလူဝေးထဲရှိ လူရွယ်နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်လျက် လူအုပ်ကြားမှ ထွက်လာခဲ့ကြသည်။ တစ်ယောက်သော လူငယ်က မကျေမချမ်းသံဖြင့် စပြောသည်။

“ကိုးကွယ်မှုနဲ့ အနုပညာဟာ တစ်ထပ်တည်း. . . တဲ့၊ ငါတော့ ဒီစကား ကို မကြိုက်ပါဘူး၊ ဒီအဘိုးကြီး ဘာတွေလျှောက်ပြောနေတာလဲ. . . ”

“ဒီအဘိုးကြီးလား. . . ပါဒနေပြည်တော် အရှေ့ဇနပုဒ် အစွန်ရွာတစ်ရွာ မှာနေတဲ့ အဘိုးကြီးပေါ့၊ သူ့အမည်က နရိန္ဒတဲ့. . . ”

“ဟင်. . . နရိန္ဒဟုတ်လား. . . ပန်းချီကျော်ဟောင်းကြီး နရိန္ဒလား. . ”

“ဟုတ်တာပ. . . ပါဒနန်းဆက် တိဿနရသေန ဘုရင်လက်ထက်က ပန်းချီကျော်ဘွဲ့ရခဲ့တဲ့ နရိန္ဒလေ၊ အသက်က တစ်ရာကျော်နေပြီ အသက်အရွယ် ကြီးလွန်းတာကလဲ မကောင်းဘူး ထင်တာပဲ၊ သူ့အယူအဆတွေက သူ့မှာရှိခဲ့တဲ့ အနုပညာကို အခုအရွယ်မှာ သူ့အတွက် တစ်ခုတည်းသော နားခိုရာဖြစ်တဲ့ ဘာသာတရားနဲ့ ထပ်တူပြုထားတယ်လေ. . . ”

လူရွယ်သည် အံ့အားသင့်သွားလေသည်။

“တစ်ခုတည်းသော နားခိုရာဖြစ်တဲ့ ဘာသာတရား ဟုတ်လား သူဟာ လွန်ခဲ့တဲ့ ပါဒဘုရင် နှစ်ဆက်တုန်းက ပန်းချီကျော် မဟုတ်လား သူ့ကိုဒီနေ့ ပါဒနန်းတော်ထဲမှာ မထားတော့ဘူးလား. . . ”

“သူငယ်ချင်းရယ်. . . မင်းနှယ် အ,ရန်ကော၊ တိဿနရသေန ဘုရင် လက်ထက်က ပန်းချီကျော်ဟာ သမိန်စက္ကဝတ် လက်ထက်မှာ ဘာသာတရား ကလွဲလို့ တခြား ဘယ်နေရာသွားပြီး ပုန်းခိုရမှာလဲ၊ သမိန်စက္ကဝတ်ဟာ တိဿနရသေန ဘုရင့်လူဖြစ်ခဲ့ဖူးသူကို အရေးအရာ ပေးမယ်များ ထင်သလား”

ပထမလူရွယ်သည် စဉ်းစားနေဟန်ဖြင့် ငေးငိုင်သွားလေသည်။

“ခိုနားစရာမရှိတော့၊ ဘုရားအမှုတော်လုပ် ကျွန်အဖွဲ့မှာ ဝင်အလုပ်လုပ်၊ ဘာသာတရားနဲ့ပဲ ပျော်မွေ့၊ အခုလို ပန်းချီကျော် သဘင်ရှိလာတဲ့အခါမှာတော့ နရိန္ဒဟာ သူ့အယူအဆကို သူမအောင့်မအည်းနိုင် တင်ပြရှာတာပေါ့”

“အင်း ဒီလိုတော့လဲ အဘိုးကြီး နရိန္ဒဟာ သနားစရာပါလား”

“ကိုယ့်ကိုယ်ကိုယ်သာ သနားပါ သူငယ်ချင်းရာ၊ သမိန်စက္ကဝတ်လက်ထက် မှာ ကိုယ့်ကိုယ်ကိုယ်သာ သတိနဲ့ ကောင်းစွာဆောက်တည်ဖို့ အရေးကြီးပါတယ်

. . . ကဲ. . . ဒါတွေ မပြောတာပဲ ကောင်းပါတယ်ကွာ ပန်းချီကားချပ်တွေ လျှောက်ကြည့်ကြပါစို့ ဟောဟိုနေရာက ကားချပ်တွေဟာ အာကာရှ ထဲက ထုတ်ယူပြထားတဲ့ ပန်းချီလက်ရာတွေ မဟုတ်လား"

သဘင်ခန်းမ၏ ဝဲဘက်နေရာတွင် အာကာရှ ခန်းမထဲမှ ထုတ်ယူပြသ ထားသော ပန်းချီကားများကို ချိတ်ဆွဲထားသည်။ ထိုနေရာသည် ပရိသတ် အထူထပ်ဆုံး ဖြစ်သည်။ ပန်းချီကားတိုင်း၏ ရှေ့တွင် လူစုလူဝေးကြီး ရှိနေ သည်။ အသက်အရွယ်ကြီးရင့်သူများက ပန်းချီကားထဲမှ ရုပ်ပုံများ၏ အကြောင်းအရာကို ရှင်းပြပြောဆိုနေကြသည်။

လူစုလူဝေး ထူထပ်သော နေရာများအားလုံးထက် ပို၍ထူထပ်သော နေရာကား သဘင်ခန်းမ၏ ဝဲဖက်စွန်နေရာ ဖြစ်သည်။

သဘင်ခန်းမ၏ ဝဲယာတစ်လျှောက်သို့ လှည့်လည်ကြည့်ရှုနေကြသော လူစုလူဝေး အားလုံးသည် ထိုနေရာသို့ တစုတရုံးတည်း စုပြုံစီးဝင်နေကြကဲ့သို့ ဖြစ်သည်။ ဝဲဖက်အစွန်နေရာသို့ ရောက်ရှိသွားသော ပရိသတ်တို့သည် အခြား ဖက်သို့ ဆက်မသွားကြတော့။ သဘင်ခန်းမ အတွင်းဖက်သို့လည်း ပြန်လှည့် မလာကြတော့။

ဝဲဖက်အစွန်ရှိ ကြီးမားသော ပုံကားချပ်ထံမှ သူတို့၏ အကြည့်ကို ဖယ်ခွာ၍ မရကြတော့။

ပန်းချီကား၏ အမည်မှာ 'ဧကရီ' ဖြစ်သည်။

ပန်းချီကားချပ်၏ အောက်ဖက် ထောင့်အစွန်းတွင် 'ပန်းချီကျော် နိန္ဒ ပူဇော်ရေးဆွဲသည်' ဟူသော စာတမ်းထိုးထားသည်။

"ဧကရီ" သည် သဘင်ခန်းမထဲသို့ ရောက်လာသူအားလုံး၏ ချီးကျူး ထောပနာနှင့် အံ့သြမှုများအားလုံးကို သိမ်းပိုက်အုပ်စိုးထားသည်။ ပန်းချီကျော် ၏ အနုပညာလက်ရာနှင့် "ဧကရီ"ထဲမှ ရုပ်ပုံလွှာအရှင်တို့ မည်သည်ကပို၍ ဂုဏ်မြောက်သနည်းဟူသော မေးခွန်းကို ပုံကားချပ်ရှေ့ရှိ လူအုပ်ကြီးသည် ကိုယ့်အမြင်နှင့်ကိုယ် အငြင်းပွားနေကြသည်။ တိကျသော အဖြေမထွက်ခဲ့။ အနုပညာလက်ရာနှင့် ပုံလွှာတူရှင်၏ အလှမည်သည်က ပို၍ ဂုဏ်မြောက် သနည်း။ ထိုမေးခွန်းသည် သဘင်ခန်းမဆောင် အတွင်းမှလျှံ၍ ပါဒနေပြည်တော် တစ်ဝှမ်းသို့ ပြန့်သွားသည်။ ထိုမေးခွန်းသည် ပုံကားချပ်ကို လာ၍ကြည့်ရန် ထပ်မံဆွဲဆောင်သော ဆွဲဆောင်ချက် ဖြစ်လာပြန်သည်။ ထိုမေးခွန်းကို ဖြေဆို

http://www.cherrythitsar.org



ရန်၊ ကိုယ်တိုင်ကိုယ်ကျ လာကြည့်သူများဖြင့် သဘင်ခန်းမထဲတွင် တစ်နေ့တခြား ပိုများလာသည်။

အနုပညာလက်ရာနှင့် ပုံလွှာတူရှင်၏ အလှတို့ မည်သည်က ပို၍ ဂုဏ်မြောက်သနည်းဟူသော မေးခွန်း၏ အဖြေမှာ တစ်ယောက်တစ်မျိုးစီ ဖြစ်နေရာမှ နောက်ဆုံးတွင် မသေချာသော ရလဒ်တွင် အဆုံးသတ်သွားသည်။

"နိန္ဒဟာ ထိပ်ထားသခင်မရဲ့ ပုံလွှာတူကို ထပ်ပြီး ရေးဆွဲမယ်ဆိုရင် တော့ ဒီမေးခွန်းရဲ့ အဖြေ တိတိကျကျ ထွက်လာမှာပဲ. . . "

ထိုရလဒ်သည် နောက်ထပ် ပန်းချီကားချပ်ကိုကြည့်ပြီးမှ ထွက်ပေါ်လာမည့် ရလဒ်ဖြစ်သော်လည်း၊ နောက်ထပ် ပန်းချီကားချပ် ထွက်ပေါ်မလာမီ၊ အလိုအလျောက် ထွက်ပေါ်လာသော အခြားရလဒ်တစ်ခု ရှိသေးသည်။

ထိုအဖြေရလဒ်ကား. . .

ရွေးချယ်ဆုံးဖြတ်သည့် သမာဓိအစုဝင် ပန်းချီကျော်ဟောင်းကြီးများ၏ အတွေးထဲတွင် လည်းကောင်း၊ ပါဒနန်းတွင်းသားများ၏ အတွေးထဲတွင် လည်းကောင်း၊ တူညီစွာ ဖြစ်ပေါ်နေသော အဖြေရလဒ်။

ကြိုတင်ဖြစ်ပေါ်နေသော ပြိုင်ပွဲအဆုံးအဖြတ်။

"ဇကေရီကို ရေးဆွဲခဲ့တဲ့ နိန္ဒပဲ ပါဒနန်းသုံး ပန်းချီကျော် ဖြစ်မှာပါ"

* * *

ပန်းချီကျော်ပြိုင်ပွဲရက်စခဲ့ပြီ။

သဘင်ခန်းမအတွင်းရှိ သမာဓိအစုနေရာယူ စင်မြင့်ရှေ့တွင် ပြိုင်ပွဲဝင် ပန်းချီကားချပ်များကို စက်ဝိုင်းသဏ္ဌာန် ချိတ်ဆွဲထားသည်။

သမာဓိအစုသည် ပန်းချီကားချပ် တစ်ခုချင်းကို ကြည့်ရှုသည်။ ရေးဆွဲသည့် အနုပညာရှင်ကိုလည်း ဆွေးနွေးမေးမြန်းသည်။ ပန်းချီကားကို နေ၏ အလင်းရောင်အောက်သို့ ယူကြည့်သည်။ ညဥ့်၏ မီးရောင်အောက်ယူ၍ ကြည့်သည်။ ရေးဆွဲသည့် အကြောင်းအရာ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသည်။ အနက်အဓိပ္ပာယ်မှပေးသော ခံစားမှု၏ သဘောကို ခွဲခြမ်းစိပ်ဖြာကြသည်။

ရေးဆွဲရာတွင် အသုံးပြုသော နည်းစနစ်၊ အသုံးပြုသော ဆေးရောင်၊ ဆေးရောင်ရောစပ်မှု အချိုးအစား၊ ယင်းတို့မှတစ်ဆင့် ရေးဆွဲသူ အနုပညာရှင်၏ ရေးစဉ် အချိန်က စိတ်စေတနာ၊ ထားရှိသော သဘောထား၊ အနုပညာရှင်

http://www.cherrythitsar.org



၏ နှလုံးသားအတွင်း ရှိနိုင်မည့် ရိုးသားဖြူစင်မှု အတိုင်းအတာ။

စင်စစ် ပါဒပန်းချီကျော် ရွေးပွဲသည် ပန်းချီကားချပ်ကို ရွေးချယ်ခြင်းမျှ သာမကတော့ပေ။ အနုပညာနှင့် သစ္စာတရား၊ လူသားနှင့် သူ၏ ကမ္ဘာလောက ဆက်စပ်နှီးနွယ်နေမှုကိုပါ တွေးခေါ်ဆုံးဖြတ်သည့် ရွေးချယ်ပွဲဖြစ်သည်။

ပန်းချီကားရေးဆွဲသည့် နည်းစနစ်၊ အသုံးပြုသည့် ဆေးရောင်၊ ရေးဆွဲထားသည့် အကြောင်းအရာ၊ ဖွဲ့စည်းထားသည့် အတတ်ပညာ၊ ကြည့်ရှုခံစားသူ၏ ဝေဒနာကို လှုပ်ခတ်နိုးဆော်သည့် အင်အား. . . ထိုအခြင်းအရာ တစ်ခုစီတို့သည် တစ်ခုစီအဖြစ် အရေးပါသော်လည်း ယင်းတို့အားလုံး စုစည်းပေါင်းဆုံနေမှုပို၍ အရေးကြီးသည်။

မည်သို့ပင်ဖြစ်စေ. . .

နိန္ဒသည် သူ၏ပြိုင်ပွဲဝင် "ဧကရီ(နှစ်)" ပုံလွှာတူ ကားချပ်ကို သမာဓိအစု၏ ရှေ့သို့ တည်ငြိမ်ခန့်ညားစွာ ချိတ်ဆွဲပြလိုက်လေသည်။

* * *

"ဧကရီ (နှစ်)"မှာ ထိပ်ထားနှင်းဟေမာ၏ ပင်တိုင်စံနန်းဆောင်ထဲသို့ နိန္ဒ သွားရောက်ရေးဆွဲခဲ့သည့် ပုံလွှာတူဖြစ်သည်။

သဘင်ခန်းမ ဝဲဖက်အစွန်တွင် ချိတ်ဆွဲပြသထားသော 'ဧကရီ'ပုံကားချပ်မှာ အာကာရဋ္ဌခန်းမထဲမှ ရွှေ့ပြောင်းပြသထားသည့် ပုံဖြစ်သည်။ စစ်ပွဲဝင်ချပ်ဝတ်တန်ဆာကို ဆင်မြန်းလျက် သွေးစတို့ လိမ်းကျံသော ဓားကို စွဲကိုင်လျက် တင်းမာသော အလှကို ဖော်ပြလျက်ရှိသော 'ဧကရီ'သည်ပင်လျှင် ပရိသတ် အားလုံး၏ နှလုံးကို ယူကြုံးဆွဲငင်ခဲ့သည် ဖြစ်ရကား. . .

အပြာနုရောင် ခန်းဆီးတင်းတိမ်စကို နောက်ခံပြုလျက်. . .

အပြာနုရောင် နေခြည်တို့ကို ချိုးသုံးလျက်. . .

အပြာနုရောင် ဝတ်ရုံစကို ခြုံလွှမ်းထားလျက်. . .

မိန်းမသား၏ အလှတရားကို နူညက်စွာ ဖော်ပြရေးခြယ်အပ်သော "ဧကရီ(နှစ်)"ပုံလွှာတူသည်၊ ပြိုင်ပွဲဝင် ပန်းချီကားချပ်အားလုံးကို ကျော်လွှားလွန်မြောက်သွားမည်ဆိုခြင်းကို မည်သူမျှ သံသယမရှိကြတော့။

နိန္ဒသည် မိမိကိုယ်ကိုယ် မိမိယုံကြည်စိတ်ချ ထားသလိုပင်၊ ပရိသတ်ကလည်း ယုံကြည်စိတ်ချ ထားသည်။ သမာဓိအစုကလည်း "ဧကရီ(နှစ်)" အပေါ်တွင် ယုံကြည်စိတ်ချထားသည်။

http://www.cherrythitsar.org



"ဧကရီ(နှစ်)ကို ရေးဆွဲသူ နိန္ဒ သမာဓိအရှေ့သို့ လာပါ. . ."

သဘင်ခန်းမမှူးက ကျေညာလိုက်သည်။ နိန္ဒသည် ခရမ်းရောင် ဝတ်ရုံစကို ခြုံလျက် သမာဓိအစုရှေ့သို့ လှမ်းဝင်လာသည်။ သူ့အသွင်မှာ တည်ငြိမ်ခန့်ညားနေသည်။

"နိန္ဒ. . . အသင့်ဖြစ်ရင် ပြိုင်ပွဲထုံးစံအတိုင်း ပန်းချီကားချပ်နဲ့ ပတ်သက်ပြီး သမာဓိအစုက ဆွေးနွေးမေးမြန်းပါလိမ့်မယ်၊ အသင့်ဖြစ်ပြီလား"

"ကျွန်ုပ်အသင့်ဖြစ်ပါပြီ"

သမာဓိအစုဝင်ထဲမှ အသက်အကြီးဆုံး ဖြစ်သော ပန်းချီကျော်ဟောင်း ဘိုးမွန်ခေါက်က စတင်မေးလေသည်။

"နိန္ဒ. . . သင့်ကားချပ်ကို ရေးဆွဲခြင်းရဲ့ အမှုကိစ္စ ဖြစ်စဉ်ကို အကျဉ်းချုပ်တင်ပြပါ. . ."

နိန္ဒသည် ခရမ်းရောင် ဝတ်ရုံစအတွင်းမှ လက်ကို ထုတ်လိုက်သည်။

"အားလုံး သိကြတဲ့အတိုင်း၊ ကျွန်ုပ်ရဲ့ ဧကရီ(နှစ်)ဟာ ပါဒထိပ်ထားသခင်မရဲ့ ပုံလွှာတူ ဖြစ်ပါတယ်။ သခင်မအမိန့်နဲ့ ရေးဆွဲပါတယ်၊ ရေးဆွဲချိန်နေ့ခင်းတစ်ဝက် ဖြစ်ပါတယ်၊ အဓိက ဆေးရောင်အဖြစ်၊ ဆေးဒန်းကနေပြီး အဝါရောင် ထုတ်ယူပါတယ်၊ အဝါရောင် နေရာများကို ရေးခြယ်ပြီးချိန်မှာ တောက်ပြောင်နူစိုတဲ့ အနီရောင်ကို ရရှိဖို့ ဟင်္သပြဒါးကို ကညင်ဆီနဲ့ ရောစပ်ပါတယ်၊ ဟင်္သပြဒါးရဲ့ တချို့နေရာများမှာ နောက်ထပ် တတိယအရောင် ခံရဦးမှာမို့ပိုပြီး နူးညံ့ဖျော့တော့လာအောင် ဆင်ခေါင်းမြေဖြူကို ရောစပ်အသုံးပြုပါတယ်၊ ပုံကားချပ်ရဲ့ အဓိက အသွေးအရောင်ဖြစ်တဲ့ အပြာရောင်ကိုတော့၊ သမာဓိအစု ပုဂ္ဂိုလ်မြတ်များ သိကြပြီးဖြစ်တဲ့အတိုင်း ဒုတ္တာကို အချိုးညီမျှစွာ အသုံးပြုပါတယ်၊ သန့်စင်တဲ့ ဒုတ္တာကို ဂဝံကျောက်ပြင်မှာ သွေးပြီး ရရှိလာတဲ့ အရည်ပျစ်ကို သန့်စင်တဲ့ ကျောက်အင်တုံမှာ ထည့်ပါတယ်၊ ပြီးတော့ တမာစေးရည်နဲ့ သမအောင် ရောနယ်ပြီး နေရောင်ပြထားခဲ့ပါတယ်၊ သွေ့ခြောက်သွားတဲ့အခါမှာတော့ နှင်းရည်နဲ့ ရောမွှေအသုံးပြုခဲ့ပါတယ်. . ."

နိန္ဒသည် သေနင်္ဂဗျူဟာကို စီမံခင်းကျင်းသည့် သေနာပတိတစ်ဦး၏ လေသံဖြင့် ရေးဆွဲသည့် နည်းစနစ်ကို ဆက်လက်ရှင်းပြနေသည်။

သမာဓိအစုကား နိန္ဒ၏ စေ့စပ်သေချာပုံကို ခေါင်းတဆတ်ဆတ် ညိတ်ရင်းစိတ်ဝင်စားစွာ နားထောင်နေကြသည်။

http://www.cherrythitsar.org



အရောင်အသွေးတစ်မျိုးကို သုတ်ခြယ်ပြီး၊ နောက်ထပ် အရောင်အသွေးကို မတင်မီ ရပ်နားထားသောအချိန်၊ အရောင်များမသွေ့ခြောက်မီ လိုအပ်သော စွတ်စိုမှုကာလအတွင်း စုတ်ချက်ကို အသုံးပြုပုံ စသည်များကို နိန္ဒ သည် ထစ်ငေါ့တုန်ယင်ခြင်းကင်းစွာ၊ လေးညှို့မှ လွှတ်သော မြားတစ်စင်း၏ အဟုန်မျိုးဖြင့်၊ ပြတ်သားစွာ ရှင်းပြနေသည်။

ပန်းချီကားချပ် ရေးဆွဲခြင်း၏ အနုပညာနိသျကို နားမလည်သော သာမန်ပရိသတ်များပင်၊ နိန္ဒ၏ စကားများကို စူးစိုက်နားထောင် နေမိကြသည်။ နိန္ဒ၏ ရှင်းလင်းချက်များကို နားထောင်နေရင်းဖြင့်ပင် "နိန္ဒဟာ ပန်းချီကျော် ဖြစ်မှာပါပဲ"ဟူသော ဆုံးဖြတ်ချက်တို့သည် လူတိုင်း၏ ရင်တွင်း၌ ပို၍ ခိုင်မာလာကြသည်။

"အင်မတန်ကောင်းပါတယ် နိန္ဒ၊ အင်မတန်ပြည့်စုံ ဂုဏ်မြောက်တဲ့ အနုပညာ ဖန်တီးမှု ဖြစ်စဉ်ပါပဲ၊ သို့သော် တစ်ခုထပ်မေးပါရစေဦး. . . "

ဘိုးမွန်ခေါက်၏အသံ ပေါ်လာသည်။

"ဖြေကြားရန် အသင့်ရှိပါတယ်. . . "

"ဧကရီ (နှစ်) ကို ရေးဆွဲစဉ်တုန်းက သင့်ရဲ့ ဝေဒနာ. . . "

နိန္ဒသည် တုန်လှုပ်ချောက်ချားသွားလေသည်။

ဘိုးမွန်ခေါက်သည် မွဲသီသော်လည်း စူးရှဆဲဖြစ်သည့် မျက်လုံးများဖြင့် နိန္ဒကို စေ့စေ့ကြည့်ရင်း ထပ်မေးလေသည်။

"ဧကရီ (နှစ်)ကို ရေးဆွဲစဉ်က ခံစားရတဲ့ သင့်ရဲ့ ဝေဒနာ ဖြစ်စဉ်ကို ပြောပြပါ"

နိန္ဒသည် ရုတ်တရက်ပင် ရေငတ်သူလို ခံစားလိုက်ရသည်။ ပန်းချီကျော်ရွေးပွဲတွင်၊ အနုပညာ၏ ခံစားမှုကို မေးလေ့ရှိသည်ဟု သူသိထားခဲ့သည်။ သို့သော် "ဧကရီ'ဖြင့် လူကြိုက်များခဲ့ပြီး၊ 'ဧကရီ (နှစ်)'ဖြင့် အားလုံးအပေါ် အသာစီးရခဲ့သော သူလိုပန်းချီကျော်ကိုမူ၊ ယင်းသို့ မမေးနိုင်ဟု ထင်စားခဲ့သည်။ ရုတ်တရက် ရင်ဆိုင်လိုက်ရသော မေးခွန်းကြောင့် နိန္ဒ အံ့အားသင့်သွားသည်။ အံ့အားသင့်ရာမှ အမျက်ဒေါသသို့ ပြောင်းလဲလာသည်။

"ဧကရီ နှစ်ကို ကျွန်ုပ်ရေးဆွဲခဲ့တာ ကြာပါပြီ၊ ယခု ပြိုင်ပွဲအတွက် ရည်ရွယ်ရေးဆွဲခဲ့တာ မဟုတ်ပါဘူး၊ လောလောဆယ် ရေးဆွဲခဲ့တာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ရေးဆွဲစဉ်က ကျွန်ုပ်ရဲ့ ဝေဒနာကို ပြန်ပြောဖို့ အခက်အခဲ

http://www.cherrythitsar.org



ရှိပါတယ်”

“နိန္ဒ . . . . . ပန်းချီအနုပညာရှင် တစ်ဦးဟာ၊ သူရေးဆွဲတဲ့ ပန်းချီအနုပညာလက်ရာတစ်ခုအတွက် ဘယ်တုန်းက ရေးဆွဲခဲ့တယ်၊ ဘယ်လောက်ကြာပြီလို့ဆိုပြီးရေးဆွဲစဉ်က ဝေဒနာကို ပြန်မသိနိုင်တော့ဘူးသာဆိုရင် အနုပညာရှင်ဟာ သူ့အနုပညာ သူကိုယ်တိုင် ပြန်မခံစားတတ်တော့ဘူးလို့ အဓိပ္ပာယ် မသက်ရောက်ပေဘူးလား”

“သမာဓိရဲ့ စကားကို ကျွန်ုပ်နားမလည်ပါ”

“နိန္ဒ. . . အနုပညာလက်ရာနဲ့ အဲဒါကို ဖန်တီးတဲ့ အနုပညာရှင်ဟာ အချိန်ကာလကြောင့် ဝေးကွာနိုင်သလား၊ အနုပညာရှင်ဟာ သူ့လက်ရာတစ်ခုနဲ့ ပတ်သက်တဲ့ ဝေဒနာကို အချိန်ကြာသွားလို့ဆိုပြီး မေ့ပျောက်သွားလို့ ရနိုင်သလား”

“နိန္ဒ၏ မျက်နှာသည် ဒေါသဖြင့် နီရဲသွားသည်။

“သမာဓိပုဂ္ဂိုလ် . . . . အခုဟာက နန်းသုံးပန်းချီကျော် ရွေးပွဲသဘင်အတွက် ဆွေးနွေးကြခြင်းသာ ဖြစ်ပါတယ်၊ နိန္ဒကို တစ်စုံတစ်ခုသော ပြစ်မှုကြောင့် တရားခံလို စစ်ဆေးနေတာ မဟုတ်ပါဘူး၊ ကျွန်ုပ်ဟာ အပြစ်တစ်ခုခုအတွက် တရားခံမဟုတ်ပါဘူး၊ ရာဇဝတ်သားမဟုတ်ပါဘူး. . . ”

“နိန္ဒ. . . သင်လွဲနေတယ်၊ ကျွန်ုပ်ဟာ နရသေနဘုရင်ကြီး လက်ထက်က ပန်းချီကျော်ဟောင်း တစ်ဦးဖြစ်တယ်၊ နရသေနဘုရင်ကြီး နတ်ရွာစံတာ အနှစ် လေးဆယ်ကျော်ပြီ၊ ကျွန်ုပ် အသက် အခုကိုးဆယ်ကျော်ပြီ၊ ကျွန်ုပ် အသက် ၂၀-အရွယ်က ရေးဆွဲခဲ့တဲ့ ပန်းချီကားကို အခုပြန်ကြည့်ရင်းနဲ့ အဲဒီတုန်းက ဝေဒနာကို ကျွန်ုပ်အခု ပြန်ပြောနိုင်တယ်”

“သမာဓိ ဘိုးမွန်ခေါက်ရဲ့ စကားမှန်ပါတယ်”

“ဘိုးမွန်ခေါက်ရဲ့ စကားမှန်တယ်”

ကျန်သမာဓိ အစုများ၏ အသံများပေါ်လာသည်။

နိန္ဒသည် ကြိုးစား၍ ပြုံးရယ်ရင်း သမာဓိအစုကို ဦးညွှတ်လိုက်လေသည်။

“ခွင့်လွှတ်ပါ၊ ကျွန်ုပ် သမာဓိရဲ့ စကားကို သဘောမပေါက် ဖြစ်သွားခဲ့လို့ပါ၊ အခု ဇေကရီ(နှစ်)ကို ရေးဆွဲစဉ်က ခံစားခဲ့ရတဲ့ ကျွန်ုပ်ရဲ့ ဝေဒနာကို ပြောပြပါ့မယ်”

http://www.cherrythitsar.org



နိန္ဒသည် ပုံလွှာတူရေးဆွဲခဲ့စဉ်က သူခံစားခဲ့ရသည်များကို အသိထဲတွင် ပြန်၍ လှုပ်နှိုးလိုက်သည်။ တကူးတကန့် အားထုတ်ရန်မလိုတော့။ သမာဓိ အစုရှေ့မှ ပန်းချီကားချပ်ကို တစ်ချက်လှမ်းကြည့်ရုံမျှဖြင့်ပင် ဝေဒနာတို့ကို ပြန်လည်ရရှိလာသည်။

ထိပ်ထားသခင်မရှေ့မှောက်တွင် တုန်လှုပ်ချောက်ချားခဲ့ရသည့်အဖြစ်၊ အပြာနုရောင်ဝတ်ရုံစကို ထွင်းဖောက်လျက် နုညက်ဝါရွှေသော သခင်မ၏ ခြေဖမိုးအစုံကို အနီးကပ်တွေ့မြင်လိုက်ရုံမျှနှင့် အနုပညာသမာဓိတို့ လွင့်ပျောက်ခဲ့ရသည့်အဖြစ်၊ အလှတရား၏ ဖမ်းဆီးညှို့ငင်မှုမှ ပင်ပန်းတကြီး ရုန်းထွက်ခဲ့ရပြီး အနုပညာရှင်၏ သမာဓိကို ကြိုးစားတည်ဆောက်ခဲ့ရသည့် အဖြစ်၊ နောက်တုံးတွင် မိမိရှေ့မှောက် သဠ္ဍာလီပေါ်တွင် လှဲလျောင်းနေသည့် သခင်မကို မေ့ပျောက်သွားရပြီး မိမိ၏ စုတ်တံ၊ ဆေးခွက်နှင့် ကားချပ်တို့ကိုသာ ဝင်စားလိုက်နိုင်သည့်အဖြစ် . . .

နိန္ဒသည် သူ၏ ဝေဒနာစဉ်ဆက်ထဲမှ စောစောပိုင်း ဖြစ်ပေါ်ခံစားမှုများကို ပရိသတ်အလည်တွင် ထုတ်ဖော်ပြောဆိုရန် မဝံ့မရဲဖြစ်နေသည်။

သခင်မ၏ အလှတွင် ပင်ပန်းကြီးစွာ ရုန်းဖွဲ့ငြိတွယ်ခဲ့ရသည့်အဖြစ်နှင့် မိမိ၏ စုတ်တံကိုင်သောလက်တို့ တုန်ယင်နေခဲ့သည့်အဖြစ်ကို ထုတ်ဖော်ပြောရမည်ဆိုလျှင် 'ပန်းချီကျော်'ဖြစ်လာမည့် မိမိလို လူတစ်ယောက်အဖို့ ဘယ်လောက်မိုက်မဲရာကျမည်လဲဟု တွေးမိသည်။

နိန္ဒသည် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အထူးအထွေ တင်ပြဆွေးနွေးစရာ မရှိပါ။ ပုံလွှာတူ ရှင်ထိပ်ထားသခင်မရဲ့ ကိုယ်ပေါ်မှာ ဖြန့်ကျက်နေတဲ့ အပြာနုရောင်နေခြည်နဲ့၊ သခင်မရဲ့ အပြာနုရောင် ဝတ်ရုံလွှာစတို့ အရောင်ရောယှက်နေပုံကို အဓိကထားပြီး ကြည့်မှတ်ပါတယ်၊ ပျော့ပျောင်းနွဲ့နှောင်းမှုကို အဓိကထားပြီး စုတ်ချက်ကို စိတ်စိတ်မှုန်းပါတယ်။ အဲဒီတုန်းက ကျုပ်ရဲ့ ဝေဒနာကတော့ ပန်းချီအနုပညာရှင်များ ခံစားနေရလေ့ရှိတဲ့ အတိုင်းပါပဲ၊ မိမိရဲ့ ဆေးခွက်၊ စုတ်တံ၊ ကားချပ်တို့အပေါ်မှာ နှလုံးသည်းပွတ်အားလုံးတို့ကို ပုံအပ်ထားလိုက်ရင်းနဲ့ ထိပ်ထားသခင်မရဲ့ အလှကို ဆေးရောင်တို့ထားတဲ့ စုတ်ဖျားပေါ် ကူးပြောင်းယူလိုက်တာပါပဲ"

ပြိုင်ပွဲလာပရိသတ်အားလုံးနှင့် သမာဓိအစုက နှစ်သက်လက်ခံထားကြသော ဤပန်းချီကားချပ်ကို မိမိသည်ပေါ့ပါးလွယ်ကူစွာ ရေးဆွဲခဲ့ကြောင်း နိန္ဒ

http://www.cherrythitsar.org



အဓိပ္ပာယ် ပေါ်အောင်ဆက်ပြောသည်။

တအံ့တသြ ချီးကျူးကြသည့် ဤအနုပညာ လက်ရာသည် မိမိအဖို့ သက်သက်သာသာ ကိစ္စတစ်ရပ်ဖြစ်သည်ဟု သဘောပေါက်အောင် ရှင်းပြခဲ့သည်။

အခြားသမာဓိအစုဝင်များက ခေါင်းတဆတ်ဆတ် ညိတ်နေကြသော်လည်း ဘိုးမွန်ခေါက်ကမူ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေဟန်ရှိသည်။ သို့ဖြင့် နိန္ဒအလှည့် ပြီးဆုံးသွားပြီး အခြားပန်းချီ အနုပညာရှင်များကို ဆက်လက်ဆွေးနွေး ရွေးချယ်ခဲ့ကြသည်။

ထိုနေ့က ဆွေးနွေးရွေးချယ်ပွဲ အဆုံးတွင်လည်း "နိန္ဒပဲ ပန်းချီကျော် ဖြစ်မှာပါ"ဟူသော အချက်သည် ပြောင်းလဲမသွားပေ။

ဆွေးနွေးရွေးချယ်ပွဲ၏ ပထမနေ့သည် နိန္ဒနေ့။

* * *

"မွန်းဒီပါ ရှိပါသလား ဆရာတော်ဘုရား. . ."

ဝိဟာရ၏ လှေခါးပေါ်မှ ဆင်းလာသော ရှင်ဓမ္မညာဏသည် အသံရှင်ကို အံ့အားသင့်စွာ ကြည့်နေမိသည်။ ထိုအသံကို ဝိဟာရပရဝဏ်အတွင်း တစ်ခါမှ မကြားခဲ့ဘူးပေ။ ထိုရုပ်သွင်ကိုလည်း ဝိဟာရ၏ ပရဝဏ်အတွင်း တစ်ခါမှ မမြင်ဘူးခဲ့ပေ။

"မွန်းဒီပါ" ဟူသော အသုံးအနှုန်းကိုလည်း အထူးအဆန်း ဖြစ်နေသည်။

"မွန်း"ဟူသော အသုံးအနှုန်းမှာ ပါဒနိုင်ငံတော်တွင် ယောကျ်ားပျိုတစ်ဦးကို သူစိမ်းတစ်ရံဆံ မိန်းမပျိုက ခေါ်ဝေါ်ရာတွင် အသုံးပြုသည့် အသုံးအနှုန်း ဖြစ်သည်။ ငယ်ရွယ်သော မိန်းမပျိုက၊ သူ့ထက်အသက်ကြီးသော ယောကျ်ားကို ခေါ်ဝေါ်ရာတွင် အမည်ရှေ့မှ 'မွန်း'တွဲဖက်လေ့ရှိသည်။

"မွန်းဒီပါ ဒီဝိဟာရမှာ နေတယ်လို့ သိရပါတယ် ဘုရား၊ မွန်းဒီပါ ရှိပါသလား ဘုရား. . ."

အသံရှင် မိန်းမပျိုသည် မတ်တတ်ရပ်နေရာမှ တစ်စုံတစ်ခုကို သတိရသလို ပရဝဏ်မြေပြင်ပေါ်သို့ ဒူးတုပ်၍ ကန်တော့လိုက်သည်။ မိန်းမပျို၏ နက်မှောင်သော ဆံနွယ်များသည် ပခုံးနှစ်ဖက်ကို ကျော်ဖြတ်၍ အောက်သို့ ပြန့်ကျသွားလေသည်။ မိန်းမပျိုက လက်အုပ်ကို မသိမ်းသေးဘဲ ခေါင်းပြန်မော့လိုက်သည်။

http://www.cherrythitsar.org



"တပည့်တော်မ မွန်းဒီပါနဲ့ သိပါတယ်ဘုရား အရေးတကြီးကိစ္စရှိလို့ မွန်းဒီပါနဲ့ တွေ့ပါရစေဘုရား. . . . "

ငယ်ရွယ်နုနယ်သော မိန်းမပျိုနှင့် ဒီပါ ဘယ်သို့ ပတ်သက်ဆက်စပ်နေသနည်းဟု ရှင်ဓမ္မဉာဏ တွေးလိုက်မိသည်။ သို့သော် မိန်းမပျို၏ နုပျိုသော မျက်နှာပေါ်မှ အပြစ်ကင်းစင်သော အသွင်ကို တွေ့လိုက်ရသဖြင့် ရှင်ဓမ္မဉာဏသည် ဒီပါကိုလည်းကောင်း၊ မိန်းမပျိုကိုလည်းကောင်း ယုံကြည် စိတ်ချသွားသည်။

"ဝိဟာရပေါ်မှာရှိတယ် ဒကာမလေး၊ လှေကားအတိုင်းတက်သွား ဝဲဘက်ခြေရင်းခန်းက အဖြူရောင်ခန်းဆီး ကန့်လန့်ကာနဲ့ အခန်းမှာ ဒီပါနေတယ်"

"ဦးတင်ပါတယ် အရှင်ဘုရား. . "

မိန်းမပျိုသည် ရှင်ဓမ္မဉာဏကို ကန်တော့လျက် လှေကားအတိုင်း တက်သွားလေသည်။

အဖြူရောင်ခန်းဆီး ကန့်လန့်ကာကို ဆွဲဖယ်လိုက်သော အသံသည် စင်စစ်တိုးတိတ်ညင်သာသော အသံ၊ တိုးတိတ်ညင်သာသော လှုပ်ရှားမှု။ သို့သော် 'ကျွတ်'နေသော သစ်ကိုင်းခြောက်သည်၊ သေးငယ်သော ထိခတ်မှုကို ရုတ်ခြည်းတုန့်ပြန်လိုက်သကဲ့သို့ အခန်းထဲရှိ ဒီပါသည် ဆေးရောင်စပ်နေသော ကျောက်အင်တုံခွက်ကို စားပွဲပေါ်သို့ အလန့်တကြား ပြန်တင်လိုက်သည်။

"မိတနော်. . "

"ဟုတ်ကဲ့. . . အမောင်"

မိတနော်သည် အဖြူရောင်ခန်းဆီး ကန့်လန့်ကာကို ဘေးသို့ တွန်းဖယ်ဆုပ်ကိုင်ရင်း အခန်းဝတွင် ရပ်နေသည်။ အခန်းတွင်းသို့ ဝင်မလာပေ။

"မိတနော်. . "

ဒီပါသည် မိတနော်၏ အမည်ကို ထပ်ခေါ်ရင်း၊ ကျောက်စားပွဲရှေ့သို့ တိုးလာသည်။ မိတနော်၏ နဖူးဆံစများသည် ပိရိသပ်ယပ်စွာ ရှိမနေကြ။ နှစ်ပင်သုံးပင်မျှသော ဆံနွယ်တို့သည် နဖူးထက် ပေါ်ထက်သို့ လွင့်ဝဲကျပြန့်နေသည်။ နံနက်ခင်း၏ ပူနွေးစနေရောင်မှာပင် ချွေးစက်တို့ မသိမသာ တွဲခိုနေသည်။ မောဟိုက်နွမ်းနယ်ခြင်းတို့သည် လှိုင်းအိသို့သော ရင်ညွန့်ထက်တွင် အထင်အရှား ကျရောက်နေသည်။

"မိတနော်ကို မှတ်မိတာ ဝမ်းသာလိုက်တာ အမောင်. . . "

http://www.cherrythitsar.org



"မှတ်မိပါတယ်၊ ကျုပ်က မင်းကို ကောင်းကောင်းမှတ်သားထားတာပဲ"

"ဟုတ်ကဲ့"

ဒီပါသည် ဆေးခွက်များကို ဖယ်ရှားသိမ်းဆည်းလိုက်သည်။ သူစိမ်းတစ်ရံဆံ ဧည့်သည်မလာဘူးသော ဤအခန်းငယ်တွင် ဧည့်သည်အတွက် ထိုင်စရာခုံ၊ သို့မဟုတ် ကော်ဇောဟူ၍ မရှိ။ သို့သော် ဆေးခွက်များကို ဖယ်ရှားလိုက်သော အခါ ထိုင်လောက်ရုံနေရာတစ်ခု ဖြစ်ပေါ်လာသည်။

"ထိုင်လေ. . . မိတနော်"

ညွှန်ပြလိုက်သော နေရာကား၊ ဆေးရောင်များ ပေကျံသွေ့ခြောက်နေသည့် ကြမ်းပြင်ဖြစ်သည်။

"ဟင့်အင်း. . . မိတနော် မထိုင်ပါဘူး၊ အမောင့်ကို အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိလို့ လာခဲ့တာ"

"ဘယ်က လာခဲ့တာလဲ"

"ပါဒနန်းတော်က"

"အင်း. . . ဟုတ်ပေသားပဲ၊ မင်းက ပါဒနန်းတော်မှာ နေပေတာပဲ"

"ဒါပေမယ့် အခုတော့ မိတနော် နန်းဆောင်ကနေ လာခဲ့တာမဟုတ်ဘူး၊ ပန်းချီကျော် ရွေးပွဲသဘင်ခန်းမက. . . "

"ပန်းချီကျော်ရွေးပွဲသဘင်ခန်းမ. . . ဟုတ်လား"

"ဟုတ်ကဲ့. . . အမောင် သိပြီးပလား"

"သိပြီးပါပြီ၊ နန်းရင်းဝန်ကြီး ဟိုတစ်နေ့က ဝိဟာရကို လာတယ်လေ၊ ဆရာတော်နဲ့ စကားပြောနေကြတယ်၊ သူတို့စကားပြောသံကြောင့် အိပ်ရာက လန့်နိုးသွားတယ်. . . "

"ဒါဖြင့် အမောင် ဘယ်လိုလုပ်မလဲဟင်"

"ဘာကိုလဲ. . . "

"ဟင်. . . ပန်းချီကျော်ရွေးပွဲ သဘင်လေ"

"ဘာလုပ်မလဲ. . . ဟုတ်လား၊ ကျုပ်နဲ့ ဘာဆိုင်သလဲ. . . ၊ ပါဒနန်းသုံး ပန်းချီကျော်ရွေးပွဲဟာ ကျုပ်နဲ့ ဘာဆိုင်သလဲ"

"ဟင်. . . အမောင် ဒီသဘင်မှာ ဝင်မပြိုင်. . . "

"မိတနော်. . . ဘာတွေ လာပြောနေတာလဲ၊ ကျုပ်ကို သိသလား"

"အမောင်က ပန်းချီဆရာလေ. . . "

http://www.cherrythitsar.org



ဒီပါသည် ခေါင်းကို လေးလေးနက်နက် ခါယမ်းလိုက်သည်။

"မိတနော် ကျုပ်ကို မသိဘဲကိုး ကျုပ်က ပန်းချီဆရာမဟုတ်ပါဘူး အနုပညာသမားပါ. . . "

မိတနော်သည်လည်း အရာခပ်သိမ်းကို နားမလည်စွာဖြင့် ခေါင်းကို ယမ်းနေမိလေသည်။ သို့သော် တစ်စုံတစ်ရာကို သတိရလိုက်မိသဖြင့် နားမလည်မှုကို မေ့ပျောက်ထားလိုက်သည်။

"ထားပါတော့. . . အို. . . ဟုတ်ပါတယ် အမောင်ဟာ အနုပညာသမားပါ ဒါပေမယ့် နိန္ဒဟာ ဒုတိယနေ့မှာလဲ အောင်ပွဲခံလိုက်ပြန်ပြီ၊ ဒါကိုကော အမောင်သိရဲ့လား. . . "

"ဘယ်က နိန္ဒလဲ"

"ဟင်. . . အမောင် နိန္ဒကို မသိဘူးလား. . . "

"ကျုပ် ဘာတွေကို သိရဦးမှာလဲ မိတနော် နိန္ဒဆိုတာကို ကျုပ်က ဘာလို့ သိရမှာလဲ"

"နိန္ဒဆိုတာ ပန်းချီကျော်ပေါ့. . . အာကာရဠထဲမှာလဲ သူရေးတဲ့ ပန်းချီကားချပ်ရှိတယ်လေ၊ အခု နန်းသုံးပန်းချီကျော် ရွေးပွဲသဘင်ရဲ့ ဒုတိယနေ့မှာလဲ နိန္ဒတင်သွင်းတဲ့ ပန်းချီကားချပ်ကို ဘယ်သူမှ မမှီဘူး နက်ဖြန် တတိယနေ့ဟာ နောက်ဆုံးနေ့၊ နက်ဖြန်မှာလဲ နိန္ဒဟာ ထိပ်ဆုံးကနေဦးမှာပဲလို့ အားလုံးက သိထားကြပြီ ရွေးပွဲသဘင် မပြီးခင်ကပဲ နိန္ဒဟာ ရွှေတိုက်တော် စာရင်းမထုတ်ပြန်ရသေးတဲ့ နန်းသုံးပန်းချီကျော် ဖြစ်နေပြီလေ. . . . အမောင်. . . "

"ခက်ပါလား မိတနော် ဒီကိစ္စတွေမှာ ကျုပ်ဘာလုပ်ပေးရမလဲ မိတနော်ကကော ဒီသဘင်မှာ ပန်းချီကားချပ် တင်ထားသေးသလား၊ မိတနော် အရွေးချယ်မခံရတော့မှာမို့လား. . . "

မိတနော်သည် ဆုပ်ကိုင်ဆဲဖြစ်သော ခန်းဆီးကန့်လန့်ကာစကို ပို၍ တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြန်သည်။ သွယ်ပျောင်းသော လက်ချောင်းများသည် စိတ်လှုပ်ရှားခြင်း ကြီးမားစွာဖြင့် လှုပ်ရှားနေကြသည်။

"သိပ်ခက်တာပဲ. . . အမောင်. . . . သိပ်ခက်တာပဲ. . . "

မျက်ရည်စတို့သည် မျက်ဝန်း၌ ဝန်းဝိုက်တွဲခိုလာသည်။

မိန်းမသား၏ အားငယ်သော သဘာဝသည် ဖျော့တော့သွားသော လေသံ၌ မသိမသာပါလာသည်။ ဒီပါသည် မိတနော်၏ လှုပ်ရှားဖြစ်ပေါ်နေမှုကို

http://www.cherrythitsar.org



သတိထားမိသွားလေသည်။

"မိတနော် ကျုပ် ဘာကိုမှ နားမလည်လို့ပါ၊ မိတနော် ကျုပ်ဆီကို ဘာကြောင့်လာသလဲ ပုံလွှာတူ လာယူဖို့တော့ မဟုတ်ပါဘူးနော် ပုံလွှာတူကလဲ ရေးလို့မပြီးသေးပါဘူး ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါ မိတနော်"

"အမောင်၊ အဲဒီသဘင်ကို ပန်းချီကား မတင်သွင်းဘူးလားဟင်၊ နိန္ဒ ဟာ နန်းသုံးပန်းချီကျော် ဖြစ်တော့မယ်လေ. . . နိန္ဒဟာ တကယ်တော်တဲ့ ပန်းချီကျော်ဆိုတာ မိတနော် သိပါတယ်၊ ဒါပေမယ့် အမောင်ဟာ နိန္ဒထက် အဆပေါင်းများစွာ သာတယ်လို့ မိတနော်ယုံတယ်၊ ပါဒနိုင်ငံတော်ရဲ့ နန်းသုံးပန်းချီကျော်ဟာ အမောင်ကလွဲပြီး ဘယ်သူမှ မဖြစ်ရဘူး၊ အမောင်ဟာ ပါဒနိုင်ငံတော်ရဲ့ တုဘက်ကင်းတဲ့ ပန်းချီကျော် ဖြစ်ရမယ်၊ ဒါပေမယ့်. . . အမောင် . . . အမောင်က. . . ဝိဟာရအခန်းရဲ့ အပြင်က အကြောင်းတွေကို ဘာမှ နားမလည်ဘူး၊ အပြင်ဘက်မှာလေ. . . ပါဒနန်းတော်ရဲ့ သဘင်ခန်းမထဲမှလေ၊ နိန္ဒ. . . နိန္ဒဆိုတဲ့ ကောင်းချီးဩဘာသံတွေက ညံလို့နေပြီ အမောင်ရဲ့၊ အမောင်. . . ဒါကို. . . "

စကားစသည် ကျဆင်းလာသော မျက်ရည်စများနှင့် ရှိုက်ငင်လိုက်သော ငိုသံများကြောင့် ပြတ်တောက်သွားလေသည်။

ဒီပါ၏ အဖြူရောင်ခန်းဆီးစသည် မိတနော်၏ မျက်ရည်စတို့ဖြင့် စွတ်စို သွားသည်။ မိတနော်၏ သိမ့်သိမ့်လှုပ်ခါလာသော ပခုံးနှစ်ဖက်ကြောင့် ခန်းဆီးစ၏ လှိုင်းလိပ်များ လွန့်လူးသွားသည်။

"တိတ် တိတ်စမ်းပါ. . . မိတနော်၊ ဘာကြောင့် မင်းငိုနေရတာလဲ၊ နိန္ဒ ဆိုသူဟာ တကယ်တော်တဲ့ ပန်းချီဆရာမို့ သူ့ကိုကောင်းချီးဩဘာ ပေးကြတာ ပေါ့ နန်းသုံးပန်းချီကျော်ဖြစ်ဖို့ ထိုက်တန်ရင် ထိုက်တန်သလို ဖြစ်ပစေပေါ့ ကျုပ်နဲ့ ဘာမှမသက်ဆိုင်ဘူး၊ မိတနော်နဲ့လဲ ဘာမှမဆိုင်ဘူးလေ. . . "

"အမောင် . . . . အမောင် နန်းသုံးပန်းချီကျော်အဖြစ်ကို မခံယူတော့ ဘူးလား"

ဒီပါ၏ လေသံသည် ပြန်၍ တင်းမာသွားပြန်လေသည်။

"နန်းသုံးပန်းချီကျော်. . ဘာလုပ်ရမှာလဲ. . အနုပညာသမား တစ်ယောက်ရဲ့ ပန်းတိုင်ဟာ နန်းသုံးပန်းချီကျော်ဖြစ်ဖို့မှ မဟုတ်ဘဲ၊ အနုပညာရဲ့ ကျယ်ပြန့် နက်ရှိုင်းမှုကို ဘာကြောင့် နန်းတော်ရဲ့ ဘွဲ့တံဆိပ်နဲ့ ချည်နှောင်ရမှာလဲ၊

http://www.cherrythitsar.org



ချည်နှောင်လို့လဲ ရမတဲ့လား. . . ”

မိတနော်ဆက်၍ ငိုသည်။ ပို၍လည်း သည်းထန်စွာ ငိုသည်။

ထိုအခိုက်မှာပင်၊ အခန်းငယ်၏ အပြင်ဘက်၊ ဝိဟာရ၏ လှေကားထပ် နေရာမှ ရှင်ဓမ္မညာဏ၏ အသံ ထွက်ပေါ်လာလေသည်။

“ဒီပါ. . . အပြင်ကို ထွက်ခဲ့စမ်း၊ မင်းရဲ့ ညှေ့သည်ကိုခေါ်ခဲ့. . . ”

ဝိဟာရဦးခန်းတွင် ဒီပါသည် ထိုင်နေကျနေရာ၌ ထိုင်လိုက်သည်။ မိတနော်က ပန်းကနုတ် ဖော်ထားသည့် တိုင်ကို မသိမသာ ကွယ်၍ထိုင်သည်။

“ဒကာမလေးက ပါဒနန်းတော်က လာခဲ့တာ၊ ဟုတ်လား. . . ”

“ဟုတ်ပါတယ် ဘုရား၊ သူ့အမည်က မိတနော်ပါ၊ သူ့ရဲ့ ပုံလွှာတူကို တပည့်တော် ရေးပေးမယ်လို့ ကတိပေးခဲ့ဖူးပါတယ် ဘုရား၊ ဇေယျာဒီပ တောင်ကုန်းပေါ်မှာ တပည့်တော်နဲ့ တွေ့ခဲ့ကြတာပါ ဘုရား. . . ”

ဒီပါက မိတနော် စကားပြောလျှင် ငိုရှိုက်သံတို့ တစ်စွန်းတစ်စ ပါလာမည် စိုးသဖြင့် ဝင်ဖြေလိုက်သည်။

“ကောင်းပြီ သူအခု ဘာကိစ္စနဲ့လာသလဲ အရေးတကြီးကိစ္စနဲ့ မဟုတ်လား”

ဒီပါက မိတနော်ပြောခဲ့သည့် စကားများကို ရှင်ဓမ္မညာဏအား အစအဆုံး ပြောပြလိုက်သည်။ ရှင်ဓမ္မညာဏသည် လေးနက်စွာ နားထောင်နေလေသည်။

“နိန္ဒဟာ အမှန်ပဲ တခြား ပန်းချီကျော်တွေရဲ့ ထိပ်ဆုံးနေရာကို ရရှိနေသလား. . . ဒကာမလေး. . . ”

“အမှန်ပဲဖြစ်ပါတယ် ဆရာတော်ဘုရား သူတင်သွင်းတဲ့ ပန်းချီကားချပ် မဆိုထားနဲ့ အာကာရဋ္ဌထဲက ပန်းချီကားချပ်တွေကို ခင်းကျင်းပြသထားရာမှာလဲ နိန္ဒရဲ့ ‘ဧကရီ’ဆိုတဲ့ ပုံလွှာတူ ပန်းချီကားချပ်ဟာ ပရိသတ်အားလုံးရဲ့ စိတ်နှလုံးကို ယူကြုံးဆွဲငင်နိုင်ခဲ့ပါတယ် ဘုရား၊ အခု ပုံကားချပ်လဲ ထိပ်ထား သခင်မရဲ့ ပုံလွှာတူပါပဲ ဘုရား၊ အခုပုံကို ဧကရီနှစ် လို့ အမည်ပေးထားပါတယ် ဘုရား အခုတင်သွင်းတဲ့ပုံက ပိုလို့လက်ရာမြောက်နေပါတယ် ဘုရား. . . ”

“ဘာ. . . ”

ဒီပါသည် မိမိရှေ့မှောက်မှ ရှင်ဓမ္မညာဏကို မေ့လျက်ဘေးမှ မိတနော် ဖက်လှည့်၍ အော်ဟစ်လိုက်သည်။

“အာကာရဋ္ဌထဲက ပန်းချီကားချပ် ဟုတ်လား ဧကရီဆိုတဲ့ ပုံလွှာတူ ကားချပ်ဟုတ်လား အဲဒါ နိန္ဒ ရေးဆွဲတာတဲ့လား. . . ”

http://www.cherrythitsar.org



"ဟုတ်ကဲ့. . . အမောင်. . . "

ရှင်ဓမ္မညာဏသည် ရုတ်ခြည်းပြောင်းလဲသွားသည့် ဒီပါ၏ အမူအရာ နှင့် လေသံကို နားမလည်စွာ ငေးကြည့်နေလေသည်။

ဒီပါသည် တစ်စုံတစ်ခုကို ပြန်လည်မြင်ယောင် ခံစားနေဟန်ဖြင့် မျက်စေ့ အစုံကို မှေးမှိတ်လိုက်သည်။ ပြင်းထန်သော သက်ပြင်းချသံနှင့်အတူ မျက်စေ့ကို ပြန်ဖွင့်လိုက်သည်။

"နိန္ဒဟာ တကယ်တော်တဲ့ ပန်းချီကျော်ပဲ. . . ဒီပြိုင်ပွဲမှာ သူပဲ နန်းသုံး ပန်းချီကျော် ဖြစ်ရမှာပေါ့ အော်. . . ဇကရီကို ရေးဆွဲခဲ့တဲ့သူဟာ သူကိုး. . . "

"ဒီပါ. . . "

"ဘုရား. . . "

"မင်းသဘင်ခန်းမကို သွားရမယ် ပြိုင်ပွဲဝင်ရမယ်. . . "

ရှင်ဓမ္မညာဏ၏ အသံသည် တိကျပြတ်သားသော အမိန့်သံ ဖြစ်သည်။

ဒီပါ၏ ပြန်ဖြေသံသည်လည်း ထိုအမိန့်နှင့် ထပ်တူထပ်မျှ မာကြောသည်။

"တပည့်တော် မသွားနိုင်ပါဘူး ဘုရား ပြိုင်ပွဲလဲ မဝင်နိုင်ပါဘူး ဘုရား"

"ဒီပါ မင်းအခုသွားရမယ်. . . "

"ခွင့်လွှတ်တော်မူပါ ဘုရား. . . တပည့်တော် ဘယ်သောအခါမှ မသွား နိုင်ပါဘူး ဘုရား. . . "

"ဒီပါ. . . မင်း. . . "

ရှင်ဓမ္မညာဏသည် မိမိအသံကို ချက်ချင်းပြန်၍ ထိန်းသိမ်းလိုက်သည်။

"ဒီပါ. . . မင်း နားထောင်စမ်း မင်း နိန္ဒကို ရှုံးနိမ့်မှာ စိုးနေလို့လား"

ဒီပါ၏ မျက်လုံးတွင် လျှပ်စီးပြတ်သွားသည်ဟု မိတနော် ထင်လိုက် သည်။ ထိုအခြင်းအရာသည် မာကြောခက်ထန်ခြင်း ဖြစ်သော်လည်း ထိုအခြင်း အရာသည်ပင် ဒီပါ၏ ကြီးမားသော မာန်မာန၊ ကြီးမားသော အနုပညာတို့မှ ထွက်ပေါ်လာသော တန်ခိုးလျှံတို့ဖြစ်သည်ဟု မိတနော် နားလည်မိသည်။

"နိန္ဒကို. . . တပည့်တော်က. . . မှန်. . . မှန်ပါဘုရား ရှုံးနိမ့်ကောင်း ရှုံးနိမ့်နိုင်ပါတယ် ဘုရား. . . "

ဒီပါ၏ ဖြေသံသည် မူမှန်သော အသံမဟုတ်တော့ကြောင်း သိသာနေ သည်။

ဒီပါ၏ တင်းမာပိတ်ဆို့ခြင်းကို ပရိယာယ်ဖြင့် သို့မဟုတ် လှည့်ဖျား

http://www.cherrythitsar.org



သွေးဆောင်ချက်များဖြင့် ဖြိုဖျက်၍ မရနိုင်ကြောင်း ရှင်မဓမ္မဉာဏ သိလိုက်သည်။

"ဒီပါ. . . . သေသေချာချာ နားထောင်စမ်း. . . . ကမ္ဘာလောကကို တည်ဆောက်ဖို့ ကမ္ဘာလောကရဲ့ အလှတရားတွေကို ထိန်းသိမ်းဖို့ မြှင့်တင်ဖို့ ပန်းချီရေးဆွဲတယ်လို့ မင်း ငါ့ကို အမြဲပြောခဲ့တယ် မဟုတ်လား. . ."

"ဟုတ်ပါတယ် ဘုရား. . ."

"မင်းပြောတဲ့ ကမ္ဘာလောကဆိုတဲ့ အင်မတန် လေးနက်ကျယ်ပြန့်တဲ့ အရာထဲမှာ ပါဒနန်းတော်ဆိုတဲ့ ဒေသတစ်ခုကော ပါဝင်နေတယ် မဟုတ်လား . . . ဒီပါ. . ."

ဒီပါပြန်မဖြေမိချေ။ သို့သော် ငြင်းပယ်နိုင်စွမ်း မရှိကြောင်း ရှင်မဓမ္မ ဉာဏသိသဖြင့် ပို၍လေးနက်စွာ ဆက်ပြောသည်။

". . . ပါဒနိုင်ငံတော်ရဲ့ အလှအပ ပါဒနိုင်ငံတော်ရဲ့ ဂုဏ်ကျက်သရေ ကို ထိန်းသိမ်းမြှင့်တင်ဖို့ဆိုတဲ့ အရာကကော မင်းရဲ့ ပခုံးထက်မှာ ရှိမနေဘူး လား ဒီပါ"

"တပည့်တော်ရဲ့ အစွမ်းအစဟာ အဲဒီလောက်လုပ်ငန်းမျိုးနဲ့စာရင် သေးငယ်လွန်းပါတယ်. . . ဘုရား. . ."

"မှားတယ် ဒီပါ မင်းမှားတယ် လူသားတစ်ယောက်ရဲ့ အစွမ်းဆောင်နိုင် ဆုံး အစွမ်းအစတစ်ခုဟာ ကမ္ဘာလောကကို ထမ်းပိုးနိုင်လောက်အောင် အင်အားကြီးမားနေလေ့ရှိတယ်၊ လူသားရဲ့ အဝိဇ္ဇာ မိုက်မဲမှုတစ်ခုဟာ ကမ္ဘာ လောကကို အစွန်းအထင်း ပေကျံစေနိုင်တယ်၊ လူသားရဲ့ ဝိဇ္ဇာအလင်းရောင် တစ်ခုဟာလဲ မည်မျှသေးငယ်သည် ဖြစ်စေ ကမ္ဘာလောကကို လင်းထိန်စေနိုင် တယ်. . ."

ဒီပါ ခေါင်းကို အောက်ငုံ့လိုက်သည်။ ရှင်မဓမ္မဉာဏ၏ အသံသည် ပို၍ လေးနက်လာပြန်သည်။

"ပါဒနိုင်ငံတော်ဟာ ငါတို့ရဲ့ ကမ္ဘာလောကတစ်ခုပဲ ဒီပါ၊ ဒီကမ္ဘာ လောကကို အစွန်းအထင်း ပေကျံစေနိုင်တဲ့သူ တစ်ယောက်ရှိနေတယ် သူ့ အရည်အချင်းကလဲ အင်မတန် ထက်မြက်နေတယ်၊ သူ့ အစွမ်းအစဟာ နောက်က အရှိန်အဟုန်မြှင့်တင်ပေးလိုက်ရင် ပါဒနိုင်ငံတော်မှာ အစွန်းအထင်း ပေကျံသွားနိုင်မယ်ဆိုတာ မုချပဲ အင်း. . . သူ့အမည်က. . . နိန္ဒတဲ့. . ."

ငုံ့ထားသော ဒီပါ၏ ခေါင်းသည် သားကောင်အနံ့ကို ရလိုက်သော ခြသေ့်

http://www.cherrythitsar.org



၏ အသွင်မျိုးဖြင့် ချက်ချင်း ပြန်မော့လာသည်။

"နားထောင်စမ်း. . . ဒီပါ၊ နိန္ဒဟာ အဝိဇ္ဇာသမားဖြစ်တယ်၊ ဒါပေမယ့် သူ့မှာ အင်မတန်ထက်မြက်တဲ့ အစွမ်းအစရှိနေတယ်၊ သူဟာ ပါဒနိုင်ငံတော်ကို အင်း. . . မင်းတို့တစ်တွေရဲ့ အနုပညာကို အရှုပ်ဆိုးအကျည်းတန်အောင် စွမ်းဆောင်နိုင်သူဖြစ်တယ် မင်းနားလည်ရဲ့လား ဒီပါ. . ."

"မှန်ပါဘုရား. . ."

ဒီပါ၏ အသံ၌ လှိုက်လှဲမှုများ ပါဝင်လာသည်။

"ကမ္ဘာလေကကို၊ ပါဒနိုင်ငံတော်ကို၊ အင်း. . . အနုပညာကို အစွန်းအထင်း ပေကျံမှာကို မင်းလိုလားသလား ဒီပါ. . ."

"ဘယ်လို. . . နည်း. . . နဲ့. . . မှ မလိုလားပါဘူး ဘုရား"

"ဒါကို ပိတ်ပင်ကာကွယ်နိုင်ဖို့ တာဝန်ဟာ ကမ္ဘာလောကသား ပါဒနိုင်ငံတော်သား အနုပညာသမားဖြစ်တဲ့ မင်းမှာ တာဝန်ရှိတယ်လို့ကော မင်းယုံနိုင်သလား . . . ဒီပါ. . ."

"ယုံပါတယ်. . . ဘုရား. . ."

"ဒါကိုစွမ်းဆောင်နိုင်ဖို့ စွမ်းအားရှိတယ်လို့ကော မင်းကိုယ်မင်း ထင်သလား"

"ဒါကို ထမ်းဆောင်နိုင်ဖို့ စွမ်းအားရှိတယ်လို့ တပည့်တော် ကိုယ့်ကိုယ်ကိုယ် ယုံပါတယ် ဘုရား"

တိတိကျကျ ဖြေသည့်စကားကို ကြားလိုက်ရသဖြင့် ရှင်ဓမ္မညာဏ ပြုံးလိုက်သည်။

"ဒါကို ထမ်းဆောင်ဖို့ နည်းလမ်းအခုရှိရင် ဒီနည်းလမ်းအတိုင်း မင်း လျှောက်မလား. . . ဒီပါ. . ."

"လျှောက်ပါမယ်. . . ဘုရား"

"ဒါဖြင့်ရင် သဘင်ခန်းမကိုသွားပြီး နန်းသုံးပန်းချီကျော် ပြိုင်ပွဲဝင်ပါ ဒီပါ. . ."

"တပည့်တော်. . ."

"ဘာဖြစ်သလဲ. . . ဒီပါ"

"တပည့်တော် ပန်းချီကျော်ဖြစ်ဖို့ မွေးဖွားလာတဲ့ လူ မဟုတ်ပါဘူး ဘုရား တပည့်တော်က အနုပညာသမားပါ၊ အနုပညာသမား တစ်ယောက်ရဲ့ ဝိညာဉ်

http://www.cherrythitsar.org



ကို နန်းသုံးပန်းချီကျော်ရဲ့ ဖောင်းစလွယ်ကြိုးနဲ့ တုပ်နှောင်လို့မရပါဘူး ဘုရား”

“ဒီပါ၊ မင်းကို နန်းသုံးပန်းချီကျော် သွားလုပ်ချေလို့ ငါခိုင်းနေတာ မဟုတ်ဘူး၊ အကယ်တန္တု နန်းသုံးပန်းချီကျော် ဖြစ်လာခဲ့ရင်လဲ ဒါဟာ မင်းရဲ့ အနုပညာသမားဝိညာဉ်ကို တုပ်နှောင်ရာ မရောက်ပါဘူး၊ ယုတ်စွအဆုံး အစွန်းအထင်း ပေကျံလာမယ့် အရေးကို ကာကွယ်ပြီးတဲ့နောက်ပိုင်း တုပ်နှောင်ခံရတယ်လို့ ထင်ရင်လဲ အဲဒီ ဖောင်းစလွယ်ကြိုးကို ပြန်ပေးလိုက်ပေါ့. . . ဒီပါ”

“အဲဒီလို ပြန်ပေးလိုက်လို့ရသလား ဘုရား”

“ဒီပါ. . . မင်းဟာ ဝိဟာရက ရှင်ဓမ္မဉာဏရဲ့ တပည့်ပဲ၊ ဘာဖြစ်လို့ မရနိုင်ရမှာလဲ”

“ဒါဖြင့်ရင်တော့ တပည့်တော် သဘင်ခန်းမကို အခုပဲ သွားပါမယ် ဘုရား”

တိုင်ကို ကွယ်နေသော မိတနော်သည် ဝမ်းသာအားရစွာဖြင့် ဒီပါအနီးသို့ တိုးလိုက်ပြီး ဒီပါ၏လက်ကို ဆုပ်ကိုင်လိုက်လေသည်။

“မိတနော် ဝမ်းသာလိုက်တာ အမောင်ရယ်. . .၊ မိတနော် ဝမ်းသာလိုက်တာ အမောင်ရယ်”

ရှင်ဓမ္မဉာဏသည်လည်း ကျေနပ်အားရခြင်း၏ နိဂုံးကို ဖော်ပြသည့် သက်ပြင်းမျိုးဖြင့် သက်ပြင်းချလိုက်သည်။ ရှေ့မှောက်မှ ဒီပါနှင့် မိတနော်တို့ကို ပြုံး၍ကြည့်သည်။

ဆုပ်ကိုင်ထားသော မိတနော်၏ လက်တို့သည် ပြည့်ဖြိုးပြေပြစ်နေသည်၊ ဆုပ်ကိုင်ခံရသော ဒီပါ၏ လက်ချောင်းများကား မှော်ဝန်းမြစ်ကမ်း၏ ဟိုမှာဖက် တောင်တန်းစွယ်နောက်သို့ နေလုံးဝင်ရောက်ချိန်၌ ရှည်လျား အားကောင်းစွာ ထွက်ဖြာလာသော နေရောင်ခြည်တန်းများလို စွမ်းအင်တို့ဖြင့် ပြည့်စုံနေကြသည်။

“မိတနော် ဒီမှာ ခဏစောင့်၊ ကျုပ် ပစ္စည်းတွေ သွားယူလိုက်ဦးမယ်”

ဝိဟာရလှေခါးရင်းသို့ ဒီပါနှင့် မိတနော်တို့ ခြေချလိုက်မိချိန်၌ ဝိဟာရပေါ်မှ ဓမ္မဉာဏသည် ဗုဒ္ဓရုပ်ပွားတော် ရှေ့တွင် ထိခြင်းငါးပါးဖြင့် ဦးနှိမ်ကန်တော့လိုက်လေသည်။

* * *

နန်းသုံးပန်းချီကျော်ရွေးပွဲ တတိယနေ့သို့ တိုင်ခဲ့လေပြီ။

http://www.cherrythitsar.org



ဒီပါသည် ရွေးပွဲဒုတိယနေ့၌ သဘင်ခန်းမထဲသို့ ဝင်ခွင့်မရခဲ့ပေ။ နိန္ဒကို အဓိကဦးတည်၍ ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်ကြသော ပါဒပန်းချီကျော်တို့သည် စည်းကမ်းချက်အရ၊ မူလတင်သွင်းသည့်ပုံအပြင် နောက်ထပ်ပုံများထပ်၍ တင်သွင်းကြသောကြောင့် ဖြစ်သည်။

ရွေးပွဲကာလသည် သတ်မှတ်ရက်ကို မရောက်သေးသော်လည်း ရွေးပွဲ၏ အသွင်သည် ပြောင်းလဲသွားသည်။ ရွှေတိုက်တော်မှ ထုတ်ပြန်ခြင်း မရှိသေးသော်လည်း နိန္ဒသည် နန်းသုံးပန်းချီကျော် ဖြစ်နေသည်။ ဗောင်းစလွယ်ကြိုးကို မဆင်မြန်းရရုံမျှသာ ရှိသည်။ ထို့ကြောင့် အခြားပန်းချီကျော်တို့၏ ပြိုင်ပွဲဝင်မှုများမှာလည်း သမာဓိအစု၏ ဆုံးဖြတ်ပြဋ္ဌာန်းမှုကို ခံယူရန်ထက် နိန္ဒကို ယှဉ်ပြိုင်ရန်သာ အဓိကထားလာကြသည်။

နိန္ဒ၏ 'ကေရီ(နှစ်)'ကို အနိုင်ရရှိလျှင် နန်းသုံးပန်းချီကျော်အဖြစ် ခံယူနိုင်ပေပြီ။ ထိုအခါ ဒုတိယနေ့၌ တင်သွင်းလာသော ပန်းချီကားချပ်များသည် ဘုရားစေတီပုံ၊ ပါဒနန်းတော်ပုံ၊ စစ်ပွဲအခင်းအကျင်းပုံ စသည့် အခြားပုံများ မဟုတ်တော့ဘဲ နိန္ဒ၏ 'ကေရီ'ကို ယှဉ်ပြိုင်မည့် ကေရီပုံကားချပ်များ ဖြစ်လာသည်။ 'ကေရီ'များကို အထူးထူးသော ဆေးရောင်တို့ဖြင့် ရေးခြယ်ကြသည်။ နိန္ဒ၏ 'အပြာနုရောင်'ကို အမျိုးစုံသော ဆေးရောင်တို့ဖြင့် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းကြသည်။

သဘင်ခန်းမ တစ်ခုလုံးသည် 'ကေရီ'များဖြင့် ပြည့်နှက်လာသည်။

သို့သော်. . . 'ကေရီ'တစ်ခု ထပ်တိုးတိုင်း နိန္ဒ၏ 'ကေရီ'က ပို၍ ဂုဏ်မြောက်မြင့်မားသွားသည်။ ယှဉ်ပြိုင်မှုမှန်သမျှတို့သည် နိန္ဒအား အထက်သို့ တွန်းရွှေ့ပေးသည့်အလား ဖြစ်နေသည်။

ရွှေတိုက်တော်မှူးသည် ဗောင်းစလွယ်ရွှေကြိုးကို သဘင်ခန်းမထဲသို့ပင် သယ်ဆောင်ထားခဲ့ပြီး ဖြစ်သည်။ သမာဓိအစု၏ ရှေ့မှောက်တွင် ချိတ်ဆွဲပြသထားသော ဗောင်းစလွယ်ရွှေကြိုးကို ကြည့်ရင်း နိန္ဒက ရွှေကြိုး၏ အောက်ဖက်အမြိတ်အစွန်သည် မိမိ၏ ခါးထစ်နေရာ၌ အလိုက်သင့်ကျနေပေမည်ဟု တွေးတောနေမိသည်။

"နန်းသုံးပန်းချီကျော်ဘွဲ့ကို ခံယူပြီးရင် ပါဒနန်းတော်မှာ သိပ်ကြာကြာ ဆက်မနေနိုင်ဘူး၊ ဘုရင်မင်းမြတ်နဲ့အတူ သီလဝါကျွန်းကို ပြန်သွားရဦးမယ်၊ ကျိုက်ခနိုက် ဘုရားအတွက် ဘုရင်မင်းမြတ်ပေးတဲ့ တာဝန်တွေကို အုပ်ချုပ်

http://www.cherrythitsar.org



စီမံရဦးမယ်၊ အစဉ်အလာအတိုင်း နန်းသုံးပန်းချီကျော် ဖြစ်သွားသူက ခင်းကျင်းပေးလှူတဲ့ အောင်ပွဲသဘင်ကိုလဲ သီလဝါကျွန်းမှာပဲ ကျင်းပတော့မယ်”

ဗောင်းစလွယ် ရွှေကြိုးကိုကြည့်ရင်း စဉ်းစားနေသော နိန္ဒ၏ အတွေးစတို့ကို သမာဓိ အစုဝင်ပုဂ္ဂိုလ် ပန်းချီကျော်ဟောင်း ဘိုးမွန်ခေါက်၏ အသံက ဖြိုခွင်းပစ်လိုက်သည်။

“ပြိုင်ပွဲဝင်မယ့် ဒီပါ. . . ရှေ့ကိုလာပါ”

*  *  *

“အမောင်. . . မိတနော် ဒီနားမှာ ရှိနေမယ်နော်. . . ”

ပရိသတ်ရှေ့နားမှ မိတနော်က တိုးဖွဲ့ ထွက်သွားသော ဒီပါ ကြားနိုင်ရုံမျှလေသံဖြင့် ပြောလိုက်သည်။ ဒီပါက ခေါင်းညိတ်ပြလိုက်သည်။

“အသင့်နာမည် ဒီပါလား. . . ”

“ဟုတ်ပါတယ်. . . ”

“အရပ်ဒေသ. . . ”

“ဝိဟာရ. . . ”

“အသင့်ရဲ့ အရပ်ဒေသ. . . ”

ဘိုးမွန်ခေါက်က နားမလည်သဖြင့် ထပ်မေးလိုက်သည်။

“ဝိဟာရ. . . ပါ။ အရှင်ဗုဒ္ဓဉာဏနှင့် အရှင်ဓမ္မဉာဏတို့ သီတင်းသုံးတဲ့ ဝိဟာရ. . . ”

ပါဒနိုင်ငံသား ပရိသတ်တို့သည် ပါဒနိုင်ငံတော်၏ ဈေးရုံတော်၊ နန်းတွင်း ဇနပုဒ်ဒေသနှင့် ဘုရားစေတီများတွင် တစ်ခါမှ မတွေ့ဘူးသော ဒီပါကို အံ့သြစွာဖြင့် ကြည့်နေကြသည်။ အရှင်မြတ်နှစ်ပါး၏ ဝိဟာရတွင် ပန်းချီကျော် တစ်ဦး နေထိုင်သည်ဆိုခြင်းကိုလည်း သူတို့တစ်ခါမှ မကြားစဘူးကြ။ ဝိဟာရသို့ ရောက်ဖူးသူများကလည်း ဒီပါကို ဝိဟာရ၏ ပရဝဏ်တွင် မတွေ့စဘူးကြ။

ဘိုးမွန်ခေါက်မူကား ဒီပါ၏ အဖြေကို ကြားရသောအခါ အံ့သြခြင်းကြီးစွာဖြင့် ရုတ်တရက် တုန်လှုပ်သွားပြီးနောက်၊ ဒီပါကို တစူးတစိုက် ကြည့်နေသည်။

“ဝိဟာရက ဒီပါ၊ သင်ပြိုင်ပွဲဝင်နိုင်ပြီ၊ သင့်ပန်းချီကားချပ်ကို ချိတ်ဆွဲပြပါ”

ဒီပါသည် ပခုံးပေါ်မှ ဖျဉ်အိတ်ကို အောက်သို့ ချလိုက်သည်။ ထို့နောက် ဖျဉ်အိတ်အတွင်းသို့ လက်နှိုက်လိုက်သည်။ ပန်းချီကားချပ်တစ်ခု ထုတ်ယူ

http://www.cherrythitsar.org



သည်။

ထိုပန်းချီကားချပ်ပေါ်တွင် ဘာကိုမှ ရေးဆွဲထားခြင်း မရှိ။

အဖြူရောင်သက်သက် ဖြစ်သည်။

ပရိသတ်သည် အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။ ရယ်သံအချို့ ပေါ်လာသည်။ တီးတိုးရေရွတ်ကြသည်။

ဒီပါက အိတ်တွင်းသို့ ထပ်၍ လက်နှိုက်ပြီး တစ်စုံတစ်ခုကို ထုတ်ယူပြန်သည်။ အပေါက်ဖောက်ထားသည့် မဲညစ်နေသော သပိတ်ဟောင်းတစ်လုံး၊ ကညင်ဆီမီးခွက်တစ်ခု၊ ဆေးစပ်ကျောက်အင်တုံ၊ ကားချပ်ကို ထောက်မှီရန် ဟောင်းနွမ်းနေသော သစ်သားစင်တစ်ခုနှင့် စုတ်တံများ။

ပရိသတ်၏ ရယ်သံသည် အုတ်အုတ်ကျက်ကျက် ပေါ်ထွက်လာသည်။

ဒီပါသည် ရယ်သံအားလုံးကို လျစ်လျူရှုလိုက်သည်။ သစ်သားစင်၌ ဖျဉ်စကားချပ်ကို တင်လိုက်သည်။ မြေပေါ်တွင် ကညင်ဆီမီးခွက်ကို ချထားလိုက်ပြီး မြေဗူးထဲမှ မဲညစ်သော ရေနံချေးများကို လောင်းထည့်လိုက်သည်။ ထို့နောက် ကညင်ဆီမီးခွက်မှ မီးစာကို မီးညှိလိုက်ပြီး၊ အပေါက်ဖောက်ထား သော သပိတ်ကို အပေါ်မှအုပ်မိုး မှောက်တင်လိုက်သည်။

ဘိုးမွန်ခေါက်သည် ထိုင်ခုံကို ရှေ့သို့တိုး၍ မျက်တောင်မခတ် ကြည့်လေသည်။

ရေနံချေးရောထားသော ကညင်ဆီမီးခွက်မှ မှိုင်းများလွန့်လူး ခိုးယှက်လာသည်။ ဒီပါသည် အပေါ်မှ မှောက်တင်ထားသော သပိတ်ကို တယုတယ နေသားတကျ ဖြစ်အောင် ရွှေ့ပြောင်းလိုက်သည်။

ထို့နောက် ကျောက်အင်တုံတစ်ခုကို သန့်စင်အောင် ပွတ်တိုက်သုတ်သင်လိုက်ပြီး တစ်ခုသော အင်တုံအတွင်းသို့ မြေဗူးထဲမှ ဆေးအဖြူများကို လောင်းထည့်လိုက်သည်။ သားရေအိတ်၏ ကြိုးကို ဖြည်လိုက်ပြီး ဆေးအဖြူထဲသို့ တမာဆေးရည် အနည်းငယ်ထပ်၍ လောင်းထည့်သည်။

"ငယ်ငယ်ရွယ်ရွယ်. . . ရုပ်ရည်ကလေးကလဲ သန့်သန့်ပြန့်ပြန့်နဲ့. . . ဘယ်လို အမှောင့် ပယောဂကြောင့်များ ရူးသွပ်နေရှာသလဲ မသိဘူးနော်"

"ပန်းချီရေးရင်းနဲ့ သွေးလေဖောက်ပြန်သွားရှာတာနဲ့ တူပါတယ်"

"နို့တော့ကိုလဲ မယှဉ်နိုင်၊ နန်းသုံးပန်းချီကျော်ကလဲ ဖြစ်ချင်နဲ့ ဖောက်ပြန်သွားတာ ဖြစ်မှာပေါ့. . . "

http://www.cherrythitsar.org



"ပြိုင်ပွဲဝင် တတိယနေ့ဟာ ပျော်စရာ အကောင်းဆုံးပဲဟေ့၊ ဟား. . . ဟား. . . ဟား. . . "

"အရူးကို မောင်းထုတ်ပြီး၊ နိန္ဒကို ရွှေကြိုးစလွယ်ပေးလိုက်ပါတော့၊ ကျုပ်တို့ မတ်တတ်ရပ်ရတာ ညောင်းလှပြီဗျို့. . . "

"နေပါစေ. . . သဘင်ဆိုတာ ပျော်တော်ဆက် တစ်ယောက်လောက်ရှိမှ စိုပြေတာ"

ပရိသတ်၏ အသံမျိုးစုံသည် နေရာမျိုးစုံမှ ထွက်ပေါ်လာသည်။

သို့သော် တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစွာဖြင့် မျက်တောင်မခတ် ကြည့်နေသူနှစ်ဦးရှိနေသည်။ တစ်ဦးကား ဘိုးမွန်ခေါက်၊ တစ်ဦးကား နိန္ဒ။

မှောက်ထားသော သပိတ်ကို လှန်၍ အထဲတွင်စွဲနေသော မှိုင်းများကို ဒီပါက နီးကြောယ်တစ်ခုဖြင့် ဖြည်းဖြည်းချင်း ခြစ်ယူနေသည်။ ထို့နောက် အိတ်ထဲမှ မဲနက်သော အတောင့်ငယ် တစ်တောင့်ကို ထုတ်ယူလိုက်ပြီး မှိုင်းများကို မွှေနှောက်လိုက်သည်။

ဘိုးမွန်ခေါက်သည် ဒီပါ၏လက်ထဲမှ မဲနက်သော အတောင့်ငယ်ကို ကြည့်ရင်း. . . အသံထွက်၍ ရွတ်လိုက်မိသည်။

"ဒါ. . . ငါးရဲ့ သည်းခြေပဲ"

ဗလာဖြစ်သော ကျောက်အင်တုံထဲသို့ မှိုင်းများထည့်ပြီး တမာစေးရည်ဖြင့် ရောမွှေနေချိန်တွင်မူကား ပရိသတ်ထံမှ အသံများအားလုံး တိတ်သွားသည်။ ဒီပါ၏ လှုပ်ရှားဟန်များသည် နှင်းရည်ကို သောက်သုံးသော ပန်းဖူးငုံကလေး တစ်ခု၏ ရွက်ချပ်များ တစ်လွှာချင်း ပွင့်အာလာသည့်နှယ် ဖြစ်သည်။ တစ်လွှာချင်း ပွင့်အာလာသည့်အတွင်းမှ ဝတ်ဆံမှုန်တို့ တစ်မျှင်စီ လွန့်လူးနိုးထလာသည့်နှယ်လည်း ဖြစ်သည်။

ဖူးငုံပွင့်အာလာသော ပန်းပွင့်ငယ်၏ ညင်သာသော လှုပ်ရှားဖြစ်ပေါ်လာမှုများကို မည်သူမျှ မရယ်နိုင်ကြတော့။

ကျောက်အင်တုံနှစ်ခွက်ကို ထောင်ထားသော ကားချပ်ရှေ့သို့ ချလိုက်သည်။ သေးငယ်ပါးလျားသော စုတ်တံများကို တစ်ခုသော အင်တုံ၌ တယုတယ နှစ်မြှုပ်လိုက်သည်။ ထို့နောက် ဒီပါ၏ လက်အတွင်းမှ စုတ်တံများသည် ကားချပ်ပေါ်သို့ ဝဲပျံလာလေသည်။

ပွင့်အာစ ပန်းပွင့်၏ ဝတ်မှုန်များအပေါ်သို့ ပျားငယ်တစ်ကောင် ဝဲပျံ

http://www.cherrythitsar.org



လာသည့်နှယ် ဖြစ်သည်။ သဘင်ခန်းမထဲရှိ မျက်လုံးအစုံပေါင်းများစွာသည် ဒီပါ၏ လက်တွင်းမှ သေးငယ်သော စုတ်တံ၏ အဖျားဆီသို့ တစုတဝေးတည်း ကျရောက်နေသည်။

စုတ်တံဖျားသည် ဖျဉ်စကားချပ်၏ ဝဲယာထက်အောက် လှုပ်ရှားပြေးလွှား သွားသည်။ မည်းနက်သော အရေးအကြောင်းများ ပေါ်လာသည်။ အချို့နေရာ၌ အနက်သည် ထုထည်ကြီးသည်။ အချို့နေရာ၌ ထုထည်သေးငယ်သည်။ အချို့နေရာ၌ ဆေးရောင်တို့သည် အစက်ငယ်များအဖြစ်သို့ ရောက်ရှိသွားသည်။

ဖျဉ်စကားချပ်၏ အောက်ဖက်တစ်နေရာသို့ စုတ်ဖျားကို ဖိနှိပ်ဆွဲယူလိုက်ချိန်တွင် နိန္ဒသည်လည်း သူ၏ နဖူးပြင်ပေါ်မှ ချွေးစက်များကို ဝတ်ရုံစဖြင့် ဆွဲသုတ်လေသည်။ ချွေးစများကို သုတ်နေစဉ်၌ သူ့လက်များတုန်နေကြောင်းကိုလည်း နိန္ဒ သတိထားလိုက်မိသည်။

အနက်ရောင်သည် ပြည့်စုံခြင်းသို့ ရောက်ရှိသွားသည်။

ဒီပါ လက်တွင်းရှိ အနက်ရောင်တို့ထားသော စုတ်ကို ဖျဉ်စကားချပ်မှ ရုတ်သိမ်းလိုက်ချိန်တွင် ပရိသတ်သည် ကားချပ်ကို စားမတတ် ဝါးမတတ် စူးစူးရဲရဲ ကြည့်လိုက်ကြလေသည်။

အနက်ရောင် အရေးအကြောင်းများမှအပ၊ မည်သည့်ရုပ်ပုံကိုမှ မတွေ့ကြချေ။

ပရိသတ်ထံမှ အုတ်အုတ်ကျက်ကျက် အသံများ ပြန်လည်ထွက်ပေါ်လာပြန်သည်။ နိန္ဒက ပြုံးရယ်လျက် ဘိုးမွန်ခေါက်ကို လှမ်းကြည့်သည်။ ဘိုးမွန်ခေါက်သည် ဖျဉ်စကားချပ်ထံမှ အကြည့်ကို မဖယ်ရှားဘဲ ခေါင်းကိုလေးပင်စွာ ညိတ်နေလေသည်။

ပျားငယ်သည် ပန်းပွင့်ပေါ်သို့ ဒုတိယအကြိမ် ဝဲပျံလာပြန်သည်။

အသုံးမပြုရသေးသော ကျောက်အင်တုံအတွင်းသို့ နောက်ထပ် စုတ်တစ်ချောင်းကို တို့ယူလိုက်ပြီး၊ ဖျဉ်စကားချပ်ဆီသို့ ဖြည်းညင်းစွာ သယ်ယူသွားသည်။

အသံများပြန်၍ တိတ်ဆိတ်သွားပြန်သည်။

အနက်ရောင် တစ်နေရာသို့ စုတ်ဖျားရောက်သွားသည်။ အနည်းငယ် လှုပ်ရှားလိုက်သည်။ ထို့နောက် ရင်ခွင်တွင်းမှ သားငယ်ကို ကြည့်သော မိခင်၏

http://www.cherrythitsar.org



ကြည့်ခြင်းမျိုးဖြင့် ဒီပါသည် ဖျဉ်စကားချပ်ကို မမှိတ်မသုန်ကြည့်ရင်း၊ အိပ်ပျော်နေသော သားငယ်၏ ပါးပြင်ထက်မှ ယင်ကောင်ကို ညှံ့သက်သိမ်မွေ့စွာ ဖယ်ရှားသော မိခင်၏ လှုပ်ရှားဟန်ဖြင့် အခြားတစ်နေရာသို့ စုတ်ကို တို့လိုက်သည်။

မှောင်မိုက်သော အနက်ရောင်တွင် လင်းထိန်သော အဖြူစ တစ်စပေါ်လာသည်။ ဒုတိယစုတ်တံသည် ဆေးဖြူစုတ်တံဖြစ်ကြောင်း ထိုအခါမှ သိသွားကြသည်။

ထို့နောက်တွင်ကား ဒီပါ၏ စုတ်တံသည် ရေပြင်၌ မြူးပျော်သော စင်ယော်၏ အတောင်ကဲ့သို့၊ လေ၌မြူးပျော်သော သိန်းစွန်ရဲ၏ အမြီးဖျား ကဲ့သို့၊ တော၌ မြူးပျော်သော ခြသေ့်၏ လက်ရုံးကဲ့သို့ ထက်အောက်ဝဲယာ လျင်မြန်စွာ လှုပ်ရှားပြေးလွှားတော့သည်။

စုတ်တံကို ဖျဉ်စကားချပ်မှ သိမ်းဆည်းလိုက်သည်။

ပုံကားချပ်၏ အမည်ကို ရေးထိုးခြင်းမရှိ။

ပရိသတ်ထံမှ တစ်ခဲနက် အသံများ မြည်ဟီးလာသည်။ ငိုကြွေးသံ၊ တမ်းတသံ၊ ကြေကွဲသံများ. . .။

"နတ်ရွာစံ ဘုရင်မင်းမြတ်. . ."

"ကျေးဇူးရှင် သခင်ဘုရားကြီး. . ."

"နတ်ရွာစံ ကိုယ်တော်ဘုရား. . ."

"ကျေးဇူးတော်သခင် ရာဇာစောနောင်မင်းတြား. . ."

"ရာဇာစောနောင် မင်းတြားကြီး. . ."

ဒီပါသည် မီးရှူးသန့်စင် ဖွားမြင်လိုက်ရသော မိခင်၏ မောပန်းနွမ်းနယ်မှုမျိုးဖြင့် ပုံကားချပ် ရှေ့သို့ ထိုင်လိုက်သည်။

"အမောင်. . . အမောင်ရယ်. . . အမောင်ရယ်. . ."

မိတနော်သည် သတိလက်လွတ်စွာဖြင့် အော်ဟစ်လိုက်သော်လည်း ပရိသတ်၏ တစ်ခဲနက် အော်ဟစ်သံ အောက်တွင် နစ်မြုပ်သွားလေသည်။

"ဒီပါ. . . ဒီပါကို နန်းသုံးပန်းချီကျော်ဘွဲ့ပေးပါ. . ."

"ဒီပါကို ဗောင်းစလွယ်ကြိုး အပ်နှင်းပါ. . ."

"နတ်ရွာစံ ရာဇာစောနောင်မင်း မင်းတြားကြီး ပုံတော်ကို ရေးဆွဲတဲ့ ဒီပါကို ပန်းချီကျော်အဖြစ် ရွေးချယ်ပါ. . ."

"ဒီပါဟာ ပါဒနိုင်ငံတော်ရဲ့ တုဘက်ကင်းတဲ့ ပန်းချီကျော်. . ."

http://www.cherrythitsar.org



ဘိုးမွန်ခေါက်သည် စင်မြင့်ပေါ်တွင် မတ်တတ်ရပ်လိုက်လေသည်။

"ပါဒနိုင်ငံတော်သားများ၊ ခေတ္တသည်းခံပြီး အသံတိတ်ပေးကြပါ၊ သဘင်ရဲ့ စည်းမျဉ်းအရ ပန်းချီကျော် ဒီပါကို ကျွန်ုပ် ဆွေးနွေးမေးမြန်းရပါဦးမယ်. . . "

အသံများ တဖြည်းဖြည်း တိတ်သွားသည်။ လုံလောက်သော ငြိမ်သက်ခြင်းကို ရပြီးမှပင် ဘိုးမွန်ခေါက်သည် ဒီပါကို ခေါ်ယူလိုက်လေသည်။

"ဒီပါ. . . ရှေ့ကိုလာပါ"

ဒီပါရှေ့သို့ တိုးသွားသည်။

"ထုံးစံအတိုင်းတော့ မေးရဆွေးနွေးရပေမယ် ဒီပါ၊ အမှန်တော့လဲ အားလုံးရဲ့ မျက်မှောက်မှာ သင်ဟာ ရေးဆွဲပုံနည်းစနစ်၊ ရေးဆွဲပုံ အကြောင်းအရာတွေကို တစ်မုဟုတ်ချင်း ထင်ထင်ရှားရှား ပြသသွားပြီမို့ ဒါတွေကို မေးစရာမလိုတော့ပါဘူး၊ အမှန်တော့ ကျွန်ုပ်မှာ မေးခွန်းမရှိတော့သလို သင့်မှာလဲ ဖြေစရာမရှိတော့ဘူးဆိုတာ ကျွန်ုပ်သိပါတယ်၊ သို့သော် သဘင်ရဲ့ စည်းမျဉ်းအထမြောက်အောင်တော့ တစ်ခုမေးရတော့မယ်. . . "ဒီပါသည် ခေါင်းကို ငုံ့ထားလေသည်။

"ဒီ ပုံကားချပ်ကို ရေးဆွဲနေခိုက်မှာ သင့်ဝေဒနာ ဘယ်လိုဖြစ်ပေါ်သလဲ"

ဒီပါ၏ အသံနှင့်တကွသော အဖြေကို နားထောင်လိုသော ပရိသတ်သည် ရှေ့သို့ မသိမသာ တိုးရွှေ့လာကြသည်။

"ပါဒနိုင်ငံတော်သားတွေ ရင်ထဲက ဝေဒနာနဲ့ ကျွန်တော်ရဲ့ အနုပညာရှင်ဝေဒနာ၊ ဒီနှစ်ခု ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်နေတဲ့ ဝေဒနာကို ကျွန်တော် ခံစားနေပါတယ်. . . "

ဦးရစ်ခေါင်းပေါင်းများ လွင့်ပျံလာကြသည်။ စောစောက ငိုကြွေးခဲ့သော ပရိသတ်ထံမှပင် ဝမ်းသာအားရသော ကောင်းချီးသြဘာသံများ မြည်ဟီးသွားသည်။

ရွှေတိုက်တော်မှူးသည် သမာဓိ၏ ဆုံးဖြတ်ချက်ကို ကျေညာပေးရခြင်းမရှိသေးဘဲလျက် ဖောင်းစလွယ်ကို ယူလာနေသည်။ ဘိုးမွန်ခေါက်က သမာဓိအစု၏ ဆုံးဖြတ်မှုကို ကျေညာရန် နှုတ်ခမ်းကို ဟလိုက်သော်လည်း နောက်ကျသွားသည်။ သဘင်ခန်းမထဲရှိ ပရိသတ်၏ တစ်ခဲနက်အသံက ဦးစွာထွက်ပေါ်လာသည်။

"ဒီပါဟာ. . . နန်းသုံးပန်းချီကျော်ဖြစ်တယ်. . . "

သမာဓိအစုရှိရာ စင်မြင့်ရှေ့တွင် လူအားလုံး စုပြုံတိုးဝှေ့နေကြသည်။

http://www.cherrythitsar.org



သဘင်ခန်းမ၏ ဝဲဖက်အစွန်ရှိ 'ဧကရီ'၏ရှေ့တွင် မည်သူမျှမရှိကြတော့ချေ။ နိန္ဒသည် တိုးဝှေ့တွန်းတိုက်သွားကြသော လူအုပ်၏ အရှိန်ကြောင့် အလိုအလျောက်ပင် သဘင်ခန်းမ ဝဲဖက်အစွန်သို့ ရောက်သွားသည်။

ထိုနေရာတွင် မည်သူမျှမရှိ။

သူ၏ 'ဧကရီ-နှစ်' ထဲမှ အပြာနုရောင် ဝတ်ရုံစကြားက ဝါရွှေသော ခြေဖမိုးကို တွေ့နေရသည်။

စုတ်တံကို ဖွဖွဆုပ်ကိုင်ခဲ့သော လက်ချောင်းများကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် 'ဧကရီ' ပုံကားချပ်ကိုအညှိုးကြီးစွာ ထိုးကြိတ်လိုက်သည်။

ဝါရွှေသော ခြေဖမိုးပေါ်ရှိ အပြာနုရောင်ဆေး တစ်စွန်းတစ်စသည် ပျက်ပြယ်သွားလေသည်။

*　　　*　　　*

# ဒုတိယပိုင်း

## ပါဒကေရီ

## [ပဋိလောမချစ်မေတ္တာ]

ချစ်သူ. . .

ငါ၏ ညှို့ကြိုးမှ လွှတ်အပ်သော မြားသည်လေကိုဖောက်ခွဲလျက် တူရူအရပ်သို့ တည့်တည့်မတ်မတ် ပျံသန်း၏။ မြား၏ ချွန်မြသော အသွားဖြင့် ပြင်းထန်သော အဆိပ်ရည်တို့ လိမ်းကပ်လျက် ကော့ပျံ သော အမြီးဖျားဖြင့် နူးညက်သော ငှက်ခါးမွေးတို့ စီသွယ်လျက်. . .

ပိတုန်းတောင်ပံခတ်သံသို့သော အသံကို စွဲမြည်စေလျက် လေကို ဖောက်ခွဲပျံသန်းသော မြားသည် ချစ်သူ၏ အသည်းနှလုံး၌ တည့်မတ်စွာ စူးနစ်

http://www.cherrythitsar.org



စိုက်ဝင်ပြီ။

သို့တစေ။

မြားသွားမှ ပြင်းထန်သော အဆိပ်ရည်တို့သည် ချစ်သူအား စိုးစဉ်းမျှ မထိခိုက်ပါ။ မြားသွားသည် သင်၏ အသည်းနှလုံး၌ စူးနစ်စိုက်ဝင်သည်ဆိုခြင်း ကိုသော်မှ ချစ်သူသိအံ့မထင်ပါတကား။

အို. . . ချစ်သူ. . .

သင့်အား အဆိပ်ရည်တို့ပျံ့နှံ့စေချင်၏။ ဦးထိပ်ဆံဖျားမှသည် ခြေဆုံး ထိပ်ဖျားထိ အဆိပ်ရည်တို့ ကူးစက်ဖြန့်ကျက်စေချင်၏။ ငါ၏ မြားတံကြောင့် သင်၌ ပြင်းထန်စွာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်သည်ကို ငါအလိုရှိ၏။

သို့သော်. . . သင်ကား၊ ငါ၏ မြားတံကို ပီဘိလျစ်လျူရှုနိုင်အားပေ ၏။ ငါ၏ မြားတံသည် သင့်အား စဉ်းငယ်မျှပင် မတုန်လှုပ်စေပြီ လော၊ သင်ကား မတုန်လှုပ်၊ တုန်လှုပ်ရသူကား ငါကိုယ်တိုင်ပင် ဖြစ်ချေပြီ။

ငါ၏ အသည်းနှလုံးကို ထုခွဲဖြတ်တောက်၍ ပြုလုပ်စီမံထားအပ်သော လေးကိုင်း၊ လေးညှို့၊ မြားတံ၊ အဆိပ်ရည်တို့သည် သင့်အား မထိခိုက် ဟု သိရသော အခိုက်၌ ငါသည်ပင် တုန်လှုပ်ခဲ့ရချေပြီ။

အို. . . ချစ်သူ. . .

နောက်ထပ် မြားတစ်စင်းကို ငါထပ်မံပြင်ဆင်အံ့. . . ။

* * *

နန်းသုံးပန်းချီကျော်ရွေးပွဲသဘင် ပြီးစီးသွားသည့်နောက် ရက်သတ္တတစ်ပတ် အကြာတွင် သီလဝါကျွန်းပေါ်မှ ကျိုက်ခနိုဂ်စေတီလည်း အပြီးသတ်သွားသည်။

သီလဝါကျွန်း ဥတ္တရတပ်မမှူး သမိန်ပါလသည် ပန်းချီကျော်ရွေးပွဲသဘင်သို့ တက်ရောက်ခဲ့ခြင်းမရှိပဲ သီလဝါကျွန်းပေါ်တွင်သာ ကျန်နေရစ်ခဲ့သည်။ သမိန်စက္ကဝတ်၏ အမိန့်ဖြင့် ကျွန်းစောင့် တပ်မလေးခု၏ ထောင့်လေးထောင့်အရပ်တွင် 'သတ္တဓနု'လေးကိုကိုင်ဆွဲနေသော သမိန်စက္ကဝတ် ရုပ်ထုလေးခု တည်ရန် ကျွန်းပေါ်၌ နေရစ်ခဲ့ခြင်းဖြစ်သည်။ အမိန့်အတိုင်း သမိန်စက္ကဝတ် ရုပ်ထုလေးခုကိုလည်း ထုလုပ်ပြီးစီးသွားခဲ့ပြီဖြစ်သည်။

သမိန်စက္ကဝတ်သည် ပန်းချီကျော်ရွေးပွဲသဘင် ပြီးဆုံးပြီးနောက်တစ်နေ့မှာပင် ပါဒနေပြည်တော်မှ သီလဝါကျွန်းသို့ ထွက်ခွာလာခဲ့သည်။ နန်းရင်းဝန်ကြီး ဗညားမွန်ထော်၊ သမိန်ပြန်ဇတို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။ သမိန်စက္ကဝတ်၏ ဘေးတွင်ပါလာသည့် ပန်းချီကျော်ကား 'နိန္ဒ' ပင်ဖြစ်လေ

http://www.cherrythitsar.org



သည်။

ရွှေတိုက်တော်မှ ထုတ်ပြန်ကြေငြာပြီး သမာဓိအစုံ၏ တညီတညွတ်တည်း ဆုံးဖြတ်ရွေးချယ်မှုဖြင့် နန်းသုံးပန်းချီကျော်ဖြစ်သွားသော ဒီပါသည် သီလဝါကျွန်းသို့ ပါမလာခဲ့ချေ။ စင်စစ်ပါဒဘုရင် သမိန်စက္ကဝတ်တည်သော ကျိုက်ခနိုဂ်ဘုရားမှရုပ်ထုများသည် နန်းသုံးပန်းချီကျော်ဘွဲ့ရ ပန်းချီကျော်က စီမံကွပ်ကဲမှသာ၊ ရာဇဝံသ စည်းမျဉ်းနှင့်ညီညွတ်မည်ဖြစ်သည်။ နန်းသုံး ပန်းချီကျော်မှအပ အခြားတစ်ပါးသောပန်းချီကျော်သည် ဘုရင်တည်သော ဘုရားမှရုပ်ပုံရုပ်တုများကို စီမံကွပ်ကဲခွင့်မရှိ။ အကယ်၍ အကြောင်းတစ်ခုခု ကြောင့် အခြားပန်းချီကျော်တစ်ဦးက ဝင်ရောက်စီမံကွပ်ကဲမည် ဆိုပါကလည်း ထိုဘုရားစေတီကို ပါဒဘုရင်မင်းမြတ်၏ ဘုရားစေတီဟု မည့်သည့် ပါဒနိုင်ငံသားကမှ အသိအမှတ် ပြုလိမ့်မည်မဟုတ်။

သို့သော် . . . . သီလဝါကျွန်းသို့ ပြန်လာသော သမိန်စက္ကဝတ်၏ ဘေးတွင် နန်းသုံးပန်းချီကျော် ဒီပါရှိမနေပဲ နိန္ဒသာလျှင် ရှိနေခဲ့လေသည်။

နာရဒ လှေတော်၏ ပွဲစင်ထက်တွင် လှေတော်လက်ရမ်းကို မှီနေရင်းက နန်းရင်းဝန်ကြီး ဗညားမွန်ထော်သည် သမိန်ဖြတ်ဇဘက်သို့ စကားလှည့်ပြောလိုက်လေသည်။

"နန်းသုံးပန်းချီကျော် ဒီပါလိုက်မလာတာကို ကျွန်ုပ်တော့ မအံ့ဩဘူးဗိုလ်မင်း၊ သီလဝါကျွန်းကို အပြန်ခရီးမှာလဲ သမိန်စက္ကဝတ်ဘေးမှာ နိန္ဒပဲရှိနေဦးမယ်လို့ အစကတည်းက ကျွန်ုပ် တွက်ထားခဲ့ပြီးသားဘဲ. . . "

"အင်း. . . နိန္ဒဘဲ ဆက်ရှိနေဦးမယ်ဆိုတာတော့ ကျွန်ုပ်လဲ ကြိုသိထားခဲ့တယ် နန်းရင်းဝန်ကြီး၊ ဒါပေမယ့် နန်းသုံးပန်းချီကျော်ဖြစ်သွားတဲ့ ဒီပါဆိုတဲ့ လုလင်က ဘယ်ရောက်သွားတာလဲ. . . "

"သူ့ ဝိဟာရကို ပြန်သွားတာဖြစ်မှာပေါ့ သမိန်ဖြတ်ဇ. . . "

"ဝိဟာရက အရှင်မေ့ဒ္ဓညာဏကလဲ ဒီပါပြန်မလာလို့ ပါဒနန်းတော်ကို အခေါ်ခိုင်းလိုက်သေးတယ်လေ၊ ဒီပါဟာ ဝိဟာရကိုလဲ ပြန်မသွားဘူး၊ နန်းတော်မှာလဲ မရှိဘူး၊ ရွှေးပွဲသဘင်ခန်းမထဲမှာ ဗောင်းစလွယ်ရွှေကြိုးကို ဆင်ယင်ပေးလိုက်ပြီးကတည်းက သူ့ကိုဘယ်သူမှ မတွေ့ရတော့ဘူး၊ အဲဒီတုန်းက ပရိသတ်တွေကလဲ အလုအယက် တိုးဝှေ့နေကြတော့ ဒီပါဟာ ပရိသတ်အလည်မှာ ပျောက်သွားတယ်"

http://www.cherrythitsar.org



နာရဒလှေတော်သည် မြစ်အကွေ့တစ်ခုသို့ ချိုးဝင်လိုက်သည်။ သဲနှံ့ပါလာသော လေသည် နန်းရင်းဝန်ကြီးနှင့် သမိန်ဗြတ်ဇတို့အကြား ဝင်ရောက်လာသည်။

"သီလဝါကျွန်းကိုရောက်တော့မယ်"

ဗညားမွန်ထော်သည် သဲနံ့သင်းသော လေကိုရှူရှိုက်ရင်း အဝေးဆီသို့ လှမ်းကြည့်လိုက်သည်။ မှော်ဝန်းမြစ် အကြေဒေသသည် ပင်လယ်အော် ဒေသတစ်ခုနှင့် သွား၍ဆုံသည်။ သဲနံ့ပါသော ပင်လယ်လေသည် သီလဝါကျွန်းနှင့် နီးကပ်လာပြီ ဖြစ်ကြောင်း သတိပေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ပန်းချီကျော် ဒီပါ ဘယ်ရောက်နေမှန်းမသိတာ၊ ပြီးတော့ ဒီ နာရဒလှေတော်မှာ ဘုရင့်နန်းသုံး ပန်းချီကျော်အနေနဲ့ လိုက်ပါမလာတာကို ကျွန်ုပ်တော့ ဝမ်းသာမိတယ် သမိန်ဗြတ်ဇ၊ ဒီပါသာ ပါလာခဲ့ရင် သမိန်စက္ကဝတ်ရဲ့ အမိန့်နဲ့ ကျုက်ခနေဂ်စေတီမှာ ရုပ်ပုံတွေ ရုပ်တုတွေ ရေးဆွဲထုလုပ်ဖို့ လုပ်ငန်းကို စကြရတော့မှာ မဟုတ်လား၊ အခု နန်းသုံးပန်းချီကျော် မပါလာတော့ သမိန်စက္ကဝတ်ဟာ သူ့စိတ်ကူးအတိုင်းထင်တာ လျှောက်မလုပ်နိုင်တော့ဘူးပေါ့. . ၊ ဒီပါလိုက်ပါမလာတာ ကောင်းတယ်လို့ ကျွန်ုပ်ထင်တယ်"

"ဒါဖြင့် နိန္ဒကကော နန်းရင်းဝန်ကြီး"

နာရဒလှေတော်၏ ဦးပိုင်းရှိ မိကျောင်းရုပ်အနီးမှ သမိန်စက္ကဝတ်နှင့် နိန္ဒတို့ကို လှမ်းကြည့်ရင်း သမိန်ဗြတ်ဇက မေးလိုက်သည်။

ခါတိုင်းကဲ့သို့ပင် သမိန်စက္ကဝတ်သည် လက်ကိုပိုက်လျက် ခြေနှစ်ဖက်ကို ခပ်ကျဲကျဲရပ်လျက်။ နိန္ဒသည် သမိန်စက္ကဝတ်၏ ခြေရင်းတွင် ဒူးတုပ် လျက်၊ သူ့ ဘုရင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်။

"နိန္ဒလား. . . သူဟာ သူ့ဖာသာသူတော့ ပန်းချီကျော်ပဲလေ၊ ဒါပေမယ့် သမိန်စက္ကဝတ်ရဲ့ ခြေရင်းမှာတော့ သူဟာ ပန်းချီကျော်မဟုတ်ဘူး၊ ဘုရင့်ကိုယ်ရံတော်တပ်မင်း"

သမိန်ဗြတ်ဇသည် ဗညားမွန်ထော်၏ အဖြေကို ကြားရသောအခါ တဟားဟား ရယ်မောမိလေသည်။

"သမိန်စက္ကဝတ်ရဲ့ စိတ်ကူးဖြစ်တဲ့ ကျုက်ခနေဂ်စေတီဌာပနာတိုက်ထဲမှာ စစ်ရှုံးရန်သူတွေရဲ့ လက်နက်တွေ၊ ချပ်ဝတ်တွေ ဌာပနာထည့်သွင်းထားမယ် ဆိုတဲ့ ကိစ္စ၊ စေတီတံတိုင်းမှာ စစ်ပွဲသရုပ်ဖော်ပုံတွေ ရေးဆွဲထုလုပ်ထားမယ်

http://www.cherrythitsar.org



ဆိုတဲ့ ကိစ္စ၊ ပြီးတော့ စေတီမုခ်မှာ လေးမြားကိုင်ထားတဲ့ သမိန်စက္ကဝတ် ရုပ်ထုကြီး တည်မယ်ဆိုတဲ့ ကိစ္စတွေကတော့ အလိုလိုပျက်ပြယ်သွားပြီ၊ ကျွန်ုပ်တော့ ဒီအရေးတွေအတွက် စိတ်အေးသွားရပြီ သမိန်ဗြတ်ဇ. . . ”

“ဒါပေမယ့် သမိန်စက္ကဝတ်ဟာ အဲဒီ စိတ်ကူးတွေထက် ပိုပြီး မဖွယ်ရာတဲ့ နောက်ထပ် စိတ်ကူးသစ်တွေ မကြံစည်ဘူးလို့ နန်းရင်းဝန်ကြီး ပြောနိုင်သလား. . . နန်းသုံးပန်းချီကျော်ဘွဲ့ကို ခံတွင်းဝနားရောက်ခါနီးမှ လွဲချော်သွားရတဲ့ နိန္ဒကလဲ ဒီအတိုင်းငြိမ်နေမယ်လို့ ထင်သလား ကျွန်ုပ်တို့ အရိပ်အခြေကိုတော့ သတိမပြတ်အကဲခတ် စောင့်နေမှတော်မယ် နန်းရင်းဝန်ကြီး”

ဗညားမွန်ထော်သည် နာရဒလှေတော်၏ လက်ရမ်းတိုင်ကို မှီနေရာမှ ဖယ်ရှားလျက်၊ ရွက်ကြိုးတစ်ခုကို ဆုပ်ကိုင်လိုက်သည်။

“မဖွယ်ရာတဲ့ အရေးကိစ္စတစ်ခု ပျက်ပြယ်သွားတာကို စိတ်ချမ်းသာပါရစေဦး သမိန်ဗြတ်ဇရယ်၊ နောက်ထပ် မဖွယ်ရာတဲ့ အရေးကိစ္စ ပေါ်ပေါက်လာဦးမယ်လို့ ကြိုတင်စိတ်မချမ်းမသာ မဖြစ်ပါရစေနဲ့ ဖြစ်လာတဲ့ အခါကျတော့လဲ အကောင်းဆုံးနည်းလမ်းနဲ့ ကာကွယ်ကြတာပေါ့. . . ”

ရွက်များဖြုတ်ရန်နှင့် နာရဒလှေတော် တက်သမားများ အသင့်နေရာယူကြရန် ပွဲနင်းမှူးကြီး၏ အမိန့်သံ ထွက်ပေါ်လာသောကြောင့် စကားစ ပြတ်သွားကြလေသည်။

ကမ်းစပ်သို့ လာကြိုနေသည့် ဥတ္တရတပ်မမှူး သမိန်ပါလကို အဝေးဆီတွင် မြင်နေရသည်။ သမိန်စက္ကဝတ်သည် လှေတော်ဦးပိုင်းမှ ကုန်းပတ်ပေါ်သို့ ဆင်းလာသည်။

နန်းရင်းဝန်ကြီး ဗညားမွန်ထော်နှင့် သမိန်ဗြတ်ဇတို့က သမိန်စက္ကဝတ်ရှိရာသို့ သွားကြသည်။ မကြာမီ ကမ်းသို့ကပ်တော့မည့် လှေတော်ပေါ်မှ သီလဝါကျွန်းပေါ်သို့ တက်မည့်ဘုရင်အနီးတွင် အတူလိုက်ပါသွားရမည်။ သို့သော် နိန္ဒထက် မည်သူမျှပို၍ ဘုရင့်အနီးသို့ နီးနီးကပ်ကပ် တိုးမသွားနိုင်ချေ။

*　　　*　　　*

“အမောင့်ကိုခေါ်လာတာ. . . အကျွန်ုပ်ပါ. . . အမောင်နဲ့ စတင်တွေ့ခဲ့ရတာက အကျွန်ုပ်ပါ. . . အမောင့်ကို ပန်းချီကျော် ရွေးပွဲသဘင်ဆီ ရောက်လာအောင် ခေါ်လာသူကလဲ အကျွန်ုပ်ပါ၊ အကျွန်ုပ်မျက်ရည်တွေနဲ့ လမ်းခင်းပြီး

http://www.cherrythitsar.org



သူနေတဲ့ ဝိဟာရကနေ ဟောဒီနန်းတော်ထဲ ရောက်အောင် အကျွန်ခေါ်ခဲ့ရတာပါ။ ဒါပေမယ့်. . . အမောင့်ကို ဂုဏ်ပြုစကားလေးတောင်မှ အကျွန်မပြောရတော့ဘူးလား ရှင်တို့ရယ်၊ အမောင့်အတွက် ဝမ်းသာစကားလေးတောင်မှ အကျွန်ပြောခွင့် မရတော့ဘူးတဲ့လား. . . ”

မိတနော်သည် အာကာရဠခန်းမ၏ တစ်ဖက်မုခ်ပေါက်တွင်ရပ်ရင်း တနင့်တပိုး ရေရွတ်နေမိသည်။

ပန်းချီကျော် ရွေးပွဲသဘင်၏ နောက်ဆုံးဖြစ်ရပ်များကိုလည်း မိတနော် အမှတ်ရနေမိသည်။ သမာဓိအစု၏ ခေါင်းဆောင်ပန်းချီကျော်ဟောင်း ဘိုးမွန်ခေါက်ကိုယ်တိုင်က ထုတ်ဖော်ကြေညာခြင်း မပြုမီမှာပင် သဘင်ခန်းမထဲရှိ ပါဒနိုင်ငံသား ပရိသတ်အားလုံးက “ဒီပါကို နန်းသုံးပန်းချီကျော်ဘွဲ့ အပ်နှင်းပါ”ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ မိတနော်သည် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းက မွေးဖွားပေးလိုက်သော မျက်ရည်စများဖြင့် သမာဓိအစု စင်မြင့်ရှေ့ရှိ ဒီပါထံသို့ ပြေးသွားခဲ့သည်။ ထိုစဉ်က သူ့နှုတ်မှ မည်သို့ ရေရွတ်နေခဲ့မိသည်ကိုတော့ မိတနော် တိတိကျကျ မမှတ်မိခဲ့တော့။ “အမောင်-အမောင်ရယ်” ဟုတော့ ရေရွတ်မိခဲ့မည်ဟု မိတနော်ထင်သည်။

မိတနော် အမောင့်ဆီသို့ ပြေးသွားခဲ့သည်။ သို့သော် အမောင့်ဆီသို့ မိတနော် မရောက်ခဲ့၊ ဝိုင်းအုံစုပြုံသွားကြသော ပရိသတ်ကို မိတနော် မတိုးနိုင်ခဲ့၊ ပရိသတ်အလည်တွင် အမောင်ပျောက်သွားခဲ့သည်။ ဆူညံသော ကောင်းချီးပေးသံများကိုလည်း မိတနော်၏ ခေါ်သံများက ထွင်းဖောက်မသွားနိုင်ခဲ့။ ခဏကြာမှပင် စင်မြင့်ပေါ်သို့ တက်သွားသော အမောင့်ကို မိတနော်တွေ့ရသည်။ မျက်ရည်များ ဖုံးအုပ်နေသဖြင့် မြင်ကွင်းသည် ထိုစဉ်က မှုန်တရီ ဝိုးတဝါး။

သမာဓိအစုခေါင်းဆောင် ဘိုးမွန်ခေါက်က ဒူးထောက်ထားသော အမောင့်ပခုံးပေါ်သို့ ဗောင်းစလွယ်ရွှေကြိုးကို ဆင်ယင်ပေးလိုက်သည်။ အမောင့် လက်ထဲသို့လည်း စာပုလွေသဏ္ဌာန်ဘူးတစ်ခု ထည့်ပေးသည်။ ထိုဘူးထဲတွင် “ပါဒနိုင်ငံတော်၏ နန်းသုံးပန်းချီကျော်” ဟူသော စာတမ်း ခပ်နှိပ်ထားသည့် ရွှေခြည်ဖောက် ဘွဲ့တံဆိပ်ရှိပေမည်ဟု မိတနော် မှန်းဆနားလည်လိုက်သည်။

ထို့နောက် ဘိုးမွန်ခေါက်က အမောင့်ကို တစ်စုံတစ်ခု ပြောဆိုနေသည်။ အမောင်က ခေါင်းကို ခါရမ်းနေသည်ဟု ထင်ရသည်။ သို့သော် ဘိုးမွန်ခေါက်က

http://www.cherrythitsar.org



တစ်နေရာသို့ လက်ညှိုးညွှန်ပြခဲ့သည်။ သဘင်ခန်း၏ အခြား တစ်ဖက်ဆီသို့ ဖြစ်သည်။ အမောင်က ထိုနေရာသို့ လှည့်ကြည့်သည်။ လှည့်အကြည့်တွင် အမောင် မျက်နှာကို မိတနော် ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ ဗောင်းစလွယ်ရွှေကြိုးကို ပခုံးစလွယ်သိုင်း ဆင်းမြန်းထားသော အမောင်သည် အဆင်တန်ဆာနှင့် လိုက်ဖက် ခန့်ညားဘိခြင်း။ သို့သော် ပါဒတစ်နိုင်ငံလုံး၏ ပန်းချီကျော်အပေါင်းတို့အား ကျော်လွှားလွန်မြောက်ခဲ့ပေသော အံ့မခန်း အစွမ်းထက်သည့် ပန်းချီကျော် နိန္ဒကိုပင် အနိုင်ရရှိခဲ့သည့် အမောင်သည် ဘာကြောင့်များ ညှိုးငယ်သော မျက်နှာသွင်ပြင် ရှိနေခဲ့သနည်း။ နန်းသုံးပန်းချီကျော်ဘွဲ့ကို ရရှိခဲ့သည့် အမောင်သည် ဘာကြောင့်မရွှင်မလန်း ဖြစ်နေခဲ့သနည်း။

ကိုယ်စိတ်နှစ်ပါးတို့ ပင်ပန်းနွမ်းနယ်နေပြီ ထင်သည်။ အမောင်ပင်ပန်းနေပြီ ထင်သည်။ အမောင့်ကို မိတနော် ချွေးသိပ်ပန်းဖြေပေးချင်သည်။ ညှိုးငယ်နေသော အမောင့် မျက်နှာကို မိတနော် မမြင်ရက်။ အနီးအနားတွင် ရှိနေခွင့်မရသော်လည်း အဝေးမှပင် အမောင့်ကို မိတနော် အားပေးချင်သည်။ ‘အမောင်’ဟု မိတနော် ခေါ်ရင်း လက်ကိုမြှောက်ပြခဲ့သည်။ သို့သော် မိတနော် အသံကို အမောင်မကြား၊ မိတနော်လက်ကို အမောင်မမြင်၊ အမောင်တစ်ဖက်သို့ ပြန်လှည့်သွားသည်။

ဗောင်းစလွယ် ရွှေကြိုးကို အမောင်လက်ခံပြီးပြီ၊ ဘွဲ့တံဆိပ် စာပုလွေဘူးကလည်း အမောင့်လက်ထဲမှာ ရောက်နေပြီ၊ အစဉ်အလာအရဆိုလျှင် အခမ်းအနား ပြီးဆုံးပြီ။ အမောင်စင်မြင့်ပေါ်က ဆင်းလာပြီး မိတနော်ထံ ပြန်လာ။ ပြီးတော့ မိတနော်၏ ဂုဏ်ပြုစကားတွေကို နားထောင်။ ပြီးတော့ မိတနော် သိသည်။ အမောင်သည် ဤသဘင်ခန်းမ လူစုလူဝေးကြီးကို ရှောင်ကွင်းကာ အေးချမ်းသော ဝိဟာရသို့ ပြန်သွားချင်မည်၊ ဝိဟာရသို့ အမောင်နှင့်အတူ မိတနော် လိုက်သွားမည်။

မိတနော် စိတ်ကူးထားသည့် အစီအစဉ်အတိုင်း အမောင် လက်ခံပါလိမ့်မည်။ ဝိဟာရသို့ အမြန်ပြန်သွားပြီး မော်ဝန်းမြစ်ကမ်းစပ် ဝိဟာရအနီးက ကညင်ပင်မြစ်ဆုံတွင် ထိုင်ရင်း အမောင့်ကို မိတနော်. . ။

စိတ်ကူးထဲက အစီအစဉ်တို့ပင်လျှင် အဆုံးမသတ်ခဲ့ရ။

အစီအစဉ်မဲ့ စုပြုံပြီး တိုးဝှေ့နေကြသော သဘင်ခန်းမထဲရှိ ပရိသတ်ကြီးသည် တစ်ဖက်တစ်ချက်ဆီသို့ ရှဲသွားသည်။ ပရိသတ်၏ အလယ်တွင်

http://www.cherrythitsar.org



လစ်လပ်သော လမ်းကြောင်းပေါ်လာသည်။ မိတနော်သည်ပင် စင်မြင့်နှင့် ပို၍ဝေးသော နေရာသို့ ထွက်ခွာသွားရသည်။ ပရိသတ်အလယ်လမ်းကြောင်း မှ ပါဒနန်းတော်စောင့် စစ်သည်အဖွဲ့ သဘင်ခန်းမထဲသို့ ဝင်လာသည်။ စင်မြင့်ရှိရာသို့ ရွေ့ရှူသွားနေကြသည်။ နန်းတော်စောင့် စစ်သည်အဖွဲ့၏ ခေါင်းဆောင်ကို မိတနော် သဲသဲကွဲကွဲ မမြင်ရ။ ထိုသူသည် စင်မြင့်ပေါ်သို့ တက်သွားပြီး ဘိုးမွန်ခေါက် လက်ထဲသို့ တစ်စုံတစ်ခုကို လှမ်းပေးလိုက်သည်။ ဘိုးမွန်ခေါက်က လှမ်းယူပြီး ထိုအရာကို ဖြန့်လိုက်သည်။ ရွှေရောင် စာချွန်တော်တစ်ခု ဖြစ်မည်။ အချိန်ကလည်း နေဝင်မိုးချုပ်စ ဖြစ်လာသည်။ သဘင်ခန်းမထဲရှိ ကညင်မီးတိုင်များကို အမှုတော်ထမ်းတို့ စတင်ထွန်းညှိနေကြပြီ။ မီးတိုင်အားလုံးတွင် မီးစွဲခြင်းမရှိသေးမီမှာပင် သဘင်ခန်းမထဲ၌ ညနေဆည်းဆာ၏ အရောင်တို့ ချုပ်ငြိမ်းသွားသည်၊ မှောင်ရီဝိုးဝါးမြင်ကွင်း။

ကညင်မီးတိုင်အားလုံးကို အမှုတော်ထမ်းတို့ ထွန်းညှိပြီးကြပြီ။

ညဥ့်ဦးပိုင်း၏ အမှောင်တို့ သဘင်ခန်းမထဲမှ လွင့်စင်သွားကြပြီ။

အို. . . အမောင်လည်း စင်မြင့်ပေါ်မှ ပျောက်ကွယ်သွားပြီ။ အမောင်မရှိတော့။ အမောင့်ကို မိတနော် လိုက်ရှာသည်။

နန်းတော်စောင့် စစ်သည်အစုတို့ ပရိသတ်အလယ်မှ ဖြတ်၍ သဘင်ခန်းမအပြင်သို့ ပြန်ထွက်သွားကြသည်ဟု ထင်သည်။ ပရိသတ်တို့ ဘေးတစ်ဖက်တစ်ချက်သို့ ရှဲပေးနေကြသည်။

စင်မြင့်ပေါ်တွင်. . .

ဘိုးမွန်ခေါက်လည်း မရှိတော့၊ သမာဓိအစုဝင် ပုဂ္ဂိုလ်များလည်း မရှိတော့။

"ပန်းချီကျော်ကို နန်းတော်က ခေါ်သွားပြီ. . . "

"ဟုတ်တယ် ဟုတ်တယ် ဘိုးမွန်ခေါက်လဲ ပါသွားတယ်၊ နန်းတော်စောင့် စစ်သည်တွေ လာခေါ်တာဆိုတော့ သမိန်စက္ကဝတ် ဘုရင်က ခေါ်တာပဲ ဖြစ်ရမယ်. . . "

"အို. . . ဒီပါကို ထပ်ပြီးဂုဏ်ပြုမလို့ နေမှာပေ့ါ. . . "

"အဲဒီ ပန်းချီကျော်ကလေးကို ငါတော့ သေသေချာချာ အနီးကပ် ကြည့်ချင်သေးတယ်၊ သူ့လက်ချောင်းလေးတွေကိုလဲ သေသေချာချာ ကိုင်ကြည့်ချင်သေးတယ်"

"အဘွားကြီး ခင်ဗျားက ကြည့်ချင်နေ၊ ဟိုမှာ ခင်ဗျားထက် အရေးကြီးတဲ့ ဘုရင်မင်းမြတ်က ခေါ်သွားပြီ. . . "

"ဒီပါကိုကြည့်ရတာ နေမကောင်းဘူးနဲ့ တူတယ်၊ သူ သိပ်ပင်ပန်းရှာမှာပဲ"

"သူရေးလိုက်တဲ့ ကျေးဇူးရှင် သခင်ကြီးဘုရားပုံလွှာတော်ကိုကြည့်ပြီး ကျုပ်မှာ နတ်ရွာစံ ဘုရင်ကြီးကို သတိရလို့ ငိုလိုက်ရတာများလေ. . . "

မကြားချင်. . . မကြားချင်တော့။

မိတနော် နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်လိုက်မိသည်။

မြင်လည်း မမြင်ချင်တော့၊ အမောင်မရှိတော့သည့် သဘင်ခန်းမကိုလည်း မကြည့်မမြင်ချင်တော့။ မိတနော် မျက်လုံးအစုံကို ပိတ်လိုက်မိသည်။

ပါးပြင်နှစ်ဖက်တွင် ပူနွေးသွားသည်။

"အမောင် မိတနော် မငိုပါဘူး၊ ဒါပေမယ့် မိတနော် ပါးပြင်မှာ မျက်ရည်တွေနဲ့. . . မျက်ရည်တွေနဲ့. . . "

* * *

သဘင်ခန်းမထဲမှ ပြေးထွက်လာခဲ့သည်။ အမောင့်ကို ခေါ်သွားမည့်နေရာကို အဖတော့ သိတန်ကောင်းသည်။ မိတနော် နန်းတော်ထဲသို့ ပြန်လာခဲ့သည်။ စံအိမ်ဆီသို့ အပြေးလာခဲ့သည်။ သို့သော် စံအိမ်မှာ အဖမရှိ၊ နန်းတော်၏ အဆောင်ဆောင် အခန်းခန်းသို့ မိတနော် ရောက်ခဲ့သည်။ ရွှေပိန်းချတိုင်လုံးပေါင်းများစွာကို မိတနော် ဖြတ်ကျော်ခဲ့သည်။ အမောင့်ကို မတွေ့။ ပန်းချီကျော် ရွှေးပွဲသဘင်အကြောင်းကို ပြောဆိုနေကြသည့် နန်းတွင်းသူ နန်းတွင်းသားများကိုသာ တွေ့ခဲ့ရသည်၊ အမောင့်ကို မတွေ့ရသော်လည်း နန်းတော်၏ နေရာတိုင်းတွင် အမောင်၏ ဂုဏ်သတင်းတို့ လှိုင်နေသည်ကို မိတနော် ကြားနေရသည်။ သည်သို့ ကြားနေရလေလေ၊ အမောင့်ကို တွေ့ချင်လေလေ။

သည်လိုဖြင့်ပင် နန်းတော်တွင်းရှိ နန္ဒာဥယျာဉ်တော်ဖက်ဆီသို့ မိတနော် ရောက်ခဲ့သည်။ နန္ဒာဥယျာဉ်တော်မှာ ပါဒနန်းတော်၏ အလယ်ဗဟို နေရာတွင် တည်ရှိသည်။ ဥယျာဉ်တော်၏ ဂဝံကျောက် လှေကားထစ်များ ခြေရင်းတွင် မောပန်းခြင်းများစွာဖြင့် မိတနော် ထိုင်လိုက်သည်။ ဥယျာဉ်တော်၏ ကျောက်ရေကန်ထဲမှ ရေကျသံတို့သည်လည်းကောင်း ကြိုးကြာနှင့် ဥဒေါင်းတို့၏

http://www.cherrythitsar.org



တွန်ကြူးသံတို့သည်လည်းကောင်း မိတနော် နားထဲတွင်“အမောင်ဘယ်ရောက်နေပြီလဲ. . . အမောင် ဘယ်ရောက်နေပြီလဲ. . . ”ဟု ကြားနေမိသည်။

ဥယျာဉ်တော်၏ စန္ဒကူးပန်းရုံမုခ်ဖက်သို့ မိတနော် ငေးကြည့်နေမိသည်။ စန္ဒကူးရနံ့ကို မိတနော် နှစ်သက်စမြဲ။ သို့သော် သည်တစ်ခါတော့ ပျောက်ဆုံးနေသော အမောင့်ကို စန္ဒကူးရနံ့က ရှာဖွေမပေးနိုင်သဖြင့် စန္ဒကူးပန်းရုံမုခ်သည်ပင် မိတနော် အမြင်တွင် အရုပ်ဆိုးနေသည်။

“အို. . . ” မိတနော် အသံထွက်၍ ရေရွတ်မိသည်။

“အို. . . ကြည့်စမ်း. . . ဒါကို ငါဘာကြောင့် စောစောက သတိမရခဲ့တာလဲ”

မောပန်း နွမ်းနယ်ခြင်းများကို မျိုသိပ်လျက် မိတနော် ဂဝံကျောက်လှေကားထစ်ပေါ်မှ ထလိုက်သည်။ စန္ဒကူးပန်းရုံ မုခ်ဆီသို့ အပြေးသွားမိသည်။ သည်လိုဆိုပြန်တော့လည်း မိတနော် ချစ်သော စန္ဒကူးပန်းသည် မိတနော်ကို ပြန်၍ ချစ်ခင်စွာဖြင့် အကူအညီပေးပြီထင်သည်။

နန္ဒာဥယျာဉ်၏ စန္ဒကူးပန်းရုံ မုခ်တစ်ဖက်တွင် ‘အာကာရဠ’ ခန်းမဆောင်ရှိပေသည်။ ‘အာကာရဠ’ကို မိတနော် ယခုမှပင် သတိရတော့သည်။

ပန်းချီကျော်ကို နန်းတော်ထဲသို့ ခေါ်သွားသည်ဆိုရာတွင် ဤပါဒနန်းတော်ထဲ၌ ‘အာကာရဠခန်းမ’မှတစ်ပါး အခြားမည်သည့်နေရာရှိနိုင်မည်လဲ။ အာကာရဠခန်းမသည် အစဉ်အဆက် ဘုရင့်နန်းသုံးတော်ဝင် ပန်းချီကျော်တို့၏ ပုံလွှာတူများ၊ ပုံကားချပ်များ ထားရှိသိုမှီးရာ ခန်းမဖြစ်သည် မဟုတ်လား။ အမောင့်ကို ဘုရင်မင်းမြတ်က ထပ်မံဂုဏ်ပြုရန်နေရာမှာ အာကာရဠထဲမှာပင် ဖြစ်ရမည်မဟုတ်လား။

မိတနော်အတွေး မှန်သည်။

အာကာရဠဆီသို့ အခြားတစ်ဖက်မှ လျှောက်လာကြသည့် ခြေသံများကို ကြားရသည်။ မီးတိုင်၏ အလင်းရောင်အောက်တွင် နန်းတော်စောင့်တပ်စစ်သည်အစု ခေါင်းဆောင်ကို မိတနော် တွေ့လိုက်ရသည်။ စစ်သည်အစု အလယ်တွင် ဘိုးမွန်ခေါက်ကိုပင် တွေ့နေရပြီ။ ကျောက်သားနံရံတွင်ကပ်၍ စိုက်ပျိုးထားသည့် နွယ်ပင်မှ အရွက်များက အရိပ်ထိုးကျနေပြန်သည်။ မည်သို့ဖြစ်စေ အမောင့်ကို မိတနော် တွေ့ရတော့မည်။

တွေ့ပါပြီ. . . တွေ့ပါပြီ. . . ။

http://www.cherrythitsar.org



ဘိုးမွှန်ခေါက်ဘေးတွင် ပါလာသော အမောင့်ကို မီးရောင်အောက်တွင် တွေ့ရပြီ။

ဘိုးမွှန်ခေါက်က အမောင့်ကို စကားတွေ ပြောလာသည်။ အမောင်ကမူ ခေါင်းကိုငုံ့လျက်သားပင်၊ အမောင့်ကို ခေါင်းမော့ထားစေချင်သည်။ ဒါမှသာ မိတနော် အမောင့် မျက်နှာကို မြင်နိုင်မည်။

ဝမ်းသာခြင်းပီတိများဖြင့် မိတနော် ရပ်နေမိသည်။ ပန်းရုံနောက်ကွယ်မှ ရှေ့သို့မသွားမိ။ နန်းတော်စောင့် စစ်သည်အစု ခေါင်းဆောင်ကို မိတနော် သိသည်။ မိတနော်ကိုလည်း သိသည်။ အနီးနားရောက်မှ ပန်းရုံနောက်ကွယ်က ရုတ်ချည်းထွက်လိုက်မည်၊ ပြီးတော့ အမောင့်ကို ဂုဏ်ပြုစကားတွေပြောမည်၊ ပြီးတော့. . . စစ်သည်အစု ခေါင်းဆောင်ကို နွဲ့ဆိုးဆိုးပြီး အာကာရဋ္ဌထဲသို့ မိတနော်ပါ လိုက်ခဲ့မည်ဟု အတင်းပြောမည်။

နန်းတော်စောင့်တပ် စစ်သည်အစုသည် မိတနော် ရပ်နေရာ ပန်းရုံအနီးမှ အာကာရဋ္ဌခန်းမဆီသို့ မလာကြ။

ချွန်မြသော ဓားကိုကိုင်ဆွဲထားသည့် မိန်းမပျိုတစ်ဦး ရုပ်တုရှိရာ ထောင့်ချိုးမှနေ၍ အခြားတံခါးပေါက်ဆီသို့ ကွေ့ဝင်သွားသည်။ ရုပ်တုမိန်းမပျို လက်ထဲမှ ဓားဦးချွန်သည် ထိုတံခါးပေါက်ကို ချိန်ရွယ်ညွှန်ပြနေသည်။

မိတနော် ထိုတံခါးပေါက်ဆီသို့ ပြေးသွားသည်။

သို့သော် မိတနော် နောက်ကျရပြီ။

စစ်သည်အစု၏ နောက်ဆုံးရဲမက် ဝင်သွားပြီး တံခါးကို ပိတ်လိုက်ချိန်တွင် မိတနော်သည် မိန်းမပျို ရုပ်တုနှင့် ခပ်လှမ်းလှမ်းမှာပင် ရှိသေးသည်။ မိတနော် အော်ခေါ်မိသည်။ သို့သော် မကြားနိုင်တော့၊ အမောင် မကြားနိုင်တော့. . . ။ ကြမ်းကြုတ်ရက်စက်လွန်းသော တံခါးသည် အမောင့်အား တခြားတစ်ဖက်သို့ ခေါ်သွားခဲ့ပြီ။ မိတနော်အား ဤမှာဖက်တွင် ထားခဲ့ပြီ။

အာကာရဋ္ဌခန်းမ၏ တံခါးတိုင်ကိုမှီ၍ ဆုပ်ကိုင်ရင်း မိတနော် တဖြည်းဖြည်း ကျောက်သားစကြံန်ပေါ်သို့ ထိုင်လိုက်မိသည်။ မွန်းတည့်နေအောက်က ရေပြတ်သော ပန်းပွင့်၏ ပွင့်ဖတ်တို့ ညှိုးခြုံးသွားသည့်နှယ်။

ပိတ်သွားသော တံခါးကို ကြည့်မိသည်။

ပြီးတော့ အပေါ်မှ မိုးနေသည့် 'ဓားကိုင် မိန်းမပျိုရုပ်တု'ကိုမော့ကြည့်သည်။ ရုပ်တုလက်ထဲက ဓားသည် တံခါးကို ချိန်ရွယ်ထားသည်။ ဤတံခါးမ၏

http://www.cherrythitsar.org



တစ်ဖက်ဆီတွင် ဥယျာဉ်တော် တစ်ခုရှိသည်။ ထိုဥယျာဉ်တော်ကို ဖြတ်ကျော်ပြီးလျှင်. . .။

အမောင့်အား ဘယ်နေရာသို့ ခေါ်သွားကြပြီကို မိတနော် သိလိုက်ပြီ။

ပါဒနန်းတော်တွင် ကြီးပြီးခဲ့သော မိတနော်သည် ဘယ်နေရာမဆို ဝင်ထွက်သွားလာနိုင်သည်။ ဘယ်နေရာတွင် ဘာရှိသည်ကို မိတနော် သိသည်။ မိတနော် မရောက်ဘူးသော နေရာမရှိ။

သို့သော် သိရုံသာသိပြီး မိတနော် မရောက်ဘူးသော နေရာတစ်နေရာသာ ရှိသည်။ ထိုနေရာသို့ မိတနော် ဝင်ခွင့်မရှိ၊ ထိုနေရာသို့ မိတနော် သွားခွင့်မရှိ။

"အမောင့်ကို ခေါ်လာတာ အကျွန်ပ်၊ အမောင်နဲ့ စတင်တွေ့ခဲ့ရတာက အကျွန်ပ်၊ အမောင့်ကို ပန်းချီကျော် ရွေးပွဲသဘင်ဆီရောက်အောင် ခေါ်လာခဲ့ရ သူကလဲ အကျွန်ပ်. . .၊ အကျွန့်မျက်ရည်တွေနဲ့ လမ်းခင်းပြီး သူနေတဲ့ ဝိဟာရ ကနေ ဟောဒီနန်းတော်ထဲရောက်အောင် အကျွန်ခေါ်ခဲ့ရတာပါ၊ ဒါပေမယ့် အမောင့်ကို ဂုဏ်ပြုစကားလေးတောင်မှ အကျွန်ပြောခွင့်မရတော့ဘူးလား ရှင်တို့ရယ် . . . အမောင့်အတွက် ဝမ်းသာစကားလေးတောင်မှ ပြောခွင့်မရတော့ဘူးတဲ့လား"

ရုပ်တု၏ လက်ထဲက ဓားကို ဆုပ်ကိုင်ရင်း မိတနော် တတွတ်တွတ်ရေရွတ်မိသည်။

စန္ဒကူးရနံ့သည် မိတနော်ရှိရာသို့ ရောက်လာသော်လည်း ညှို့ဦးလေပြေကြောင့် ဥယျာဉ်ဘက်ဆီသို့ ပြန်၍လွင့်ပြယ် သွားလေသည်။

* * *

မွှေးပျံ့သော ရနံ့သည် ဒီပါ၏ ဂန္ဓအာရုံကို အဟုန်ပြင်းစွာ ရိုက်ခတ်နေသည်။ ခန်းမဆောင်အတွင်းရှိ လေဟာ နေရာတိုင်းတွင် ဤရနံ့တို့ အပြည့်အဝ ကြဲပြန့်နေပြီ ထင်သည်။

မွှေးပျံ့လွန်းလာသောအခါ ဂန္ဓာရုံသည် သာယာကြည်နူးဖွယ် မဟုတ်တော့၊ စူးနစ်မွန်းကြပ်လာသည်၊ ချိုအီသော ရနံ့ကြောင့် နှမ်းနယ်ပင်ပန်းရမှုတို့သည် ပို၍မြင့်မားလာသည်။ မွှေးပျံ့လွန်းသော ရနံ့ကို ဒီပါသည် ကြိုးစား၍အသိထဲမှ ဖယ်ထုတ်နေမိသည်။ သို့သော် မည်သို့မျှ မစွမ်းသာ။

ပန်းပေါင်းဆီရနံ့သည် စင်စစ်ဒီပါနှင့် သူစိမ်းသူရံဆံ မဟုတ်ချေ။

http://www.cherrythitsar.org



ဝိဟာရ၏ ဘုရားကျောင်းဆောင်တွင် ဆရာတော် အရှင်ဓမ္မညာဏသည် အထူးထူးသော ပန်းပေါင်းဆီရနံ့တို့ဖြင့် ညစဉ်ပူဇော်မြဲ ဖြစ်သည်။ အထူးထူးသော အမွှေးနံ့သာတိုင်များကို ထွန်းညှိထားစမြဲ ဖြစ်သည်။ ဝိဟာရရှိ မိမိ၏ အခန်းငယ်မှနေ၍ ထိုရနံ့တို့ကို အစဉ်မပြတ် ခံစားရရှိနေခဲ့စမြဲ ဖြစ်သည်။

သို့သော် ဤခန်းဆောင်အတွင်းမှ ရနံ့ကိုမူ ဒီပါသည် ခက်ခဲပင်ပန်းစွာ ခံစားနေရသည်။ ဖြစ်နိုင်လျှင် ဤနေရာမှ ချက်ချင်းပြန်လည် ထွက်ခွာသွားလိုသည်။ သူ့ဘေးမှ ဘိုးမွန်ခေါက်ကို စောင်းငဲ့၍ ကြည့်မိသည်။ ဘိုးမွန်ခေါက်သည်လည်း စိတ်ကျဉ်းကြပ်သော အမူအရာဖြင့် ကျောက်သလင်း စကြိုန်ဆီသို့သာ မျက်နှာမူထားသည်။ ဤခန်းဆောင်တွင်းသို့ ရောက်သည့်အချိန်မှစ၍ ဒူးတုပ်ထိုင်နေသော အနေအထားကို ဘိုးမွန်ခေါက်သည် ပြောင်းရွှေ့ခြင်း မရှိသေး။

ဒူးတုပ်ထိုင်နေရသော အနေအထားကို ဒီပါလည်း သည်းမခံနိုင်တော့။ ကျောက်သလင်း၏ အေးမြမာကျောသော အထိအတွေ့ကလည်း မသက်မသာဖြစ်စေသည်။ ရှေ့နား ခပ်လှမ်းလှမ်းရှိ အစိမ်းရောင် ကော်ဇောပေါ်သို့ ပြောင်းရွှေ့ထိုင်လိုက်ချင်နေသည်။ ကော်ဇောရောင်ကား အဆင်းအရောင်အားဖြင့်ပင် ထိုင်ချင့်စဖွယ် သို့မဟုတ် လူးလှိမ့်၍ အိပ်ချင့်စဖွယ် ဖြစ်သည်။

သို့သော် ဒီပါသည် ရှိရင်းအနေအထားမှ တစ်ဆံခြည်မျှင်မျှပင် မရွှေ့ပြောင်း မပြင်ဆင်နိုင်၊ ဘိုးမွန်ခေါက်က ဤခန်းမဆောင်တွင်း ရောက်ရှိလျှင် မိမိနေထိုင်သလို မိမိ အရိပ်အခြေကိုကြည့်ပြီး နေရမည်ဟု လမ်းမှာကတည်းက တဖွဖွမှာခဲ့သည်။

သည်နေရာသည် ပါဒနန်းတော်တွင်း၏ တစ်နေရာဖြစ်သည်ဟုသာ ဒီပါသိသည်။ မည်သည့် အဆောင်ဟူ၍မသိ။ သမိန်စက္ကဝတ် ဘုရင်နှင့်တွေ့ဆုံရန်အရေးမှာ ဤမျှပင် ခက်ခဲကျဉ်းမြောင်းသလားဟု ဒီပါတွေးနေမိသည်။

'အာကာရဋ္ဌခန်းမ' ဘက်ဆီသို့ ရောက်ခဲ့စဉ်ကမူ ဒီပါ ဝမ်းသာခဲ့မိသည်။ မိမိအား ပန်းချီကျော်တို့၏ အာကာရဋ္ဌခန်းမထဲသို့ ခေါ်သွားတော့မည်ဟု ထင်ခဲ့သည်။ အာကာရဋ္ဌသို့ ဒုတိယအကြိမ် ပြန်ရောက်ရှိရမည့်အတွက် ဤအခွင့်အရေးကို ဒီပါ ဝမ်းမြောက်စွာ လက်ခံရန် ပြင်ဆင်ခဲ့သည်။ သို့သော် သူ ပထမအကြိမ်ရောက်ခဲ့ဖူးစဉ်က မုခ်ဝဆီသို့မသွားဘဲ အခြားသော တံခါးပေါက်တစ်ခုဆီသို့သာ ဝင်ခဲ့ရသည်။ တံခါးကို ကျော်ဖြတ်ပြီးနောက် လှပသော

http://www.cherrythitsar.org



ဥယျာဉ်တစ်ခုကို ဖြတ်သန်းခဲ့ရပြန်သည်။ ထို့နောက် ရှည်လျားသော စင်္ကြံ လမ်းများထဲသို့ ဝင်ခဲ့ရပြီးနောက်. . .

ဤ ခန်းမဆောင်ထဲသို့ရောက်လာခဲ့ရသည်။

ချိုအီမွှန်းကြပ်သော ပန်းပေါင်းရနံ့နှင့် အေးစက်မာကြောသော ကျောက် သလင်းအထိအတွေ့။

သဘင်ခန်းမသို့လာပြီး ပန်းချီကျော်ရွေးပွဲသို့ ဝင်ခဲ့မိသည်မှာ မှားပြီဟု ဒီပါ ထင်လာသည်။ ဖောင်းစလွယ်ရွှေကြိုးကို လက်ခံပြီးသည့်နောက်တွင် ဤသို့သော စိတ်နေကျဉ်းမြောင်းစရာ အဖြစ်များကို ဆက်လက်တွေ့ကြုံရ မည်ဟု ဒီပါမတွေးခဲ့မိ။

ယခုသော်ကား. . .

ထိုင်နေလျက်မှာပင် ပခုံးပေါ်မှ ဖောင်းစလွယ်ရွှေကြိုးသည် တစ်စထက် တစ်စ လေးလံလာသည်။

လက်ထဲမှာ ကိုင်ဆောင်ထားရသော ရွှေရောင် စာပုလွေဘူးသည် တစ်စထက် တစ်စ ကြီးမားလာသည်ဟု ခံစားနေရသည်။

မည်သည့်အဆောင်မှန်း မသိရသောနေရာတွင် မည်သူနှင့် တွေ့ရမည် မှန်းမသိရသော စောင့်ဆိုင်းမှုကို ဒီပါ သည်းမခံနိုင် ဖြစ်လာသည်။ အနီးမှ ဘိုးမွန်ခေါက်ကို ငဲ့စောင်းကြည့်လိုက်ရာတွင်လည်း ဘိုးမွန်ခေါက်ထံတွင် သဘင် ခန်းမစင်မြင့်ပေါ်က ခန့်ညားထည်ဝါမှုမျိုးကို မတွေ့ရတော့။ သဘင်ခန်းမ စင်မြင့်ပေါ် သမာဓိပုဂ္ဂိုလ်အစုတို့၏ အလယ်တွင် ကြီးမားသော ထိုင်ခုံနှင့် ထိုင်နေခဲ့စဉ်က ဘိုးမွန်ခေါက်သည် ကေသရာဇာ ခြင်္သေ့အလား။ ယခု ခန်းဆောင်တွင်း၌ ကား ဘိုးမွန်ခေါက်သည် ယုန်သူငယ်အလား။

အစိမ်းရောင် ကော်ဇောကို လှမ်းကြည့်ရင်း ဒီပါသည် ရှေ့သို့ တိုးရန် ဟန်ပြင်လိုက်သည်။ လှုပ်ရှားသံ ကြားလိုက်ရသောကြောင့် ဘိုးမွန်ခေါက်က ဒီပါ၏ လက်ကို မသိမသာ လှမ်းဆွဲရန် ဟန်ပြင်သည်။

သို့သော် သူတို့နှစ်ဦးစလုံး၏ လှုပ်ရှားမှုသည် အထမမြောက်။

အစိမ်းရောင် ကော်ဇောပေါ်သို့ ဝါရွှေသော အရာတစ်ခု ကျရောက် လာသည်။

ခြေဖမိုးတစ်စုံ။

ဒီပါ၏ လက်ကို လှမ်းဆွဲရန် ဟန်ပြင်ထားသော ဘိုးမွန်ခေါက်၏ လက်

http://www.cherrythitsar.org



သည် သိန်းစွန်ရဲကိုမြင်သော တွင်းမှလယ်ကြွက်၏ ဦးခေါင်းကဲ့သို့ ဆတ်ကနဲ ပြန်ရုတ်သွားသည်။

ခြေဖမိုးအစုံသည် အစိမ်းရောင်ကော်ဇောပေါ်တွင် တင့်တယ်စွာ တည့်တည့်မတ်မတ် တည်နေသည်။ ပန်းချီကျော်၏ မျက်လုံးများသည် ဝါရွှေသော အဆင်းနှင့် စိမ်းဖန့်သော အဆင်းတို့၏ လိုက်ဖက်တင့်တယ်မှုကို ငေးမော ခံစားနေမိလေသည်။

"ရောက်နေကြတာ အတော်ကြာပလား. . ."

"မှန်ပါ သခင်မ. . ."

ဘိုးမွှန်ခေါက်၏ ဖြေသံသည် ခြောက်ကပ် အက်ကွဲနေသည်။ မေးသံမူကား. . . မေးခွန်းမှာမူကား. . .။

ဒီပါသည် ပျောက်ဆုံးသော ရတနာကို ပြန်တွေ့ရသလို ခြေဖမိုးအစုံမှသည် အထက်ဆီသို့ အလျှင်အမြန် မော့ကြည့်လိုက်လေသည်။ သူမျှော်လင့်ထားသည့် သမိန်စက္ကဝတ် မဟုတ်။

"ဧကရီ"

အံ့သြခြင်းများကို သယ်ဆောင်လာသည့် ရေရွတ်သံသည် ဒီပါ၏ ရင်တွင်း၌ ကူးစက်ရိုက်ခတ်သွားလေသည်။

"ဧကရီ. . . ဧကရီ. . . ဧကရီ. . ."

သွေးခုန်နှုန်းနှင့်အမျှ ထိုအမည်ကို ရင်တွင်းမှာ ရေရွတ်နေမိပြီဟု ဒီပါ ခံစားမိသည်။

"သခင်မ. . . ဘုရားဝတ်ပြုနေချိန်မှာ ရောက်လာကြတာကိုး. . ."

နှင်းဟေမာသည် သဠ္ဍာလီပေါ်သို့ ဝင်ထိုင်လိုက်သည်။

မဆိုစလောက် ပါးလွှာသော ဝတ်လွှာရုံကို ချပ်ယပ်စွာ ဝတ်ဆင်ထားသည်။ ဝတ်လွှာရုံကား အစိမ်းရောင်၊ ဝတ်လွှာရုံ လစ်လပ်နေသော ပခုံးနှစ်ဖက်ပေါ်တွင်ကား ကတ္တီပါ သင်တိုင်းတစ်ထည်ကို ကပိုကရို လွှမ်းခြုံထားသည်။ သင်တိုင်းကား အရောင် တဖိတ်ဖိတ်တောက်သည့် ခရမ်းရောင်။

အစိမ်းရောင်နှင့် ခရမ်းရောင်တို့၏ မအပ်စပ်သော တွဲဖက်ခြင်းကို ဒီပါသည် ပန်းချီကျော်တို့၏ မျက်စေ့ဖြင့် ချက်ချင်းတွေ့မြင်လိုက်သည်။ သို့သော် ထူးဆန်းသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်နေသည်။ ကြည့်နေရင်းမှာပင် မအပ်စပ်သည့် ခရမ်းနှင့် အစိမ်းတို့သည် တင့်တယ်ပြေပြစ်လာနေသည်။

http://www.cherrythitsar.org



မသင့်တော် မအပ်စပ်သော ဤအရောင်နှစ်ခုတို့၏ တွဲဖက်မှုကို ‘ဧကရီ’၏ အသားရောင်က ထိန်းသိမ်းညီညွတ်စေလိုက်ခြင်း။

“ဘိုးမွန်ခေါက်ကို မတွေ့ရတာ နှစ်အတော်ကြာသွားပြီ. . . ”

“ရှစ်နှစ်ကျော်ပါပြီ သခင်မ. . . ”

“ဟုတ်ပေတယ်၊ ခမည်းတော် ရာဇာစောနောင်မင်းတရားကြီး နတ်ရွာမစံမီက ဘိုးမွန်ခေါက်ကို အာကာရဋ္ဌထဲခေါ်ပြီး ပုံလွှာတူ ရေးခိုင်းခဲ့သေးတယ် မဟုတ်လား၊ အဲဒီကတည်းက မတွေ့ရတော့တာပဲ၊ ဘိုးမွန်ခေါက် အခုအသက် ဘယ်လောက်ရှိပြီလဲ. . . ”

“ကိုးဆယ့်သုံးနှစ်ပါ သခင်မ. . . ”

“ပန်းချီကျော်ဟောင်းကြီးရဲ့ နေထိုင်စားသောက်ရေး အဆင်ပြေရဲ့လား”

ဘိုးမွန်ခေါက်သည် စကားပြန်မဆိုဘဲ တုံ့ဆိုင်းသွားလေသည်။

“ပြောပါလေ သခင်မနန်းတော်ထဲမှာ ဘာမဆိုပြောနိုင်ပါတယ်”

“ကျဉ်းမြောင်း ကြပ်တည်းပါတယ် သခင်မ”

“အပြန်မှာ ရွှေတိုက်တော်ဝန်မှူးဆီက ဘဏ္ဍာထုတ်ယူသွား”

“ကျေးဇူးကြီးလှပါတယ်. . . သခင်မ”

ယခုအချိန်ထိ ဧကရီသည် မိမိကိုမကြည့်ဘဲ စကားတစ်ခွန်းမဆိုပဲ နေသည့်အတွက် ဒီပါ စိတ်မလုံမလဲ ဖြစ်လာသည်။ မိမိကပင်စ၍ တစ်စုံတစ်ခု ပြောလိုက်တော့မည်ဟု စိတ်ကူးလိုက်သော်လည်း မည်သည့်စကားက စရမည် မှန်းမသိ ဖြစ်နေသည်။

သို့သော် နှင်းဟေမာ၏ အသံက ဒီပါ၏ လှုပ်ရှားမှုများကို အဆုံးသတ်ပေးလိုက်လေသည်။

“ဒီနေ့ သဘင်ခန်းမရွေးပွဲမှာ ခမည်းတော်ရဲ့ ပုံလွှာတူကို ပရိသတ်ရှေ့မှောက်မှာပဲ ဆေးအဖြူဆေးအနက် တစ်မှုဟုတ်ချင်း ရေးဆွဲပြသွားနိုင်ပြီး အားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ဗောင်းစလွယ်ရွှေကြိုးရသွားတဲ့ ပန်းချီကျော်ဆိုတာ လား ဘိုးမွန်ခေါက်”

“မှန်ပါတယ် သခင်မ”

နှင်းဟေမာသည် ဒီပါဘက်သို့ ကြည့်သည်ဆိုရုံသာ ကြည့်သွားသည်။ ထိုအကြည့်ကား ဝတ်ရည်ခမ်းနေသော ပန်းဝတ်မှုန်အပေါ်သို့ ကူးခတ်စမ်းသပ်လိုက်ပြီးနောက် ဆက်လက်ပျံသန်းသွားသော လိပ်ပြာ၏ လျစ်လျူရှုသော

http://www.cherrythitsar.org



အကြည့်မျိုး။

“သူ့အမည်က. . . ”

“ဒီပါ. . . ပါတဲ့. . . သခင်မ. . . ”

“သူရေးဆွဲခဲ့တဲ့ ပုံလွှာကော. . . ”

“ကျွန်တော်မျိုးတို့ကို လာခေါ်တဲ့ ဗိုလ်မင်းဆီ အပ်လိုက်ပါတယ် သခင်မ”

“သူတို့ ခန်းမဆောင်ရဲ့ အပြင်ဘက်မှာ ရှိနေကြတယ်၊ ဘိုးမွန်ခေါက် ပုံလွှာတူကို သွားယူပါ. . . ”

“မှန်ပါ. . . သခင်မ”

ဘိုးမွန်ခေါက်သည် ခါးကိုကိုင်းညွှတ်လျက် နောက်သို့ဆုတ်သွားလေသည်။

ခန်းမဆောင်အတွင်း၌ ဧကရီနှင့် မိမိနှစ်ဦးတည်းသာ ရှိနေသည့် အဖြစ်ကို သိလိုက်သောအခါ ဒီပါ၏ရင်တို့ တုန်လှုပ်လာသည်။

“ချို့အီတဲ့ ပန်းပေါင်းရနံ့တွေအလယ်မှာ ငါနဲ့ဧကရီ နှစ်ဦးတည်း. . . ၊ သူဟာ ငါ့ကိုမကြည့်ဘူး၊ ငါရှိနေတယ်လို့များ သူသတိထားမိရဲ့လား၊ သူ့ရှေ့က ငါ့ကို အသိအမှတ်မပြုဘူးလား၊ သူဟာ မိန်းမသားတစ်ဦးပဲ၊ သူက သဠ္ဍာလီ ပေါ်မှာ ထိုင်လို့၊ ငါက သူ့အောက်က ကျောက်သလင်း ကြမ်းပြင်မှာထိုင်လို့၊ ငါ့အောက်မှာက အေးစက်မာကြောတဲ့ ကျောက်သလင်းပြင်၊ သူ့ခြေဖဝါးအောက် မှာတော့ နူးညံ့တဲ့ ကော်ဇော. . . ၊ ဒါဟာ. . . ”

ထွေပြားသော အတွေးများသည် ဒီပါ၏ တစ်စုံတစ်ရာသော မာန်မာန ဆီသို့ ဦးတည်လာပြီးသည်၏ နောက်တွင် ဒီပါသည် ဒူးတုပ်ထားရသော အနေအထားကို ပြင်၍ မတ်တတ်ရပ်ရန် စတင်လိုက်သည်။

သို့သော် ကျို့ကျို့ယုံ့ယုံ့ကွေးညွှတ်ထားသော ဒူးအစုံကို မလှုပ်ရှားရ သေးမီ မှာပင် ဘိုးမွန်ခေါက် ပြန်ရောက်လာသည်။

“ပုံလွှာတူပါ သခင်မ”

“ဟောဟိုမှာ မှီပြီးထားလိုက်ပါ ဘိုးမွန်ခေါက်၊ အဲဒီနေရာမှာ အလင်းရောင် ကောင်းကောင်းရနိုင်တယ်”

ဒီပါရေးဆွဲခဲ့သော ပုံလွှာတူသည် ခန်းဆောင်၏ ထောင့်တစ်နေရာရှိ ခုံမြင့်တွင် ထောင်လျက်သား ဖြစ်သွားသည်။

http://www.cherrythitsar.org



နှင်းဟေမာသည် သဉ္ဇာလီမှထလျက် ပုံလွှာအနီးသို့ လျှောက်သွားသည်။ ညင်သာသော ခြေလှမ်းများ ဒီပါအနီးမှ ဖြတ်သွားသည်။ လှုပ်ရှားမှု၏ အဟုန်ကြောင့် သင်းပျံ့သော ကိုယ်ရနံ့တစ်ခုသည် ပန်းပေါင်းဆီ ရနံ့တို့ကို လွှမ်းမြောက်လျက် ဒီပါအား လှုပ်ခတ်ကျီစယ်သွားသည်။

"ဆေးအနက်မှာ ငါးသည်းခြေ ရောစပ်ထားတယ်နဲ့ တူတယ်၊ ဒါကြောင့် ထူးထူးခြားခြား နက်မှောင်တာပဲ၊ ဆေးအဖြူကလဲ ဝေးကွာတဲ့ အရှေ့ဘက်ဒေသ ဆီက ဆင်ခေါင်းမြေဖြူကို အသုံးပြုတယ်ထင်တယ်၊ စည်းစနစ်အကျဆုံး ဆေးရောင်စပ်မှုကို သခင်မတွေ့နေရတယ်၊ ဗုဒ္ဓရှင်တော်ရဲ့ အဆုံးအမကို အလေးအနက် သက်ဝင်ထားတဲ့ ခမည်းတော်ရဲ့ အဇ္ဈတ္တကို မျက်လုံးတွေထဲမှာ အရအမိ ဖမ်းယူရေးဆွဲထားတယ်၊ ဒီပုံလွှာတူရဲ့ အနှစ်သာရဟာ တကယ်တော့ ဆေးရောင်ရောစပ်မှု မဟုတ်ဘူး၊ အဖြူနဲ့ အနက်ကို နှစ်မျိုးတည်း အသုံးပြုတာလဲမဟုတ်ဘူး၊ ပိရိသေသပ်တဲ့ စုတ်ချက်လဲ မဟုတ်ဘူး၊ ခမည်းတော်ရဲ့ ဝိဉာဉ်ကို မျက်လုံးထဲမှာ အရအမိ ဆွဲယူထားနိုင်ခြင်းပဲ. . ."

လှံတံစူးဝင်သော သားရဲရိုင်းတစ်ကောင်၏ အသံမျိုးဖြင့် ဟစ်အော်ခြင်း မပြုလိုက်မိစေရန် ဒီပါ သတိထားလိုက်ရသည်။

ဘိုးမွန်ခေါက်၏ ကျိုးနွံနှိမ့်ချမှုများကိုလည်း ဒီပါနားလည်လိုက်သည်။ ပါဒဧကရီသည် အနုပညာ နတ်ဒေဝတာ၏ ကိုယ်စား ကိုယ်ပွားပင်လော။

နှင်းဟေမာသည် သဉ္ဇာလီသို့ ပြန်လျှောက်ပြီး ပြန်ထိုင်သည်။

"ဘိုးမွန်ခေါက်၊ ဟိုတစ်ခါ သခင်မရဲ့ ပုံလွှာတူကို ရေးဆွဲခဲ့တဲ့ နိန္ဒ ဆိုသူဟာ ပန်းချီကျော် ရွေးပွဲသဘင်မှာ သခင်မရဲ့ ပုံလွှာတူတစ်ခုကိုပဲ ထပ်ပြီး တင်သွင်းခဲ့တယ်ဆိုတာ ဟုတ်လား. . ."

"ဟုတ်ပါတယ် သခင်မ၊ ဧကရီ-နှစ်လို့ အမည်ပေးထားပါတယ်"

"အဲဒီ ပုံလွှာတူကော. . ."

"အင်း. . . နိန္ဒဟာလဲ တကယ်တော်တဲ့ ပန်းချီကျော်တစ်ဦးပေပဲ၊ ရွေးပွဲသဘင်မှာ တင်သွင်းတဲ့ပုံကို အာကာရဋ္ဌထဲ ပို့လိုက်ပါ၊ ဘာပဲဖြစ်ဖြစ် သခင်မရဲ့ ပုံလွှာတူဟာ အာကာရဋ္ဌထဲမှာပဲ ရှိသင့်တယ်"

"ကောင်းပါပြီ သခင်မ"

နှင်းဟေမာသည် ပခုံးပေါ်မှ ခရမ်းရောင် သင်တိုင်းကို ဖယ်ရှားလိုက်သည်။

http://www.cherrythitsar.org



အစိမ်းရောင် ဝတ်ရုံလွှာအကြားမှ ကောင်းစွာခတ်အပ်သော ရွှေစင်၏ အဆင်းကိုဆောင်သည့် ပခုံးစွန်းနှစ်ဖက်တို့ လှပစွာ ဖူးပွင့်လာ၏။

"နေစမ်းပါဦး ဘိုးမွန်ခေါက်၊ ပန်းချီကျော်ရွေးပွဲမှာ နိန္ဒက သခင်မပုံကို တင်သွင်းပြီး နိန္ဒအမည်က ပြိုင်ဘက်အားလုံးအပေါ်ကိုရောက်လာတော့ တခြား ပြိုင်ပွဲဝင်တွေကလဲ သခင်မပုံလွှာကို အပြိုင်အဆိုင်ရေးကြတယ်ဆို"

"မှန်ပါတယ် သခင်မ"

"သဘင်ခန်းမမှာ သခင်မ ပုံလွှာတူတွေ အများကြီးပဲလား"

"ပြိုင်ပွဲဝင် ပန်းချီကျော် အားလုံးဟာ ဒုတိယအကြိမ် တင်သွင်းတဲ့ ပုံအပြင် သခင်မရဲ့ ပုံလွှာတူကိုပဲ ရေးဆွဲကြပါတော့တယ်၊ သဘင်ခန်းမမှာ သခင်မရဲ့ ပုံလွှာတူတွေချည်း ပြည့်သွားပါတယ်"

"အဲဒါတွေအားလုံး မီးရှို့ပစ်. . . "

ရုတ်ခြည်း တင်းမာပြင်းထန်သွားသော အသံသည် မွန်းတည့်ကာလ တွင် လျှပ်စီးမိုးကြိုးတစ်ခု ဝင်းလျှပ်ဖောက်ခွဲလိုက်သလို ဖြစ်သည်။

ဒီပါသည် ပန်းနုရောင်လျှမ်းလာသော ဇကေရီ၏ မျက်နှာကို ငေးမော နေမိရင်း သန္တာအသွေးမှသည် နှင်းဆီပန်းနုအသွေးသို့ ရုတ်ခြည်းပြောင်းလဲ သွားသည့် အသွင်ကို သတိထားလိုက်မိသည်။

"ပါဒဇကေရီရဲ့ ပုံတူလွှာကို အကန့်အသတ်မဲ့ ရေးဆွဲလို့ရမတဲ့လား၊ သမာဓိအစုဝင် ပန်းချီကျော်ဟောင်းအနေနဲ့ ဘိုးမွန်ခေါက်ရဲ့ အမည်နာမကို အသုံးပြုပြီး သခင်မ အမိန့်တော်အဖြစ် ခုပြန်သွားရင် ထုတ်ပြန်ပါ. . . ၊ ဘယ် အကြောင်းကြောင်းနဲ့မှ သခင်မရဲ့ပုံလွှာတူကို မရေးဆွဲရဘူး၊ ရေးဆွဲခဲ့ရင် ရေးဆွဲသူရဲ့ လက်အစုံကို ဖြတ်တောက်ပစ်ရမယ်. . . ကြားလား ဘိုးမွန်ခေါက်"

"အမိန့်တော်အတိုင်း တည်ပုံ့မယ် သခင်မ"

ထွေပြားနေခဲ့သော ဒီပါ၏ အတွေးများသည် ရုတ်တရက် ရပ်တန့်သွား ပြီးနောက် တစ်စုံတစ်ခုသော စွမ်းအင်သည် သူ့ကို တွန်းထိုးလွှမ်းခြုံသွားသည်။

သူ့ကိုယ်သူ သတိမထားလိုက်မိသေးမီမှာပင် ဒီပါ၏ နှုတ်မှ စကားလုံး တို့ ပွင့်ထွက်သွားလေသည်။

"အဲဒီပုံလွှာတူကို ဇောင်းစလွယ်ကြိုး ဆင်မြန်းထားတဲ့ နန်းသုံးပန်းချီ ကျော်က ရေးဆွဲမယ်ဆိုရင်ကော. . . "

နှင်းဟေမာသည် ဒီပါကို ငုံ့ကြည့်လိုက်သည်။ စိမ်းညို့သော မျက်ဝန်း

http://www.cherrythitsar.org



တို့မှ အခိုးအလျှံများ ဖိတ်အံလာသည်ဟု ထင်ရသည်။

"ပန်းချီကျော် ဒီပါတဲ့လား သင့်အမည်က. . . "

ဒီပါသည် ဆင်မြန်းထားသော ဗောင်းစလွယ်ကြိုးကို တင်းတင်းဆုပ်ကိုင်ရင်း နှင်းဟေမာ၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။

"သခင်မရဲ့ အမိန့်မရသေးဘဲ သင် သခင်မကို စကားပြောတယ်၊ နှုတ်ထွက်စကားကလဲ ပါဒဧကရီရဲ့ နားနဲ့မသင့်တော်တဲ့ စကားဖြစ်တယ်၊ သင်ဟာ ပါဒနိုင်ငံတော်ရဲ့ အတော်ဆုံး ယှဉ်ဘက်မရှိ ပန်းချီကျော် ဟုတ်လား၊ နိန္ဒကို အနိုင်ရရှိတဲ့ နန်းသုံးပန်းချီကျော် ဟုတ်လား. . . "

"သခင်မ. . . ကျွန်တော်မျိုးကြီး. . . "

"ဘိုးမွန်ခေါက်. . . သက်သက်သာသာနေပါ။ နန်းသုံးပန်းချီကျော် ဒီပါ။ ဗောင်းစလွယ်ရွှေကြိုးကို ဆင်ယင်ပိုင်ဆိုင်ထားတဲ့ သင်ကိုယ်တိုင်လဲ ကျွန်ုပ်ရဲ့ အမိန့်မရဘဲ ကျွန်ုပ်ပုံလွှာတူကို ရေးဆွဲခွင့်မရှိဘူး၊ ကျွန်ုပ်အမိန့်ကို ချိုးဖောက်ခဲ့ရင် သင်လဲ သင့်ရဲ့ ကျွမ်းကျင်ထက်မြက်တဲ့ လက်အစုံကို ဆုံးရှုံးရမယ်. . . "

ထူးကဲသော တန်ခိုးအင်အားများ ဖြန့်ကျက်စိုးမိုးလာကြပြီဟု ဒီပါ ခံစားလိုက်ရသည်။

ပခုံးမှ ဗောင်းစလွယ်ကြိုးကို ဖြုတ်ယူလိုက်ပြီး ရှေ့သို့ချလိုက်သည်။

"နန်းသုံးပန်းချီကျော်က သူရဲ့ ဗောင်းစလွယ် ရွှေကြိုးကို ပြန်လည်အပ်နှင်းပါတယ်၊ ပါဒဧကရီရဲ့ အမိန့်တော်က လွတ်ကင်းဖို့ဆိုရင် ဒီပါဟာ သူရဲ့ စုတ်တံများအားလုံး ဆေးခွက်များအားလုံးကို စွန့်ပစ်လိုက်ပါမယ်၊ ဒါပေမယ့်. . . ဒီပါဟာ ပန်းချီရေးသူ မည်ကာမတ္တမဟုတ်၊ အနုပညာရှင်သာဖြစ်တဲ့အတွက် စုတ်တံဆေးခွက်အစား ဂဝံကျောက်တုံး၊ စူးဆောက်နဲ့ တူကို ပြောင်းလဲစွဲကိုင်ပြီး ပါဒဧကရီ ရုပ်ပုံများကို ထုလုပ်မှာ ဖြစ်တဲ့အကြောင်း ပြောပါရစေ. . . "

နှင်းဟေမာ၏ မို့မောက်သော ရင်အုံသည် လှိုင်းတံပိုးနှယ် ဖြစ်လာသည်။

"ပါဒနိုင်ငံတော်အတွင်းက ပန်းချီရေးသူ၊ ကျောက်ဆစ်ထုသူ၊ ပန်းကနုတ်ပြုလုပ်သူ ဘယ်သူမှ ပါဒဧကရီရဲ့ အမိန့်မရဘဲ ပါဒဧကရီရုပ်ပုံကို မရေးဆွဲရဘူး၊ မထုလုပ်ရဘူး၊ ဒါဟာ ပါဒဧကရီရဲ့ အမိန့်. . . "

ထပ်တူထပ်မျှ ပြင်းထန်သောအသံတို့ ဒီပါ၏ နှုတ်မှ ထွက်ပေါ်လာ

http://www.cherrythitsar.org



သည်။

"ဒီပါဟာ ပါဒနိုင်ငံတော်အတွင်းက ထွက်ခွာသွားပါမယ်. . . "

နှင်းဟေမာသည် ဖားရိုးရှိနေသည့်အလား လက်အစုံကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီးနောက် ရုတ်တရက် ပြောင်းလဲသွားသည်။ ဟက်ဟက်ပက်ပက် ရယ်မောသည်။

"ပန်းချီကျော်၊ သင် ပါဒနိုင်ငံတော်ကနေ ထွက်သွားမယ်ဆိုတာက သခင်မရဲ့ အမိန့်တော်က လွတ်ကင်းနိုင်အောင်လို့ပေါ့ ဟုတ်လား၊ သခင်မရဲ့ အမိန့်တော်ကို မဖီဆန်ဘဲ မနေနိုင်လို့လား. . . "

"အနုပညာရှင်ဟာ အနုပညာ နှလုံးသားအပေါ် ဖိနှိပ်ကန့်သတ်မှု မှန်သမျှကို မဖီဆန်ဘဲ မနေနိုင်ပါဘူး. . . "

"သင် သခင်မရဲ့ ပုံလွှာကို ရေးချင်သလား ပန်းချီကျော်"

"အမိန့်တော်နဲ့ ခိုင်းစေရင် ငြင်းဆန်ပြီး အမိန့်တော်နဲ့ တားမြစ်ရင် ရေးဆွဲပါလိမ့်မယ်"

နှင်းဟေမာသည် ခရမ်းရောင် သင်တိုင်းကို ပခုံးထက်သို့ ပြန်တင်လိုက်သည်။ အစိမ်းရောင် ကော်ဇောပေါ်မှ ခြေအစုံကို သဠာလီပေါ်သို့ ခြေတင်လိုက်သည်။

"ပန်းချီကျော်၊ သင် ပါဒနိုင်ငံတော်အတွင်းက ထွက်ခွာသွားစရာ မလိုပါဘူး. . . "

နှင်းဟေမာ၏ အသံသည် တင်းမာသောအသံ မဟုတ်တော့။ သို့သော် ပြေပြစ်နူးညံ့သည့် အသံလည်းမဟုတ်။

"ဒါပေမယ့် သင့်ကို အပြစ်ပေးရလိမ့်မယ်၊ ဒါဟာ ပါဒနန်းတော်အတွင်း ပင်တိုင်စံနန်းဆောင်ထဲကို ရောက်ရှိနေချိန်မှာ ရာဇဝံသ ထုံးတမ်းအရ၊ ပါဒ ဧကရီရဲ့ ခွင့်ပြုချက်မရဘဲ ပါဒဧကရီကို စကားစတင်ပြောခဲ့လို့၊ ဒီစကားဟာလဲ တင်းမာပြင်းထန်တဲ့ စကားဖြစ်လို့ ပေးတဲ့အပြစ်ဖြစ်တယ်၊ သင်ပြောတဲ့ အနုပညာ နှလုံးကို ဖိနှပ်ကန့်သတ်တဲ့ အပြစ်ဒဏ် မဟုတ်ဘူး၊ သင် နားလည်ရဲ့လား. . . "

ဧကရီ၏ စကားအဓိပ္ပာယ်သည် နည်းလမ်းတကျ ဖြစ်သည်ဟု ဒီပါ သဘောပေါက်မိသည်။ ထို့ပြင် အနုပညာနှလုံးသားကို ဖိနှိပ်ကန့်သတ်ခြင်း မဟုတ်ဟူသော စကားကို ဒီပါ နှစ်ခြိုက်မိသည်။ ထို့ပြင် အလှတရား၌

http://www.cherrythitsar.org


စွမ်းအားကြီးလန်းသော ဧကရီနှင့် စကားယှဉ်ပြိုင် ပြောဆိုနေရခြင်းကိုလည်း ကုန်ဆုံးသွားစေချင်သည်။

"နားလည်ပါတယ်"

"ကောင်းပြီ၊ အပြစ်ဒဏ်ကို သင်ခံနိုင်ပါလိမ့်မယ်၊ နန်းစောရှင်ဟာ နက်ဖန် မှာပဲ သီလဝါကျွန်းကို ပြန်သွားလိမ့်မယ်၊ နန်းသုံးပန်းချီကျော်အနေနဲ့ သူ့ရဲ့ ကျိုက်ခေါင်ဘုရားအတွက် သင်လဲ လိုက်ပါသွားဖို့ဖြစ်တယ်၊ ဒါပေမယ့် သင် လိုက်ပါမသွားရဘူး၊ ပါဒနန်းတော်ထဲမှာပဲ နေရမယ်၊ သခင်မရဲ့ ပုံလွှာတူကို အမြန်ဆုံးရေးရမယ်၊ အဲဒီပုံလွှာတူကို အာကာရဋ္ဌမှာ ချိတ်ဆွဲထားရမယ်၊ နတ်ရွာစံ ခမည်းတော်ရဲ့ ဝိညာဉ်ကို မျက်လုံးအစုံမှာ ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲနိုင်တဲ့ သင့်ရဲ့ အနုပညာဟာ သခင်မရဲ့ ဝိညာဉ်ကို ဘယ်လို ပေါ်လွင်အောင် ရေးဆွဲနိုင်မလဲဆိုတာ ကြည့်ရမယ်၊ ဘယ့်နှယ်လဲ ပန်းချီကျော်"

"တစ်ခုမေးခွင့်ပြုပါ. . . "

"သင်. . . ကျွန်ုပ်ကို သခင်မလို့ဘဲ သုံးနှုန်းပါ. . . "

ဒီပါ၏ နှုတ်မှ စကားလုံးတို့ တုန့်ဆိုင်းသွားပြန်သည်။

ဒီပါ၏ ရင်ထဲ၌ နှင်းဟေမာကို "ဧကရီ"ဟုသာ ခေါ်ဝေါ်သုံးနှုန်းခဲ့ သည်။

'ဧကရီ'ဟူသော အသုံးအနှုန်းသည်သာ ဒီပါနှင့် ရင်းနှီးကျွမ်းဝင်နေ သည်။ ပါဒနိုင်ငံတော် ဘုရင်မင်းမြတ် ပင်တိုင်စံ သမီးတော်ကို သခင်မဟု ခေါ်ဝေါ်သုံးနှုန်းရန်မှာ လျောက်ပတ်သော အသုံးအနှုန်း ဖြစ်သည်။ သို့သော် ဖြစ်နိုင်ပါက 'ဧကရီ'ဟုပင် ဒီပါ သုံးနှုန်းချင်သည်။

သို့သော်. . .

သူသည် မိန်းမသားပါ တကား-ဟု ဒီပါ တွေးမိပြန်သည်။ မိန်းမသား ၏ ဆန္ဒကိုဖြည့်စွမ်းခြင်းသည်. . . ။

"ကောင်းပါပြီ သခင်မကို တစ်ခုမေးပါရစေ၊ သခင်မရဲ့ အပြစ်ဒဏ်ကို ခံယူဖို့အသင့်ပါပဲ၊ ဒါပေမယ့် သခင်မရဲ့ ပုံလွှာတူကို ရေးဆွဲဖို့ဆိုရာမှာ သခင်မ ရဲ့ အမိန့်တော်အရလား၊ ဒါမှမဟုတ် သခင်မရဲ့ ဝိညာဉ်ကို ဘယ်လိုပေါ်လွင် အောင် ရေးဆွဲနိုင်မလဲဆိုတာ ကြည့်ရမယ်ဆိုတဲ့ စကားအရ သခင်မဟာ ပန်းချီကျော်ရဲ့ အနုပညာကို စစ်မြေပြင်တလင်းမှာ စစ်ကြေညာသလို ကြေညာ

http://www.cherrythitsar.org



လိုက်တာပါလား. . . ”

နှင်းဟေမာသည် နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။

“ပန်းချီကျော်ရဲ့ အနုပညာကို စစ်ကြေညာလိုက်တာပဲ ဆိုရင်ကော”

“စစ်ကြေညာချက်ကို လက်ခံလိုက်ပါပြီ သခင်မ”

နှင်းဟေမာသည် ပို၍နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ ဘိုးမွန်ခေါက်သည် မုန်တိုင်းစဲစ ပင်လယ်ပြင်၏ အလှကို တွေ့လိုက်ရသည်။

“ဒီပါ သင့်ရဲ့ ဗောင်းစလွယ် ရွှေကြိုးကို ပခုံးမှာ ပြန်ဆင်ပါ. . . ”

“ဝိဟာရက ပန်းချီကျော်ရဲ့ အခန်းထဲမှာ ဒီလောက်ကြီးမား အဖိုးတန်လှတဲ့ ဗောင်းစလွယ်ရွှေကြိုး ထားစရာနေရာ မရှိပါဘူး သခင်မ၊ ဒီရွှေကြိုးစလွယ်ကို အာကာရဋ္ဌ ခန်းမထဲမှာပဲ ချိတ်ဆွဲထားခွင့်ပြုပါ. . . ”

“ကောင်းပြီလေ၊ သို့သော် ရွှေကြိုးကို ဘယ်နေရာမှာထားထား၊ သင်ဟာ နန်းသုံးပန်းချီကျော် ဖြစ်တယ်ဆိုတာကတော့ သင်သွားလေရာမှာ လိုက်ပါနေမှာပဲ”

“ကောင်းပါပြီ. . . သခင်မ”

“သွားနိုင်ကြပြီ. . . ”

နှင်းဟေမာသည် မည်သူ့ကိုမှ မကြည့်တော့ဘဲ နန်းဆောင်တွင်းသို့ ဝင်သွားလေသည်။

ပင်တိုင်နန်းဆောင်၏ မုခ်ဝအပြင်ဘက်သို့ရောက်သောအခါတွင် ဆန်းစလပင် အရှေ့အရပ်၌ တွဲခိုနေပြီ ဖြစ်သည်။

ဘိုးမွန်ခေါက်သည် ရွှေ့မှုလမ်းပြပို့ဆောင်သော ပင်တိုင်နန်းစောင့် တပ်မှူးမကြားအောင် လေသံဖြင့် ပြောနေသည်။

“ကျုပ်တစ်သက်မှာ သခင်မရှေ့ ဒီလောက်ကြာကြာ တစ်ခါမှမနေဖူးဘူး၊ သခင်မ ဒီလောက်စကားတွေ ပြောတာလဲ မကြားဖူးဘူး၊ သခင်မလို သခင်မတစ်ယောက်ကို ဒီလောက်ထိ စကားတွေ တင်းတင်းမာမာပြောခဲ့တဲ့ မောင့်လိုလူမျိုးလဲ မတွေ့ဖူးဘူး၊ နန်းဆောင်ထဲမှာ ထိုင်စဉ်က ကျုပ်တို့ကိုယ်မှာ ဦးခေါင်းနဲ့တွဲရက် အပြင်ပြန်ထွက်နိုင်ပါဦးမလားလို့လဲ စိုးရိမ်မိခဲ့တယ်၊ ဒီပါ . . . သင်ဟာ အနုပညာနဲ့ ရူးသွပ်နေသူများလား. . . ”

ဘိုးမွန်ခေါက်ကို ဒီပါပြန်မပြောမိ။

‘ကေရီ’နှင့် ခွန်းတုံ့စကားများ ပြောခဲ့ခြင်းကိုလည်း မစဉ်းစားမိ၊ စိမ်းညို့သော ဝတ်လွှာရုံ ခရမ်းရောင်သင်တိုင်းနှင့် ဝါရွှေသော ပခုံးစွန်းတို့ကို စက္ခုဟဒယ

http://www.cherrythitsar.org



နှလုံးအိမ်တွင် ဆင်ခြင်သုံးသပ်နေမိသည်။ ထို့နောက် ဇကေရီ၏ တည်ငြိမ်သော မျက်နှာ၊ ဇကေရီ၏ ပြုံးရယ်နေသော မျက်နှာ၊ ထိုမျက်နှာပေါ်မှ အလှတရား။

* * *

သမိန်စက္ကဝတ်၏ လေးနက်သော မျက်နှာ၊ သမိန်စက္ကဝတ်၏ ဒေါသထွက်နေသော မျက်နှာ၊ သမိန်စက္ကဝတ်၏ ရက်စက်သော မျက်နှာ၊ ထိုမျက်နှာပေါ်မှ ခက်ထန်ခြင်း. . . ။

နိန္ဒသည် သမိန်စက္ကဝတ်ကို မျက်တောင်မခတ် ကြည့်နေမိသည်။

သတ္တမနေ့လေးတော်ကို ကိုင်စွဲထားသည့် ရုပ်တုကြီးအနီးတွင် သမိန်စက္ကဝတ်ရပ်နေသည်။ ချုပ်ညရီ၏ နေခြည်တို့သည် ရုပ်တုသမိန်စက္ကဝတ်နှင့် လူသားသမိန်စက္ကဝတ်တို့အပေါ်သို့ ကြေးနီရောင် ပက်သွန်းနေသဖြင့် "သမိန်စက္ကဝတ်တို့သည်"နီမြန်းနေကြလေသည်။

ရုပ်တုသည် သူ့အရွယ်ထက် သုံးဆမျှပို၍ကြီးသည်။ နိန္ဒ ရေးဆွဲပေးသော ပုံဟန်အတိုင်း ထုလုပ်ထားသည်ဖြစ်၍ ကြွားရွားဝင့်ထည်သည်။

ကြီးမားသော သမိန်စက္ကဝတ်က မလှုပ်မခြောက် ငြိမ်နေခဲ့ပြီး သေးငယ်သော သမိန်စက္ကဝတ်က လှုပ်ရှားလာလေသည်။

"ကျိုက်ခနေဂ်ဘုရားပြီးပြီ၊ ဌာပနာတိုက်ထဲမှာလဲ ရန်သူ့ဆီက ရလိုက်တဲ့ စစ်လက်နက် ချပ်ဝပ်တန်ဆာတွေကို ထည့်သွင်းပြီးပြီ၊ မုခ်တံတိုင်းလဲ ပြီးသွားပြီ၊ ဒါပေမယ့် မုခ်တံတိုင်းနဲ့ မုခ်ဝအဝင်မှာ ကျွန်ုပ်လိုချင်တဲ့ ရုပ်ပုံရုပ်တုတွေ တစ်ခုမှ မလုပ်ခဲ့ရဘူး၊ ဒါဟာ အစ်မတော်နဲ့ ဟိုနန်းရင်းဝန်ကြီးတို့၊ ဗိုလ်မင်းပြတ်ဇတို့ ပူးပေါင်းကြံစည်လိုက်တဲ့ အကြံအစည်ပဲ. . . "

ကျိုက်ခနေဂ်ဘုရား၏ ထီးတော်သည် သီလဝါကျွန်း၏ မိုးကောင်းကင်ဆီသို့ ချွန်မြတည့်မတ်စွာ ဦးတည်ထိုးတက်နေသည်။ အလုံးစုံပြီးစီးခဲ့ပြီ ဖြစ်သော်လည်း သမိန်စက္ကဝတ် ရည်ရွယ်ခဲ့သကဲ့သို့ မုခ်တံတိုင်းနှင့် မုခ်ဝတွင် စစ်ပွဲသရုပ်ဖော်ပုံများ မပါရှိခဲ့။

လုပ်ရိုးလုပ်စဉ်အတိုင်း မုခ်တံတိုင်း နံရံတွင် ဗုဒ္ဓဝင် ဖြစ်စဉ် နိပါတ်မှ သရုပ်ပုံများ၊ မုခ်ဝတွင် ခြသေ့ံပုံများကိုသာ ရေးဆွဲထုလုပ်ထားရမည် ဖြစ်သည်။

ဘုရားဖူးလာကြမည့် ပါဒနိုင်ငံတော်သားများသည် မုခ်ဝရှိ 'သမိန်စက္ကဝတ်ရုပ်တု'၏ ကားရရားရပ်နေသော ခြေထောက်အကြားမှ ငုံ့လျှိုးဝင်ထွက်ပြီးမှသာ ကျိုက်ခနေဂ်ဘုရားအတွင်း ရောက်ရှိစေမည်ဟူသော အကြံအစည်လည်း

http://www.cherrythitsar.org



ပျက်ပြယ်သွားခဲ့ပြီ။

"အကျွန်ုပ်ရဲ့ အကြံအစည်ကို ဖျက်ဆီးချင်တာနဲ့ ပန်းချီကျော် ရွှေးပွဲသဘင်ကို သူတို့က ကျင်းပခိုင်းတယ်၊ ရာဇဝံသအရ ကျွန်ုပ် ဒါကို မငြင်းနိုင်ဘူး ဆိုတာလဲ သူတို့က သိထားပြီးသား မဟုတ်လား၊ ကျွန်ုပ်ရဲ့ အစီအစဥ်ကို ဒီလို ညင်ညင်သာသာနည်းနဲ့ ဖျက်ဆီးတဲ့ကိစ္စဟာ အစ်မတော် နှင်းဟေမာ ဉာဏ် . . ."

"သခင်မတစ်ဦးတည်း မဟုတ်ပါဘူး၊ ဘုရင်မင်းမြတ်. . ."

"အင်း. . . အစ်မတော်နဲ့တကွ နန်းရင်းဝန်ကြီးနဲ့ ဗိုလ်မင်းပြတ်ဇ တို့လဲ ပါတယ်လေ"

"မကသေးပါဘူး. . . မင်းတရား. . ."

"မင်းတရား"ဟူသော အသုံးအနှုန်းကြောင့် သမိန်စက္ကဝတ်သည် နိန္ဒ ကို အထူးအဆန်းသဖွယ် ငုံ့ကြည့်လိုက်သည်။ "မင်းတရား"ဟု အခေါ်ခံရခြင်း အတွက် မလုံမလဲဖြစ်နေသည့်အကြားမှ ကျေနပ်နေမိသည်။

"ဘယ်သူရှိသေးလို့လဲ နိန္ဒ"

"နတ်ရွာစံ ရာဇာစောနောင် ဘုရင်ကြီးပုံ၊ အနိဋ္ဌာရုံပုံကို ရေးဆွဲသွားတဲ့ သူ. . ."

"ဩ. . . ဩ. . . ပန်းချီကျော်ဘွဲ့ ရသွားသူလား. . .၊ ဒီပါလား. . ."

"ဟုတ်ပါတယ် မင်းတရား၊ ပန်းချီကျော်ဘွဲ့ရသူအနေနဲ့ မင်းတရားနဲ့ အတူ သီလဝါကျွန်းကို လိုက်မလာဘဲ ပါဒနေပြည်တော်မှာပဲ နေရစ်ခဲ့တာဟာ ထင်ရှားပါတယ်. . .၊ မင်းတရားရဲ့ ကျိုက်ခနုဂ်ဘုရား အကြံအစည်တွေကို အကူအညီမပေးချင်တဲ့ သဘောပါ. . ."

"အင်း. . . နိန္ဒ၊ သင်ပြောမှပဲ ကျွန်ုပ် သတိရလာတော့တယ်၊ ဒီပါ ဆိုတဲ့ လူဟာ သဘင်ရွှေးပွဲညမှာပဲ ပျောက်သွားတယ်၊ တစ်နေရာရာသွားပြီး ပုန်းရှောင်နေတာ ဖြစ်ရမယ်၊ ဒါဟာ ကျွန်ုပ်နဲ့အတူ သီလဝါကျွန်းကို မလိုက်ချင် လို့ သမိန်စက္ကဝတ်ရဲ့ လုပ်ငန်းကို မကူညီချင်လို့၊ အင်း. . . ပါဒဘုရင် ဘုရား တည်တဲ့ကိစ္စကို မထေမဲ့မြင် ပြုတာပဲ"

"ဒါဟာ ရာဇဝတ် မင်းပြစ်သင့်တဲ့ အဖြစ်လို့တောင် ဆိုနိုင်ပါလိမ့်မယ် မင်းတရား. . ."

"မှန်တယ် နိန္ဒ"

http://www.cherrythitsar.org



သမိန်စက္ကဝတ်သည် 'သမိန်စက္ကဝတ်'၏ ကားရရား ခြေထောက် တစ်ဖက်ကို မှီလိုက်သည်။ ဒေါသအခိုးအလျှံများသည် မိုးဥတုအလယ်မှ မှော်ဝန်းမြစ်ရေပြင်ကဲ့သို့ တလိပ်လိပ် တက်လာနေသည်။

"နေစမ်းပါဦး နိန္ဒ၊ သဘင်ရွေးပွဲမှာ သင် တင်သွင်းတဲ့ အစ်မတော် ဘုရားရဲ့ ပုံလွှာတူကို အားလုံးက ချီးကျူးကြတယ် မဟုတ်လား၊ ရွေးပွဲ ဒုတိယ နေ့အထိ သင်ဟာ တခြား ပန်းချီကျော်တွေအားလုံး လက်ထဲမှာ ရှိနေခဲ့တာ မဟုတ်လား. . .။ ဗောင်းစလွယ်ရွှေကြိုးက ဘာကြောင့် သင့်ပခုံးပေါ် ရောက် မလာဘဲ ဟိုလူ့ဆီရောက်သွားရတာလဲ"

နိန္ဒသည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

"မင်းတရား. . . ဒီကိစ္စမှာလဲ ဘိုးမွန်ခေါက်တို့ သမာဓိအစုဟာ ကျွန်တော်မျိုးဆီ ရောက်လာတော့မယ့် ဗောင်းစလွယ်ရွှေကြိုးကို တမင်ဖယ်ရှား ပြီး သူတို့စီမံရာ နာခံရမယ့် ဒီပါဆီကို ပို့လိုက်တာပဲ ဖြစ်ရမယ်လို့ ထင်ပါ တယ်၊ ကျွန်တော်မျိုးက မင်းတရားရဲ့ အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းမယ့် သူဆိုတာ သူတို့သိလေတော့. . . "

နိန္ဒသည် စကားကိုဖြတ်လျက် သမိန်စက္ကဝတ်၏ မျက်နှာရိပ်ကို အကဲခတ်လိုက်လေသည်။ တစူးတစိုက် နားထောင်နေသော သမိန်စက္ကဝတ်၏ တက်ကြွသည့် မျက်နှာထားကို မြင်ရမှ စကားကို ဆက်လိုက်လေသည်။

". . . မင်းတရားရဲ့ အကြံအစည်ကို ပျက်ပြယ်အောင် ကျွန်တော်မျိုး ကိုပါ ဖယ်ရှားလိုက်တာပါပဲ၊ သူတို့ ရွေးချယ်လိုက်တဲ့ ဒီပါဟာ မင်းတရားနဲ့ အတူ သီလဝါကျွန်းကို လိုက်မလာခြင်းကိုက ထင်ရှားနေပါတယ်. . . "

သမိန်စက္ကဝတ်၏ ခက်ထန်သော မျက်နှာပြင်မှ သိသိသာသာ နီရဲလာ နေပေပြီ။

"ဒင်း. . . ဒင်းတို့အားလုံး၊ ပါဒနေပြည်တော်က လူတွေအားလုံးဟာ ကျွန်ုပ်ကို မထေမဲ့မြင် ဆန့်ကျင်နေကြပြီ"

"ဘုန်းတော်ကြောင့် ပါဒနေပြည်တော်က လူတွေအားလုံး မဟုတ်ပါ မင်းတရား၊ ထိပ်ထားသခင်မရယ်၊ နန်းရင်းဝန်ကြီးရယ်၊ သမိန်ဖြတ်ဇရယ်၊ ဘိုးမွန်ခေါက်နဲ့ သမာဓိအစုရှင်တွေရယ်၊ ပြီးတော့. . . ပန်းချီကျော်ဘွဲ့ရတဲ့ ဒီပါရယ်၊ ဒီလောက် ပါပဲ မင်းတရား. . . "

"လက်တစ်ဆုပ်စာ ဟုတ်လား၊ အဲဒီ လက်တစ်ဆုပ်စာကို ကျွန်ုပ်

http://www.cherrythitsar.org



လက်ထဲထည့်ပြီး ချေပစ်မယ်၊ ထောင်သွင်းအကျဉ်းချထားပစ်မယ်"

"ဒီလောက်ထိ အပြစ်ပေးစရာမလိုသေးဘူးလို့ ကျွန်တော်မျိုး ထင်ပါတယ် မင်းတရား၊ သူတို့က မိုက်မဲတဲ့ နားမလည်မှုနဲ့ ဒီလိုလုပ်ကြတာ ဖြစ်ပါလိမ့်မယ်၊ မင်းတရားရဲ့ ဘုန်းလက်ရုံးကို သူတို့ တကယ့် တကယ်တော့ မပယ်ရှားနိုင်ကြပါဘူး. . ."

နိန္ဒ၏ စကားသည် ပြာဖုံးနေသော မီးကျီးခဲကို လေသုတ်ဖြူးလိုက်သည်သို့ သမိန်စဏ္ဍဝတ်အပေါ် အကျိုးသက်ရောက်သွားလေသည်။

"ဘာ မိုက်မဲတဲ့ နားမလည်မှုလဲ၊ ဒင်းတို့ဟာ ကျွန်ုပ်သွားမယ့် လမ်းခရီးကို ကန့်လန့်ဖြတ်မယ့် သူတွေချည်းပဲ၊ အစ်မတော် နှင်းဟေမာအကြောင်း သင်ဘာသိလို့လဲ၊ ဟောဒီ သီလဝါကျွန်းရဲ့ ဥတ္တရတပ်မဘက် သစ်တောထဲက တောကြီးပျားထက် ပိုပြီး အဆိပ်ပြင်းတဲ့ မိန်းမမျိုး. . ."

"ဒီတစ်ခါ ခွင့်လွှတ်လိုက်ရင် သူတို့အလိုလို မင်းတရားရဲ့ ဖဝါးတော်ခြေအောက် ရောက်လာပါလိမ့်မယ် မင်းတရား"

"ဘာ. . . ခွင့်လွှတ်ရမှာလဲ ဒင်းတို့အားလုံးဟာ ကျွန်ုပ်ရဲ့ ရန်သူတွေ"

ခက်ထန် ပေါက်ကွဲမှုများကြောင့် သမိန်စဏ္ဍဝတ်သည် အတောင်သုံးဆယ်မြင့်သော သမိန်စဏ္ဍဝတ် ရုပ်တုထက် ပို၍မြင့်မားကြီးထွားလာသည်ဟု နိန္ဒ ထင်လိုက်မိသည်။ သမိန်စဏ္ဍဝတ်သည် စိတ်လှုပ်ရှားခြင်းများဖြင့် ရုပ်တု၏ ခြေနှစ်ဖက်အကြားတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"ပန်းချီကျော်ဘွဲ့ရ ဒီပါဆိုသူဟာလဲ စင်စစ်တော့ အေးအေးဆေးဆေး နေတတ်တဲ့ လူရိုးတစ်ယောက် ဖြစ်ဟန်တူပါတယ် မင်းတရား၊ သူ့ရဲ့ အနုပညာဟာလဲ အံ့မခန်း အစွမ်းထက်. . ."

"နိန္ဒ၊ ပန်းချီကျော်ဘွဲ့ကို သင့်လက်တွင်းကနေ မတရားလုယူသွားတဲ့ သင့်ပြိုင်ဘက်ကိုတောင်မှ သင်ချီးကျူးနိုင်အားပေတယ်၊ သင်ဟာ စိတ်သဘောထားကြီးသူဖြစ်ပေတယ်၊ ဒီမှာ ကျွန်ုပ်ကတော့ သင့်လိုစိတ်သဘောထား မကြီးနိုင်ဘူး၊ ကျွန်ုပ်သွားမယ့် ခရီးမှာ ဟောဒီလို ရှေ့က ကန့်လန့်ဖြတ်လာတဲ့လူ၊ ဘယ်သူ့ကိုမဆို ကျွန်ုပ်ရဲ့ ရန်သူပဲ၊ ဟောဒီလို ကျွန်ုပ်က တွန်းဖယ်တိုက်ခိုက်ပစ်ရမှာပဲ. . . နားလည်လား. . ."

နိန္ဒ ခေါင်းကိုညွတ်လိုက်သည်။ သမိန်စဏ္ဍဝတ် မမြင်နိုင်အောင် ငုံ့ထားသော မျက်နှာကား မသိမသာ ပြုံးနေလေသည်။

http://www.cherrythitsar.org



"ဒီမယ် နိန္ဒ၊ ကျွန်ုပ် သင့်ကိုကော ယုံစားနိုင်မလား. . . "

"မင်းတရား အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းဖို့ ကျွန်တော်မျိုး သံန္နိဋ္ဌာန် ချထားခဲ့တာ ကြာပါပြီ. . . မင်းတရား"

"ကောင်းပြီ၊ ဒါပေမယ့် သင် သစ္စာရေသောက်ရမယ်၊ ဟော့ အကြပ်မှူး တစ်ယောက်လာစမ်း၊ သီလဝါကျွန်းရဲ့ အရပ်လေးမျက်နှာတပ်မက တပ်မင်းနဲ့ အကြပ်မှူးတွေ အားလုံး အခုချက်ခြင်း ကျိုက်ခနုဂ်စေတီ ရင်ပြင်ကိုလာဖို့ ဆင့်စမ်း. . . နိန္ဒ. . . လာ. . . အားလုံးကို ကျွန်ုပ် သစ္စာရေတိုက်ရမယ်. . . "

သမိန်စက္ကဝတ် ရုပ်တုသည် မော်ဝန်းမြစ်ပြင်မှလွန်၍ အဘယ်ဆီမှန်း မသိသော အရပ်ဒေသသို့ မြားဖြင့်ချိန်ရွယ်ရင်း အထီးတည်းကျန်ရစ်ခဲ့လေ သည်။

ပါဒနေပြည်တော်၏ နန်းတော်မုခ်လေးမုခ်၊ ဈေးရုံတော်၊မော်ဝန်းမြစ် ရှိ ဆိပ်ကမ်းအသီးသီး. . . နေရာတိုင်း၏ 'ကျောက်ထီး'များ၊ နေပြည်တော် ဝန်းကျင်ပတ်လည်ရှိ နှစ်ဆယ့်တစ်ဆူသော စေတီဋ္ဌာပနာတိုက်များ၏ ကျောက်ထီးများတွင် ချိတ်ဆွဲထားသော သားရေချပ်များကို အနှံ့အပြား တွေ့နေကြရသည်။ ပါဒနိုင်ငံတော်သားများသည် ကျောက်ထီးတွင် ခပ်မြင်မြင့် ချိတ်ဆွဲထားသော သားရေချပ်ပေါ်မှ ကြက်သွေးရောင် ကမ္ဗည်းအက္ခရာများကို အလုအယက် ဖတ်နေကြလေသည်။

**"ပါဒနိုင်ငံတော်သားတို့. . .**

**ဘုန်းတော်ကြီးသော တိဿဘောဂ မင်းတြားကြီး ဦးမွန်မဆွ တည်ထောင်ခဲ့ပေသော၊ ဘုန်းတော်ကြီးသော ပါဒဘုရင်မင်းမြတ်တို့ အစဉ် အဆက်စိုးစံခဲ့ပေသော၊ ကြွယ်ဝသာယာလာခဲ့ပေသော၊ ဗုဒ္ဓသာသနာတော် မြတ် စည်ပင်ကြီးထွားခဲ့ပေသော သင်တို့၏ ပါဒနိုင်ငံတော်အား မိစ္ဆာဒိဋ္ဌိ ဖြစ်သည့် ဇင်းမယ်သား ရန်သူများက ထိပါးနှောက်ယှက်ရန် ပြင်ဆင်နေကြ ချေပြီ။**

**သင်သည်. . .**

**ပါဒနိုင်ငံတော်သားဖြစ်အံ့၊**

**ယောကျ်ားစင်စစ်ဖြစ်အံ့၊**

**သာသနာတော်ကို ကာကွယ်စောင့်ရှောက်လိုသူဖြစ်အံ့။**

**ပါဒနိုင်ငံတော်၏ ခေါဘဏီ တပ်တော်တွင် အလျင်အမြန် အမှုတော်**

http://www.cherrythitsar.org



**ထမ်းခြင်းဖြင့် နိုင်ငံတော်၏ စစ်သည်ကောင်းအဖြစ်ကို ခံယူကုန်လော့. . . ”**

“ဇင်းမယ်က ရန်သူတွေ. . . တဲ့”

“ဟိုတစ်ခါက သီလဝါကျွန်းကို လာတိုက်တဲ့ မဇ္ဈိမက အသားမည်းနက်သူတွေနဲ့ တူတယ်”

“ဟလူရ၊ မဇ္ဈိမကဆိုရင် မဇ္ဈိမလို့ရေးမှာပေါ့၊ အခုဟာက ဇင်းမယ်ကပါလို့ဆိုနေမှ. . . ”

“ဘာကြောင့်များ ပါဒနိုင်ငံတော်ကို လာတိုက်ရတာပါလိမ့်. . . ”

“ဟေ့. . . မဇ္ဈိမကပဲဖြစ်ဖြစ်. . . ဇင်းမယ်ကပဲဖြစ်ဖြစ်. . . ရန်သူဟာ ရန်သူပေါ့၊ ရန်သူလာရင် တိုက်ကြရုံပဲ. . . ”

“တိုက်တာတော့ ဟုတ်ပါပြီလေ. . .၊ ကျုပ်တို့မှ သေနင်္ဂမကျွမ်းဘဲ ဟာကိုး. . . ”

“ဟလူ. . . ဗိုလ်မင်းများက သင်ပေးမှာပေါ့”

“ဒုက္ခပဲ. . . ကျုပ်အဖနဲ့အမိ ရည်စူးပြီး ဇေယျာဒီပတောင်ကုန်းဘေးမှာ စေတီငယ်လေးတစ်ဆူ တည်နေတာဗျ”

“ကျွန်မမှ ဒုက္ခအစစ်ရှင့်၊ ကျွန်မ အမွန်းက မှော်ဝန်းမြစ် အကြေဖက်ဆီ ကုန်စည်လှေနဲ့ ကုန်ရောင်းထွက်နေတာ. . . ”

“ကျုပ်သားလဲ သီလဝါကျွန်း ရောက်နေတယ်”

“ဟေ့. . . ဟေ့. . . ဘာပဲဖြစ်ဖြစ် တို့များတော့ တပ်တော်ထဲဝင် အမှုထမ်းမယ်. . . ”

“စစ်ဆိုတာ သူ့အသက်သတ်ရတဲ့ အမှုကိစ္စမို့လား၊ ကျုပ်တပ်တော်ထဲဝင်ပြီး အမှုတော်ထမ်းချင်ပါတယ်၊ ဒါပေမယ့် ကံငါးပါးကို လျှုပြီးတော့ ခက်တယ်ဗျာ”

“ဒီမှာ ထိပ်ထားသခင်မသာ ဦးဆောင်. . .၊ ကျုပ်တို့လဲ ဓားဆွဲပြီး လိုက်မယ့် အကောင်. . . ”

ကြက်သွေးအနီ အက္ခရာများပါရှိသော သားရေချပ်ရှေ့ ကျောက်ထီးများအောက်မှ ပါဒနိုင်ငံသားအားလုံးမှာ ပဒူအုံကို မီးသင်းလိုက်သည့်နှယ် ဖြစ်သွားသည်။

*　　　*　　　*

http://www.cherrythitsar.org



"အရှင်ဓမ္မညာဏ"

"ဘုရား. . ."

"ကျောက်ထီးတွေမှာ ချိတ်ဆွဲထားတဲ့ သားရေချပ်တွေ အကြောင်း အရှင်ဘုရားသိပြီးပလား. . ."

ရှင်ဗုဒ္ဓညာဏသည် ရှင်ဓမ္မညာဏကို မကြည့်ဘဲ ရွှေတူရူဆီတွင် မျက်လွှာချရင်း မေးလိုက်သည်။ ဝါတော်အရ အတူတူဖြစ်သော်လည်း သက်တော်အရ ပို၍ငယ်သော ရှင်ဓမ္မညာဏက တရိုတသေပြောသည်။

"တပည့်တော် သိပြီးပါပြီ ဘုရား"

"ဇင်းမယ်က ရန်သူတွေဟာ တကယ်ပဲ ပါဒရဲ့ သာသနာတော်ကို ခြိမ်းခြောက်နေပြီလား အရှင်ဘုရား. . ."

"မော်ဝန်းမြစ် အကြေဒေသဆီကို ဦးတည်လာနေကြပြီလို့ ပြောကြပါတယ် ဘုရား. . ."

"အင်း. . . နေပြည်တော်မှာ စစ်ငွေ့တွေသမ်းနေပြီလား"

"တပ်မင်းကြီး သမိန်ပြတ်ဇဟာ နေ့ညမရှောင် စီမံခန့်ခွဲနေရပါတယ် ဘုရား. . ."

"အရှင်ဓမ္မညာဏ"

"ဘုရား. . ."

"ဝိဟာရရဲ့ ကျောင်းဆောင်တော်မှာ အချိန်များများနေပါ။ သတ္တဝါတွေ ချမ်းသာစေဖို့ မေတ္တာဘာဝနာကိုများများ အားထုတ်ပါ အရှင်ဘုရား. . ."

"တပည့်တော် ခါတိုင်းထက် သုံးဆ ဘာဝနာ ပွားပါတယ် ဘုရား"

"သာဓု. . . အရှင်ဓမ္မညာဏ. . . သာဓု. . . သာဓု. . . သာဓု"

လေပြင်းတစ်ချက် ဝှေ့ရမ်းလိုက်ခြင်းကြောင့် ကညင်ရွက်ခြောက်များသည် ဝိဟာရ၏ အမိုးထက်သို့ ဖြောဖြောကြွေဆင်းလာကြလေသည်။

* * *

"သမိန်ဓမ္မ မြင်းသည်တော် ရဲမက်တပ်မအင်အားကို ဖြည့်ပြီးပလား"

"သုံးထောင်ရှိပါပြီ တပ်မင်းကြီး. . ."

"အင်း. . . ကောင်းတယ်၊ ဂွမ်းမြို့က ကင်းတပ်တွေကော. . ."

"ကျောက်တန်းတွေ ဆို့ဆည်းတည်ဆောက်နေကြပါပြီ၊ ဂွမ်းမြို့ဟာ ကျောက်တန်းမြို့လို့တောင် အမည်ပြောင်းရမလို ဖြစ်နေပြီ တပ်မင်းကြီး"

"ရသေ့ဂူဘက်၊ ဖေယျာဒီပတောင်ကုန်းရဲ့ အရှေ့ဘက် တောအုပ်ဘက် ကော"

"ကင်းတပ် သုံးထပ်စီချထားလိုက်ပါပြီ"

"ရေကျိုးအဆင့်ဆင့်"

"လုံးဝဥဿုံ အဆင်သင့်ပါ တပ်မင်းကြီး"

"သမိန်ပါလ. . ."

"ရှိပါတယ် တပ်မင်းကြီး"

"သင် သီလဝါကျွန်းက လာခဲ့တာလား"

"ဟုတ်ပါတယ် တပ်မင်းကြီး"

"'ပါဒနိုင်ငံတော်ရဲ့ ကုန်းပိုင်းဒေသတွေမှာတော့ အခုကြားတဲ့အတိုင်း စစ်အတွက် အားလုံး စီစဥ်ပြီးစီးထားပြီ၊ မော်ဝန်းမြစ်တရိုးက လှေတော်တပ်တွေ မှာလဲ ရဲမက်တွေ ဖြည့်ပြီးပြီ၊ သီလဝါကျွန်း အစီအရင်ပဲ ကျန်တော့တယ်၊ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်အနေနဲ့ ဘာတွေ အစီအရင်ပြုထားသလဲ"

"အဲဒါတွေအတွက် ရွှေနန်းတော်က ဘယ်လို အမိန့်တော် ထုတ်မလဲ သိရဖို့ ကျွန်ုပ်လာခဲ့ခြင်း ဖြစ်ပါတယ် တပ်မင်းကြီး သမိန်ပြတ်ဇ. . ."

"ဟင်. . . သင်တို့ သီလဝါကျွန်းမှာ ဘုရင်တစ်ယောက်လုံး ရှိနေတယ် မဟုတ်လား၊ ပါဒမင်းမြတ်ရှိနေတဲ့ သီလဝါကျွန်းဆီကို ဒီကနေပြီး အစီအရင် ပေးရဦးမှာလား"

သမိန်ပါလသည် ခေါင်းကို လေးပင်စွာ ခါယမ်းလျက် တပ်မင်းကြီး သမိန်ပြတ်ဇအနီးသို့ တိုးလာသည်။ သူ့မျက်နှာ မှိုင်းညို့အိုမင်းနေသည်။

"တပ်မင်းကြီး၊ သီလဝါကျွန်းမှာ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်က ရှိနေတာတော့ မှန်ပါတယ်. . . ဒါပေမယ့်. . ."

* * *

"နို. . . နှို. . ."

"ကျွန်တော်မျိုး ရှိနေပါတယ် မင်းတရား. . ."

"ကောင်းတယ်. . . ဗညားမွန်ထော်နဲ့ သမိန်ပြတ်ဇတို့ နေပြည်တော် ပြန်သွားကြတာ ပြန်မလာသေးဘူးလား. . ."

"မလာကြသေးပါဘူး မင်းတရား၊ ဥတ္တရတပ်မမှူး သမိန်ပါလလဲ လိုက်သွားပါတယ်"

http://www.cherrythitsar.org



"ဟား . . . ဟား . . . ဟား . . . ဟား . . . "

သေရည်ခွက်ကို အရှိန်ပြင်းစွာ ဆောင့်ချလိုက်သည်။ ရွှေရေးခွက်ထဲမှ သေရည်စက်အချို့ နိန္ဒ၏ မျက်နှာဆီသို့ စင်သွားသည်။ နိန္ဒသည် မျက်နှာပေါ်က သေရည်စက်ကို မသုတ်။ သမိန်စက္ကဝတ်၏ နီရဲဝေသီနေသည့် မျက်လုံးများကို အကဲခတ်ကြည့်နေသည်။

သေခွက်ကို လှမ်းယူလိုက်သော သမိန်စက္ကဝတ်၏ လက်များမှာ မူးယစ်ခြင်းဖြင့် ဆုတ်ဆိုင်းတုန့်နှေးနေသည်။ ယိမ်းယိုင်ဖိတ်စင်စွာဖြင့် သေခွက်ကို နှုတ်ခမ်းဆီသို့ လှမ်းယူလိုက်သည်။ နှုတ်ခမ်းထောင့်စွန်း နှစ်ဖက်မှ သေရည်မရှိတော့သော သေခွက်ကို ထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။

"ဒီမှာ. . . နိန္ဒ နောက်ဆုံးတော့ သမိန်စက္ကဝတ် အနီးမှာ သင်တစ်ယောက်ပဲ ရှိတော့တယ်၊ အားလုံး နေပြည်တော်ကို ပြန်ကုန်. . . ကြ. . . "

"ပြန်ကြပါစေ မင်းတရား. . . ပြန်ကြပါစေ"

"ဟုတ်တယ်. . . ပြန်ကြ. . . ပြန်ကြ. . .၊ ကျွန်ုပ်နဲ့အတူ သင်ရယ်၊ သေရည်ရယ်ရှိရင် တော်ပြီ. . . ဒီမှာ. . . နိန္ဒ နားထောင်စမ်း၊ သီလဝါကျွန်း စစ်ပွဲတုန်းက အင်အားကြီးတဲ့ ရန်သူတွေကို ကျွန်ုပ် ရှုပ်ရှုပ်ချွံချွံ မောင်းထုတ်လိုက်တာ သင်သိတယ် မဟုတ်လား"

"ကျွန်တော်မျိုး သိပါတယ် မင်းတရား"

သမိန်စက္ကဝတ်၏ စကားပြောသံမှာ တဖြည်းဖြည်း လေးလံထိုင်းမှိုင်းလာသည်။ အချို့ စကားလုံးများတွင် အသံထွက်များ မှားလာသည်။

"သီလဝါကျွန်း စစ်ပွဲထက် နှစ်ဆ၊ သုံးဆ၊ ဆယ်ဆ ကြီးမားတဲ့ စွမ်းပကားမျိုးနဲ့ ဒင်းတို့ကို ကျွန်ုပ် မောင်းထုတ်လိုက်မယ်. . . သိလား. . . "

"ဇင်းမယ်က ရန်သူတွေကိုလား. . . မင်းတရား"

"သွားစမ်း. . ဘယ်က ရန်သူတွေလဲ. . . သမိန်စက္ကဝတ်ရဲ့ နိုင်ငံတော်ကို ဘယ်သူမှ မလာရဲပါဘူး၊ ရန်သူဟာ အပြင်က မဟုတ်ဘူး၊ အတွင်းမှာ အတွင်းမှာ ပါဒနိုင်ငံတော် အတွင်းမှာ၊ နားလည်ရဲ့လား. . . "

"နားမလည်တတ်ကြောင်းပါ မင်းတရား. . . "

"နိန္ဒ. . . သင်လဲ လူဖျင်း လူညံ့ လူအပဲ၊ ဟို ပါဒနန်းတော်ထဲက တောကြီးပျားထက် အဆိပ်ပြင်းတဲ့ မိန်းမနဲ့ သူ့လူတွေလေ၊ ဗညားမွန်ထော်တို့၊ သမိန်ပြတ်ဇတို့ သူတို့တွေပေါ့၊ သိလား၊ ဘယ်က ဇင်းမယ်ကမှ ရန်သူမလာဘူး၊

http://www.cherrythitsar.org



ဒင်းတို့ စစ်သည်ဗိုလ်ပါ စုဆောင်းချင်လို့ ဇင်းမယ်ရန်သူဆိုတာ အမည်တပ်ပြီး လူတွေကို စုတာ နားလည်လား. . . နားလည်လား. . . ဟား. . . ဟား. . . ”

“ဖြစ်နိုင်ကောင်းပါတယ် မင်းတရား”

“ဖြစ်ကိုဖြစ်နေတယ်၊ အစ်မတော်ဟာ. . . ထို့. . . အစ်မတော်လို့ ခေါ် ရမှာတောင် စက်ဆုပ်တယ်၊ အဲဒီပင်တိုင်နန်းထဲက မိန်းမဟာ ပါဒထီးနန်းကို လိုချင်နေတာ သိလား၊ ကျွန်ုပ်ကို ဖယ်ရှားချင်နေတာ၊ ငှဲ့စမ်း. . . သေရည် ထပ်ငှဲ့စမ်း. . . နေ. . . နေ. . . မငှဲ့နဲ့တော့၊ ရွှေတကောင်းပေးစမ်း. . . ”

သမိန်စက္ကဝတ်သည် ရွှေတကောင်းကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက် လျက် သေရည်ကို တသွင်သွင် မော့လိုက်သည်။ ထို့နောက် ရွှေတကောင်းကို သလွန်ပေါ်သို့ ပစ်တင်လိုက်သည်။

“ဟော့. . . ဟိုဟာ. . အိပ်ဖန်တော်မှူးလား. . သွားစမ်း. . ထပ်ယူခဲ့”

“သင့်တော်လောက်ပါပြီ. . . မင်းတရား. . . ”

“နိန္ဒ. . . သင်က ကျွန်ုပ်ဆန္ဒကို ကန့်လန့်ဖြတ် ကာဆီးတာလား”

“မဝံ့ကြောင်းပါ. . . မင်းတရား”

“ဒီမှာ နားထောင်စမ်း. . . နိန္ဒပန်းချီကျော်ရဲ့ ဗောင်းစလွယ်ရွှေကြိုး ဟာ ဘယ်လောက် အဖိုးတန်မလဲ၊ အဲဒါထက် ပိုပြီး အဖိုးထိုက်တန်တဲ့ ရွှေငွေကို သင်ထုတ်ယူစမ်း၊ ကြားလား၊ သီလဝါကျွန်းပေါ်က ရုပ်တုလေးခုအောက်မှာ ရွှေငွေရှိတယ်ဆိုတာ သိတယ်မဟုတ်လား၊ ဒီမယ် စစ်သည်ရဲမက် စုဆောင်း တယ်ဆိုတာဟာ ဟို ပါဒနန်းတော်က မိန်းမနဲ့ သူ့လူတွေလို မရှိတဲ့ ရန်သူကို အကြောင်းပြနေစရာ မလိုပါဘူး၊ ရွှေငွေနဲ့ အခကြေးပေးလိုက်ရင် လိုချင်သလောက် ရတယ် သိလား၊ သမိန်စက္ကဝတ်မှာ ဘုရင့်ရာဇအာဏာ ရှိတယ်၊ ရွှေငွေဘဏ္ဍာ ရှိတယ်၊ ဒင်းတို့ ငါ့ကို မယှဉ်နိုင်ဘူး၊ သတ္တမနေ့လေးတော်ပေးစမ်း၊ နာရဒ လှေတော် ပြင်စမ်း၊ ပါဒနန်းတော်က လူတွေရဲ့ လည်မျိုကို ဟောဒီလို. . . ဟောဒီလို. . . ”

သမိန်စက္ကဝတ်သည် လက်နှစ်ဖက်ကို လေထဲတွင် ဝှေ့ရမ်းလျက် သလွန်ပေါ်သို့ လဲကျသွားသည်။ ရွှေကြိုးသိုင်းချည်သည့် ခြေနင်းသည် ကတ္တီပါ မှိုအုံးပေါ်တွင် တင်လျက်သား ဖြစ်သွားသည်။

ရွှေတကောင်းကို ယူလာသည့် အိပ်ဖန်တော်မှူးအား နိန္ဒက အပြင် ထွက်သွားရန် လက်ပြလိုက်လေသည်။

*　　　*　　　*

http://www.cherrythitsar.org



ဂွမ်းမြို့ကင်းတပ်သည် မှော်ဝန်းမြစ်၏ မြောက်ဘက်မြစ်ရိုး တစ်လျှောက်တွင် ရှိသည်။ ဂွမ်းမြို့ကင်းတပ်ရှိရာ မှော်ဝန်းကမ်းရိုးတွင် ဂဝံကျောက်နှင့် ပင်လယ်ဖက်မှ ပါလာသော ကျောက်တုံးများ ပေါများသည်။ ကင်းတပ် သုံးဆယ့်ရှစ်ထပ်တွင် ကျောက်တန်း သုံးဆယ့်ရှစ်ထပ် ထပ်ဆင့်စီရင်ထားသည်။ ဂွမ်းမြို့သည် ကျောက်တန်းမြို့ဟု ခေါ်ရမတတ် ဖြစ်နေသည်။

ရသေ့ဂူတောအုပ်ပတ်လည်တွင်လည်း ကင်းတပ်သုံးတပ် ထပ်ချထားသည်။

ရေကျိုးနှင့် မြေကျိုး အထပ်ထပ်တွင် လှေတပ်နှင့် မြင်းသည်တပ်များ အဆင့်ဆင့် တပ်စွဲနေသည်။ ပါဒနိုင်ငံတော်၏ အရပ်လေးမျက်နှာအနက်မှ သုံးဖက်သော မျက်နှာတို့တွင် အစီအရင်များ ပြီးစီးနေပြီ ဖြစ်သည်။

ကျန်တစ်ဖက်သော အရပ်တစ်မျက်နှာကား . . အနောက်ဖက်မျက်နှာ၊ မှော်ဝန်းမြစ် အကြေဒေသ၊ ပင်လယ်နှင့် နီးကပ်ရာဒေသ၊ သီလဝါကျွန်း။

အနောက်မျက်နှာနှင့် ပါဒနေပြည်တော်သည် အဆက်အသွယ် အစီအမံကင်းပြတ်နေသည်။ နေပြည်တော်မှ လှေတပ်အချို့ မှော်ဝန်းမြစ်ကို စုန်ဆင်း၍ သီလဝါကျွန်းသို့ ထွက်ခွာသွားကြသည်။ လှေတော်တပ်မမှူးများလက်ထဲ၌ နှင်းဟေမာ၏အမိန့်၊ သို့မဟုတ် ဗညားမွန်ထော်၏အမိန့်၊ သို့မဟုတ် တပ်မင်းကြီး သမိန်ပြတ်ဇ၏အမိန့် တစ်ခုခုကို ယူဆောင်သွားကြသည်။

သို့သော် သီလဝါကျွန်း၏ အပြင်ဖက် အစွန်ဆုံး ကျွန်းစောင့်တပ်ဖြစ်သော မဇ္ဈိမတပ်မကိုလွန်၍ ကျွန်းဆီသို့ သွားခွင့်မရကြ။

မဇ္ဈိမတပ်မသို့ ရောက်ရှိလာကြသော လှေတော်တပ်များသည် ပါဒနေပြည်တော်သို့လည်း ပြန်သွားခွင့်မရကြ။

သမိန်စက္ကဝတ်၏ အမိန့်တော်ဖြင့် မဇ္ဈိမတပ်မသို့ ရောက်လာသမျှသော နေပြည်တော် လှေတပ်များကို သိမ်းပိုက်လိုက်သည်။ နေပြည်တော်က နောက်ထပ် လှေတပ်များ ပို့လွှတ်၍ ဆက်သွယ်သည်။ ရောက်လာသမျှ လှေတပ်များကို သမိန်စက္ကဝတ် အမိန့်တော်ဖြင့် သိမ်းပိုက်လိုက်သည်။

နှင်းဟေမာ ကိုယ်တိုင် သီလဝါကျွန်းသို့လာမည်ဟု အကြောင်းကြားလိုက်သည်တွင် သီလဝါကျွန်းမှ တပ်မှူးတစ်ဦး ပါဒနန်းတော်သို့ ရောက်လာသည်။

http://www.cherrythitsar.org



စစ်ရေးအစီအမံများ တိုင်ပင်ဆွေးနွေးသည့် ပါဒနန်းတော်ညီလာခံ ခန်းမဆောင်အတွင်း နှင်းပေမာ၊ ဗညားမွန်ထော်၊ သမိန်ပြတ်ဇနှင့် အခြား ပါဒနန်းတော် ဗိုလ်မင်း၊ တပ်မင်းများ၊ အစုံအညီရှိနေသည့်အချိန်တွင် အရေး တကြီး ရောက်လာကြခြင်း ဖြစ်သည်။

သီလဝါကျွန်းမှ တပ်မှူးငယ်သည် သမိန်ပြတ်ဇလက်တွင်းသို့ သဝဏ်လွှာ တစ်ခု ဆက်လိုက်သည်။ သမိန်ပြတ်ဇမှတစ်ဆင့်၊ ဗညားမွန်ထော်မှတစ်ဆင့် နှင်းပေမာသို့ လက်ဆင့်ကမ်းသည်။ နှင်းပေမာက သဝဏ်လွှာကို မဖွင့်သေးဘဲ တပ်မှူးငယ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"သင်. . . ဘယ်တပ်ဖွဲ့ကလဲ"

"သီ. . . သီလဝါကျွန်းကပါ သခင်မ ဘုရား"

"ဒီသဝဏ်က ဘာလဲ"

"သမိန်စက္ကဝတ် ဘုရင်မင်းမြတ်ရဲ့ သဝဏ်ပါ သခင်မ"

နှင်းပေမာသည် သဝဏ်လိပ်ကို စိမ်းစိမ်းကြည့်၍ ဗညားမွန်ထော်ကို ပြန်ပေးလိုက်လေသည်။

"နန်းရင်းဝန်ကြီး သဝဏ်ကို ဖတ်ပါ"

ရွှေပိန်းချ သဝဏ်လွှာ၏ အဖုံးကိုဖွင့်ပြီး အထဲမှ သဝဏ်လိပ်ကို ဖြည်ချ လိုက်သည်။ အားလုံးသည် ဗညားမွန်ထော်၏ အသံကို စူးစိုက်လိုက်ကြလေ သည်။

**ပါဒနန်းတော်တွင် ရှိနေကြသူများထံ**

**သီလဝါကျွန်းရောက် ကျွန်ုပ် သမိန်စက္ကဝတ်ဘုရင်မင်းမြတ် သဝဏ် လွှတ်ရောက်လိုက်သည်မှာ. . . .**

**ဇင်းမယ်ရန်သူများ ချီလာပြီဟူသော အရေးသည် မမှန်ကန်သော သတင်းလွှင့်မှုဖြစ်သည်။ တိုင်းတစ်ပါး ရန်သူအရေးကို အကြောင်းပြု၍ ရဲမက်အင်အား စုရုံးနေခြင်းကို ကျွန်ုပ်သမိန်စက္ကဝတ် ဘုရင်မင်းမြတ် က ခွင့်မပြု။ ကျွန်ုပ်၏ နိုင်ငံတော်တွင် ကျွန်ုပ်မှတစ်ပါး မည်သူမျှ အမိန့်အာဏာ ထုတ်ခွင့်မရှိ။ သင်တို့သည် ကျွန်ုပ်ရှိနေရာ သီလဝါ ကျွန်းသို့ စစ်ကူအလို့ငှာလည်းကောင်း၊ စစ်ရေးသံတော်ဆင့် အလို့ငှာ လည်းကောင်း ရဲမက်များ၊ လှေများ ပို့လွှတ်ခွင့်မရှိ။ ထို့ထက်သော် ကား ပါဒနိုင်ငံတော်၏ သက်ဦးဆံပိုင် ဧကရာဇ် အာဏာတော်သည်**

http://www.cherrythitsar.org



**ဘုရင်မင်းမြတ်ဖြစ်သော ကျွန်ုပ်အထံတွင်သာ တည်သည်။ ကျွန်ုပ် မရှိသော ပါဒနန်းတော်တွင် မည်သည့်အာဏာတော်မျှ၊ မည်သည့် နန်းတော်သား နန်းတော်သူ၏ အမိန့်မျှ မသက်ရောက်စေရ။ အကယ် တန္တုအရေးအရာပေါ်လာသည်ဆိုစေ၊ သီလဝါကျွန်းရှိ ဘုရင်မင်းမြတ်ထံမှ အမိန့်ကိုသာ သင်တို့ စောင့်ဆိုင်းရမည်။ ဤသဝဏ်သည် ဘုရင်မင်းမြတ်၏ အမိန့်တော်။ ဤသဝဏ်ကို ပယ်ရှားသသူမှန်သမျှသည် ဘုရင်မင်းမြတ်၏ အမိန့် တော်ကို ဖီဆန်သူ။**

**ပါဒနိုင်ငံတော်၏ သက်ဦးဆံပိုင်**
**သီလဝါကျွန်းရောက်-**
**သမိန်စက္ကဝတ် ဘုရင်မင်းမြတ်။**

ခေတ္တမျှ တိတ်ဆိတ်သွားသည်။

သဝဏ်ပါ စာလုံးများသည် ပါဒနန်းတော် ညီလာခံခန်းမ၏ တိုင်လုံးများ တွင် တိတ်ဆိတ်စွာ ပဲ့တင်ရိုက်နေသည်သို့။

တင်းမာပြင်းထန်သော သမိန်စက္ကဝတ်၏ သဝဏ်သည် အရှင်မ နှင်းဟေမာ၏ ဒေါသအမျက်ကို ရိုက်ပုတ်လေပြီဟူသော စိုးရိမ်မှုများဖြင့် အားလုံးသည် နှင်းဟေမာကို မရဲတရဲ ကြည့်မိကြသည်။

အမှုတော်ထမ်း ရင့်ကျက်ပြီဖြစ်သော နန်းရင်းဝန်ကြီး ဗညားမွန်ထော် ကမူ ပါဒနိုင်ငံတော်တည်းဟူသော ဂူ၌ ခြင်္သေ့နှစ်ကောင် ခိုအောင်းလေပြီဟု တွေးလိုက်မိသည်။ တစ်ကောင်သော ခြင်္သေ့ကား သဝဏ်စေသော သမိန်စက္ကဝတ်၊ တစ်ကောင်သော ခြင်္သေ့ကား မိမိရှေ့မှ၊ သလွန်ထက်မှ နှင်းဟေမာ။

သဝဏ်ယူလာသူ တပ်မှူးငယ်ကား ဆောက်တည်ရာ ကင်းမဲ့လောက် အောင် တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

"နန်းရင်းဝန်ကြီး၊ အဲဒီ သဝဏ်ပေးစမ်းပါ"

မိုးကြိုးလျှပ်စီးကို မျှော်လင့်ထားသော်လည်း သလွန်ထက်မှ အသံကား ဆောင်းဦးရာသီ၏ လေညင်းဖြစ်နေသည်။

ဗညားမွန်ထော်သည် အဆိပ်ပြင်းသော တစ်စုံတစ်ခုကို ကိုင်တွယ်

http://www.cherrythitsar.org



ပေးဆက်နေရသလို သဝဏ်ကို နှင်းဟေမာ လက်ထဲသို့ ပေးလိုက်သည်။ နှင်းဟေမာကမူ သာမန်လှုပ်ရှားမှုမျိုးဖြင့် သဝဏ်ကို လှမ်းယူလေသည်။

နှင်းဟေမာသည် သဝဏ်၏ အပေါ်ဖက် ထောင့်စွန်းနှစ်စကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။ ဒေါသအမျက်တို့အစား အေးဆေးတည်ငြိမ်သော အပြုံး တစ်ခုသာ မျက်နှာပေါ်တွင် ကျရောက်နေသည်။

မည်သူမျှ မမျှော်လင့်သော လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာသည်။

နှင်းဟေမာသည် သဝဏ်၏ အပေါ်ထောင့်စွန်း နှစ်စကိုကိုင်ရင်း. . . အလယ်တည့်တည့်မှ ဆုတ်ဖြဲလိုက်သည်။ ပြင်းထန်သော စာလုံးများကို သယ်ဆောင်လာသည့် သမိန်စက္ကဝတ်၏ သဝဏ်သည် ထက်ခြမ်းစုတ်သွား သည်။

"ရော့. . . ဗညားမွန်ထော်၊ ရွှေဘူးထဲပြန်ထည့်ပြီး ပို့လွှတ်တဲ့ လူဆီ ပြန်ပေးလိုက်ပါ၊ အော်. . . နေဦး. . . နေဦး. . . ထက်ခြမ်းစီ ဖြစ်နေတဲ့ သဝဏ် ပေါ်မှာ သခင်မရဲ့ တံဆိပ်တော်ကိုလဲ ခတ်နှိပ်ပေးလိုက်ပါ. . . "

တည်ငြိမ်သော လေသံ၊ အေးဆေးသော လှုပ်ရှားမှုနောက်ကွယ်မှ အင်အားကြီးမားသော တစ်စုံတစ်ခုကို နားလည်လိုက်ကြသည်။ ဗညားမွန်ထော် သည် နှင်းဟေမာကို ပို၍ ယုံကြည်သွားသည်နှင့်အမျှ ပို၍လည်း ခန့်ညားသွား သည်။

တပ်မှူးငယ်သည် ဗညားမွန်ထော်ပေးသော ရွှေဘူးကို တဆတ်ဆတ် တုန်သော လက်အစုံဖြင့် ယူလိုက်ပြီးနောက် ညီလာခံခန်းမတွင်းမှ ကမူးရှူးထိုး ထွက်သွားလေသည်။

"ကဲ. . . ဗညားမွန်ထော်တို့၊ သမိန်ပြတ်ဇတို့. . . ကြားကြ မြင်ကြတဲ့ အတိုင်းပဲ၊ အနောက်ဘက်မျက်နှာ သီလဝါကျွန်းကတော့ သုံးမရတဲ့ ရွံ့စေး ခံတပ်လို ဖြစ်သွားပြီ၊ သေရည်ရှူး နန်းစောရှင်ကို ဘာမှထည့်တွက်မနေကြနဲ့ တော့၊ ရှိပြီး စစ်မျက်နှာအရံအတားတွေကိုပဲ စေ့စေ့စပ်စပ်ထပ်ပြီး စီရင်ကြ၊ အင်း. . . အမိန့်တော် တစ်ခုတော့ ထပ်ပြီး ဆင့်ရပေမယ်၊ အခု သီလဝါကျွန်း မှာ ရဲမက်လေ့တော်အင်အား ဘယ်လောက်ရောက်နေပြီလဲ. . . "

သမိန်ပြတ်ဇက မဆိုင်းမတွ ဖြေလိုက်သည်။

"ကျွန်းစောင့်တပ်မ လေးခုအတွက် ပို့လွှတ်ရတာနဲ့ နောက်ထပ် ဒီကနေပြီး ဇင်းမယ် ရန်သူအရေးအတွက် သတင်းပို့လွှတ်ရတာတွေ အားလုံး

http://www.cherrythitsar.org



ဆိုရင် အခု သီလဝါကျွန်းမှာ ရဲမက်လေးထောင်၊ လှေတော်နှစ်ရာ၊ ရောက်နေပါတယ်. . . သခင်မ. . . ”

“အဲဒီ ရဲမက်လေးထောင်ဟာ ပါဒနေပြည်တော် အင်အားရဲ့ ဘယ်အစိတ်အပိုင်းကနေ ခွဲဝေပို့လွှတ်လိုက်ရတာလဲ. . . ”

“နန်းတော်စောင့် တပ်မထဲက တစ်ထောင်၊ ဂွမ်းမြို့ အင်အားထဲက နှစ်ထောင်နဲ့ သမိန်ပါလ တပ်မထဲက တစ်ထောင်ပါ။ လှေတော်ကတော့ မှော်ဝန်းမြစ်ရိုးဒေသနဲ့ ပါဒနေပြည်တော်တစ်ဝှမ်း နယ်အရပ်ရပ်ချထားတဲ့ လှေတပ်တွေအားလုံးဆီက အညီအမျှ ခွဲဝေပေးလိုက်ရတာပါ သခင်မ. . . ”

“အင်း. . . ဒါတော့ နည်းနည်းဆိုးတဲ့ အချက်ပဲ. . . ဒီမှာ အရေးကြီးတဲ့ နေရာတွေထဲက အကောင်းဆုံး အင်အားတွေ လျော့သွားတာပေါ့. . ဟုတ်လား”

နှင်းဟေမာ၏ အမေးကို အားလုံးက တိတ်ဆိတ်ခြင်းဖြင့် ဝန်ခံလိုက်ကြသည်။

“သမိန်ဖြတ်ဇ”

“မှန်ပါ. . . သခင်မ”

“ကျောက်ထီးတွေမှာ ချိတ်ဆွဲခဲ့တဲ့ သားရေချပ်တွေအရ ရဲမက်အင်အားစုဆောင်းရရှိရဲ့လား”

“လှို့ဆော်တဲ့ အမိန့်တော် ဖြစ်တဲ့အတွက် ကျေနပ်လောက်ဖွယ်ရာ မရသေးပါဘူး သခင်မ၊ နိုင်ငံတော်သားတွေဟာ အကြောင်းအမျိုးမျိုးအရ လွှဲဖယ်နေကြပါတယ်”

“အင်း. . . ဒါဖြင့်ရင် တစ်မျိုးတစ်မည် ပြင်ဆင်ရမှာပေါ့လေ၊ သီလဝါကျွန်းကို ပို့လိုက်ရတဲ့အတွက် လျော့သွားတဲ့ အင်အားကို ဖြည့်ဖို့ အရေးကြီးပေတယ်၊ ဒီလို အမိန့်ထုတ်လိုက်. . . သမိန်ဖြတ်ဇ၊ ဓားတစ်စင်း၊ မြင်းတစ်ဇက်၊ ဒိုင်းတစ်လွှာ၊ လှံတစ်ရိုး၊ နိုင်နင်းသူမှန်သမျှ သုံးရက်အတွင်း ပါဒတပ်မရဲ့ အမှုတော်ကို ထမ်းရွက်ရမယ်လို့. . . ကြားလား”

“ကောင်းပါပြီ သခင်မ. . . ”

“ကိုင်း. . . ကိုယ့်အစီအရင် ကိုယ်ကျေပွန်အောင်သာ စီမံကြပေတော့. . . သီလဝါကျွန်းက သေရည်ရှူးကို မေ့ပစ်လိုက်ကြ. . . ”

ပါဒနန်းတော်အတွင်း၊ နန်းတော်အပြင်၊ နေပြည်တော်တစ်ဝှမ်း၊ မြို့တော်ငယ်များ၊ မှော်ဝန်းမြစ်ရိုး တစ်လျှောက်သို့ ညဥ့်သည် ခါတိုင်းကဲ့သို့ပင်

http://www.cherrythitsar.org



ညင်သာစွာ ရောက်ရှိလာသည်။ ထွန်းညှိလိုက်ကြသော မီးရောင်တို့သည်လည်း ခါတိုင်းကဲ့သို့ပင် ဖြစ်သည်။ သို့သော် လင်းလက်သော မီးရောင်တို့သည် စစ်ကို ငံ့လင့်နေသော နိုင်ငံတော်၏ မျက်လုံးများအဖြစ် ခါတိုင်းထက် ပို၍ နီကြန်နေကြသည်ဟု ထင်ရလေသည်။

* * *

"အာကာရဋ္ဌခန်းမဆောင်" အလယ်ဗဟို၌ ဒီပါသည် ကျောက်ရုပ် တစ်ရုပ်လို ရပ်နေမိသည်။ အစဉ်အဆက် ပန်းချီကျော်တို့၏ ပုံလွှာတို့ဖြင့် လှပစွာ ဝေဆာခဲ့သော အာကာရဋ္ဌသည် ဒီပါအတွက် အကျည်းတန်နေလေပြီ။

ဝန်းကျင်ဝဲယာ နံရံများပေါ်တွင်လည်း ပုံလွှာတို့မရှိကြတော့။ ခန်းမ အလယ်တွင်လည်း ပုံလွှာတို့ မရှိကြတော့။ မီးရောင်အောက်တွင် ပုံလွှာမှ ဆေးရောင်များ ဆိတ်သုဉ်းနေပြီး လှုပ်ရှားနေသော အရိပ်များသာ နံရံပေါ်တွင် ကျရောက်နေသည်။

ပန်းချီကျော်တို့၏ အနုပညာ ဝိညာဉ်များဖြင့် တိတ်ဆိတ်ခဲ့ပေသော အာကာရဋ္ဌတွင် ယခုအခါ ဓားသွားချင်း ရိုက်ခတ်သံ၊ ဓားသွားနှင့် ဒိုင်းလွှာထိ ခတ်သံ၊ ဒိုင်းလွှာချင်းတွန်းဖယ်သံ၊ လှံရိုးချင်းလွှဲပုတ်သံ၊ စက်ကွင်းတွင် မြားတံ တို့ စွဲဝင်သံ၊ လေးညှို့ကြိုးတို့ တုန်ခါသံ. . . ။

ဒီပါရပ်နေသည့် နေရာသည် အာကာရဋ္ဌ၏ အလယ်ဗဟိုဖြစ်သည်။ နှစ်တောင်ခန့် ခုံမြင့်တစ်ခုပေါ်တွင် ဖြစ်သည်။ ထိုနေရာမှနေ၍ အာကာရဋ္ဌ အတွင်း နေရာအာလုံးကို ထင်ထင်ရှားရှား မြင်နိုင်သည်။

ပန်းချီကျော် နရိန္ဒရေးဆွဲခဲ့သော ပုံလွှာတူကားချပ် ထားသောနေရာတွင် ရဲမက်နှစ်ဦးသည် ဒိုင်းလွှားကိုယ်စီ ဝါးကိုယ်စီဖြင့် လေ့ကျင့်နေကြသည်။ ပန်းချီ ကျော် ဘိုးမွန်ခေါက်၏ ပုံလွှာများ အများဆုံး ချိတ်ဆွဲခဲ့ရာ အရှေ့ဘက် နံရံစီ တွင်ကား လေးသည်တော်တို့က စက်ကွင်းလေးပစ်ကျင့်နေကြသည်။ မြောက် ဘက်မုခ်ဝ နံရံတွင်မူ လှံရှည်ကိုင်ရဲမက်အစုတို့အား အကြပ်မှူးတစ်ယောက် က အော်ဟစ် အမိန့်ပေးနေသည်။ ထိုနေရာကား ယခင်က ပန်းချီကျော် အနုပီယ ၏ လက်ရာများ ထားရှိခဲ့ဖူးသည့် နေရာဖြစ်သည်။

ခမ်းနားကြွယ်ဝသော ပန်းချီလက်ရာများ ကိန်းဝပ်စံပွာယ်ခဲ့သည့် နေရာတိုင်းတွင် ဓားလှံ၊ လေးမြားသံ၊ ဒိုင်းလွှားသံ၊ အကြပ်မှူးတို့၏ အမိန့်ပေးသံ၊ အော်ဟစ်ကြုံးဝါးသံများက အစားဝင်နေသည်။ တစ်ခါတစ်ရံ လေ့ကျင့်

http://www.cherrythitsar.org



တိုက်ခိုက်ရင်းမှ ဒဏ်ရာရသွားသော ရဲမက်တို့၏ အော်ဟစ်သံများ ပေါ်ပေါက်လာတတ်သည်။ တစ်ခါတစ်ရံ အာကာရဠ၏ အရှေ့ဘက်မုခ်ကွင်းပြင်ဆီမှ မြင်းဟီသံတို့ လွင့်လာတတ်သည်။ အာကာရဠ အရှေ့ဘက်မုခ်ကွင်းပြင်သည် ယခင်ကမူ စိမ်းညို့သော မြက်ခင်းဖြင့် ဟင်းလင်းပွင့်သော မိုးကောင်းကင်ကို မျက်စိတစ်ဆုံး မြင်နိုင်သည့် မြင်ကွင်းပြင်၊ ယခုမူ စစ်မြင်းများ ထားရှိရာ မြင်းဇောင်း၊ မြင်းစီးရဲမက်များ လေ့ကျင့်ရာ ရင်ပြင်။

ဒီပါသည် ကြားရသော အသံများ၊ မြင်ရသော မြင်ကွင်းများ၌ မလိုလားမနှစ်မြို့ခြင်းများစွာဖြင့် လက်အစုံကို တင်းတင်းဆုပ်လိုက်မိသည်။

သို့သော်. . .

လက်ချောင်းနှင့် လက်ဖဝါးတို့ ပကတိ အသားချင်း မထိတွေ့ရ။

အထိအတွေ့သည် အေးစက်မာကြောနေသည်။

သူ့လက်ကို သူငုံ့ကြည့်လိုက်မိပြန်သည်။ ထိုအခါမှပင် ဒိုင်းလွှားလက်ကိုင်ကို ကိုင်တွယ်ရာ၌၊ ဓားရိုးလှံရိုးကို ကိုင်တွယ်ရာ၌ မထိခိုက် မနာကျင်စေရအောင် ဝတ်ဆင်ရသည့် သံနန်းခတ် လက်အိတ်စွပ်ကို မိမိလက်တွင် ဆင်မြန်းထားရကြောင်း သတိရလိုက်မိတော့သည်။

သံနန်းခတ် လက်အိတ်စွပ်ဝတ်ထားသော လက်ချောင်းနှင့် လက်ဖဝါးပြင်ကို ဖြန့်၍ကြည့်မိသည်။ ထို့နောက် စက်ဆုပ်စွာဖြင့် လက်တို့ကို နောက်သို့ ဖယ်ရှားလိုက်သည်။

"ဆေးစပ်အင်တုံ၊ စုတ်တံနဲ့ ကားချပ်တွေကို ကိုင်ခဲ့တဲ့ လက်တွေ. . . ငါ့လက်တွေ၊ အခု သံနန်းခတ် လက်အိပ်စွပ်နဲ့ ပြီးတော့. . ."

မိမိကိုယ်ကို မိမိ သုံးသပ်ကြည့်ပြန်မိသည်။

တပ်မှူးငယ်တစ်ဦး၏ ချပ်ဝတ်တန်ဆာများ အပြည့်နှင့်. . .။ ပခုံးသိုင်း၊ ခါးစည်း၊ လက်ကြပ်၊ ခြေဝတ်အပြည့်အစုံ ဆင်ယင်လျက်၊ ဆေးစပ်အင်တုံ ကားချပ်တို့ ထည့်ထားသော ဖျဉ်အိတ်ကိုသာ ထမ်းပိုးခဲ့သော ပခုံးထက်တွင် လေးလံသော ဓားရှည်တစ်ချောင်းကို လွယ်ထားလျက်။

"ဒီမှာ. . . ဒီပါ၊ မင်း. . . အခု အိပ်မက်မက်နေသလား၊ ကမ္ဘာလောက အသစ်တစ်ခုကို ရောက်နေတာလား၊ မင်းဟာ ပန်းချီရေးတဲ့ အနုပညာသမား၊ အခုတော့ မင်းဟာ မင်းရဲ့ စုတ်တံတွေ ဆေးစပ်အင်တုံတွေ စွန့်လွှတ်ထားရပြီ၊ ဒီ. . . အာကာရဠထဲမှာ. . ."

ဒီပါ၏ ဆူလှိုက်သော အတွေးတို့ကို အသံတစ်သံက ဖြတ်တောက်လိုက်သည်။

"တပ်မှူးလေး၊ မြင်းစီးရဲမက်တွေ လေ့ကျင့်ဖို့ အမိန့်ပေးလိုက်ရတော့မလား. . ."

ရှေ့မှောက်ရောက်လာသောသူကို ဒီပါငုံ့ကြည့်လိုက်သည်။ အကြပ်မှူးတစ်ဦးဖြစ်သည်။

"ဟင်. . . ဘာလဲ"

"မြင်းစီးရဲမက်တွေ လေ့ကျင့်ဖို့ အမိန့်ပေးလိုက်ရတော့မလား"

အကြပ်မှူးသည် ဒီပါ၏ ခွင့်ပြုမိန့်ကို တောင်းခံနေလေသည်။

"အင်း. . ."

မေးခွန်းတစ်ခုဖြစ်သောကြောင့် အဖြေ၏ အထိမ်းအမှတ်အဖြစ် 'အင်း' ဟု ပြောလိုက်သော်လည်း ဘာကိုမေး၍ ဘာကိုဖြေလိုက်မိသည်ကို ဒီပါ သတိမထားမိချေ။ လှည့်ထွက်သွားသော အကြပ်မှူး၏ ကျောပြင်ကို အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိသည်။ အကြပ်မှူးသည် အာကာရဋ္ဌ ခန်းမ၏ အရှေ့ဘက် မုခ်အနီးသို့ ရောက်သောအခါ ခြေအစုံကို တောင့်တင်းစွာရပ်၍ အသံနက်ကြီးဖြင့် အော်လိုက်လေသည်။

"အာကာရဋ္ဌတပ်မှူးလေး ဒီပါရဲ့အမိန့်၊ မြင်းစီးရဲမက်တွေ ကွင်းပြင်မှာ လေ့ကျင့်ဖို့ စုရုံးကြ. . ."

"အာကာရဋ္ဌ တပ်မှူးလေးဒီပါ. . ."

ဒီပါသည် ထိုအမည်ကို စိတ်ထဲမှလိုက်၍ ခေါ်မိသည်။ မိမိအမည်ရှေ့မှ "အာကာရဋ္ဌ တပ်မှူးလေး"ဟူသော ဝိသေသကို ထည့်သွင်းခဲ့ရသည်ဖြစ်စဉ်ကို ပြန်၍ သတိရလိုက်မိသည်။

"ဓားတစ်စင်း၊ မြင်းတစ်ဇက်၊ ဒိုင်းတစ်လွှား၊ လှံတစ်ရိုး မည်သည့်အမျိုးအစားကိုမဆို နိုင်နင်းသသူမှန်သမျှ ပါဒတပ်မသို့ ဝင်ရောက်အမှုထမ်းရမည်။ ပါဒနန်းတော်နှင့် သက်ဆိုင်သသူ ယောကျ်ားတိုင်းသည် ရွှေနန်းတော်မှ ထုတ်လွှတ်ပေးအပ်သော အမိန့်အရ သက်ဆိုင်ရာအဆင့်အတိုင်း တာဝန်ထမ်းရမည်။ မည်သူမျှ မည်သည့်အကြောင်းနှင့်မျှ ဤအမိန့်တော်ကို လွှဲဖယ်ခြင်းမပြုရ။ သခင်မ နှင်းဟေမာ ကိုယ်တော်တိုင်သော်မှပင် အစဉ်အဆက် နတ်ရွာစံ ပါဒဘုရင်မင်းမြတ်တို့၏ ဝိညာဉ်တော်၌ ခိုလှုံ၍ မိမိကျရောက်ရာ အရေးအရာ

http://www.cherrythitsar.org



ကို ထမ်းရွက်ရမည်။

တစ်ခဲနက် ထုတ်လွှင့်သော အမိန့်တော်အရ ပါဒနိုင်ငံတော်အတွင်းရှိ အရွယ်ရောက်ပြီး လုလင်တိုင်း လုံမတိုင်းသည် ဆင့်ခေါ်ရာ တာဝန်ကို ယူကြရသည်။ အိုးစားခန်းမတို့၌ မိန်းမပျို မိန်းမအို ကြီးငယ်တို့သည် ရိက္ခာအတွက် စုဆောင်းချက်ပြုတ်ကြရသည်။ လက်နက်ပစ္စည်းကို ထုလုပ်သော ပန်းပဲသမား၊ လှေလှော်သမား၊ မြင်းဇောင်းကို ထိန်းသိမ်းသော အမှုတော်ထမ်းသမားများမှ အပ ကျန်သော ယောက်ျားတိုင်းသည် စစ်ရေးလေ့ကျင့်မှုသို့ ဝင်ရောက်ကြခဲ့ကြရသည်။

ဗောင်းစလွယ်ရွှေကြိုးကို ရရှိခဲ့သော၊ ဘုရင့်နန်းသုံး ပန်းချီကျော် ဖြစ်ခဲ့သော ဒီပါသည်လည်း ပါဒနေပြည်တော်တွင် အလိုက်ဖက်ဆုံးသော တာဝန်ကို ထမ်းရန် အမိန့်တော်ထုတ်ဆင့်ခြင်း ခံခဲ့ရသည်။ ဒီပါနေထိုင်ရာဒေသမှာ မော်ဝန်းမြစ်ကမ်းဘေးရှိ ဝိဟာရ။ အရှင်ဓမ္မဉာဏ၊ အရှင်ဗုဒ္ဓဉာဏတို့နှင့် အတူ ဝိဟာရသည် ပါဒနိုင်ငံတော်၏ လူနေရပ်ရွာနှင့် သီးခြားကင်းလွတ် သောဒေသဖြစ်သဖြင့် စစ်ရေးအမိန့်တော်သည် ဝိဟာရနှင့် မသက်ဆိုင်။ သို့သော် ဒီပါသည် ဝိဟာရတွင် နေထိုင်သူ အရှင်ဓမ္မဉာဏ၏ တပည့်အနေ ဖြင့် မဟုတ်မူဘဲ ဘုရင့်နန်းသုံး ပန်းချီကျော်အနေဖြင့်ကား အမိန့်တော်၏ နယ်နိမိတ်အတွင်းသို့ လိုအပ်စွာ မလွဲမသွေ ပါဝင်ကျရောက်ခဲ့သည်။

“ဘုရင့်နန်းသုံး ပန်းချီကျော်”သည် ပန်းချီကျော်တို့၏ ဝိညာဉ်များ စုဝေးရာ ‘အာကာရဋ္ဌ’ခန်းမ၏ အကြီးအကဲ ဖြစ်သည်။ သို့မဟုတ် အာကာရဋ္ဌ အတွက် ပန်းချီကျော်သည် တာဝန်အရှိဆုံး ဖြစ်သည်။

ထို့ကြောင့် ဒီပါသည် ‘အာကာရဋ္ဌ၏ တပ်မှူးလေး’အဖြစ်သို့ . . . ။

အာကာရဋ္ဌ တပ်မှူး၏ လက်အောက်ခံအဖြစ်၊ သက်ဆိုင်ရာ ရဲမက်အစုတို့ကို အုပ်ချုပ်သော အကြပ်မှူးတို့ အဆင့်ဆင့်ရှိသည်။ အဆင့်ဆင့်သော အကြပ်မှူးတို့ အပေါ်တွင် အာကာရဋ္ဌတပ်မှူးအဖြစ် ဒီပါ တာဝန်ထမ်းရသည်။

အသက်အရွယ်အရ၊ ကျွန်းမာသန်စွမ်းမှုအရ ဒီပါသည် ‘ဓားတစ်စင်း၊ မြင်းတစ်ဇက်၊ လှံတစ်ရိုး’ဟူသော သတ်မှတ်ချက်တွင် အလိုအလျောက် ပါဝင်သွားသည်။ ထို့အပြင် ဒီပါသည် ဓားရေးကျွမ်းသူ၊ မြင်းစီးလိမ္မာသူ၊ လှံရေးထက်သူဟု မဆိုနိုင်သော်ငြား အများသူငါမျှလောက်တော့ ဓားရိုး၊ မြင်းဇက်၊ လှံရိုးတို့ကို နိုင်နင်းတတ်သည်ဟု အရှင်ဓမ္မဉာဏက ပြောခဲ့သည်။

http://www.cherrythitsar.org



သို့ဖြင့်ပင် ဒီပါသည် စုတ်တံ၊ ဆေးစပ်အင်တုံနှင့်ကားချပ်များကို စွန့်လွှတ်လျက်၊ ချပ်ဝတ်ကို ဆင်မြန်းလျက် ပုံလွှာကားချပ်များ မရှိတော့သည့် အာကာရဋ္ဌ ခန်းမထဲတွင် အကြပ်မှူးတို့ကို အမိန့်ပေးရသည့် အာကာရဋ္ဌ တပ်မှူးလေး အဖြစ်သို့ ရောက်ခဲ့ရခြင်း။

အာကာရဋ္ဌတပ်မှူးလေးအဖြစ် ဒီပါ ထမ်းဆောင်ရမည့် တာဝန်မှာ မိမိထက် အဆင့်ဆင့်သော တပ်မှူးများက စီမံခန့်ခွဲလိုက်သော လေ့ကျင့်ရေး အစီအမံများအတိုင်း သက်ဆိုင်ရာ အကြပ်မှူးတို့ကို အမိန့်ပေးရခြင်းသာ ဖြစ်သည်။ နံနက်တွင် တပ်မှူးကြီးများ စုရုံးရာ နန်းတော်သို့ ဝင်ရသည်။ ထို့နောက် အာကာရဋ္ဌ ခန်းမတပ်အတွက် လေ့ကျင့်ရန် စီမံခန့်ခွဲမှုကို ရယူရသည်။ ညနေတွင် တစ်နေ့တာ လေ့ကျင့်မှုနှင့် အင်အားအခြေအနေကို တပ်မှူးကြီးများစုရုံးရာ နန်းတော်သို့သွား၍ ပေးပို့ရသည်။ စစ်ရေးအတွက် အကြံပြုစရာ၊ တောင်းခံလိုစရာရှိလျှင် ဆွေးနွေးတင်ပြနိုင်သည်။ နောက်တစ်နေ့တွင်လည်း နံနက်ပိုင်းတွင် နန်းတော်သို့သွား၊ စီမံခန့်ခွဲမှုယူ၊ ညနေပိုင်းတွင် တစ်ခေါက်ပြန်သွား၊ လေ့ကျင့်မှုနှင့် အင်အားအခြေအနေကို တင်ပြ၊ အကြံပြုတောင်းခံ၊ ဆွေးနွေးတင်ပြ။

နောက်တစ်နေ့နံနက်. . .၊ ညနေ. . .

"အာကာရဋ္ဌ တပ်စုမှူးလေးဒီပါ"၏ နေ့စဉ်တပ်မှူးတာဝန်မှာ. . . . . ထိုသို့"

နန်းဆောင်တွင် အခြားတပ်မှူးများက စစ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတောင်းခံ အကြံပြုကြသော်လည်း အာကာရဋ္ဌ တပ်မှူးထံမှ မည်သည့် တစ်စုံတစ်ရာမျှ ထွက်ပေါ်လာခြင်း မရှိခဲ့ချေ။

"အာကာရဋ္ဌ တပ်စုမှူးလေး"အဖြစ်သို့ ရောက်ခဲ့ရသည်၏ ရက်သတ္တပတ် နှစ်ပတ်လုံးလုံး ဒီပါသည် နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် နန်းတော်သို့ သွားခြင်းမှအပ မည်သည်ကိုမျှ လုပ်ကိုင်စရာမရှိခဲ့။ စုတ်တံ၊ ကားချပ်၊ ဆေးစပ်အင်တုံကိုလည်း ကိုင်တွယ်ခွင့်မရခဲ့။ ဓားရိုး၊ မြင်းဇက်၊ လှံသွားတို့သည်လည်း တပ်စုမှူး၏လက်နှင့် ဆုံစည်းထိတွေ့သည်ဟူ၍မရှိ။

အာကာရဋ္ဌတပ်၏ အကြပ်တပ်မှူးများသည် ဒီပါကို ပန်းချီကျော် အဖြစ် နှစ်သက်လိုလားကြသူများ ဖြစ်နေသည်။ တပ်မှူးလေးတစ်ယောက် အဖြစ် ဒီပါသည် မိမိတို့အပေါ်တွင် ကျွမ်းကျင်နိုင်နင်းစွာ အမိန့်ပေးစီမံခြင်း

http://www.cherrythitsar.org



မရှိသည့်အဖြစ်ကို လျစ်လျူရှုထားနိုင်ကြသည်။ အနုပညာ၏ ဝိညာဉ်တို့က တဖျတ်ဖျတ် ကွန့်မြူးသော လက်တို့ပိုင်ရှင် ပန်းချီကျော်ဒီပါကို တပ်စုမှူးလေး အဖြစ် လက်ခံရရှိခြင်းကိုပင် ကျေနပ်နှစ်သိမ့်မိကြသည်။ ထို့ကြောင့် ကျွမ်းကျင်မှုရှိပြီးဖြစ်သော အကြပ်မှူးတို့သည် မိမိတို့၏ စစ်ရေးစီမံခန့်ခွဲမှုကို မိမိတို့အလိုအလျောက်ပင် ထမ်းဆောင်သွားကြသည်။ ဒီပါကိုမူကား. . . တပ်မှူးလေး ဖြစ်နေသော ပန်းချီကျော်အဖြစ်ဖြင့်သာ လွတ်လပ်ကင်းရှင်းစွာ နေထိုင်စေသည်။

သို့ဖြင့် . . . ဒီပါသည် ပန်းချီကျော်တို့၏ ကားချပ်များ ကင်းမဲ့ဆိတ်သုဉ်းသော အာကာရဋ္ဌခန်းမထဲတွင် မိမိတို့ ပန်းချီကျော်အဖြစ် နှစ်သက်ထားကြသော အကြပ်တပ်မှူးတို့၏ တပ်မှူးအဖြစ် ရက်အချို့ကို ခြောက်သွေ့စွာ ဖြတ်သန်းနေရလေသည်။

"တပ်မှူးလေး. . ပျင်းနေပြီလားဗျ"

အကြပ်တပ်မှူးတစ်ယောက် ဒီပါရပ်နေရာသို့ ရောက်လာသည်။ ဒီပါသည် အတွေးစတို့ကို ခဲယဉ်းပင်ပန်းစွာ ရုတ်သိမ်းလျက် ထိုသူကို လှမ်းကြည့်လိုက်လေသည်။ ဒီပါနှင့် အသက်အရွယ်တူလောက်ပင် ရှိမည်။ ချွေးသီးချွေးပေါက်များ တင်နေသော မျက်နှာတွင် နှစ်လိုဖွယ်အပြုံးတစ်ခု ရှိနေသည်။

"ပျင်းနေပြီလား တပ်မှူးလေး၊ အေးဗျာ ပျင်းမှာပေါ့၊ တပ်မှူးလေးက အရှင်လတ်လတ် တပ်မှူးဖြစ်ခဲ့တာကိုး. . . ရုတ်တရက် ဘဝပြောင်းလာတော့ ဘဝသစ်မှာ ဘာမှရှာမတွေ့ဘူး ဖြစ်သွားတာပေါ့၊ တပ်မှူးလေး ဘာလိုချင်တယ်ဆိုတာ ကျွန်တော်သိပါတယ်ဗျာ၊ အာကာရဋ္ဌထဲမှာ တပ်မှူးလေး ဘာလိုချင်တယ်ဆိုတာ ကျွန်တော်သိပါတယ်"

လွတ်လပ်ရဲတင်းသော အကြပ်မှူးကို ဒီပါ ခင်မင်သွားမိလေသည်။

"ကျွန်တော့်နာမည် သမိန်စက္က. . . ပါ၊ စက္ကနော်. . . တပ်မှူးလေး၊ စက္ကဝတ် မဟုတ်ဘူး၊ သမိန်စက္ကဝတ်နဲ့ မမှားနဲ့၊ ကျွန်တော်က ပါဒနန်းတော်ထဲမှာ အကြပ်မှူးကလွဲလို့ဘာမှဖြစ်မယ့်ကောင် မဟုတ်ဘူး. . . "

"စက္က. . . ဟုတ်လား"

"ဟုတ်ပ. . . စက္က. . . တဲ့၊ အကြပ်မှူး စက္က၊ လုံ့ရှည်တပ်စုရဲ့ အကြပ်မှူးလေ. . . ပါဒနန်းတော်ထဲမှာ ကျွန်တော် အကြပ်မှူးလုပ်လာတာ ရှစ်နှစ်ရှိပြီ . . . ရှစ်နှစ်"

စက္ကက လက်ချောင်းများ ထောင်ပြရင်း ရယ်နေသည်။

http://www.cherrythitsar.org



"နောက်ထပ် နှစ်ပေါင်းများစွာလဲ ကျွန်တော်အကြပ်မျိုးပဲ ဖြစ်နေမှာပဲ၊ ကျွန်တော်က ပုံလွှာတူရေးတာ ဝါသနာပါတဲ့ ကောင်ကိုး. . . တပ်မှူးလေးရဲ့ အကြပ်မျိုးဖြစ်နေလို့သာ လုံ့ရှည်ကိုကိုင်ပြီး အမိန့်ပေးနေရတာ၊ ကျွန်တော်ဖြစ်ချင်တာက တပ်မှူးလို ပန်းချီကျော်၊ ဒါပေမယ့် ဖြစ်မယ် မထင်တော့ပါဘူးဗျာ. . ."

"ဘာကြောင့်လဲ. . . စက္က. . ."

"ကျွန်တော်မှ ပုံလွှာတူ မရေးတတ်ပဲဟာကိုး. . . တပ်မှူးလေးရဲ့"

အနီးတွင် စုရုံးနေကြသော ရဲမက်များက ရယ်လိုက်ကြသည်။။

"ဒီအကောင် မဟုတ်တာတွေ လျှောက်ပြောနေတာ. . . တပ်မှူးလေး . . . ဒီအကောင် ပုံလွှာတူရေးတတ်တယ်၊ ဒါပေမယ့် တစ်ခုလေးပဲ ဒီအကောင့်မှာ လိုနေတာ. . ."

အခြား အကြပ်မျိုးတစ်ယောက်က စက္က၏ ပခုံးကို ပုတ်ရင်း ဝင်ပြောသည်။

ဒီပါသည် ညည်းငွေ့ထိုင်းမှိုင်းခြင်းများကို မေ့ပျောက်သွားပြီး သူတို့၏ ရယ်မောသံများ၌ စိတ်ဝင်စားမိသွားသည်။ ပုံလွှာတူ ရေးတတ်သည်ဟူသော အကြပ်မျိုး စက္ကကိုလည်း ခင်မင်နှစ်ခြိုက်သွားသည်။

"တကယ် တပ်မှူးလေး၊ ဒီအကောင် စက္ကဟာ ပုံလွှာတူ တကယ် ရေးတတ်တာ. . . ဒီအကောင့်မှာ တစ်ခုပဲလိုနေတာ"

"ဟုတ်လား. . . ဘာများ လိုနေလို့လဲ"

"သူက ဘယ်လိုရေးရေး ပုံလွှာတူကို တူအောင် မရေးတတ်ဘဲဟာကိုး တပ်မှူးလေးရဲ့၊ အဲဒါလေးတစ်ခုပဲလိုတာ"

စက္ကသည် အခြားသူများနှင့်အတူ တဟားဟားရယ်ရင်း နောက်ပြောင်လိုက်သော အကြပ်မျိုး ပခုံးကို တဝုန်းဝုန်း ထုနေလေသည်။

"နေပါဦး၊ စက္က ခုဏကပြောပါတယ်. . . အကြပ်မျိုး လုပ်လာတာဟာ ရှစ်နှစ်ရှိပြီတဲ့. . . နောင်လဲ အကြပ်မျိုးပဲ ဖြစ်နေမှာတဲ့. . . ဘာကြောင့်လဲဗျ"

"ပြော. . . ပြောလိုက်လေ စက္က"

"ဟေ့ကောင်. . . တပ်မှူးလေး မေးနေတယ်၊ ပြောလိုက်လေကွာ"

တဝါးဝါးရယ်သံများအကြားတွင် စက္ကခေါင်းတခါခါ ဖြေနေသည်။ စက္ကသည် ခင်မင်နှစ်လိုသူ ပေါ်များသူဖြစ်ကြောင်း ဒီပါတွေ့နေရလေသည်။

ရတနာပုံစာစုပ်တိုက်

http://www.cherrythitsar.org



"ပြောပါဗျာ. . . ကျွန်တော်သိချင်လို့ပါ ကျွန်တော့်ကို တပ်မှူးလေးလို့ သဘောမထားပါနဲ့ ကျွန်တော်လဲ ခင်ဗျားတို့နဲ့ အသက်အရွယ် အတူတူလောက်ပဲ ရှိတာမဟုတ်လား တစ်ယောက်နဲ့ တစ်ယောက် ခင်ခင်မင်မင်ပေါ့"

"အာ. . . တပ်မှူးလေးကိုတော့ ကျွန်တော်တို့က အစကတည်းက ခင်ပြီးသားပါဗျာ အာကာရဋ္ဌခန်းမမှာ တပ်ဖွဲ့တစ်ခုထားမယ် တပ်မှူးလေးတစ်ယောက် ပို့မယ်ဆိုကတည်းက ကျွန်တော်တို့က ဝမ်းသာနေကြတာ အာကာရဋ္ဌ တပ်မှူးလေးဟာ ပန်းချီကျော် ဒီပါကလွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့က သိပြီးသား၊ တပ်မှူးလေးရဲ့ အနုပညာကို ကျွန်တော်တို့က တကယ်မြတ်နိုးလေးစားတာ. . . "

"အေးပေါ့ဗျာ. . . ဒါကြောင့် ပြောတာပေါ့ အကြပ်မှူး စက္ကဟာ အကြပ်မှူးဘဝက ဘယ်တော့မှ မတက်ဘူး. . . ဆိုတာ ဘာကြောင့်လဲ၊ ကျွန်တော်ကလဲ ခင်ဗျားကို ခင်မင်တဲ့သူအဖြစ် သိချင်လို့ပါ. . . "

"ဒီလို. . . တပ်မှူးလေးရဲ့. . . အဲဒီလိုဗျာ. . . "

သွက်လက်ရွှင်ပျနေသော စက္ကသည် နှောင့်နှေးတုံ့ဆိုင်းသွားသည်။ တစ်စုံတစ်ခုကို ရှက်ကြောက်နေဟန် ဖြစ်သွားသည်။ အကြပ်မှူးတစ်ယောက်က စက္ကကို တွန်းထိုးဖယ်ရှားပြီး ဒီပါနားသို့တိုး၍ ခြေဟန်လက်ဟန်ဖြင့် ရှင်းပြလိုက်လေသည်။

"တပ်မှူးလေး ဒီကောင်စက္က အလကား နောက်သလို ပြောင်သလို လုပ်နေတာ. . . သူ့အဖြစ်မှန်ကို ဒီမှာရှိတဲ့ ရဲမက်တိုင်း သိပြီးပြီ ပါဒနန်းတော်က ရဲမက်အတော်များများ သိပြီးပြီ၊ သူပဲ တွေ့သမျှ လူတကာ လိုက်ပြောနေတာ ဒီအကောင် အကြပ်မှူးအရာက မတက်တဲ့အကြောင်းက ဒီလို တပ်မှူးလေး"

အနီးအနားမှ ရဲမက်များက ရယ်စရာ တစ်စုံတစ်ရာကို ကြားရတော့ မည့်အသွင်ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသော်လည်း ဒီပါကမူ တည်ငြိမ်စူးစိုက်စွာ နားထောင်လိုက်မိသည်။

"စက္ကဟာ ပါဒနန်းတော်မှာ တားမြစ်ထားတဲ့ အမှုကြီးတစ်ခုကို ကျူးလွန်လိုက်တယ်၊ အဲဒါမတိုင်မီကလဲ ဒီကောင့်ကို နန်းတော် တပ်မှူးကြီးများက အတော်မျက်စေ့နောက်နေကြတာ အမှန်က. . . "

"ဟေ့ကောင်. . . မင်းပြောမှ ပိုရှုပ်ကုန်ပြီ၊ ရှင်းရှင်းလင်းလင်း အစအဆုံး စီကာစဉ်ကာ လုပ်စမ်းပါ၊ ဒီလို တပ်မှူးလေးရဲ့. . . "

http://www.cherrythitsar.org



အခြား အကြိုပ်မှုတစ်ယောက်က စိတ်မရှည်ဟန်ဖြင့် ဝင်ပြောပြန်သည်။ ကာယကံရှင် စက္ကမူကား သူ့အကြောင်း ပြောနေသူများကိုသာ တစ်လှည့်စီ ကြည့်နေသည်။ စက္ကအကြောင်း ပြောပြချင်သူများပြားကြောင်း သိရသဖြင့် ဒီပါ ပို၍ စိတ်ဝင်စားလာသည်။

“လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ဒီကောင်အရိုက်အရာမြင့်ဖို့ပဲ တပ်မှူးလေး စက္ကဟာ လုံ့ရှည်ကိုင်လဲ ကျွမ်းကျင်တယ်၊ အမှုတော်ထမ်းလည်း ကျေပွန်တယ် ခင်မင်သူလဲ ပေါတယ်၊ သူ့ အကြိုပ်မှုသက်တမ်း ငါးနှစ်ပြည့်တုန်းက အရိုက်အရာတက်ပြီး ဗိုလ်မင်းအရာပေးဖို့ စီစဉ်နေတုန်း ဒီကောင်က မဟုတ်တာတွေ သွားလုပ်တယ်လေ. . .”

“ဟေ့ကောင်. . . မဟုတ်တာတွေလို့ မပြောပါနဲ့ကွ ငါလုပ်တာ ဒုစရိုက်တရား မဟုတ်ပါဘူး. . .”

“အသာနေစမ်းပါ စက္ကရယ် ငါနားလည်ပါတယ် တပ်မှူးလေး ဒီကောင်က မဟုတ်မခံစိတ်ရှိတယ်၊ တစ်ခါတလေ အရွဲ့တိုက်ချင်တယ် ဒီကောင့်မှာ အဲဒီဉာဉ်ရှိနေတယ်၊ ပထမဆုံး ပြစ်မှုက ဒီကောင်ဟာ မရေးတတ်ဘဲနဲ့ ပုံလွှာတူ တစ်ခု သွားရေးဆွဲလိုက်တာပဲ. . .”

“ဒါကတော့ကွာ. . .”

စက္ကသည် ဒီပါကိုမော့ကြည့်ရင်း၊ ပန်းချီကျော်၏ ရှေ့မှောက်၌ ပုံလွှာတူ ရေးဆွဲသည်ဆိုသည့် ကိစ္စကို ရှက်ရွံ့နေသည်။

“မင်း. . . ဘာမှ ဝင်မရှုပ်စမ်းပါနဲ့ စက္ကရယ် အဲဒီပုံလွှာတူ ရေးလိုက်ခြင်းဟာ သူ့ရဲ့ ပထမဆုံး ပြစ်မှုပဲ တပ်မှူးလေး. . .”

“ပုံလွှာတူ ရေးဆွဲခြင်းသည် ပြစ်မှု. . .”

ဒီပါ ပို၍ စိတ်ဝင်စားလာသည်။ မည်သူ့ရုပ်ပုံကို မည်သို့ ရေးဆွဲလိုက်သလဲဟု ပို၍သိချင်လာသဖြင့် ရှေ့တိုးလာမိသည်။

“ပုံလွှာတူရေးတဲ့ပုံက နိန္ဒရဲ့ပုံ. . .”

“နိန္ဒ. . .”

ထိုအမည်ကို ဒီပါ မေ့လျော့နေမိရာမှ သတိရလာသည်။

‘ဧကရီ’ပုံလွှာတူကို ရေးခဲ့သော နိန္ဒ။ ပန်းချီကျော်ရွေးပွဲတွင် ဧကရီနှစ်ကို ထပ်မံရေးဆွဲပြိုင်ပွဲဝင်ခဲ့သော နိန္ဒ။ ယခုအခါ သမိန်စက္ကဝတ်နှင့်အတူ သီလဝါကျွန်းတွင် ရောက်နေသည်ဆိုသော ကျော်ကြားထင်ရှားသည် နိန္ဒ. .။

http://www.cherrythitsar.org



"နိန္ဒဟာ အဲဒီတုန်းက သခင်မ နှင်းဟေမာရဲ့ ပုံလွှာတူကို ရေးဆွဲပြီး ထားတဲ့ ကာလပေါ့ တပ်မှူးလေး. . ပါဒနန်းတော်ထဲမှာ နိန္ဒရဲ့ အမည်သတင်း မွှေးနေတဲ့ ကာလပေါ့၊ နိန္ဒဟာ နန်းတော်ထဲမှာ ဝင်ထွက်သွားလာခွင့်ရလိုက်ပြီး သခင်မရဲ့ ပုံလွှာတူကို ရေးဆွဲခွင့်ရသူဆိုပြီး ဂုဏ်သိက္ခာ ကြီးမားနေခဲ့တာကိုး"

အရှင်ဓမ္မဉာဏနှင့်အတူ ပါဒနန်းတော်သို့ ပထမဆုံး ရောက်ဖူးခဲ့စဉ်က ဤအာကာရဋ္ဌ ခန်းမထဲမှ နိန္ဒရေးဆွဲသည့် ဇကေရီကို ဒီပါမြင်ယောင်မိ သည်။ မောက်မာဝင့်ကြွားသည်ဆိုသော နိန္ဒ၏ အသွင်အပြင်ကိုလည်း မှန်းဆမိသည်။

"အဲဒီ နိန္ဒကို ဒီကောင် စက္ကက မျက်စေ့ရှုပ်တယ်ဆိုပြီး၊ နိန္ဒရဲ့ ပုံလွှာတူဆိုပြီး ရေးလိုက်တယ်လေ တပ်မှူးလေး. . . ပြီးတော့ စစ်ရေးလေ့ကျင့် တဲ့ ကွင်းပြင်ရဲ့ မြားပစ်စက်တိုင်မှာ ချိတ်ဆွဲထားလိုက်တယ်. . . "

"ဟုတ်လား အဲဒီပုံက ဘာဖြစ်နေလို့လဲ အကြပ်မှူး. . . "

ဒီပါ၏ မေးခွန်းအဆုံး ဝယ်ရှင်းပြနေသော အကြပ်မှူးက ရယ်မော လျက် ပြန်ဖြေလေသည်။

"ပုံရဲ့ အောက်မှာ နိန္ဒပုံလို့ စာရေးထားတယ်၊ ပုံထဲမှာကတော့ လူတစ်ယောက်ပုံမျိုး ဟိုခြစ်ဒီခြစ် ခြစ်ထားတယ်၊ အဲဒီလူရဲ့ မျက်နှာကို ပြုံးထား တယ်၊ ပြီးတော့ သခင်မ နှင်းဟေမာ စီးလေ့ရှိတဲ့ ရွှေဖိနပ်ကို အဲဒီလူခေါင်းပေါ် မှာ တင်ထားတယ်၊ အဲဒါကို နိန္ဒပုံပဲ. . . "

စက္ကရေးဆွဲခဲ့သော 'နိန္ဒ'ပုံလွှာတူကို မြင်ခဲ့ဖူးဟန်ရှိသော အကြပ်မှူး များက တဝေါဝေါရယ်ကြလေသည်။

"မြားပစ်စက်တိုင်မှာ ချိတ်ဆွဲထားလိုက်တော့၊ အကြပ်မှူးတွေ၊ ရဲမက် တွေ တပ်မှူးတွေ တော်တော်များများ မြင်ကုန်ကြတာပေါ့. . . အဲဒီမှာတင်. . . နိန္ဒက စက္ကရဲ့ တပ်ဖွဲ့အုပ်ချုပ်တဲ့ တပ်မင်းကြီး သမိန်ဓမ္မကို တိုင်တော့တာ ပဲ၊ အဲဒါ စက္ကရဲ့ ပထမပြစ်မှု. . . "

"အဲဒီပန်းချီကျော်က တဆိတ်မောက်မာလွန်းတာကိုး. . . ကျွန်တော့် မျက်စေ့ထဲ နောက်တောက်တောက် ဖြစ်တာနဲ့ ပုံလွှာတူ ကောက်ရေးလိုက်တာ ပါ တပ်မှူးလေး"

စက္ကက ဒီပါကို ပန်းချီကျော် တစ်ယောက်အဖြစ် အားတုံ့အားနာ ဖြစ် သွားဟန်ဖြင့် တောင်းပန်လေသည်။ ဒီပါကမူ ပထမပြစ်မှုဆိုသော စကားမှ သည် ဒုတိယပြစ်မှုဟူသော အချက်သို့ စိတ်ဝင်စားမိသွားပြန်သည်။ ထို့ပြင်

http://www.cherrythitsar.org



စက္က၏ တဇွတ်ထိုးနိုင်သော မခံချင်စိတ်နှင့် အပြုအမူ၌ ခင်မင်ရင်းနှီး သွားမိသည်။

"အေးဗျာ၊ ပထမပြစ်မှုဆိုရင်. . . ဒုတိယပြစ်မှုကကော. . ."

"ဒုတိယပြစ်မှုက ဒုတိယပြစ်မှုက ပိုပြီး ဆိုးသွားတယ်. . . တပ်မှူးလေးရဲ့၊ ဒီအကောင် ခြေမနေနိုင်၊ လက်မနေနိုင် သွားလုပ်တာ၊ ဒီတစ်ခါလဲ ပုံလွှာကိစ္စပဲ၊ ပန်းချီပုံတစ်ခု ရေးတယ်၊ စံအိမ်တော် တစ်ခုရဲ့ပုံ၊ စံအိမ်တော်ရဲ့ ကနုတ်ပန်းနဲ့ လှေကားတွေကို အနက်ရောင်ခြယ်ထားတယ်၊ စံအိမ်တော် ပြတင်းမှာ မိန်းမငယ်တစ်ယောက်ရဲ့ ရုပ်ပုံပါ ထည့်ရေးတယ်၊ မိန်းမငယ်ရဲ့ ရုပ်ပုံကတော့ ဟိုခြစ်ဒီခြစ်ပါပဲ၊ ပုံလွှာကို ချစ်သူထိပ်ထားလို့ အမည်တပ်ထားတယ်. . . စံအိမ်တော် ကနုတ်ပန်းနဲ့ လှေကားတွေ အနက်ရောင် ခြယ်ထားလိုက်တော့. . . ပါဒနန်းတော်ထဲမှာ ဒီလို စံအိမ်တော်မျိုးဟာ တပ်မင်းကြီး သမိန်ဗြတ်ဇရဲ့ စံအိမ်တစ်ခုပဲ ရှိတယ်ဆိုတာ အားလုံးသိကြတယ် တပ်မှူးလေး၊ အဲ. . . သမိန်ဗြတ်ဇရဲ့ စံအိမ်တော်ပုံရေးပြီး ပြတင်းမှာ မိန်းမငယ်တစ်ယောက် ပုံပါထည့်ရေး၊ ပြီးတော့ ချစ်သူထိပ်ထားဆိုတဲ့ အမည်ပေးလိုက်တော့. . . အကြီးအကျယ်ကို ဆိုးဝါးကုန်တော့တာပဲ. . ."

"ဘာဖြစ်လို့လဲ. . . အကြပ်မှူး"

"သမိန်ဗြတ်ဇရဲ့ သမီးပျိုကို ဒီအကောင် ရဲဇာတ်လုပ်လိုက်တာပေါ့ တပ်မှူးလေး၊ တပ်မှူးလေးပုံရဲ့ အမည်က. . . ချစ်သူထိပ်ထားဆိုတော့. . ."

စက္က၏ အပြုအမူကို ဒီပါမြင်ယောင်မိသည်၊ တဝါးဝါး ရယ်လိုက်ကြသည့် အသံများထဲတွင် သူ့အသံပါ ရောပါသွားသည်။

"ဟုတ်လား. . . စက္က ခင်ဗျား. . . တပ်မင်းကြီး သမိန်ဗြတ်ဇရဲ့ သမီးပျိုကို ချစ်ကြိုက် စုံမက်လို့. . . အဲဒီပုံ ရေးလိုက်တာလား. . ."

"အဲဒီတုန်းကတော့ ကြိုက်မိတာကိုး၊ တပ်မှူးလေးရဲ့၊ ကျွန်တော် ကြိုက်တာကို ဘယ်လိုလုပ် ဖွင့်ပြောရမှန်း မသိတာနဲ့ ဒီလို လုပ်လိုက်မိတာပဲ"

"ဒီပုံကိုလဲ မြားပစ်စက်တိုင်မှာ ချိတ်တာပဲလား"

"ဒီပုံကိုတော့ စက်တိုင်မှာ မချိတ်ဘူး. . .၊ တပ်မှူးလေး ရဲမက်အစုစံအိမ်ရဲ့ ဝင်ပေါက်အတွင်းဘက်မှာ ချိတ်တာ၊ ဒီအကောင် ကံဆိုးချင်တော့ နိန္ဒရဲ့ လူဖြစ်နေတဲ့ ရဲမက်တစ်ယောက်က ဒီပုံယူသွားပြီး တပ်မင်းကြီးဆီ သွားပြတော့တာပဲ. . ."

http://www.cherrythitsar.org



စက္ကသည် ထိုအပြုအမူများအတွက် အားတုံ့အားနာ ဖြစ်ဟန်ဖြင့် ဒီပါကို ပြုံးရယ်ရင်း ကြည့်နေသည်။ သို့သော် စက္က၏ မျက်နှာပေါ်၌ နောင်တ, ပူပန်ဝမ်းနည်းမှုကို ဒီပါ မတွေ့ရချေ။

"အဲဒီပုံလွှာကိစ္စနှစ်ခုကြောင့် စက္ကဟာ အကြပ်မျိုး အရာက တက်မဲ့ဆဲဆဲ မတက်တော့ဘဲ ဖြစ်သွားတာပေါ့. . . ဟုတ်လား"

"မဟုတ်ဘူး တပ်မျိုးလေး၊ အဲဒီ ကိစ္စနှစ်ခုထက် ပိုဆိုးတဲ့ တတိယပြစ်မှုကို ဒီကောင်က ကျူးလွန်သေးတယ်လေ. . . "

"တတိယပြစ်မှု ဟုတ်လား"

ခင်မင်နှစ်လိုဖွယ်ကောင်းသော ပြုံးရွှင်သည့် မျက်နှာရှိသည့် စက္ကကို ဒီပါ လှမ်းကြည့်လိုက်သည်။ စက္က၏ မျက်နှာသည် ပါဒနိုင်ငံတော်သား ယောကျ်ားပျိုများတွင် အများဆုံးတွေ့နိုင်သည့် ဝိုင်းစက်သော မျက်နှာဖြစ်သည်။ ပြီးတော့ မျက်ရစ်မရှိသော မျက်လုံးများ၊ ထူထဲသော နှုတ်ခမ်းများ၊ ကျင်စွယ်နှုတ်ခမ်းမွေး စစ၊ နီရဲသော မျက်နှာအသွေးအရောင်၊ နက်မှောင်သော မျက်ခုံးကြီးများ၊ စက္က၏ မျက်လုံးများတွင် ပကတိပေါ်လွင်နေသည့် ရိုးသားဖြူစင်မှုကို ဒီပါ တွေ့နေမိသည်။ ငယ်ရွယ်နုပျိုသော ဤအကြပ်မျိုးငယ်သည် အဘယ်ကြောင့် ဤသို့သော ပြစ်မှုများကို ကျူးလွန်သူ ဖြစ်နေရသနည်း။ အဘယ်ကြောင့် စွမ်းရည်ပြည့်ဝသော ဤသူသည် မိမိ၏ အကြပ်မျိုးအရာမှ မတိုးတက်အောင် ပိတ်ပင်သည့်အရာများကို ပြုမူနေရသနည်း။

"တတိယပြစ်မှုက. . . ဘယ်သူ့ပုံလွှာလဲ"

"တတိယပြစ်မှုက အဆိုးဆုံး တပ်မျိုးလေး၊ ပုံလွှာတစ်ခုထဲ မဟုတ်ဘူး၊ ပုံလွှာတွေ အများကြီး. . . "

"ပုံလွှာတွေ အများကြီး. . . "

"ဟုတ်တယ် တပ်စုမျိုးလေး။ ဒါပေမယ့် ဒီတစ်ခါတော့ စက္ကက ရေးတာမဟုတ်ဘူး။ ကြည့်တာ. . ကြည့်ဖို့ ကြိုးစားတာ. . . ဒီလိုပါ၊ ဟောဒီ အာကာရဋ္ဌခန်းမဆောင်ဟာ အခုစစ်မက်ရေးရာ ပေါ်လာလို့သာ ကျွန်တော်တို့ ရဲမက်တွေ တပ်ဖွဲ့ခန်းမအဖြစ် ဒီနေရာမှာ လာခွင့်ရတာကလား၊ တခြား အခြေအနေတွေမှာဆိုရင် အာကာရဋ္ဌခန်းမဆောင်ထဲကို ဘယ်သူမှဝင်ခွင့်မရဘူး၊ တစ်နှစ်တစ်ခါ နန်းတွင်းမြင့်မိုရ်ပူဇော်ပွဲရှိတဲ့အခါမျိုး၊ အဲ. . . ရာဇဘိသေကသဘင်တို့ . . . သဘင်တော်ကျင်းပတဲ့အခါမျိုးမှသာ ခန်းမဆောင်ထဲက ပုံလွှာတွေကို

http://www.cherrythitsar.org



ကြည့်ခွင့်ပေးတာ၊ တခြားကာလတွေဆိုရင် ခန်းမဆောင် စစ်ဆေးတဲ့ ရဲမက်တွေ ကလွဲရင် ဘယ်သူမှ ဝင်ခွင့်မရဘူး၊ အဲဒါကို ဒီအကောင် စက္ကက အာကာရဋ္ဌထဲ က ပုံလွှာတွေ အစုံအလင် တစ်ခါမှ မတွေ့ဖူးဘူး ကြည့်ချင်လှချည်ရဲ့ဆိုပြီး၊ အစောင့်ရဲမက်တစ်ဦးနဲ့ တိတ်တဆိတ် အကြံအစည်ပြု လူချင်းလဲပြီး ဝင် တယ်လေ၊ အဲဒါမိသွားတာပဲ၊ ဟိုအစောင့် ရဲမက်တော့ အမှုတော်လစ်ဟင်းမှု နဲ့ ကြိမ်ဒဏ်ပေးပြီး နှင်လိုက်တယ်၊ ဒီကောင်ကတော့ အမှုတော်ထမ်း ကောင်းလှ လို့. . . ဗိုလ်မင်းအရာ တိုးမြှင့်ပေးဖို့ရှိတာကို ဖျက်သိမ်းလိုက်ပြီး၊ အမှုတော် ထမ်းခြင်းကို ချွင်းချက်ပြုပြီး အမြဲတမ်း အကြပ်မှူး အဖြစ်ရှိစေလို့ အမိန့်တော် ထုတ်လိုက်တာပါပဲ. . . ”

အကြပ်မှူးသည် မောပန်းသွားဟန်ဖြင့် စကားကို အဆုံးသတ်လိုက်သည်။

ဒီပါသည် အကြပ်မှူးအရာက ဘယ်သောအခါမှ တက်တော့မည် မဟုတ်သည့် စက္ကကို ကြင်နာစွာ ကြည့်လိုက်သည်။ သို့သော် တစ်ခုခုကို ထပ်သိလိုသေးသဖြင့် လေးနက်စွာ မေးလိုက်မိလေသည်။

“စက္က. . . ခင်ဗျား. . . အာကာရဋ္ဌထဲက ပုံလွှာတွေကို တကယ် ကြည့်ချင်လွန်းလို့ တားမြစ်ထားပါရက်နဲ့ ဝင်ကြည့်တာလား. . . ဒါမှမဟုတ် တားမြစ်ချက်ကို တမင်အရွဲ့တိုက်ချင်လို့ ဒီလိုလုပ်တာလား. . . ”

ပြုံးရယ်နေသော စက္က၏ မျက်နှာသည်လည်း တည်ကြည်သွားသည်။

“တပ်မှူးလေး. . . ကျွန်တော်ဟာ. . . ဟို. . . နိန္ဒ ပုံလွှာတူနဲ့ ချစ်သော ထိပ်ထားဆိုတဲ့ ပုံလွှာတွေ ရေးဆွဲခဲ့စဉ်တုန်းကတော့ အရွဲ့တိုက်ချင် စိတ်ရှိလို့လဲ တစ်ကြောင်း၊ တကယ်လဲ စိတ်ထဲပါလာလို့တစ်ကြောင်းကြောင့် လုပ်ခဲ့တာပါ။ အခု အာကာရဋ္ဌထဲ ဝင်ကြည့်တဲ့ ကိစ္စကတော့. . . တားမြစ်ချက်ကို အရွဲ့တိုက် တာ လုံးဝမဟုတ်ပါဘူး၊ ကျွန်တော် ဒီခန်းမထဲက ပုံလွှာတွေကို စုံစုံစေ့စေ့ ကြည့်ချင်လွန်းလို့ပါ။ ကျွန်တော်ဟာ တကယ့်ကို ပန်းချီကျော် ဖြစ်ချင်တဲ့သူပါ၊ ဒါပေမယ့် ကိုယ်က ဘယ်လိုမှ မဖြစ်နိုင်လို့. . . ပန်းချီကျော်တွေရဲ့ မြတ်နိုး လေးစားစရာ လက်ရာကို ကြည့်ချင်၊ မြင်ချင်၊ တွေ့ချင်လွန်းလို့. . . ခန်းမထဲ ဝင်ခဲ့တာပါ၊ တပ်မှူးလေး”

ဒီပါ၏ ရင်ထဲသို့ စာနာ နားလည်မှုတစ်ခု ဝင်ရောက်လာသည်။ စက္က ၏ မွတ်သိပ်မှုနှင့် အမိန့်ကို ကျူးလွန်မှုတို့ကိုလည်း၊ အနုပညာ၏ အသည်းနှလုံး များဖြင့် ခွင့်လွှတ်မိပြီး ဖြစ်သွားသည်။ ပုံလွှာများကို မြင်ချင်၊ ကြည့်ချင်၊

http://www.cherrythitsar.org



တွေ့ချင်သည်ဟူသော မွတ်သိပ်မှုသည် အမိန့်တစ်စုံတစ်ခု၊ တားမြစ်ချက်တစ်စုံတစ်ခုနှင့် နှိုင်းစာပါက အဆပေါင်းများစွာ ပိုမိုလေးနက်ကြောင်း ဒီပါနားလည်လိုက်သည်။

"စက္က. . . ခင်ဗျား အကြပ်မျူး အရာနဲ့ ရှစ်နှစ်ရှိပြီနော်. . ."

"ဟုတ်ပါတယ် တပ်မှူးလေး. . ."

"မငြီးငွေ့ဘူးလား"

"ငြီးငွေ့ခဲ့တာ သုံးနှစ်ရှိပါပြီ တပ်မှူးလေး. . ."

"ခင်ဗျား ဗိုလ်မင်းအရာ ဖြစ်သင့်ပြီနော်"

"လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ဖြစ်ခဲ့ရမှာပါ၊ တပ်မှူးလေး"

"ခင်ဗျား ဘာကြောင့် ဗိုလ်မင်းအရာ လိုချင်ရတာလဲ"

"ကျွန်တော် ဗိုလ်မင်းအရာနဲ့ ထိုက်တန်လို့ပါ. . ."

"ခင်ဗျားကို အာကာရဋ္ဌတပ်မှူးလေးအဖြစ်နဲ့ ကျွန်တော့် အမိန့်အရ ဗိုလ်မင်းအရာပေးတယ်. . ."

စက္ကသည် ရုတ်တရက် ဝမ်းသာဟန် ဖြစ်သွားသော်လည်း ချက်ခြင်းပြန်၍ ညှိုးငယ်သွားလေသည်။

"ကျေးဇူးကြီးမားလှပါတယ် တပ်မှူးလေး ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး"

"ဘာကြောင့်လဲ. . ."

"စေက္က အကြပ်မှူးအရာနဲ့သာ နေရမယ်လို့ ရွှေနန်းတော်ရဲ့ ရွှေတိုက်တော်ထွက် အမိန့်တော်နဲ့ ထုတ်ပြန်ထားခဲ့ပါတယ်၊ ဒါကို ဘယ်သူမှ ပယ်ဖျက်လို့ မရတော့ပါဘူး. . ."

ရယ်မောပျော်ရွှင်နေတတ်သော စက္ကထံမှ လှိုက်လှဲသော စကားကို ကြားရသည့်အတွက် အားလုံး တိတ်ဆိတ်သွားကြသည်။ ဒီပါသည် ရီဝေသော မျက်လုံးများဖြင့် စက္က၏ ညှိုးမှိုင်းသော မျက်နှာကို ကြည့်နေမိသည်။

"ညနေပိုင်း စစ်ရေးလေ့ကျင့်ဖို့နဲ့ ဒီနေ့ စစ်ရေးလေ့ကျင့်မှု သတင်းများ ပို့ဖို့ ဆိုင်ရာအကြပ်မှူးများ ရောက်နေပါပြီ တပ်မှူးလေး ဒီပါ. . ."

ထွားကြိုင်းသော အကြပ်မင်း၏ အသံဝါကြီး ပေါ်လာသည်။ သူကား အာကာရဋ္ဌတပ်ဖွဲ့ အကြပ်မှူးများ၏ ဦးစီးဖြစ်သည်။ အကြပ်မင်း၏ အသံကြောင့် ငေးငိုင်နေမိကြသော ရဲမက်အားလုံး ပြန်၍ အသက်ဝင်လာကြသည်။

"ကောင်းပါပြီ အကြပ်မင်း အကြပ်မှူးများကို စုရုံးပါ. . ."

http://www.cherrythitsar.org



အကြပ်မှူးများ ပေးပို့လာသည့် တစ်နေ့တာ သတင်းကို ဒီပါနားထောင်မှတ်သားရမည်။ ထို့နောက် ချုပ်ညရီကာလ မီးတိုင်များ မီးထွန်းစအချိန်တွင် တပ်မင်းကြီးများ နန်းဆောင်သွား၍ တစ်နေ့တာ၏ အခြေအနေကို ပို့ဆက်ရဦးမည်။

လှုံ့ရှည်ကိုင် ရဲမက်အစုရှိရာသို့ ထွက်ခွာသွားသည့် အကြပ်မှူး စက္က၏ ကျောပြင်ကို လှမ်းကြည့်ရင်း ဒီပါသည် လက်အစုံကို ပူးကပ်ကြိတ်ချေလိုက်မိသည်။

အေးစက်မာကြောသော သံနန်းခတ်လက်အိတ်များ အထိအတွေ့။

* * *

မျှော်လင့်ထားသော စစ်သည်၊ မျှော်လင့်ထားသောအချိန်မှာပင် ရောက်ရှိလာသည်။ သို့သော် မျှော်လင့်ထားသော စစ်မျက်နှာမဟုတ်။

မြောက်ဘက်စစ်မျက်နှာမှ ရသေ့ဂူနှင့် ဇေယျာဒီပတောင်ကုန်းဝန်းကျင်တွင် စွဲထားသော ကင်းတပ်၊ ရေကျိုးတပ်များသို့ ရန်သူမလာ။

တောင်ဘက်စစ်မျက်နှာမှ ကင်းမြို့ ၃၈-ထပ် စွဲထားသည့် ဝွမ်းမြို့နယ်ခြား ကျောက်တန်း တပ်မများသို့လည်း ရန်သူမလာ။

အရှေ့ဘက်စစ်မျက်နှာမှ ရှည်လျားသော ပါဒချောင်းကျယ်၏ တစ်ဖက်ကမ်း တောအုပ်များတစ်လျှောက်၊ နယ်ခြားစောင့်တပ်သို့လည်း ရန်သူမလာ။

ရန်သူသည် ကုန်းကြောင်းအစီအရင်ဖြင့် မဟုတ်မူဘဲ၊ ရေကြောင်းအစီအရင်ဖြင့် လာသည်။ ပါဒနိုင်ငံတော်ကို တောင်ဘက်အရပ်မှ ပတ်ခွေစီးဆင်းသွားသော မှော်ဝန်းမြစ်သည်၊ ပါဒနိုင်ငံတော်နှင့် ဝေးကွာလှသောနေရာတွင် ပင်လယ်နှင့် ဆုံစည်းစီးဝင်သွားသည်။ ထိုနေရာသည် ကျောက်ဆောင်နှင့် ပင်လယ်အော်တို့ ထူထပ်သည်။ ထိုနေရာသို့ ရန်သူတို့ အလုံးအရင်းဖြင့် ခိုအောင်း၍ အခိုင်အမာ တပ်စွဲသည်။ ထို့နောက် သစ်ဖောင်များဖွဲ့ပြီး မှော်ဝန်းမြစ်ကြောင်းအတိုင်း မြောက်ဘက်သို့ဆန်တက်သည်။ ပါဒနိုင်ငံတော်၏ စစ်အစီအမံအရဆိုလျှင် ထိုနေရာသည် အနောက်ဘက် စစ်မျက်နှာ။

ထိုနေရာသည် သီလဝါကျွန်း။

ဆောင်းဦးရာသီကို ရန်သူသည် စိတ်ကြိုက်ရွေးချယ်၍ စစ်ပြုသည်။ မှော်ဝန်းမြစ်နှင့် ပင်လယ်တို့ ထိတွေ့ရာဒေသသည် ကျောက်ဆောင်နှင့်

http://www.cherrythitsar.org



ပင်လယ်အော်များ ထူထပ်သည်မှန်သော်လည်း ပါးလွှာသော နှင်းထုအောက်တွင်၊ အန္တရာယ်ပေးမည့် ကျောက်ဆောင်အစွန်း အခက်အတက်အစွယ်များကို ရန်သူ့လှေများ ကောင်းစွာ ရှောင်ကြဉ်နိုင်ကြသည်။ ဘေးမသီရန်မခဘဲ ကျောက်ဆောင်များတွင် အခိုင်အမာ စုရုံး တပ်ဖွဲ့လိုက်နိုင်သည်။

ထို့နောက်. . . မှော်ဝန်းမြစ်၏ အခြားတစ်ဖက်ကမ်းမှ၊ ကညင်ပင်နှင့် ကျွန်းပင်များကို ခုတ်လှဲလျက် ဝါးဖောင်များဖွဲ့နိုင်ကြသည်။ ထို့နောက် ပါဒ၏ ဟင်းလင်းပွင့်နေသော အနောက်ဘက် စစ်မျက်နှာနေရာဖြစ်သည့် သီလဝါကျွန်းသို့ မှော်ဝန်းမြစ်ကြောင်းအတိုင်း ဆန်တက်ကြသည်။

ငြိမ်သက်သော ဆောင်းဦးလေနှင့် အေးမြသော ဆောင်းဦးနှင်းတို့ သည် ဝါးဖောင်များကို ကောင်းစွာ အထောက်အကူပေးသည်။ မဆိုစလောက် အငွေ့လွင့်ပျံနေသော မှော်ဝန်းမြစ်ရေပြင်ထက်ဝယ် ဝါးဖောင်များကို တွင်ကျယ်စွာ အသုံးပြုနိုင်ခဲ့ကြသည်။

ပါဒနိုင်ငံတော်ကို တပ်မက်စွာ ပွေ့ပိုက်ထားသော မှော်ဝန်းမြစ်သည် မိမိပွေ့ပိုက်ထားသည့် နိုင်ငံတော်အား ထိုးနှက်ချေမှုန်းမည့် ရန်သူတို့ကို မိမိ၏ ရေပြင်ထက်မှာပင် အလိုမတူဘဲ လက်ခံခဲ့ရသည်။ မိုးရာသီ သို့တည်းမဟုတ် နွေအကုန် မိုးအကူး ရာသီဖြစ်လျှင် ရန်သူ့လှေနှင့် ဝါးဖောင်များကို မိမိ၏ စွမ်းအားပြင်းသော လှိုင်းလုံးတို့ဖြင့် ဖျက်ဆီးနိုင်ကောင်း ဖျက်ဆီးနိုင်မည်၊ ဟန့်တားနိုင်ကောင်း ဟန့်တားနိုင်မည်။ သို့သော်. . . ယခုမူကား. . .

အစီအရင်မဲ့သော ဟင်းလင်းပွင့်သော အနောက်ဘက် စစ်မျက်နှာ၏ သီလဝါကျွန်းရှိရာ ရန်သူကို ပို့ဆောင်ပေးနေရပြီ ဖြစ်သည်။ ရပ်သူ့ဝါးဖောင်တို တိတ်တဆိတ် ထိကပ်လာခြင်းကို အိပ်မောကျနေသော သီလဝါကျွန်းသည် လုံးဝမသိလိုက်။ ရန်သူ့ စစ်ဦးသည် အနီးဆုံး ဖြစ်သော သီလဝါကျွန်း တောင်ဘက်ကျွန်းစပ်၏ ဒက္ခိဏတပ်မကို တလွှယ် တကူ သိမ်းပိုက်လိုက်သည်။ ထူးဆန်းသော အဖျားရောဂါဖြင့် ချိနဲ့နေကြသော ဒက္ခိဏတပ်မ ရဲမက်များသည် အေးမြသော ဆောင်းဦးည၏ နံနက်လင်းအား ကြီးအချိန်တွင် ရန်သူတို့၏ စီးနင်းခြင်းကို ခံလိုက်ရသည်။

များစွာသော ပါဒရဲမက်တို့မှာ မိမိတို့ လဲလျောင်းကုသနေရာ၊ လူမမာ တဲဆောင်များအတွင်းမှာပင် သုံ့ပန်းအဖြစ်သို့ ရောက်ရှိသွားသည်။ ဒက္ခိဏ တပ်မမှူး သမိန်မရူကား သီလဝါကျွန်းစောင့် တပ်မများနှင့် အခြားစစ်ရေး

http://www.cherrythitsar.org



အစီအမံတို့ကို မှတ်သားထားသည့် ပရပိုဒ်များထားသိုရာ အခန်းငယ်အတွင်း မှာပင် ခုခံတိုက်ခိုက်ရင်း ကျဆုံးသွားခဲ့သည်။ သမိန်မရူ၏ သွေးကိုသောက်ပြီး သည်၏ အဆုံးဝယ် ရန်သူစစ်တပ်မှူးတို့သည် သမိန်မရူ၏ အလောင်းကို ဖယ်ရှားလျက်၊ နောက်ဘက်အခန်းငယ်အတွင်းမှ သီလဝါကျွန်းစစ်ရေး အစီ အမံမှတ်တမ်းများကို ရရှိသွားသည်။

ထိုမျှသာမက. . .

ကျွန်းစောင့်တပ်မ လေးခု၏အလယ်၊ ကျွန်း၏ ဗဟိုတွင် တည်ထား သော ကျိုက်ခနုဂ်စေတီ၌ ဌာပနာထားသည့် ရတနာများ၊ ဥမင်လိုဏ်တွင် မြှုပ်နှံသည့် ဘဏ္ဍာများစာရင်းကိုပါ ရရှိလိုက်ကြသည်။

ထိုမျှသာမက. . .

ပါဒနိုင်ငံတော်တစ်ဝှမ်းနှင့် ပါဒနေပြည်တော် အတွင်းရှိ စေတီပုထိုး များ ဥမင်လိုဏ်များ အတွင်းတွင် ရှိနေကြသည့် တစ်ခဲနက်သော ရတနာများ၊ ရွှေဖြင့်၊ မြကျောက်ဖြင့် ပတ္တမြားဖြင့် ထုလုပ်ကိုးကွယ်သည့် ရုပ်ပွားဆင်းတု တော်များသည် ဤမြေပေါ်ဝယ် အဘယ်မျှလောက်အထိ အဖိုးအနဂ္ဃ ထိုက်မည် ကိုပါ ကြိုတင်မှန်းဆ နားလည်လိုက်ကြသည်။

“ပါဒကို အစိတ်စိတ်အမွှာမွှာ ချေမှုန်းပြီးလို့ ပါဒမှာရှိတဲ့ ဘုရားစေတီ တွေထဲက ရတနာတွေကို သိမ်းပိုက်ပြီးလို့ ပါဒအလုံးကို လက်အောက်ခံပြုပြီး ရင်တော့ ငါဟာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံတော်က ဘယ်တုန်းကမှ ဘယ်သူမှ မပိုင်ဆိုင်ဘူးတဲ့ စည်းစိမ်ဥစ္စာကို ပိုင်ဆိုင်တဲ့ အချမ်းသာအကြွယ်ဝဆုံး ဘုရင် ဖြစ်တော့မယ်၊ ကမ္ဘာ့အချမ်းသာဆုံး ဘုရင်တကာများရဲ့ အချမ်းသာဆုံး ဧကရာဇ်မင်းမြတ် . . . စန္ဒရော်မော်နီဆိုပြီး. . . ”

ရန်သူစစ်ခေါင်းဆောင်သည် သမိန်မရူ၏ ကိုယ်မှ စွန်းပေနေသော ပူနွေးဆဲဖြစ်သည့် သွေးများကို ဓားသွားမှ သုတ်ရင်း ဟစ်အော်လိုက်သည်။

“ကမ္ဘာ့အချမ်းသာဆုံး ဘုရင်စန္ဒရော်မော်နီဆိုတဲ့ ဘွဲ့နာမနဲ့ ငါ. . . ငါဟာ”

လောဘ၏ အစိုင်အခဲတို့ဖြင့် ပိတ်ဆို့နေသည်ဖြစ်၍ ရန်သူ့စစ်ခေါင်းဆောင် သည် သူ၏ ကြွေးကြော်မှုကို အစုံအလင် မရေရွတ်နိုင်တော့ချေ။

အတောင် သုံးဆယ်မြင့်သော၊ ခြေထောက်ကို ကားရားချဲထားသော၊ ညှို့ကြိုးတွင် မြားတံတပ်ဆင်ထားသည့် လေးကို ကိုင်စွဲချိန်ရွယ်ထားသော

http://www.cherrythitsar.org



သမိန်စက္ကဝတ် ရုပ်တုသည် အောက်ခြေမှ ပြိုလဲကျသွားသည်။

ရုပ်တုကို ပြန်လည်တည့်မတ်စိုက်ထူပေးနိုင်မည့် မဗ္ဗိမတပ်မ ရဲမက်တို့သည်လည်း၊ လဲပြိုသွားသော ရုပ်တုဘေးတွင် လဲကျသေဆုံးနေကြသည်။ ပါဒ၏ရဲမက်နှင့် ရုပ်တုတို့သာမကပေ။

စန္ဒရော်မော်နီ၏ တပ်များ တသဲသဲ အောင်ပွဲခံနေသည့် ထိုအချိန်တွင် ကျွန်း၏ အလယ်ဗဟိုရှိ နန်းဆောင်ထဲမှ သမိန်စက္ကဝတ်သည်လည်း သလွန်ပေါ်တွင် လဲကျနေလေသည်။

လဲကျနေသော သမိန်စက္ကဝတ်ကိုမူကား နိန္ဒက ထူမတ်ပေးနိုင်ပေသည်။

"နိန္ဒ. . . လား. . . "

"ဟုတ်ပါတယ်. . . မင်းတရား. . . "

"ငါ. . . ဘာဖြစ်တာလဲ"

"မင်းတရား သေရည်မဆိုစလောက် ပိုကဲသွားတာပါ"

နိန္ဒသည် သမိန်စက္ကဝတ်ကို ထူမတ်ပေးရင်း သလွန်၏ ခေါင်းရင်း ဘက်ခြေရင်းဘက်များသို့ ကြည့်လိုက်မိသည်။ သေရည်ထည့်သည့် ရွှေတကောင်းများသည် သလွန်ဝဲယာအောက်ခြေတွင် အစီအရီဖြင့်။

"အခု ဘယ်အချိန်လဲ"

"နံနက် အရုဏ်တက်ကာလပါ မင်းတရား"

"သင် ဘာလုပ်နေတာလဲ နိန္ဒ"

"မင်းတရားနဲ့အတူ သေရည်သောက်နေခဲ့ပါတယ်"

"တစ်ညလုံးလား"

"တစ်ညလုံးပါ မင်းတရား"

"ညပိုင်းက ကျွန်းစောင့်တပ်မမှူးတွေ ငါ့ဆီမလာကြပါလား"

"တစ်ယောက်မှ မလာကြပါဘူး မင်းတရား"

"ဒီနေ့ လာကြမလား"

"လာကြပါလိမ့်မယ် မင်းတရား"

"ကောင်းတယ် နိန္ဒ၊ ဒါပေမယ့် အခု ငါ့ခေါင်းကို တင်းပုတ်နဲ့ ထုနှက်နေသလို ဖြစ်နေတယ်"

"မင်းတရား အလိုတော်ရှိမယ်ဆိုရှိရင် သေရည်နည်းနည်း. . . "

http://www.cherrythitsar.org



"ကောင်းတယ် ပေးစမ်း"

ရွှေတကောင်းတော်ကို လှမ်းယူလိုက်ပြီး သမိန်စက္ကဝတ်၏ နှုတ်ခမ်းသို့ တေ့ပေးလိုက်သည်။

"နိန္ဒ သင်ဟာ တကယ်တော်တဲ့ ပန်းချီကျော်ပဲ၊ အခု ငါ့ခေါင်းထဲမှာ လေညင်းလေးတွေ တိုက်ခတ်လာပြီ"

"ဘုန်းတော်ကြောင့်ပါ မင်းတရား"

ထိုအခိုက် နန်းဆောင်တံခါးသည် ပြင်းထန်သော အသံဖြင့် ပွင့်သွားသည်။

"ဟေ့. . . ဘာဖြစ်တာလဲ၊ ဒီတံခါး ဒီလိုပွင့်သွားအောင် ဘယ်လေမုန်တိုင်းခတ်လို့လဲ၊ ငါ့ခေါင်းထဲမှာ လေညင်းလေးတွေ။"

"ဘုရင်မင်းမြတ် သမိန်စက္ကဝတ် ဘုရင်မင်းမြတ် ပြေးပါပြေးပါ၊ ရန်သူတွေ ဥတ္တရတပ်မကို စီးမိသွားပါပြီ၊ သူတို့ ဒီကိုလာကြတော့မယ်"

တံခါးကို တိုးဆောင့်တွန်းဖွင့်ဝင်လာသူကား ဥတ္တရတပ်မမှူး သမိန်ဓမ္မ ဖြစ်လေသည်။ သမိန်ဓမ္မ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်း နီနေသည်။

နိန္ဒသည် သလွန်အနီးမှ ခုန်ထွက်လိုက်သည်။ ရွှေတကောင်းသည် အောက်သို့ကျသွားပြီး ကွဲသွားသည်။ သေရည်များ ကမ္ဗလာပေါ်သို့ ဖိတ်စင်သွားသည်။

"ဘာ. . . ဘာပြောတယ်"

"ဇင်းမယ် ရန်သူတွေ၊ ဒက္ခိဏ၊ မဇ္ဈိမ၊ ဥတ္တရ တပ်မတွေကို စီးမိသွားပြီ၊ သူတို့ ဒီကိုလာနေကြပြီ၊ သမိန်မရူကျသွားပြီး ကျွန်းစောင့်တပ်မ သုံးခုစလုံး ပျက်ပြီ၊ ဘုရင်မင်းမြတ်ပြေးပါ. . . "

သမိန်စက္ကဝတ်သည် ကျားသစ်တစ်ကောင်၏ လျင်မြန်မှုဖြင့် သလွန်ထက်မှ ထရပ်သည်။ ရွှေတကောင်းများကို ပြင်းထန်စွာ ကန်ကျောက်ပစ်လိုက်သည်။

"ဇင်းမယ်က ရန်သူ ဟုတ်လား. . . သူတို့လာနေကြပြီ"

"ဟုတ်ပါတယ်. . . ပြေး. . . ပြေးပါ. . . သူတို့လာနေကြပြီ"

"ဘာကြောင့် ပြေးရမှာလဲ၊ ငါ့သတ္တခနေ့လေးတော် ပေးစမ်း. . . ငါဟာ ထွက်ပြေးတဲ့ သူယုတ်မဟုတ်ဘူး. . . ငါဟာ သမိန်စက္ကဝတ်၊ လေးတော်ပေး"

"ဘုရင်မင်းမြတ်. . . ပြေးပါ"

http://www.cherrythitsar.org



"ရန်သူတွေ လာပြီ ဟုတ်လား၊ မင်းတရား အခြေမလှဘူး ပြေးကြပါ စို့"

နိန္ဒသည် သေရည်မရှိတော့သော ရွှေတကောင်းကို အယောင်ယောင် အမှားမှား ကောက်ကိုင်လိုက်သည်။ သမိန်စက္ကဝတ်က သတ္တမနေ့လေးကို ယူရန် စင်မြင့်ဆီသို့ ပြေးသွားသည်။ သမိန်ဓမ္မသည် ဒဏ်ရာဖြင့် အယိမ်းယိမ်း အယိုင် ယိုင် ဖြစ်နေလျက်ကပင် သမိန်စက္ကဝတ်ကို အတင်းဝင်ချုပ်သည်။ နန်းတော် အတွင်းသို့ အခြားတပ်မှူးငယ်များ၊ ရဲမက်များလည်း ဝင်လာသည်။ အခြေ အနေမှာ ရှုပ်ထွေးသွားသည်။

သမိန်စက္ကဝတ်သည် သတ္တမနေ့လေးကို ပခုံးတွင် စလွယ်သိုင်းလိုက် နိုင်သော်လည်း သေရည်လွန်ကဲမှု အရှိန်ကြောင့် တည့်မတ်ဆောက်တည်နိုင် ခြင်း မရှိတော့။ နိန္ဒက သမိန်ဓမ္မကို ဝင်၍ ကူသည်။ သမိန်စက္ကဝတ်ကိုဝင်၍ ချုပ်ကြသည်။ ထို့နောက် အလဲလဲ အကွဲကွဲဖြင့် နန်းဆောင်အတွင်းမှ ပြေးထွက် သွားကြသည်။

သမိန်စက္ကဝတ်၊ ဥတ္တရတပ်မမှူး သမိန်ဓမ္မ၊ နိန္ဒနှင့် အခြားရဲမက်များ သီလဝါကျွန်း၏ ဘုရင့်ဆိပ်ကမ်းဆီသို့ ပြေးသွားနေချိန်တွင် ရန်သူသည် ဗဟိုနန်းဆောင်၏ ဝင်းတပ်ကို စတင်တိုက်ခိုက်နေပြီ ဖြစ်သည်။

နာရဒလှေတော်ပေါ်သို့ အားလုံးရောက်ရှိသွားကြပြီး၊ ကုန်းဘောင် ပျဉ်ပြားကို ဖြုတ်ချလိုက်သည့် အချိန်တွင်. . .

သီလဝါကျွန်း၌ နောက်ဆုံးကျန်ရှိသော စတုတ္ထမြောက် 'သမိန်စက္ကဝတ်' ရုပ်တုသည် အောက်ခြေမှ ပြိုလဲကျနေလေသည်။ 'စန္ဒရော်မော်နီ'ကား ရုပ်တု ပေါ်၌ ခြေတင်လျက် တဟားဟား ရယ်မောလျက်။ သီလဝါကျွန်းပေါ်၌ ကြွင်း ကျန်ရစ်သမျှသော ပါဒရဲမက်တို့သည် ဇင်းမယ်သားတို့၏ ဓားကောက်သွား ဖျားတွင် အသက်ဇီဝကို ပေးအပ်လျက်။

*　　　*　　　*

ကျောက်တန်းအထပ်ထပ် ပိတ်ဆို့စီရင်ထားသော ဂွမ်းမြို့သုံးဆယ့် ရှစ်ထပ် ကင်းတပ်၏ အပြင်ဘက်ဆုံး ကင်းတပ်သည် ရှေ့တော်ပြေး လှေများ မပါလာသည့် နာရဒလှေတော်ကို တွေ့လိုက်သည်။

ကင်းတပ်မှူးများသည် မှော်ဝန်းမြစ်ဆိပ်ကမ်းသို့ စိုးရိမ်တကြီး ပြေးဆင်း လာကြသည်။ နာရဒလှေတော်သည် ဘုရင့်ဆိပ်ကမ်းတွင် ဖရိုဖရဲ ဆိုက်ကပ်

http://www.cherrythitsar.org



လိုက်သည်။

အော်ဟစ်ရုန်းကန်နေသော သမိန်စက္ကဝတ်ကို ချုပ်နှောင်ပွေ့ပိုက်လျက် ဆင်းလာသည့် ဥတ္တရတပ်မမှူး သမိန်ဓမ္မကို တွေ့ကြုံရသောအခါ ကင်းတပ်မှူးတို့ အဖြစ်မှန်ကို ရိပ်စားမိသွားကြလေသည်။

"ဇင်းမယ် ရန်သူတွေ. . . လား. . ."

"ဟုတ်တယ်. . . သီလဝါကျွန်းကို သူတို့စီးမိသွားကြပြီ. . ."

"နာရဒလှေတော်ကို ချောင်းစွယ်ထဲယူသွား၊ ဘုရင်မင်းမြတ်ကို ကင်းတပ်ထဲ ခေါ်သွား၊ မြင်းသည်ကျော် လာစမ်း နေပြည်တော်ကိုသွား၊ သခင်မကို အကျိုးအကြောင်းပြော၊ သုံးဆယ့်ရှစ်တပ် ကင်းမြို့တွေ အဆင့်ဆင့် အကြောင်းကြား. . . မြင်းသည် ရဲမက်အခု အသင့်ပြင်၊ အနောက်ဘက်ဒေသက ရေကျူးတမန်တွေ အသင့်ပြင်ဖို့ အကြောင်းကြား. . ."

ကင်းတပ်မှူးတို့၏ အချုပ် ဗိုလ်မင်းသုဒ္ဓသည်၊ အဆက်မပြတ်သော အမိန့်များကို ထုတ်လိုက်သည်၊ အားလုံးတာဝန်ကျရာ အရပ်သို့ ထွက်ခွာသွားကြသည်။ ဥတ္တရတပ်မမှူး သမိန်ဓမ္မကား ဒဏ်ရာ၏ နာကျင်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ သွေးထွက်လွန်ခြင်းများဖြင့် မိန်းမောနေပေပြီ၊ ပန်းချီကျော် နိန္ဒသည် သူရူးတစ်ယောက်ကဲ့သို့ ဝိုင်းဝိုင်းလည်နေသော မျက်လုံးမျိုးဖြင့် ဝန်းကျင်ဝဲယာကို ကြည့်နေသည်။ နိန္ဒ၏ ပခုံးကိုတွဲခိုထားသော သမိန်စက္ကဝတ်ကား မပြယ်လွင့်တတ်သေးသော သေရည်အရှိန်ဖြင့် ယိမ်းယိုင်လဲပြိုနေရင်းက အော်ဟစ်နေလေသည်။

"သတ္တဓနုလေးတော် ပေးစမ်း. . . ငါတစ်ယောက်ထဲ တိုက်မယ်. . . သတ္တဓနုလေးတော် ပေးစမ်း. . ."

ဗိုလ်မင်း သုဒ္ဓက ခေါင်းကို လေးပင်စွာ ခါရမ်းရင်း၊ ကင်းတပ်ရဲမက်များဘက်သို့ လှည့်ပြောလိုက်လေသည်။

"ဘုရင်မင်းမြတ်ကို အလုံခြုံဆုံးနေရာခေါ်သွားပြီး၊ အိပ်ပျော်အောင် လုပ်ပေးလိုက်ကြ၊ သေရည်ကို လိုအပ်ရင်လဲ ထပ်ပေးလိုက်ကြ"

သီလဝါကျွန်းကို တပ်စွဲပြုလိုက်သော စန္ဒရော်မော်နီ၏ တပ်များသည် မှော်ဝန်းမြစ်ကြောင်းအတိုင်း ဆက်၍ ချီလာကြသည်၊ ဝါးဖောင်များကို အသုံးမပြုကြတော့၊ လှော်တက်များစွာပါသော လှေကြီးများကို အသုံးပြုကြသည်။ အနောက်ဘက် စစ်မျက်နှာကိုလည်း သူတို့ ဆက်လက်စစ်မဖွင့်ကြတော့။

http://www.cherrythitsar.org



အနောက်ဘက် စစ်မျက်နှာတွင် ရေကျိုးများ အထပ်ထပ် စီရင်ထားပြီး၊ လိုအပ်သည့်အချိန်တွင် ဖောက်ခွဲနိုင်သည့် တမန်များပြုလုပ်ထားကြောင်းကို သီလဝါကျွန်းပေါ်ရှိ စစ်ရေးအစီအမံ ပုရပိုက်များအရ သိရှိသွားကြသည်။

စင်စစ်. . . အနောက်ဘက် စစ်မျက်နှာ၏ အတွင်းဘက်ဟုခေါ်အပ်သော ရေကျိုးတို့သည်၊ သီလဝါကျွန်းနှင့် အနီးကပ်ဆုံး ဖြစ်သည်။ သီလဝါကျွန်းကို စီးမိပြီးလျှင် ရေကျိုးများဆီသို့ ဆက်လက်စစ်ပြုလိမ့်မည်ဟူသော တွေးထင်ချက်ကို ရန်သူတို့က တစ်မျိုးတစ်မည် ပြောင်းလဲလိုက်ကြခြင်း ဖြစ်သည်။

သီလဝါကျွန်းနှင့် နီးကပ်ဆက်သွယ်နေသော အနောက်ဘက်မျက်နှာ ရေကျိုးများဆီသို့ မချီဘဲ၊ မှော်ဝန်းမြစ်ရိုးအတိုင်းပါဒနိုင်ငံတော်၏ တောင်ဘက်မျက်နှာသို့ ချီကြသည်။ တောင်ဘက်မျက်နှာမှ ဂွမ်းမြို့သုံးဆယ့်ရှစ်ထပ် ကင်းတပ်များသို့။

ဂွမ်းမြို့သုံးဆယ့်ရှစ်ထပ်သည် သီလဝါကျွန်းနှင့် ဝေးကွာသော်လည်း . . . ပါဒနေပြည်တော်နှင့် အနီးကပ်ဆုံးနေရာ ဖြစ်သည်၊ ရှည်လျားသော စစ်ကြောင်း ဖြစ်သော်လည်း နေပြည်တော်နှင့် အနီးကပ်ဆုံး စစ်မျက်နှာကို စန္ဒရော်မော်နီက ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

သို့သော်. . .

ဇင်းမယ်ဘုရင် စန္ဒရော်မော်နီ၏ သေနင်္ဂ ပရိယာယ်သည် ပါဒနေပြည်တော်အတွက် စစ်ပြင်ရန် လုံလောက်သော အချိန်ကိုရရှိသွားစေသည်။ စန္ဒရော်မော်နီ၏ လှေတပ်များ မှော်ဝန်းမြစ်ရိုးတွင် လှော်ခတ်နေချိန်၌ သုံးဆယ့်ရှစ်ထပ် ကင်းတပ်များ၌ အစစအရာရာ အဆင်သင့် ဖြစ်ပြီးသွားသည်။ နေပြည်တော်ရှိ အခြားတပ်မများလည်း စစ်ကူရောက်လာကြသည်။ ဂွမ်းမြို့အပြင်ဘက်ဆုံး ကင်းတပ်သို့ ရောက်ရှိလာသည်။

နေပြည်တော် အတွင်းရှိ မြို့စောင့်တပ်၊ နန်းတော်စောင့်တပ်နှင့် အခြားတပ်ဖွဲ့များလည်း အခိုင်အမာ ပြင်ဆင်ပြီး ဖြစ်သွားသည်။

ပါဒနန်းတော်တွင်းရှိ နန်းတော်စောင့်တပ်တွင် ရဲမက်အနည်းငယ်သာ ထားရစ်ခဲ့ပြီး၊ ရဲမက်အင်အား အများဆုံးကို ဂွမ်းမြို့ သုံးဆယ့်ရှစ်ထပ် အပြင်တပ်သို့ အားဖြည့် စုရုံးလိုက်သည်။ သမိန်ဗြတ်ဇ၊ သမိန်ပါလ အစရှိသော တပ်မင်းကြီးများလည်း ဂွမ်းမြို့တပ်မသို့ ဝင်ရောက်ပူးပေါင်းလာသည်။ ဇင်းမယ်စစ်အားကြီးဆိုမှု အစီအမံအားလုံးကို နှင်းဟေမာ တစ်ဦးတည်း ကွပ်ကဲခြင်း

http://www.cherrythitsar.org



ဖြစ်သည်။

သို့ဖြင့်. . .

သီလဝါကျွန်း အစီးနင်းခံရပြီးနောက် ဒုတိယမြောက် နံနက်တွင် မှော်ဝန်းမြစ်ကြောင်းအတိုင်း လှော်ခတ်လာသော ဇင်းမယ်စစ်လှေကြီးကို ကင်းတပ်မျှော်စင်မှ တွေ့လိုက်ကြရလေသည်။ အဝေးဆီတွင် မြင်နေရသော စစ်လှေကြီးများမှ လှော်တက်များ တညီတည်း လှော်ခတ်လာသည်မှာ ရေပြင်ပေါ်တွင် ဇင်ယော်ငှက်အုပ်ကြီး အစုလိုက် အပြုံလိုက် ပျံသန်းလာသည့်နှယ် ဖြစ်သည်။

ပါဒတပ်မတို့သည် လှေကိုသုံး၍ မြစ်ပြင်သို့ ထွက်မတိုက်ကြ၊ ကင်းတပ်အပေါ်နှင့် မှော်ဝန်းမြစ်ဆိပ်ကမ်း အကြားလွင်ပြင်မှသာ စစ်ကို ကြိုလိုက်ကြသည်။ မှော်ဝန်းမြစ်ရေပြင်ထက်သို့ နံနက်နေရောင်ဖြန့်ခင်း စီးဖြာလိုက်သည့် အချိန်မှာပင် စစ်ပွဲစတင် ဖြစ်ပွားလေသည်။ ရဲမက်တို့၏ ကြွေးကြော်သံများသည် ဆောင်းနံနက်၏ ပြိုက်ပြိုက်ကွဲလု နှင်းမြူတို့ကို အပြီးတိုင် ဖြိုခွဲလိုက်လေသည်။

ဇင်းမယ်စစ်သည်တို့သည် စစ်လှေကြီးများပေါ်မှ လှေငယ်များ ချ ပြီး အစုလိုက်ကမ်းကပ်ကြသည်။ အစု တစ်စုလျှင် လေးငါးဆယ်မျှ။ လှေငယ် တစ်စင်းတွင် စစ်သည်နှစ်ဆယ်မျှ။ ထို့ကြောင့် ကမ်းသို့တက်သော စစ်သည် အစုမှာ တစ်ခါလျှင် တစ်ထောင်မျှ၊ အစုပေါင်းများစွာ လှိုင်းလုံးများ တစ်လုံး ပြီး တစ်လုံး ကမ်းစပ်သို့ ဝင်သည့်နှယ်။ လှေငယ်များ တစ်စုပြီး တစ်စု၊ ကင်းတပ်စည်းရိုးနှင့် မြစ်ဆိပ်ကမ်းအကြား ကျယ်ပြန့်သော လွင်ပြင်သည် ဇင်းမယ် စစ်သည်များနှင့် ပြည့်သွားလေသည်။

ဇင်းမယ်စစ်သည်တို့၏ ရှေ့ဆုံးအစုနှင့် လွင်ပြင်တွင် တပ်စွဲထားသည့် သမိန်ဗြတ်ဇ၏ တပ်မတို့ ရင်ဆိုင်တွေ့ရှိခြင်းဖြင့် ပြင်းထန်သော စစ်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ အော်ဟစ်ကြုံးဝါးသံနှင့် လက်နက်ချင်း ထိခတ်သံတို့သည် တစ်ခုနှင့်တစ်ခု ရောယှက်သွားကြသည်။ ကင်းတပ်မျှော်စင်ထိပ်မှ စနစ်ကျစွာပစ်လွှတ်နေသော ပါဒလေးသည်ကျော်တို့၏ မြားတံများ ပျံဝဲလာသည့် အခါမျိုးတွင် စစ်တလင်း၌ တိမ်ရိပ်တို့ ဖြတ်သန်းဖုံးကွယ်သွားသည့်နှယ် ဖြစ်သည်။ ဇင်းမယ်စစ်သည်များကား မျက်နှာချင်းဆိုင်တွေ့ရသော မြေပြင်တပ်အပြင်၊ ကင်းတပ်မျှော်စင်ဆီမှ ပျံဝဲလာသသည့် မြားတံများကိုပါ ရင်ဆိုင်နေရသည်။ အပေါ်ဘက်မှ မြားတံကို သတိထားလိုက်လျှင် မျက်နှာချင်းဆိုင်မှ ဓား၊

http://www.cherrythitsar.org



သို့မဟုတ် လှံသွားက ထိုးဖောက်လာသည်။ မျက်နှာချင်းဆိုင်မှ ဓားလှံသွားတို့ကိုသာ အဓိကထား၍ တိုက်ခိုက်လျှင် အပေါ်ဘက်မှ မြားတံများက တည့်မတ်စွာ စွဲဝင်ထိုးစိုက်လာသည်။ သူတို့အဖို့ စစ်မျက်နှာ တစ်ခုတည်းမှာပင် မြေပြင်ရန်သူ ကောင်းကင်ရန်သူ ရန်သူနှစ်မျိုးနှင့် တိုက်ခိုက်နေရသည်။ မြားတံများသည် ပါဒရဲမက်နှင့် ဇင်းမယ်စစ်သည်တို့ ပူးယှက်ရှုပ်ထွေးနေသည့်ကြားမှပင် ဇင်းမယ်စစ်သည်များကိုသာ တိကျစွာ ထိုးစိုက်လာကြသည်။ လှေကြီးများမှ လှေငယ်အစုများ တစ်စုပြီးတစ်စု ကမ်းကပ်နေသည့်ကြားမှပင် ဇင်းမယ်တပ်အဖို့ ဂွမ်းမြို့ ကင်းတပ်အောက်ခြေဖက်သို့ပင် မချဉ်းကပ်နိုင်ဖြစ်နေသည်။ ပို၍ အင်အားလျော့စေသည်ကား၊ ကင်းတပ်မျှော်စင်ထိပ်မှ လာသော မြားတံတို့သည် လှေငယ်မှ သက်ဆင်းခါစ၊ ကမ်းစပ်သို့ ခြေချကာစ၊ ဇင်းမယ် စစ်သည်အစု၏ ရင်အုံအထိ ပျံသန်းစွဲဝင်နေခြင်း ဖြစ်သည်။

ဤအခြင်းအရာကို သိလိုက်သော ဇင်းမယ်ဘုရင် စန္ဒရော်မော်နီသည် စက်လှေများမှ နောက်ထပ် လှေငယ်များကို မချစေတော့။ နောက်ထပ် စစ်သည်အစုများကို ကမ်းစပ်သို့ မသွားစေတော့။ ထိုအခါ ကမ်းသို့ တက်ပြီးသား၊ ကင်းတပ်အောက်ဖက်တွင် လွင်ပြင်သို့ ရောက်ပြီးသား စစ်သည်များမှာ အကူဖြည့်အင်အားကို ဆုံးရှုံးသွားကြသည်။

ပထမစစ်ပွဲသည်ကား ပါဒရဲမက်တို့၏ စစ်ပွဲ။

နေ့မွန်းလွဲကာလထိတိုင်သော စစ်ကာလသည် ပါဒ၏ အောင်ပွဲရကာလ။ ပါဒရဲမက်တို့ ဆုံးရှုံးလိုက်ရသည်ကား. . . မြားတံများနှင့် ဓားသွားလှံရှည်များသာ ဖြစ်သည်။ သို့သော် ထိုမြားတံများနှင့် ဓား, လှံရှည်များကို အချည်းနှီး ဆုံးရှုံးလိုက်ရခြင်းမဟုတ်၊ ဇင်းမယ်စစ်သည်တို့၏ ကိုယ်ခန္ဓာ အနှံ့အပြားတွင် ထိုးစိုက်ပါရှိသွားကြခြင်းသာ. . . ။

ဇင်းမယ်တပ်စစ်လှေများသည် မှော်ဝန်းမြစ်လယ်ယွန်းယွန်း အခြားတစ်ဖက်ကမ်းနီးနီးအထိ ဆုတ်ခွာတပ်စွဲလိုက်ကြသည်။ ဆုတ်ခွာလှော်ခတ်ရင်းဖြင့် မျှော်စင်ထိပ်မှ ပါဒတပ်တို့ မြစ်ပြင်သို့ ဆင်းလာအောင် စစ်မြူကြသည်။ သို့သော် နှင်းဟေမာက မြစ်ကမ်းစပ်အထိသို့ပင် မသက်ဆင်းရဟု အမိန့်ပေးထားသည့်အတွက် စန္ဒရော်မော်နီ၏ စစ်မြူချက် မအောင်မြင်တော့။

ထိုညက ဂွမ်းမြို့အပြင်ဖက်ဆုံး ကင်းတပ်နှင့် တကွသော ကင်းတပ်များတွင် အောင်ပွဲခံ မီးပုံများ၏ မီးရောင်ဖြင့် လင်းထိန်နေလေသည်။

* * *

http://www.cherrythitsar.org



"နိန္ဒ. . . နိန္ဒ"

သမိန်စက္ကဝတ်သည် သလွန်မှ ရုတ်ချည်းထ၍ အနီးရှိ ရဲမက်များကို ကြည့်ရင်း အော်လိုက်သည်။ အစောင့်ရဲမက်များသည် သမိန်စက္ကဝတ်ကို ပြန်မဖြေမိကြချေ။ ပါဒဘုရင် အိပ်ပျော်နေသည်ကို အနှောင့်အယှက်မပြုရ။ နိုးလာပြီး တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုံတစ်ရာကို မေးမြန်းတောင်းဆိုလာလျှင်လည်း အကူအညီမပေးရဟု သခင်မနှင်းဟေမာ သူတို့ကို တင်းကြပ်စွာ အမိန့်ထုတ်ထားသောကြောင့် ဖြစ်သည်။

"နိန္ဒ ဘယ်မှာလဲ၊ ကျွန်းစောင့်တပ်မမျူးတွေ မလာကြသေးဘူးလား၊ ငါ့နန်းဆောင်က မှောင်လှချည်လား၊ ဒါ. . . ဒါ. . . ငါ့နန်းဆောင်. . . ဟင်"

သမိန်စက္ကဝတ်သည် သလွန်ထက်မှ ခုန်ထွက်လိုက်သည်။ လွန်ခဲ့သည့် ညနှင့် လွန်ခဲ့သည့်နေ့များက မူးယစ်လဲကျ နေခဲ့သည်ဆိုခြင်းကိုပင် မယုံနိုင်စရာကောင်းလောက်အောင် သူ့လှုပ်ရှားမှုများ သွက်လက်မြန်ဆန်နေလေသည်။

"ဟော့. . . ဒါက ဂွမ်းမြို့ကင်းတပ်ပဲ၊ ငါ ဘာကြောင့် ဒီရောက်နေတာလဲ သီလဝါကျွန်း၊ ဟင်. . . သီလဝါကျွန်း. . . သမိန်ဓမ္မလာပြောတယ်၊ ဇင်းမယ် ရန်သူတဲ့. . . ဇင်းမယ် ရန်သူ. . . ငါ. . . သီလဝါကျွန်းကို စွန့်လွှတ်လိုက်ရပြီလား"

သမိန်စက္ကဝတ်သည် သလွန်ခြေရင်းဘက်တွင် ရပ်နေသော လှံရှည်ကိုင် အစောင့်ရဲမက်ကို တွန်းထိုးဖယ်ရှားပြီး ပြတင်းဆီသို့ တစ်ဟုန်ထိုး ပြေးသွားသည်။ ပြတင်းဝတွင် နေခြည်စတို့ ပြန့်ကြဲနေပေပြီ။

ကင်းတပ်ဝင်းအတွင်းရှိ ရဲမက်များ လှုပ်ရှားနေကြပုံကို အောက်ဖက်တွင် မြင်လိုက်ရသည်။ သမိန်စက္ကဝတ် ရောက်ရှိနေရာကား ကင်းတပ် အတွင်းဆောင်၏ အမြင့်ဆုံး အဆင့်ရှိ အခန်းငယ် ဖြစ်သည်။ ထိုအခန်းငယ်၏ ထိုပြတင်းမှ စီးကြည့်လျှင် ကင်းတပ်အောက်ခြေ၊ ထိုမှတစ်ဆင့် မြစ်ဆိပ်အထိ ဆင်ခြေလျှော ပြန့်ဆင်းသွားသော ကွင်းပြင်၊ ထိုမှတစ်ဆင့် မော်ဝန်းမြစ်။

သမိန်စက္ကဝတ်သည် မျက်စိတဆုံး မြင်နေရသော မြင်ကွင်းကို အပေါ်စီးမှ ကြည့်လိုက်သည်။ ကွင်းပြင်တွင် လဲကျသေဆုံးနေသည့် စစ်သည်များ၊ ထိုးထောင်နေသည့် ဓားသွားများ၊ လှံဖျားများ၊ လှိုက်အူနေသော မီးခိုးများ ထိုမှတစ်ဆင့် မော်ဝန်းမြစ်ဆိပ်တွင် ဖရိုဖရဲဖြစ်နေသည့် လှေငယ်များ၊ ထိုမှ တစ်ဆင့် မော်ဝန်းမြစ်လယ်ရှိ လှေတပ်။

http://www.cherrythitsar.org



ပြတင်းဘောင်ကို လက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း သမိန်စက္ကဝတ်သည် မျက်စိအစုံကိုလည်း တင်းကြပ်စွာ မှိတ်လိုက်သည်။ သေရည်ငွေ့ကို ဖြင့် အဆီပြန်နေသော နုနယ်သည့် မျက်နှာပြင်တွင် စိမ်းညို့သော နဖူးကြော များ ပြိုင်းပြိုင်းထလာနေသည်။ ပိတ်ထားသော မျက်ခွံစများ၊ စေ့ထားသော နှုတ်ခမ်းများ၊ ဆတ်ဆတ်တုန်လာသည်။ မျက်နှာတစ်ပြင်လုံး သွေးရောင်လျှမ်း နီမြန်းလာသည်။

ဇင်းမယ်ရန်သူအတွက် ကျွန်းစောင့်တပ်များကို မပြင်ဆင်ခဲ့ခြင်း၊ ကျွန်း ဗဟိုနန်းဆောင်တွင် နေ့နှင့်ည စဉ်ဆက်မပြတ် သေရည်တွင် နစ်မွန်းနေခဲ့ခြင်း၊ ဥတ္တရတပ်မမှူး သမိန်ဓမ္မ သွေးရူးသွေးတန်းဖြင့် အော်ဟစ်လျက် နန်းဆောင် ထဲသို့ ပြေးဝင်လာခဲ့ခြင်း၊ နာရဒလှေတော်ပေါ်သို့ မိမိအား ချုပ်နှောင်ပွေ့ဖက် ခေါ်ခဲ့ကြခြင်း ဝွမ်းမြို့ ကင်းတပ်အထိ သေရည်ယစ်မူးနေခဲ့ခြင်း. . .။ သည့်ထက်-

သီလဝါကျွန်းမှ ဖရိုဖရဲ ဆုတ်ခွာခဲ့ရခြင်း. . .။

ဖြစ်ရပ်အစဉ်တို့သည် သမိန်စက္ကဝတ်၏ အတွေးထဲ၌ တစ်မုဟုတ်ချင်း ဝင်ရောက်ပုတ်နိုးလာကြသည်၊ ကင်းတပ်အောက်ဖက် ကွင်းပြင်မြေပြန့် တစ်လျှောက် အတုံးအရုံးရှိနေကြသော ရဲမက်များ၊ ကမ်းစပ်မှ မှောက်ခုံလန် နေသော လှေများ၊ အဝေးမြစ်ပြင်ဆီမှ ဇင်းမယ်စစ်လှေကြီးများကို မြင်တွေ့ရ ခြင်းမှတစ်ဆင့်၊ သမိန်စက္ကဝတ်သည် အခြေအနေ အရပ်ရပ်ကို တစ်မုဟုတ် ချင်း နားလည်သွားသည်၊ လှံရှည်စူးဝင်ခြင်းခံရသော တောဝက်တစ်ကောင်၏ နာကျင်မှုဒေါသမျိုးဖြင့် ပြတင်းဘောင်ကို အညှိုးကြီးစွာ ရိုက်ပုတ်လိုက်သည်။ ဆူဝေသော ဒေါသနှင့်အတူ နောင်တတစ်ဖန် ပူပန်ခြင်းတို့ကိုပါ ခံစားလာရ သည်။

ထိခိုက်ခံစားမှု၏ အရှိန်အဟုန်ကြောင့်လား၊ သေရည်ကို တောင်းဆိုမှု လားဟု မိမိကိုယ်မိမိ မဝေခွဲနိုင်လောက်အောင်ပင်၊ သမိန်စက္ကဝတ်၏ လက်တို့ သည် တဆတ်ဆတ် တုန်ယင်လာကြပြန်သည်။ ဆတ်ဆတ်တုန်သော လက်ချောင်း များကို မျက်နှာရှေ့သို့ မြှောက်၍ကြည့်သည်၊ မိမိ၏ လက်ချောင်းများကိုပင် တစ်ခါမှ မမြင်ဘူးသော အကြည့်မျိုးဖြင့် ကြည့်မိသည်။

"သတ္တမနုလေးတော်ကို ကိုင်စွဲခဲ့တဲ့လက်၊ လေးကိုင်းကို ဆုပ်ကိုင်ခဲ့တဲ့ လက် ညှို့ကြိုးကို ငင်ခဲ့တဲ့လက်၊ မြားတံကို တပ်ဆင်ခဲ့တဲ့လက်. . . ငါ့လက်တွေ

http://www.cherrythitsar.org



. . . ငါ့လက်တွေ. . . ပြီးတော့ ရွှေတကောင်းတွေ၊ တစ်ခုပြီး တစ်ခု အဆက်မပြတ် ကိုင်ခဲ့သေးတဲ့ လက်. . တွေ. . . ငါ့လက်တွေ. . . ငါ. . . ငါ. . . ဟာ ရှုံးနိမ့်ဆုတ်ခွာခဲ့သူလား၊ ရန်သူ့ဘေးက ထွက်ပြေးခဲ့သူတဲ့လား”

ဘုရင်တစ်ပါးဟူသော အဖြစ်၊ သမိန်စက္ကဝတ်ဘွဲ့ကိုခံယူ သူရဲကောင်းဟူသောအဖြစ်၊ ရာဇတံခွန်ထူခဲ့ပြီးမှ ရန်သူ့ဘေးက လက်လွတ်ထွက်ပြေးခဲ့ရသည့်အဖြစ်. . . ထိုမာန်မာနတို့၏ ထုထောင်းနှိပ်နယ်ခြင်းကို ခံစားနေရသော သမိန်စက္ကဝတ်ကို အနီးရှိ ရဲမက်များက နားမလည်စွာဖြင့် ဝိုင်းကြည့်နေကြသည်။

သမိန်စက္ကဝတ် မျက်လုံးအိမ်များသည် ရူးသွပ်နေသူပမာ ပြူးကြောင်ဝိုင်းစက်လာသည်။ ပူအိုက်သောရာသီ မဟုတ်ပါဘဲလျက် ချွေးစများ နဖူးပြင်၌ ပေါ်လာသည်၊ အစောင့်ရဲမက်များသည် ထူးဆန်းသော အခြင်းအရာတစ်ခုကို တွေ့ရသလို၊ သမိန်စက္ကဝတ်၏ ဘေးသို့ ဝိုင်းအုံလာကြသည်။

သမိန်စက္ကဝတ်သည် မိမိလက်ချောင်းများထံမှ အကြည့်ကို ဖယ်ခွာလိုက်သည်။ ထိုအခါ ဝိုင်းအုံနေကြသော ရဲမက်တို့၏ မျက်နှာများကို ရင်ဆိုင်လိုက်ရလေသည်။

“အရူးတွေ. . မကောင်းဆိုးဝါးတွေ. . . ဘာကြောင့် ငါ့ကို ကြည့်နေကြတာလဲ. . . ”

စူးနစ်သော အော်ဟစ်သံကြောင့် ရဲမက်များ နောက်သို့ရှဲသွားသည်။

“စစ်ဖြစ်နေတဲ့အချိန်၊ ဒီအခန်းထဲမှာ. . . ဘာလုပ်နေကြတာလဲ ငါ့အနားမှာ ဘာကိစ္စဝိုင်းနေကြတာလဲ. . . သွား. . . ထွက်သွား. . . အားလုံးထွက်သွား”

သမိန်စက္ကဝတ်က လက်ကိုဝှေ့ရမ်းလိုက်သည်၊ ရဲမက်များ ပို၍ အလှမ်းဝေးသော နောက်သို့ ဆုတ်သွားပြန်သည်။ သို့သော် သူတို့၏ အကြည့်ကို သမိန်စက္ကဝတ်ထံမှ မဖယ်ကြ။

“ဘုရင်မင်းမြတ်. . . သတိထားပါ သလွန်ပေါ်မှာ ပမ်းဖြေနားနေပါ”

အကြပ်မှူးတစ်ဦးက မရွံ့မရဲအသံဖြင့် ပြောလိုက်သည်။

သမိန်စက္ကဝတ်သည် မပီမသ အော်ဟစ်လျက်၊ ဝိုင်းအုံနေသော ရဲမက်များဆီသို့ တစ်ဟုန်ထိုး ပြေးဝင်လေသည်။ ထို့နောက် ပြင်းထန်သောအရှိန်ဖြင့် လက်ကိုဝှေ့ရမ်းပစ်သည်၊ ဝဲယာရှိ ရဲမက်များ အလဲလဲအပြိုပြို ဖြစ်သွားကြ

http://www.cherrythitsar.org



သည်။ ရုတ်တရက် ထိတ်လန့်သွားကြသော ရဲမက်များသည်၊ သမိန်စက္ကဝတ်ကို ရှောင်တိမ်းရင်းမှ နောက်သို့ ဆုတ်သွားကြသည်။

အကြပ်မှူး၏အသံ ပေါ်လာသည်။

“ဘုရင်မင်းမြတ်ကို ဝိုင်းချုပ်ကြ. . . ချုပ်ကြ. . . ”

နှင်းဟေမာအမိန့်ကို သတိရလာပြီး၊ ကြောက်ရွံ့ထိတ်လန့်နေသည့်ကြားမှပင်၊ သမိန်စက္ကဝတ်ကို ချုပ်နှောင်ရန် ကြိုးစားကြပြန်သည်။

သို့သော် ခါတိုင်းထက်ပို၍ ထူးထူးခြားခြား သန်စွမ်းနေသော သမိန်စက္ကဝတ်ကို ချုပ်နှောင်ရန် မတတ်နိုင်ကြ၊ ရဲမက်များသာ လဲပြိုသွားကြသည်။ အခန်းငယ်အတွင်း အော်ဟစ်ဆူညံသံများ ဖုံးလွှမ်းသွားသည်။

နောက်ဆုံးတွင်ကား သမိန်စက္ကဝတ်သည် ရဲမက်တစ်ဦး၏ ဓားအိမ်ထဲမှ ဓားတစ်စင်းကို ကျွမ်းကျင်စွာ ထုတ်ယူလိုက်နိုင်လေသည်။

လက်နက်ရရှိသွားသော ပါဒဘုရင်အနီးသို့ ချဉ်းကပ်ရန် မည်သူမျှ မဝံ့ကြတော့။ ငယ်ရွယ်နုပျိုသော ပါဒဘုရင်၏ ဓားရေးကို ရဲမက်များ ယှဉ်ပြိုင်ခြင်းငှာ မစွမ်းသာတော့ ရဲမက်များသည် ဓားရိုးကို တင်းကြပ်စွာ ကိုင်ထားသည့် သမိန်စက္ကဝတ်အနီးမှ ပို၍ဝေးသော နေရာသို့ ဆုတ်ခွာသွားကြသည်။

“အရူးတွေ လူကြောက်တွေ၊ စစ်ကာလမှာ ရန်သူကို ရင်မဆိုင်ဘဲ ငါ့ကို အဓိပ္ပာယ်မဲ့ ဝိုင်းချုပ်ဖို့ ကြိုးစားနေကြတယ်။ ရန်သူကို အနိုင်တိုက်ပြီးမှ မင်းတို့အားလုံးကို ငါကိုယ်တိုင်သတ်မယ်”

သမိန်စက္ကဝတ်သည် ပြောပြောဆိုဆိုပင် ပြတင်းဆီသို့ တစ်ဟုန်ထိုး ပြေးသွားပြန်သည်။ အကြပ်မှူးသည် နောက်ဆုံးအနေနှင့် သမိန်စက္ကဝတ်ကို တားဆီးရန် ပြေးသွားသော်လည်း နောက်ကျသွားလေသည်။

ပြတင်းဝမှ လွှားကျော်ခုန်ဆင်းသွားသော သမိန်စက္ကဝတ်ကို မမှီနိုင်တော့ပေ။ ဘုရင်မင်းမြတ်သည် အောက်ဖက်အဆင့်ရှိ အမိုးပြားပေါ်မှတစ်ဆင့်၊ ထို့ထက်နိမ့်သော ကင်းတပ်ခေါင်မိုးပေါ်သို့၊ ထို့ထက် တစ်ဆင့်နိမ့်သော ခေါင်မိုးပေါ်သို့ အဆင့်ဆင့် ခုန်ဆင်းသွားပြီ ဖြစ်သည်။ သမိန်စက္ကဝတ် ရှေ့ရှုပြေးသွားသည့် နေရာကို အကြပ်မှူး ချက်ချင်းသိလိုက်သည်။ ဤတွင် ပြင်းစွာ တုန်လှုပ်ချောက်ချားသွားရပြီး အကြပ်မှူးသည် အမိန့်တစ်စုံတစ်ခုပေးရန် ပြင်ဆင်လိုက်သည်။ သို့သော် သည်တစ်ကြိမ်လည်း သူ့နောက်ကျသွားခဲ့ပြန်သည်။

http://www.cherrythitsar.org



အမိန့်ပေးအံ့ဆဲဆဲ သူ့အသံတစ်ခုက ဖုံးလွှမ်းသွားသည်။

ထိုအသံကား မြည်ဟိန်းကျယ်လောင်သော အသံ။

ထိုအသံကား ကင်းတပ်မျှော်စင်ထောင့်မှ. . .

'အမရမောင်းသံ'

စစ်မောင်းသံကြီး 'အမရ'ထံမှ ဟီးဟီးထသော မောင်းသံသည် ကင်းတပ်တစ်ခုလုံးကို ဖုံးလွှမ်းပျံ့နှံ့သွားသည်။

ရဲမက်သုံးဦး မြောက်ချီကိုင်ရသော မောင်းထုတံကို တစ်ယောက်တည်း မြောက်ချီလွှဲရမ်းလျက် 'အမရ'ကို ထုနှက်နေသည့် သမိန်စက္ကဝတ်ကို ကင်းတပ်မျှော်စင်ထိပ်တွင် တွေ့လိုက်ရသည်။

အဆက်မပြတ်သော စစ်မောင်းသံကြောင့် ကင်းတပ်အတွင်းရှိ ရဲမက်အားလုံး အသီးသီးအသက မိမိတာဝန်ကျရာဆီသို့ တစ်ဟုန်ထိုး ပြေးသွားကြသည်။ ဤကာလဝယ် 'အမရ'ကို မည်သူထုရိုက်သည်ဆိုခြင်းမှာ အရေးကြီးသော ကိစ္စမဟုတ်၊ စစ်မောင်းသံ၏ အမိန့်သံသည်သာ အဓိက ဖြစ်သည်။

'အမရ'၏ အမိန့်ကား. . .

မှော်ဝန်းမြစ်သို့ဆုံသော ချောင်းစွယ်များအတွင်း သိမ်းဝှက်ထားသည့် စက်လှေငယ်များကို မြစ်ပြင်သို့. . .

မြစ်ကမ်းတွင် လျှို့ဝှက်ဆိုက်ကပ်ထားသည့် စက်လှေကြီးများကို အသင့်ပြင်။

ဓားကိုင်၊ လှံကိုင်၊ လေးမြားကိုင် စစ်သည်အစု အားလုံး မိမိတို့ တာဝန်ကျရာ စက်လှေပေါ်သို့ အမြန်ဆုံး တက်ရောက်နေရာယူ. . .

လှော်တက်ကိုင် စစ်သည်အစုတို့က လှော်တက်နေရာတွင် အမြန်ဆုံး နေရာယူ၍ လှေကို ကမ်းမှခွာ. . .

ထို့နောက် မြစ်လယ်ယွန်းယွန်း တစ်ဖက်ကမ်းနီးနီးတွင် တပ်စွဲထားသည့် ရန်သူ့လှေများဆီသို့ တစ်ဟုန်ထိုး လှော်ခတ်။

လှေချင်းယှဉ်မိသည်အထိ ရန်သူ့လှေသို့ ချဉ်းကပ်၊ ထို့နောက် သူ့လှေပေါ်သို့ ခုန်ကူး၍ မျက်နှာချင်းဆိုင် တိုက်ခိုက်. . .

ရန်သူကို အပြီးတိုင် ချေမှုန်းနိုင်သည့်အထိ ရွပ်ရွပ်ချွံချွံ ထိုးခုတ်။

ဒုတိယစစ်ပွဲ အစီအရင်ကို ညှိနှိုင်းနေကြသော နှင်းဟေမာ၊ သမိန်ပြတ်ဇ၊ သမိန်ဒိဗ္ဗနှင့် အခြား တပ်မင်းကြီးများသည် 'အမရ'၏ အသံကြောင့်

http://www.cherrythitsar.org



တဲနန်းအတွင်းမှ အပြင်သို့ ထွက်ပြေးခဲ့ကြသည်။ မြစ်ဆိပ်ဆီသို့ တစ်စုတည်း ပြေးသွားနေကြသည့် ရဲမက်တို့၏ အုတ်အုတ်ကျက်ကျက် အသံကို ထွင်းဖောက်၍ အမိန့်ပေးရန် မတတ်နိုင်ကြတော့။ သမိန်ဒိဗ္ဗက ကြေးနီတံပိုးထုတ်၍ မှုတ်လိုက်သော်လည်း သမိန်စက္ကဝတ်၏ 'အမရမောင်းသံ'ကို ဤအချိန်တွင် မည်သူမျှ ကျော်လွန်၍ မရတော့ပေ။

* * *

တစ်ဟုန်ထိုး လှော်ခတ်လာသော ပါဒစစ်လှေများကို တွေ့လိုက်ရသောအခါ ဇင်းမယ်ဘုရင် စန္ဒရော်မော်နီသည် ရုတ်တရက် အံ့အားသင့်သွားသည်။ စစ်မြူစဉ်က မလာဘဲ စစ်နားချိန်ဟု ထင်မှတ်ခဲ့သော အချိန်တွင်မှ လာရောက်ကြသည့် သေနင်္ဂကိုလည်း နားမလည် နိုင်လောက်အောင် ဖြစ်သွားသည်။

သို့သော်လည်း တစ်ဖက်ရန်သူ၏ သေနင်္ဂပရိယာယ်ကို စဉ်းစားနေရန် အချိန်မရတော့ပေ။ မိမိ၏ လှေများကို မြစ်လယ်ဆီသို့ လှော်ခတ်ကြရန်သာ အမိန့်ပေးရတော့သည်။ ယခု တပ်စွဲထားသည့်နေရာသည် ဤမှာဘက်မြစ်ကမ်းနှင့် နီးသည်။ မြစ်လယ်ရပ်ဆိုလျှင် ဟိုမှာမြစ်ကမ်းနှင့် နီးသွားနိုင်သည်။ သို့မှသာ ပါဒ၏ ကမ်းခြေဆီသို့ တိုက်ခိုက်ရင်းဖြင့် ချဉ်းကပ်သွားနိုင်မည် ဖြစ်သည်။

နီညိုရောင် သုတ်ခြယ်သော လှေဝမ်းနှင့် နက်ပြာရောင် တံခွန်များ လွှင့်ထူထားသော ဇင်းမယ်စစ်လှေများသည် စိမ်းပုပ်ရောင်သုတ်ခြယ်သော လှေဝမ်းနှင့် ကြက်သွေးရောင် တံခွန်များ လွှင့်ထူထားသည့် ပါဒစစ်လှေများကို မြစ်လယ်တွင် ရင်ဆိုင်ရန် တစ်ဟုန်ထိုး စတင်လှုပ်ရှားကြသည်။

တစ်ဖက်စွန်းစမှ စွဲကိုင်၍ လှုပ်ခါလိုက်သော ကော်ဇောမျက်နှာပြင်ကဲ့သို့ မှော်ဝန်းမြစ်ပြင်တွင် လှိုင်းလိပ်တို့ ဖြစ်ပေါ်သွားသည်။

* * *

မှော်ဝန်းမြစ်လယ်တိုက်ပွဲ၏ သတင်းအခြေအနေ အရပ်ရပ်သည် ပါဒနန်းတော်သို့ တစ်ချိန်ပြီး တစ်ချိန် ရောက်လာသည်။ ပါဒနန်းတော်ကို ကြီးကြပ်ကွပ်ကဲနေရသော နန်းရင်းဝန်ကြီး ဗညားမွန်ထော်သည် ဝွမ်းမြို့ကင်းတပ်ရှိ သခင်မ နှင်းဟေမာထံမှလာသော စစ်မိန့်သဝဏ်များကို တစ်လွှာပြီးတစ်လွှာ ဖတ်ရှုနေရသည်။

ပထမဆုံးရောက်လာသော သဝဏ်ကား. . .

http://www.cherrythitsar.org



"ဂွမ်းမြို့ ပထမကင်းတပ်ရှေ့ မှော်ဝန်းမြစ်လယ်တွင် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သည်။ ရေပြင်တိုက်ပွဲ ပြင်းစွာဖြစ်ပွားသည်"

ဒုတိယသဝဏ်မှာ"ပါဒရဲမက်တို့ အထိနာ ထူပြောသည်။ ရန်သူအား ကုန်းပေါ်သို့ ဆွဲခေါ်စစ်မြှူပြီ"

စတုတ္ထသဝဏ်မှာ "ဂွမ်းမြို့ဖက်ကမ်းစပ်တွင် စစ်ပွဲပြင်းထန်စွာ ဖြစ်သည်။ သမိန်ဒိဗ္ဗကျသည်။ ရန်သူတို့ ကမ်းသို့တက်ပြီ. . ."

ဗညားမွန်ထော်၏ အကြောပြိုင်းပြိုင်းထသော လက်တို့သည် သဝဏ်များကို အားပြုကိုင်တွယ်နေရသည်. . .။ တစ်စောင်ပြီး တစ်စောင် ရောက်လာသော သဝဏ်များသည် စစ်ရေးမလှပုံများကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြနေသည်။ ကင်းတပ်မှ သဝဏ်ပို့ မြင်းသည်ကျော်များလည်း နန်းဆောင်တွင် ပို၍များလာသည်။

ပဉ္စမသဝဏ် 'နှစ်ဖက်စစ်သည်တို့ လှေကိုမသုံးတော့၊ ပထမကင်းတပ်ရှေ့ မြေပြင်တွင် ရင်ဆိုင်သည်၊ မိမိတို့လည်း မတုံ့သေး၊ ရန်သူလည်း မတက်နိုင်သေး"

ဆဋ္ဌမသဝဏ် "ကင်းတပ်အားလုံးမှ အင်အားအကူကို ဖြည့်ယူပြီ"

သတ္တမသဝဏ် "ပါဒနန်းတော်မှ တပ်မများ အားလုံးအသင့်ရှိစေ"

အဋ္ဌမသဝဏ် "မြို့ရိုးစောင့်တပ်မကို အကူအပံ့ လွှတ်စေ"

နဝမသဝဏ် "နန်းတော်စောင့်အပြင် တပ်ဖွဲ့အားလုံးကို အကူအပံ့ လွှတ်စေ"

ဒသမသဝဏ် "နန်းတော်အတွင်း တပ်ဖွဲ့အားလုံး အသင့်ရှိစေ"

ဗညားမွန်ထော်အနီးတွင် ပါဒနန်းတော် တပ်မင်းများ အစုံအညီ စုရုံးနေကြသည်။ တဖွဲဖွဲရောက်လာသော သဝဏ်ပါအမိန့်အရ ဗညားမွန်ထော်က အမိန့်ပေးလိုက်သည့်အခါတိုင်း တပ်မင်းတစ်ဦးဦးသည် နေရာမှ ထွက်ခွာကာ မိမိ တပ်မဆီသို့ ထွက်သွားရသည်။ ဒသမသဝဏ်ကို ရရှိချိန်တွင် နန်းတွင်း၌ အတွင်းတပ်ဖွဲ့များသာ ကျန်ပေတော့သည်။ အပြင်တပ်မများ အားလုံး ဂွမ်းမြို့ စစ်တလင်းသို့ ထွက်ခွာသွားပြီ ဖြစ်သည်။ ဒသမသဝဏ် အမိန့်အတိုင်း ဗညားမွန်ထော်သည် စီမံခန့်ခွဲလိုက်လေသည်။

နန်းတော်အတွင်း တပ်ဖွဲ့အားလုံး အသင့်ပြင်ကြ၊ တပ်ဖွဲ့တိုင်း မိမိနေရာမှာ မိမိအသင့်ရှိကြ၊ ဒီက နောက်ထပ် ရောက်လာမယ့် အမိန့်ကို

http://www.cherrythitsar.org



လေးသည်ကျော်တွေက တစ်ဆင့်ထုတ်လွှတ်မယ်၊ မိမိတပ်ဖွဲ့ရှေ့ စစ်မိန့်တံခွန်တိုင် အနီးမှာ တစ်ရံမလပ် စောင့်ဆိုင်းနာခံကြ”

အတွင်းတပ်ဖွဲ့မှူးအားလုံး ထွက်ခွာသွားကြသည်။

နောက်ထပ် အမိန့်တစ်စုံတစ်ရာ ရောက်ရှိလာပါက ယင်းအမိန့်ကို သဝဏ်များဖြင့် ထပ်၍ ပွားယူရမည် ဖြစ်သည်။ ထို့နောက် သဝဏ်လိပ်ကို မြားတံတွင် ချည်နှောင်ကာ အတွင်းတပ်ဖွဲ့များဆီသို့ လေးဖြင့် ပစ်လွှတ်ပို့ဆောင်ပေးမည် ဖြစ်သည်။ တပ်မှူးများသည် မိမိတို့ တပ်ဖွဲ့ရှေ့ရှိ စစ်မိန့်တံခွန်တိုင်သို့ လာရောက်ထိုးစိုက်မည့် “စစ်မိန့် သဝဏ်ပါ မြားတံ”ကို စောင့်ဆိုင်းနေကြရမည်။

ဒသမသဝဏ် ရောက်လာပြီးနောက် အချိန်အတန်ကြာမျှ နောက်ထပ် သဝဏ်မရောက်လာဘဲ ရှိနေသည်၊ နန်းရင်းဝန်ကြီးသည် ထိုင်ခုံ၌ ထိုင်နေခြင်းငှာ မဆောက်တည်နိုင်တော့သည့်အတွက် နန်းဆောင်အတွင်း ဟိုမှသည်မှ စကြ်ံလျှောက်နေမိသည်။ စစ်မိန့်တံခွန်တိုင်ဆီသို့ သဝဏ်လိပ်မြားတံ ပစ်လွှတ်ပေးရမည့် လေးသည်ကျော်တို့သည် ညှို့ကြိုးတွင် မြားတံကို အဆင်သင့် တပ်ဆင်ထားကြသည်။

နေလုံးပျောက်ကွယ်စ အချိန်မှာပင် မျှော်လင့်ထားသော သဝဏ်တစ်ခု ရောက်လာလေသည်။ သို့သော် ထို ‘ဧကဒသမ သဝဏ်’ ရောက်ရှိလာပုံကား အံ့မင်းသော နန်းရင်းဝန်ကြီးအဖို့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ။

မြင်းခွာသံ တဖြောင်းဖြောင်းသည် နန်းတော်မုခ်ဝထိ ရောက်ရှိလာသည်။ အပြင်ဘက် ဝင်းတော် မြင်းဇောင်းတွင် မြင်းကိုမထားရစ်ဘဲ မုခ်ဝအထိ နှင်လာခြင်း ဖြစ်သည်ပင်လျှင် ကြီးကျယ်သော အရေးအရာ ပေါ်လာပြီဖြစ်ကြောင်း အထိမ်းအမှတ် ဖြစ်သည်။

မြင်းစီးရဲမက်သည် ကောင်းစွာမရပ်သေးသော မြင်းပေါ်မှ ခုန်ချပြီး၊ နန်းရင်းဝန်ကြီးဆီသို့ ပြေးလာသည်။ သူ့လက်ထဲတွင် သဝဏ်လိပ်။ သူ့ရင်အုံတွင် သွေးကွက်တစ်ခု၊ သူ့နောက်ကျောတွင် လှံတံတစ်ချောင်း။

“ပါ. . . ဒ. . . ချောင်းရိုးအတိုင်း လာခဲ့. . . ရတယ်. . . အကျွန်ရန်သူ့ လှံချက်မိ. . . သခင်မရဲ့ သဝဏ်အရောက်ပို့. . . ”

ရဲမက်သည် လမ်းခုလပ်မှာပင် လဲကျသွားသည်။ နန်းရင်းဝန်ကြီးသည် ရဲမက်၏ ကိုယ်ကြပ်ထဲမှ သဝဏ်ကို ဆွဲထုတ်ယူလိုက်သည်။ ‘ဧကဒသမသဝဏ်’

သည် ရဲမက်၏ သွေးများဖြင့် စွန်းပေနေသောကြောင့် စာလုံးများကို ကောင်းစွာ မမြင်ရ။ ဗညားမွန်ထော်သည် မီးတိုင်အောက်သို့ထားပြီး သဝဏ်ကို ဖြန့်လိုက်သည်။

လေးသည်ကျော်များက ဇကေဒသမ သဝဏ်မှ စစ်မိန့်ကို နားစွင့်လိုက်ကြသည်။

"ပါဒချောင်းရိုးအတိုင်း သင်းတို့မြောက်အရပ်သို့ ချီလာကြပြီ၊ နန်းတော်တပ်မများအားလုံး အရှေ့ဘက် မျက်နှာမှ ထွက်ကြိုတိုက်ခိုက်ကြ"

*　　　*　　　*

"တပ်မှူးလေး"

စက္ကသည် လှံရှည်များကို လက်ထဲတွင် စုစည်းကိုင်ဆရင်း ဒီပါအနီးသို့ ချဉ်းကပ်လာသည်။ လှံတိုများကိုလည်း ကျောတွင် သိုင်းချည်ထားသည်။

"တပ်မှူးလေး. . ."

ဒီပါသည်၊ လှုပ်လှုပ်ရွရွ ဖြစ်နေသော 'အာကာရဠတပ်ဖွဲ့' စစ်သည်များကို ငေးကြည့်နေသဖြင့် စက္က၏ ခေါ်သံကို မကြားမိပေ။ စစ်သည်များသည် သက်ဆိုင်ရာ အကြပ်မှူးများ၏ အော်ဟစ် အမိန့်ပေးသံများအတိုင်း လှုပ်ရှားနေရာယူနေကြလေသည်။

"တပ်မှူးလေး. . . ဒီပါ. . ."

လှံရိုးချင်း ထိခတ်သံကြောင့် ဒီပါလှည့်ကြည့်လိုက်သည်။ ပြုံးရယ်နေသော စက္က၏ မျက်နှာဝိုင်းဝိုင်းကို တွေ့လိုက်ရလေသည်။

"စစ်တိုက်ကြရတော့မယ် တပ်မှူးလေး. . . အမိန့်တော်ရောက်လာပြီ၊ အရှေ့ဘက် မျက်နှာကိုထွက်ပြီး၊ ပါဒချောင်းရိုးအတိုင်း တက်လာတဲ့ ရန်သူကို ကြိုတိုက်ရမယ်တဲ့၊ ကျွန်တော် သိပ်ပျော်တယ်. . ."

စက္ကလှုပ်ရှားလိုက်တိုင်း လှံရိုးချင်း ထိခတ်သံမှာ တချွင်ချွင်မြည်နေသည်။ ဒီပါသည် စက္ကကို ပြုံးပြပြီးမှ နားမလည်သော အသံဖြင့် မေးလိုက်လေသည်။

"သိပ်ပျော်တယ်. . . ဟုတ်လား. . . စက္က"

"အကြပ်မှူးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ စစ်တိုက်ရတော့မယ်ဆိုတော့ ပျော်တာပဲပေါ့ တပ်မှူးလေး. . . ကျွန်တော်ဒါပဲ လုပ်ရမှာ မဟုတ်လား၊ ကိုယ်လုပ်စရာရှိတဲ့ အလုပ် လုပ်ရတာကိုး၊ ကိုယ်က ပျော်နိုင်ရမှာပေါ့. . . အဲ

http://www.cherrythitsar.org



. . . တစ်ခုတော့ရှိတာပေါ့ တပ်မှူးလေး. . . စစ်တိုက်ရလို့ ပျော်တာထက်၊ ရန်သူကို ရင်ဆိုင်ရမှာမို့ ပျော်တယ်ဆိုရင် ပိုပြီးမှန်မယ်လေ. . . ”

စက္က၏ စကားလုံးများနောက်မှ၊ စက္က၏ သဘောထားကို သိလိုက်သောကြောင့် ဒီပါသည် ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်မိလေသည်။

“ဒါပေမယ့်. . . အကြပ်မှူးစက္က. . . ခင်ဗျား. . . ပုံလွှာရေးရရင် ပိုပျော်မှာ မဟုတ်လား. . . ”

ပြုံးရယ်နေသော မျက်နှာသည် တိမ်ရိပ်တစ်ခု ရုတ်တရက် ဖြတ်သန်းသွားသလို ဖြစ်ပြီးမှ ချက်ခြင်းပင်ပြန်၍ ပြုံးရယ်လိုက်သည်။

“အား. . . အဲဒါတော့ မဖြစ်နိုင်တော့ပါဘူး. . . တပ်မှူးလေး ဒါပေမယ့် . . . ဖြစ်ကောင်း ဖြစ်နိုင်ရင်တော့ ပုံလွှာရေးရတာ မဟုတ်ဘူး ပုံလွှာကြည့်ရရင် ပိုပျော်မယ်လို့တော့ ဆိုနိုင်ကောင်းပါရဲ့ဗျာ. . . ”

“ပုံလွှာတွေလဲ ကြည့်နိုင်မယ်. . . အဲ ကြည့်ခွင့်ရမယ် ပြီးတော့ရေးလဲ ရေးခွင့်ရမယ် ဆိုရင်တော့. . . စက္က. . . ”

စက္ကသည် လှံတိုများ ထည့်ထားသည့် အိတ်ရှည်ကို ပခုံးမှဖြုတ်ရင်း ဒီပါရှေ့သို့ ထိုင်လိုက်သည်။ ပြုံးရယ်နေသော မျက်နှာသည် လေးနက်တည်ကြည်သွားသည်။

“ဟုတ်တယ်” တပ်မှူးလေး၊ သေသေချာချာ စဉ်းစားကြည့်ရင် ကျွန်တော်ဟာ အကြပ်မှူး အင်း. . . ထပ်ပြောရင်တော့၊ ဘယ်တော့အရာတက်မယ် မဟုတ်တဲ့ အကြပ်မှူး ရဲမက်။ သည်တော့ ရဲမက်အနေနဲ့ ကျွန်တော့် ပျော်စရာဟာ စစ်တိုက်ခြင်းပဲရှိတယ်။ ဒါဟာ ကျွန်တော့်ဘဝအပေါ်မှာ ကျွန်တော် ပျော်လိုက်ခြင်းကိုး။ ကျွန်တော့် ရင်ထဲမှာ လိုချင်တဲ့ ပျော်ရွှင်မှုက၊ တပ်မှူးလေးလို၊ ပုံလွှာရေး. . . ပန်းချီကျော် တစ်ဦးအဖြစ် အနုပညာသမား တစ်ဦးအဖြစ် နေထိုင်. . . အဲဒါကိုတော့ လိုချင်တာပဗျာ၊ ဒါပေမယ့် ဒါကမဖြစ်နိုင်တဲ့ အိပ်မက်ပဲ၊ သည်တော့ စစ်တိုက်ရတာကိုပဲ ပျော်လိုက်တယ်လေ. . . တကယ့် တကယ်တော့ တပ်မှူးလေးရယ် ရန်သူကို တိုက်ခိုက်လို့ ပျော်တာထက် လှတဲ့ ပတ္တဲ့ဟာတွေ ဖန်တီးလို့ ပျော်ရတာက ပိုကောင်းတာပေါ့. . . ပိုအရသာရှိတာပေါ့၊ ဒါပေမယ့် ရန်သူက လာသကိုး၊ ကျွန်တော်တို့ကလဲ တိုက်ရမှာကိုး. . . ”

“ကျွန်တော်နားလည်ပါတယ် စက္က၊ ခင်ဗျားကို ကျွန်တော် နားလည်ပါတယ် ခင်ဗျားနဲ့ ကျွန်တော် နည်းနည်းစီမျှဝေလို့ရရင် ကောင်းမှာပဲ”

http://www.cherrythitsar.org



"ဗျာ. . . မျှဝေလို့ရရင်"

"ဟုတ်တယ် စက္က. . . ခင်ဗျားက အကြပ်မျိုး ရဲမက်စစ်သည်၊ စစ်တိုက်ခြင်းကို ခင်ဗျား ပျော်တယ်၊ ရန်သူနဲ့ တွေ့ဆုံရခြင်းကို ပျော်တယ်။ ဒါပေမယ့် . . . ခင်ဗျား တကယ် လိုချင်တာက ခင်ဗျားပြောတဲ့ လှတဲ့ပတဲ့ဟာတွေ ဖန်တီးလို့ရတဲ့ အပျော်၊ သို့သော် ခင်ဗျားက ပျော်သင့် ပျော်ထိုက်တာ အတွက်ပဲ ပျော်လိုက်တော့တယ်၊ ကျွန်တော်ကတော့ ဒီလို မဟုတ်ဘူး၊ နှစ်ပေါင်းများစွာ နေ့နေ့ညည များစွာ ကျွန်တော် ပန်းချီရေးခဲ့တယ်၊ လက်ချောင်းတွေကို မပြတ်မလပ် လေ့ကျင့်ခဲ့တယ်။ စုတ်ရဲ့ အသွားအလာ တစ်ဆံချည်မျှင် မလွဲနိုင်သည် အထိ လေ့ကျင့်ခဲ့တယ်။ ကျွန်တော်က ခင်ဗျားတောင့်တတဲ့ အပျော်မျိုးကို ရရှိပြီးသား လူ ဒါပေမယ့် အခုတော့ အာကာရဋ္ဌတပ်ဖွဲ့မှူးလေး လာဖြစ်နေရတယ်။ အခု ရဲမက်တွေ စစ်ပြင်နေကြပြီ။ တပ်မှူးလေးဖြစ်တဲ့ ကျွန်တော် က ဘာအတွက် ပျော်ရမှန်း မသိဘူး၊ ရန်သူဆိုတာကိုတော့ ကျွန်တော်လဲ မုန်းတီးတာပဲ။ ဘုရင်က သူ့ရာဇ့အာဏာအတွက်, ကုန်သည်က သူ့စည်းစိမ်ဥစ္စာအတွက်, လူတွေက သူတို့အသက်အတွက်, ဖျက်ဆီးတတ်တဲ့ ရန်သူကို မလိုလားကြသလို ကျွန်တော်ကလဲ အနုပညာအတွက် ဖျက်ဆီးတတ်တဲ့ ရန်သူကို မလိုလားဘူး၊ သို့သော် အဲဒီ ရန်သူကို ကျွန်တော်က ရဲမက်အဖြစ် တိုက်ခိုက်ဖို့အရေးမှာ ကျွန်တော်ပျော်လို့ မရဘူး၊ ကျွန်တော် ဘာအတွက် ပျော်ရမလဲ စုတ်ရဲ့ အဖျားကိုပဲ ကျွန်တော်သိတယ်၊ ဓားသွားကို ကျွန်တော် မသိဘူး၊ အာကာရဋ္ဌ တပ်ဖွဲ့မှူးလေး အဖြစ်နဲ့ ကျွန်တော် ဘာကိုပျော်ရမှာလဲ။ ဘာကြောင့် ကျွန်တော့်ကို တပ်မှူးလေး ခန့်အပ်ကြတာလဲ၊ ပျားကောင်ကို ကျစ်စာတွင်းတူးခိုင်းပြီး၊ တီကောင်ကို ပျားအိမ် ဖွဲ့ခိုင်းလေတော့၊ ပျားကောင် လဲ အဓိပ္ပာယ်မရှိ တီကောင်လဲ အဓိပ္ပာယ်မရှိ. . ."

"ဟား. . . ဟား. . . ဟား. . . ဟာ. . ."

စက္ကသည် လွတ်လပ်ပွင့်လင်းစွာ ရယ်လိုက်လေသည်။

"တပ်မှူးလေးက စိတ်ညစ်နေတာကိုး. . . . စိတ်ညစ်မနေပါနဲ့ဗျာ၊ လွယ်လွယ်လေးပါ၊ တပ်မှူးလေးက သိပ်စိတ်ပင်ပန်း နေတာကိုး၊ တပ်မှူးလေး ဒီပါအဖြစ် တပ်မှူးတာဝန်ကို မထမ်းနဲ့ပေါ့ဗျာ၊ ပန်းချီ ကျော် ဒီပါအဖြစ်နဲ့ပဲ ပန်းချီကျော်အမှုကို လုပ်ပေါ့၊ လူတွေဟာ. . . အင်း. . . လူတွေဟာ. . ."

စက္က၏ မျက်လုံးညိုကြီးများ စူးရှလာသည်။

http://www.cherrythitsar.org



"လူတွေဟာ. . . သူဘာကို နိုင်နင်းသလဲ၊ အဲဒါနဲ့ပဲ အလုပ်လုပ်ကြပေါ့၊ ဒါပဲပေါ့"

"ဒါပေမယ့် ကျွန်တော်က အာကာရဋ္ဌတပ်ဖွဲ့ တပ်မှူးလေဗျာ. . ."

"ဟုတ်ပါတယ်၊ ကဲ. . . တပ်မှူးလေးဟာ တပ်မှူးတာဝန်ကို ပျော်ပျော်ကြီး ယူမလား. . ."

ဒီပါသည် လေးနက်စွာ စဉ်းစားနေသည်။

"မယူနိုင်ဘူး. . . စက္က. . ."

"ဒါဖြင့်. . . ယခု တပ်မှူးလေးအဖြစ် ဘာလုပ်မလဲ. . ."

"ကျွန်တော်လား. . . အင်း. . . တပ်မှူးလေး ဖြစ်နေတဲ့ ကျွန်တော်. . . က အခုဆိုရင် စစ်တလင်းက မြင်ကွင်းတွေကို ပုံလွှာရေးချင်နေတယ်"

စက္ကသည် ဒီပါကို အံ့အားသင့်စွာ ကြည့်လိုက်မိသည်။ ဒီပါကား တစ်စုံတစ်ခု၌ သတိလက်လွတ် ဝင်စားနေဟန်ဖြင့် ရေရွတ်နေလေသည်။

"ပါဒကို ကျွန်တော်ချစ်တယ်၊ ပါဒရဲ့ မြင်ကွင်းတွေ၊ ပါဒပိုင်ဆိုင်တဲ့ အနုပညာတွေ၊ ပြီးတော့ ပါဒနိုင်ငံတော်က လူတွေရဲ့ မျက်နှာသွင်ပြင်တွေ၊ အဲဒီ မျက်နှာတွေပေါ်က အငွေ့အသက်တွေ. . . ပြီးတော့. . . အဲဒါတွေကို ခြယ်မှုန်းနိုင်တဲ့ အနုပညာ၊ အဲဒီ ပါဒကိုဖျက်မယ့် သူတွေအခုလာကြပြီ. . . ကျွန်တော် ဒါကို ဟန့်တားချင်တယ်၊ ဒါပေမယ့် ပျားကောင်ဟာ တီကျစ်စာတွင်း မတူးတတ်ဖူး၊ ဒီအချိန်မှာ ကျွန်တော် အလုပ်နိုင်ဆုံးအလုပ်က စစ်တလင်းက မြင်ကွင်းတွေကို ပုံလွှာရေးဖို့. . ."

ဒီပါသည် အနုပညာဖြင့် ရူးသွပ်နေပြီလားဟု စက္ကထင်လိုက်မိသည်။ သို့သော် ဖန်ဆင်းတတ်လွန်းသော လက်ချောင်းများ အရှင်ကို စက္ကနားလည်နေမိသလိုလိုလည်း ရှိသည်။ ထို့နောက်တွင် စက္ကသည် နွေးထွေးလှိုက်လှဲခြင်းများဖြင့် ဒီပါ၏ လက်ကို ဆုပ်နယ်လှုပ်ရမ်းလိုက်မိသည်။

"တပ်မှူးလေး. . . ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် နားလည်ပါတယ်ဗျာ. . ."

အာကာရဋ္ဌ တပ်ဖွဲ့တပ်ဦးဆီမှ စစ်ချီရန် တံပိုးသံ ပေါ်လာသည်။

"တပ်မှူးလေး. . . အရှေ့ဖက် စစ်မျက်နှာကို ချီကြဖို့ အမိန့်ပေးပြီ. . . ကျွန်တော်တို့ သွားကြစို့. . . စစ်တလင်းမှာ တပ်မှူးလေး ပျော်ရပါလိမ့်မယ်ဗျာ. . ."

* * *

http://www.cherrythitsar.org



ပါဒချောင်းရိုးအတိုင်း မြောက်အရပ်သို့ ချီလာသော ဇင်းမယ် စစ်သည်များသည် ပါဒနေပြည်တော်၏ အရှေ့မြောက်ဖက်ရှိ ဇေယျာဒီပ တောင်ကုန်း ဝန်းကျင်တွင် ဖြန့်ကျက်တပ်စွဲလိုက်ကြသည်။ ဇေယျာဒီပ တောင်ကုန်းမှာ စင်စစ်တောင်ကုန်းဟု ဆိုသော်လည်း တောင်ငယ်တစ်တောင် မျှ မြင့်မားသည်။ တောင်စွယ်ငယ်များ ပေါသည်။ တောင်ခါးပန်းတစ်ဖက်တွင် အစဉ်အဆက် နတ်ရွာစံ ပါဒဘုရင်များ၏ သင်္ချိုင်းဂူများ တည်ထားသည်။ သင်္ချိုင်းဂူများနှင့် တစ်ဆက်တည်း တောင်စွယ်ခါးပန်းတွင် ဘုရားစေတီများ တည်ထားသည်။

ပါဒတပ်ဖွဲ့များသည် ဇေယျာဒီပ တောင်စွယ်များသို့ စစ်ချီတပ်စွဲ လိုက်သည်။ တောင်ခြေရှိ ဇင်းမယ်တပ်ဖွဲ့ဆီမှ မီးရောင်များကို တောင်ပေါ်မှ မြင်နေရသလို၊ တောင်ပေါ်မှ ပါဒတပ်ဖွဲ့၏ မီးရောင်များကိုလည်း တောင် အောက်မှ မြင်နေရသည်။ နီရဲသော မျက်လုံးအစုံများ တစ်ခုကိုတစ်ခု စေ့စေ့ တင်းတင်း စူးစိုက်ကြည့်နေကြသည့်နှယ်. . . ။

အမှောင်တိုက်ကို ထွင်းဖောက်လျက် တောင်အောက်ရှိ ရန်သူ့ တပ်ဖွဲ့ များ၏ မီးရောင်များကို ငုံ့ကြည့်ရာမှ သမိန်ဖြတ်ဇသည် နှင်းဟေမာဘက်သို့ ပြန်လှည့်လိုက်သည်။ တပ်မင်းကြီး သမိန်ဖြတ်ဇ၏ မျက်လုံးများသည် ညဥ့်၏ မီးရောင်အောက်တွင် ကျားသစ်နက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ အရောင် ထွက်နေသည်။

"အခြေအနေ ဘယ်လိုရှိသလဲ သမိန်ဖြတ်ဇ"

"ငြိမ်သက်နေတဲ့ မီးတုတ်အရောင်တွေ တွေ့ရပါတယ် သခင်မ၊ သူတို့ ဒီညတော့ ဇေယျာဒီပပေါ် တက်လာကြမယ် မထင်ပါဘူး၊ မြေပြင်မှာပဲ တပ်ကို ပြင်နေကြပုံပါပဲ"

နှင်းဟေမာသည် ချပ်ဝပ်သင်တိုင်းပေါ်မှ သွေးစများကို သုတ်ရင်း တစ်စုံတစ်ခုကို လေးနက်စွာ တွေးနေမိလေသည်။

"တပ်မင်းတွေ အားလုံး ဒီနားစုကြပါ"

တပ်မင်းများနှင့် ဟေမာကို ဝိုင်းရံ စုရုံးလိုက်ကြသည်။ ထောင့် တစ်နေရာ မှောင်ရိပ်တွင်ကား တစ်ယောက်သော သူသည် လက်ကိုပိုက်လျက် ခြေကိုချဲ့လျက် ကြွားရွှား ရပ်နေခဲ့လေသည်။

"ဒီအထဲမှာရှိတဲ့ သူတွေအားလုံး ဒီနားစုကြဖို့ အမိန့်ပေးနေတယ်"

http://www.cherrythitsar.org



နှင်းဟေမာက ပြင်းထန်သော အသံဖြင့် အမိန့်ပေးသည်။ မှောင်ရိပ်ထဲမှသူကား အမိန့်ကို မနာခံချေ။ နှင်းဟေမာသည် ပို၍ ပြင်းထန်သော အသံဖြင့် အမိန့်ပေးလိုက်သည်။ ထိုသဏ္ဍာန်ဆီသို့လည်း လက်ညှိုးညွှန်လိုက်သည်။

"နန်းစောရှင်၊ မင်းဟာ အခုချိန်မှာ ပါဒဘုရင်မဟုတ်ဘူး၊ ဒီစစ်ပွဲကာလမှာ ငါဟာ ပါဒရဲ့ ခေါင်းဆောင်ဖြစ်တယ်၊ မင်း. . . ငါ့အမိန့်ကို နာခံ၊ အဲဒီနေရာက ထွက်လာခဲ့၊ ကင်းတပ်မျှော်စင်ထိပ်က အမရ စစ်မောင်းကို မင်း ထုရိုက်လိုက်တဲ့အတွက် ငါတို့သေနင်္ဂတွေ ဘယ်လောက် ရှုပ်ထွေးသွားခဲ့သလဲ၊ ဘယ်လောက်ဆုတ်ခွာခဲ့ရသလဲ၊ ရန်သူဟာ ဘယ်လောက်ထိ နှိပ်နယ်လာခဲ့သလဲ၊ မင်း. . . ဘုရင်မဟုတ်ဘူး၊ ငါ့အမိန့်ကို နာခံ"

သမိန်စက္ကဝတ်သည် မှောင်ရိပ်မှ ထွက်မလာဘဲ ပြင်းထန်စွာ တုန့်ပြန်သည်။

"ဒီမှာ အစ်မတော်၊ အမရကို ထုရိုက်ခဲ့တဲ့အတွက် ကျုပ်မှားတယ်လို့ ဘယ်တော့မှ မပြောနဲ့၊ ဒါအတွက် သေနင်္ဂတွေ ရှုပ်ထွေးမှားယွင်းရတယ်ဆိုရင် ဒါအတွက် ကျုပ်တို့ ဆုတ်ခွာခဲ့ရတယ်ဆိုရင်လဲ ကျုပ်ကို ဘယ်သူမှ အပြစ်မပေးနိုင်ဘူး။ ကျုပ်ဟာ ပါဒဘုရင်ပဲ၊ ဒီနိုင်ငံတော်မှာ စစ်ပွဲကာလ ဖြစ်ဖြစ်၊ အခြားကာလပဲ ဖြစ်ဖြစ်၊ ဘယ်သူ့ အမိန့်မှ ကျုပ်နားမထောင်နိုင်ဘူး၊ ဒီစစ်ကို ကျုပ်ပဲ ဦးဆောင်မယ်၊ ကျုပ် အမိန့်ကိုသာ အားလုံးနာခံရမယ်၊ ကျုပ်. . . "

သမိန်စက္ကဝတ်သည် စကားကို အဆုံးမသတ်လိုက်ရပေ။ နှင်းဟေမာ၏ လျှင်မြန်ခြင်းကို တပ်မင်းများ အံ့ဩသွားကြသည်။ နှင်းဟေမာသည် ဆန့်ထုတ်လိုက်သော ညာလက်ကို အသာအယာ ပြန်သိမ်းရင်း အေးဆေးစွာ အမိန့်ပေးပြန်လေသည်။

"ခေါ်သွားကြ. . . ဘာမှ စိုးရိမ်စရာမရှိဘူး။ ဒီဓားမြှောင်ကို သခင်မကြိုတင်ပြီး ဆောင်ထားတာပဲ။ ဓားမြှောင်သွားထက်က အဆိပ်ဟာ မူးမေ့စေရုံလောက်ပဲ အာနိသင်ရှိတယ်၊ ဒီသေရည်ရှူးဟာ နောက်ထပ် နှစ်ရက် မထနိုင်တော့ဘူး"

ပခုံးတွင် ဓားမြှောင်စိုက်ဝင်လျက် လဲကျနေသော သမိန်စက္ကဝတ်အား ရဲမက်များက ပွေ့ချီလိုက်ကြသည်။ ထို့နောက် အတွင်းခန်းဘက်သို့ ခေါ်သွားကြသည်။

"ကိုင်း. . . တပ်မင်းများ ဒီကိစ္စကို မေ့ထားလိုက်ကြ၊ ဇေယျာဒီပ

http://www.cherrythitsar.org



တောင်ခြေအောက်က ရန်သူ့ကိစ္စကို တိုင်ပင်ကြမယ်၊ စစ်ချီစစ်ထိုး အစီအရင် အတွက် ဘယ်လို အကြံပေးကြမလဲ”

ကင်းတပ်မှူး ဗိုလ်မင်းသူရိန္ဒက ဦးစွာပြောလေသည်။

“ဒီည စစ်နားပြီး နက်ဖြန်နံနက် လင်းအားကြီးမှ ကျွန်ုပ်တို့ တောင် အောက်ဆင်းတိုက်ရင် ကောင်းပါမယ်”

သမိန်ဒိဗ္ဗကမူ စိတ်အားထက်သန်စွာဖြင့်

“ခုညပဲ တောင်အောင်ဆင်းတိုက်ကြရင်ကော”

သမိန်မန္တတ်က မားရိုးကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း လေးနက်သော အသံဖြင့် အကြံပေးသည်။

“ကျွန်ုပ်တို့ တောင်အောက်ဆင်းတာထက် ရန်သူကို တောင်ပေါ်တက် လာအောင် စစ်မြှူပြီး တိုက်ခိုက်နိုင်ရင် ပိုကောင်းမယ် ထင်တယ်။ ဇေယျာဒီပ တောင်ထိပ်အထိ တက်လာရတဲ့အတွက် သူတို့ခွန်အား ယုတ်လျော့နေမယ် မဟုတ်လား”

တပ်မင်းများ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးကြသည်။ သေနင်္ဂတစ်ခုခုကို ဖော်ထုတ်၍ ယင်းဖြစ်ပေါ်နိုင်မည့် အကျိုးအပြစ်တို့ကို ခွဲစိပ်သုံးသပ်နေကြ သည်။ နှင်းဟေမာ ငြိမ်သက်စွာ နားထောင်နေသည်။ ညဥ့်သည် ပို၍နက်ပြီး ဆောင်းဥတု၏ အအေးဓာတ်သည် ဇေယျာဒီပတောင်ကုန်းထိပ်သို့ သိသိ သာသာ လွှမ်းခြုံလာသည်။ ကညင်ပင်နှင့် ကျွန်းပင် ထူထပ်သော ဇေယျာဒီပ သည် ပါဒနေပြည်တော်ထက် ပို၍ အေးပေသည်။

ဖားဖားဝေနေသော ကညင်ရွက်များပေါ်သို့ နှင်းပေါက်တို့ တဖြောက် ဖြောက် ကျသံကိုပင် မသဲမကွဲ ကြားလာရသည်။

နှင်းဟေမာသည် တပ်မင်းများ ဆွေးနွေးတိုင်ပင်နေကြသည်ကို ငြိမ်သက်စွာ နားထောင်ရင်းမှ အေးစိမ့်သော ဆောင်း၏ အငွေ့အသက်နှင့် နှင်းစက်တို့ ဖြောက်ဖြောက်ကျသံကို သတိထားမိနေသည်။ နှင်းစက်တို့ ကျသံသည် ပို၍ စိပ်လာပြီး ပို၍ ကျယ်လောင်လာသည်။ နှင်းဟေမာသည် ထိုင်ခုံမှ ရုတ်တရက် ထရပ်လိုက်လေသည်။

“တပ်မင်းများအားလုံး ခဏတိတ်ကြစမ်း”

ဆွေးနွေးတိုင်ပင်သံများ ရပ်စဲသွားသည်။ တပ်မင်းများသည် နှင်းဟေမာ ကို အံ့အားသင့်စွာ ဝိုင်းကြည့်ရင်း အမိန့်တစ်ခုခုကို စောင့်ဆိုင်းနေကြသည်။

http://www.cherrythitsar.org



"ကြားကြလား. . . နှင်းစက်တွေကျသံ၊ သိသိသာသာ အေးစိမ့်လာတာကိုကော သတိထားမိကြလား . . . . သမိန်ပြတ်ဇ တောင်အောက်ဖက်ကို ပြန်ကြည့်စမ်းပါဦး. . . "

သမိန်ပြတ်ဇသည် ပြတင်းဆီသို့ ဖျတ်လတ်စွာ ချဉ်းကပ်ရင်း တောင်အောက်သို့ ကြည့်လိုက်သည်။ ထို့နောက် အထဲဘက်သို့ ပြန်လှည့်လိုက်သည်။

"ဘာတွေ့ရသလဲ. . . သမိန်ပြတ်ဇ"

"နှင်းတွေ ပိတ်ဖုံးနေပြီ. . . သခင်မ. . . ဇေယျာဒီပ တောင်စောင်းမှာ နှင်းတွေဟာ ဆို့ဆည်းနေပြီ. . . အောက်ကိုလည်း သဲသဲကွဲကွဲ မမြင်ရတော့ဘူး. . . "

"ဟုတ်လား. . . နှင်းတွေ ပိတ်ဖုံးနေပြီ ဟုတ်လား. . . ကိုင်း တပ်မင်းများ၊ သင်တို့သာ ဇင်းမယ် စစ်သည်ခေါင်းဆောင်ဆိုရင် နှင်းပိတ်ဖုံးနေတဲ့ ဇေယျာဒီပပေါ်ကို ဒီညတက်မလား၊ မတက်ဘူးလား. . . ရန်သူအနေနဲ့ တွေးကြစမ်း. . . "

ခေတ္တမျှ တိတ်ဆိတ်သွားပြန်သည်။ တီးတိုးဆွေးနွေးသံများ ပေါ်လာသည်။ သမိန်ဒိဗ္ဗက စတင်ပြောလိုက်လေသည်။

"သခင်မ . . . ကျွန်ုပ်တို့ ညှိနှိုင်းကြည့်ကြတယ် . . . ရန်သူဟာ အရေးသာထားတဲ့ ရန်သူလဲ ဖြစ်တယ်၊ စစ်လဲပန်းနေတယ်၊ ပါဒကို သိမ်းနိုင်တော့မယ်လို့လဲ တွက်ချက်ထားတယ်၊ ခုတပ်စွဲနေတဲ့ ဇေယျာဒီပတောင်ခြေ၊ တောင်စောင်း၊ တောင်ပေါ်ခရီးဟာ မိမိနဲ့ မကျွမ်းတဲ့ စစ်မြေပြင်လဲ ဖြစ်နေတယ်၊ ပြီးတော့ နှင်းတွေလဲ ပိတ်ဖုံးနေတဲ့အတွက် စစ်ချီ ခက်ခဲမယ်၊ အနိုင်ရတော့မယ့် ပါဒကို နောက်တစ်နေ့မှပဲ မြင်မြင်ထင်ထင် ချီတက်တိုက်ခိုက်တော့မယ်၊ ရန်သူ့အနေနဲ့ ဒီအတိုင်းပဲ ထွက်မှာမုချလို့ ကျွန်ုပ်တို့အားလုံး သဘောတူကြပါတယ်"

"ဟုတ်တယ် . . . အဲဒီတော့. . . နယ်မကျွမ်းတဲ့ ရန်သူ၊ အေးအေးဆေးဆေး စိတ်ချလက်ချ စစ်နားနေတဲ့ ရန်သူကို သခင်မတို့ ဘယ်လို သေနင်္ဂမျိုး သုံးရမယ်ဆိုတာ တပ်မင်းများ သိကြပြီလား"

"သိပါပြီ. . . သခင်မ. . . "

"ကျွန်ုပ်. . . သိပြီ"

http://www.cherrythitsar.org



"သိပါပြီ သခင်မ. . . သိပါပြီ"

"ဟုတ်တယ်. . . ရန်သူ့အငိုက်မှာ ဝင်စီးဖို့. . . "

"ပါဒတပ်တွေ ခုညပဲ နှင်းထုကိုဖြတ် တောင်အောက်ကို ဆင်းပြီး အိပ်မောကျနေမယ့် ရန်သူကို တိုက်ရမယ်. . . "

တပ်မင်းများသည် တက်ကြွထက်သန်စွာဖြင့် အဖြေပေးလိုက် ကြလေသည်။

နှင်းပေမာသည် နှစ်သိမ့်ကျေနပ်စွာ ပြုံးလိုက်သည်။

"တစ်ခုတည်းသော စစ်ထိုးအစီအမံကို တပ်မင်းများ အားလုံး တညီတညွတ်တည်း ရရှိသွားတဲ့အတွက် သခင်မ ဝမ်းသာတယ်၊ ကိုင်း. . . အားလုံး အသင့်ပြင်ကြပေတော့. . . "

ဇေယျာဒီပတောင်ပေါ်၊ တောင်စောင်း၊ တောင်ခြေတကြောတွင် ငယ်ရွယ်စဉ်ကတည်းက ဆော့ကစားခဲ့ကြသော ပါဒရဲမက်များသည် ရဲမက်ဖြစ်ကြသောအခါတွင်လည်း ဇေယျာဒီပ တစ်ခွင်လုံးတွင် စစ်ရေးလေ့ကျင့်ရင်းဖြင့်သာ ကြီးပြင်းလာခဲ့သူများ ဖြစ်သည်။

နှင်းတို့ ဆည့်ဆည်းပိတ်ဖုံးနေသော ဇေယျာဒီပသည် သူတို့၏ စစ်ချီလမ်းကြောင်းအတွက် မည်သည့်အခက်အခဲ တစ်စုံတစ်ရာကိုမျှ မဖြစ်ပေါ်စေနိုင်ချေ။ အမှောင်ထုထဲတွင် ကျွမ်းကျင်သော မျက်စိ၊ ကျွမ်းကျင်သော ခြေလှမ်းများဖြင့် တောင်ခါးပန်း၊ တောင်စောင်းတစ်လျှောက် တိတ်တဆိတ် ဆင်းနိုင်ခဲ့ကြသည်။

ဆောင်းဦး၏ နှင်းမြူတို့ အထူအထပ်ဆုံး၊ အအေးဓာတ် အကဲလွန်ဆုံးဖြစ်သော လင်းအရုဏ်ဦး အချိန်မှာပင် ပါဒတပ်ဖွဲ့များအားလုံး တောင်ခြေသို့ ရောက်ရှိခဲ့ကြသည်။ ဖြူလွှသော နှင်းထုကို ဖောက်ထွင်းလျက် ဇင်းမယ်တပ်ဖွဲ့များ၏ စစ်တဲနန်းများကို ညိုမည်းစွာ တွေ့နေရသည်။ အစောင့်စစ်သည်များသည်ပင် မီးဖိုဘေး၌ ငိုက်မျည်း အိပ်ပျော်နေကြသည်။ မီးဖိုများဘေးတွင် မီးတောက်များမရှိ။

သို့သော်လည်း. . .

စူးနစ်သော တံပိုးသံနှင့် ထက်ကြပ်မကွာ. . .

ဇင်းမယ် စစ်တဲနန်းများ အားလုံးတွင် တစ်ပြိုင်တည်းသော မီးတောက်ကြီးများ တဝုန်းဝုန်း ရုတ်ချည်း ဖြစ်ပေါ်လာသည်။ ကညင်ဆီဆွတ်ထားသည့်

http://www.cherrythitsar.org



အဝတ်စသည် မီးတောက်ကို အားပေးသည်။ ထိုအဝတ်စကို မြားတံထိပ်တွင် ချည်လျက် ပါဒလေးသည်ကျော်များက မြားတစ်စင်းပြီး တစ်စင်းပစ်လွှတ်ကြသောအခါ. . . ။

ဇင်းမယ် စစ်တဲနန်းသည် တစ်လုံးပြီး တစ်လုံး မီးသင့်စွဲလောင်ကြသည်။

ဇေယျာဒီပတောင်ခြေမှ ဆောင်းနံနက်ခင်းသည် မီးလျှံငရဲ ဖြစ်သွားသည်။ သွေးရူးသွေးတန်း ပြေးနေကြသော ဇင်းမယ်စစ်သည်များသည် မီးတောက်၏ နီရဲသော အလင်းရောင်တွင် ရှင်းလင်းလွယ်ကူသော ပစ်မှတ်စက်ကွင်းများဖြစ်နေသည်။ မီးလောင်ကျွမ်းနေသော တဲနန်းတွင်းမှ ထွက်နိုင်သော်လည်း တဲဝမှာပင် နှင်းထုကို ဖောက်ခွဲပျံသန်းလာသော လှံရှည် သို့မဟုတ် မြားတံကို တွေ့ရှိလိုက်ရပြန်သည်။ အချို့မှုကား မီးတောက်များ တငြီးငြီး လောင်ကျွမ်းသောကိုယ်ဖြင့် ပါဒချောင်းထဲသို့ သွေးရူးသွေးတန်း ခုန်ဆင်းကြသည်။ လေးလံသော ချပ်ဝပ်များကြောင့် မီးသင့်လောင်လျက်မှာပင် ရေနစ်သေဆုံးသွားကြပြန်သည်။

စစ်ပွဲကာလသည် အချိန်မကြာလှပေ။

ဇင်းမယ်စစ်သည်များသည် လက်နက်ကိုပင် ထုတ်ယူကိုင်စွဲခွင့် မရလိုက်ကြ။ ရန်သူကိုလည်း ရင်ဆိုင်တိုက်ခိုက်ခွင့် မရလိုက်ကြ။ ချမ်းစိမ့်သော အအေးဓာတ်အလယ်တွင် လောင်မြိုက်သော အပူကိုသာ ထိတ်လန့်တကြားတွေ့ထိလိုက်ရသည်။

အကျအဆုံး ထူပြောစွာဖြင့် ဇင်းမယ်စစ်သည်တို့သည် ပါဒချောင်းရိုးအတိုင်း ဆုတ်ခွာကြရသည်။ သို့သော် ချောင်းတစ်လျှောက် ကင်းတပ်များက ဆီးကြိုတိုက်ခိုက်ပြန်သည်။

သီလဝါကျွန်းကို အောင်မြင်စွာ စီးနိုင်ခဲ့သော၊ ဂွမ်းမြို့ကင်းတပ် အဆင့်ဆင့်ကို တစ်ခဲနက် ဖိနှိပ်တိုက်ခိုက်နိုင်ခဲ့သော ဇင်းမယ်တပ်မသည် ဇေယျာဒီပတောင်ခြေတွင် မိမိတို့၏ အနိုင်ရရှိမှု အားလုံးကို ပြန်လည်ပေးဆပ်လိုက်ရသည်။ ပါဒချောင်းရိုးအတိုင်း ထွက်ပြေးခဲ့ရသော လှေများအနက် လှေအနည်းငယ်သာလျှင် မှော်ဝန်းမြစ်လယ်မှ မိမိတို့ စစ်လှေကြီးများဆီသို့ ပြန်လည်ရောက်ရှိ၍ လွတ်မြောက်နိုင်ကြသည်။ ထိုအထဲတွင် သီလဝါကျွန်း ကျိုက်ခနော်စေတီ ဌာပနာတိုက်မှ သိမ်းပိုက်ခဲ့သော ပတ္တမြားလည်ရွဲကို ဆင်မြန်းထားသည့် ဇင်းမယ်ဘုရင် စန္ဒရော်မော်နီလည်း အပါအဝင်ဖြစ်လေသည်။

http://www.cherrythitsar.org



ရက်သတ္တ တစ်ပတ်အကြာတွင် စစ်၏ အငွေ့အသက်များ အားလုံး ကင်းစင်သွားသည်။

သီလဝါကျွန်း၊ မှော်ဝန်းမြစ်၊ ကင်းတပ်မြေပြင်၊ ပါဒချောင်း၊ ဇေယျာဒီပ တောင်ခြေဒေသများမှ စစ်၏အကြွင်းရလဒ် အပျက်အစီးများကို သန့်စင်လိုက်ကြသည်။ ပါဒသည် မောပန်းခြင်း၏ နောက်ဆုံးချွေးစက်ကို အေးချမ်းစွာ သုတ်သင်သန့်ရှင်းလိုက်ပြီး ဖြစ်သည်။

သို့သော် ဇင်းမယ်စစ်ကြောင့် ဖြစ်ပေါ်လာသည့် စစ်ရေး ပြဿနာ တစ်ရပ်ကို ဆက်လက် ကိုင်တွယ်ရပြန်သည်။

နှင်းဟေမာနှင့် တပ်မင်းကြီးများသည် နန်းတော်တွင်း ကြေးတိုက် ခန်းမဆောင်တွင် စုရုံးကြသည်။ ဇင်းမယ်စစ်ကြောင့် ဆုံးပါးခဲ့ရသည့် ရဲမက် ဦးရေ၊ သီလဝါကျွန်း ကျိုက်ခနောင်စေတီဌာပနာမှ ရတနာများ၊ အထိနာခဲ့ရသော ဂွမ်းမြို့ကင်းတပ်မှ အပျက်အစီးများကို ကြေးတိုက်မှူးက တစ်ခုချင်း ဖတ်ကြား နေသည်။

နှင်းဟေမာက ကြေးတိုက်မှူးကို လက်ကာပြလိုက်လေသည်။

"ကြေးတိုက်မှူး၊ အဲဒီစာရင်းတွေကို နန်းရင်းဝန်ကြီး ဗညားမွန်ထော်နဲ့ ဆက်ပြီး စီမံပါ၊ တပ်မင်း သမိန်ပြတ်ဇ သခင်မအဆောင်တော်မှာ ပြန်နေချင်ပြီ၊ စစ်လဲပြီးသွားပြီ၊ အပြင်ပလောကကို သခင်မ ငြီးငွေ့ပြီ၊ သမိန်ပြတ်ဇ တင်ပြ စရာရှိတာကို အခုပြောပါ၊ ဒါကို သခင်မ စီရင်ပြီးရင် အဆောင်တော် ပြန်မယ်"

"ကောင်းပါပြီ သခင်မ"

သမိန်ပြတ်ဇသည် ပုရပိုက်တစ်ခုကို ထုတ်ယူရင်း ခန်းမအလယ်သို့ ထွက်ရပ်လိုက်သည်။ ထို့နောက် ပုရပိုက်ကို ကိုင်မြှောက်လျက် စစ်မိန့်ပေးသံဖြင့် ဖတ်လိုက်လေသည်။

"သခင်မ နှင်းဟေမာရဲ့ အမိန့်တော်၊ ပါဒတပ်ဖွဲ့မင်းများ၊ တပ်မှူးများ အသီးသီး အသက ပေးပို့တိုင်ကြားချက်အရ အောက်ပါရာဇဝတ်သားများကို ကြေးတိုက်မှူးခန်းမအလယ်သို့ ထုတ်ယူလာစေ"

တစ်ဖက်ရှိ ကြေးတိုက်တံခါး ပွင့်သွားသည်။

သမိန်ပြတ်ဇက ဆက်၍ဖတ်သည်။

"ဇင်းမယ် စစ်ပွဲကာလအတွင်း သခင်မ နှင်းဟေမာ၏ ဦးစီးခေါင်းဆောင်

http://www.cherrythitsar.org



မှု၊ သခင်မနှင်းဟေမာ၏ အမိန့်တာဝန်ခွဲ ဝေခိုင်းစေမှုတို့ကို ဆန့်ကျင်သော၊ မထေမဲ့မြင်ပြုသော၊ တာဝန်မကျေပွန်သော၊ ရာဇဝတ်သားများကို သခင်မကိုယ်တော်တိုင် ကြားနာစစ်ဆေး အပြစ်ဒဏ်ပေးမည်။

သမိန်ပြတ်ဇ၏ ဖတ်ကြားဆင့်ခေါ်ချက်အရ ဂွမ်းမြို့ ကင်းတပ်အပေါ်ထပ် အခန်းငယ်တွင် သမိန်စက္ကဝတ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးခဲ့ရသည့် အကြပ်မှူးနှင့် ရဲမက်များ၊ မျှော်စင်ထိပ်ရှိ အမရစစ်မောင်းကို စောင့်ကြပ်ရသည့် ရဲမက်သုံးဦးတို့ကို ကြေးတိုက်မှူးက ထုတ်ယူလာသည်။ သမိန်စက္ကဝတ်အား လုံခြုံစွာ ထိန်းသိမ်းထားရန် ပျက်ကွက်ချွတ်ယွင်းခဲ့သည့်အတွက် အမရစစ်မောင်းကို သမိန်စက္ကဝတ် ထုရိုက်သည်ကို မတားဆီးနိုင်ခဲ့သည့်အတွက် ရာဇဝတ်သင့်ကြခြင်း ဖြစ်သည်။

ရာဇဝတ်သားများ ကြေးတိုက်ခန်းမလယ်သို့ ရောက်ပြီးနောက် သမိန်ပြတ်ဇက နှင်းဟေမာကို မော့ကြည့်လိုက်သည်။

"ဆက်ပြီး ခေါ်ပါ သမိန်ပြတ်ဇ၊ ရာဇဝတ်သားတွေ ကျန်သေးတယ် မဟုတ်လား"

သမိန်ပြတ်ဇသည် ခက်ခဲပင်ပန်းစွာဖြင့် ပုရပိုက်ကို မြှောက်လိုက်ရပြန်သည်။ ထို့နောက် ခြောက်သွေ့ အက်ကွဲသော အသံပေါ်လာလေသည်။

"ဆက်လက်၍ ရာဇဝတ်သား လေးဦးကို ထုတ်ယူစေ၊ သူတို့ကား သမိန်စက္ကဝတ်ဘွဲ့ခံ ပါဒဘုရင်ဟောင်း သုခမုခနန်းစောရှင်၊ ပန်းချီကျော် နိန္ဒ အာကာရဋ္ဌ တပ်မှူးလေး ဒီပါ၊ အာကာရဋ္ဌတပ်ဖွဲ့ အကြပ်မှူး စက္က"

ရာဇဝတ်သားလေးဦးထွက်လာသည်။

မီးထွက်လုမတတ် မျက်လုံးများဖြင့် သမိန်စက္ကဝတ်။

တုန်လှုပ်ချောက်ချားသည့် ခြေလှမ်းများဖြင့် နိန္ဒ။

တည်ငြိမ်သော ခြေလှမ်းများဖြင့် ဒီပါ။

ပြုံးရယ်သော မျက်နှာဖြင့် အကြပ်မှူး စက္က။

* * *

# တတိယပိုင်း

## ချစ်သောပါဒကေရီ
## [အနုပဋိလောမ ချစ်မေတ္တာ]

ချစ်သူ. . .

သင့်ကိုမှ ချစ်မြတ်နိုးမိလေသည့် ငါ၏ နှလုံးသည်းပွတ်တို့ကို ငါ ကိုယ်တိုင်ပင် ပြန်လည်တုန်လှုပ်မိပါပြီ။

ဤနှလုံးသည်းပွတ်တို့ကို ငါ့ရင်တွင်း၌ ထားသိုရန် ငါကြောက်ရွံ့မိပါပြီ။ ဤသို့သော နှလုံးကို ငါ့ရင်တွင်း၌ ငါမထားသိုရဲတော့ပါ။

သို့အတွက်. . .

ငါ၏ အသည်းနှလုံးအား ထုတ်ယူလျက် စကြဝဠာ တံတိုင်းသို့ ငါကိုယ်တိုင် ပစ်လွှတ်ဖောက်ခွဲလိုက်၏။ တစ်ခဲနက်သောအသံဖြင့် ငါ့ အသည်းနှလုံးသည် အစိတ်အမွှာ အပိုင်းအစ ကြေပြန့်စင်ပြီ။

သို့သော်. . .

အစိတ်စိတ်အမွှာမွှာသော အသည်းနှလုံး၏ အပိုင်းအစတို့သည် တစ်မုဟုတ်ချင်းပင် တစုတဝေးတည်း ပြန်လည်ပေါင်းဆုံ၍ တစ်ခုသော နေရာသို့ သက်ရောက် ကိန်းဝပ်နေ၏။

**ရတနာပုံစာအုပ်တိုက်**

http://www.cherrythitsar.org



အို. . . အသည်းနှလုံး
အဘယ်နေရာသို့ ကိန်းဝပ်လေသနည်း။
ချစ်သူ. . .
ယင်းနေရာကား သင်၏ ခြေဖမိုးအစုံ ရှေ့မှောက်တွင် ဖြစ်ပြန်ချေသည်တကား။ ။

* * *

ကြေးတိုက်ခန်းမ၏ ဤနေရာမှာ စစ်ပွဲနှင့် သက်ဆိုင်သော ရာဇဝတ်သားများကို အပြစ်ဒဏ် စီရင်ဆုံးဖြတ်သည့် နေရာဖြစ်သည်။ ပါဒနန်းတော်အတွင်း ဤနေရာ ဤခန်းမကို အသုံးမပြုသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပေပြီ။ နတ်ရှာစံ ရာဇာစောနောင် ဘုရင်ကြီးလက်ထက်တွင်လည်းကောင်း၊ ရာဇာစောနောင်ဘုရင်၏ အဦးမင်းဆက် နောင်တော် ဟံသာသေနဘုရင် လက်ထက်တွင်လည်းကောင်း ကြေးတိုက်ခန်းမကို တစ်ခါမျှ အသုံးပြုခြင်း မရှိခဲ့ပေ။

အနှစ်ငါးဆယ်ကျော် ပိတ်ဆို့ထားခဲ့သော ကြေးတိုက်ခန်းမ တံခါးများသည် ယခုအခါ နှင်းဟေမာ၏ အမိန့်ဖြင့် ပွင့်ဟနေကြသည်။ ပြင်ပလေနှင့် ထိတွေ့ခြင်း ကင်းဝေးခဲ့သည် ဖြစ်သောကြောင့် ခန်းမအတွင်းနံရံများမှ သစ်စေးနံ့များ၊ ရွှေရေးမင်နံ့များသည် လတ်ဆတ်စွာ ကြိုင်လှိုင်သင်းနေသည်။

ကြေးတိုက်ခန်းမ၏ ထူးခြားသော အနံ့စိမ်းသည်ပင် ခန်းမအတွင်းရှိ လူများကို ထူးခြားသော ခံစားမှုကို ဖြစ်ပေါ်နေစေသည်။

အမြဲတစေ တည်ငြိမ်အေးဆေးခဲ့ပေသော တပ်မင်းကြီး သမိန်ပြတ်ဇ

http://www.cherrythitsar.org



သည် စိတ်လှုပ်ရှားခြင်းများစွာဖြင့် ရှေ့တူရူသို့ ငေးစိုက်ကြည့်နေမိသည်။ ခန်းမ ကွက်လပ်တွင် အနီရောင်ခြယ်ထားသော စက်ဝိုင်းတစ်ခု ရှိသည်။ ထိုစက်ဝိုင်း နေရာသို့ ရောက်ရှိလာသူသည် ပါဒနိုင်ငံတော်တွင် အကြီးလေးဆုံးသော စစ်ရာဇဝတ် ပြစ်မှုကို ကျူးလွန်သည့် ရာဇဝတ်သား ဖြစ်သည်။

အနီရောင် စက်ဝိုင်းထဲရှိ ရာဇဝတ်သားလေးဦးအနက်တွင် ပါဒဘုရင် သမိန်စက္ကဝတ် ကိုယ်တိုင်ပါဝင်နေသည်။

ပါဒနိုင်ငံတော်၏ ရာဇဝံသတွင် တစ်ခါမျှ မကြုံဘူးသော ဖြစ်ရပ်။

ပါဒဘုရင်ကို စီရင်မည့်သူကား ပါဒဘုရင်၏ အစ်မတော် ပင်တိုင် နန်းဆောင်မှ နှင်းဟေမာ သခင်မ။

နှင်းဟေမာသည် ညာလက်ကိုမြှောက်လိုက်သည်။ ထိုလက်ထဲတွင် တစ်ချက်လွှတ် အမိန့်ကို ကိုယ်စားပြုသော ရာဇလှံတံသည် တစ်တောင်ခန့်မျှ သာ ရှည်လျားသည်။ ရွှေသားစင်စစ် အတိပြီးသည်။ လှပသော ပန်းကနုတ်များ ဖော်စွမ်းထားသည်။ လှပသော ရာဇလှံတံတော်။ သို့သော် ထိုလှံရိုးကို ကိုင်ထား သည့် ပိုင်ရှင်၏ နှုတ်မှထွက်လာမည့် အမိန့်မှာ အပြင်းထန်ဆုံး အဆိပ်ထက် အစွမ်းထက်သော အဆိပ်မျိုး ဖြစ်သည်။

“ကြေးတိုက်မှူး. . . ပထမရာဇဝတ်သားကို စွဲချက်တင်”

ကြေးတိုက်မှူးသည် သမိန်စက္ကဝတ်၏ မျက်နှာကို ထိတ်လန့်စွာ တစ်ချက် လှမ်းကြည့်လိုက်ပြီး ပုရပိုက်ကို ထုတ်ယူလိုက်လေသည်။

“ပထမရာဇဝတ်သား . . . သမိန်စက္ကဝတ်ဘွဲ့ခံ ပါဒဘုရင်ဟောင်း သုခမုခ နန်းစောရှင်. . . သည်”

“ငါဟာ. . . ပါဒဘုရင်. . . ငါဟာ. . . ပါဒဘုရင်”

ကြေးတိုက်မှူး၏ အသံကို သမိန်စက္ကဝတ် တစ်ခဲနက်အော်သံက လွှမ်းသွားသည်။ ကြေးတိုက်နံရံများသည် သမိန်စက္ကဝတ်၏ အော်ဟစ်သံကို ပြန်၍ ပဲ့တင်ပေးလိုက်ကြသည်။

“ငါဟာ ပါဒဘုရင်. . . သံကြိုးတွေကို အခုဖြုတ်. . . မင်းတို့အားလုံး ကို ငါ သတ်မယ်. . . ငါသတ်မယ်. . . ”

လက်တွင်ချည်ထားသော သံကြိုးကွင်းများ၏ တချွင်ချွင်မြည်သံသည် လုံခြုံသော ကြေးတိုက်အတွင်း၌ လိုဏ်သံဖြစ်ပေါ်စေသည်။ သမိန်စက္ကဝတ် ကား ဒေါသအခိုးအလျှံများဖြင့် လက်ခြေတို့ကို တဝုန်းဝုန်း ခါယမ်းနေလေ

http://www.cherrythitsar.org



သည်။ နှင်းဟေမာသည် ခုံမြင့်ထက်မှနေ၍ သမိန်စက္ကဝတ်ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ နှင်းဟေမာ၏ တင်းမာသော အသွင်ကို မြင်ကြရသော သမိန်ပြတ်ဇနှင့် အခြား တပ်မင်းတို့သည် ရပ်တည်နေရာမှ စိုးစဉ်းမျှ မလှုပ်ရှား ဝံ့ကြ။

သမိန်စက္ကဝတ်ကား ရူးသွပ်သွားသည့်အလား အော်ဟစ်လှုပ်ရှားနေ သည်။ လှုပ်ရှားဟန်များ တစ်စစ နှေးကွေးလာသည်နှင့်အမျှ အော်ဟစ် ရေရွတ်သံများလည်း မပီမသ ဖြစ်လာလေသည်။ နောက်ဆုံးတွင် ပင်ပန်း နွမ်းနယ်ခြင်း၊ စိတ်နှလုံး ထိခိုက်ခြင်းများဖြင့် သမိန်စက္ကဝတ်သည် ဒူးထောက် လဲကျသွားသည်။ ရင်အုံမှာ လှိုင်းကဲ့သို့ လှုပ်ရှားနေသည်။ တင်းတင်းဆုပ်ထား သည့် လက်မောင်းတွင် အကြောပြိုင်းပြိုင်း ထနေသည်။ ချွေးသီးများအကြားမှ မျက်လုံးအိမ်သည် ရဲရဲနီလျက်။

နှင်းဟေမာက ကြေးတိုက်မှူးကို ခေါင်းညိတ်ပြလိုက်သည်။

"ပထမ ရာဇဝတ်သား. . . သမိန်စက္ကဝတ်ဘွဲ့ခံ ပါဒဘုရင်ဟောင်း သုခမုခ နန်းစောရှင်သည် သီလဝါကျွန်းတွင် သွားရောက်နေထိုင်ခဲ့စဉ်က ဇင်းမယ်အရေးကြောင့် နေပြည်တော်မှ ပို့လွှတ်ဆက်သွယ်သော လှေများ၊ အထောက်တော်များကို ဖမ်းဆီးထားခဲ့ခြင်း၊ သီလဝါကျွန်းစောင့်တပ်မများကို ကွပ်ညှပ်အုပ်စီးနိုင်ခဲ့ခြင်း မရှိဘဲ ကျွန်းတစ်ခုလုံးအား ရန်သူ့လက်သို့ စွန့်ပစ် လျက် လက်လွတ် ထွက်ပြေးဆုတ်ခဲ့ခြင်း၊ သခင်မနှင်းဟေမာ၏ အမိန့်တော် အောက်တွင် ရှိအပ်သော သေနင်္ကို ချိုးဖောက်လျက် အမရစစ်မောင်းအား ထုရိုက်ခြင်းဖြင့် သေနင်္ကို ပျက်ပြယ်စေခြင်း၊ ယင်းချိုးဖောက်မှုကြောင့် ပါဒ စစ်အင်အားတို့ ရန်သူ့ထံတွင် အချည်းနှီး ဆုံးရှုံးပျက်စီးစေခဲ့ခြင်း၊ ဇေယျာဒီပ တောင်ကုန်း စစ်ရေးအစီအမံတွင် သခင်မ၏ အမိန့်တော်ကို ငြင်းဆန်ခြင်း စသည့် အပြစ်များကြောင့် ရာဇဝံသအရ ကြီးလေးသော စစ်ရာဇဝတ်ဒဏ် သင့်သည်။ ရာဇဝတ်ကောင်၏ အဖို့ငှာ ဦးတိုက်လျှောက်တင်အံ့သူများရှိက သခင်မအား ဦးတိုက်လျှောက်တင်ရန် မင်းပြစ်မင်းဒဏ် အလုံးမှ လွှတ်လျက် ခွင့်ပေးတော်မူသည်"

သမိန်စက္ကဝတ်အတွက် တစ်စုံတစ်ရာ ဦးတိုက်အသနားခံခွင့်ကို မင်းပြစ်မင်းဒဏ် သင့်စေခြင်းမရှိဘဲ ခွင့်ပြုလိုက်သော်လည်း မည်သူမျှ မပြောရဲ ကြချေ။

ကြေးတိုက်ခန်းမအတွင်း စက်ဝိုင်းနီထဲမှ သမိန်စက္ကဝတ်၏ အသက်ရှူသံကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

နှင်းဟေမာသည် ရာဇလှံတံကို မြှောက်လိုက်သည်။ တပ်မင်းများအားလုံး နှင်းဟေမာ၏ နှုတ်ခမ်းကို ကြည့်လိုက်ကြသည်။ ဆောင်းဦး နံနက်လေပြေကဲ့သို့ ညှံ့သက်အေးစက်သော အသံသည် ကြေးတိုက်ခန်းမ၏ စိမ်းစိုစိုရန့်ကို ထွင်းဖောက်လျက် နံရံများဆီသို့ လွင့်ပါသွားလေသည်။

"သတ်စေ. . ."

သမိန်စက္ကဝတ်သည် ပြူးကျယ်သော မျက်လုံးများဖြင့် နှင်းဟေမာကို မော့ကြည့်နေသည်။ မမှိတ်မသုန် မျက်တောင်မခပ်။

နှင်းဟေမာက ကြေးတိုက်မှူးကို လက်ပြလိုက်သည်။ ကြေးတိုက်မှူးက ရဲမက်တစ်ဦးကို ခေါင်းညိတ်ပြလိုက်သည်။ ရဲမက်သည် ထိတ်လန့်တုန်လှုပ်သော လက်များဖြင့် သမိန်စက္ကဝတ်လက်မှ သံကြိုးစ အခြားတစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ သမိန်စက္ကဝတ်သည် အိပ်မက်တွင် မြောမေ့နေသူပမာ ရဲမက်ခေါ်ရာသို့ လိုက်ပါသွားသည်။ သံမှိုအထပ်ထပ်စွဲသော ကြေးတိုက်တံခါးတစ်ချပ်သည် ပြင်းထန်သော အသံဖြင့် ပိတ်သွားလေသည်။

ကြေးတိုက်မှူးက ပုရပိုက်ကို ဖွင့်လိုက်သည်။

"ဒုတိယ ရာဇဝတ်သား. . . ပန်းချီကျော် နိန္ဒသည် ရာဇဝတ်သားပါဒဘုရင်ဟောင်း သုခမုခနန်းစောရှင်၏ လက်ရုံးအဖြစ် ပါဒ စစ်ရေးသေနင်များကို ဖျက်ဆီးနှောင့်ယှက်မှုတွင် ပါဝင်ခဲ့သူ ဖြစ်သောကြောင့် ရာဇဝံသအရကြီးလေးသော စစ်ရာဇဝတ်ဒဏ်သင့်သည်၊ ရာဇဝတ်ကောင်၏ အဖို့ငှာ ဦးတိုက်လျှောက်တင်ရန် မင်းပြစ်မင်းဒဏ်အလုံးမှ လွတ်လျက်. . ."

"ကျွန်တော်မျိုး. . . ကျွန်တော်မျိုးကို သနား. . . တော်. . . မူ. . . ပါ"

နိန္ဒသည် အော်ဟစ်ငိုယိုလျက် ကြမ်းပြင်ပေါ်တွင် လူးလှိမ့်နေလေသည်။ စက်ဝိုင်းအနီနေရာမှ နှင်းဟေမာနှင့် တပ်မင်းများထိုင်သည့် စင်မြင့်ရှိရာသို့ မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ် တိုးဝင်လာသည်။

"ကျွန်တော်မျိုးကြီးဟာ စစ်ရေးကို ဘာမှနားမလည်တဲ့ ငမိုက်သားငအန္ဓပါဘုရား. . . ကျွန်တော်မျိုးကြီးမှာ သေနင်တစ်ခုကို နှောင့်ယှက် ဖျက်ဆီးနိုင်ဖို့ ဉာဏ်စွမ်းဉာဏ်စ မရှိတဲ့ လူညံ့လူဖျင်းတစ်ယောက်ပါ ဘုရား၊ ကျွန်တော်မျိုးကြီး. . ."

"တိတ်စမ်း" နှင်းဟေမာက တိုးတိတ်စွာ ငေါက်ငမ်းလိုက်သည်။

ကြေးတိုက်မှူးက ပုရပိုက်ကို ဆက်ဖတ်သည်။

"ရာဇဝတ်ကောင်၏အဖို့၌မှာ ဦးတိုက်လျှောက်တင်ရန် မင်းပြစ်မင်းဒဏ်အားလုံးမှ လွတ်လျက်ခွင့်ပေးတော်မူသည်. . . "

နိန္ဒ၏ ညည်းတွားငိုယိုသံသည်သာ ကြေးတိုက်ခန်းမအတွင်း ထွက်ပေါ်နေသည်။

"နိန္ဒဟာ စစ်ရာဇဝတ်သား မဟုတ်ဘူး. . . စစ်ရေးအရ သူ့မှာ အပြစ်မရှိဘူး. . . သူဟာ ပါဒဘုရင်ကို လူကျင့်တရားအရ ဖျက်ဆီးသူသာ ဖြစ်တယ်. . . သူ့မှာ ကြေးတိုက်ဝင် ရာဇဝတ်မှု မရှိတဲ့အတွက် သူ့ကို စစ်ဆေးခြင်းက လွတ်သင့်တယ်. . . "

ကြေးတိုက်မှူးသည် ထိုအသံထွက်ပေါ်လာရာသို့ အလန့်တကြား လှမ်းကြည့်လိုက်သည်။ တပ်မင်းများလည်း ထိုအသံရှင်ကို တအံ့တသြ လှမ်းကြည့်ကြသည်။ အသံရှင်ကား နိန္ဒနှင့်အတူ စက်ဝိုင်းအနီးအတွင်း ရောက်ရှိနေခဲ့သော ရာဇဝတ်သားဖြစ်သည်။

သူကား. . . ဒီပါ။

ဒီပါသည် သံကြိုးကွင်းများ တပ်ဆင် တုပ်နှောင်ထားသည့် လက်ကို လေးလံစွာမြှောက်လျက် နိန္ဒဆီသို့ လက်ညှိုးညွှန်လိုက်လေသည်။

"ဟောဒီ နိန္ဒ စောစောကပြောသွားတဲ့ စကားတွေဟာ အမှန်တွေ ဖြစ်တယ်၊ သူဟာ စစ်ရေးကို ဘာမှနားမလည်တဲ့၊ သေနင်္ဂတစ်ခုကို နှောင့်ယှက်နိုင်ဖို့ ဉာဏ်စွမ်းဉာဏ်စ မရှိတဲ့ လူညံ့လူဖျင်း တစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် သူ့ကို ကြေးတိုက်ဝင် ရာဇဝတ်သားအဖြစ်က ဖယ်ရှားပေးပါ. . . "

တပ်မင်းများ၏ တီးတိုးဆွေးနွေးသံများ ပေါ်လာသည်။

နှင်းဟေမာသည် ရာဇလှံတံကို မြှောက်လိုက်ပြန်လေသည်။

"ရာဇဝတ်သားတစ်ဦးဟာ အခြားရာဇဝတ်သားတစ်ဦးအတွက် ဦးတိုက်လျှောက်တင်ခွင့်ရှိသလား. . . ကြေးတိုက်မှူး"

"မရှိပါ သခင်မ. . . "

"ကောင်းပြီ၊ ဒုတိယရာဇဝတ်သားတွေဟာ ပထမရာဇဝတ်သားရဲ့ အပြစ်ကျူးလွန်မှုတွေကို သွယ်ဝိုက်အကူအညီ ပေးသူဖြစ်တယ်လို့ ဒီက တပ်မင်းများ လက်ခံနိုင်ကြမလား"

http://www.cherrythitsar.org



တပ်မင်းများသည် အသံဖြင့်မဖြေဘဲ ခေါင်းကိုလေးပင်စွာ ညိတ်ပြကြလေသည်။

"သတ်စေ"

နိန္ဒသည် ငယ်သံပါအောင် အော်လိုက်လေသည်။ အရိုးများကြေနေသည့် မြွေသေကောင်ကဲ့သို့ ပျော့ခွေသွားသော နိန္ဒကို ရဲမက်တစ်ဦးက ဆွဲခေါ်သွားသည်။ သံမှိုစွဲသော ကြေးတိုက်တံခါးတစ်ချပ် ပြင်းထန်သော အသံဖြင့် ပိတ်သွား ပြန်သည်။

ကြေးတိုက်မှူးက ပုရပိုက်ကို ဖွင့်လေသည်။

"တတိယ ရာဇဝတ်သား . . ဘုရင့်နန်းသုံးပန်းချီကျော်ဘွဲ့ရ အာကာရဋ္ဌ တပ်မှူးလေး ဒီပါသည် ဇေယျာဒီပတောင်ကုန်း စစ်ရေးအစီအမံကို လိုက်နာခြင်းမရှိဘဲ အမှုတော်ထမ်းရွက်ရမည့်ကာလ၊ ဇေယျာဒီပတောင်ကုန်း၏ မြောက်ဘက်၊ တောင်စွယ်စစ်မျက်နှာ၊ စစ်ပွဲအချိန်တွင် မိမိ၏နေရာ တပ်ဖွဲ့ဦးကင်းတွင် ရှိနေရန် ပျက်ကွက်သည်၊ ဇေယျာဒီပစစ်ပွဲ ပြီးဆုံးချိန်ကာလ၊ တပ်မှူးများ၊ အကြပ်မှူးများ ပြန်လည်စုရုံးသည့်အချိန်ထိ ဒီပါသည် ပျောက်ဆုံးတိမ်းရှောင်နေခဲ့သည်။သို့ဖြစ်သည့်အတွက် ဒီပါသည် ကြီးလေးသော စစ်ရာဇဝတ်ဒဏ်သင့်သည်၊ ရာဇဝံသအရ . . "

ကြေးတိုက်မှူး၏ ပုရပိုက် ဖတ်သံသည် တဖြည်းဖြည်း တိုးဝင်သွားသည်။

ဒီပါထံမှ သံကြိုးသံတချွင်ချွင် ထွက်ပေါ်လာလေသည်။

"ကြေးတိုက်မှူးခင်ဗျား၊ ကြေးတိုက်ဝင် ရာဇဝတ်သား တစ်ဦးဟာ မိမိအတွက် မိမိကိုယ်တိုင် ဦးတိုက်လျှောက်တင်ခွင့် ရှိပါသလား"

"ရာဇဝတ်သားမဟုတ်တဲ့ အခြားတစ်ဦးတစ်ယောက်က ဦးတိုက်လျှောက်တင်ခြင်း မရှိတော့ဘူးဆိုရင်တော့ ရာဇဝတ်သားဟာ မိမိကိုယ်တိုင်လျှောက်တင်ခွင့်ရှိတယ်"

တစ်ချိန်လုံး ကျောက်ရုပ်ကဲ့သို့ မလှုပ်မရှား ထိုင်နေခဲ့သော သမိန်ပြတ်ဇသည် ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော်မျိုး သမိန်ပြတ်ဇ လျှောက်တင်ပါမယ်။ တတိယရာဇဝတ်သားအရေးမှာ ရာဇဝတ်သား ကိုယ်တိုင်ပဲ လျှောက်တင်ခွင့် ပြုသင့်ပါတယ်"

နှင်းဟေမာ ခွင့်ပြုသည့်ဟန်ဖြင့် လက်ကို မြှောက်ပြလိုက်သည်။

http://www.cherrythitsar.org



ဒီပါသည် သံကြိုးကွင်းများ ချည်နှောင်ထားသည့် လက်အစုံကို ဘေးနှစ်ဖက်သို့ တည့်မတ်စွာ ချလိုက်လေသည်။

"ကျွန်တော်ဟာ ပန်းချီရေးဆွဲတဲ့ အနုပညာသမားဖြစ်တယ်၊ ပန်းချီရေးဆွဲဖို့ အသက်ရှင်သန်နေသူဖြစ်တယ်၊ ဒါပေမယ့် ဘုရင့်နန်းသုံးပန်းချီ ရွေးပွဲကြောင့် ပန်းချီကျော်ဘွဲ့ကို ရရှိခဲ့တယ်၊ ဇင်းမယ်စစ်ရေးမှာ အမိန့်တော်နဲ့ အာကာရဌ တပ်မှူးလေး ဖြစ်ခဲ့ရပြန်တယ်၊ တိတိကျကျ ပြောရရင် အာကာရဌ တပ်မှူးလေး ဖြစ်သင့်ဖြစ်ထိုက်သူ အခြားအကြပ်မှူးများစွာတို့ကိုလွန်ပြီး မဖြစ်သင့် မဖြစ်ထိုက်သူ ကျွန်တော်က တပ်မှူးလေး ဖြစ်ခဲ့ရတယ်"

ဒီပါသည် ဘေးမှ အကြပ်မှူး စက္ကကို လှမ်းကြည့်လိုက်သည်။ စက္ကက စိတ်ဝင်တစား နားထောင်နေရင်းမှ ဒီပါကို ပြုံးပြလေသည်။

". . . ကျွန်တော်ဟာ တပ်မှူးမဆိုထားနဲ့ အကြပ်မှူး အရာမဆိုထားနဲ့ သာမန်ရဲမက် တစ်ဦးလောက်တောင်မှ ဓား၊ လှံ၊ လေးမြားအတတ်မှာ ကျွမ်းကျင်သူ၊ ပွန်းတီးရင်းနှီးသူ မဟုတ်ဘူး၊ တပ်မှူးလေးတစ်ယောက်အဖြစ် စစ်ပွဲကာလမှာ စစ်မိန့်တစ်စုံတစ်ရာပေးဖို့ မဆိုထားနဲ့ စစ်ကာလ မတိုင်မီ လေ့ကျင့်ကွင်းပြင်မှာသော်မှ အမိန့်တစ်စုံတစ်ရာ ပေးတတ်သူ၊ ပေးနိုင်သူ မဟုတ်ပါဘူး၊ စစ်အရာမှာ အရည်အသွေးမမီတဲ့ ကျွန်တော့်လို တပ်မှူးလေးတစ်ဦးရဲ့ အမိန့်ဟာ တပ်ဖွဲ့ထဲက အကြပ်မှူး ရဲမက်တွေရဲ့ အသက်ကို ရန်သူလက်ထဲ တွန်းပို့အပ်နှင်းရာ ရောက်ရုံကလွဲလို့ တခြားဘာမှ မဖြစ်နိုင်ဘူး၊ ဒီလို ရှုံးမိုက်လွဲမှားတဲ့ တာဝန်မျိုး ကျွန်တော် ဘယ်တော့မှ ထမ်းဆောင်လိမ့်မယ် မဟုတ်ပါဘူး"

တိတ်ဆိတ်သော ကြေးတိုက်ခန်းမကို ဒီပါက ဖြန့်ကျက်ကြည့်ရင်း လက်ကို မြှောက်လိုက်သည်။ သံကြိုးသံများ တချွင်ချွင် မြည်လာသည်။

". . . လူသားတစ်ယောက် ထမ်းရွက်ရမယ့် တာဝန်ဆိုတာ စစ်ကာလမှာပဲ ဖြစ်ဖြစ်၊ အခြားကာလတွေမှာ ဖြစ်ဖြစ်၊ သူ့အရည်အသွေး၊ သူ့ရဲ့ စွမ်းဆောင်မှု၊ သူ့ကို ပေးအပ်လာတဲ့ အခြေအနေတွေပေါ်မှာပဲ ဖြစ်ပေါ်လာနိုင်မှာဖြစ်တယ်။ တာဝန်တစ်ခုခု၊ အမှုတော် တစ်ခုခုဟာ အမိန့်တော်က ပေါက်ဖွားတာ မဟုတ်ဘူး၊ သဘာဝတရားနဲ့ သဘာဝတရားကပေးအပ်တဲ့ လူ့သဘာဝကနေသာ ပေါက်ဖွားလာတာ ဖြစ်တယ်၊ ဒါကြောင့် အာကာရဌ တပ်မှူးလေးအဖြစ် ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်တုန်းကမှ ဝင်စား

http://www.cherrythitsar.org



သတ်မှတ်လို့ မရနိုင်ခဲ့ဘူး၊ ဒါကြောင့် ကျွန်တော်ဟာ ကြေးတိုက်ဝင် ရာဇဝတ်သား မဟုတ်ဘူးလို့ ဦးတိုက်လျှောက်တင်ပါတယ်၊ ကြေးတိုက်ရာဇဝတ်သား အဖြစ် အပြစ်ဒဏ် ပေးခဲ့လို့ရှိရင်လဲ ဒီအပြစ်ဒဏ်ကို ကျွန်တော်မခံဘူးလို့ ဦးတိုက်လျှောက်တင်ပါတယ်”

“ဇေယျာဒီပတောင်စောင်း စစ်ပွဲမှာ သင်ဟာ သင်ရှိနေရမဲ့ စစ်မျက်နှာ တပ်ဖွဲ့ဦးကင်းမှာ မရှိခဲ့ဘူး။ သင် ဘယ်ကိုရောက်နေသလဲ ရာဇဝတ်သား”

နှင်းဟေမာက ဒီပါ၏ မျက်နှာကို စေ့စေ့ကြည့်ရင်းမေးလိုက်သည်။

“တပ်မှူးလေး မဟုတ်တဲ့ ကျွန်တော်ဟာ. . .”

“ပါဒရေရီရဲ့ မျက်မှောက်မှာ ပါဒနိုင်ငံတော်သားတိုင်း ကျွန်တော်မျိုး လို့သာ သုံးခွင့်ရှိတယ်”

“တပ်မှူးလေး မဟုတ်တဲ့ ကျွန်တော်မျိုးဟာ စစ်ပွဲဖြစ်ပွားတဲ့ ညဥ့်ရဲ့ ညနေခင်းမှာပဲ ပါဒနန်းတော်ကို ပြန်လာခဲ့တယ်၊ အာကာရဋ္ဌခန်းမရဲ့ နံရံပေါ်က အနုပညာလက်ရာတွေနဲ့ သိမ်းဆည်းထားတဲ့ ပန်းချီပုံလွှာတွေရှိရာ မြေတိုက်ခန်းဆီ ပြန်လာခဲ့တယ်၊ မတော်တဆ ဇေယျာဒီပတောင်ကုန်းက တစ်ဆင့် ရန်သူဟာ ထိုးဖောက်ပြီး နန်းတော်ကို ရောက်လာခဲ့ရင် အဲဒီပညာလက်ရာတွေကို ရန်သူ့လက် မရောက်အောင် ကာကွယ်ဖို့၊ ကြိုတင်ပြင်ဆင် သိမ်းဆည်းဖို့”

“သင် တစ်ဦးတည်းလား”

“အကြပ်မှူး စက္ကလဲ ပါပါတယ်”

“စစ်ပွဲကာလ တစ်ညလုံး သင်တို့ အာကာရဋ္ဌမှာ ရှိနေသလား”

“မဟုတ်ပါ၊ ညဥ့်လယ်ယံမှာ ဇေယျာဒီပတောင်ဆီ ပြန်သွားခဲ့ပါတယ်၊ အဲဒီအချိန်မှာ တောင်အောက်ကိုဆင်းဖို့ တပ်ဖွဲ့တွေ ပြင်ဆင်နေကြပြီ၊ အကြပ်မှူး စက္ကဟာ တပ်ဖွဲ့နဲ့ လိုက်သွားခဲ့တယ်၊ ကျွန်တော်မျိုးကတော့ တောင်စွယ်တစ်ခုရဲ့ ထိပ်ပေါ်မှာပဲ ကျန်နေရစ်ခဲ့တယ်၊ အကြပ်မှူး စက္ကက ကျွန်တော်မျိုးနေရာမှာ တပ်မှူးလေးအဖြစ် လိုက်ပါသွားခဲ့တယ်၊ ဒါကို အာကာရဋ္ဌတပ်ဖွဲ့တစ်ဖွဲ့လုံး သိကြတယ်၊ အကြပ်မှူးစက္ကကို တပ်မှူးလေးအရာ ထားလိုက်ခြင်းကိုလဲ အားလုံး လက်ခံကြတယ်”

“တောင်စွယ်တစ်ခုရဲ့ ထိပ်ပေါ်မှာ သင် ဘာကြောင့် ကျန်နေခဲ့သလဲ၊ ဘာကြောင့် တပ်ဖွဲ့နဲ့အတူ တောင်အောက်ကို လိုက်ပါမသွားသလဲ”

“ကျွန်တော်မျိုးမှာ နှင်းပိတ်ဖုံးတဲ့ တောင်တကြောရဲ့ ညဥ့်ထဲကို

http://www.cherrythitsar.org



ထိုးဖောက်သွားနိုင်လောက်အောင် ရဲမက်တစ်ဦးရဲ့ ကျွမ်းကျင်တဲ့ မျက်စိအစုံ၊ ခြေထောက်မရှိဘူး”

“ဒါဖြင့် တောင်စွယ်ပေါ်မှာ သင် ဘာလုပ်နေခဲ့သလဲ”

“ပန်းချီပုံလွှာတွေ ရေးနေခဲ့တယ်”

တပ်မင်းများထံမှ အသံတဝေါဝေါ ဆူညံသွားသည်။

“ဘာပုံလွှာတွေလဲ”

ဒီပါသည် နှင်းဟေမာကို မော့ကြည့်လိုက်သည်။ စူးရှသော မျက်လုံးအစုံတို့သည် မျက်တောင်တစ်ချက် မဝင့်။ ဆတူပြန်လှန်ဖြစ်သော နှင်းဟေမာ၏ အကြည့်ကို ရင်ဆိုင်ရင်း မောပန်းနွမ်းနယ်လာသလို အသက်ကို ပြင်းပြင်း ရှူရှိုက်လိုက်လေသည်။

“တောင်အောက်က. . . စစ်ပွဲတွေပုံ၊ ရန်သူ့တဲနန်းတွေ မီးစွဲလောင်နေတဲ့ပုံ၊ ပါဒလေးသည်ကျော်တွေက မီးမြားတံတွေ ပစ်လွှတ်နေတဲ့ပုံ၊ မီးတောက်တွေအကြားမှာ ဇင်းမယ်စစ်သည်တွေ ပြေးလွှားနေပုံ၊ ပြီးတော့. . . . ”

ဒီပါသည် မျက်လုံးအစုံကို မှိတ်လိုက်သည်။ တင်းမာပြတ်သားစွာ တစ်လုံးချင်း ထွက်ပေါ်နေခဲ့သော အသံတို့သည် ပျောင်းနွဲ့ခြင်းသို့ ကူးပြောင်းသွားသည်။ အသံသည် ခံတွင်းလည်ချောင်းမှ မဟုတ်မူဘဲ ရင်တွင်းမှ သို့မဟုတ် ဝေးလံသော တစ်နေရာဆီမှ ထွက်ပေါ်လာသကဲ့သို့ ဖြစ်သွားသည်။

“ချပ်ဝတ်ကိုယ်ရံနဲ့ ပါဒကေရီရဲ့ ပုံ. . . ”

မှေးမှိတ်ထားသော ဒီပါ၏ မျက်လုံးတို့ပြန်၍ ပွင့်မလာကြသေး။

ရာဇလှံတံပေါ်တွင် တင်ထားသော နှင်းဟေမာ၏ လက်ချောင်းသွယ်များသည် လှံတံကို တိကျစွာ ဆုပ်ကိုင်ထားခြင်းမရှိဘဲ ဖွဖွငြင်သာစွာ ပြေးလွှားနေကြသည်။

သမိန်ပြတ်ဇသည် ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားသည့် အသံဖြင့် ပြောလိုက်လေသည်။

“အာကာရဋ္ဌ တပ်မှူးလေးရဲ့ ရာဇဝတ်ပြစ်ဒဏ်ဟာ စတုတ္ထ ရာဇဝတ်သား အကြပ်မျိုး စက္ကန့်တကွ အာကာရဋ္ဌ တပ်ဖွဲ့က ရဲမက်တွေ အားလုံးကို စစ်မေးပြီးမှ ဆုံးဖြတ်ရမယ် ထင်ပါတယ် သခင်မ၊ ပြီးတော့ တပ်မှူးလေး ရေးဆွဲခဲ့တယ် ဆိုတဲ့ ပန်းချီပုံတွေ၊ သိမ်းဆည်းခဲ့တယ်ဆိုတဲ့ အာကာရဋ္ဌ ခန်းမထဲက ပုံလွှာတွေကို ဦးစွာ ကြည့်ရှုစစ်ဆေးဖို့ လိုအပ်မယ် ထင်ပါတယ်. . . ”

http://www.cherrythitsar.org



"တပ်မင်းကြီး အယူအဆနဲ့ သဘောချင်း ညီပါတယ်"

"မှန်ပါတယ်. . . "

"ကျွန်ုပ်လဲ ဒီအတိုင်း သဘောရပါတယ်"

"ဟုတ်ပါတယ် သခင်မ. . . ဟုတ်ပါတယ်"

"သမိန်ဖြတ်ဇ ပြောတာ လျော်ကန်ပါတယ်. . . သခင်မ"

တပ်မင်းများ၏ အသံသည် ဗလုံးဗထွေး ထွက်ပေါ်လာလေသည်။

နှင်းဟေမာသည် ရာဇလှံတံကို မြှောက်လိုက်သည်။ အားလုံး ငြိမ်သက်သွားကြသည်။ ကြေးတိုက်မှူးက ပုရပိုက်ကို ဖွင့်ရင်း နှင်းဟေမာကို လှမ်းကြည့်သည်။

"နောက်တစ်ယောက်ကို ဖတ်ကြားပါ. . . တတိယနဲ့ စတုတ္ထ ရာဇဝတ်သား နှစ်ယောက်စလုံးကို သင့်တော်တဲ့ အပြစ်ဒဏ် တစ်ပြိုင်တည်း ချမှတ်မယ်"

"စတုတ္ထ ရာဇဝတ်သား အာကာရဋ္ဌ တပ်ဖွဲ့ အကြပ်မှူး စက္ကသည် ဖေယျာဒီပတောင်ကုန်း စစ်ရေးအစီအမံ စတင်ချိန်၌ တပ်ဖွဲ့ရှိ မိမိတာဝန်ကျရာတွင် မရှိခြင်း၊ တပ်ဖွဲ့များ တောင်အောက်သို့ ဆင်းချိန်မှ ပြန်လည်ရောက်ရှိလာခြင်း၊ အကြပ်မှူး အရာကို လွန်လျက် တပ်မှူးလေးအရာမှ စစ်မိန့်ပေးခြင်း ဟူသော ရာဇဝတ်ဒဏ်များ သင့်သည်၊ ရာဇဝံသအရ"

ကြေးတိုက်မှူး၏အသံ ဆုံးသွားသောအခါ အကြပ်မှူးစက္ကသည် ခြေလက်များမှ သံကြိုးကွင်းများကို လေးပင်စွာ ဖယ်ရှားရင်း စက်ဝိုင်းနီထဲ၌ ဒူးထောက်လိုက်သည်။ နှင်းဟေမာထံ ရှေ့ရှုလျက် ခေါင်းကို ညွတ်လိုက်ပြီးမှ ပြန်၍ မော့သည်။ စက္က၏ မျက်နှာရှိ ပြုံးရယ်နေသော အသွင်သည် လွင့်ပါးသွားခြင်း မရှိပေ။

"ကြေးတိုက်မှူးရဲ့ ပုရပိုက်ပါအချက်များ အားလုံး မှန်ကန်ပါတယ် သခင်မ၊ တပ်မှူးလေး ဒီပါ လျှောက်တင်ခဲ့တဲ့ အချက်များမှန်သလို ကျွန်တော်မျိုးရဲ့ ရာဇဝတ်ဒဏ် သင့်ရမှုတွေဟာလဲ မှန်ပါတယ်၊ ကျွန်တော်မျိုး ငစက္ကဟာ ကြေးတိုက်ဝင် ရာဇဝတ်သားအရာ မြောက်မမြောက်ကိုတော့ ကျွန်တော်မျိုး နားမလည်ပါ၊ အကယ်၍ ရာဇဝတ်ဒဏ် သင့်မယ်ဆိုရင်လဲ တပ်မှူးလေး ဒီပါနဲ့ ထပ်တူသင့်ထိုက်ပါတယ်လို့သာ လျှောက်တင်ပါတယ် သခင်မ"

နှင်းဟေမာသည် ရာဇလှံတံကို ဖြည်းညှင်းစွာ မြှောက်လိုက်သည်။

ကြေးတိုက်ခန်းမ အတွင်းရှိ အကြည့်များ၊ အသက်ရှူသံများ၊ လှုပ်ခုန်

http://www.cherrythitsar.org



သော ရင်အုံများအားလုံး သေးငယ်သော ရာဇလှံတံပေါ်၌ တစုတရုံးတည်း ကျရောက်နေသည်။

"သတ်စေ" အမိန့်ကိုပေးလျှင် လှံတံ၏ စိန်ဖူးတပ်အသွားကို အောက်သို့ စိုက်ထားရပေသည်။ "လွတ်စေ"အမိန့်ကို ပေးလျှင် လှံတံ၏ အသွားကို အပေါ်ဖက်သို့ ထူမတ်ထားရပေသည်။ စိန်ဖူးတပ် အသွား၏ ချွန်မြသော ထိပ်ထက်၌ တည်ရှိနေသော အသက်ဇီဝ နှစ်ခုသည် ရွှေလှံတံရိုး၏ အလှည့်အပြောင်းကို စောင့်ဆိုင်းနေရသည်။

ထိုအခိုက် ကြေးတိုက်ခန်းမ၏ အတွင်းဖက် အထက်နှင့် ကြေးတိုက်ဗဟိုတံခါးမကြီးဆီမှ စူးရှသော အော်ဟစ်သံများ ပေါ်လာသည်။

"ဘုရင်မင်းမြတ်. . . သမိန်စက္ကဝတ်. . . ဘုရင်. . . "

"သမိန်စက္ကဝတ်. . . ထွက်ပြေးသွားပြီ. . . ထွက်ပြေးသွားပြီ"

"မြင်း. . . မြင်းဖောင်း. . . "

ကြေးတိုက်နှင့် ကပ်လျက်ရှိသော ဘုရင့်မြင်းဖောင်းမှ မြင်းလန့်ဟီသံများ၊ အော်ဟစ်သံများ၊ ကြုံးဝါးသံများ၊ ထို့နောက် ကဆုန်စိုင်းသွားသည့် မြင်းတို့၏ တဖြောင်းဖြောင်း ခွာသံများ။

နှင်းဟေမာနှင့် တကွသော တပ်မင်းများအားလုံး နေရာမှ တဝုန်းဝုန်း ထရပ်လိုက်ကြသည်။ ရာဇလှံတံသည် ကတ္တီပါ အနီစခင်းသည့် ခုံပေါ်မှ ကန့်လန့် ဖြတ်တင်လျက်သားပင် ရှိခဲ့လေသည်။

* * *

သံမှိုစွဲတံခါး တပ်ထားသော အကျဉ်းခန်းများမှာ ကြေးတိုက်၏ အတွင်းဘက် ပတ်လည်တွင် စီရရီရှိကြသည်။ ယင်းတို့အနက် လေးခုသော အကျဉ်းခန်းရှေ့တွင်သာ အစောင့်ရဲမက်များ ရှိသည်။ ကျန်အခန်းများမှာ အသုံးပြုခြင်းမရှိသည့်အတွက် အစောင့်ရဲမက် မရှိချေ။ လေးခုသော အကျဉ်းခန်းအနက် နှစ်ခုသော အကျဉ်းတံခါး ပွင့်နေသည်။

ပွင့်နေသော တံခါးကို ပြန်မပိတ်၊ တံခါးဝတွင် နီညိုသော သွေးကွက်ကြီးများ စွန်းပေနေသည်။ ထိုအခန်း နှစ်ခန်းကား သမိန်စက္ကဝတ်နှင့် နိန္ဒ တို့ကို ချုပ်နှောင်ခဲ့သည့် နေရာ။

ဆက်လျက်ရှိသည့် ကျန်အခန်း နှစ်ခန်း၏ တံခါးမှာမူ ပိတ်ထားဆဲ။

ရှေ့တွင် ရဲမက်များက စောင့်ကြပ်ဆဲ။

ကညင်ဆီမီးတိုင်မှ မီးရောင်သည် တံခါးသံမှိုများပေါ်သို့ ကျရောက်နေသဖြင့် သံမှို အစက်အပြောက်များသည် မှိုင်းညို့စွာ လင်းလက်နေလေသည်။ ထောင့်ချိုး မီးတိုင်ရှေ့မှ သဏ္ဌာန်တစ်ခု ဖြတ်လာပြီး ပိတ်ထားသော အကျဉ်းခန်းရှေ့သို့ တိုးဝင်သွားသည်။ ရဲမက်နှစ်ဦးက လှံရှည်ကို ကန့်လန့်ဖြတ် ယှက်၍ တားဆီးသည်။

"တပ်မင်းကြီး သမိန်ဖြတ်ဇဆီက. . ."

သဏ္ဌာန်က တပ်မင်းကြီး အဆောင်အယောင် ဖြစ်သည့် ရွှေနဖူးစည်းကို ထုတ်ပြလိုက်သည်။ ရဲမက်တို့က ရွှေပြားကို မီးရောင်တွင်ကြည့်ပြီး လှံရှည်များကို ဖယ်ရှားပေးလိုက်သည်။ သံမှိုစွဲတံခါးကို ဖွင့်ပေးသည်။ သဏ္ဌာန်သည် အကျဉ်းခန်းထဲသို့ ဝင်သွားလေသည်။

ဒီပါသည် ဝင်လာသူအား မော့ကြည့်ရင်း အံ့ဩသွားသည်။

"အမောင်. . . မိတနော်လေ"

"မိတနော်. . ."

"ဟုတ်တယ်လေ၊ အမောင့်ကို လာတွေ့တာ"

မိတနော်သည် အကျဉ်းခန်းထဲမှ ခုံပေါ်သို့ ဒီပါနှင့် ယှဉ်လျက် ထိုင်လိုက်သည်။

"အမောင်. . . နေကောင်းလား ဟင်၊ မိတနော်လေ. . . ဇင်းမယ် စစ်ပြီးကတည်းက အမောင့်ကို လိုက်ရှာနေခဲ့တာ အမောင် အာကာရဋ္ဌ တပ်မှူးလေး ဖြစ်သွားတာ၊ ဇေယျာဒီပကို တပ်ဖွဲ့နဲ့ပါသွားတာ၊ ပြီးတော့ ကြေးတိုက်မှူးရဲ့ ပုရပိုက်ထဲမှာ ဝင်သွားတာ အားလုံး မိတနော် သိနေခဲ့တယ်၊ ဒါပေမယ့် အမောင့်ကို ဘယ်လိုမှ တွေ့ခွင့်မသာဘူး၊ မိတနော် အမောင့်ကို မတွေ့တာ ဟို ပန်းချီကျော် ရွှေးပွဲသဘင် ပြီးကတည်းက. . ."

"မိတနော်. . . မင်း ဒီထဲကို ဘယ်လိုလုပ်ပြီး ဝင်နိုင်သလဲ၊ မင်း. . . . ရာဇဝတ်သင့်နေမယ် သွား. . . သွား"

"ဟင့်အင်း. . . အမောင် မစိုးရိမ်နဲ့၊ မိတနော် ခိုးပြီးဝင်လာတာ မဟုတ်ဘူး၊ အဖရဲ့ကိုယ်စား. . . အဖရဲ့ အမိန့်အာဏာ အခွင့်အရ ဝင်ခဲ့တာ"

"ဟင်. . . အဖ. . . ဘယ်သူ"

"အဖလေ. . . မိတနော်ရဲ့ အဖ. . ."

"ဟင်. . . ဒါဖြင့်. . . မင်း. . . မင်း"

http://www.cherrythitsar.org



မိတနော်က နှစ်လိုစွာ ပြုံးလိုက်လေသည်။

"ဟုတ်ပါတယ် အမောင်၊ ကြေးတိုက် ရာဇဝတ်သားဆီ ဝင်လာနိုင်တာ ဆိုလို့ ဒီနန်းတော်ထဲမှာ တပ်မင်းကြီး တစ်ဦးပဲ ရှိတယ်မဟုတ်လား၊ တပ်မင်းကြီးရဲ့ သမီးလဲ တပ်မင်းကြီးရဲ့ အခွင့်အာဏာနဲ့ဆိုရင် ဝင်နိုင်ခွင့်ရှိတာပေါ့၊ ရဲမက်တွေဟာ ရွှေပြားပေါ်က တပ်မင်းကြီး သမိန်ပြတ်ဇဆိုတဲ့ ဘွဲ့စာတန်းကို တွေ့လိုက်တာနဲ့ မိတနော်ကို ဝင်ခွင့်ပြုတာပဲ"

"အော်. . . တပ်မင်းကြီး သမိန်ပြတ်ဇဟာ မင်းရဲ့အဖ. . . "

မိတနော်သည် ကြုံလှီဖျော့တော့နေသော ဒီပါ၏ လက်ချောင်းများကို ကြည့်နေမိသဖြင့် စကားပြန်မပြောမိချေ။

"မိတနော်. . . မင်း. . . ဘာကိစ္စလာတာလဲ"

"အမောင့်ကိုကယ်ဖို့ ဆိုရင်ကော"

"အို. . . မဖြစ်ဘူး မဖြစ်နိုင်ဘူး၊ မင်းပါ ရာဇဝတ်သင့် သွားမယ်၊ ဟိုဘက် အကျဉ်းခန်းတွေထဲက သမိန်စက္ကဝတ်နဲ့ နိန္ဒတို့ ထွက်ပြေးလွတ်မြောက်သွားကြလို့သာ ကျုပ်တို့အရေးကို မစီရင်ဘဲထားတာ၊ ကျုပ်ဟာ ဘာပဲဖြစ်ဖြစ် သူတို့အတွက် ရာဇဝတ်သားအဖြစ် သတ်မှတ်ခံထားရတဲ့သူ၊ ကျုပ်ကို ကယ်ဖို့ ကြံသူဟာလဲ ရာဇဝတ်သားပဲ၊ မလုပ်နဲ့ မိတနော်၊ မလုပ်နဲ့ . . . "

မိတနော်သည် ဒီပါ၏ လက်များကို တွင်တွင်ဆုပ်နယ် လိုက်လေသည်။

"အမောင်. . . အမောင်ရယ်. . . မိတနော် သိပါတယ်၊ မိတနော် အမောင့်ကို ဒီကြေးတိုက်ထဲက ထုတ်ယူသွားဖို့ မတတ်နိုင်ပါဘူး၊ မိတနော် မဆိုထားနဲ့၊ ဒါကို အဖလဲ မတတ်နိုင်ပါဘူး၊ အခု မိတနော် လာတာက အဖက မိတနော်ကို လွှတ်လိုက်လို့. . . "

"တပ်မင်းကြီးက ဘာအတွက် လွှတ်လိုက်တာလဲ"

"အမောင်တို့ကို စီရင်ဖို့ အမိန့်တော်ချဖို့ ပြင်ဆင်နေတုန်း အချိန်မှာပဲ ဘုရင်မင်းမြတ်နဲ့ နိန္ဒတို့ လွတ်ထွက်သွားတယ် မဟုတ်လား၊ သည်တော့ အမောင့်တို့ကို ဘယ်လိုမှ ဆက်ပြီး မမေးမစမ်းနိုင်တော့ဘူးလေ၊ အဖက အမောင့်ဆီက သိချင်တာတွေ ရှိနေတယ်. . . တဲ့၊ ဘုရင်မင်းမြတ် လွတ်ထွက်သွားတဲ့ အရေးအတွက် အဖ သိပ်အလုပ်ရှုပ်နေတယ်၊ ပါဒနန်းတော် တစ်ခုလုံးလဲ ရှုပ်ထွေးနေတယ်၊ ဒါ့ကြောင့် အဖက သူ့ကိုယ်စား မိတနော်ကို လွှတ်လိုက်

တာ. . .”

“အော်. . .”

ဒီပါသည် တက်ကြွမှုများဖြင့် သွေးရောင်လျှမ်းနေသော မိတနော်၏ မျက်နှာကိုကြည့်ရင်း ခေါင်းကိုလေးပင်စွာ ညိတ်နေမိသည်။

“တပ်မင်းကြီးက ဘာသိချင်သတဲ့လဲ. . . မိတနော်. . .”

“ဇေယျာဒီပ တောင်ကုန်းပေါ်မှာ အမောင်ရေးဆွဲခဲ့တဲ့ ပုံလွှာတွေ ဘယ်မှာထားသလဲ. . . ဆိုတာ. . .”

“အဲဒါသိရတော့. . . ဘယ်လိုဖြစ်မလဲ”

“အမောင်ဟာ ကြေးတိုက်ဝင် ရာဇဝတ်သားအရာ မသင့်နိုင်ဘူးဆိုတာ ကို အဲဒီပုံလွှာတွေက သက်သေပြပေးနိုင်လိမ့်မယ်. . . တဲ့”

ဒီပါ၏ စူးရှလှသော အကြည့်များကြောင့် တစ်ချိန်လုံး သွက်လက် ဖြတ်လတ်နေခဲ့သော မိတနော်သည် မျက်လွှာချသွားသည်။

“အာကာရဋ္ဌခန်းမရဲ့ မြေတိုက်ထဲမှာရှိတယ်၊ ဒါပေမယ့် အဲဒီပုံလွှာတွေ ကို ဘယ်သူမှ မယူရဘူး၊ ဘယ်သူမှ မကြည့်ရဘူး၊ ကျုပ် ရာဇဝတ်သားအရာ သင့်ချင်လည်း သင့်စေတော့၊ ဒီပုံလွှာတွေကို ဘယ်သူ့ကိုမှ ထုတ်မပြနိုင်ဘူး၊ ပြန်. . . မင်းလဲ ပြန်တော့. . . မိတနော်. . .”

“ဟင်”

ဒီပါ၏ ရုတ်ချည်းခက်ထန်လာမှုနှင့် ထက်ကြပ်မကွာ မိတနော်၏ မျက်လုံးအိမ်မှ မျက်ရည်တို့ လိမ့်ဆင်းလာလေသည်။

“ဘာဖြစ်လို့လဲ အမောင်ရယ်၊ ဟင်. . ဘာဖြစ်လို့လဲ. . ဘာဖြစ်လို့လဲ အမောင် ရာဇဝတ်သားအရာက လွတ်မယ်လေ၊ အမောင့်ကို ကယ်တင်ပေးမှာ လေ. . . ပြောပါ အမောင်ရယ် ပြောပါ. . . အာကာရဋ္ဌ မြေတိုက်ရဲ့ ဘယ် အခန်းမှာလဲ ဘယ်နေရာလဲ၊ မြေတိုက်အခန်းတွေက ဝင်္ကပါလို ရှုပ်ထွေးတယ် လေ၊ ပြောပါ. . . အမောင်. . . ပြောပါ၊ ဘယ်မှာလဲ. . . ပုံလွှာတွေ. . . . ဘယ်မှာလဲ. . .”

မိတနော်၏ မျက်ရည်များသည် ဒီပါ၏ လက်ကောက်ဝတ်မှ သံကြိုး ကွင်းများ ပေါ်သို့ ဆောင်းဦးနှင်းစက်များလို တစ်ပေါက်ပေါက် ကျလာသည်။ ဒီပါ၏ ပခုံးနှစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ခါယမ်းသည်။

“ပြောပါ. . . အမောင်ရယ်၊ မိတနော်ကို ပြောလိုက်ပါ၊ ပုံလွှာတွေကို

http://www.cherrythitsar.org



မိတနော် ကိုယ်တိုင်သွားယူပါ့မယ်၊ ဘယ်သူမှ မသိစေရဘူး၊ ဘယ်သူမှ မကြည့်စေရဘူး၊ ပုံလွှာတွေထဲက အမောင့် အနုပညာဟာ အမောင့်အသက်ကို ကယ်ကြမှာလေ၊ အဖကိုယ်တိုင်ကလဲ. . . သခင်မဖုရားကို အသနားခံပေးမှာလေ. . . ”

“အဲဒီ သခင်မဖုရားကိုပဲ ဒီပုံလွှာတွေ မကြည့်စေချင်တာ. . . ”

တင်းတင်းစေ့ထားသော ဒီပါ၏ နှုတ်ခမ်းကို မိတနော် တအံ့တသြ ကြည့်လိုက်သည်။ ဒီပါ၏ မျက်လုံးတို့ ရွှန်းလဲ့နေသည်။

“အားလုံးနဲ့ နှိုင်းယှဉ်ရင်. . . ကျုပ်. . . သေခြင်းတရားကိုပဲ ရွေးချယ်မယ်. . . ”

ဒီပါ၏ ရင်ခွင်ထဲသို့ မိတနော် သွေးရူးသွေးတမ်း တိုးဝင်သည်။

“မသေရဘူး. . . အမောင်မသေရဘူး. . . အမောင့်ကို ဘယ်သူမှ မသတ်ရဘူး. . . အမောင် အသက်ရှင်နေရမယ်. . . မိတနော်အတွက်. . . အမောင် အသက်ရှင်နေရမယ်. . . အမောင့်ကို. . . အမောင့်ကို မိတနော် ချစ်တယ်. . . ”

ငိုကြွေးရှိုက်ငင်လျက် အချစ်ကို ထုတ်ဖော်လိုက်သော နှုတ်ခမ်းလွှာအစုံကို ဒီပါ တအံ့တသြ ငုံ့ကြည့်လိုက်သည်။ မျက်ရည်ဖြင့် စိုစွတ်သော ပါးပြင်ထက်မှ နောက်ထပ် လိမ့်ဆင်းအံ့သော မျက်ရည်တို့ဖြင့် ပြည့်လျှမ်းသည့် မျက်လုံးအစုံသည် ကြီးစွာသော တန်ခိုးအင်အားတစ်ခုကို ဆောင်နေလေသည်။

မိတနော်သည် ရူးသွပ်နေသူပမာ ဒီပါကို တင်းကြပ်စွာ ဖက်တွယ်လျက် ငိုရှိုက်သံ တနင့်တထေးဖြင့် ရေရွတ်ပြန်သည်။

“သိလား. . . ဟင်. . . အမောင်သိလား. . . ဟင်. . . အမောင့်ကို မိတနော်ချစ်တာ သိရဲ့လားဟင်. . . ဟို. . . ဇေယျာဒီပတောင်ပေါ်မှာလေ၊ မိတနော်နဲ့အမောင် စတွေ့တဲ့အချိန်လေ၊ မိတနော်ရဲ့ ပုံလွှာတူကို အမောင် ရေးပေးမယ်ဆိုတဲ့ အချိန်တုန်းကလေ. . . အဲဒီကတည်းက အမောင့်ကို မိတနော် ချစ်ခဲ့တာ. . . အမောင်. . . အမောင်မသိဘူး မဟုတ်လား၊ မိတနော် ချစ်တာ အမောင်မသိဘူး မဟုတ်လား၊ မိတနော်အတွက် အမောင် အသက်ရှင်မနေချင်ဘူးလားဟင်၊ အို. . . အမောင် သေခြင်းတရားကိုပဲ ရွေးမယ်. . . ဟုတ်လား၊ မိတနော်ကိုပါ အမောင်နဲ့အတူ ရွေးချယ်ခွင့် ပေးနော်. . . ချစ်ခြင်းနဲ့ သေခြင်းကို အတူတူ လက်ခံလိုက်ကြရအောင်နော် . . . ဟင့်အင်း. . .

ဟင့်အင်း. . . အမောင်မသေရဘူး၊ အမောင် မသေနိုင်ဘူး . . . အမောင် အသက်ရှင်နေရမယ်. . . အမောင့်လက်ချောင်းတွေ လှုပ်ရှားနေရမယ်၊ အမောင်ပုံလွှာတွေ ရေးရမယ်. . . မိတနော်ရဲ့ ပုံလွှာတူလဲ ရေးရမယ်၊ အမောင့်ကို မိတနော်ချစ်တယ်. . . ချစ်တယ်. . . ”

ဒီပါသည် ဆုပ်တွယ်ထားသော မိတနော်၏ လက်များကို ဖယ်ရှားလျက် မျက်နှာကို လက်နှစ်ဖက်ကြားသို့ မြှုပ်လိုက်လေသည်။

“ငါ. . . ဘာလုပ်ရမလဲ၊ ငါဘာလုပ်မလဲ၊ ပုံလွှာတွေကို ဘာလုပ်ရလဲ . . . ”

“ပုံလွှာတွေ. . . ဘယ်နေရာမှာဆိုတာ. . . မိတနော်ကို ပြောပြလိုက်လေ၊ အမောင့်ပုံလွှာတွေနဲ့အတူ အဖက သခင်မဖုရားဆီ အသနားခံလိမ့်မယ်၊ အမောင့် အနုပညာဟာ အမောင့်အသက်ကို ကယ်မှာလေ. . . ပြီးတော့. . . အဖကလဲ မိတနော်နဲ့ အမောင်နဲ့ နှစ်ယောက် လက်ခံမှာ၊ အခုလဲ မိတနော် ပြောခဲ့ပြီလေ. . . မိတနော်နဲ့ အမောင်နဲ့ဟာ ချစ်သူတွေဖြစ်ကြောင်း၊ အမောင့်ကို မိတနော်တွေ့ချင်ကြောင်း ပြောပြတော့ အဖကလဲ ဘုရင်မင်းမြတ် အရေးကြောင့် မအားမလပ်ဖြစ်နေတာ မဟုတ်လား၊ မိတနော်ကို ခွင့်ပြုလိုက်တယ်လေ၊ ဒါပေမယ့် အမောင် ရာဇဝတ်က လွတ်ခဲ့ပြီးတဲ့နောက်မှာ မိတနော်နဲ့ အမောင့်ကို ချက်ခြင်းလက်ဆက် မပေးသေးဘူးတဲ့၊ သမီးရဲ့ ခင်ပွန်းအတွက် တပ်မင်းကြီး သမိန်ဗြတ်ဇက အကာအကွယ် ပြုတယ်ဖြစ်သွားမယ်. . . တဲ့၊ ဒါပေမယ့် အဖ့်စကားကို မိတနော် နားထောင်မှာပေါ့၊ မိတနော် စောင့်မှာပေါ့”

ဒီပါထံ၌ တင်းမာခြင်း၊ တွေဝေခြင်းတို့ မရှိကြတော့ချေ။ အလုံးစုံသော ခွန်အားတို့ ပျောက်ကွယ်သွားသည့်အလား ဒီပါသည် အကျဉ်းနံရံကို မှီလိုက်လေသည်။

“မိတနော် ပြန်တော့နော် ပြန်တော့၊ ကျုပ်ကို ခုရက်ပိုင်းမှာ ကြေးတိုက်ခန်းမဆီ ထုတ်မှာ မဟုတ်သေးပါဘူး. . . ကျုပ်တို့ အချိန်ရပါသေးတယ်၊ အခုတော့ ကျုပ်ကို တစ်ယောက်ထဲ အေးအေးဆေးဆေး ထားခဲ့ပါ. . . နော်”

“ကောင်းပါပြီ အမောင်၊ မိတနော် နက်ဖြန်ညလာခဲ့မယ်၊ ပုံလွှာတွေထားတဲ့ မြေတိုက်အခန်းကို ပြောပြနော်၊ မိတနော် သွားတော့မယ်”

ဆံအပြေပြေ၊ မျက်ရည်အရွှဲရွှဲဖြင့် ထွက်ခွာသွားသော မိတနော်၏ ကျောပြင်ကိုကြည့်ရင်း ဒီပါသည် ကြေးတိုက်နံရံကို လက်နှစ်ဖက် နာကျည်းစွာ

http://www.cherrythitsar.org



ဖြင့် ကုတ်ခြစ်လိုက်သည်။

သံကြိုးကွင်းမှ အသံတချွင်ချွင် မြည်နေလေသည်။

* * *

"တဏှာခြောက်မည်၊ အရင်းတည်လျက်၊ အရှည်များလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဉပါဒါန်လည်း ၊ ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှီးရင်း၊ အစွဲပြင်း၏ အသင်းပွားများ၊ သားမယားက စသည်ဖြာဖြာ မဆုံးရာသား၊ ကာမစုစု၊ စွဲလန်းပြုသည်၊ ကာမုပါဒါန်၊ တဖန်ထို့ပြင် မိစ္ဆာဉာဉ် ဖြင့်၊ အပြစ်ယွင်းဖောက်၊ အယူမှောက်သည်၊ ခြောက်ဆယ့်နှစ်ပါး၊ ပြားသည် ဒိဋ္ဌိ. . . "

"လူသာမန်တို့မှာဖြစ်တဲ့ ဒိဋ္ဌိ၊ အပါယ်ပဋိသန္ဓေကို ပေးနိုင်သော ဒိဋ္ဌိ မျိုးမဟုတ်သော်လဲ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိမျိုးကို မစွန့်နိုင်ရင် သံသရာက မလွတ်နိုင်ဘူး. . . "

ဝိဟာရဦးခန်းတွင် သရဇ္ဈာယ်နေသော ရှင်ဗုဒ္ဓဉာဏ၏ ပဋိစ္စသမုပ္ပါဒ် ကို နာခံရင်း ရှင်ဓမ္မဉာဏသည် ဆက်စပ်ဖြစ်ပျက်တတ်ခြင်း၏ သရုပ်ကို နက်နဲစွာ ခွဲခြမ်းစိပ်ဖြာနေမိသည်။ ထိုခဏ၌ အေးစိမ့်လွန်းသော မှော်ဝန်း မြစ်ကမ်းပေါ်မှ ဆောင်း၏ အအေးဒဏ်ကို မေ့လျော့သွားလေသည်။

"အင်း. . . နိယတ မိစ္ဆာဒိဋ္ဌိကြီး သုံးပါး၊ မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး၊ သက္ကာယဒိဋ္ဌိနှစ်ဆယ်၊ တဏှာပစ္စယာဉပါဒါန်အရဆိုရင် မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ် နှစ်ပါး၊ သဿတဒိဋ္ဌိ လေးဆယ့်လေးပါး၊ ဉစ္ဆေဒဒိဋ္ဌိ ဆယ့်ရှစ်ပါး၊ နှစ်ခုပေါင်း ခြောက်ဆယ့်နှစ်ပါး. . . "

ရှင်ဗုဒ္ဓဉာဏ၏ သရဇ္ဈာယ်သံသည်လည်းကောင်း၊ မိမိ၏ စိပ်ဖြာ သုံးသပ်ဝင်စားမှုသည်လည်းကောင်း မည်မျှကြာသွားသည်မသိ။ ရှင်ဗုဒ္ဓဉာဏ ၏ ရွတ်သံတိတ်သွားပြီး မိမိ၏ မျက်လုံးအစုံကို ဖွင့်လိုက်သောအခါမှ ရှင်ဓမ္မ ဉာဏသည် ရှေ့မှောက်၌ ကြုံ့ကြုံ့ ဒူးတုပ်နေသော သမိန်ပြတ်ဇကို သတိထား လိုက်မိလေသည်။

"တပ်မင်းကြီး သမိန်ပြတ်ဇ. . . ရောက်နေတာ ကြာပလား"

"အရှင်မြတ် ဗုဒ္ဓဉာဏကိုယ်တော် စပြီးရွတ်ဖတ်စဉ် ကတည်းကပါ ဘုရား. . . "

"အို. . . အတော် ကြာသွားပြီကိုး. . . ကဲ. . . လာပါ တပ်မင်းကြီး"

http://www.cherrythitsar.org



ဝိဟာရဦးခန်းဆီမှ အလယ်နေရာသို့ ခေါ်သွားပြီး အရှင်ဓမ္မညာဏ သည် မိမိကိုယ်တိုင် သားရေနွယ် တစ်ချပ်ပေါ်တွင် ထိုင်လိုက်သည်။ သမိန် ဖြတ်ဇသည် ကော်ဇောပေါ်တွင် ဒူးတုပ်ထိုင်လိုက်လေသည်။

"ဘာကိစ္စလဲ. . . တပ်မင်းကြီး. . . "

"အရှင်ဘုရားရဲ့ တပည့် ပန်းချီကျော် ဒီပါ အရေးပါ ဘုရား. . . "

"အင်း. . . ဒီပါလား၊ သူ ရာဇဝတ်ပြစ်က လွတ်ပြီမဟုတ်လား. . . "

"မှန်ပါဘုရား၊ ဒီပါဟာ သူ့ရဲ့ လွတ်မြောက်ရေးကို သူကိုယ်တိုင် ဖျက်ဆီးပစ်ဖို့ ကြိုးစားနေပါတယ် ဘုရား. . . "

"ဘယ်လို. . . တပ်မင်းကြီး. . . "

သမိန်ဖြတ်ဇက ဇေယျာဒီပ တောင်ကုန်းပေါ်တွင် ဒီပါရေးဆွဲခဲ့သည့် ပုံလွှာများအကြောင်းကို ရှင်ဓမ္မညာဏအား လျှောက်လိုက်သည်။ အာကာရဠ ခန်းမ၏ မြေတိုက်အခန်းတစ်ခုတွင် ထိုပုံလွှာများကို သိမ်းဆည်းထားကြောင်း၊ မြေတိုက်အခန်းများမှာ ဝင်္ကပါတစ်ခုလို ရှုပ်ထွေးလှသဖြင့် ရှာဖွေရန် မလွယ်ကူ ကြောင်း၊ မည်သည့် မြေတိုက်ခန်းဟူ၍ ဒီပါက ထုတ်ဖော် မပြောကြောင်း၊ ထို့ကြောင့် ရှင်ဓမ္မညာဏကိုယ်တိုင် ဒီပါအား ထုတ်ဖော်ပြောရန် အမိန့်ပေးစေ လိုကြောင်း. . . ။

"ဒီပါဟာ အံ့မခန်း အနုပညာရှင်တစ်ဦးလို့ တပည့်တော် ယုံပါတယ် အရှင်ဘုရား၊ သည့်အပြင် သူ့ရဲ့ အနုပညာဝိညာဉ်ဟာ အလွန်အဆင့်မြင့်တဲ့ လူသားရဲ့ ဝိညာဉ်မျိုး ဖြစ်တယ်လိုပဲ တပည့်တော် နားလည်မိပါတယ် ဘုရား၊ ပါဒနိုင်ငံတော်ဟာ ဒီပါလို နိုင်ငံတော် သားကောင်းတစ်ဦးကို အချည်းနှီး မဆုံးရှုံး သင့်ပါဘူး ဘုရား၊ သို့သော် ဒီပါဟာသူ့ရဲ့ မာန်မာန သို့မဟုတ် အခြား တစ်စုံတစ်ခုကြောင့် အားလုံးကို ခါးသီးစွာ ငြင်းပယ်နေပါတယ် ဘုရား၊ သူ ကိုယ်တိုင်ပဲ သူဟာ ကြေးတိုက်ဝင်ရာဇဝတ်သား မဟုတ်ဘူးလို့ ငြင်းဆိုခုခံပေ မယ့် အခုတော့ သူဟာ သေခြင်းတရားကိုပဲ ရွေးချယ်လိုက်ပြီလို့ ပြောနေပါ တယ်. . . အရှင်ဘုရား. . . "

"အင်း. . . အာကာရဠရဲ့ မြေတိုက်အခန်းတစ်ခုထဲမှာ ပုံလွှာတွေကို သိမ်းဆည်းခဲ့တယ်တဲ့လား. . . ဟုတ်လား. . . တပ်မင်းကြီး"

"မှန်ပါတယ်ဘုရား. . . "

"တပ်မင်းကြီး၊ ကျွန်ုပ်ကိုယ်တိုင် ဒီပါရှိရာလိုက်ပြီး မေးစရာ မလိုပါဘူး၊

http://www.cherrythitsar.org



ပါဒနန်းတော်ရိပ်ဟာ ကျွန်ုပ်အတွက် မသင့်လျော် မအပ်စပ်ပေဘူး၊ သို့သော် ပုံလွှာတွေကို ဒီပါ သိမ်းဆည်းထားတယ်ဆိုတဲ့ မြေတိုက်အခန်းကို ကျွန်ုပ်ညွှန် လိုက်ပါမယ်. . . ”

ပါဒဘုရင် အစဉ်အဆက်ကို မီခဲ့သော သမိန်ပြတ်ဇသည် အာကာရဌ၏ မြေတိုက်အခန်းများ၌ ကျွမ်းကျင်မှုမရှိသော်လည်း ယင်း မြေတိုက်ခန်းများဆီ သို့ နတ်ရွာစံ ရာဇာစောနောင် ဘုရင်ကြီး လက်ထက်က အတူလိုက်ပါခဲ့ဖူး သည့် အရှင်ဓမ္မညာဏကမူ ကောင်းစွာသိရှိထားလေသည်။

သမိန်ပြတ်ဇ၏ ရင့်ကျက်သော မျက်နှာမှာ သိသိသာသာ ရွှင်လန်း သွားသည်။

“တပ်မင်းကြီး၊ အာကာရဌ မြေတိုက်အခန်းပေါင်း နှစ်ရာရှိတယ်၊ အဲဒီ နှစ်ရာအနက် သုံးခုသော အခန်းတို့ဟာ အလုံခြုံဆုံးနဲ့ အလျှို့ဝှက်ဆုံး ဖြစ် တယ်၊ ဒီအခန်းသုံးခုအနက် တစ်ခုခုမှာ ဒီပါဟာ ပုံလွှာတွေကို သိမ်းဆည်းထား မှာပဲ၊ အဲဒီအခန်းသုံးခုရဲ့ တံခါးဘောင်ပေါ်က အမှတ်အသားဟာ ကျန်အခန်း တွေနဲ့ မတူဘူး၊ ကျန်အခန်းတွေက အနီရောင် သုတ်ခြယ်ထားတဲ့ လှေတော်ပုံ၊ အဲဒီအခန်းသုံးခုမှာကတော့ အပြာရောင်သုတ်ခြယ်ထားတဲ့ လှေတော်ပုံ၊ အာကာရဌထဲမှာ ဇင်းမယ်စစ်မတိုင်မီက ပုံလွှာတွေ ချိတ်ဆွဲထားခဲ့တယ် မဟုတ်လား၊ နတ်ရွာစံဘုရင်ကြီး ရာဇာစောနောင်ရဲ့ ပုံလွှာတူချိတ်ဆွဲထားတဲ့ အောက်တည့်တည့်နေရာမှာ ရှာကြည့်ပါ၊ တပ်မင်းကြီး လိုချင်တဲ့ပုံလွှာတွေကို တွေ့နိုင်ပါလိမ့်မယ်. . . ”

ဇေယျာဒီပတောင်ကုန်း၏ တောင်ပေါ် တောင်စောင်းနှင့် တောင်ခြေ တစ်ဝိုက်၊ ရသေ့ဂူနှင့် ဝန်းကျင်ဒေသတစ်ဝိုက်တွင် သမိန်စက္ကဝတ်၏ တပ်မ များ အင်အားကြီးစွာ တပ်စွဲနေသည်။

ကြေးတိုက်မှ လွတ်မြောက်လာခဲ့သော သမိန်စက္ကဝတ်၏ စွမ်းရည်ကို ပို၍ကြီးကျယ် ခမ်းနားစေအောင် နိန္ဒက ချဲ့ထွင်၍ သတင်းလွှင့်ပေးသည်။ ပါဒနန်းတော်မှ နှင်းဟေမာနှင့် နန်းရင်းဝန်ကြီး ဗညားမွန်ထော်၊ တပ်မင်းကြီး သမိန်ပြတ်ဇတို့အား နှိမ့်နယ်ရှုံ့ချလိုက်သည်။

ကြေးတိုက်ခန်းမ အလယ်စက်ဝိုင်းအနီးမှ အကျဉ်းခန်းသို့ ခေါ်ဆောင် သွားခြင်း ခံရချိန်တွင် နိန္ဒသည် သတိမေ့မြောမတတ် ထိတ်လန့် တုန်လှုပ် နေခဲ့သော်လည်း သမိန်စက္ကဝတ်မှုကား အပြင်းထန်ဆုံးသော ဒေါသ၊ နာကျည်း

http://www.cherrythitsar.org



မှုများဖြင့် ထက်မြက်နိုးကြားနေခဲ့လေသည်။ သို့ဖြင့် အကျဉ်းခန်းထဲသို့ ပြန်လည်ဝင်ရောက်သည့် အချိန်မှာပင် သမိန်စက္ကဝတ်သည် လွတ်မြောက်ရေးကို စတင်ကြိုးပမ်းလိုက်သည်။

လုံ့ရှည်ကိုင်ရဲမက်နှစ်ဦးသည် ထိုစဉ်က စိတ်လှုပ်ရှားမှုများဖြင့် ထွေပြားတွေဝေနေကြသည်ကို သမိန်စက္ကဝတ် သတိပြုလိုက်မိသည်။ မိမိ၏ လက်မောင်း တစ်ဖက်တစ်ချက်စီကို ဆုပ်ကိုင်ထားသော ရဲမက်တို့၏လက်များ တုန်နေကြသည်ကိုလည်း သတိထားလိုက်မိသည်။

ရဲမက်တို့ ခေါ်ဆောင်လာခဲ့သော ရာဇဝတ်သားမှာ ပါဒဘုရင်ဖြစ်နေသည်။ ထို့အပြင် အကြီးလေးဆုံး ရာဇဝတ်ပြစ်ဒဏ်ဖြင့် လွန်ခဲ့သည့် အချိန်အနည်းငယ်ကမှ 'သတ်စေ' အမိန့်ကိုခံယူထားရသူလည်း ဖြစ်သည်။ နောက်တစ်နေ့ နံနက် တွင် အသတ်ခံရတော့မည့် ပါဒဘုရင်ကို အကျဉ်းသားအဖြစ် ချုပ်နှောင် ခေါ်ဆောင်လာရခြင်းသည် ရဲမက်နှစ်ဦးအဖို့ ကြီးစွာသော စိတ်နှလုံး ထိခိုက် တုန်လှုပ်မှု ဖြစ်နေသည်။ ရဲမက်တို့သည် သမိန်စက္ကဝတ်၏ ခက်ထန်ခြင်းနှင့် ရာဇမာန်ကို ဖိန့်ဖိန့်တုန်ကြောက်ရွံ့ခဲ့ရသူများ ဖြစ်သည်။ သမိန်စက္ကဝတ်၏ တိုက်ရည်ခိုက်ရည်ကိုလည်း တအံ့တသြ လေးစားခဲ့သူများဖြစ်သည်။

နန်းဆောင်ထဲတွင် စစ်မြေပြင်တွင် နန်းတော်အတွင်းတွင် မျက်နှာကိုမျှ စေ့စေ့မကြည့်ရဲခဲ့သော ပါဒဘုရင်ကို ယခုအခါ ရာဇဝတ်သားအဖြစ် လက်မောင်းနှစ်ဖက်မှ ချုပ်နှောင်ခေါ်လာနေရသည့် အဖြစ်။ အဝေးဆီမှသာ တွေ့ခဲ့ရဖူးသည့် ပါဒဘုရင်ကို ယခုအခါ ဘုရင့်ကိုယ်နံ့ကို ရှုရှိုက်နေရသည်အထိ နီးကပ်စွာ ထိတွေ့နေရသည့်အဖြစ်။ 'သတ်စေ'အမိန့်ကို ခံယူခဲ့ပြီးစေကာမူ သေဘေးကို တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ ဒေါသအဟုန်တို့ဖြင့် တင်းမာနေဆဲ ဘုရင်မင်းမြတ်ကို တွေ့ရှိနေရသည့် အဖြစ်။

ရဲမက်များ တုန်လှုပ်နေသည့်အချိန်တွင် ရာဇဝတ်သားမှာမူ အရောင်ထွက်သော မျက်လုံးများဖြင့်။

သမိန်စက္ကဝတ်သည် ရဲမက်နှစ်ဦး၏ တွေဝေ ချောက်ချားနေမှုကို သတိပြုလိုက်မိသည်။ အသက်ဆုံးရှုံးရမည့် ဘေးမှလွတ်မြောက်လိုသော ဆန္ဒတို့ဖြင့် ထက်မြက်နိုးကြားလာသော မိမိ၏ စိတ်အင်အားကိုလည်း မိမိဖာသာ ယုံကြည်လိုက်သည်။ သို့ဖြင့်

"မင်းတို့ ဒါဘာလုပ်ကြတာလဲ"

ခြသေ့်တစ်ကောင်၏ ဟိန်းဟောက်သံမျိုး ဖြစ်သည်။

ရဲမက်နှစ်ဦးသည် ကျွတ်ဆတ်နေသော သစ်ကိုင်းခြောက်တစ်ခုကို အသာအယာ တောက်ခတ်ချိုးဖဲ့ ခံလိုက်ရသလို ဖြစ်သွားပြီး သမိန်စက္ကဝတ် လက်မောင်းကို ချုပ်နှောင်ထားရာမှ အယောင်ယောင် အမှားမှား လွှတ်ပစ်လိုက်သည်။

"ပြောစမ်း ငရဲသားတွေ၊ ပါဒဘုရင်ကို မင်းတို့ ဘာလုပ်တာလဲ"

"ကျွန်တော်မျိုး. . . ကျွန်တော်မျိုးကြီးတို့ . . . . "

ထိုခဏဝယ် ရဲမက်တို့သည် သခင်မနှင်းဟေမာ၏ ရာဇလှံတံကို မေ့လျော့သွားကြပြီး ရှေ့မျောက်မှ ဘုရင်မင်းမြတ်၏ ခက်ထန်မှုအောက်သို့ ပြားပြားဝပ် ရောက်ရှိသွားကြလေသည်။

"တိရစ္ဆာန်တွေ နားထောင်စမ်း၊ ပါဒဘုရင် အမိန့်ပေးနေတယ်၊ ဟောဟို ပန်းချီကျော်ရဲ့ လက်ကောက်ဝတ်က သံကြိုးထူးကွင်းခတ်ထားတာကို ဖွင့်ပေးလိုက်၊ သွား ဘာကြည့်နေတာလဲ၊ ပါဒဘုရင်ရဲ့ အမိန့်"

အသိတရား ညှို့ငင်ဖမ်းစားခြင်း ခံထားရသူပမာ ရဲမက်တို့သည် နိန္ဒ လက်မှ ထူးခတ်ထားသော သံကြိုးကို ဖြည်ပေးလိုက်ကြသည်။ နိန္ဒသည် အနှောင်အဖွဲ့မှ ကင်းသွားသော မိမိလက်တို့ကိုကြည့်ရင်း ဝမ်းမြောက်ခြင်း ကြီးစွာဖြင့် တတွတ်တွတ် ရေရွတ်နေခဲ့လေသည်။

"နိန္ဒ ကျွန်ုပ်ကို ဖြည်ပေးစမ်း"

အနှောင်အဖွဲ့မှ လွတ်သွားသော ပါဒဘုရင်ရှေ့သို့ ရဲမက်နှစ်ဦး အလို အလျောက် ဒူးထောက်လျက်သား ဖြစ်သွားကြသည်။ လှံရှည်များကို အောက်သို့ ချလိုက်ကြသည်။ သမိန်စက္ကဝတ်သည် လျှပ်စီး၏ လျင်မြန်မှုဖြင့် ချထားသော လှံရှည်ကိုကောက်ယူကာ ရဲမက်နှစ်ဦးကို တစ်မုဟုတ်ချင်း ထိုးသတ်လိုက်လေ သည်။ ပြူးကျယ်သော မျက်လုံးများဖြင့် ထိတ်လန့်အံ့သြနေသော ရဲမက်များ သွေးအိုင်ထဲတွင် လူးလိမ့်နေချိန်တွင် သမိန်စက္ကဝတ်နှင့် နိန္ဒတို့သည် ကြေးတိုက် ခန်းမနှင့် ကပ်လျက်ရှိသော မြင်းဇောင်းသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

မြင်းဇောင်းအမှုတော်ထမ်းများမှာလည်း သမိန်စက္ကဝတ်ကို တွေ့လိုက် ရချိန်တွင် ကြေးတိုက်ရာဇဝတ်သား တစ်ယောက်အဖြစ် သတိမရကြဘဲ ပါဒ ဘုရင်အဖြစ်ကိုသာ သတိရလိုက်ကြသည်။ သို့ဖြင့် သမိန်စက္ကဝတ်နှင့် နိန္ဒ သည် အကောင်းဆုံး မြင်းနှစ်ကောင်ကိုယူ၍ နန်းတော်မြောက်မုခ်ဆီသို့ ဒုန်းစိုင်း

http://www.cherrythitsar.org



သွားကြသည်။ မြောက်မုခ်မှ အစောင့်ရဲမက်များသည် မြင်းကို ကဆုန်စိုင်းလာသည့် ပါဒဘုရင်ကိုမြင်ရသောအခါ မုခ်တံခါးရှေ့မှ ဖယ်ရှားပေးရန် ပြင်ဆင်လိုက်ကြသည်။ သို့သော် မုခ်တံခါးစောင့်ရဲမက်ဟူသည်မှာ အမှုတော်ကို တိကျစွာ ထမ်းရွက်ရန် သတိရှိကြသူများ ဖြစ်သည့်အလျောက် ချက်ချင်းပင် တားဆီးတိုက်ခိုက်ရန် နေရာယူလိုက်ကြပြန်သည်။

သို့သော်လည်း အထက်မြက် အတက်ကြွဆုံး ခွန်အားကို ရရှိနေပြီဖြစ်သော သမိန်စက္ကဝတ်ကို ရဲမက်တို့ မယှဉ်သာကြ၊ သမိန်စက္ကဝတ်၏ ကျွမ်းကျင်သော ဓားချက်များကိုလည်း မရှောင်တိမ်းနိုင်ကြ။

ရဲမက်များသာ အလဲလဲ အပြိုပြို ဖြစ်သွားခဲ့ပြီး၊ သမိန်စက္ကဝတ်နှင့် နိန္ဒတို့သည် ရေကျိုးတံတားဆီသို့ရောက်သွားသည်။ ရေကျိုးတံတား၏ ပျဉ်ပြားများပေါ်တွင် မြင်းခွာသံ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။ မြောက်မုခ်ရေကျိုးတံတား၏ တစ်ဖက်သို့ ရောက်ပြီးနောက်တွင် ကျိုးလမ်း၌ တပ်စွဲထားသော တပ်ဖွဲ့အချို့ကို ဖောက်ထွင်းရပြန်သည်။

အဖြစ်မှန်ကို မသိသေးသော တပ်ဖွဲ့များသည် သမိန်စက္ကဝတ်ကို အံ့အားသင့်၍ ကြည့်နေခဲ့သည်။ ပါဒဘုရင်ကို တိုက်ခိုက်တားဆီးရန် မည်သူမျှ သတိမရကြ။ မည်သူမျှလည်း အမိန့်မပေး။

သမိန်စက္ကဝတ်သည် ဓားသွားကို ရှေ့တူရှုသို့ ချိန်ရွယ်လျက် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည်။

"ဇေယျာဒီပတောင်ကုန်းကို လိုက်ခဲ့ကြ၊ ဇေယျာဒီပကို လိုက်ခဲ့ကြ"

* * *

နိန္ဒသည် ဇေယျာဒီပတောင်ထိပ်ရှိ မြေကွက်လပ်တွင် စုရုံးနေကြ သည့် ရဲမက်များအလယ်မှနေ၍ ပါဒဘုရင်လွတ်မြောက်လာပုံကို သီကုံးဖွဲ့နွဲ့၍ ပြောပြနေသည်။

"ဘုရင်မင်းမြတ်ဟာ ပါဒနန်းတော်ရဲ့ အတားအဆီး အထပ်ထပ်ကို အဲဒီလို အံ့မခန်း ထိုးဖောက်လာခဲ့တယ်၊ ရာဇလ္လံတံကို ကိုင်မြှောက်ပြီး အမိန့်ပေးရုံသာ ပေးတတ်တဲ့ နှင်းဟေမာရဲ့ အစောင့်တွေဟာ ဘုရင်မင်းမြတ်ကို မယှဉ်ရဲကြဘူးလေ၊ အခုလဲ ပါဒနန်းတော်ထဲမှာ အဲဒီလိုတွေဝေတတ်တဲ့ ကြောက်ရွံ့တတ်တဲ့ လူညံ့လူဖျင်းတွေလောက်ပဲ ကျန်တော့တာကလား၊ ထက်မြက်တက်ကြွတဲ့ သူရဲကောင်းမှန်သမျှ ဟောဒီ ဇေယျာဒီပ တောင်ကုန်းပေါ်ကို ရောက်နေကြ

ပြီ၊ ကေသရာဇာလို ရဲရင့်တဲ့ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်ရဲ့ ဘုန်းတော်ရိပ်မှာ ခိုလှုံနေကြပြီ၊ ဒါကို ကျုပ်လူများ အထပ်ထပ် ဂုဏ်ယူကြရမှာပေါ့. . . ဂုဏ်ယူကြရမှာပေါ့"

နိန္ဒသည် စုရုံးနားထောင်နေကြသည့် ရဲမက်များကို တစ်ချက်ဝေ့ကြည့်လိုက်ပြန်သည်။ အားလုံး စိတ်ဝင်တစား နားထောင်နေကြသည်ကို တွေ့ရသောအခါ ပို၍တက်ကြွသော အသံဖြင့် ဆက်ပြောလေသည်။

". . . ကျုပ်လူများ သိကြတဲ့အတိုင်း ပါဒနိုင်ငံတော်ရဲ့ ဘုရင်မင်းမြတ်ဟာ သမိန်စက္ကဝတ် ဘုရင်မင်းမြတ်သာ ဖြစ်တယ်လို့ ရာဇဝံသအရ နိုင်ငံတော်အလုံးက တညီတညွတ် ဘိသေကမြှောက်ထားကြတယ်၊ ယောကျ်ားကောင်း ဘုရင်မင်းမြတ်ရဲ့ ဖဝါးတော်အောက်မှာ ကျေးတော်မျိုး ကျွန်တော်မျိုးအပေါင်းတို့ ခိုလှုံခဲ့ကြတယ်၊ ဒါကို ပင်တိုင်စံ နှင်းဟေမာ မင်းသမီးနဲ့ အပေါင်းပါမှူးကြီး၊ ဝန်ကြီးများက မလိုလားနေခဲ့ကြတာ ကြာပြီ၊ ငယ်ရွယ်နုပျိုပြီး ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ဘုရင်မင်းမြတ်ကို ရာဇပလ္လင်ကနေ ဖယ်ရှားချင်နေတာ ကြာပြီ၊ သူတို့ အကွက်ကောင်းကို စောင့်နေခဲ့ကြတာ၊ ဇင်းမယ်စစ်ရေးမှာ သူတို့အကြံ အစည် အထမြောက်ဖို့ ဖန်လာတယ်လေ. . . "

"ကျုပ်တို့လဲ အဲဒီဇင်းမယ်စစ်ရေးကိစ္စမှာ ဘုရင်မင်းမြတ်နဲ့ နှင်းဟေမာတို့ အချင်းများကြတယ်လို့တော့ ကြားခဲ့ရတယ်၊ ဒါပေမယ့် တိတိကျကျ မသိရဘူးဗျ. . . "

ရဲမက်တစ်ဦးက သိလိုဇောဆန္ဒဖြင့် စိတ်ဝင်တစား မေးသည်။

"အား. . သိရမှာပဗျာ. . သိရမှာပ၊ အင်း အဲဒီတုန်းက ဘုရင်မင်းမြတ်ဟာ ဘုရားစေတီတည်ဖို့ သီလဝါကျွန်းကို ရောက်နေတယ်ဆိုတာ ကြားကြမှာပေါ့. . . "

"အင်း. . . ကြားတယ်. . . ကြားတယ်"

"ဇင်းမယ်ရန်သူတွေ ချီလာပြီလို့ ကြားရကတည်းက ဘုရင်မင်းမြတ်က နေပြည်တော်ကိုပြန်ပြီး စစ်ရေး အစီအမံတွေချမှတ်ဖို့ ပြင်ဆင်ခဲ့တယ်၊ ဒါပေမယ့် အကြံကြီး ကြံထားတဲ့ နှင်းဟေမာနဲ့ သူ့လူများက ဘုရင်မင်းမြတ်ကို နေပြည်တော် အလာမခံဘူးလေ၊ ကျွန်းပေါ်မှာဘဲ အေးဆေးစွာစံနေပါတဲ့၊ ဘုရားစေတီတည်တဲ့အလုပ်ကိုဘဲ စိတ်အေးချမ်းသာစွာလုံးပမ်းနေပါတဲ့၊ ဇင်းမယ်စစ်ရေး ဘာမှမပူပါနဲ့တဲ့၊ ကျုပ်တို့ဘုရင်မင်းမြတ်ကလဲ အစ်မတော်ကို

http://www.cherrythitsar.org



စိတ်ချယုံကြည်မိပေတာပေ့ါ၊ သည်လိုနဲ့ စစ်ရောက်လာရော၊ ပါဒနန်းတော်က လူတွေ မနိုင်မနင်း ဖြစ်လာရော၊ ရန်သူဟာ သီလဝါကျွန်းပေါ်က ဘုရင်မင်းမြတ်ကို သုတ်သင်ဖို့ ကြိုးစားလာကြရော၊ နန်းတော်က လူတွေကို ယုံကြည်စိတ်ချမိတဲ့ ဘုရင်မင်းမြတ်လဲ၊ စစ်အတွက် ဘာမှ ပြင်ဆင်မထားခဲ့ရှာဘူးလေ၊ သီလဝါကျွန်းကို ရန်သူရောက်လာတော့ ဘုရင်မင်းမြတ်ဟာ နိုင်ငံတော်အတွက် စိုးရိမ်တကြီးဖြစ်ရပြီး ကျွန်းပေါ်ကနေ ရန်သူကို ရင်မဆိုင်တော့ဘဲ နေပြည်တော်ကို ပြန်ခဲ့တယ်၊ နေပြည်တော်ကနေပြီး သေနင်္ဂအရပ်ရပ်ကို ချမှတ်မယ်ပေ့ါ၊ ဒါပေမယ့် နေပြည်တော်လဲ ပြန်ရောက်ရော ဘုရင်မင်းမြတ်ကို အကျဉ်းသားအဖြစ် သူတို့က ဖမ်းဆီးလိုက်တယ်လေ. . . ”

နားထောင်နေသူများထံမှ တအံ့တသြ ရေရွတ်သံများ ထွက်ပေါ်လာလေသည်။

“စစ်ရေးအစီအမံတွေကိုလဲ သူတို့နည်းနဲ့ပဲ ချမှတ်ကြတယ်၊ သည်တော့ ဘာဖြစ်သလဲ၊ ရန်သူ အရေးသာလာတာပေ့ါ၊ ကျုပ်တို့ရဲ့ ဘုရင်မင်းမြတ်က မိမိရဲ့ အကျဉ်းခံဘဝကနေ လွတ်အောင် ရန်သူကို ရင်ဆိုင်ဖို့ ကြိုးစားခဲ့သေးတယ်၊ ဒါပေမယ့် နှင်းဟေမာနဲ့ သူ့လူများက ဒီလို အလုပ်မခံဘူးလေ၊ စစ်ကာလမှာ အားလုံးက ရန်သူကိုပဲ အဓိက အာရုံစိုက်နေကြလေတော့ ဒီနန်းတွင်းပြဿနာကို ဘယ်သူမှ သတိမထားမိကြတော့ဘူးပေ့ါ၊ နှင်းဟေမာတို့ကလဲ ဒီအချိန်ကာလကိုပဲရွေးပြီး ဘုရင်မင်းမြတ်အပေါ် အကောက်ကြံကြတာပေပ။ သည်လိုနဲ့ ကျုပ်လူများ သိကြတဲ့အတိုင်း ရန်သူဟာ တအိအိဖိနှိပ် ထိုးဖောက်လာခဲ့တယ်၊ နေပြည်တော်တစ်ခုလုံး ကျခါနီးမှ ပါဒဆောင်းရာသီရဲ့ အအေးဒဏ်မခံနိုင်ဘဲ ပြန်ဆုတ်သွားတယ်၊ ကံကောင်းထောက်မစွာနဲ့ပဲ နှင်းဟေမာရဲ့ တပ်တွေဟာ ရန်သူကို ညအချိန်မတော်မှာ အငိုက်ဝင်စီးနိုင်ခဲ့တယ်၊ အဲ. . . ရန်သူ့ အရေးလဲအေးရော. . . ကျုပ်တို့ဘုရင်မင်းမြတ်ကို သူတို့ကလေ. . . ”

ရဲမက်တို့၏ စိတ်ဝင်တစားဖြစ်နေသော မျက်နှာများကို ကြည့်ရင်း နိန္ဒက ပြုံးလိုက်ပြီး အသံကို မြှင့်လိုက်သည်။

“ဖမ်းဆီးချုပ်နှောင်သတ်ဖြတ်ဖို့ ရာဇပလ္လင်က ဖယ်ရှားဖို့ အတိအလင်း ကြိုးစားကြပါလေရော. . . ”

ရဲမက်များ၏ ရေရွတ်သံများ တဝေါဝေါထွက်ပေါ်လာပြန်သည်။

“ကျုပ်လူများ စဉ်းစားကြည့်ပဗျာ၊ ပါဒနိုင်ငံတော်ရဲ့ ရာဇဝံသမှာ

http://www.cherrythitsar.org



အစဉ်အဆက် ယောကျ်ားကောင်း ဘုရင်မင်းမြတ်များပဲ စိုးစံအုပ်ချုပ်ခဲ့ကြတာ၊ မိန်းမတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ ဘယ်တုန်းကများ ကျေးတော်မျိုး ကျွန်တော်မျိုး ခံခဲ့ရဘူးလို့လဲ၊ ပြီးတော့လဲ၊ နှင်းဟေမာဆိုတာ အင်မတန် အမျက်စောင်မာန်ကြီးတဲ့၊ အင်မတန် အလှဂုဏ်မောက်မာတဲ့ ကြောက်စရာ မိန်းမ ကျုပ်က ကိုယ်တွေ့ကြုံခဲ့ဖူးတာ၊ သူ့ပုံလွှာ ရေးဆွဲခဲ့စဉ်ကပေါ့ အဲဒီတုန်းက များ. . . ”

ဇေယျာဒီပတောင်ထိပ် ဆောင်းရာသီ၏ အအေးဒဏ်က သိပ်သည်းစွာ ကျရောက်နေသည်။ တပ်ဖွဲ့များရှေ့ရှိ မီးဖိုများမှ မီးခိုးငွေ့များလည်း နှင်းမြူတို့ကို ဖောက်ထွင်းလျက် တလူလူလွင့်နေသည်။ နှင်းဟေမာနှင့် နန်းတော်မှူးကြီး၊ ဝန်ကြီးများကို ဖိနှိပ်လျက်၊ သမိန်စက္ကဝတ်၏ ဘုန်းစွမ်းအင်အားကို ချီးပနေသည့် နိန္ဒ၏ စကားလုံးများသည် တောင်ကုန်းပေါ်ရှိ ရဲမက်များ၏ အတွေးထဲသို့ တစိမ့်စိမ့် ဝင်ရောက်နေလေသည်။

အခြားသော အရေးကိစ္စများနှင့် ပတ်သက်၍၊ မရှင်းမလင်းရှိနေကြသော်လည်း ပါဒဘုရင်ကို ဖမ်းဆီးချုပ်နှောင်၍ သတ်ဖြတ်ရန် စီစဉ်ခြင်း၊ ပါဒဘုရင်သည် အစောင့်အထပ်ထပ်ကို ထွင်းဖောက်လွတ်မြောက်နိုင်ခဲ့ခြင်းဟူသော အချက်အားဖြင့်ပင် ရဲမက်များသည် သမိန်စက္ကဝတ်အား ယုံကြည်ကိုးစားလျက် နှင်းဟေမာအား ကြောက်ရွံ့မုန်းတီးသွားကြပေသည်။

ဤသို့ဖြင့်ပင်. . .

ပါဒနိုင်ငံတော်သည် သမိန်စက္ကဝတ်ဘုရင်၏ ဘုန်းအာဏာ လက်အောက်တွင် ခိုလှုံသော ဇေယျာဒီပတောင်ကုန်းနှင့် ရသေ့ဂူဒေသအင်အား၊ နှင်းဟေမာ၏ ဘုန်းအာဏာစက်အောက်တွင် ခိုလှုံသော ပါဒနန်းတော်အင်အားဟူ၍ အင်အားနှစ်စု ကွဲပြားခြားနားသွားခဲ့သည်။

ဆောင်းနှင်းတို့သည် ခါတိုင်းကဲ့သို့ပင် ပါဒနန်းတော်၏ ဆောင်းရာသီတွင် မှိုင်းဝေဖြန့်ကျက်လာသည်။ သို့သော် ဇေယျာဒီပတောင်ကုန်းပေါ်သို့ ကျရောက်သည့် နှင်းမှုန်တို့သည် ယခင်က မရှိခဲ့ဘူးသည့် မီးလင်းဖိုများမှ မီးခိုးငွေ့များကို ဖြတ်သန်းနေကြရလေသည်။

သမိန်စက္ကဝတ်က အင်အားပို၍များပြားလာစေရန် ဇေယျာဒီပတောင်ကုန်းကို ဗဟိုပြု၍ စုရုံးနေသည်။

နှင်းဟေမာလည်း ပါဒနန်းတော်တွင်းနှင့် မြို့ရိုးလေးဘက်ရှိ တပ်မများ

http://www.cherrythitsar.org



ကို ပို၍လုံခြုံစေရန် အစီအမံပြုနေသည်။ ဇေယျာဒီပမှ တပ်များတောင်အောက်သို့ ဆင်းလာခြင်း မရှိသေးသလို နန်းတော်တပ်များကလည်း ဇေယျာဒီပဆီသို့ ချဉ်းကပ်ခြင်း မရှိပေ။

မသိနိုင်စွမ်းသော ကံကြမ္မာတစ်ရပ်ကို ပါဒနိုင်ငံတော်သည် တိတ်ဆိတ်စွာ စောင့်ဆိုင်းနေရသည်။ ရဲမက်အသီးသီးတို့ တာဝန်ကျရာ၌ လှုပ်ရှားနေချိန်တွင် နန်းတော်မှအပ ဖြစ်သော၊ နိုင်ငံတော်အဝန်း၏ အဝှမ်းနှင့်အမျှဖြစ်သော နိုင်ငံတော်သားတို့ကား ချောက်ချားနေကြလေသည်။ မကြာမီက ပြီးဆုံးသွားခဲ့သော ဇင်းမယ်ရန်သူ့အရေးတွင် ပါဒတပ်မများကို တက်ကြွစွာ စောင့်ကြည့်နေခဲ့ကြသော နိုင်ငံတော်သားတို့သည် ယခုအခါ ဇေယျာဒီပတောင်ကုန်းနှင့် ပါဒနန်းတော်တို့ကို တစ်လှည့်စီကြည့်ရင်း ထိတ်လန့်စွာ စောင့်ကြည့်နေကြသည်။

အချို့တပ်ဖွဲ့များက တောင်ကုန်းဘက်ဆီသို့ ထွက်ခွာသွားကြသည်။ အချို့တပ်ဖွဲ့များက နန်းတော်မြို့ရိုးအတွင်းသို့ ဝင်သွားကြသည်။ ရဲမက်တို့ပါဝင်သော တပ်ဖွဲ့များကို ရင်ဆိုင်တိုက်ခိုက်ခြင်း မရှိသေးမီမှာပင် ပါဒနေပြည်တော် ဇနပုဒ်တို့၌ ဇနပုဒ်သားချင်း တိုက်ခိုက်လာကြသည်။ 'သေရည်ရှူး ဘုရင့်ဘက်တော်သား'ဟု တစ်ယောက်က အော်ဟစ်သလို တစ်ယောက်ကလည်း 'ရာဇပလ္လင်ရှူး မိန်းမဘက်တော်သား'ဟု ပြန်၍ အော်ဟစ်သည်။ တစ်ဦးချင်း ခိုက်ရန်ဖြစ်ပွားမှုမှ သည်အဆွေအမျိုးတစ်စုနှင့် အခြားတစ်စု၊ ယင်းမှသည် ဇနပုဒ် တစ်ခု နှင့်အခြားတစ်ခု။ ယင်းမှသည် ဇနပုဒ်အစုတစ်ခုနှင့် အခြားအစုတစ်ခု။

ဇနပုဒ်အကြီးအကဲများ၊ မြို့သူကြီးများ၊ ကင်းတပ်မှူးများသည်လည်း ထိုတိုက်ပွဲများကို ဖြေရှင်းစီမံပေးရန် အခွင့်မသာကြ။ ဖြေရှင်းစီမံပေးရန်ကို ထားဘိ၊ သူတို့ ကိုယ်တိုင်ပင်လျှင် ပထမတစ်နေ့၌ ဇေယျာဒီပတောင်ကုန်းမှ လာသောအမိန့်တော်ကို နာခံရပြီး ဒုတိယနေ့တွင် ပါဒနန်းတော်မှလာသော အမိန့်တော်ကို နာခံရပြန်သည်။

အချို့သော ဇနပုဒ် အစုတို့သည် နိုင်ငံတော်၏ အနောက်ဘက်မျက်နှာဒေသရှိ အထပ်ထပ်သော တောင်တန်းများဆီသို့ ရွှေ့ပြောင်းသွားကြသည်။ အချို့သော ဇနပုဒ်အစုတို့ကမူ အရှေ့ဘက်မျက်နှာ ပါဒချောင်းကို ဖြတ်ကူး၍ တောနက်ထဲသို့ ရွှေ့ပြောင်းကြသည်။ လေပြင်း၏ ဖြတ်ခွဲမှုကို

http://www.cherrythitsar.org



ခံရသော သစ်ရွက်ခြောက်များအလား ဦးတည်ရာဒေသအသီးသီးသို့ ဖြန့်လျက် ထွက်ခွာနေကြသည်။

တပ်မင်းကြီး သမိန်ပြတ်ဇသည် နေ့ညမပြတ် တပ်ဖွဲ့များရှိရာသို့ လှည့်လည်နေရသဖြင့် ရှင်ဗမ္မညာဏ ညွှန်ပြလိုက်သည့် အာကာရဋ္ဌ မြေတိုက်ခန်းများဆီသို့ မရောက်တော့။ နှင်းပေမာသည်လည်း ဇေယျာဒီပ အရေးကြောင့် ကြေးတိုက်အကျဉ်းခန်းမှ ရာဇဝတ်သားတို့ကို စီရင်ရန် အမိန့်မချမှတ်နိုင်သေး။

ပါဒနိုင်ငံတော်၏ ရှုပ်ထွေးသော အရေးကိစ္စအရပ်ရပ်မှ လွတ်ကင်းနေသူဟူ၍ နိုင်ငံတော်အတွင်းတွင် လူသားသုံးဦးသာ ရှိတော့သည်။

သူတို့ကား . .

ရာဇလုံ့တံတော်မှ ဆင်းသက်လာသည့် အမိန့်တစ်ခုခုကို စောင့်မျှော်ရင်း၊ အကယ်၍ ကွပ်မျက်ခံစေရန် အမိန့်ရောက်ရှိလာလျှင်လည်း မိမိချစ်ခင်လေးစားသော ပန်းချီကျော်နှင့်အတူ အပြစ်ဒဏ်ကို ရဲဝံ့စွာရင်ဆိုင်ရန် အသင့်ပြင်ထားသည့် အကြပ်မျိုး စက္က။

အလုံးစုံ ဖြစ်ရပ်ခပ်သိမ်းတို့ကို စွန့်လွှတ်၍ သေခြင်းတရားသည်သာ အကောင်းဆုံးသော နိဂုံးဖြစ်သည်ဟု ယုံကြည်လျက် သတ်မည့်နေ့ကို စောင့်ဆိုင်းနေသည့် ဒီပါနှင့် . . ။

အဖ သမိန်ပြတ်ဇထံမှ သိရချက်အရ ချစ်သူ၏ အသက်ကို ကယ်တင်ပေးနိုင်မည့် ပုံလွှာများရှိရာ အာကာရဋ္ဌ မြေတိုက်အခန်းထဲသို့ ဝင်ရောက်နိုင်ရန် ကြိုးစားနေသည့် မိတနော်။

* * *

နန်းမြို့ရိုး အရှေ့မြောက်ထောင့် စေတီခြေရင်းရှိ တပ်မှူးတစ်ဦး ပါဒနန်းတော်ထဲသို့ ရောက်လာသည်။ နှင်းပေမာနှင့်တကွ သမိန်ပြတ်ဇ အပါအဝင် တပ်မင်းများ စုရုံးနေသည့် နန်းတော်သို့ အရေးတကြီး ဝင်သွားသည်။ ထို့နောက် သမိန်ပြတ်ဇမှတစ်ဆင့် မဟုတ်တော့ဘဲ နှင်းပေမာရှိရာသို့ ဒူးထောက်တိုးဝင်သွားပြီး တစ်စုံတစ်ခုကို လှမ်းပေးလိုက်လေသည်။

ရွှေရောင်အဖုံးကို ဖွင့်လိုက်ပြီး အထဲမှ သားရေချပ်လိပ်ကို နှင်းပေမာ ဖြည်ချလိုက်သည်။

**“ပါဒဘုရင်မင်းမြတ် သမိန်စက္ကဝတ်၏ ဖဝါးတော်အောက်သို့ ခိုလှုံသောအားဖြင့် ငါ၏ ထီးနန်းကို ပြန်လည်အပ်နှင်းမည်လော။**

http://www.cherrythitsar.org



**သို့တည်းမဟုတ် . . .**

**စစ်ကိုပြုမည်လော။**

**နက်ဖြန် လပြည့်ညတွင် သင်တို့၏ အဆုံးအဖြတ်ဖြင့် တစ်စုံတစ်ခု သာ အရေးအရာ ပေါ်ပေါက်မည်။”**

**‘ပါဒဘုရင်မင်းမြတ်’**

*  *  *

ဇေယျာဒီပတောင်စွယ်မှ တပ်မှူးတစ်ဦး တောင်ထိပ်သို့ ရောက်လာသည်။ သမိန်စက္ကဝတ်၊ နိန္ဒနှင့် အခြား တပ်မင်းများ စုရုံးနေသည့် တဲနန်းထဲသို့ အရေးတကြီး ဝင်သွားသည်။

သမိန်စက္ကဝတ်သည် ရွှေဗူးထဲမှ သားရေချပ်ကို ထုတ်ယူလိုက်သည်။

**“နိုင်ငံတော်သားတို့ သတ္တန္တရကပ် ဘေးအန္တရာယ် ချမ်းသာစိမ့်သောငှာ၊ နက်ဖြန် လပြည့်ညတွင် ရသေ့ဂူနှင့် ပါဒဆံတော်ရှင် စေတီအကြား လွင်ပြင်အရပ်၌ သင်နှင့် စီးချင်းထိုးမည်”**

**‘နှင်းဟေမာ’**

*  *  *

အစ်မတော်ဖြစ်သည့် သခင်မနှင်းဟေမာနှင့် မောင်တော်ဖြစ်သည့် သမိန်စက္ကဝတ်ဘုရင်တို့သည် လပြည့်ညတွင် ရသေ့ဂူနှင့် ပါဒဆံတော်ရှင် စေတီအကြား လွင်ပြင်အရပ်၌ ရဲမက်တပ်မတို့ စစ်အင်အားကို မသုံးဘဲ စီးချင်းထိုးကြလိမ့်မည်ဟူသော သတင်းသည် ပါဒနိုင်ငံတော် အလုံးသို့ တစ်မုဟုတ်ချင်း ပြန့်နှံ့သွားလေသည်။

ဤသတင်းအတွက် စီးချင်းထိုးမည့်နေ့ နံနက် အရုဏ်တက်စကာလတွင် ဝိဟာရမှ ရှင်ဓမ္မဉာဏ ပါဒနန်းတော်သို့ ရောက်လာသည်။ သမိန်စက္ကဝတ်ဘုရင်၊ သမိန်စက္ကဝတ်ဘွဲ့ကို ခံယူသည့် ဘိသေကသဘင် ကာလနောက်ပိုင်း၊ ပါဒနန်းတော်သို့ တစ်ခါမှ မလာခဲ့သော ရှင်ဓမ္မဉာဏသည် နှင်းဟေမာ၏ ပင်တိုင်နန်းဆောင်သို့ သွား၍ လပြည့်ည စီးချင်းထိုးပွဲကို တားမြစ်ပိတ်ပင်မည်။ ဇေယျာဒီပ တောင်ကုန်းရှိ သမိန်စက္ကဝတ်ထံသို့လည်း မိမိသွားရောက် တားဆီးဦးမည်ဟု ဆိုသည်။ သို့သော် နှင်းဟေမာက ရှင်ဓမ္မဉာဏ၏ တားဆီးချက်ကို ငြင်းပယ်လိုက်လေသည်။

ရှင်ဓမ္မဉာဏပါဒနန်းတော်မှ ထွက်ခွာသွားသည့်နောက်တွင် နှင်းဟေမာ

http://www.cherrythitsar.org



သည် မိမိအား လာရောက်တွေ့ဆုံမည့် မည်သည့်ပါဒနိုင်ငံတော်သားကိုမျှ ခွင့်မပြုတော့။ စီးချင်းထိုးမည့် နေ့ခင်းကာလ တစ်ချိန်လုံး ပင်တိုင်နန်းဆောင်ဆီသို့ မည်သူမျှ မဝင်ရောက်ရဟု အမိန့်ထုတ်လိုက်သည်။

စီးချင်းထိုးမည့် လပြည့်နေ့ နံနက်ကာလမှစ၍ ပါဒနေပြည်တော် တစ်ခုလုံး သဲသဲလှုပ်နေသည်။ နန်းတော်တပ်မများ တစ်ခုပြီးတစ်ခု၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ နေပြည်တော်လမ်းမများ တစ်လျှောက်လှုပ်ရှား သွားလာနေကြသည်။ နန်းမြို့မြောက်ဘက်တံခါးနှင့် အရှေ့ဘက်တံခါးတွင် တပ်ဖွဲ့များ ထွက်လာကြသည်မှာ အလျဉ်မပြတ်တော့။ စစ်အင်္ဂါအပြည့်အစုံကို စီရင်ထားသော တပ်မများသည် မြောက်ဘက်နှင့် အရှေ့ဘက်ရေကျူးကို ဖြတ်လျက် ရသေ့ဂူနှင့် ပါဒဆံတော်ရှင်စေတီအကြား လွင်ပြင်ဆီသို့ ရှေ့ရှုစစ်ချီနေကြသည်။ နေပြည်တော်သားများသည် နန်းမြို့တံခါးမှ တဖွဲဖွဲ ထွက်လာကြသည့် တပ်မများကို တအံ့တသြစောင့်ကြည့်ရင်း လွင်ပြင်ဆီသို့ သူတို့ပါ လိုက်ပါသွားကြလေသည်။

လပြည့်နေ့၏ နေ့မွန်းတိမ်းစ အချိန်မှာပင် ပါဒနန်းတော်တွင်း၌ ရှိရှိသမျှသော တပ်မများ၊ နန်းမြို့အပြင်သို့ ထွက်ခွာရောက်သွားကြသည်။ နန်းတော်တွင် ရဲမက်ဟူ၍ မြို့ရိုးတံခါးလေးဘက်ကို စောင့်ကြပ်သည့်အစောင့်ရဲမက်အနည်းငယ်နှင့် ကြေးတိုက်အကျဉ်းခန်း နှစ်ခုကို စောင့်ကြပ်သည့် ရဲမက်နှစ်ဦးသာ ကျန်ရှိတော့သည်။

ဇေယျာဒီပတောင်ကုန်းပေါ်ရှိ သမိန်စက္ကဝတ်၏ တပ်ဖွဲ့များလည်း တောင်ခြေသို့ တဖွဲဖွဲဆင်းလာကြသည်။ မွန်းလွဲပြီး ညနေဦးအချိန်တွင် ပါဒတပ်မများနှင့် ဇေယျာဒီပတပ်မများသည် ရသေ့ဂူနှင့် ပါဒဆံတော်ရှင်စေတီအကြား လွင်ပြင်၏ တစ်ဖက်တစ်ချက်စီ၌ မျက်နှာချင်းဆိုင် တပ်စွဲလိုက်ကြသည်။

ဤအချိန်တွင် နှင်းဟေမာသည် ပါဒနန်းတော်တွင်းမှ ထွက်ခွာမသွားသေး။

သမိန်စက္ကဝတ်သည်လည်း ဇေယျာဒီပ တောင်ကုန်း၏ တစ်ခုသော တောင်စွယ်မှ မဆင်းသက်လာသေး။ သမိန်စက္ကဝတ်သည် တောင်စွယ်ပေါ်တွင် လက်ပိုက်၍ ရပ်ရင်း တောင်အောက်ဖက် စိမ်းညို့သော တောအုပ်များ၏ တစ်ဖက်ရှိ ရသေ့ဂူမြင်ကွင်းကို စီးကြည့်နေလေသည်။ ထူထပ်သော သစ်ပင်အုပ်များကြောင့် ရသေ့ဂူနှင့် ပါဒဆံတော်ရှင် စေတီအကြားမှ လွင်ပြင်ကို

http://www.cherrythitsar.org



တောင်ပေါ်မှ မမြင်ရသော်လည်း လွင်ပြင်၏ ဤမှာဘက်၌ တပ်စွဲစောင့်ဆိုင်း နေကြမည့် မိမိ၏ တပ်မများကို သမိန်စက္ကဝတ် မြင်ယောင်နေသည်။ ပါဒဆံတော်ရှင်စေတီ၏ ရွှေရောင်တဝင်းဝင်းရှိသော ထီးတော်မှာ တောင်ခိုးများ အကြားတွင် မှိုင်းညို့စွာ ထိုးထွက်နေလေသည်။

နေသည် အလင်းရောင်ကိုသာ ဖြစ်ပေါ်စေသည်။ ဆောင်းရာသီ၏ ညနေဦးတွင် နေ၏အပူဓာတ်တို့ တဖြည်းဖြည်း လျော့ပါးသွားသည်။

သမိန်စက္ကဝတ်သည် ဝေးလံသော မှော်ဝန်းမြစ် တစ်ဖက်ကမ်း တောင်စွယ်ထိပ်ဆီသို့ ရွေ့လျားသွားနေသည့် နေလုံးကိုကြည့်ရင်း ပြုံးလိုက် သည်။ ခက်ထန်သောအပြုံး၊ အားရနှစ်ခြိုက်သော အပြုံးဖြစ်သည်။

ထို့နောက် ဝဲဘက်ဘေးတွင် ရပ်နေသော နိန္ဒကို လှည့်ကြည့်လိုက် သည်။ ထို့နောက် ညာဘက်ဘေးတွင် ရပ်နေသည့် တပ်မှူးတစ်ဦးကို ပြန်လှည့် ကြည့်လိုက်သည်။ တပ်မှူးသည် သမိန်စက္ကဝတ်ထံမှ ထွက်ပေါ်လာမည့်အမိန့် ကို ထက်သန်စွာဖြင့် စောင့်မျှော်နေလေသည်။

"မြင်းစီးရဲမက် ဘယ်လောက်လဲ. . ."

"လက်ရွေးစင် မြင်းသည်ကျော် ရဲမက်ငါးဆယ်ပါ ဘုရင်မင်းမြတ်"

"တကယ့် လက်ရွေးစင် ဟုတ်ရဲ့လားဟေ့. . ."

"ပါဒနိုင်ငံတော်မှာ အလျင်မြန်ဆုံး အကျွမ်းကျင်ဆုံး မြင်းသည်ကျော် ရဲမက်တွေ ဖြစ်ပါတယ်၊ မြေပြန့်လွင်ပြင်မဆိုထားနဲ့၊ ဟောဒီ ဇေယျာဒီပ တောင်ကုန်းပေါ်မှာ တောင်မှမြေပြန့်နဲ့ မခြား တစ်ဟုန်ထိုး ဆင်းနိုင်တက်နိုင် တဲ့ မြင်းသည်ကျော်တွေပါ. . ."

"မြင်းတွေကကော. . ."

"အကောင်းဆုံးမြင်းတွေပါ ဘုရင်မင်းမြတ်"

"လမထွက်မီမှာ ပါဒနန်းတော်ထဲ ရောက်နိုင်ပါ့မလား"

"နေလုံး မပျောက်မီမှာ ရောက်နိုင်ပါတယ် ဘုရင်မင်းမြတ်. . ."

"အေး. . . ကောင်းပြီ၊ အမြန်ဆုံးရောက်အောင် မြင်းတွေကို ဇက်ကုန် ဖွင့်ကြ၊ နန်းတော်ရောက်တာနဲ့ ပင်တိုင်စံနန်းဆောင်ကို မီးတင်ရှို့လိုက်၊ မင်းတို့ ဆီက မီးတောက်တွေ မြင်လိုက်တာနဲ့ ရသေ့ဂူလွင်ပြင်မှာ ရှိနေမယ့် ကျွန်ုပ်နဲ့ ကျန်တပ်မတွေက နန်းတော်ဆီကို အပြင်းနှင်ခဲ့မယ်၊ စီးချင်းထိုးမယ့် အချိန်ကို မင်းတို့ဆီက မီးတောက်တွေ မတွေ့ရမချင်း ရွှေ့ဆိုင်းထားမယ် နားလည်လား

http://www.cherrythitsar.org



. . . နိန္ဒကော အားလုံးနားလည်ရဲ့လား”

“နားလည်ပါတယ်. . . မင်းတရား. . . စီးချင်းထိုးပွဲကို မျှော်လင့်တကြီး စောင့်ပြီး လွင်ပြင်မှာ စုရုံးရောက်ရှိနေကြမယ့် ပါဒတပ်ဖွဲ့တွေတော့ အရှုံးတွေ ဖြစ်ကုန်ကြမှာ သေချာပါတယ်”

“ဟား. . . ဟား. . . ဟား. . . ဟား. . . ”

သမိန်စက္ကဝတ်သည် ကိုယ်ကို သိမ့်သိမ့်ခါ၍ ရယ်လိုက်လေသည်။

“ဟား. . . ဟား. . . ဟား. . . သင်းတို့ တပ်မတွေ အားလုံးလိုလို လွင်ပြင်မှာ စုရုံးနေကြမှာ သေချာတယ်၊ စီးချင်းထိုးပွဲအတွက် သင်းတို့ သခင်မ ကို အားပေးကြမလို့ပေါ့လေ၊ နန်းတော်ထဲမှာ ရဲမက်ဆယ်ယောက်ပြည့်အောင် ရှိသေးရဲ့လား မသိဘူး၊ အင်း. . . လွင်ပြင်က စီးချင်းထိုးပွဲကို ကြည့်ချင်သူတွေ နန်းတော်ထဲက ပင်တိုင်စံ အဆောင်ဆီက မီးတောက်မီးလျှံတွေ မြင်လိုက်ရရင် ဘယ်လောက်များ သွေးပျက်သွားကြမလဲ မသိဘူး. . .၊ ဟား. . . ဟား. . . တောခေါင်ခေါင် ရသေ့ဂူလွင်ပြင်လို နေရာမျိုးမှာ မိန်းမတစ်ယောက်နဲ့ စီးချင်း ထိုးမယ်လို့များ သမိန်စက္ကဝတ်ကို ထင်နေကြသလား မသိဘူး၊ ထီးနန်းကို ရယူတယ်ဆိုတာ နန်းတော်ကို စီးမိမှ နန်းတော်ကို စီးမိမှ၊ အခုလို ပြင်ပဒေသ မှာ အရိပ်အယောင်ပြပြီး နန်းတော်ကို နောက်ကနေ သိမ်းပိုက်တာကမှ တကယ့် သေနင်္ဂ အစီအရင်. . . ”

“အင်မတန် လှပနူးညံ့တဲ့ သေနင်္ဂ အစီအရင်ပါပဲ မင်းတရား”

“ဟား. . . ဟား. . . ဟား. . . ဟုတ်တယ် ဟုတ်တယ် နိန္ဒ၊ သင် တော်တယ်၊ ကျွန်ုပ် ထီးနန်းကို ပြန်ရပြီးရင် သင်ဟာ နန်းရင်းဝန်ကြီးပဲ၊ ဟော့. . . တပ်မှူး၊ မင်းကိုတော့ တပ်မင်းကြီးအရာ ပေးရမယ်၊ ကဲ. . . ကဲ. . . ခုချိန် လောက်ဆို နန်းတော်ထဲမှာ ပါဒတပ်ဖွဲ့တွေ ကုန်လောက်ပြီ သွားကြပေတော့”

တပ်မှူးနှင့် နိန္ဒတို့သည် သမိန်စက္ကဝတ်အနီးမှ ထွက်ခွာခဲ့ကြသည်။

ထွားကြိုင်းသန်စွမ်းသော မြင်းများပေါ်မှ မြင်းသည်ကျော် ငါးဆယ်တို့ သည် ဇက်ကြိုးကို ဆွဲကိုင်လိုက်ကြသည်။

မြင်းများသည် ကျယ်လောင်စွာဟီလျက် တောင်စောင်းတကြောအတိုင်း တစ်ဟုန်ထိုး ကဆုန်ချသွားကြလေသည်။

မြင်းသည်ကျော်တို့ ဆင်းသွားသည့် တောင်စောင်းမှာ ရသေ့ဂူလွင်ပြင် ဘက်သို့ သွားသည့်လမ်းမဟုတ်၊ တောင်ကြော၏ အခြားတစ်ဖက် ဖြစ်သည်။

http://www.cherrythitsar.org



ဤအချိန်တွင် ပါဒနန်းတော်၏ ပင်တိုင်စံ နန်းဆောင်ထဲ၌ နှင်းဟေမာသည် ချပ်ဝပ်ကို ဆင်မြန်းရန် စတင်ပြင်ဆင်နေလေသည်။

* * *

ဘုရင့်မြင်းဇောင်းတံခါးအကွယ်သို့ မိတနော် ပြေးဝင်ပုန်းကွယ်လိုက်သည်။ တံခါးအကွယ်မှ မြင်းဇောင်းတစ်ဖက်ဆီသို့ ချောင်းမြောင်းကြည့်သည်။ ဇင်းမယ်စစ်ပွဲတွင် ဒဏ်ရာရခဲ့သော မြင်းများမှအပ အစောင့်ရဲမက်များဟူ၍ တစ်ယောက်တလေမျှပင် မရှိ။

မြင်းဇောင်းဝင်းခြံအတိုင်း အကာအကွယ်ပြုလျက် တစ်ဖက်ဆီသို့ မိတနော် ပြေးခဲ့သည်။ ဆောင်းညနေခင်း ဖြစ်သော်လည်း မိတနော် နဖူးပြင်ဝယ် ချွေးစတို့ တွဲခိုနေသည်။ ယခင်က လွတ်လပ်စွာ အတားအဆီးမရှိ အကြိမ်ကြိမ် သွားလာခဲ့ဖူးသော ဤနေရာတစ်ဝိုက်တွင် မိတနော်သည် လျှို့ဝှက်စွာ လှုပ်ရှားနေသည်။

အစောင့်ရဲမက်တို့ ပြောပလောက်အောင် မရှိတော့ကြောင်း မိတနော် သိထားသည်။ တပ်မဟူသမျှ ရသေ့ဂူလွင်ပြင်သို့ ရောက်ရှိနေကြောင်းလည်း မိတနော် သိသည်။ သို့သော် သခင်မနှင်းဟေမာသည် ပင်တိုင်စံနန်းဆောင်မှ ထွက်ခွာ မသွားသေး။

မြင်းဇောင်းနှင့် ဆက်စပ်လျက်ရှိသော ကြေးတိုက်ရှေ့လမ်းမသည် နန်းတော်မြောက် တံခါးနှင့် အနီးဆုံးဖြစ်သည်။ သခင်မ နှင်းဟေမာသည် စီးချင်းထိုးပွဲအတွက် ရသေ့ဂူလွင်ပြင်သို့သွားလျှင် ဤလမ်းမကိုပင် အသုံးပြုမည်ဟု မိတနော် ထင်သည်။ ထို့ကြောင့် မိတနော် ပုန်းလျှိုး၍ လှုပ်ရှားနေခြင်း ဖြစ်သည်။

ထိတ်လန့်နေသည့်ကြားမှ ချစ်သူ၏ လွတ်မြောက်ရေးအတွက် မိတနော် ကြိုတင်ဝမ်းမြောက်နေမိသည်။

မြင်းဇောင်း၏ ဝင်းခြံစည်းရိုးအဆုံးသို့ ရောက်သောအခါ မနီးမဝေးမှ ကြေးတိုက်တံခါးကို မြင်လိုက်ရသည်။ လမ်းခုလပ်ရှိ သစ်ပင်များကို တစ်ပင်ပြီးတစ်ပင် ကူးသန်းပြေးလွှားရင်း ပင်စည်နောက်၌ ပုန်းခိုလိုက်သည်။ မိတနော်၏ ဖျတ်လတ်သော လှုပ်ရှားမှုမှာ မှည့်ဝင်းသော သစ်သီးရှိရာသို့ ရန်သူကို အကဲခတ်ရင်း ခုန်ကူးပြေးလွှားနေသော ရှဉ့်ငယ်တစ်ကောင်အလား။

ရသေ့ဂူလွင်ပြင်တွင် တပ်မအားလုံး ရောက်ရှိနေကြမည့် ဤအချိန်ကို

မိတနော် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ကြေးတိုက်တံခါးအရှေ့တွင် အစောင့်ရဲမက်တစ်ယောက်မျှ မရှိ။ အကျဉ်းခန်းရှေ့တွင်မူ ရဲမက်နှစ်ဦးရှိနေမည်မှာ မုချဖြစ်သည်။ သို့သော် မိတနော်ကို တပ်မင်းကြီး သမိန်ပြတ်ဇ၏ သမီးတော်မှန်းသိသော ရဲမက်တို့သည် မိတနော်၏ ပရိယာယ်စကားကိုလည်း ယုံကြည်ကြပေမည်။ 'ရသေ့ဂူ လွင်ပြင်စီးချင်းထိုးပွဲအတွက် ရာဇဝတ်သားများကို လွင်ပြင်ဆီသို့ ခေါ်ခဲ့ရန် သခင်မ အဖတပ်မင်းကြီးကို အမိန့်ပေးခဲ့ကြောင်း၊ အဖမှာ သခင်မနှင့်အတူ လိုက်ပါရမည်ဖြစ်သည့်အတွက် မိမိကိုယ်တိုင် လာရောက်ရခြင်း ဖြစ်ကြောင်း" ရဲမက်တို့အား ဖြားယောင်းပြောဆိုမည်။

သို့ဖြင့် ချစ်သူအား လွတ်မြောက်စေမည်။

အကျဉ်းခန်းမှ ထွက်လာကာ အာကာရဋ္ဌ မြေတိုက်အခန်းသို့ခေါ် သွားပြီး ရာဇဝတ်ပြစ်ဒဏ်မှ ကင်းစင်လွင့်ပျောက်စေမည့် ပုံလွှာများကို သွားရောက်ရှာဖွေမည်။ စီးချင်းထိုးပွဲမှ ပြန်လာသော သခင်မနှင်းဟေမာသည် ချစ်သူ၏ အံ့မခန်း အနုပညာကို တွေ့ရလျှင် အသက်ကို လွတ်မည်မှာ အသေ အချာပင် ဖြစ်သည်။

ချစ်သူအား သေခြင်းတရားမှ ကယ်တင်လိုက်နိုင်မည့် အဖြစ်သည် အဘယ်မျှလောက် မွန်မြတ်လှပသော စွမ်းဆောင်မှုပေနည်း။

ပို၍ တက်ကြွဖျတ်လတ်သော လှုပ်ရှားမှုများဖြင့် မိတနော် ကြေးတိုက် တံခါးဆီသို့ ပြေးဝင်ချဉ်းကပ်လိုက်သည်။ အစောင့်ရဲမက်မရှိသော ကြေးတိုက် အတွင်းဖက်တွင် အကျဉ်းခန်းရှိနေ၏။ အကျဉ်းခန်းထဲတွင် အံ့မခန်းသည့် အနုပညာရှင် ဖြစ်ပေသော ချစ်သူရှိနေသည်။

ကြေးတိုက်တံခါးကို တွန်းဖွင့်ရန် မိတနော် လက်ကို ရွယ်လိုက်သည်။

ထိုအခိုက်မှာပင်. . .

ကြေးတိုက်လမ်းမအတိုင်း နီးကပ်လာသည့် မြင်းခွာသံများ ပေါ်လာ သည်။

ထိတ်လန့်တုန်လှုပ်စွာ မိတနော် လှည့်ကြည့်လိုက်သည်။

ငါးဆယ်ခန့်မျှသော မြင်းစီးရဲမက်တို့ မြင်းကို ဇက်ကုန်ဖွင့် ကဆုန်စိုင်း လာကြသည်။ မိတနော် ရပ်နေရာ ကြေးတိုက်တံခါးရှေ့ မြေကြီးပင် သိမ့်သိမ့်ခါ မတတ်ဖြစ်သည်။ ကြေးတိုက်တံခါးကို တွန်းဖွင့်ပြီး မိတနော် ပြေးဝင်ခဲ့သည်။

http://www.cherrythitsar.org



အကျဉ်းခန်းဆီသို့ မရပ်မနား။

အကျဉ်းခန်းရှေ့ရှိ အစောင့်ရဲမက်တို့သည် ပြူးကျယ်သော မျက်လုံးများဖြင့် တစ်ဟုန်ထိုး ပြေးလာသည့် မိတနော်ကို အံ့အားသင့်စွာ ကြည့်လိုက်ကြသည်။ သို့သော် မိတနော်ကို သူတို့ဆက်၍ သတိမထားနိုင်ကြတော့ပေ။ ဖွင့်ဟနေသော ကြေးတိုက်တံခါးမှတစ်ဆင့် လမ်းမအတိုင်း ကဆုန်စိုင်းလာ သည့် မြင်းများကို တွေ့လိုက်ကြရသည်။

မြင်းစီးရဲမက်တို့ ကြက်သွေးရောင် ချပ်ဝတ်များကို ဝတ်ဆင်ထားသည်။

အစောင့်ရဲမက်တို့ ရုတ်တရက် တုန်လှုပ်သွားပြီး ချက်ချင်းပင် အဖြစ်မှန်ကို နားလည်သွားကြသည်။

ကြက်သွေးရောင် ချပ်ဝတ်သည် သမိန်စက္ကဝတ်ဘုရင်၏ ကိုယ်ရံတော်မြင်းသည်ကျော် တပ်ဖွဲ့အရောင်၊ မြင်းစီးရဲမက်တို့ကား သမိန်စက္ကဝတ်၏ ရဲမက်များ. . .။

"မြင်းသည်ကျော်တွေ သမိန်စက္ကဝတ်ရဲ့ မြင်းသည်ကျော်တွေ"

"သူတို့ နန်းတော်ဆီကို သွားကြတာ. . ."

"သခင်မကို လုပ်ကြံကြမလို့လား မသိဘူး"

အစောင့်ရဲမက်တို့၏ အော်ဟစ်သံသည် အကျဉ်းခန်း၏ သေးငယ်သော အပေါက်မှတစ်ဆင့် အတွင်းရှိ ရာဇဝတ်သားများထံ ရောက်သွားသည်။

ရာဇဝတ်သား အကြပ်မျူးစက္ကသည် အကျဉ်းခန်းထောင့်တွင် မှီရင်းထိုင်နေရာမှ ဆူညံသော အသံများကြောင့် အကျဉ်းခန်းအပေါက်ဝဆီသို့ တိုးသွားလိုက်ကြသည်။

"သင်းတို့အကောက်ကြံပြီ. . . ခု. . . သခင်မကို လုပ်ကြံဖို့ လာကြတာနဲ့တူတယ်၊ ဘာလုပ်ကြမလဲ. . ."

"တပ်မတွေအားလုံး ရသေ့ဂူလွင်ပြင်ဘက်ကို ရောက်နေကြပြီ၊ အခုသခင်မနန်းဆောင်ထဲက ထွက်လာတော့မယ်. . . ဒုက္ခတော့ ရောက်ကုန်ကြပြီ"

စက္ကသည် အကျဉ်းခန်းနံရံကို တဝုန်းဝုန်း ထုနှက်လိုက်လေသည်။ နှုတ်မှလည်း အသံကုန် အော်ဟစ်လေတော့သည်။

"ရဲမက်တွေ. . . အကျဉ်းခန်းဖွင့်ပေးကြ. . . ဖွင့်ပေးကြပါ၊ ကျုပ်ကို အနှောင်အဖွဲ့က လွှတ်ပေးပါ. . . ဒီအချိန်မှာ သခင်မရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ အမိကပါ၊ အဲဒီမြင်းစီးရဲမက်တွေကို ကျုပ်တို့ ပူးပေါင်းတိုက်ခိုက်

http://www.cherrythitsar.org



ကြရအောင်၊ ဖွင့်ကြပါ ဖွင့်ပေးကြပါ. . . ”

အစောင့်ရဲမက်များ တွေဝေနေကြသည်။

အခြားသော အကျဉ်းခန်းဆီမှလည်း ကျယ်လောင်သော အသံထွက်ပေါ်လာပြန်သည်။

“ဟုတ်တယ် ဟုတ်တယ် ရဲမက်တို့. . . ကျုပ်တို့ကို ဖွင့်ပေးကြပါ၊ ကျုပ်ပန်းချီကျော်ပေမယ့်၊ သခင်မ အသက်အန္တရာယ်ကိုတော့ တိုက်ခိုက်ကာကွယ်ရမယ်၊ ကျုပ်တို့ ရာဇဝတ်အပြစ်ဟာ သခင်မ အသက်လောက် အရေးမကြီးပါဘူး. . . ဖွင့်ကြပါ. . . ”

မိတနော်သည် ဒီပါ၏အသံကိုကြားသောအခါ တွေဝေဝေးငိုင်နေသည့် အစောင့်ရဲမက်ဆီသို့ ပြေးဝင်ပြီး အကျဉ်းခန်းတံခါးကို ချည်နှောင်ထားသည့် သံကြိုးကို ဖွင့်ဖြုတ်သော သော့တံကို ဝင်လုလေသည်။ အစောင့်ရဲမက်က တစ်စုံတစ်ရာ မပြုလုပ်နိုင်မီမှာပင် အကျဉ်းတံခါး ပွင့်သွားသည်။ သံကြိုးကွင်းများ ကင်းမဲ့နေသည့် ဒီပါသည် အကျဉ်းခန်းတွင်းမှ တစ်ဟုန်ထိုး ထွက်လာသည်။

“တပ်မှူးလေး. . . တပ်မှူးလေး. . . ကျွန်တော့်အခန်းကို ဖွင့်ပေးပါ. . . မြန်မြန်”

စက္ကက ကျယ်လောင်စွာ အော်သည်။ ဒီပါက စက္ကအခန်းကို ဖွင့်ပေးလေသည်။ စက္ကသည် အကျဉ်းခန်းထဲမှ ကျားတစ်ကောင်ကဲ့သို့ ခုန်ထွက်လာပြီး အပြင်ရောက်လျှင် ရောက်ချင်း၊ ရဲမက်တစ်ဦး လက်ထဲမှ လှံရှည်ကို လုယူလိုက်လေသည်။

“ရဲမက်တို့လာကြ. . . သခင်မအသက်ကို ကာကွယ်ကြစို့၊ ရန်သူကို ရင်ဆိုင်ကြစို့”

စက္ကသည် အသံနက်ကြီးဖြင့် အော်ဟစ်ရင်း ကြေးတိုက်အပြင်သို့ တစ်ဟုန်ထိုး ပြေးသွားလေသည်။ ဒီပါလည်း ကြေးတိုက်နံရံတွင် ချိတ်ဆွဲထားသည့် ဓားကိုဖြုတ်ယူ၍ စက္ကနောက်မှ ပြေးလိုက်သွားသည်။

သူတို့နောက်မှ. . . မိတနော်နှင့် ရဲမက်များ. . . ။

* * *

ကြက်သွေးရောင် ချပ်ဝတ်ဖြင့် မြင်းစီးရဲမက်များ ကြေးတိုက်တံခါးရှေ့ရောက်ချိန်တွင် စက္ကလက်မှ လှံရှည်သည် ရှေ့ဆုံးမှ မြင်းစီးရဲမက် တပ်မှူး၏

http://www.cherrythitsar.org



ရင်အုံသို့ အရှိန်ပြင်းစွာကျသည်။

ကြေးတိုက်ရှေ့တွင် ပြင်းထန်သော တိုက်ပွဲငယ်တစ်ခု ဖြစ်ပေါ်သွားသည်။

စက္ကသည် လှံရှည်နှင့် လှံတိုကို ကျွမ်းကျင်စွာ အသုံးပြုရင်း နှုတ်မှလည်း ရဲမက်များကို အော်ဟစ်အမိန့်ပေးနေသည်။ အစောင့်ရဲမက်များသည် မိမိတို့ စောင့်ကြပ်ခဲ့ရသည့် ရာဇဝတ်သား၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာနေကြသည်။

မြင်းစီးရဲမက်ငါးဦး မြင်းပေါ်မှ ကျကြသည်။

နိန္ဒသည် မြင်းဇက်ကို ကြိုးစားထိန်းရင်း အော်ဟစ်လိုက်လေသည်။

"မြင်းသည်ကျော်တို့. . . ဒီတိုက်ပွဲမှာ အချိန်မကုန်ကြနဲ့၊ နန်းဆောင်ကို သွားမယ်၊ လထွက်တော့မယ်၊ မီးရှို့ရမယ် မီးရှို့ရမယ်၊ ဘုရင်မင်းမြတ်က မီးတောက်ကို စောင့်နေလိမ့်မယ်"

နိန္ဒ၏ အော်သံကို ဒီပါကောင်းစွာကြားလိုက်သည်။ ပါဒနန်းတော်ကို မီးရှို့ကြတော့မည်ဟု ဒီပါနားလည်လိုက်သည်။ ဝေ့ရမ်းထိုးခုတ်နေသော ဓားရိုးကို ပို၍တင်းကြပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ အင်အားသာသော မြင်းစီးရဲမက်တို့ကို ခုခံတိုက်ခိုက်နေ၍ မရနိုင်တော့ဟု ဒီပါ တွေးလိုက်သည်။ ထို့ထက် နိန္ဒက 'မီးရှို့မယ်'ဟု အော်ဟစ်လိုက်ခြင်း. . .။

ဒီပါသည် တိုက်ခိုက်ခြင်းကို ရပ်လိုက်ပြီး. . . စိုးရိမ်တကြီး အော်ဟစ်လိုက်သည်။

"သူတို့ နန်းတော်ကို မီးရှို့တော့မယ်. . . ပါဒနိုင်ငံတော်ရဲ့ အရေးအကြီးဆုံး အရာတွေကို အရှုံးမခံနိုင်ဘူး. . . အာကာရဋ္ဌ မြေတိုက်ခန်းကို သွားကြစို့၊ မြေတိုက်ခန်း အပြာရောင် လှေတော်တံဆိပ်နဲ့ အလယ်က မြေတိုက်ခန်း အဖိုးတန်ဆုံး ရတနာတွေ. . . အရေးကြီးဆုံး ရတနာတွေ၊ စက္က. . . စက္က . . . မြေတိုက်ခန်းကိုလာ. . . "

နိန္ဒ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် အရောင်လက်သွားလေသည်။ ဒီပါ၏ အော်ဟစ်သံကို နားစွင့်မိပြန်သည်။

"မြေတိုက်ကိုသွားကြစို့. . . အဖိုးအတန်ဆုံး ရတနာတွေ၊ အရေးကြီးဆုံး လျှို့ဝှက်ချက်တွေ. . . ပါဒရဲ့ ရတနာတွေ"

နိန္ဒသည် ပင်တိုင်နန်းဆောင်ဘက်ဆီသို့ ဦးလှည့်ထားသော မြင်းဇက်

http://www.cherrythitsar.org



ကို အာကာရဋ္ဌခန်းမဘက်သို့ ပြောင်းလိုက်သည်။

"မြင်းသည်ကျော်တို့ ကျုပ်နောက်ကိုလိုက်ခဲ့ကြ၊ အာကာရဋ္ဌ. . . . မြေတိုက်ခန်းဆီ လိုက်ခဲ့ကြ"

သမိန်စက္ကဝတ်၏ လက်ရုံးဖြစ်နေသော နိန္ဒ၏ အမိန့်ကို မြင်းသည်ကျော်များ လိုက်နာကြလေသည်။ မြင်းများကို အာကာရဋ္ဌ ခန်းမဆီသို့ ဇက်ကုန်ဖွင့်လိုက်ကြသည်။ ဒီပါသည် ရူးသွပ်သွား သကဲ့သို့ စက္က၏လက်ကို ပြင်းထန်စွာ လှုပ်ရမ်းလိုက်သည်။ မိတနော်၏ ပခုံးကို သိမ့်သိမ့်ပါအောင် ဆွဲခါသည်။

"သူတို့. . . သူတို့. . . မြေတိုက်ခန်းကိုသွားပြီ၊ မီးရှို့ကြတော့မယ်၊ မီး. . . မီး. . . အဲဒီမှာ ပုံလွှာတွေ ပုရပိုက်တွေ၊ ဘယ်လိုလုပ်ကြမလဲ စက္က၊ ဘယ်လိုလုပ်ကြမလဲ၊ ပန်းချီကျော်ရဲ့ ပုံလွှာတွေ၊ ပြီးတော့. . . ပြီးတော့ ကျုပ်ရဲ့ လျှို့ဝှက်ချက်တွေ ကျုပ်ရဲ့ ပုံလွှာတွေ"

နိန္ဒနှင့် မြင်းသည်ကျော်တို့သည် အာကာရဋ္ဌဆီသို့ ဦးတည်၍ ဒုန်းဆိုင်းသွားကြပေပြီ။

ဒီပါသည် သူရူးသဖွယ် အသံကုန် အော်ဟစ်နေသည်။

"မြေတိုက်ခန်း. . . မြေတိုက်ခန်းထဲက လျှို့ဝှက်ချက်တွေ၊ ပုံလွှာတွေ"

စက္ကနှင့် အစောင့်ရဲမက်နှစ်ဦးတို့မှာ ဒီပါ၏ ပြင်းထန်သော တုန်လှုပ်ချောက်ချားမှုကို နားမလည်နိုင်အောင် ဖြစ်နေကြသည်။

"လိုက်. . . လိုက်ကြ၊ သူတို့နောက်ကိုလိုက်. . . သူတို့လက်ထဲ အပါမခံနဲ့"

စတင်လှုပ်ရှားလိုက်သူမှာ မိတနော်ဖြစ်သည်။ ကြေးတိုက်ခန်းမနှင့် ဆက်နေသော မြင်းဇောင်းဝင်း ခြံတံခါးကို ဖွင့်လိုက်သည်။ ဒဏ်ရာရထားသည့် မြင်းများသည် လန့်၍ဟီလိုက်ကြလေသည်။ ဟီသံများကြောင့် ဒီပါနှင့်စက္ကတို့ အသိပြန်ဝင်လာကြပြီး မြင်းများကို ဆွဲထုတ်လိုက်ကြသည်။ ရဲမက်နှစ်ဦးတို့လည်း မြင်းဇောင်းထဲသို့ ပြေးဝင်လာကြသည်။

ဒီပါ၊ စက္က၊ ရဲမက်နှစ်ဦးတို့ မြင်းကိုယ်စီ ရရှိသွားကြသည်။ မိတနော်ကို ဒီပါက မိမိမြင်းပေါ်သို့ ဆွဲတင်လိုက်သည်။ ဤအချိန်တွင် နိန္ဒနှင့် မြင်းသည်ကျော်တို့မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြပေပြီ။

ဇင်းမယ်တွင် ဒဏ်ရာရထားခဲ့သော မြင်းများ၏ အဟုန်မှာ နိန္ဒတို့၏ မြင်းကြီးများနှင့် မယှဉ်သာအောင် ဖြစ်နေသည်။ ဒဏ်ရာ၏ နာကျင်ခြင်း၊

ထိတ်လန့်ခြင်းများဖြင့် မြင်းများသည် ချိနဲ့စွာ ကဆုန်စိုင်းကြသည်။ ဒီပါ၊ စက္ကနှင့် ရဲမက်တို့ လမ်းတစ်ဝက်သို့ရောက်ချိန်၌ နိန္ဒသည် အာကာရဋ္ဌ ခန်းမ မြေတိုက်ခန်းမထဲသို့ ရောက်ရှိနေပြီဖြစ်သည်။

အပြာရောင် လှေတော်တံဆိပ် ရေးထိုးထားသည့် မြေတိုက်ခန်း သုံးခန်းကို အခန်းပေါင်း နှစ်ရာအနက်မှ လွယ်ကူစွာ တွေ့သွားသည်။ နိန္ဒ သည် အခန်းသုံးခန်းအနက်မှ အလယ်ခန်းတံခါးကို ခြေဖြင့်ကျောက်၍ ဖွင့် လိုက်သည်။ တံခါးသည် လဲပြိုသွားသည်။

"ပါဒရဲ့ အဖိုးအတန်ဆုံး ရတနာတွေထားတဲ့ မြေတိုက်ခန်းတဲ့လား၊ ဟား. . . ဟား. . . ဟား. . . နိန္ဒလာပြီဟေ့. . . ငါ လာပြီဟေ့. . . "

နိန္ဒသည် တပ်မက်မှုများ ပြည့်လျှံနေသော အရောင်တဝင်းဝင်း မျက်လုံးများဖြင့် မြေတိုက်ခန်းထဲသို့ ကြည့်လိုက်လေသည်။

"ထွီ. . . "

မြေတိုက်ခန်းမထဲမှ အရာများကို တွေ့လိုက်ရသော နိန္ဒသည် စက်ဆုပ်ဟန်ဖြင့် တံတွေးထွေးလိုက်သည်။ မြေတိုက်ခန်းထဲတွင် မျှော်လင့်ထား သည့် အဖိုးတန် ရတနာများကို အရိပ်အယောင်မျှ မတွေ့ရ။ အခန်းထောင့် များ၊ နံရံများတွင် အထပ်ထပ်ပုံထားသည့် ပန်းချီကားပုံလွှာများကိုသာ တွေ့ရ သည်။ အာကာရဋ္ဌခန်းမထဲတွင် ချိတ်ဆွဲခဲ့သည့် ပုံလွှာများ. . .။

နိန္ဒသည် ပုံလွှာများကို ဒေါသတကြီး ဆွဲဖယ်လွှင့်ပစ်သည်။ တစ်နေရာ တွင် ရတနာများကို တွေ့ရှိနိုင်မည်လားဟုလည်း မျှော်လင့်နေမိသေးသည်။ သို့သော် ပုံလွှာများကို တစ်ခုပြီး တစ်ခု ဖယ်ရှားပစ်သော်လည်း ရတနာကျောက် မျက်ရွဲကို မတွေ့ရ။

သို့သော်. . .

တစ်ခုသော ထောင့်တစ်နေရာမှ ဆေးရောင်လတ်ဆတ်နေသော ပုံလွှာ ထပ်များကို တွေ့လိုက်ရသည်။ နိန္ဒသည် ပုံလွှာများကို တစ်ခုစီ လျင်မြန်စွာ ထုတ်ကြည့်လိုက်သည်။ ပုံလွှာများကို တစ်ခုပြီးတစ်ခုကြည့်ရင်း နိန္ဒ မျက်လုံး များမှာ တစ်စထက်တစ်စ ပြူးကျယ်လာသည်။

ထို့ထက်. . .

ပုံလွှာထပ်၏ အောက်ဆုံးတွင် ငွေရောင်ပုဝါဖြူဖြင့် စည်းနှောင်ထား သည့် ပုရပိုက်ချပ် တစ်ထုပ်ကို တွေ့လိုက်ရသည်။ ပုရပိုက်ချပ်ကို ရွှေရေး

http://www.cherrythitsar.org



အပြည့် သုတ်လိမ်းထားသည်။ နိန္ဒသည် အပေါ်ဆုံးမှ ပုရပိုက်ချပ်ကို ဆွဲထုတ်လိုက်သည်။

ပထမအချပ်၊ ဒုတိယအချပ်၊ တတိယအချပ်. . . စတုတ္ထ. . . ပဥ္စမ။

နိန္ဒ၏ မျက်နှာတွင် သွေးရောင်တို့ဖြင့် နီမြန်းလာသည်။ သို့သော် ရုတ်ချည်း ဖြူလျော်ဖျော့တော့သွားသည်။ ချက်ချင်းပြန်၍ နီရဲလာပြန်သည်။ ပုရပိုက်ချပ်ကို ကိုင်ထားသည့် လက်တို့ ဆတ်ဆတ်တုန်ခါလာကြသည်။ ပုရပိုက်ချပ်များကိုဖတ်ရင်း ဒီပါ၏ ထိတ်လန့်တကြား အော်ဟစ်သံကို ကြားယောင်လာသည်။ ဒီပါ၏ ထိတ်လန့် တုန်လှုပ်မှုကိုလည်း နားလည်လာမိသည်။

"အရေးအကြီးဆုံး လျှို့ဝှက်ချက်တွေ. . . "

အာကာရဋ္ဌရှေ့မှ ဆူဆူညံညံ အသံများကို နိန္ဒကြားရသည်။

နိန္ဒသည် ပုရပိုက်များကို ပဝါဖြူနှင့် ပြန်လည်စည်းနှောင်လိုက်သည်။ ဤအချိန်တွင် မြေတိုက်ခန်းဝသို့ မြင်းသည်ကျော်ရဲမက်တစ်ဦး ရောက်လာသည်။ နိန္ဒသည် ပုရပိုက်ထုပ်ကို ကိုယ်ကြပ်အတွင်းသို့ ထိုးသွင်းရင်း သူဖယ်ရှားကြည့်ရှုခဲ့သော ပုံလွှာများကို လက်ညှိုးထိုးပြလိုက်သည်။

"ရဲမက်. . . အဲဒီ ပုံလွှာချပ်တွေကိုယူခဲ့ . . . ပင်တိုင်နန်းဆောင်ကို မီးမရှို့တော့ဘူး၊ ဒါတွေကို ဘုရင်မင်းမြတ်ဆီ အမြန်ဆုံး ပို့ပေးကြစို့. . . အစီအမံတွေ အားလုံးကို ကျုပ် ပြောင်းပစ်လိုက်ပြီ. . . မြန်မြန် သိပ်အရေးကြီးတယ်. . . "

*　　　*　　　*

နိန္ဒနှင့် ရဲမက်တို့ မြေတိုက်ခန်းမှ အပေါ်သို့ တက်လာပြီး အာကာရဋ္ဌ ခန်းမတံခါးဝသို့ ပြန်ရောက်ချိန်မှာပင် ဒီပါ၊ စက္ကနှင့် အစောင့်ရဲမက် နှစ်ဦးတို့သည် အာကာရဋ္ဌရှေ့သို့ ရောက်လာကြလေသည်။

အာကာရဋ္ဌရှေ့၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်ပြန်သည်။

မြင်းသည်ကျော်များသည် မြင်း၏ အစွမ်းကို အသုံးပြုလျက် အာကာရဋ္ဌရှေ့တွင် ပိတ်ဆို့ထားသူ လေးဦးကို ဖောက်ထွက်သည်။ သို့သော် စက္က၏ အော်ဟစ် အမိန့်ပေးသံအတိုင်း ဒီပါနှင့် အစောင့်ရဲမက်နှစ်ဦးသည် မြင်းပေါ်မှ လူထက် မြင်းကိုသာ ဦးတည်တိုက်ခိုက်သည်။ မြင်းများသည် နာကျင်စွာ အော်ဟစ်လျက် ရှေ့သို့ ပုံလျက်သား လဲကျသွားသည်။ မြင်းပေါ်မှ ရဲမက်တို့ မြေသို့ ကစင့်ကလျား ကျကြသည်။

http://www.cherrythitsar.org



နိန္ဒနှင့် ပုံလွှာချပ်များကို ယူလာသည့် ရဲမက်တို့ကား ရှေ့ဘက်မှ မြင်းများ၊ လူများ ရှုပ်ထွေးနေသဖြင့် ဖောက်ထွက်ရန် အခွင့်မသာနိုင်ကြ။ သို့သော် ဒီပါ၊ စက္ကနှင့် ရဲမက်နှစ်ဦးတို့ အင်အားမှာ မြင်းသည်ကျော်များ အင်အားထက် အဆပေါင်းများစွာ နည်းပါးနေလေသည်။ အကြပ်မှူး စက္က၏ ကျွမ်းကျင်မှုကြောင့်သာ မြင်းသည်ကျော်တို့ကို ဟန့်တားနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒီပါကို ဝိုင်းရံလျက် မြင်းလေးစီး၊ စက္ကကို ဝိုင်းရံလျက် မြင်းငါးစီး၊ ရဲမက်နှစ်ဦးကို ဝိုင်းရံလျက် မြင်းရှစ်စီး တိုက်ခိုက်ကြသည်။ စက္ကသော်မှပင် လှံရှည်ကို ဝှေ့ရမ်းလျက် အရှိန်ပြင်းစွာ ကျရောက်လာသော မြင်းခွာများကို ရှောင်တိမ်းနေရသည်။ ရဲမက်နှစ်ဦးမှာ မြင်းများ၏ ရှေ့ခွာဒဏ်ကြောင့် သွေးသံရဲရဲဖြစ်ပြီး ယိမ်းယိုင်နေကြသည်။

နိန္ဒသည် ကိုယ်ကြပ်အတွင်း ယူလာခဲ့သော ပုရပိုက်ထုပ်ကို ပို၍ တင်းကြပ်စွာ ထိုးထည့်ပြီး အာကာရဋ္ဌရှေ့မှ ထွက်ခွာရန် မြင်းဇက်ကို ပြင်လိုက်သည်။

သို့သော် မြင်းများအလယ်တွင် လှံရှည်ကို အဆက်မပြတ် ဝှေ့ရမ်းနေသည့် စက္ကထံမှ အော်သံပေါ်လာသည်။

"သခင်မ နှင်းဟေမာလာပြီ. . . သခင်မလာပြီ. . ."

စီးချင်းထိုးပွဲသို့သွားမည့် နှင်းဟေမာနှင့် ကိုယ်ရံတော်တပ်သည် အာကာရဋ္ဌဆီမှ အသံများကိုကြားရသဖြင့် ကြေးတိုက်ခန်းမရှေ့လမ်းမဆီမှ ချိုးကွေ့၍ ရောက်ရှိလာကြခြင်း ဖြစ်သည်။

တိုက်ပွဲအခြေအနေ ပြောင်းလဲသွားသည်။

သမိန်စက္ကဝတ်၏ မြင်းသည်ကျော်တို့သည် အရေးမသာတော့ပြီ ဖြစ်ကြောင်း သိသွားကြပြီး တိုက်ခိုက်ခြင်းကို စွန့်ပစ်လိုက်ကြသည်။ အလွတ်ရုန်းပြေးရန် မြင်းဇက်ကို ဖွင့်ကြသည်။ သို့သော် နှင်းဟေမာ၏ ကိုယ်ရံတော်ရဲမက်တို့ထံမှ လှံတံများသည် တည့်မတ်စွာ ပျံသန်းဝင်စွဲလာသည်။ ထုတ်ချင်းခတ်စွဲသော လှံတံဖြင့် မြင်းပေါ်မှ ဒလိမ့်ခေါက်ကွေး ကျလာကြလေသည်။

"ရဲမက်. . . လွတ်အောင်ပြေး. . . လွတ်အောင်ပြေး. . ."

နိန္ဒသည် ပုံလွှာချပ်များကို သယ်ယူလာသည့် ရဲမက်ကို အော်ပြောလိုက်သည်။ ပုံလွှာချပ်များကို ထိန်းကိုင်နေရသည့်အတွက် ထိုရဲမက်မှာ မြင်းဇက်ကို မမိပဲ ဖြစ်နေသည်။ မြင်းသည် ရှေ့သို့မပြေးဘဲ ဖရိုဖရဲဇက်ကြိုး

http://www.cherrythitsar.org



တွင် ထိတ်လန့်စွာ ဖြင့်နေရာမှာပင် လည်နေသည်။

ပုံလွှာချပ်များ ပွေ့ပိုက်ထားသည်ကို တွေ့လိုက်ရသောအခါ ဒီပါသည် နာကျည်းစွာဖြင့် သတိလက်လွတ် အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးဝင်သွားသည်။ မြင်းပေါ်မှ ရဲမက်ကို ဓားဖြင့် အချက်ပေါင်းများစွာ ခုတ်သည်။

မြင်းသည် ကစင့်ကလျား ထွက်ပြေးသွားပြီး ရဲမက်အောက်သို့ ကျသွားသည်။

ပုံလွှာချပ်များလည်း မြေပေါ်သို့ ကြဲပြန့်သွားလေသည်။

ဤအခြင်းအရာကို တွေ့လိုက်ရသော နိန္ဒသည် ထိတ်လန့်ခြင်းပြင်းစွာဖြင့် မြင်းကိုဇက်ကုန်ဖွင့်ရန် ပြင်လိုက်သည်။ သို့သော်. . .

အကြပ်မျိုးစက္ကဲ၌ လက်တွင်းမှ လှံရှည်သည် တစ်ဟုန်ထိုး ဝဲပျံလာပြီး နိန္ဒ၏ ကျောပြင်သို့ ထိုးစိုက်သွားလေသည်။ နိန္ဒ ငယ်သံပါအောင် အော်ဟစ်သည်။ သို့သော်မြင်းပေါ်မှ မကျ။ ခြေကွင်းတွင် ချိတ်ဆွဲတုပ်နှောင်မိနေသည်။ စက္ကသည် မြေပေါ်မှ လှံတစ်ချောင်းကို ကောက်ယူပြီး ပစ်လွှတ်ပြန်သည်။ ဒုတိယလှံရှည်သည် နိန္ဒ၏ ကျောပြင်သို့ စွဲဝင်ပြန်သည်။ ခြေကွင်းကြိုးထောင်းကနဲ ပြတ်သွားပြီး နိန္ဒ ပြုတ်ကျသွားသည်။

သို့သော် သွေးစိမ်းရှင်ရှင် ပွက်လျှံသောနှုတ်မှ အော်ဟစ်လိုက်သည်။ ကိုယ်ကြပ်အကျီတွင်းမှ ပုရပိုက်ကို ထုတ်ယူသည်။

“ဒါ. . . ဒါ. . . ကို. . . ဘုရင့်ဆီရောက်အောင်. . . ပို့. . . ”

မြင်းသည်ကျော်တစ်ဦးသည် ကျွမ်းကျင်စွာဖြင့် နိန္ဒ လက်ထဲမှ ပုရပိုက်ထုပ်ကို မြင်းပေါ်မှ လှမ်းယူရင်း မြင်းကို ဒုန်းစိုင်းသွားသည်။ လျှင်မြန်ကျွမ်းကျင်လှသဖြင့် ထိုမြင်းသည်ကျော်အား မည်သူမျှ မတားဆီးလိုက်နိုင်ကြ။

အဝေးဆီသို့ ရောက်သွားမှပင် ဓားတစ်စင်း ထိုသူ့နောက်မှ လိုက်သွားသည်။ ထိုသူ၏ ပခုံးပြင်ကို ဝင်စိုက်သည်။ သို့သော် မြင်းသည်ကျော်သည် ပခုံးမှ ဓားကိုမနှုတ်ဘဲ ဇက်ကုန် စိုင်းသွားလေသည်။

ထိုဓားမှာ တစ်ချိန်လုံး စောင့်ကြည့်နေသည့် နှင်းဟေမာထံမှ ဖြစ်သည်။

* * *

လဲကျသေဆုံးနေသော မြင်းများနှင့် ရဲမက်များကို ကျော်ဖြတ်ရင်း နှင်းဟေမာသည် တည်ငြိမ်အေးဆေးစွာဖြင့် အာကာရဋ္ဌရှေ့သို့ လျှောက်လာ

http://www.cherrythitsar.org



သည်။ စက္ကသည် မြေပြင်တွင် ဒူးထောက်၍ နှင်းဟေမာကို ကြည့်နေသည်။

အာကာရဋ္ဌခန်းမနံရံတွင် မှီရင်း မောပန်းနွမ်းနယ်စွာဖြင့် အသက်ပြင်းပြင်းရှူနေသော ဒီပါသည် တရွေ့ရွေ့ ချဉ်းကပ်လာသည့် နှင်းဟေမာကို မြင်သောအခါ ရှေ့သို့ ခုန်ထွက်လိုက်သည်။

ထို့နောက် မြေပေါ်တွင် ပြန့်ကြဲနေသော ပုံလွှာချပ်များဆီသို့ ပြေးသွားလေသည်။

"မကြည့်နဲ့. . . ပုံလွှာတွေကို မကြည့်နဲ့၊ ထွက်ပြေးသွားတဲ့ ရဲမက်နောက်ကိုသာလိုက်ကြ၊ သူ့ကို မလွတ်စေနဲ့. . . "

တစ်ချပ်စီပြန့်နေသော ပုံလွှာများကို ဒီပါသည်ကောက်ယူရင်း အော်ဟစ်နေသည်။

သို့သော် နှင်းဟေမာ၏ တင်းမာသော အမိန့်သံပေါ်လာသည်။

"ရဲမက်တစ်ယောက်လာစမ်း၊ အဲဒီ ရာဇဝတ်သားကို ချုပ်ထား . . . တစ်ယောက်က ပုံလွှာတွေကို အာကာရဋ္ဌနံရံမှာ တစ်ခုစီ ထောင်လိုက်စမ်း. . "

"မကြည့်ပါနဲ့. . . သခင်မ. . . မကြည့်ပါနဲ့၊ လွတ်သွားတဲ့ ရဲမက်နောက်ကိုသာလိုက်ပါ"

ရဲမက်၏ ချုပ်နှောင်မှုကို ရုန်းကန်အော်ဟစ်သော်လည်း တိုက်ပွဲကြောင့် အဆမတန် နွမ်းနယ်နေသော ဒီပါသည် မရုန်းသာတော့ချေ။ ရဲမက်တစ်ဦးက ပုံလွှာများကို တစ်ချပ်စီကောက်ယူလေသည်။ နိန္ဒလဲကျသေဆုံးနေသည့်နေရာတွင် နိန္ဒ၏ ကိုယ်အောက်၌ ပုံလွှာတစ်ခု ရောက်နေသည်။ နိန္ဒ၏ ခံတွင်းမှ ထွက်အံကျသော သွေးတို့ကြောင့် ပုံလွှာသည် အနီရောင် ဖြစ်နေသည်။ ရဲမက်သည် နိန္ဒ၏ ကိုယ်ကို ဆွဲဖယ်လိုက်သည်။ အနီရောင်လွှမ်းနေသော ပုံလွှာ၏ အမည်ကို သွေးရောင်အောက်တွင် တွေ့လိုက်ရသည်။

အမည်မှာ "ဇေရီ"။

နိန္ဒရေးဆွဲခဲ့သည့် ပုံလွှာပင် ဖြစ်သည်။

* * *

အာကာရဋ္ဌနံရံတွင် ထောင်ထားသော ပုံလွှာများရှေ့သို့ နှင်းဟေမာ ရပ်လိုက်သည်။

ပုံလွှာတစ်ခုချင်းကို ကြည့်သည်။

ဇေယျာဒီပတောင်စောင်းတွင် ပါဒတပ်ဖွဲ့များ ဆင်းသွားကြသည်ကို

http://www.cherrythitsar.org



ညဥ့်အမှောင်ဖြင့် ရေးခြယ်ထားသည့်ပုံလွှာ။

နှင်းမြူတို့ ရစ်သိုင်းနေသည့်အကြား၊ တောင်အောက်ရှိ ဇင်းမယ်တို့၏ တဲနန်းများမှ မီးရောင်များ လင်းလက်နေသည့် ပုံလွှာ။

ဇင်းမယ်စစ်သည်တို့၏ တဲနန်းများ မီးဟုန်းဟုန်း တောက်လောင်နေသည့်ပုံလွှာ။

နှင်းဟေမာ၏ နှုတ်ခမ်းပေါ်၌ အေးစက်သော အပြုံးပေါ်လာသည်။

"ရာဇဝတ်သားပြောတာ မှန်ပေတယ်၊ ဆေးဒန်းရယ်၊ ဟသ်ပဒါးရယ်၊ ဒုတ္တာရယ်၊ အရောင်သုံးခုကို အံ့မခန်းပေါင်းစပ်ရေးဆွဲထားတဲ့ လက်ရာပေပဲ . . . တဲနန်းတွေ မီးစွဲလောင်နေတဲ့ ဒီပုံလွှာကတော့ ၊ ဟသ်ပဒါးရောစပ်တဲ့ ပုဇွန်ဆီရောင်ဖော်စပ်နည်းနဲ့ တူတယ်၊ နှင်းမြူတွေဆိုင်းတဲ့ညဥ့်ရဲ့ နက်ပြာရောင်ကို ရအောင် ဒုတ္တာကို ဘာနဲ့ရောစပ်သလဲတော့ သခင်မ မသိနိုင်အောင် ဖြစ်နေတယ်၊ အင်း. . . ဒီပုံလွှာထဲက အော်ဟစ်နေတဲ့ ဇင်းမယ်စစ်သည်ရဲ့ မျက်နှာဟာ ထိတ်လန့်တဲ့ အသံကို ကြားရတော့မတတ် သက်ဝင်လှုပ်ရှားပေတယ်၊ ပြီးတော့. . . မီးတောက်တွေရဲ့ အပူဓာတ်ကိုရော၊ ဆောင်းနှင်းရဲ့ အအေးဓာတ်ကိုပါ ရရှိအောင် ရေးဆွဲနိုင်တာကို တွေ့ရတယ်၊ ရာဇဝတ်သား. . . သင်ဟာ တကယ့်ပညာရှင်ပဲ. . . "

"မကြည့်ပါနဲ့. . . မကြည့်ပါနဲ့. . . . "

ကိုယ်စိတ်နွမ်းနယ် ချောက်ချားမှုတို့ဖြင့် အော်ဟစ်နေဆဲဖြစ်သော ဒီပါ၏အသံသည် နှင်းဟေမာကို တားဆီးနိုင်လောက်အောင် အင်အား မရှိတော့ချေ။

"ရာဇဝတ်သား. . . သင့်ရဲ့ အံ့မခန်း အနုပညာဟာ သင့်ရာဇဝတ်ပြစ်ဒဏ်. . . "

နှင်းဟေမာ၏ စကားသည် ရပ်တန့်သွားသည်။

ပုံလွှာချပ်တစ်ခု ရှေ့သို့ နှင်းဟေမာရောက်သွားသည်။

ဒီပါသည် မကြည့်ဝံ့ မမြင်ရဲသည့်အလား မျက်လုံးများကို မှိတ်လိုက်သည်။

နှင်းဟေမာ၏ မျက်လုံးများကား အရောင်ဖျပ်ဖျပ် မြူးကွန့်မတတ်။

စိမ်းစိမ်းပါသော အကြည့်များသည် ပုံလွှာချပ်ပေါ်သို့. . .

ပုံလွှာ၏အမည်မှာ 'ကေရီ'။ ပုံလွှာကို မျက်နှာပြင်အပြည့် ရေးဆွဲမထား။

http://www.cherrythitsar.org



ဝဲဘက်ဘေးတစ်ဝက်ကိုသာ ရေးဆွဲထားသည်။ ဝဲဘက်ဘေးတစ်ဝက်တွင်. . .

ပါးလွှာသော အစိမ်းရောင်ကိုယ်ဝတ်လွှာအောက်မှ ဝါရွှေသော အသားရောင်ကိုအရအမိ ဖော်ယူထားသည်။ မို့မောက်သော ရင်အစုံတို့၏ တင်းပြည့်မှုကြောင့် ဝတ်လွှာစသည် လှပစွာ အရေးအကြောင်းများ ထင်နေသည်။ ပခုံးထက်တွင်ကား ခရမ်းပြာရောင်ပုဝါကို ပျောင်းနွဲ့စွာ တင်ထားသည်။ လုံးဝန်းသော ပခုံးစွန်း တစ်ဖက်ပေါ်သို့ မီးရောင် ဖြာကျနေသည်။ လည်တိုင်အထက်ရှိ မျက်နှာပြင်ကိုမူ. . .

ထူးဆန်းသော အလှတရားများဖြင့် ပါဝင်ပေါင်းစပ် ဖွဲ့စည်းထားသည်။

ရှန်းလဲ့သော မျက်ဝန်းများပေါ်တွင် အစိမ်းရောင်ဖြင့် ထိန်းသိမ်းပေးထားသည်။ မျက်ဆံ၏ ညိုဝါရောင်တွင် စူးရှသည့် အလင်းရောင်တစ်ခုပေါ်နေသည်။ မျက်လုံးအစုံအကြားမှ နှာတံအရင်းနေရာတွင် အပူဓာတ်ကို ကိုယ်စားပြုသည့် အနီစတစ်စကို ခပ်ပြေပြေ သုတ်ခြယ်ထားသည်။ နက်မှောင်သည့် မျက်ခုံးစွန်းတို့၏ အပြင်ဖက်နှစ်ဖက်သည် ပျောင်းနွဲ့စွာ ကော့ပျံနေသော်လည်း အတွင်းဖက်နှစ်ဖက်တို့၏ အကွာအဝေး တည်နေပုံနှင့် အစသတ်ပုံတို့မှာ မာကြောမှုကို ဆောင်ထားသည်။

ပုံလွှာ၏ လစ်လပ်သော ယာဘက်တစ်ဝက်ခြမ်းတွင်မူကား ဝိုင်းစက်သော စာလုံးများ. . .။

"ချစ်သူ. . ."

လွင့်ပျံနေသော တိမ်တို့၏ အရောင်စုံကိုလည်းကောင်း၊ လှုပ်ခါနေသော ပန်းတို့၏ အသွေးစုံကိုလည်းကောင်း ယိမ်းနွဲ့နေသော သစ်ရွက်တို့၏ အဆင်းစုံတို့ကိုလည်းကောင်း၊ ငါသည် ငါ၏ ပန်းချီကားချပ်ပေါ်သို့ တိကျပြတ်သားစွာ ပို့ဆောင်ခြယ်သနိုင်စွမ်း ရှိပါ၏။

ကျောက်အင်တုံ အတွင်းဝယ် ငါသည် ကမ္ဘာလောက၏ အရောင်အားလုံးကို ရောစပ် ဖန်တီးနိုင်၏။ ပန်းချီကားချပ်ပေါ်ဝယ် ငါသည် ကမ္ဘာလောက၏ အဖြောင့်အတန်း၊ အလင်းအမှောင်၊ အနီးအဝေး၊ အထုအထည် အချိုးအကွေ့၊ အတွန့်အကောက် အားလုံးကို တစ်မုဟုတ်ချင်း ကူးယူဖန်ဆင်းနိုင်၏။

ဆေးတို့ထားသော စုတ်တံကို ဖွဖွရွရွ ကိုင်ထားသော ငါ၏ လက်ချောင်းတို့သည် ကြုံလှီဖျော့တော့ နေကြသော်လည်း ထိုလက်ချောင်းများဖြင့်ပင် လောက

http://www.cherrythitsar.org



တစ်ခုလုံးအား ငါ ဆုပ်တွယ်နိုင်ပါ၏။

လောက၏ အလှအပ အလုံးစုံသည် ငါ့စုတ်တံ၊ ငါဆေးစပ်အင်တုံ၊ ငါ့ပန်းချီကားချပ်၌ ဦးညွှတ်ပျပ်ဝပ်ကြရ၏။

အို. . . ချစ်သူ၊ သို့ပါသော်လည်း. . .

သင်၏ နှုတ်ခမ်းတစ်လွှာမှ၊ သင်၏ မျက်တောင်တစ်ကော့မှ၊ သင်၏ ဆံတစ်ပင်မှ၊ သင်၏ ရင်ဝတ်တန်ဆာ တစ်ချည်မျှင်မှ၊ သင်၏ လက်ချောင်း တစ်ချောင်းမှ၊ သင်၏ နဖူးပြင်တစ်စမှ၊ သေးငယ်သော အလှအပ တစ်ခုခုကို သော်မှပင်. . . ငါ့ ပန်းချီကားချပ်ပေါ် ရေးခြယ်ရန် ငါ မတတ်နိုင်ပါတကား။

* * *

ပုံလွှာချပ်ကိုကြည့်နေသော နှင်းဟေမာ၏ နှုတ်ခမ်းလွှာတို့ ဆတ်ဆတ် တုန်လာသည်။ ပန်းနုသွေး မျက်နှာတစ်ပြင်လုံး ဖုံးအုပ်သွားသည်။

ပုံလွှာချပ်မှ မျက်နှာကို လွှဲဖယ်လိုက်သော်လည်း ကပ်လျက်ထောင် ထားသည့် အခြားပုံလွှာ ကားချပ်ပေါ်သို့ အကြည့်များ ရောက်ရှိသွားပြန်သည်။

“ပါဒဧကရီ”ဟု အမည်ရေးထိုးထားသည်။

ပထမပုံလွှာ အတိုင်းပင် ရုပ်ပုံကို ဝဲဘက်တစ်ခြမ်းတွင်သာ ရေးဆွဲထား သည်။

ဘေးစောင်းမှမြင်ရသော အနေအထားဖြစ်သည်။ ‘ပါဒဧကရီ’သည် ချပ်ဝတ်တန်ဆာကို ဆင်မြန်းထားသည်။ လက်ထဲတွင်မူ မည်သည့်လက်နက်ကိုမှ ကိုင်စွဲမထား။ ပြည့်ဖြိုးသွယ်လျသော လက်ချောင်းများကို ပကတိအတိုင်း ဖြန့် ထားသည်။ လက်ခလယ်နှင့် လက်သူကြွယ်တို့ ပူးကပ်နေပုံမှာ ပန်းဖူးတစ်ခု၏ အငုံချပ်များ လှပစွာ ထပ်နေသကဲ့သို့ ဖြစ်သည်။ ပြေပြစ်သော တောင်ကုန်း ဆင်ခြေလျှောကဲ့သို့ ဖြာကျလာသည့် လက်ကောက်ဝတ်နှင့် လက်ဖမိုးပြင်ကို ဝါရွှေသော အလင်းဖြင့် ဖော်ထားသည်။

“ပါဒဧကရီ”သည် ကတ္တီပါနက်သို့ ဖိတ်ဖိတ်မှောင်သော ဆံနွယ်တို့ကို ဖားလျားချထားသည်။ ချပ်ဝတ်ပေါ်သို့ ဆံနွယ်များ ဖြတ်သန်းနေပုံမှာ ကြံ့ခိုင် သော တောင်တန်းများအကြား မြစ်များ တွန့်လိမ် စီးဆင်းနေသည့်နှယ် ဖြစ် သည်။ ဘေးစောင်းမြင်ရသော နှာတံ၏ ဖြောင့်စင်းခြင်း၊ နှာသီးဖျား၏ လုံးဝန်း ခြင်းတို့သည် ပုံလွှာထဲရှိ တင့်တယ်ခြင်းတို့၏ ဗဟိုဖြစ်နေသည်။

နှင်းဟေမာသည် ပုံလွှာချပ်၏ ယာဘက်တစ်ဝက်ခြမ်းရှိ စာလုံးများကို

http://www.cherrythitsar.org



အဆောတလျင် ဖတ်လိုက်မိပြန်သည်။

"ချစ်သူ. . . "

ငါ၏ ညှို့ကြိုးမှ လွတ်အပ်သော မြားသည် လေကိုဖောက်ခွဲလျက် တူရူအရပ်သို့ တည့်တည့်မတ်မတ် ပျံသန်း၏။ မြား၏ ချွန်မြသောအသွား၌ ပြင်းထန်သော အဆိပ်ရည်တို့ လိမ်းကပ်လျက်၊ ကော့ပျံသော အမြီးဖျား၌ နုညက်သော ငှက်ခါးမွေးတို့ စီသွယ်လျက်. . .

ပိတုံးတောင်ပံခတ်သံသို့သော အသံကို စွဲမြည်စေလျက် လေကို ဖောက်ခွဲပျံသန်းသော မြားသည် ချစ်သူ၏ အသည်းနှလုံး၌ တည့်မတ်စွာ စူးနစ်စိုက်ဝင်သည်။

သို့တစေ. . .

မြားသွားမှ ပြင်းထန်သော အဆိပ်ရည်တို့သည် ချစ်သူအား စိုးစဉ်းမျှ မထိခိုက်ပါ။ မြားသွားသည် သင်၏ အသည်းနှလုံး၌ စူးစိုက်နစ်ဝင်သည်ဆိုခြင်း ကိုသော်မှ ချစ်သူ သိအံ့မထင်ပါတကား။

အို. . . ချစ်သူ

သင့်အား အဆိပ်ရည်တို့ ပျံ့နှံ့စေချင်၏။ ဦးထိပ်ဆံဖျားမှသည် ခြေဆုံး ထိပ်ဖျားသို့တိ အဆိပ်ရည်တို့ ကူးပျံ့ဖြန့်ကျက်စေချင်၏။ ငါ၏ မြားတံကြောင့် သင်၌ ပြင်းစွာတုန်လှုပ်ချောက်ချားခြင်း ဖြစ်သည်ကို ငါအလိုရှိ၏။

သို့သော်. . .

သင်ကား. . . ငါ၏ မြားတံကို ပီဘိ လျစ်လျူရှုနိုင် အားပေ၏။ ငါ၏ မြားတံသည် သင့်အား စဉ်းငယ်မျှပင် မတုန်လှုပ်စေပြီလော။ သင်ကား မတုန်လှုပ်. . . တုန်လှုပ်ရသူကား ငါကိုယ်တိုင် ဖြစ်ချေပြီ. . . . ။

ငါ၏ အသည်းနှလုံးကို ထုခွဲဖြတ်တောက်၍ ပြုလုပ်စီမံထားအပ်သော လေးကိုင်း၊ လေးညှို့၊ မြားတံ၊ အဆိပ်ရည်တို့သည် သင့်အား မထိခိုက်ဟု သိရသောအခိုက်၌ ငါသည်ပင် တုန်လှုပ်ခဲ့ရချေပြီ။

အို. . . ချစ်သူ

နောက်ထပ် မြားတစ်စင်းကို ငါ ထပ်မံပြင်ဆင်အံ့။

*    *    *

ပန်းနုသွေးဖြင့် ပြည့်လျှမ်းနေသော နှင်းဟေမာ၏ မျက်နှာပြင်သည် နှင်းဆီနီအဖြစ် ကူးပြောင်းသွားသည်။ မျက်တောင်မခတ်သော မျက်ဝန်းများမှ

http://www.cherrythitsar.org



ကုန်။ အခြင်းအရာကား ဤသို့တည်း။

တိဿဘောဂသေန မင်းညီနောင် သုံးပါးတို့၊ ကရဏ္ဍာရှင်ရသေ့ ညွှန်ပြသော သီဟဒီပကျွန်းကို ခုတ်ထွင်ရှင်းလင်း၍ မြို့တည်ခဲ့သည်မှအစ တိဿဘောဂသေနဘုရင်သည် ပါဒနိုင်ငံတော်ကြီး၏ လက်မွန်မဆွ ဘုရင်မင်းတြားကြီးအဖြစ် စိုးစံခဲ့ခြင်း ဖြစ်ပေတည်း။

ပင်လယ် မြစ် ချောင်း၊ အင်း၊ အိုင် စသော ရေကောင်းတို့ဖြင့် လည်းကောင်း၊ ကိုင်း၊ ကျွန်း၊ ယာ၊ တော စသော မြေကောင်းတို့ဖြင့် လည်းကောင်း၊ ကြွယ်ဝခဲ့ပေသော ပါဒနိုင်ငံတော်ကြီးသည် မင်းတရားကြီး တိဿဘောဂသေန လက်ထက်တော်မှ အစပြု၍ ဝဖြိုးစည်ပင်ခဲ့ပေ၏။

တိဿဘောဂသေန မင်းတြားကြီးကို ဆက်ခံအပ်သော ဘိုးတော်မင်းတရား တိဿနရသေန ဘုရင်လက်ထက်တွင်လည်း ပါဒနိုင်ငံတော်အလုံး ဝဖြိုးစည်ပင်ခဲ့လေ၏။

သို့သော်လည်း တိဿနရသေန ဘုရင်လက်ထက်တွင် ညီတော်ငယ် နရသီဟ ပုန်စားပြီး တစ်ထီးတစ်နန်း ခြားနားခဲ့၏။ တိဿနရသေနမင်းကြီး၏ သားတော်မြစောနောင် နန်းတက်ပြီးသောအခါ ပုန်စားသူ နရသီဟအား လုပ်ကြံကွပ်မျက်နိုင်ခဲ့ပေ၏။

မြစောနောင်မင်းကြီး၏ နန်းစံဆယ်နှစ်တွင် သားတော် ဟံသာသေန မင်း ပုန်စားပြီး၊ ခမည်းတော် မြစောနောင်မင်းကြီးအား ရေတွင် ဖျောက်ခဲ့ပေ၏။

မြစောနောင်မင်းကြီးကား ကျွန်ုပ် ရာဇာစောနောင်၏ ခမည်းတော်၊ ဟံသာသေနမင်းကြီးကား ကျွန်ုပ် ရာဇာစောနောင်၏ နောင်တော်ဖြစ်သတည်း။

ခမည်းတော်အား ရေမှာဖျောက်ခဲ့ပြီး နန်းစံသော နောင်တော်ဟံသာသေနဘုရင်ကို ကျွန်ုပ် ရာဇာစောနောင်က နန်းစံတစ်ဆယ့်နှစ်နှစ်တွင် ကွပ်မျက်၍၊ ပါဒထီးနန်း၏ ရာဇပလ္လင်သို့ ကျွန်ုပ် ရာဇာစောနောင် သက်ရောက်စံမြန်းခဲ့ပေ၏။ ကျွန်ုပ်သည် ခမည်းတော်ကို လုပ်ကြံသော နောင်တော်အား ပြန်လည်လုပ်ကြံပြီး ထီးနန်းရခဲ့စေကာမူ၊ ကျွန်ုပ် ကိုယ်တိုင်သည်လည်း နောင်တော်အား လုပ်ကြံသူ စင်စစ်ဖြစ်ခဲ့ဘိ၏။

အစဉ်အဆက် ဘိုးတော် ဘီတော်များ လက်ထက်တော်မှ အရေးအရာများကို ကျွန်ုပ်မသိ၊ ကျွန်ုပ်လက်ထက်တော်တွင်ကား မဇ္ဈိမဒေသမှ သာသနာ

http://www.cherrythitsar.org



အခိုးအလျှံများ ဖိတ်ကျလာမတတ် ရှိသည်။ တိကျသော နှုတ်ခမ်းလွှာတို့ တင်းတင်းစေ့ သွားသည်။ ချောမွတ်ဝါရွှေသော နှာသီးဖျားများလည်း နီမြန်း လာကြသည်။ ပြင်းထန်သော အသက်ရှူသံနှင့်အတူ ချပ်ဝတ်အောက်မှ ရင်ညွှန့်သည် ဝဲပျံသော ငှက်၏ အတောင်စုံသဖွယ် ဖြစ်လာသည်။

သို့သော် ကပ်လျက်ထောင်ထားသည့် နောက်ထပ်ပုံလွှာပေါ်သို့ ဖမ်းစားညှို့ငင်ခြင်း ခံလိုက်ရသလို အကြည့်များ ရောက်သွားပြန်သည်။ ထို ပုံလွှာ၏ အမည်ကား "ချစ်သောပါဒဇကေရီ"

ပထမပုံလွှာနှင့် ဒုတိယပုံလွှာများကဲ့သို့ပင် ပုံလွှာချပ်၏ ဝဲဘက် တစ်ခြမ်းတွင်သာ ရေးဆွဲထားသည်။

နှင်းဟေမာသည် ပုံလွှာကိုကြည့်လိုက်မိပြီး တစ်ပြိုင်ထဲမှာပင် ချောက်ချား တုန်ယင်စွာဖြင့် မျက်လုံးအစုံကို ပိတ်ပစ်လိုက်သည်။

သို့သော် တင်းကြပ်စွာ ပိတ်ထားရင်းမှာပင် ပုံလွှာချပ်ပေါ်မှ မြင်ကွင်း သည် စက္ခုပဟဒယသို့ ပြတ်ပြတ်ထင်ထင် ဝင်ရောက်ကပ်ငြိ ပါလာသည်။

ဆံနွယ်တို့ကို ဖရိုဖရဲဖြန့်ချလျက်. . . .

နီဝါရောင် ကမ္ဗလာဖုံထက်ပေါ်တွင် လှဲလျောင်းလျက်. . .

ပါးလွှာသော ပဝါမြိတ်စတို့သည်လည်း ခန္ဓာကိုယ်ထက်တွင် ကပိုကရို ဝဲလွင့်လျက်. . .

မျက်လုံးအစုံကို မှေးမှိတ်ထားသည်။ နှုတ်ခမ်းလွှာကို ဖွင့်ထားသည်။ မျက်ခုံးနှစ်ဖက်ကို ဝင့်ပျံထားသည်။

"ချစ်သော ပါဒဇကေရီ"

စူးစူးရဲရဲ လန်းဆန်းသောအလှ။

သို့သော် ဒိုးလျှို ထွင်းဖောက်လုမတတ် ပါးလွှာသော ပဝါမြိတ်စ အချို့ မှလွဲ၍ ခန္ဓာကိုယ်ပေါ်တွင် အခြားဝတ်စားတန်ဆာမရှိ။

* * *

နှင်းဟေမာသည် မျက်လုံးများကို ပြန်မဖွင့်မိ။ ဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကို ဖိကိုက်ထားသည်။ သွေးစ အနည်းငယ် စို့လာသည်။ အကယ်၍ သာ မျက်လုံးများကို ပြန်ဖွင့်ပြီး ပုံလွှာချပ်၏ ယာဘက်တစ်ဝက်ခြမ်းမှ စာလုံး များကို ဖတ်မည်ဆိုပါက. . .

"ချစ်သူ. . . "

http://www.cherrythitsar.org



သင့်ကိုမှ ချစ်မြတ်နိုးမိလေသည့် ငါ၏ နှလုံးသည်းပွတ်တို့ကို ငါ ကိုယ်တိုင်ပင် တုန်လှုပ်မိပါပြီ။

ဤနှလုံးသည်းပွတ်တို့ကို ငါ့ရင်တွင်း၌ ထားသိုရန် ငါကြောက်ရွံ့မိပါ ပြီ။ ဤသို့သော နှလုံးသည်းပွတ်ကို ငါ့ရင်တွင်း၌ မထားသိုရဲတော့ပါ။

သို့အတွက်. . .

ငါ၏ အသည်းနှလုံးအား ထုတ်ယူလျက် စကြဝဠာတံတိုင်းသို့ ငါ ကိုယ်တိုင်ပင် ပစ်လွှင့်ဖောက်ခွဲလိုက်၏။ တစ်ခဲနက်သော အသံဖြင့် ငါ့ အသည်းနှလုံးသည် အစိတ်အမွှာ အပိုင်းအစ ကြေပြန့်စင်ပြီ။

သို့သော်. . .

အစိတ်စိတ် အမွှာမွှာသော အသည်းနှလုံး၏ အပိုင်းအစသည် တစ်မုဟုတ်ချင်းပင် တစုတဝေးတည်း ပြန်လည်ပေါင်းဆုံ၍ တစ်ခုသော နေရာသို့ သက်ရောက်ကိန်းဝပ်နေ၏။

အို. . . အသည်းနှလုံး. . .

အဘယ်နေရာသို့ ကိန်းဝပ်လေသနည်း။

ချစ်သူ. . .

ယင်းနေရာကား. . . သင်၏ ခြေဖမိုးအစုံရှေ့မှောက်တွင် ဖြစ်ပြန်ချေ သည်တကား. . .။

"နှင်းဟေမာ. . . နှင်းဟေမာ. . . မကြည့်ပါနဲ့. . . လို့. . . ကျုပ် အကြောက်အကန် တားမြစ်တဲ့အထဲက မင်းကြည့်တယ်. . . မင်းတွေ့ရပြီ မဟုတ်လားဟင်. . . ပုံလွှာတွေကို မင်းတွေ့ရပြီ မဟုတ်လား. . . ဇကေရီ. . . ပါဒဇကေရီ. . . ချစ်သောပါဒဇကေရီ. . . ဆိုတဲ့ ပုံလွှာသုံးခုလေ. . . အို. . . ပုံလွှာထဲက ရုပ်ပုံတွေသာမက ယာဘက်က စာတွေကိုပါ မင်း ဖတ်လိုက်ရပြီ မဟုတ်လား. . . နှင်းဟေမာ. . . "

"ပါဒပင်တိုင်စံဆိုတဲ့ နှင်းဟေမာရယ်. . . ကျုပ်ရင်ထဲမှာ အရာပေါင်း များစွာ မျိုသိပ်ခဲ့တယ်. . . ဒီလောကမှာ ဘယ်လိုမှ ဖွင့်ဟလို့မဖြစ်တဲ့ အရာ တွေ၊ ဒါပေမယ့် မင်းက ကျုပ်ရဲ့ ရင်ကို ဖျက်ဆီးဖွင့်ထုတ်လိုက်ပြီ. . . အဲဒီ အရာတွေထဲမှာ မင်းကို ချစ်မြတ်နိုးတဲ့ ကျုပ်ရဲ့ အချစ်ဟာ အကြီးမားဆုံး အရာ၊ ဒါပေမယ့် ကျုပ်ရဲ့အချစ်ကို မင်း အပါအဝင် ဘယ်သူ့ကိုမှ ထုတ်ဖော် ပြသလို့မရတဲ့ အတားအဆီးပေါင်းများစွာ ရှိနေတယ်. . . ဒါတွေ. . . မင်း မသိ

http://www.cherrythitsar.org



ဘူး၊ နှင်းဟေမာ၊ မင်းမသိဘူး. . . ပါဒနိုင်ငံတော်မှာ အရှုပ်အထွေးဆုံး ဖြစ်ရပ်တွေ ရှိနေတာကိုလဲ မင်းမသိဘူး. . . ကျုပ်အချစ်ကို ဖွင့်ဟဖို့ ဘယ်တုန်းကမှ ကျုပ်မကြိုးစားခဲ့ဘူး. . . မင်းက ပါဒဧကရီကိုး. . . နှင်းဟေမာ. . .

"ရာဇမာန်၊ အလှမာန်တွေနဲ့ မင်းဟာ ကျုပ် အချစ်ကို လက်ခံဖို့ မဆိုထားနဲ့၊ ခါးခါးသီးသီး မုန်းတီးမယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ်အချစ်ကို ဖွင့်ဟလို့ရနိုင်တဲ့ အခြေအနေ တစ်ရပ်တည်းသာ ရှိတယ် နှင်းဟေမာ၊ ဒါပေမယ့် အဲဒီ အခြေအနေ တစ်ရပ်ဟာလဲ မင်းရဲ့ ခမ်းနားမြင့်မြတ်တဲ့ ဘဝကို ဖျက်ဆီးမယ့် အခြေအနေ ဖြစ်နေတယ်၊ ကျုပ်ချစ်တဲ့ မင်းကို ခမ်းနားမြင့်မြတ်စွာပဲ စံနေစေချင်တယ်၊ မင်းရဲ့ မုန်းတီးမှု၊ လျစ်လျူရှုမှု၊ အို. . . သတ်ဖြတ်မှုကို တောင်မှ ကျုပ် ခံယူနိုင်တယ်၊ မင်းရဲ့ ဧကရီ နှလုံးသားကို မထိပါးစေချင်ဘူး။

"ဒါပေမယ့် အခုတော့ အားလုံးမှားကုန်ကြပြီ နှင်းဟေမာ၊ အားလုံး လွန်ကုန်ကြပြီ. . . ပုံလွှာတွေထဲမှာ ကျုပ်ရဲ့ အနုပညာနဲ့ ကျုပ်ရဲ့ ချစ်ခြင်းမေတ္တာနှစ်ခုကို ထည့်သွင်းမြှုပ်နှံထားတာ မင်းတွေ့မှာပေါ့ နှင်းဟေမာ၊ ချစ်သော ပါဒဧကရီထံက ပါးလွှာတဲ့ ပဝါမြိတ်စနဲ့ ပုံကိုတော့ အနုပညာဝိညာဉ်နဲ့ မင်း ခံစားနားလည်မှာပါ နှင်းဟေမာ၊ အို. . . မင်းဟာ ပုံလွှာထဲက ရုပ်ပုံထက် ပုံလွှာထဲက စာလုံးတွေကို ပိုပြီး ခံစားထိခိုက်မှာပါ။

"အချစ်ရယ်. . . ကမ္ဘာလောကမှာ ကျုပ်မဖြစ်စေချင်ဆုံး အရာဟာ ဖြစ်သွားပြီ၊ ကျုပ်အချစ်ကို ဖွင့်ဟလိုက်ရပြီ၊ နောက်ထပ် မကြာခင် အချိန်မှာပဲ နောက်ထပ် တစ်စုံတစ်ခုဟာ ပွင့်ဟလာတော့မယ်၊ ဟောဟိုမှာ လဲကျသေဆုံးနေတဲ့ နိန္ဒဆီက ပုရပိုက်ထုပ်ကို ယူသွားတဲ့ ရဲမက်နောက်ကို လိုက်ပါလို့ ကျုပ်ကအော်တော့ မင်းက ဧကရီရဲ့ အမိန့်နဲ့ ကျုပ်ကို ချုပ်နှောင်တယ်။

"အချစ်ရယ်. . . မင်းမှားလိုက်တာ၊ နှင်းဟေမာရယ်. . . ရာဇမာန်တွေ အလှမာန်တွေ၊ အမုန်းမာန်တွေ၊ မင်း ပြင်းထန်လိုက်တာပါလား၊ ကျုပ် ချစ်မြတ်နိုးတဲ့ မင်းကို ကျုပ်မကယ်နိုင်တော့ဘူး၊ နှင်းဟေမာရယ်၊ သံသရာအတွက် ဒီဘဝမှာပဲ ကျုပ်တို့ရဲ့ အနိဋ္ဌာရုံတွေ အဆုံးသတ်ကြပါစို့၊ အချစ်ရယ်. . . ကျုပ်ကို ခွင့်လွှတ်လိုက်ပါတော့၊ မင်းမှားလိုက်တာ နှင်းဟေမာရယ်. . . မင်း. . . မှားလိုက်တာ. . . "

ကြေကွဲဆို့နစ်သော အသံဖြစ်သည်။

ကြီးစွာ ထိတ်လန့်နေကြသဖြင့် ဒီပါ၏ စကားကို မည်သူမျှ တားဆီးရန်

http://www.cherrythitsar.org



သတိမရကြ။ ပြားပြားဝပ် ကြောက်ခဲ့ကြရသော ပါဒသခင် နှင်းဟေမာအား ရာဇဝတ်သားဖြစ်နေသူ ပန်းချီကျော်က 'မင်း' 'ကျုပ်'ဟု တနင့်တပိုး သုံးစွဲခေါ် ဝေါ်နေခြင်းအတွက် အားလုံး တုန်လှုပ်သွားကြသည်။

နှင်းဟေမာကိုယ်တိုင်ပင် ဒီပါ၏ ရှည်လျားသော စကားတို့ကို နားစိုက် ရင်း ဆို့နစ်သော အသံ၌ နစ်မြောသွားခဲ့သည်။

သို့သော် နှင်းဟေမာသည် အတင်းမာ အခက်ထန်ဆုံး ပြုံးလိုက်လေ သည်။

"ရဲမက်များ. . . ရူးသွပ်သွားတဲ့ ရာဇဝတ်သားကို စီရင်ဖို့ အမိန့်ပေးရ မယ်ဆိုရင် သခင်မနှုတ်တွေ မစင်မကြယ် ဖြစ်တော့မယ်၊ သူဟာ ရူးသွားရှာ ပြီ. . . ဒင်းကို လွှတ်လိုက်ကြတော့ ရသေ့ဂူလွင်ပြင်ကို သွားကြစို့"

အာကာရဋ္ဌရှေ့မှ နှင်းဟေမာနှင့် ကိုယ်ရံတော်ရဲမက်များ ထွက်ခွာသွား ကြသည်။

သွေးညှီနံ့သင်းသော အာကာရဋ္ဌ ရှေ့မျောက်မြေပြင်ဝယ် ဒီပါနှင့် စက္က နှစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ စက္ကသည် မြေပြင်၌ ဒူးထောက်ပြီး ခေါင်းငိုက် စိုက်ချထားသော ဒီပါကို နှစ်သိမ့်ရန် ပခုံးဆီသို့ လက်ရွယ်လိုက်သည်။

သို့သော် အခြားလက်တစ်ခုက ဒီပါ၏ ပခုံးကို ဖက်တွယ်ဆုပ်ကိုင် ထားပြီးဖြစ်သည်။

အာကာရဋ္ဌခန်းမထဲမှ ထွက်လာသော မိတနော်၏ လက်ဖြစ်သည်။

ချော့မော့ယုယပေးသော မိတနော်၏ မျက်နှာပြင်တွင်လည်း မျက်ရည် များဖြင့်။

*　　　*　　　*

သမိန်စက္ကဝတ်သည် ပါဒနန်းတော်ဆီမှ မီးတောက်မီးလျှံများကို စောင့် ကြည့်နေခဲ့သည်။ လထွက်လာသည့်အထိ မီးတောက်မီးလျှံများကို မတွေ့ရ။ စီးချင်းထိုးမည့် နှင်းဟေမာလည်း လွင်ပြင်သို့ မရောက်လာသေး။ စိုးရိမ်ပူပန် ခြင်းများဖြင့် အမျက်ထွက်လာသည်။ ထိုစဉ် မြင်းသည်ကျော် ရဲမက်တစ်ဦး မြင်းကို ကဆုန်စိုင်းလျက် ဝင်လာသည်။ ပခုံးတွင် ဓားတစ်ချောင်း စိုက်လျက် ပါလာသည်။ မြင်းသည်ကျော်သည် စကားအနည်းငယ်မျှသာ မပီမသ ပြောနိုင် ၍ သမိန်စက္ကဝတ်ထံသို့ တစ်စုံတစ်ခုကို လှမ်းပေးလိုက်ပြီး လဲကျသွားသည်။

"နိန္ဒကော. . . ပင်တိုင်စံနန်းတော်ကို မီးမရှို့နိုင်ခဲ့ကြဘူးလား၊ ကျန်တဲ့

http://www.cherrythitsar.org



ရဲမက်တွေကော. . . ”

လဲကျသွားသော ရဲမက်သည် စကားမပြောနိုင်တော့ပေ။

သမိန်စက္ကဝတ်သည် လက်ထဲမှအရာကို မီးရောင်တွင် ဖွင့်ကြည့်လိုက်သည်။ ပဝါဖြူဖြင့် ရစ်ပတ်စည်းနှောင်ထားသည့် ပုရပိုက်ထုပ်ဖြစ်သည်။ ပဝါဖြူစကို အလျင်စလို ဖြုတ်လိုက်သည်။ ပုရပိုက်ပေါ်မှ စာလုံးများပေါ်လာလေသည်။

ပုရပိုက်တစ်ချပ်ပြီး တစ်ချပ်ကို ဖတ်သွားသည်နှင့်အမျှ သမိန်စက္ကဝတ်၏ မျက်နှာတွင် ထူးဆန်းသော အရိပ်အငွေ့များ တစ်မျိုးပြီး တစ်မျိုး ဖြတ်သန်းသွားသည်။ ပုရပိုက်ချပ် အားလုံးကို ဖတ်ပြီးချိန်တွင် လွင်ပြင်တစ်ဖက် ပါဒတပ်မများ လှုပ်လှုပ်ရွရွ ဆူညံလာသည်ကို ကြားလိုက်ရသည်။

“သခင်မ နှင်းဟေမာ. . . လာပြီ. . . သခင်မ နှင်းဟေမာ လာပြီ. . . ”

နှင်းဟေမာနှင့် ကိုယ်ရံတော်တပ်သည် လွင်ပြင်သို့ မြင်းကို ဒုန်းစိုင်းဝင်လာကြသည်။ နှင်းဟေမာသည် စီးချင်းထိုးပွဲအတွက် ချက်ခြင်းပြင်ဆင်လေသည်။ မိမိယူရမည့်နေရာဖြစ်သော ရသေ့ဂူအဝသို့ မြင်းကို နှင်သွားလေသည်။

လွင်ပြင်ပေါ်သို့ လရောင်စီးဆင်းလာပေပြီ။

သမိန်စက္ကဝတ်သည် မြင်းပေါ်သို့ မတက်ဘဲ၊ လက်နက်တစ်စုံတရာ မစွဲကိုင်ဘဲ လွင်ပြင်ကွက်လပ်သို့ ထွက်လာသည်။ ထို့နောက် လက်အစုံကို အထက်သို့ မြှောက်ပြပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

“ကျွန်ုပ်. . . နှင်းဟေမာနဲ့ စီးချင်းမထိုးနိုင်ဘူး. . . စီးချင်းထိုးရမယ်ဆိုရင် ပန်းချီကျော် ဒီပါနဲ့သာ စီးချင်းထိုးနိုင်မယ်. . . ”

လွင်ပြင်တစ်လျှောက် အသံများ တဝေါဝေါညံသွားသည်။

“နားထောင်ကြစမ်း နှင်းဟေမာဟာ ကျွန်ုပ်ရဲ့ စီးချင်းထိုးဘက် မဖြစ်နိုင်ဘူး. . . စီးချင်းထိုးပွဲကို ကျွန်ုပ် ပါဒဘုရင်က ဖျက်သိမ်းလိုက်တယ်. . . ”

လွင်ပြင်စပ်နှစ်ဖက်ရှိ တပ်မများမှ လှံသွားများကို အပေါ်သို့ မြှောက်လျက် ဟစ်အော်ကြသည်။ ရသေ့ဂူကြောင့် ပဲ့တင်သံများ ဖြစ်ပေါ်နေသည်။

ရသေ့ဂူအဝရှိ နှင်းဟေမာ၏ အသံ ကျယ်လောင်စွာ ပေါ်လာသည်။

“သေရည်ရှူး. . . လူကြောက်. . . အကောက်ကြံပြီး ပါဒနန်းတော်ကို သိမ်းဖို့ လွှတ်လိုက်တဲ့ ရဲမက်အားလုံး ကျကုန်လို့ ကယောင်ကတမ်း ထွက်ပြေးတာလား. . . အခု မြင်းပေါ်တက် ကြိုက်ရာလက်နက်စွဲ. . . ”

သမိန်စက္ကဝတ်သည် ခေါင်းကိုသာ တွင်တွင်ခါယမ်းနေသည်။

http://www.cherrythitsar.org



ထို့နောက် သမိန်စက္ကဝတ်သည် သံတော်ဆင့်တစ်ဦးအား ခေါ်လိုက်ပြီး ပုရပိုက်ချပ်များကို ပေးလိုက်သည်။

"နားထောင်ကြစမ်း. . . ဟောဒါ အာကာရဋ္ဌရဲ့ မြေတိုက်ခန်းမထဲမှာ နှစ်ပေါင်းများစွာ လျှို့ဝှက်ထားရှိခဲ့တဲ့ ပုရပိုက်ပဲ. . . ပုရပိုက်ကို ကိုယ်တိုင် စီရင်ရေးသားသူက နတ်ရွာစံရာဇာစောနောင် ခမည်းတော်ဘုရားဖြစ်တယ်၊ သံတော်ဆင့် ဟောဟိုနေရာကိုသွားပြီး ပုရပိုက်ကိုဖတ်စမ်း. . . "

သံတော်ဆင့်သည် ရသေ့ဂူအဝရှိ ကျောက်တုံးကြီးပေါ်သို့ တက်လိုက်သည်။

အောင်မြင်သော အသံသည် ရသေ့ဂူ၏ လိုဏ်သံဖြင့် ပဲ့တင်ဟီးလျက် လွင်ပြင်တစ်လျှောက်သို့ ပျံ့နှံ့သွားလေသည်။

"ပါဒနိုင်ငံတော်သား အပေါင်းတို့. . .

ကျွန်ုပ်၏ တိုင်းသူပြည်သားများ၊ ကောင်းသော ကုသိုလ်တရားကို နှလုံးသွင်း ပွားများနိုင်ကြစေခြင်း အလို့ငှာ ကျွန်ုပ်ရာဇာစောနောင်ဘုရင် ဤ ပုရပိုက်ကို စီရင်ခဲ့ပေအံ့။

ဤပုရပိုက်ကို စီရင်သော ကျွန်ုပ်သည် မိမိ၏ ပါဒဘုရင်မင်းမြတ် အဖြစ်ကို ဖယ်ရှားနှိမ့်ချလျက်၊ ဆက်စပ်ပြောင်းလဲ ဖြစ်ပျက်တတ်သော လောကဓံ တရားတို့အား ဖွင့်ဆိုပြသခဲ့မည် ဖြစ်၏။

ကျွန်ုပ်၏ နတ်ရွာလားချိန်မှာ တစ်စထက်တစ်စ နီးကပ်လာလေပြီ။

ပါဒဘုရင်မင်းမြတ်အဖြစ်၊ ကျွန်ုပ်၏ နန်းသက်တစ်လျှောက်လုံးတွင် ကျွန်ုပ်၏ နိုင်ငံတော်အတွက် မင်းကျင့်တရား၊ အပရိဟာနိယ တရားများနှင့် အညီ ကျွန်ုပ်စိုးစံခဲ့၏။ သို့တစေ ခန္ဓာ၏ ဒုက္ခဝေဒနာကြောင့် နတ်ရွာလားရ တော့မည့် ဤကာလဝယ် တရားနှင့် မညီညွတ်သော အခြင်းအရာများသည် ချမ်းမြေ့သော ကျွန်ုပ်၏ နန်းသက်ကာလများကို ခြိမ်းခြောက်နေကြပြီ။

ကောင်းစွာ ရှင်သန်ခဲ့သည့် အလျောက်၊ ကျွန်ုပ် ကောင်းစွာ သေဆုံးလိုပြီ။

တိုင်းသူပြည်သားတို့. . .

ကျွန်ုပ်၏ နှလုံးအိမ်ထက်၌ ကာလများစွာက လေးလံစွာ ကျရောက်နေခဲ့သော အကုသိုလ်အမှုကို ကျွန်ုပ် ဖယ်ရှားတော့အံ့။

သင်တို့ သတိသံဝေဂ ရကြကုန်၊ လောကဓံတရားကို နှလုံးသွင်းကြ

http://www.cherrythitsar.org



တော်ကို သိမြင်ဖူးတွေ့ရပြီ ဖြစ်ရကား၊ နောင်တော်သတ် နန်းစံဖြစ်ခဲ့ပေသော ကျွန်ုပ်၏ ထီးဖြူရိပ်တွင် အကုသိုလ်တစ်ခု ကျရောက်နေခြင်းကို ကျွန်ုပ် လျစ်လျူရှု၍ မရတော့ပြီ။

တိုင်းသူပြည်သားတို့. . .

ကျိုက်ပါဒဆံလွန်၊ ကျိုက်ကမော့ဆန်လွန်၊ ကျိုက်မှာထယ် စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ပေသော ကျွန်ုပ်သည်၊ ကျွန်ုပ်၏လက်မှ နောင်တော်၏ သွေးတို့ကို ဆေးချွတ်၍ မရတော့ဟု တစ်စထက်တစ်စ မှတ်ထင်လာခဲ့ပေပြီ။

တောင်နန်းစံ မဟေသီတွင် သားတော်ဖွားမြင်သောအခါ၌၊ ထိုသွေးတို့၏ နီရဲခြင်းကို ကျွန်ုပ် ယခင်ကထက် ထိတ်လန့်ခဲ့ရပေပြီ။ အကြောင်းကား ဤသို့တည်း။

ကျွန်ုပ် ရာဇာစောနောင်၏ မဟေသီတွင် သားတော်ကြီး ဖွားမြင်ပါက၊ ပါဒထီးနန်းအရိုက်အရာကို ဆက်ခံမည်ဖြစ်သော သားတော်ကို ငယ်ရွယ်စဉ်မှာပင် လုပ်ကြံမည်ဟူ၍ နောင်တော် ဟံသာသေနဘုရင်၏ လူထုများက ကြံစည်အားထုတ်ကြသောကြောင့် ပေတည်း။

သားတော်အား ချစ်ခြင်းဖြင့် ထိတ်လန့်ချောက်ချားခဲ့ရသော ကျွန်ုပ်နှင့် နန်းမတော်တို့သည် သားတော်၏ အသက်အန္တရာယ်ကို ဖုံးကွယ်ဖယ်ရှားရန် ဤသို့ အားထုတ်ကြတော့ပြီ။

ထီးနန်းအရိုက်အရာ ဆက်ခံအပ်သူကား ပထမဆုံး ဖွားမြင်သော သားတော်ကြီး ဖြစ်၏. အကယ်၍ သမီးတော်ဖြစ်ပါက၊ လုပ်ကြံရန် စီစဉ်သူတို့အတွက် အရေးအရာ မဟုတ်ပြီ။ ထို့ကြောင့် နန်းမတော်ကြီးမှ ဖွားမြင်သူကား သားတော်မဟုတ် သမီးတော်တည်းဟု နိုင်ငံအနှံ့ကြားသိစေခဲ့၏။

သားတော်ကို ဖွားမြင်သည့် ညဥ့်၌ပင် ဖွားမြင်သော သတို့သမီးငယ်ကို နန်းတော်အတွင်း လျှို့ဝှက်စွာ ရှာဖွေခဲ့ကြ၏။ သားတော်၏ ဘုန်းကံကြောင့် လွယ်ကူစွာ တွေ့ရှိခဲ့ပေ၏။ ထိုသတို့သမီးငယ်ကား. . . မြင်းဇောင်းအမှုတော်ထမ်းနှင့် ကျွန်မတို့မှ ထိုညဥ့် ထိုအချိန်မှာပင် ဖွားမြင်အပ်သော သူတည်း။

အကလေးငယ်ကား ဖခင်မြင်းဇောင်း အမှုတော်ထမ်းနှင့် မိခင်ကျွန်မတို့နှင့် မလျောက်ပတ်စွာပင် ရုပ်ဆင်းနိကာယ်တင့်တယ်လှပေ၏။ ကျွန်ုပ်နှင့် နန်းမတော်ကြီးကား၊ ထိုအကလေးငယ်အားကိုပင် ဖွားမြင်သော သမီးတော်ဟူ၍

http://www.cherrythitsar.org



နိုင်ငံတော်သို့ ကြေပြာခဲ့ပေ၏။ အေးချမ်းသော ဆောင်းသမယ ညဥ့်လယ်၌ ဖွားမြင်သည့်အလျောက် 'နှင်းဟေမာ'ဟု အမည်သညာ ပြုခဲ့၏။

နန်းမတော်ကြီးမှဖွားသော သားတော်ကိုကား ပါဒနိုင်ငံတော်၏ သာသနာ့မကိုဋ် ဦးထိပ်ဖြစ်ပေသော ဆရာတော် မထေရ်မြတ်ရှင် ဗုဒ္ဓဉာဏ၏ ဝိဟာရသို့ လျှို့ဝှက်စွာ ပို့ဆောင်သိမ်းဆည်းထားခဲ့ပေ၏။

ကြောက်ခမန်း လျှို့ဝှက်သော အခြင်းအရာကို သိသူဟူ၍ ကျွန်ုပ်နှင့် နန်းမတော်ကြီးမှအပ ဆရာတော် မထေရ်မြတ် ရှင်ဗုဒ္ဓဉာဏ တစ်ပါးသာ ရှိပေ၏။ နန်းမတော်ကြီးမှဖွားသော သားတော်ကြီးကို လုပ်ကြံမည့်သူများလည်း သမီးတော်ဖြစ်သည့် အားလျော်စွာ ပါဒထီးနန်းအရိုက်အရာအတွက် ကြောင့်ကျ ဖွယ်မရှိပြီဖြစ်၍ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ပေ၏။

သို့ဖြင့် ကျွန်ုပ်နှင့် နန်းမတော်ကြီးသည်. . ."

သံတော်ဆင့်၏ ဖတ်သံသည် ရသေ့ဂူဝနှင့် အနီးဆုံးဖြစ်သော နှင်းဟေမာ၏ နားထဲ၌ အကျယ်လောင်ဆုံး ပဲ့တင်သံဖြစ်လေသည်။ နှင်းဟေမာသည် သံတော်ဆင့်၏ ဆက်လက်ဖတ်ကြားနေခြင်းများကို မကြားတော့။ ရသေ့ဂူ၏ လိုဏ်သံသည်သာ နားထဲမှတစ်ဆင့် တစ်ကိုယ်လုံးသို့ ထိုးဖောက်ရိုက်ခတ်နေသည်။

"မြင်းဖောင်းအမှုထမ်းနှင့် ကျွန်မတို့မှ ဖွားမြင်သော. . ."

"မြင်းဖောင်းအမှုထမ်းနှင့် ကျွန်မတို့မှ ဖွားမြင်သော. . ."

"မြင်းဖောင်းအမှုထမ်းနှင့် ကျွန်မတို့မှ ဖွားမြင်သော. . ."

"မြင်းဖောင်းအမှုထမ်း"

"ကျွန်မ. . ." "ကျွန်မ. . ." "ကျွန်မ. . ."

လပြည့်ညမှ ရသေ့ဂူလွင်ပြင်သည် ပြာလဲ့သော အလင်းရောင်ကို ဆောင်နေသော်လည်း နှင်းဟေမာ၏ စက္ခုအာရုံတွင် အလုံးစုံသည် ပကတိ အမှောင်တိုက်။

အာကာရဋ္ဌရှေ့မှ ဒီပါသည်လည်း မိမိနား, နားသို့ကပ်၍ အော်ဟစ်နေသည့်အလား. . .

". . . အချစ်ရယ်. . . မင်းမှားလိုက်တာ. . . နှင်းဟေမာ. . . ရာဇမာန်တွေ. . . အလှမာန်တွေ. . . အမုန်းမာန်တွေ. . . မင်း ပြင်းထန်လိုက်တာ ပါလား. . ."

http://www.cherrythitsar.org



"ကျုပ် အချစ်ကို ဖွင့်ပာလို့ရနိုင်တဲ့ အခြေအနေတစ်ရပ်တည်းသာရှိတယ်. . . နှင်းဟေမာ၊ ဒါပေမယ့် အဲဒီအခြေအနေ တစ်ရပ်ဟာလဲ မင်းရဲ့ ခမ်းနားမြင့်မြတ်တဲ့ ဘဝကို ဖျက်ဆီးမယ့် အခြေအနေ ဖြစ်နေတယ်. . . "

နားနှစ်ဖက်ကို ပိတ်လိုက်မိသည်၊ သို့သော် ပွဲတင်သံကားမပျောက်။

နှလုံးခုန်သံသည် ပွဲတင်သံနှင့် ထက်ကြပ်မကွာ ပေါ်လာသည်။

နှလုံးခုန်သံတစ်ချက်သည် 'မြင်းဇောင်းအမှုထမ်း'

နှလုံးခုန်သံတစ်ချက်သည် 'ကျွန်မ. . . '

"ဟော့. . . နှင်းဟေမာ၊ မင်းဟာ ပါဒဇေရီမဟုတ်ဘူး. . . ကျွန်မရဲ့ သမီး. . . "

"နှင်းဟေမာရဲ့. . . မင်းဖခင်ဟာ ရာဇာစောနောင် ဘုရင်မဟုတ်ဘူး၊ မြင်းဇောင်း အမှုထမ်းသိရဲ့လား. . . မြင်းဇောင်း အမှုထမ်း. . . "

အသံတို့သည် ပြင်ပမှသည် ကိုယ်တွင်းသို့၊ ကိုယ်တွင်းမှသည် အသည်း နှလုံးတွင်းသို့ အနှံ့အပြား တိုးဝှေ့ဝင်ရောက် ရှုပ်ထွေး ကုန်ကြသည်။

"အဖရင်း အမိရင်းဖြစ်တဲ့ မြင်းဇောင်း အမှုထမ်းနဲ့ ကျွန်မကို လိုက်ရှာရမလား"

"မဟုတ်သေးဘူး နှင်းဟေမာ. . . မင်း. . . ပါဒ နိုင်ငံတော်ထဲက အပြီး အပိုင်ထွက်သွားတော့. . . "

"ဒီလိုလဲ မလုပ်နဲ့လေ. . . နှင်းဟေမာ၊ မင်းကို ချစ်မြတ်နိုးတဲ့ ပန်းချီ ကျော်ဆီ သွားပါလား၊ သူက ရာဇာစောနောင် မင်းကြီးရဲ့ သားတော်အစစ်လေ၊ ဘုရင့်သားတော်နဲ့ လက်ဆက်ရင် မင်း. . . ဘုရင့်ဆွေတော်မျိုးတော် ဖြစ်ပြီပေါ့"

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး၊ မင်းဟာ ပါဒဇေရီ မဟုတ်ဘူး ဆိုတာ ပါဒတစ်နိုင်ငံလုံး သိသွားကြပြီ၊ မင်းဟာ ကျွန်မရဲ့ သမီးဆိုတာ အားလုံး သိသွားကြပြီ၊ ဒါကို မင်း ဖျောက်ဖျက်လို့ မရတော့ဘူး. . . "

ပွဲတင်သံတို့၏ အကျယ်လောင်ဆုံးအချိန်တွင် နှလုံးခုန်သံတို့လည်း ပြင်းထန်စွာ မြည်ဟီးလာကြသည်။ ချပ်ဝတ်တန်ဆာအောက်မှ နှလုံးသည်းပွတ်သည် ပေါက်ကွဲ လွင့်စင်သွားလုမတတ်။

မျက်လုံးများကို ပြန်၍ ဖွင့်လိုက်မိသည်။

မြင်ကွင်းတို့သည် သီကရီ၊ ဝိုးတဝါး၊ မှုန်တမှိုင်း။

ဝိုးတဝါးမြင်ကွင်းထဲတွင် လွင်ပြင်၏ တစ်ဖက်ထိပ်၌ ရပ်နေသော

http://www.cherrythitsar.org



သမိန်စက္ကဝတ်ကို တွေ့နေရသည်။ သမိန်စက္ကဝတ်သည် မြေပေါ်တွင် ကျောက်ရုပ်လို ရပ်လျက် စူးစိုက်ကြည့်နေသည်။

ဒေါသအမျက်တို့ ဆူပွက်လာပြန်သည်။

"ဒင်းကြောင့် . . . ဒင်းကြောင့် . . . . "

နှင်းဟေမာ မြင်းဇက်ကိုဖွင့်သည်။ မြင်း၏ ခြေကို ကြာပွတ်ဖြင့် ရိုက်သည်။ ကြာပွတ်ကို လွှတ်ချလျက် ဓားကိုကိုင်သည်။

မြင်းကို တစ်ဟုန်ထိုးနှင်လျက် ဓားကိုဝင့်လျက် သမိန်စက္ကဝတ်ဆီသို့ ဝင်သည်။

လွင်ပြင်တစ်လျှောက် အော်ဟစ်သံများ ဆူညံသွားသည်။

သမိန်စက္ကဝတ်သည် နေရာမှမရွေ့လျား၊ မတုန်မလှုပ်။

သမိန်စက္ကဝတ်ရှေ့သို့ မရောက်မီ ခပ်လှမ်းလှမ်းမှာပင် . . .

နှင်းဟေမာလက်ထဲမှ ဓားလွတ်သွားသည်။ မြင်းပေါ်မှကျသည်။

သမိန်စက္ကဝတ်သည် နှင်းဟေမာထံသို့ ပြေးလာလေသည်။

လဲကျနေသော နှင်းဟေမာကို ထူမပေးရန် လက်ကိုကိုင်လိုက်သည်။

လက်အစုံတို့သည် ဆောင်းနှင်းများလို အေးစက်နေကြသည်။

လရောင်အောက်တွင် ဆံအပြေပြေဖြစ်နေသော လှပလွန်းသည့် မျက်နှာဝင်းဝင်းကို သမိန်စက္ကဝတ် ငုံ့ကြည့်လိုက်သည်။

ထို့နောက် လွင်ပြင်စပ်မှ ရဲမက်များဆီသို့ လှည့်ကြည့်လေသည်။

ငိုရှိုက်သံ တနင့်တထွေးဖြင့် ပြောလိုက်သည်။

"အင်မတန် . . . ပြင်းထန်တဲ့ . . . စိတ်နှလုံး ထိခိုက်မှုတွေကြောင့် . . . အစ်မတော် . . . ဟာ . . . နှလုံးကြေကွဲပြီး . . . သေဆုံးသွားပြီ . . . "

လပြည့်ညအလယ်မှ လကိုမဲမှောင်သော တိမ်အုပ်တစ်စု ဖြတ်သွားသဖြင့် ရသေ့ဂူလွင်ပြင် မဲမှောင်သွားလေသည်။

အမှောင်တွင်းမှ သမိန်စက္ကဝတ်၏ ငိုရှိုက်သံ။

"အစ်မတော်ရယ် . . စိတ်မာန်ပြင်းထန်လှချည်လား . . . ပြင်းထန်လှချည်လား . . . အစ်မတော်ရယ် . . . ဘာပဲဖြစ်ဖြစ် . . . အစ်မတော်ဟာ . . . ကျုပ်ရဲ့ အစ်မတော်ပါ . . . အစ်မတော်ဟာ ပါဒဧကရီပါ . . . ပါဒဧကရီပါ . . . "

* * *

http://www.cherrythitsar.org



ပါဒနေပြည်တော် နန်းမြို့ရိုး၏ အနောက်ဘက်မုခ်တံခါးသည် တစ်ခါက အုတ်အုတ်ကျက်ကျက် စည်ကားခဲ့ဘူးသည်။ ထိုအခါကား ရာဇာစောနောင်ဘုရင်ကြီး၏ ဈာပနတော်နေ့။

သို့သော် ထိုနေ့ကထက်ပို၍ စည်ကားသောနေ့ဖြစ်ပေါ်နေသည်။

"ပါဒကေရီ၏ ဈာပနတော်"

နန်းမြို့ရိုး အနောက်မုခ်တံခါး နေပြည်တော်တွင်း လမ်းမများ၊ ဇေယျာဒီပဆီသို့ ဦးတည်သောလမ်းမများရှိ စည်ကားပြည့်ကြပ်သော မြင်ကွင်းကို ဇေယျာဒီပတောင်ကုန်းပေါ်မှ ဖြန့်ကျက် အုပ်မိုးကြည့်နေသူကား. . . ပန်းချီကျော် ဒီပါဖြစ်သည်။

ဒီပါသည် 'ပန်းချီကျော်ဒီပါ'ပင် ဖြစ်ခဲ့လေသည်။

ညီတော် သမိန်စက္ကဝတ်က ဦးခိုက်အပ်နှင်းလာသော ပါဒထီးနန်းကို စွန့်ပယ်ခဲ့သည်။ အမျုးအမတ်၊ တပ်မင်းတို့၏ ပန်ကြားချက်ကို ငြင်းပယ်ခဲ့သည်။

ရာဇလှံတံကိုလည်းကောင်း၊ သံလျက်ကိုလည်းကောင်း မကိုင်စွဲခဲ့။

ပုံလွှာရေးသည့် စုတ်တံသာ။

ဒီပါ၏ရှေ့မှ ဖျဉ်စပုံလွှာချပ်ပေါ်တွင် မည်သည့် အရေးအကြောင်းမျှ ပေါ်မလာသေးပေ။ တောင်ကုန်းပေါ်မှနေ၍ တောင်အောက် မြင်ကွင်းကို ဤမျှကြာမြင့်စွာ ကြည့်နေခဲ့သော်လည်း မြင်ကွင်းမှအရောင်များသည် ဒီပါ၏ စက္ခုဟာဒယ သို့ မထိခိုက်နိုင်သေး။

သို့သော် ပုံလွှာချပ်၏ အမည်ကိုကား ရေးပြီးလေပြီ။

"ချစ်သောပါဒကေရီ"

နောက်ဘက်ဆီမှ ကညင်ရွက်ခြောက်များပေါ်သို့ နင်းလျှောက်လာသံကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်လျှင်၊ မိမိမျက်ဝန်း၌ မျက်ရည်များ ရစ်ဝဲနေသည်ကို မြင်သွားမည် ဖြစ်သဖြင့် ဒီပါ လှည့်မကြည့်တော့။ သို့သော် လျှောက်လာသူကို ဒီပါသိနေသည်။

မိတနော်သည် ဒီပါ၏ ပခုံးကို ဖွဖွညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"အမောင်. . . ရယ်. . . "

ရှေ့မှောက်ရှိ လစ်လပ်နေသော ပုံလွှာကားချပ်ပေါ်၌ ငွေခြည်ပဝါမြိတ်စနှင့် ဆံစတို့ လေပြေတွင် လွင့်ဝဲနေသည့် မိတနော်ပုံကို ရေးဆွဲနိုင်ရန် ကြိုးစားရမည်လား. . . ဟု ဒီပါ တွေးလိုက်မိလေသည်။

http://www.cherrythitsar.org




ကညင်ပင်၏ ပင်စည်ကို ကွယ်လျက်ရပ်နေသော အကြပ်မှူးစက္က သည် တောင်ခြေအောက် ဈာပနမြင်ကွင်းကို ငေးကြည့်နေသည်။ အမြဲတမ်း ဆင်ယင်ထားရှိနေခဲ့သော အပြုံးရိပ်တို့သည် ထိုတဒင်္ဂ၌ စက္က၏ မျက်နှာပေါ်တွင် ပျောက်ကွယ်နေလေသည်။

**ချစ်ဦးညို**
**၁၉၇၈၊ နိုဝင်ဘာလ။**

■ ■ ■

http://www.cherrythitsar.org



# ချစ်ဦးညို

## ချစ်သောပါဒကေရီ